၅၇	ဝါးခယ်မမြို့နယ်စည်ပင်သာယာရေးအဖွဲ့		၄,၈၀,၉၀၀			၄,၁၃,၁၀၀	၃၁,၉၀၀	
၅၈	မော်လမြိုင်ကျွန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့		၄,၄၃,၂၀၀			၃,၂၃,၅၀၀	၃၈,၀၀၀	
၅၉	မအူပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့		၄,၉၆,၆၀၀			၄,၂၈,၀၀၀	၅၃,၀၀၀	
၆၀	ပန်းတနော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့		၇၇,၇၀၀			၁,၀၉,၇၀၀	၁၈,၀၀၀	
၆၁	ညောင်တုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့		၂,၃၄,၀၀၀			၂,၀၅,၀၀၀	၃၈,၀၀၀	
၆၂	ဓနုဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့		၃,၁၇,၀၀၀			၃,၀၁,၁၀၀	၃၈,၀၀၀	
၆၃	ဖျာပုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့		၄,၉၀,၀၀၀			၅,၀၃,၉၀၀	၅၁,၇၀၀	
၆၄	ဘိုကလေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့		၄,၀၁,၆၀၀			၂,၈၄,၃၀၀	၃၆,၅၀၀	
၆၅	ကျိုက်လတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့		၃,၆၄,၁၀၀			၂,၅၃,၈၀၀	၃၈,၀၀၀	
၆၆	ဒေးဒရဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့		၂,၀၄,၉၀၀			၁,၄၅,၁၀၀	၁၃,၂၀၀	
၆၇	ထားဝယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့		၅,၉၆,၀၀၀			၅,၂၁,၀၀၀	၆၀,၀၀၀	
၆၈	လောင်းလုံးမြို့နယ်စည်ပင်သာယာရေးအဖွဲ့		၆၆,၄၀၀			၄၀,၅၀၀	၁၀,၀၀၀	
၆၉	သရက်ချောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့		၁၀,၉၀၀			၄,၂၀၀	၁,၈၀၀	
၇၀	ရေဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့		၉,၆၀၀			၉,၀၀၀	၃၀,၀၀၀	
၇၁	မြိတ်(အရှေ့)မြို့နယ်စည်ပင်သာယာရေးအဖွဲ့		၃,၆၀,၇၀၀			၃,၀၃,၁၀၀	၁၁,၉၀၀	
၇၂	မြိတ်(အနောက်)မြို့နယ်စည်ပင်သာယာရေးအဖွဲ့		၁၂,၂၀၀				—	
၇၃	ဘုတ်ပြင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့		—			၁,၅၀၀	၂,၀၀၀	
၇၄	ပုလောမြို့နယ်စည်ပင်သာယာရေးအဖွဲ့		၃၀,၅၀၀			၁၇,၇၀၀	၁၀,၀၀၀	
၇၅	တနင်္သာရီမြို့နယ်စည်ပင်သာယာရေးအဖွဲ့		၆,၁၀၀			၂,၀၀၀	၂,၉၀၀	
၇၆	ကော့သောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့		၃၀၀			၃,၀၀၀	၂,၉၀၀	
၇၇	မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့		၄,၂၆,၂၀၀			၇,၂၉,၄၀၀	၉,၁၀၀	
၇၈	ရေနံချောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့		၅,၃၅,၅၀၀			၄,၂၀,၉၀၀	၆၃,၆၀၀	
၇၉	ချောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့		၃,၀၈,၀၀၀			၂,၁၆,၆၀၀	၂၁,၅၀၀	
၈၀	တောင်တွင်းကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့		၄,၆၁,၆၀၀			၂,၀၆,၆၀၀	၄၉,၀၀၀	
၈၁	မြို့သစ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့		၂၇,၂၀၀			၂၁,၃၀၀	၅,၂၀၀	
၈၂	နတ်မောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့		၄၂,၀၀၀			၂၃,၇၀၀	—	
၈၃	မင်းဘူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့		၂,၆၆,၀၀၀			၃,၃၄,၃၀၀	၃၂,၀၀၀	
၈၄	ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့		၈၁,၆၀၀			၇၅,၅၀၀	၈,၀၀၀	
၈၅	ငဖဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့		၄,၄၀၀			၃,၁၀၀	—	
၈၆	စလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့		၁,၉၁,၀၀၀			၂,၀၀,၂၀၀	၁၇,၀၀၀	
၈၇	စေတုတ္တရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့		၁,၀၀၀			၆၀၀	—	
၈၈	သရက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့		၂,၂၁,၃၀၀			၂,၆၇,၆၀၀	၄၅,၂၀၀	
၈၉	မင်းလှမြို့နယ်စည်ပင်သာယာရေးအဖွဲ့		၄၃,၀၀၀			၃၀,၆၀၀	၂,၅၀၀	

အမှတ်စဉ်	အကြောင်းအရာ	တာဝန်ခံသူ	ရငွေများ — အခွန်အတုတ်၊ သာမန်ရငွေ၊ ငွေလုံးငွေရင်းရငွေ	ရငွေများ — အတိုးရငွေ၊ ကြွေးမြီ၊ ရင်းနှီးမြှုပ်နှံငွေနှင့် ချေးငွေနှင့် ကြိုတင်ထုတ်ပေးငွေမှ ပြန်ဆပ်ငွေ	ရငွေများ — ပြည်ပမှ ချေးငွေနှင့် ထောက်ပံ့ငွေ	သုံးငွေများ — သာမန်အသုံးစရိတ်	သုံးငွေများ — ငွေလုံးငွေရင်းအသုံးစရိတ်	သုံးငွေများ — ထောက်ပံ့ငွေ၊ အတိုးနှင့် ကြွေးမြီ၊ ရင်းနှီးမြှုပ်နှံငွေနှင့် ချေးငွေနှင့် ကြိုတင်ထုတ်ပေးငွေ
၁	၂	၃	၄	၅	၆	၇	၈	၉
			ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်
၉၀	မင်းတုံးမြို့နယ်စည်ပင်သာယာရေးအဖွဲ့		၁၁,၇၀၀			၁၆,၀၀၀	၂,၆၀၀	....
၉၁	ကမ္မမြို့နယ်စည်ပင်သာယာရေးအဖွဲ့		၃၇,၉၀၀			၃၄,၄၀၀	၂,၅၀၀	....
၉၂	အောင်လံမြို့နယ်စည်ပင်သာယာရေးအဖွဲ့		၂,၂၃,၅၀၀			၁,၇၈,၀၀၀	၂၇,၆၀၀	....
၉၃	ဆင်ပေါင်ဝဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့		၂၅,၉၀၀			၂၇,၁၀၀	၂,၅၀၀	....
၉၄	ပခုက္ကူမြို့နယ်စည်ပင်သာယာရေးအဖွဲ့		၄,၆၀,၂၀၀			၄,၆၁,၅၀၀	၉၇,၈၀၀	....
၉၅	ရေစကြိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့		၁,၁၇,၀၀၀			၅၂,၉၀၀	၁၃,၁၀၀	....
၉၆	မြိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့		၃၀,၀၀၀			၃၃,၁၀၀	၁၃,၀၀၀	....
၉၇	ပေါက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့		၁၀,၂၀၀			၁၃,၉၀၀	....	....
၉၈	ဆိပ်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့		၁၇,၄၀၀			၉,၉၀၀	....	....
၉၉	ဆောမြို့နယ်စည်ပင်သာယာရေးအဖွဲ့		....			၈,၂၀၀	....	....
၁၀၀	ဂန့်ဂေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့		၃,၀၀၀			၄,၃၀၀	....	....
၁၀၁	ထီးလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့		....			၁၀,၄၀၀	....	....
၁၀၂	မန္တလေးမြို့စည်ပင်သာယာရေးအဖွဲ့ (မန္တလေးမြို့နီစီပါယ်ကော်မီတီ)		၅၂,၉၄,၅၀၀			၅၉,၈၈,၀၀၀	၆,၂၇,၁၀၀	၁၂,၀၀၀
၁၀၃	အမရပူရမြို့နယ်စည်ပင်သာယာရေးအဖွဲ့		၂,၂၀,၃၀၀			၁,၃၁,၇၀၀	၁၅,၅၀၀	....
၁၀၄	ပုသိမ်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့		၅၀,၉၀၀			၁၇,၅၀၀	၅,၀၀၀	....
၁၀၅	မတ္တရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့		၁,၀၁,၈၀၀			၅၄,၀၀၀	၁၄,၀၀၀	....
၁၀၆	စဉ့်ကူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့		၂၀,၆၀၀			၁၆,၆၀၀	၅,၁၀၀	....
၁၀၇	မိုးကုတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့		၃,၀၆,၂၀၀			၁,၆၁,၀၄၀	၁၈,၀၀၀	....
၁၀၈	သပိတ်ကျင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့		၁၄,၀၀၀			၁,၃၀၀	....	....
၁၀၉	မြေမြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့		၈,၉၉,၀၀၀			၈,၇၀,၅၀၀	၄၀,၀၀၀	....
၁၁၀	ကျောက်ဆည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့		၃,၈၄,၆၀၀			၃,၁၃,၇၀၀	၆၀,၀၀၁	....
၁၁၁	စဉ့်ကိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့		၁,၄၇,၅၀၀			၅၂,၅၀၀	၁၂,၀၀၀	....
၁၁၂	မြစ်သားမြို့နယ်စည်ပင်သာယာရေးအဖွဲ့		၁,၂၉,၁၀၀			၇၅,၆၀၀	၁,၀၇,၀၀၀	....
၁၁၃	တံတားဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့		၉၀,၄၀၀			၃၄,၆၀၀	၁၀,၀၀၀	....
၁၁၄	မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့		၁၂,၇၇,၉၀၀			၈,၁၉,၉၀၀	၆၁,၉၀၀	....
၁၁၅	မလှိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့		၁,၇၉,၁၀၀			၇၆,၀၀၀	၁၃,၁၀၀	....
၁၁၆	သာစည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့		၂,၄၄,၄၀၀			၁,၉၅,၉၀၀	၃၃,၇၀၀	....
၁၁၇	ဝမ်းတွင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့		၁,၇၄,၈၀၀			၈၇,၈၀၀	၁၀,၁၀၀	....
၁၁၈	ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၅,၉၃,၁၀၀			၃,၈၂,၀၄၀	၅၂,၂၀၀	....
၁၁၉	ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့		၃,၅၉,၄၀၀			၂,၈၉,၅၀၀	၄၀,၅၀၀	....
၁၂၀	တပ်ကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၁,၃၄,၂၀၀			၅၄,၁၀၀	၃၀,၀၀၀	....
၁၂၁	ပျဉ်းမနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၆,၈၁,၀၀၀			၃,၉၃,၈၀၀	၄၀,၀၀၀	....
၁၂၂	လယ်ဝေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၁,၀၈,၅၀၀			၅၅,၆၀၀	၂၄,၀၀၀	....
၁၂၃	မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၇,၀၁,၄၀၀			၅,၆၀,၂၀၀	၅၀,၀၀၀	....
၁၂၄	တောင်သာမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၁,၅၄,၅၀၀			၁,၅၉,၁၀၀	၁၈,၄၀၀	....
၁၂၅	နွားထိုးကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၃၆,၂၀၀			၅၂,၆၀၀	၂၆,၀၀၀	....
၁၂၆	ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၃,၁၄,၈၀၀			၁,၅၀,၅၀၀	၂၅,၀၀၀	....
၁၂၇	ညောင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၄,၉၇,၄၀၀			၃,၂၃,၀၀၀	၂၀,၀၀၀	....
၁၂၈	စလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၅,၇၆,၆၀၀			၄,၁၀,၂၀၀	၃၃,၅၀၀	....
၁၂၉	မြင်းမူမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၁,၈၈,၄၀၀			၁,၆၀,၁၀၀	၃၂,၄၀၀	....
၁၃၀	မြောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့		၉၄,၇၀၀			၂၈,၀၀၀	၆,၀၀၀	....
၁၃၁	နိန်းဇွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့		၄၇,၀၀၀			၄၁,၁၀၀	၆,၀၀၀	....
၁၃၂	ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၅,၇၂,၁၀၀			၅,၂၀,၈၀၀	၄၀,၀၀၀	....
၁၃၃	ခင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၆၉,၃၀၀			၃၀,၀၀၀	၄,၂၀၀	....
၁၃၄	ဝက်လက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့		၉၄,၇၀၀			၆၂,၂၀၀	၆,၀၀၀	....
၁၃၅	ကန့်ဘလူမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၁,၃၂,၀၀၀			၈၇,၀၀၀	၆,၀၀၀	....

အမှတ်စဉ်	အကြောင်းအရာ	တာဝန်ခံသူ	ရငွေများ			သုံးငွေများ		
			အခွန်အတုတ်၊ သာမန်ရငွေ၊ ငွေလုံးငွေရင်းရငွေ	အတိုးရငွေ၊ ကြွေးမြီ၊ ရင်းနှီးမြှုပ်နှံငွေနှင့် ချေးငွေနှင့် ကြိုတင်ထုတ်ပေး ငွေမှ ပြန်ဆပ်ငွေ	ပြည်ပမှချေးငွေနှင့် ထောက်ပံ့ငွေ	သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်	ထောက်ပံ့ငွေ၊ အတိုးနှင့် ကြွေးမြီ၊ ရင်းနှီးမြှုပ်နှံငွေနှင့် ချေးငွေနှင့် ကြိုတင် ထုတ်ပေးငွေ
၁	၂	၃	၄	၅	၆	၇	၈	၉
			ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်
၁၃၆	ကျွန်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၆,၉၀၀			၇,၂၀၀	၆,၀၀၀	
၁၃၇	ရေဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၁,၇၄,၁၀၀			၁,၄၂,၀၀၀	၂၆,၀၀၀	
၁၃၈	ဒီပဲယင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၃၀,၀၀၀			၁၀,၀၀၀	၆,၀၀၀	
၁၃၉	တန့်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့		၁၀,၁၀၀			၁၀,၅၀၀	၆,၀၀၀	
၁၄၀	ကသာမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၃,၀၄,၉၀၀			၂,၆၅,၀၀၀	၄၀,၀၀၀	
၁၄၁	အင်းတော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့		၇၅,၃၀၀			၃၀,၀၀၀	၂၁,၅၀၀	
၁၄၂	ထီးချိုင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့		၂၀,၄၀၀			၇၅,၃၀၀	၆,၀၀၀	
၁၄၃	ဗန်းမောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့		၅,၆၀၀			၁၀,၀၀၀	၆,၀၀၀	
၁၄၄	ကောလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၂,၁၁,၄၀၀			၂,၀၃,၀၀၀	၂၆,၀၀၀	
၁၄၅	ဝန်းသိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၄၇,၇၀၀			၅၀,၀၀၀	၆,၀၀၀	
၁၄၆	ပင်လယ်ဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၇,၇၀၀			၈,၄၀၀	၆,၀၀၀	
၁၄၇	မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၁၂,၅၁,၇၀၀			၈,၀၅,၈၀၀	၄၀,၀၀၀	
၁၄၈	ဘုတလင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့		၂၄,၁၀၀			၂၀,၄၀၀	၆,၀၀၀	
၁၄၉	အရာတော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့		၁၆,၀၀၀			၂,၀၀၀	၃,၀၀၀	
၁၅၀	ချောင်းဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၄၅,၆၀၀			၃၅,၀၀၀	၆,၀၀၀	
၁၅၁	ယင်းမာပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့		၃၃,၂၀၀			၃၇,၁၀၀	၆,၀၀၀	
၁၅၂	ကနီမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၁၀,၀၀၀			၃,၂၀၀	၆,၀၀၀	
၁၅၃	ဆားလင်းကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့....		၃၅,၀၀၀			၃၀,၀၀၀	၆,၀၀၀	
၁၅၄	ပုလဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၂၆,၇၀၀			၂၃,၀၀၀	၆,၀၀၀	
၁၅၅	မော်လိုက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့		၂၃,၀၀၀			၈၄,၂၀၀	၉,၅၀၀	
၁၅၆	ဖောင်းပြင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့		၁၇,၀၀၀			၁၇,၃၀၀	၆,၀၀၀	
၁၅၇	တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၁၄,၉၀၀			၉,၁၀၀	၆,၀၀၀	
၁၅၈	ကလေးဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၃၃,၀၀၀			၃၅,၀၀၀	၃,၅၀၀	
၁၅၉	ကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၅၇,၁၀၀			၃၅,၀၀၀	၁၅,၆၀၀	
၁၆၀	မင်းကင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၁၀,၉၀၀			၂၅,၀၀၀	၆,၀၀၀	
၁၆၁	မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့		၁၉,၅၉,၉၀၀			၁၇,၇၆,၂၀၀	၁,၃၉,၀၀၀	
၁၆၂	ကျိုက်မရောမြို့နယ် စည်ပင်သာယာရေးအဖွဲ့....		၆၃,၅၀၀			၂၂,၂၀၀	၂၅,၀၀၀	
၁၆၃	ချောင်းဆုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၄၃,၇၀၀			၅,၀၀၀	၂၀,၀၀၀	
၁၆၄	သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့		၁,၁၄,၅၀၀			၅၀,၀၀၀	၂၀,၀၀၀	
၁၆၅	မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၁,၁၄,၇၀၀			၅၅,၀၀၀	၂၀,၀၀၀	
၁၆၆	ရေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၆၃,၀၀၀			၃၂,၀၀၀	၁၀,၀၀၀	
၁၆၇	သထုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၄,၉၂,၉၀၀			၃,၀၆,၉၀၀	၇၀,၀၀၀	
၁၆၈	ပေါင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့		၆၇,၅၀၀			၁၅,၄၀၀	၂၀,၀၀၀	
၁၆၉	ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၂,၃၀,၆၀၀			၁,၃၉,၀၀၀	၄၉,၆၀၀	
၁၇၀	ဘီးလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၄၄,၀၀၀			၅၅,၀၀၀	၂၀,၀၀၀	
၁၇၁	စစ်တွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၉,၀၂,၅၀၀			၉,၆၇,၄၀၀	၇၄,၀၀၀	
၁၇၂	ပုဏ္ဏားကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့....		၁၆,၂၀၀			၂၁,၅၀၀	၇,၀၀၀	
၁၇၃	ရသေ့တောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့		၂၂,၀၀၀			၂၀,၁၀၀	၆,၀၀၀	
၁၇၄	မြို့ဟောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၉၀,၉၀၀			၅၁,၁၀၀	၃၀,၀၀၀	
၁၇၅	ကျောက်တော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့		၈၃,၇၀၀			၃၅,၀၀၀	၁၅,၀၀၀	
၁၇၆	မင်းပြားမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၇၄,၄၀၀			၃၅,၅၀၀	၄,၀၀၀	
၁၇၇	ပေါက်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၂၇,၀၀၀			၃၂,၉၀၀	၅,၀၀၀	
၁၇၈	မောင်းတောမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၁,၀၃,၀၀၀			၄၃,၃၀၀	၇,၀၀၀	
၁၇၉	ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့		၁,၀၀,၀၀၀			၃၁,၃၀၀	၁၀,၀၀၀	
၁၈၀	ကျောက်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့....		၁,၈၃,၁၀၀			၂,၈၁,၁၀၀	၆၃,၆၀၀	
၁၈၁	မာန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့....		၁၄,၆၀၀			၄,၅၀၀	၅,၀၀၀	

အမှတ်စဉ်	အကြောင်းအရာ	တာဝန်ခံသူ	ရငွေများ			သုံးငွေများ		
			အခွန်အတုတ်၊ သာမန်ရငွေ၊ ငွေလုံးငွေရင်းရငွေ	အတိုးရငွေ၊ ကြေးမြီ၊ ရင်းနှီးမြှုပ်နှံငွေနှင့် ချေးငွေနှင့် ကြိုတင်ထုတ်ပေးငွေမှ ပြန်ဆပ်ငွေ	ပြည်ပမှချေးငွေနှင့် ထောက်ပံ့ငွေ	သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်	ထောက်ပံ့ငွေ၊ အတိုးနှင့် ကြေးမြီ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ချေးငွေနှင့် ကြိုတင် ထုတ်ပေးငွေ
၁	၂	၃	၄	၅	၆	၇	၈	၉
			ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	
၁၈၂	ရမ်းဗြဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၂၁,၉၀၀			၉,၀၀၀	၈,၀၀၀	
၁၈၃	မြေပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၁၄,၉၀၀			၁၀,၈၀၀	၂၁,၅၀၀	
၁၈၄	အမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၁၀,၀၀၀			၇,၆၀၀	၁၈,၀၀၀	
၁၈၅	သံတွဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၁,၈၂,၇၀၀			၁,၃၃,၇၀၀	၄၈,၆၀၀	
၁၈၆	တောင်ကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့....		၄၂,၆၀၀			၁၇,၀၀၀	၁၅,၀၀၀	
၁၈၇	ဂွမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၁၇,၂၀၀			၅,၄၀၀	၃,၀၀၀	
၁၈၈	ကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၃,၁၂,၀၀၀			၃,၅၃,၂၀၀	၆၈,၅၀၀	
၁၈၉	တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ (တောင်ကြီးမြူနီစီပါယ် ကော်မီတီ)		၁၄,၅၉,၃၀၀			၈,၂၆,၅၀၀	၁,၂၂,၀၀၀	
၁၉၀	လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ (လားရှိုးမြူနီစီပါယ်ကော်မီတီ)		၆,၀၉,၆၀၀			၃,၈၇,၁၀၀	၃၀,၀၀၀	
၁၉၁	ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ (ညောင်ရွှေမြို့ကော်မီတီ)		၁,၃၂,၃၀၀			၁,၅၂,၄၀၀	၁၉,၆၀၀	
၁၉၂	လွိုင်လင်မြို့နယ် စည်ပင်သာရေးအဖွဲ့		၃,၁၃,၈၀၀			၂,၄၆,၄၀၀	၁,၀၃,၁၀၀	
၁၉၃	သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ (သီပေါမြို့ကော်မီတီ)		၁,၉၅,၆၀၀			၁,၈၃,၄၀၀	၂၀,၀၀၀	
၁၉၄	ကျောက်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ (ကျောက်မဲမြို့ကော်မီတီ)		၃,၆၀,၇၅၀			၃,၁၁,၂၀၀	၄၀,၀၀၀	
၁၉၅	မိုးနဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ (မိုးနဲမြို့ကော်မီတီ)		၅၉,၀၀၀			၄၄,၈၀၀	၁၂,၀၀၀	
၁၉၆	ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၃,၀၇,၄၀၀			၃,၅၇,၁၀၀	၆၉,၆၀၀	
၁၉၇	မိုင်းပြင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၁,၄၉,၀၀၀			၁၉,၀၀၀	....	
၁၉၈	မိုင်းယမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၉,၅၀၀			၁၀,၀၀၀	....	
၁၉၉	မိုင်းခပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့		၉၆၀			၃,၆၀၀	....	
၂၀၀	မိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၁၃,၄၀၀			၁၀,၅၀၀	....	
၂၀၁	မိုင်းဆတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့		၁၂,၂၀၀			၁၆,၀၀၀	....	
၂၀၂	တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့		၁,၇၇,၀၀၀			၁,၀၄,၄၀၁	....	
၂၀၃	မိုင်းယောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၂၁,၀၀၀			၁၇,၄၀၀	....	
၂၀၄	မိုင်းဖြတ်မြို့နယ် စည်ပင်သာယာရေး အဖွဲ့		၂၈,၀၀၀			၁၉,၀၀၀	....	
၂၀၅	ပင်းတယမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၁,၃၁,၂၉၀			၉,၆၆၀	....	
၂၀၆	နမ့်စန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့		၄၅,၄၇၀			၈,၀၀၀	....	
၂၀၇	ကျေးသီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၂၄,၉၄၀			၈,၆၄၀	....	
၂၀၈	သိန္နီမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၉၃,၀၁၀			၁၈,၇၅၀	....	
၂၀၉	တန့်ယန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၁,၁၅,၁၅၀			၂၈,၄၇၀	....	
၂၁၀	နမ့်ဆန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့		၆၀,၅၃၀			၃၇,၃၃၀	....	
၂၁၁	မိုးမိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့		၆၅,၀၄၀			၆၉,၅၅၀	....	
၂၁၂	နမ္မတူမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၁,၃၇,၄၆၀			၃၃,၅၀၀	....	
၂၁၃	မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့....		၇,၃၉,၉၆၀			၄,၀၉,၂၀၀	၉၃,၀၀၀	
၂၁၄	ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့		၈၅,၆၀၀			၁၄,၄၀၀	၂၈,၀၀၀	
	အင်ဂျန်းယန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့....		....			....	....	
၂၁၆	မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၁,၅၀,၀၀၀			၇၀,၉၀၀	၁၃,၅၀၀	
၂၁၇	မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၁,၅၂,၄၀၀			၃၀,၃၀၀	၁၂,၀၀၀	
၂၁၈	ကားမိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၁၇,၇၀၀			၆,၀၀၀	....	
၂၁၉	တနိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၀၀၀			၆,၇၀၀	....	
၂၂၀	ချီဖွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့		....			၅,၇၀၀	....	
၂၂၁	ဆော့လော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့		....			....	....	
၂၂၂	ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့		၂,၈၄,၆၀၀			၂,၁၄,၉၀၀	၁၀,၀၀၀	
၂၂၃	ရွှေကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၂၂,၆၀၀			၁၁,၀၀၀	၃၇,၅၀၀	
၂၂၄	မိုးမောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့		၁၉,၂၀၀			၃၂,၂၀၀	....	
၂၂၅	မံစီမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၁၀,၀၀၀			၇,၄၀၀	....	
၂၂၆	ပူတာအိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၂၀၀			၇,၆၀၀	....	
၂၂၇	ဆွမ်ပရာဘွမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့....		....			....	....	

စည်ပင်သာယာရေးအဖွဲ့များ။ ။အသုံး ဇယား (၆)။ ။အဆုံး

အမှတ်စဉ်	အကြောင်းအရာ	တာဝန်ခံသူ	ရငွေများ			သုံးငွေများ		
			အခွန်အတုတ်၊ သာမန်ရငွေ ငွေလုံးငွေရင်းရငွေ၊	အတိုးရငွေ၊ ကြွေးမြီ၊ ရင်းနှီး မြုပ်နှံငွေနှင့် ချေးငွေနှင့်ကြိုတင်ထုတ်ပေး ငွေမှ ပြန်ဆပ်ငွေ	ပြည်ပမှချေးငွေနှင့် ထောက်ပံ့ငွေ	သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်	ထောက်ပံ့ငွေ၊ အတိုးနှင့် ကြွေးမြီ၊ ရင်းနှီးမြုပ်နှံငွေနှင့် ချေးငွေနှင့် ကြိုတင် ထုတ်ပေးငွေ
၁	၂	၃	၄	၅	၆	၇	၈	၉
			ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်	ကျပ်
၂၂၈	မချမ်းဘောမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၂၀၀			၂,၆၀၀	....	
၂၂၉	ခေါ်ဘုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့		....			....	....	
၂၃၀	နောင်မွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့		....			....	....	
၂၃၁	လွိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့		၆,၇၆,၅၆၀			၁,၅၉,၇၀၀	၁၅,၄၀၀	
၂၃၂	ဒီမောဆိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၁၇,၁၇၀			၄,၅၀၀	....	
၂၃၃	ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၃,၁၂,၆၁၀			၃,၆၀,၂၀၀	၇၉,၆၀၀	
၂၃၄	လှိုင်းဘွဲ့မြို့နယ် စည်ပင်သာယာရေးအဖွဲ့		၆,၄၁၀			၂၂,၃၀၀	၂၄,၀၀၀	
၂၃၅	ဖါပွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့		၁၃,၇၀၀			၄,၃၀၀	၁၀,၀၀၀	
၂၃၆	သံတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့		၅,၃၀၀			၅,၆၀၀	၁၉,၀၀၀	
၂၃၇	ကော့ကရိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့		၆,၃၃,၀၀၀			၁,၂၅,၂၀၀	၃၅,၀၀၀	
၂၃၀	မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၃,၉၅၀			၁,၆၀၀	၆,၀၀၀	
၂၃၉	ကြာအင်းဆိပ်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၁၀,၈၃၀			၁၇,၆၀၀	၂၀,၁၀၀	
၂၄၀	ပလက်ဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၈,၃၀၀			၆,၇၀၀	၁,၀၀၀	
၂၄၁	မင်းထပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့		၂,၉၀၀			၅,၀၀၀	၁,၀၀၀	
၂၄၂	မတူပီမြို့နယ် စည်ပင်သာယာရေးအဖွဲ့		....			....	၁,၀၀၀	
၂၄၃	ကန်ပက်လက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့		....			....	၁,၀၀၀	
၂၄၄	ထားခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၇,၃၆၀			၆,၀၀၀	....	
၂၄၅	ဖလမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့		၂၉,၀၀၀			၁၃,၈၀၀	....	
၂	ထာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ တပ်မြို့အာဏာပိုင်အဖွဲ့များ	ဝန်ကြီးချုပ်၊ သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ						
၂၄၆	ရန်ကုန်တပ်မြို့အာဏာပိုင်အဖွဲ့		၁,၅၄,၈၀၀			၁,၈၅,၀၀၀	၂၀,၀၀၀	
၂၄၇	မင်္ဂလာဒုံတပ်မြို့အာဏာပိုင်အဖွဲ့		၄,၀၃,၆၀၀			၂,၄၇,၆၀၀	၈,၀၀၀	
၂၄၈	မှော်ဘီတပ်မြို့အာဏာပိုင်အဖွဲ့		၈၁,၀၀၀			၉၀,၃၀၀	၁,၀၀၀	
၂၄၉	မိတ္ထီလာတပ်မြို့အာဏာပိုင်အဖွဲ့		၁,၂၀,၁၀၀			၁,၂၂,၆၀၀	၁၃,၀၀၀	
၂၅၀	မန္တလေးတပ်မြို့အာဏာပိုင်အဖွဲ့		၈၄,၂၀၀			၁,၃၄,၁၀၀	....	
၂၅၁	မေမြို့တပ်မြို့အာဏာပိုင်အဖွဲ့		၁,၃၁,၄၀၀			၁,၄၉,၉၀၀	၄,၈၀၀	
၂၅၂	ဗထူးတပ်မြို့အာဏာပိုင်အဖွဲ့		၁,၀၂,၁၀၀			၁,၀၀,၃၀၀	၃,၄၀၀	
၂၅၃	ပုသိမ်တပ်မြို့အာဏာပိုင်အဖွဲ့		၇၃,၀၀၀			၇၁,၄၀၀	၉,၀၀၀	
၂၅၄	မော်လမြိုင်တပ်မြို့အာဏာပိုင်အဖွဲ့		၆၃,၄၀၀			၇၄,၅၀၀	၉,၇၀၀	
	ပေါင်း		၈,၄၅,၀၇,၀၃၀	....	၅၀,၀၇,၀၀၀	၇,၄၇,၆၆,၄၀၀	၂,၁၉,၃၀,၇၀၀	၅,၇၇,၀၀၀

ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးဆိုင်ရာ ကော်မီရှင်ဥပဒေ

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ			စာမျက်နှာ
၁	နိဒါန်း	....	....	၁
၂	အခန်း(၁) အမည်၊ အာဏာတည်ခြင်းနှင့် အဓိပ္ပာယ် ဖော်ပြချက်	....	....	၂
၃	အခန်း(၂) ကော်မီရှင်ဖွဲ့စည်းခြင်း	....	....	၃
၄	အခန်း(၃) ကော်မီရှင်၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ	....	....	၄
၅	အခန်း(၄) အထွေထွေ	....	....	၆

ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးဆိုင်ရာ ကော်မီရှင်ဥပဒေ

[၁၉၇၄ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေ အမှတ် ၆။]

နိဒါန်း

အခြေခံဥပဒေ ပုဒ်မ ၁၈၂ ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ)နှင့် (ဃ)တွင် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်၏ သက်တမ်းမကုန်မီ၊ သို့မဟုတ် ယင်းတို့အနက်တရပ်ရပ်ကို သက်တမ်းမကုန်မီ ဖျက်သိမ်းခဲ့လျှင် ရွေးချယ်တင်မြှောက်ပွဲကျင်းပရေး ကော်မီရှင်ကို ဖွဲ့စည်းရန် ပြဋ္ဌာန်းထားသော်လည်း ရွေးချယ်တင်မြှောက်ရန် ကျန်ရှိနေသေးသည့် ပြည်သူ့ လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့်၏ ပြည်သူ့ ကိုယ်စားလှယ် နေရာများနှင့် ယင်းတို့၏ပုံမှန်သက်တမ်းအတွင်း ရံဖန်ရံခါလစ်လပ်သော ပြည်သူ့ လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်၏ ပြည်သူ့ကိုယ်စားလှယ်နေရာများကို ဖြည့်တင်းရန် ရွေးချယ်တင်မြှောက်ပွဲကျင်းပနိုင်ရေးအတွက် ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးဆိုင်ရာ ကော်မီရှင်တရပ်ကို ဖွဲ့စည်းရန် လိုအပ်သည်ဖြစ်၍ ပြည်သူ့လွှတ်တော်သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း ၁

အမည်၊ အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးဆိုင်ရာ ကော်မီရှင်ဥပဒေဟု ခေါ်တွင်စေရမည်၊

(ခ) ဤဥပဒေသည် နိုင်ငံတဝန်းလုံးတွင် ချက်ချင်း အာဏာတည်ရမည်။

၂။ ဤဥပဒေတွင် ကော်မီရှင်ဆိုသည့် စကားရပ်သည် ဤဥပဒေအရဖွဲ့စည်းသော ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးဆိုင်ရာ ကော်မီရှင်ကို ဆိုသည်။

အခန်း ၂

ကော်မရှင်ဖွဲ့စည်းခြင်း

၃။ (က) ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့်တွင် လစ်လပ်နေသေးသော သို့မဟုတ် ရံဖန်ရံခါလစ်လပ်လာသော နေရာများကို ရွေးချယ်တင်မြှောက်ပွဲဖြင့် ဖြည့်တင်းနိုင်ရန် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဥပဒေအရ သတ်မှတ်ထားသည့် နိုင်ငံသားများ ပါဝင်သော ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးဆိုင်ရာ ကော်မရှင်တရပ်ကို ဖွဲ့စည်းထားရှိရမည်၊

(ခ) ပြည်သူ့လွှတ်တော်က အခြေခံဥပဒေ ပုဒ်မ ၁၇၂ အရ ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးကော်မရှင် တရပ်ကို ဖွဲ့စည်းသည့်နေ့တွင် ဤဥပဒေအရ ဖွဲ့စည်းသော ကော်မရှင်၏သက်တမ်းသည် ကုန်ဆုံးရမည်။

၄။ နိုင်ငံတော်ကောင်စီသည်—

(က) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဥပဒေအရ သတ်မှတ်ထားသည့် နိုင်ငံသားများဖြင့် ကော်မရှင်ကို ဖွဲ့စည်းရမည်၊

(ခ) ကော်မရှင် ဖွဲ့စည်းခြင်းကို ပြည်သူ့ လွှတ်တော်သို့ တင်ပြအတည်ပြုချက် ရယူရမည်။

အခန်း ၃

ကော်မီရှင်၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅။ (က) ကော်မီရှင်သည် ပြည်သူ့ လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့်တွင် လစ်လပ် သော ပြည်သူ့ကိုယ်စားလှယ်နေရာများကို ဖြည့်တင်းရန် ရွေးချယ်တင်မြှောက်ပွဲများ ကျင်းပရေးအတွက် လိုအပ်သလို ဆောင်ရွက်ရမည်၊

(ခ) ကော်မီရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များသည်၊ ၁၉၇၃ ခုနှစ်၊ ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေး ကော်မီရှင်ဥပဒေတွင် ပြဋ္ဌာန်းထားသည့် အတိုင်း ဖြစ်စေရမည်၊

(ဂ) ကော်မီရှင်သည် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရာတွင် ၁၉၇၃ ခုနှစ်၊ ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေနှင့်နည်းဥပဒေတို့ကိုကျင့်သုံးရမည်၊

(ဃ) ကော်မီရှင်သည် လိုအပ်သောအမိန့်များ၊လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၆။ ကော်မီရှင်နှင့်ပတ်သက်၍ ပုဒ်မ ၅ ပုဒ်မခွဲ (ခ)နှင့် (ဂ)တို့တွင်ဖော်ပြထားသော ဥပဒေ၊ နည်းဥပဒေတို့တွင်—

(က) " ပထမအကြိမ် ပြည်သူ့ လွှတ်တော် နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် " ဆိုသောစကားရပ်မှ " ပထမအကြိမ် " ဟူသော စကားရပ်ကို ထုတ်ပယ်ပြီး ဖြစ်ဘိသကဲ့သို့ မှတ်ယူရမည်၊

(ခ) "ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ" သို့မဟုတ် "တော်လှန်ရေးကောင်စီ" ဟူသော စကားရပ်အစား " နိုင်ငံတော်ကောင်စီ "ဟူသော စကားရပ်ကို အစားထိုးပြီးဖြစ်ဘိသကဲ့သို့ မှတ်ယူရမည်။

၇။ ကော်မီရှင်သည် မိမိ၏လုပ်ဆောင်ချက်များကို ပြည်သူ့လွှတ်တော် ပုံမှန် အစည်းအဝေးများသို့ နိုင်ငံတော် ကောင်စီမှတဆင့် အစီရင်ခံရမည်။

အခန်း ၄

အထွေထွေ

၁။ နိုင်ငံတော် ကောင်စီသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အထမြောက်အောင် ဆောင်ရွက်နိုင်ရန် ဥပဒေအမိပ္ပာယ် ဖွင့်ဆိုခြင်း၊ ကော်မီရှင်အား ညွှန်ကြားခြင်းစသည်တို့ကို လိုအပ်သလိုပြုလုပ်နိုင်သည်။

အမျိုးသားထောက်လှမ်းရေးအဖွဲ့ ဥပဒေ

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ			စာမျက်နှာ
၁	နိဒါန်း	....	....	၁
၂	အခန်း(၁) အမည်၊ အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်	....	....	၂
၃	အခန်း(၂) ဖွဲ့စည်းခြင်း	....	....	၃
၄	အခန်း(၃) ညှိနှိုင်းရေးအဖွဲ့	....	....	၆
၅	အခန်း(၄) ထောက်လှမ်းရေးမှူးချုပ်	....	....	၇
၆	အခန်း(၅) အစီရင်ခံခြင်း	....	....	၈

အမျိုးသားထောက်လှမ်းရေးအဖွဲ့ဥပဒေ

[၁၉၇၄ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၇။]

နိဒါန်း

နိုင်ငံတော်၏ အချုပ်အချာ အာဏာ တည်တံ့ခိုင်မြဲရေး၊ နိုင်ငံတော်လုံခြုံရေး၊ အခြေခံဥပဒေက ပြဋ္ဌာန်းထားသော ဆိုရှယ်လစ်စနစ်၏ အခြေခံ အနှစ်သာရများကို ထိန်းသိမ်း ကာကွယ် စောင့်ရှောက်ရေး၊ တိုင်းရင်းသားလူမျိုးအချင်းချင်း သွေးစည်းညီညွတ်ရေး၊ အများပြည်သူတို့၏ အေးချမ်းသာယာရေး၊ အများပြည်သူတို့၏ ကိုယ်ကျင့်တရားတရပ်ရပ်ကို ထိပါးမည့်အန္တရာယ်မှ ကြိုတင်ကာကွယ်ရေး၊ ကျရောက်သော အန္တရာယ်ကို တွန်းလှန်နှိမ်နင်းရေးတို့သည် နိုင်ငံတော်နှင့် အများပြည်သူတို့အတွက် ပဓါနကျသော လုပ်ငန်းတာဝန်များ ဖြစ်ပေသည်။

ယင်း လုပ်ငန်းတာဝန်များကို အကောင်အထည် ဖော်ကြရာတွင် ဝန်ကြီးအဖွဲ့လက်အောက်တွင်ရှိသော ဝန်ကြီးဌာနအသီးသီးမှ ထောက်လှမ်းရေးအဖွဲ့အစည်းလည်း ပါဝင်ကြပေသည်။ ယင်းအဖွဲ့အစည်းများကို ညှိနှိုင်းကာ ညီညွတ်သောဦးဆောင်မှုဖြင့် လုပ်ငန်းတာဝန်များကို အခြေခံဥပဒေနှင့်အညီ ပိုမိုထိရောက်စွာ ထမ်းဆောင်နိုင်ကြစေသောငှါ၊ အမျိုးသားထောက်လှမ်းရေးအဖွဲ့ကို ဥပဒေတရပ်ဖြင့် ဖွဲ့စည်းအပ်သည် ဖြစ်၍ ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း ၁

အမည်၊ အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ။(က) ဤဥပဒေကို အမျိုးသား ထောက်လှမ်းရေးအဖွဲ့ ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ချက်ချင်း အာဏာတည်ရမည်။

၂။ ။ဤဥပဒေတွင်ပါရှိသော အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်—

(က) " အဖွဲ့ " ဆိုသည်မှာ ဤဥပဒေဖြင့် ဖွဲ့စည်းသော အမျိုးသား ထောက်လှမ်းရေးအဖွဲ့ကို ဆိုသည်။

(ခ) " ထောက်လှမ်းရေး အဖွဲ့အစည်း " ဆိုသည့်စကားရပ်တွင် ထောက်လှမ်းရေးကို အကူပြုသည့် အဖွဲ့အစည်းလည်း ပါဝင်သည်။

အခန်း ၂

ဖွဲ့စည်းခြင်း

၃။ ။ဝန်ကြီးဌာန အသီးသီးရှိ ထောက်လှမ်းရေး အဖွဲ့အစည်းများကိုညှိနှိုင်းကာ ညီညွတ်သော ဦးဆောင်မှုဖြင့် အခြေခံဥပဒေနှင့် အညီ လုပ်ငန်းတာဝန်များကို ပိုမိုထိရောက်စွာ ထမ်းဆောင်နိုင်စေရန် အမျိုးသားထောက်လှမ်းရေးအဖွဲ့ကို ဖွဲ့စည်းရမည်။

၄။ ။အဖွဲ့ကို ဝန်ကြီးချုပ်၏ တိုက်ရိုက် ကွပ်ကဲမှု အောက်တွင် ထားရှိရမည်။

၅။ ။အဖွဲ့ကို အောက်ပါ ပုဂ္ဂိုလ်များ ပါဝင်သော ကြီးကြပ်ရေးအဖွဲ့က လမ်းညွှန်ဦးဆောင်ရမည်—

(၁) ဝန်ကြီးချုပ် .... ဥက္ကဋ္ဌ

(၂) ကာကွယ်ရေးဌာနဝန်ကြီး .... အဖွဲ့ဝင်

(၃) စီမံကိန်းနှင့် ဘဏ္ဍာရေးဌာနဝန်ကြီး .... အဖွဲ့ဝင်

(၄) ပြည်ထဲရေးနှင့် သာသနာရေးဌာနဝန်ကြီး .... အဖွဲ့ဝင်

(၅) နိုင်ငံခြားရေးဌာနဝန်ကြီး .... အဖွဲ့ဝင်

၆။ ။(က) အောက်ဖော်ပြပါဝန်ကြီးဌာနများ၏လက်အောက် တွင်ရှိသော ထောက်လှမ်းရေး အဖွဲ့အစည်းများ သည်အမျိုးသား ထောက်လှမ်းရေးအဖွဲ့၏ ကြီး ကြပ်မှုနှင့် လမ်းညွှန်မှုတို့ကို ခံယူကြရမည်—

(၁) ကာကွယ်ရေးဝန်ကြီးဌာန၊
(၂) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊
(၃) ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊
(၄) နိုင်ငံခြားရေးဝန်ကြီးဌာန၊
(၅) ထောက်လှမ်းရေး အဖွဲ့အစည်း တရပ်ရပ်ကို အခါအားလျော်စွာ ဖွဲ့စည်းသော အခြား ဝန်ကြီးဌာန။

(ခ) ပုဒ်မခွဲ(က)တွင် ဖော်ပြပါရှိသော ထောက်လှမ်း ရေးအဖွဲ့အစည်းများသည် မိမိနှင့်သက်ဆိုင်ရာဝန်ကြီး ဌာနများကိုလည်း တာဝန်ခံရမည်။

၇။ ။ကြီးကြပ်ရေးအဖွဲ့သည်—

(က) အရေးကြီးသောကိစ္စရပ်များကို နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးထံ တင်ပြ၍ အဆုံးအဖြတ် ရယူနိုင် သည်။

(ခ) လုပ်ငန်းဆောင်တာများကို ဆောင်ရွက်စေနိုင်ရန် လိုအပ်သော အမိန့်များနှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

(ဂ) အမျိုးသားထောက်လှမ်းရေးလုပ်ငန်းတာဝန်များနှင့် စပ်လျဉ်းသည့် နည်းဥပဒေကြမ်းကိုရေးဆွဲပြီး ဝန်ကြီး အဖွဲ့သို့တင်ပြရမည်။ ထိုနည်းဥပဒေကြမ်းကို ဝန်ကြီး အဖွဲ့ကစိစစ်၍ နိုင်ငံတော်ကောင်စီမှတဆင့် ပြည်သူ့ လွှတ်တော်သို့ တင်သွင်းရမည်။

(ဃ) ထောက်လှမ်းရေးမှူးချုပ်တဦးကို ခန့်ထားရန်ဝန်ကြီး အဖွဲ့မှတဆင့် နိုင်ငံတော်ကောင်စီသို့တင်သွင်းရမည်။

(င) ထောက်လှမ်းရေးမှူးချုပ်၏ အောက်တွင် လိုအပ်သောရုံးအဖွဲ့ကိုဖွဲ့စည်းရန် ဝန်ကြီးအဖွဲ့မှတဆင့် နိုင်ငံတော်ကောင်စီသို့ တင်သွင်းရမည်။

အခန်း ၃

ညှိနှိုင်းရေးအဖွဲ့

၈။ ။(က) ထောက်လှမ်းရေးအဖွဲ့အစည်းများ၏ နေ့စဉ်လုပ်ငန်းတာဝန်များကို ညှိနှိုင်းဆောင်ရွက် စေနိုင်ရန် ထောက်လှမ်းရေး အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များပါဝင်သော ညှိနှိုင်းရေးအဖွဲ့တဖွဲ့ကို ဖွဲ့စည်းထားရမည်။

(ခ) ညှိနှိုင်းရေးအဖွဲ့တွင် ပါဝင်သောထောက်လှမ်းရေးအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များသည် ထောက်လှမ်းရေးမှူးချုပ်၏ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်။ တပြိုင်တည်းတွင် မိမိတို့နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများကိုလည်း တာဝန်ခံ၍ မိမိတို့နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ထောက်လှမ်းရေးမှူးချုပ်တို့အကြား လိုအပ်သလိုဆက်သွယ်ဆောင်ရွက်ရမည်။

အခန်း ၄

ထောက်လှမ်းရေးမှူးချုပ်

၉။ ။ထောက်လှမ်းရေးမှူးချုပ်သည်—

(က) နိုင်ငံတော်၏ ထောက်လှမ်းရေးကိစ္စများကို ကြီးကြပ်ရေးအဖွဲ့က ချမှတ်သော လမ်းညွှန်ချက်များနှင့်အညီ တာဝန်ယူဆောင်ရွက်ရမည်။

(ခ) ထောက်လှမ်းရေးအဖွဲ့အစည်းများအား လိုအပ်သလို ညွှန်ကြားရမည်။

(ဂ) ထောက်လှမ်းရေးကိစ္စများအတွက် သက်ဆိုင်ရာဌာနများနှင့် လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ရမည်။

အခန်း ၅

အစီရင်ခံခြင်း

၁၀။ ။(က) ထောက်လှမ်းရေး အဖွဲ့အစည်းများသည်သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ထောက်လှမ်းရေးမှူးချုပ်တို့ထံ အစီရင်ခံကြရမည်။

(ခ) ထောက်လှမ်းရေးမှူးချုပ်သည် ကြီးကြပ်ရေးအဖွဲ့သို့ အစီရင်ခံရမည်။

(ဂ) ကြီးကြပ်ရေးအဖွဲ့သည်ထောက်လှမ်းရေးမှူးချုပ်က တင်ပြသော အစီရင်ခံစာများကို အကျဉ်းချုပ်၍ သုံးသပ်ချက်နှင့်အတူ နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးထံ တင်ပြရမည်။ လိုအပ်ပါက သက်ဆိုင်သော ဗဟိုအာဏာပိုင် အဖွဲ့အစည်း များသို့လည်း ပေးပို့ရမည်။

ပြည်သူ့ကောင်စီဥပဒေ

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ			စာမျက်နှာ
၁	နိဒါန်း	....	....	၁
	အပိုင်း ၁			
၂	အခန်း (၁)	....	....	၂
	အမည်နှင့်အဓိပ္ပါယ်ဖော်ပြချက်			
၃	အခန်း (၂)	....	....	၃
	ဖွဲ့စည်းခြင်းနှင့်ရည်ရွယ်ချက်			
၄	အခန်း (၃)	....	....	၆
	ပြည်သူ့ကောင်စီများ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ			
၅	အခန်း (၄)	....	....	၈
	ပြည်သူ့ကောင်စီအစည်းအဝေးများ			

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၆	အခန်း (၅)	၉
	ပြည်သူ့ကောင်စီအဆင့်ဆင့် အပြန်အလှန်ဆက်သွယ်ခြင်း	
၇	အခန်း (၆)	၁၁
	ပြည်သူ့ကောင်စီဝင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များ၊ ကျင့်ဝတ်များ၊ စည်းကမ်းများနှင့် ပြည်သူ့ကောင်စီဝင်အဖြစ်မှရပ်စဲခြင်း	
၈	အခန်း (၇)	၁၅
	အထွေထွေ	
	အပိုင်း ၂	
	ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီများ	
၉	အခန်း (၁)	၁၇
	ဖွဲ့စည်းပုံ	
၁၀	အခန်း (၂)	၁၈
	တာဝန်နှင့်လုပ်ပိုင်ခွင့်များ	

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၁	အခန်း (၃) .... အစည်းအဝေးများ	၂၆
၁၂	အခန်း (၄) .... သဘာပတိအဖွဲ့	၂၇
၁၃	အခန်း (၅) .... အလုပ်အမှုဆောင်အဖွဲ့	၂၉
၁၄	အခန်း (၆) .... တရားသူကြီးအဖွဲ့	၃၃
၁၅	အခန်း (၇) .... လုပ်ငန်းစစ်ဆေးရေးအဖွဲ့	၃၅
၁၆	အခန်း (၈) .... ဆိုင်ရာကော်မိတီများ	၃၇
	အပိုင်း ၂ မြို့နယ်ပြည်သူ့ကောင်စီများ	
၁၇	အခန်း (၁) ဖွဲ့စည်းပုံ	၄၀

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ			စာမျက်နှာ
၁၈	အခန်း (၂)	....	....	၄၁
	တာဝန်နှင့်လုပ်ပိုင်ခွင့်များ			
၁၉	အခန်း (၃)	....	....	၄၉
	အစည်းအဝေးများ			
၂၀	အခန်း (၄)	....	....	၅၀
	သဘာပတိအဖွဲ့			
၂၁	အခန်း (၅)	....	....	၅၂
	အလုပ်အမှုဆောင်အဖွဲ့			
၂၂	အခန်း (၆)	....	....	၅၆
	တရားသူကြီးအဖွဲ့			
၂၃	အခန်း (၇)	....	....	၅၈
	လုပ်ငန်းစစ်ဆေးရေးအဖွဲ့			
၂၄	အခန်း (၈)	....	....	၆၀
	ရေးရာကော်မီတီများ			

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ			စာမျက်နှာ

အပိုင်း ၄

ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီများ

၂၅ အခန်း (၁) ၆၃

ဖွဲ့စည်းပုံ

၂၆ အခန်း (၂) ၆၄

တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၂၇ အခန်း (၃) ၇၁

အစည်းအဝေးများ

၂၈ အခန်း (၄) ၇၂

သဘာပတိအဖွဲ့

၂၉ အခန်း (၅) ၇၄

အလုပ်အမှုဆောင်အဖွဲ့

၃၀ အခန်း (၆) ၇၈

တရားသူကြီးအဖွဲ့

ပြည်သူ့ကောင်စီဥပဒေ

[၁၉၇၄ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၈]

နိဒါန်း

ဆိုရှယ်လစ်ဒီမိုကရေစီကျင့်စဉ်အရ ဗဟိုက ဦးစီးဦးဆောင်ပြုမှု ဘောင်အတွင်း ပြည်သူများသည် မိမိတို့၏ဘဝကို မိမိတို့ကိုယ်တိုင်ဖန်တီးနိုင်စွမ်းရှိသော ဆိုရှယ်လစ်လူနေမှုစနစ်ကို ကျင့်သုံးနိုင်စေရန်လည်းကောင်း၊ နိုင်ငံတော်ရှိဒေသအသီးသီး၏ အရေးကိစ္စများကို သက်ဆိုင်ရာဒေသရှိ လုပ်သားပြည်သူများကိုယ်တိုင် ကျယ်ကျယ်ပြန့်ပြန့်ပါဝင်ဆောင်ရွက်နိုင်စေရန်လည်းကောင်း ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အပိုင်း ၁

အခန်း(၁)

အမည်နှင့် အဓိပ္ပါယ်ဖော်ပြချက်

၁။ ဤဥပဒေကို ပြည်သူ့ကောင်စီဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါ စကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည်—

(က) **လွှတ်တော်** ဆိုသည်မှာ ပြည်သူ့လွှတ်တော်ကိုဆိုသည်၊

(ခ) **ပြည်သူ့ကောင်စီဝင်** ဆိုသည်မှာ ပြည်သူ့ကောင်စီ တရပ်ရပ်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားများက ရွေးချယ်တင်မြှောက်သည့် ပြည်သူ့ကိုယ်စားလှယ်ကို ဆိုသည်၊

(ဂ) **ဝန်ထမ်းအဖွဲ့အစည်းများ** ဆိုသည်မှာ နိုင်ငံတော်၏ ကာကွယ်ရေး၊ စီမံခန့်ခွဲရေး၊ စီးပွားရေး၊ လူမှုရေး၊ တရားရေး၊ဥပဒေရေး၊ လုပ်ငန်းစစ်ဆေးရေး စသည့် ကိစ္စအဝဝအတွက် တာဝန်ထမ်းဆောင်ရန် ခန့်အပ်ထားသော ဗဟိုနှင့် ဒေသဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းများကိုဆိုသည်။

အခန်း(၂)

ဖွဲ့စည်းခြင်းနှင့်ရည်ရွယ်ချက်

၃။ အောက်တွင် ဖော်ပြပါပြည်သူ့ကောင်စီအဆင့်ဆင့်ကို သက်ဆိုင်ရာဒေသအတွင်းရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားများက ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအရ ရွေးချယ်တင်မြှောက်သည့် ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်—

(က) ပြည်နယ်ပြည်သူ့ကောင်စီ သို့မဟုတ် တိုင်းပြည်သူ့ကောင်စီ၊

(ခ) မြို့နယ်ပြည်သူ့ကောင်စီ၊

(ဂ) ရပ်ကွက် ပြည်သူ့ကောင်စီ သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ။

၄။ ပြည်နယ်၊ တိုင်းနှင့် မြို့နယ် ပြည်သူ့ကောင်စီအသီးသီးတွင် အောက်ပါအဖွဲ့အစည်းများကို ဖွဲ့စည်းရမည်—

(က) သဘာပတိအဖွဲ့၊

(ခ) အလုပ်အမှုဆောင်အဖွဲ့၊

(ဂ) တရားသူကြီးအဖွဲ့၊

(ဃ) လုပ်ငန်းစစ်ဆေးရေးအဖွဲ့၊

(င) ရေးရာကော်မီတီများ။

၅။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီတွင် အောက်ပါ အဖွဲ့အစည်းများကို ဖွဲ့စည်းရမည်—

(က) သဘာပတိအဖွဲ့၊

(ခ) အလုပ်အမှုဆောင်အဖွဲ့၊

(ဂ) တရားသူကြီးအဖွဲ့။

၆။ ပြည်သူ့ကောင်စီအဆင့်ဆင့်ရှိ ပြည်သူ့ကောင်စီ အဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ ရွေးချယ်တင်မြှောက် ဖွဲ့စည်းခြင်း၊ ယင်းအဖွဲ့အစည်းများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ သတ်မှတ်ခြင်း၊ အစည်းအဝေးများ ကျင်းပခြင်း စသည်တို့သည် ဤဥပဒေ၊ နည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့်အတိုင်းဖြစ်သည်။

၇။ ပြည်နယ်၊ တိုင်း၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီအသီးသီးတွင် ပါဝင်ရမည့် ပြည်သူ့ကောင်စီဝင်ဦးရေကို အောက်ပါ မူများအပေါ် အခြေခံ၍သတ်မှတ်ရမည်—

(က) သက်ဆိုင်ရာနယ်မြေဒေသရှိလူဦးရေ၊

(ခ) မြို့နယ်အဆင့်အတွက် သက်ဆိုင်ရာ မြို့နယ်တွင် ပါဝင်သော ရပ်ကွက်နှင့် ကျေးရွာအုပ်စုဦးရေ၊

(ဂ) ပြည်နယ်နှင့် တိုင်းအဆင့်အတွက် သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းတွင်ပါဝင်သော မြို့နယ်ဦးရေ။

၈။ ပုဒ်မ ၇ တွင် ဖော်ပြထားသည့် အခြေခံမူများအရ ပြည်သူ့ကောင်စီအသီးသီးတွင် ပါဝင်ရမည့် ပြည်သူ့ကောင်စီဝင်ဦးရေကို ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအရ တာဝန်လွှဲအပ်ခြင်းခံရသော အဖွဲ့အစည်းက အခါအားလျော်စွာ သတ်မှတ်ရမည်။

၉။ ပြည်သူ့ကောင်စီများကို အောက်ပါရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားရှိသည် —

(က) ဆိုရှယ်လစ် ဒီမိုကရေစီကျင့်စဉ်အရ ဗဟိုက ဦးစီး ဦးဆောင်ပြုမှုဘောင်အတွင်း ပြည်သူများသည် မိမိတို့၏ဘဝကို မိမိတို့ကိုယ်တိုင်ဖန်တီးနိုင်စွမ်းရှိသော ဆိုရှယ်လစ်လူနေမှုစနစ်ကိုလက်တွေ့ကျင့်သုံးနိုင်စေရန်၊

(ခ) နိုင်ငံတော်အတွင်းရှိဒေသအသီးသီး၏အရေးကိစ္စများကို သက်ဆိုင်ရာဒေသရှိ လုပ်သားပြည်သူများကိုယ်တိုင် ကျယ်ကျယ်ပြန့်ပြန့်ပါဝင်ဆောင်ရွက်နိုင်စေရန်၊

(ဂ) မိမိတို့ဒေသ၏ စီးပွားရေး၊ လူမှုရေး၊ စီမံခန့်ခွဲရေး၊ တရားစီရင်ရေး၊ လုံခြုံရေး စသည့်အရေးကိစ္စများကို ဥပဒေဘောင်အတွင်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်။

၁၀။ ပြည်သူ့ကောင်စီအဆင့်ဆင့်၏ သက်တမ်းသည် လွှတ်တော်၏ ပုံမှန်သက်တမ်းနှင့်အညီဖြစ်သည်။

အခန်း(၃)

ပြည်သူ့ကောင်စီများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၁။ ပြည်သူ့ကောင်စီအဆင့်ဆင့်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ ဤဥပဒေ၊ နည်းဥပဒေများတွင် သတ်မှတ်ထားသည့်အတိုင်းဖြစ်သည်။

၁၂။ ပြည်သူ့ကောင်စီ အဆင့်ဆင့်သည် ဤဥပဒေ၊ နည်းဥပဒေများတွင် သတ်မှတ်ထားသည့်တာဝန်နှင့် လုပ်ပိုင်ခွင့်များအပြင် နိုင်ငံတော် ကောင်စီက ဖြစ်စေ၊ နိုင်ငံတော်ကောင်စီ၏ သဘောတူညီချက်ဖြင့် ဗဟိုအာဏာပိုင် အဖွဲ့ အစည်းများကဖြစ်စေ အခါအားလျော်စွာ ခွဲဝေအပ်နှင်းသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကိုလည်း ဆောင်ရွက်ရမည်။

၁၃။ ပြည်သူ့ကောင်စီအဆင့်ဆင့်အား တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ခွဲဝေ အပ်နှင်းသည့်အခါ နည်းဥပဒေများတွင် သတ်မှတ်ထားသော နည်းလမ်းများနှင့် အညီ ဆောင်ရွက်ရမည်။

၁၄။ ပြည်သူ့ကောင်စီ အဆင့်ဆင့်အား အခါအားလျော်စွာ ခွဲဝေအပ်နှင်း သည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း များပြုလုပ်ရန်လိုအပ်လျှင် နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

၁၅။ ပြည်သူ့ကောင်စီအဆင့်ဆင့်သည် ပြည်သူ့အကျိုးအတွက် ဗဟိုအာဏာပိုင်အဖွဲ့အစည်းများက အခါအားလျော်စွာ တောင်းခံသည့် လုပ်ငန်းဆိုင်ရာ အကူအညီများကို ဆောင်ရွက်ပေးရန်တာဝန်ရှိသည်။

၁၆။ ပြည်သူ့ကောင်စီအဆင့်ဆင့်သည် အခြေခံဥပဒေပုဒ်မ ၇၉ တွင် ဖော်ပြသောကိစ္စများမှအပ အခြားကိစ္စများနှင့် ပတ်သက်သည့် ဥပဒေကြမ်းများ၊ နည်းဥပဒေကြမ်းများကို အောက်မှအထက်သို့ အဆင့်ဆင့်တင်ပြ၍ နောက်ဆုံး၌ လွှတ်တော်သို့တင်ပြနိုင်သည်။

အခန်း(၄)

ပြည်သူ့ကောင်စီအစည်းအဝေးများ

၁၇။ ပြည်သူ့ကောင်စီ အဆင့်ဆင့်၏ ပုံမှန် အစည်းအဝေးများကို ဤဥပဒေတွင် သတ်မှတ်သည့်အတိုင်း ခေါ်ယူကျင်းပရမည်။

၁၈။ ပြည်သူ့ကောင်စီအဆင့်ဆင့်သည် အရေးပေါ်အစည်းအဝေးကို အလုပ်အမှုဆောင်အဖွဲ့က ကျင်းပရန်လိုအပ်သည်ဟု ဆုံးဖြတ်လျှင် သော်လည်းကောင်း၊ ပြည်သူ့ကောင်စီဝင်အားလုံး၏သုံးဆယ့်လေးရာခိုင်နှုန်းက တောင်းဆိုလျှင်သော်လည်းကောင်း အမြန်ဆုံးခေါ်ယူကျင်းပရမည်။

အခန်း (၅)

ပြည်သူ့ကောင်စီအဆင့်ဆင့် အပြန်အလှန်ဆက်သွယ်ခြင်း

၁၉။ ပြည်သူ့ကောင်စီ အဆင့်ဆင့်သည် သာမန်အားဖြင့် အောက်ပါအတိုင်း ဆက်သွယ်နိုင်သည်—

(က) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီသည် သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီနှင့် အပြန်အလှန် ဆက်သွယ်နိုင်သည်၊

(ခ) မြို့နယ်ပြည်သူ့ကောင်စီသည် သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီနှင့် အပြန်အလှန်ဆက်သွယ်နိုင်သည်၊

(ဂ) ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီသည် နိုင်ငံတော်ကောင်စီ နှင့် အပြန်အလှန် ဆက်သွယ်နိုင်သည်။

၂၀။ ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ အဆင့်ဆင့်သည် သာမန် အားဖြင့် အောက်ပါအတိုင်း ဆက်သွယ်နိုင်သည် —

(က) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် သက်ဆိုင်ရာမြို့နယ် ပြည်သူ့ကောင်စီအလုပ် အမှုဆောင်အဖွဲ့နှင့် အပြန်အလှန်ဆက်သွယ်နိုင်သည်၊

(ခ) မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့နှင့် အပြန်အလှန် ဆက်သွယ်နိုင်သည်၊

(ဂ) ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့သည် ဝန်ကြီးအဖွဲ့ သို့မဟုတ် ဝန်ကြီးအဖွဲ့က ကိုယ်စားဆောင်ရွက်ရန် ဝန်ကြီးအဖွဲ့က တာဝန်ပေးအပ်ခြင်း ခံရသော အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်နှင့် အပြန်အလှန်ဆက်သွယ်နိုင်သည်။

၂၁။ လုပ်ငန်းသဘော အရလည်းကောင်း၊ အခြေအနေအရ လည်းကောင်း နိုင်ငံတော်ကောင်စီသည် မည်သည့် ပြည်သူ့ကောင်စီအဆင့်နှင့်မဆို တိုက်ရိုက် ဆက်သွယ်နိုင်သည်။

၂၂။ လုပ်ငန်းသဘောအရ လည်းကောင်း၊ အခြေအနေအရ လည်းကောင်း ဗဟိုအာဏာပိုင် အဖွဲ့အစည်းများသည် မည်သည့် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့နှင့်မဆို တိုက်ရိုက်ဆက်သွယ်နိုင်သည်။

၂၃။ ပြည်သူ့ကောင်စီ အဆင့်ဆင့်သည် လည်းကောင်း၊ ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ အဆင့်ဆင့်သည်လည်းကောင်း၊ အရေးတကြီး ဆောင်ရွက်ရန် လိုအပ်သည့် ကိစ္စရပ်များ ပေါ်ပေါက်ပါက ဆက်သွယ်မှုနှင့်ပတ်သက်၍ ပုဒ်မ ၁၉၊ ၂၀၊ ၂၁ နှင့် ၂၂ တို့တွင် မည်သို့ပင် သတ်မှတ်ပြဋ္ဌာန်းထားစေကာမူ နိုင်ငံတော်ကောင်စီနှင့် လည်းကောင်း၊ ဗဟိုအာဏာပိုင် အဖွဲ့အစည်းများနှင့် လည်းကောင်း လိုအပ်သလို တိုက်ရိုက်ဆက်သွယ်နိုင်သည်။

၂၄။ ပြည်သူ့ကောင်စီ အဆင့်ဆင့်သည်လည်းကောင်း၊ အလုပ်အမှုဆောင်အဖွဲ့ အဆင့်ဆင့်သည် လည်းကောင်း အဆင့်တူအချင်းချင်း လုပ်ငန်းသဘောအရ လိုအပ်လျှင် ဆက်သွယ်နိုင်သည်။ ထိုသို့ဆက်သွယ်ခြင်းကို အထက်တဆင့်မြင့်သော အဖွဲ့အစည်း သို့မဟုတ် အဖွဲ့အစည်းများသို့ အကြောင်းကြားရမည်။

အခန်း (၆)

ပြည်သူ့ကောင်စီဝင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များ၊ ကျင့်ဝတ်များ၊ စည်းကမ်းများနှင့် ပြည်သူ့ကောင်စီဝင်အဖြစ်မှ ရပ်စဲခြင်း

၂၅။ ပြည်သူ့ကောင်စီဝင်၏တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်—

(က) အခြေခံဥပဒေနှင့် ရှိရင်းစွဲဥပဒေများပါ ပြဋ္ဌာန်းချက်များကို ကာကွယ်စောင့်ရှောက်ရေးနှင့် လိုက်နာကျင့်သုံးခြင်း၊

(ခ) ဆိုရှယ်လစ် ဒီမိုကရေစီ ကျင့်စဉ်ကို တိကျစွာ လိုက်နာခြင်း၊ အများသဘောထားနှင့်ဆုံးဖြတ်ချက်များသည် မိမိ၏သဘောထားဆန္ဒနှင့် မကိုက်ညီစေကာမူ လိုက်နာစောင့်ထိန်းခြင်း၊

(ဂ) မိမိအား ရွေးချယ် တင်မြှောက်လိုက်သော ပြည်သူများနှင့်လည်းကောင်း၊ မိမိဒေသရှိ လူထုလူတန်းစားအဖွဲ့အစည်းများနှင့် လည်းကောင်း ထိတွေ့ ဆက်သွယ်နေခြင်း၊

(ဃ) မိမိအား ရွေးချယ် တင်မြှောက်လိုက်သော ပြည်သူများအား တာဝန်ခံရမည့်အပြင် မိမိ၏ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ယင်းတို့အား စဉ်ဆက်မပြတ် ရှင်းလင်းတင်ပြခြင်း၊

(င) ပြည်သူ့ကောင်စီ အစည်းအဝေးများသို့ မှန်မှန် တက်ရောက်ခြင်း၊

(စ) မိမိအား ရွေးချယ်တင်မြှောက်လိုက်သော ပြည်သူများ၏ဆန္ဒနှင့် သဘောထားများကိုခံယူ၍ ပြည်သူ့ကောင်စီ အစည်းအဝေးများတွင် တင်ပြခြင်း၊

(ဆ) သက်ဆိုင်ရာ ပြည်သူ့ကောင်စီအဖွဲ့အစည်းများ၏ အစီရင်ခံစာများ၊ တင်ပြချက်များအပေါ် ပြည်သူ့ကောင်စီအစည်းအဝေးများ၌ အပြုသဘော ဝေဖန်စိစစ်၍ သင့်လျော်သည့် အကြံဉာဏ်များ ပေးခြင်း၊

(ဇ) ပြည်သူ့ကောင်စီ၏ ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ပြည်သူများကမေးမြန်းပါက ရှင်းလင်း ပြောကြားခြင်း၊

(ဈ) ပြည်သူများက တင်ပြလာသည့်အဆိုပြုချက်များ၊ တောင်းခံချက်များ၊ အကြံပေးချက်များနှင့် ဝေဖန်ချက်များကို လက်ခံသုံးသပ်ရေးနှင့် ယင်းအဆိုပြုချက်များ၊ တောင်းခံချက်များ၊ အကြံပေးချက်များနှင့်ဝေဖန်ချက်များသည် မှန်ကန်သင့်လျော်သည်ဟု ယူဆပါက နှောင့်နှေးကြန့်ကြာမှု မရှိစေဘဲ လိုအပ်သလို အရေးယူဆောင်ရွက်ပေးခြင်း၊

(ည) မိမိဒေသရှိ ပြည်သူများအား ဥပဒေအရ ကာကွယ်မှုပေးထားသော အကျိုးစီးပွားနှင့် ရပိုင်ခွင့်များကို စောင့်ရှောက်ခြင်း၊

(ဋ) ပြည်သူ့ကောင်စီ အစည်းအဝေးများ၌ သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပါဝင်ဆွေးနွေးခြင်း၊ အကြံပေးခြင်း၊ မေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်း၊

(ဌ) ပြည်သူ့ကောင်စီက ရွေးချယ်တင်မြှောက် တာဝန်ပေးသည့် အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ခြင်း၊

(ဍ) ပြည်သူ့ကောင်စီအစည်းအဝေး၌ မဲခွဲဆုံးဖြတ်ရာတွင် ပါဝင်ဆန္ဒမဲပေးပိုင်ခွင့်ရှိခြင်

(စ) ပြည်သူ့ကောင်စီဝင်အဖြစ်မှ လည်းကောင်း၊ ပြည်သူ့ကောင်စီ အဖွဲ့အစည်းတရပ်ရပ်၏ အဖွဲ့ဝင်အဖြစ်မှ လည်းကောင်း နုတ်ထွက်ပိုင်ခွင့်ရှိခြင်း။

၂၆။ ပြည်သူ့ကောင်စီဝင်၏ ရပိုင်ခွင့်များမှာ အောက်ပါ အတိုင်း ဖြစ်သည်—

(က) ပြည်သူ့ ကောင်စီဝင်သည် သတ်မှတ်ထားသော လစာ၊ ခရီးစရိတ်၊ နေ့တွက်စရိတ်၊ အခြားစရိတ်နှင့် ရပိုင်ခွင့်များကို ခံစားပိုင်ခွင့်ရှိခြင်း၊

(ခ) အချိန်ပြည့် တာဝန်ပေးအပ်ခြင်း မခံရသော ပြည်သူ့ကောင်စီဝင်သည် ပြည်သူ့ ကောင်စီ အစည်းအဝေးတက်ရောက်နေချိန်တွင်လည်းကောင်း၊ ပြည်သူ့ကောင်စီက ပေးအပ်သော တာဝန် ဝတ်တရားများကို ထမ်းဆောင်နေချိန်တွင် လည်းကောင်း ယင်း မူလတာဝန် ထမ်းဆောင်သောရုံး သို့မဟုတ် လုပ်ငန်းမှ ရပိုင်ခွင့်ရှိသောလစာ သို့မဟုတ် အခြား အခကြေးငွေများကို ခံစားပိုင်ခွင့်ရှိခြင်း၊

(ဂ) အချိန်ပြည့် တာဝန်ပေးအပ်ခြင်းခံရသော ပြည်သူ့ကောင်စီဝင်သည် ပြည်သူ့ကောင်စီဝင် သက်တမ်းကုန်ဆုံးသည့်အခါ မူလ အလုပ်တာဝန်နှင့် လစာအဆင့်တွင် ပြန်လည်ထမ်းဆောင်ပိုင်ခွင့်နှင့် အချိန်ပြည့် ပြည်သူ့ ကောင်စီဝင် အဖြစ် တာဝန် ထမ်းဆောင်ခဲ့သော ကာလကို လုပ်သက်တွင် ထည့်သွင်းရေတွက်ပိုင်ခွင့်ရှိခြင်း၊

(ဃ) ပြည်သူ့ကောင်စီနှင့် ပြည်သူ့ကောင်စီ အဖွဲ့အစည်း တခုခု၏ အစည်းအဝေးများတွင် တင်ပြဆွေးနွေး ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ပြည်သူ့ကောင်စီဝင် တဦးဦးကိုအခြေခံဥပဒေ၊ ဤဥပဒေနှင့် နည်းဥပဒေများမှတပါး အခြား ဥပဒေများအရ အရေးယူခြင်းမှကင်းလွတ်ပိုင်ခွင့်ရှိခြင်း၊

(င) ပြစ်မှုတရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရသော ပြည်သူ့ကောင်စီဝင် တဦးသည် ပြစ်ဒဏ်စီရင်ခြင်း မခံရမီ ပြည်သူ့ကောင်စီအစည်း အဝေးသို့ တက်ရောက်ခွင့်ရှိခြင်း။

၂၇။ ပြည်သူ့ကောင်စီဝင်များသည် အောက်ပါကျင့်ဝတ်နှင့် စည်းကမ်းများ ကိုလိုက်နာစောင့်ထိန်းရမည်—

(က) ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်မှ တပါး မည်သည့်နိုင်ငံ၏ ကျေးဇူးသစ္စာကိုမျှ ခံယူခြင်းမပြုရ၊

(ခ) အခြေခံဥပဒေ၊ ဤဥပဒေနှင့်ရှိရင်းစွဲဥပဒေများပါ ပြဋ္ဌာန်းချက် များကို လိုက်နာစောင့်ထိန်းရမည်၊

(ဂ) ပြည်သူ့ကောင်စီဝင်၏ သိက္ခာနှင့်လျော်ညီစွာ ဆက်ဆံနေထိုင်ရ မည်၊

(ဃ) ပြည်သူ့ကောင်စီဝင်အဖြစ် ပြည်သူတို့က ရွေးချယ်တင်မြှောက် ပေးအပ်ထားသည့် တာဝန်ကို အလွဲသုံးစား ပြု၍ ကိုယ်ကျိုး ရှာခြင်း၊ လာဘ်ယူခြင်း၊ ခြိမ်းခြောက်ခြင်းတို့ကို ရှောင်ကြဉ် ရမည်။

၂၈။ ပြည်သူ့ကောင်စီဝင်တဦးသည် အောက်ပါအကြောင်းတခုခု ဖြစ်ပေါ် လျှင် ပြည်သူ့ကောင်စီဝင်အဖြစ်မှ ရပ်စဲရမည်—

(က) အခြေခံဥပဒေ ပုဒ်မ ၁၈၇ နှင့်အညီ ပြဋ္ဌာန်းထားသော တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေအရ မိမိအား ရွေးချယ် တင်မြှောက်လိုက်သည့် ပြည်သူများက တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်း၊

(ခ) ပြည်သူ့ကောင်စီဝင်အဖြစ် ဆက်လက် ရပ်တည်ပိုင်ခွင့်ကို ဥပဒေအရဆုံးရှုံးခြင်း၊

(ဂ) ဥပဒေနှင့်အညီနုတ်ထွက်ခြင်း၊

(ဃ) ကွယ်လွန်အနိစ္စရောက်ခြင်း။

အခန်း (၇)

အထွေထွေ

၂၉။ ပြည်သူ့ကောင်စီ အဆင့်ဆင့်၏ ပထမအကြိမ်အစည်းအဝေး ပထမနေ့တွင် ပြည်သူ့ကောင်စီဝင်များထဲမှ ယာယီ သဘာပတိ တဦးကိုနည်းဥပဒေများနှင့်အညီ တင်မြှောက်ရမည်။

၃၀။ ယာယီသဘာပတိသည် သက်ဆိုင်ရာ ပြည်သူ့ကောင်စီက သဘာပတိအဖွဲ့ကို ရွေးချယ်တင်မြှောက်ပြီးသည်အထိ ပြည်သူ့ကောင်စီ အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲရမည်။

၃၁။ ယာယီသဘာပတိသည် သဘာပတိအဖွဲ့ကို ရွေးချယ်တင်မြှောက်ပြီးနောက် အလှည့်ကျသဘာပတိထံ ယင်း၏တာဝန်များကို လွှဲပြောင်းအပ်နှင်းရမည်။

၃၂။ ပြည်သူ့ကောင်စီဝင်များသည် ယာယီသဘာပတိ ရှေ့မှောက်၌ ကတိသစ္စာပြုရမည်။

၃၃။ ကတိသစ္စာ မပြုရသေးသော ပြည်သူ့ကောင်စီဝင်များသည် သက်ဆိုင်ရာ ပြည်သူ့ကောင်စီ အစည်းအဝေးသို့ စတင်တက်ရောက်သည့်နေ့တွင် အလှည့်ကျ သဘာပတိရှေ့မှောက်၌ ကတိသစ္စာပြုရမည်။

၃၄။ နိုင်ငံသားများ၏ တိုင်တန်းချက်များကို ပြည်သူ့ကောင်စီ သို့မဟုတ် ပြည်သူ့ကောင်စီအဖွဲ့အစည်းက စုံစမ်းစစ်ဆေး၍ မည်သို့မည်ပုံ အရေးယူဆောင်ရွက်နေကြောင်းကို တိုင်တန်းသူအား အသိပေး ပြန်ကြားရန်တာဝန်ရှိသည်။

၃၅။ (က) အလုပ်အမှုဆောင် အဖွဲ့များတွင် ဥက္ကဋ္ဌတာဝန်ကို အတွင်းရေးမှူးကလည်းကောင်း၊ အတွင်းရေးမှူးတာဝန်ကို အလုပ်အမှုဆောင်အဖွဲ့ကတာဝန်ပေးအပ်သော အလုပ်အမှုဆောင်အဖွဲ့ဝင်တဦးဦးကလည်းကောင်း ယာယီပူးတွဲထမ်း ဆောင်နိုင်သည်၊

(ခ) ပြည်နယ်နှင့်တိုင်း၊ မြို့နယ်နှင့်ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌတာဝန်ကို ပြည်သူ့တရားသူကြီးအဖွဲ့ ဥပဒေပါပြဋ္ဌာန်းချက်များအရ ဆောင်ရွက်ရမည်၊

(ဂ) ပြည်နယ်နှင့် တိုင်း၊ မြို့နယ် လုပ်ငန်းစစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌတာဝန်ကို ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ ဥပဒေပါပြဋ္ဌာန်းချက်များအရဆောင်ရွက်ရမည်၊

(ဃ) ရေးရာကော်မီတီ တရပ်ရပ်၏ အတွင်းရေးမှူးတာဝန်ကို သက်ဆိုင်ရာ ရေးရာကော်မီတီက တာဝန်ပေးအပ်သည့် ရေးရာကော်မီတီဝင်တဦးဦးက ယာယီပူးတွဲ ထမ်းဆောင်နိုင်သည်။

၃၆။ (က) ပြည်သူ့ကောင်စီ အဆင့်ဆင့်၏ ရုံးလုပ်ငန်း အဝဝတို့ကိုတာဝန်ယူ ဆောင်ရွက်ရန် ပြည်သူ့ကောင်စီ ရုံးများကိုဖွဲ့စည်းထားရှိရမည်၊

(ခ) ပြည်သူ့ကောင်စီရုံးကို သက်ဆိုင်ရာပြည်သူ့ကောင်စီ အတွင်းရေးမှူးက ဦးဆောင်လမ်းညွှန်ညှိနှိုင်း၍ ပြည်သူ့ကောင်စီသို့ လည်းကောင်း၊ အလုပ်အမှုဆောင်အဖွဲ့သို့ လည်းကောင်း တာဝန်ခံရမည်၊

(ဂ) ယင်းရုံး၏ ဖွဲ့စည်းပုံ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များကိုသီးခြား သတ်မှတ်ပေးရမည်။

အပိုင်း ၂

ပြည်နယ်နှင့်တိုင်းပြည်သူ့ကောင်စီများ

အခန်း (၁)

ဖွဲ့စည်းပုံ

၃၇။ ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီတရပ်ကို ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအရ သတ်မှတ်သည့်ကောင်စီဝင် ဦးရေဖြင့်ဖွဲ့စည်းရမည်။

၃၈။ ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီတွင် အောက်ပါ အဖွဲ့အစည်းများကို ဖွဲ့စည်းရမည်—

(က) သဘာပတိအဖွဲ့၊

(ခ) အလုပ်အမှုဆောင်အဖွဲ့၊

(ဂ) တရားသူကြီးအဖွဲ့၊

(ဃ) လုပ်ငန်းစစ်ဆေးရေးအဖွဲ့၊

(င) ရေးရာကော်မီတီများ။

အခန်း (၂)

တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၃၉။ ပြည်နယ်နှင့်တိုင်းအတွင်း သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ နှင့်အညီ စီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့် များမှာ အောက်ပါအတိုင်း ဖြစ်သည်—

(က) လွှတ်တော်နှင့် နိုင်ငံတော်ကောင်စီတို့က ချမှတ်ပေးသော စီးပွားရေးဆိုင်ရာ မူဝါဒများ၊ လမ်းညွှန်ချက်များ၊ စီမံကိန်းများနှင့်အညီ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရေးနှင့် မြို့နယ် ပြည်သူ့ကောင်စီများသို့ ထပ်ဆင့်လမ်းညွှန်ခြင်း၊

(ခ) နိုင်ငံတော်၏ စီးပွားရေး စီမံကိန်းဘောင်အတွင်း မြို့နယ် ပြည်သူ့ ကောင်စီများမှ တင်ပြသော စီမံကိန်းများကိုအခြေခံ၍ ပြည်နယ်နှင့်တိုင်း စီးပွားရေး စီမံကိန်းများ ရေးဆွဲ တင်ပြခြင်း၊

(ဂ) အတည်ပြု ပြဋ္ဌာန်းပြီးသည့် ပြည်နယ်နှင့် တိုင်းစီးပွားရေး စီမံကိန်းများကို ပြည်သူပိုင်၊သမဝါယမပိုင် အဖွဲ့အစည်းများ၊

ပုဂ္ဂလိကပိုင်လုပ်ငန်းများနှင့် ညှိနှိုင်း၍ ကြီးကြပ်အကောင် အထည်ဖော်ခြင်း၊

(ဃ) ရသုံးခန့်မှန်းခြေ ငွေစာရင်းဆိုင်ရာ လမ်းညွှန်ချက်များနှင့် အညီ မြို့နယ်ပြည်သူ့ကောင်စီများမှတင်ပြသော ရသုံးခန့်မှန်း ခြေငွေစာရင်းများကို စိစစ်စုစည်းလျက် သက်ဆိုင်ရာ မြို့နယ်များနှင့် လိုအပ်သည့်ညှိနှိုင်းမှုများ ပြုလုပ်၍ ပြည်နယ် နှင့်တိုင်း ရသုံးခန့်မှန်းခြေ ငွေစာရင်းများ ရေးဆွဲတင်ပြ ခြင်း၊

(င) အခွန်အကောက်ဆိုင်ရာ ဥပဒေများအရ သတ်မှတ်ထားသည့် အခွန်အကောက် အမျိုးအစား၊ အခွန်အကောက်နှုန်းထား များနှင့် စပ်လျဉ်း၍ ပြုပြင်ပြောင်းလဲ သတ်မှတ်ရန်၊ အသစ် သတ်မှတ်ရန်၊ ပယ်ဖျက်ရန်ကိစ္စရပ်များကို စိစစ်အကြံပေး တင်ပြခြင်း၊

(စ) ပြည်နယ်နှင့်တိုင်း စီးပွားရေးစီမံကိန်းများကို အောင်မြင် စွာ အကောင်အထည်ဖော်နိုင်ရန် သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ ကောင်စီများနှင့် ပေါင်းစပ်ညှိနှိုင်းပေးရေး၊ လမ်းညွှန်ရေး၊ လုပ်ငန်းများထပ်ဆင့် ခွဲဝေပေးရေးနှင့် လိုအပ်သည့် အကူ အညီများပေးခြင်း၊

(ဆ) မြို့နယ်ပြည်သူ့ ကောင်စီများက မိမိတို့မြို့နယ်တွင် သမဝါယမ ကဏ္ဍ၌ အကောင်အထည်ဖော်ရန် သင့်လျော်သည်ဟု တင်ပြ သည့် စီးပွားရေးလုပ်ငန်းများကို စိစစ်ညှိနှိုင်းပြီး ပြည်နယ်နှင့် တိုင်း စီးပွားရေးစီမံကိန်းတွင် ထည့်သွင်းရေးနှင့် ဝန်ကြီး အဖွဲ့၏ သဘောတူညီချက်အရ ယင်းလုပ်ငန်းများ၊ စီမံကိန်း များကို အကောင်အထည်ဖော် စေခြင်း၊

(ဇ) မြို့နယ်ပြည်သူ့ ကောင်စီများက မိမိတို့မြို့နယ်တွင် ပြည်သူ ပိုင်ကဏ္ဍ၌ အကောင်အထည်ဖော်ရန် သင့်လျော်သည်ဟု တင်ပြသည့် စီးပွားရေးလုပ်ငန်းများကို စိစစ်ညှိနှိုင်းပြီး ဝန်ကြီးအဖွဲ့သို့ အကြံပြုတင်ပြခြင်း၊

(ဈ) ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီများက တိုက်ရိုက်အကောင်အထည်ဖော် စီမံခန့်ခွဲရန် သင့်လျော်သည်ဟု ဆုံးဖြတ်သည့် စီးပွားရေးလုပ်ငန်းများကို ပြည်နယ်နှင့်တိုင်း၏ စီးပွားရေးစီမံကိန်းတွင် ထည့်သွင်းရေးနှင့် ဝန်ကြီးအဖွဲ့၏ သဘောတူညီချက်အရ ယင်းလုပ်ငန်းများ၊ စီမံကိန်းများကို ကြီးကြပ်အကောင်အထည်ဖော်ခြင်း၊

(ည) ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းများနှင့် ပတ်သက်၍ ဝန်ကြီးအဖွဲ့က အခါအားလျော်စွာ ခွဲဝေအပ်နှင်းသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကြီးကြပ်ကွပ်ကဲ၍ အကောင်အထည်ဖော်ခြင်း၊

(ဋ) စက်မှုလက်မှု၊ လယ်ယာကုန်ထုတ်လုပ်မှု၊ သယ်ယူပို့ဆောင်ရေး၊ မွေးမြူရေး၊ ကုန်စည် ဝယ်ယူ ဖြန့်ဖြူးရေး စသည့် လုပ်ငန်းများနှင့် စပ်လျဉ်းသည့် သမဝါယမ အဖွဲ့အစည်းများ၏ စီမံကိန်းများကို မိမိတို့ပြည်နယ်နှင့် တိုင်းအတွင်း အကောင်အထည်ဖော်စေရန် လမ်းညွှန်ပေးခြင်း၊

(ဌ) နိုင်ငံတော်၏ မြေယာမူဝါဒနှင့်အညီ လယ်ယာမြေစီမံခန့်ခွဲရေး၊ စီမံကိန်းသီးနှံများ စိုက်ပျိုးရေး၊ မြေလွတ်မြေရိုင်းများ ဖော်ထုတ်ရေး၊ စားကျက်မြေများ သတ်မှတ်ထိန်းသိမ်းစောင့်ရှောက်ရေးစသည့် လုပ်ငန်းများဆောင်ရွက်ရေး နှင့်ကြီးကြပ်ညှိနှိုင်းခြင်း၊

(ဍ) နိုင်ငံတော်၏ စီးပွားရေးစီမံကိန်းအရ ထွက်ကုန်များကို ဗဟိုအာဏာပိုင် အဖွဲ့အစည်းများ၏ သတ်မှတ် ညွှန်ကြားချက်များနှင့်အညီ သက်ဆိုင်ရာများသို့ မှန်ကန်စွာနှင့် အချိန်မီရောင်းချစေရန် မြို့နယ်ပြည်သူ့ ကောင်စီများအား ညှိနှိုင်းလမ်းညွှန်ခြင်း၊

(ဎ) စားသုံးသူများ လိုအပ်သည့်ကုန်ပစ္စည်းများ ဖြန့်ဖြူးရောင်းချခြင်းကို ကြီးကြပ် လမ်းညွှန်ခြင်း၊

(ဏ) သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီမံဆောင်ရွက်ရေး၊ ကြီးကြပ်ရေးနှင့် အကူအညီပေးခြင်း၊

(တ) ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ စီးပွားရေး စီမံကိန်းများကို အကောင်အထည်ဖော်ရာ၌ လုပ်သား ပြည်သူများနိုးကြားတက်ကြွစွာ ပါဝင် ဆောင်ရွက်နိုင်ရေး အတွက်ပြည်သူများနှင့်နီးကပ်စွာ ထိတွေ့ ဦးဆောင်မှုပေးခြင်း၊ နှိုးဆော်စည်းရုံးခြင်း၊

(ထ) လူဦးရေစာရင်း၊ ဆန္ဒမဲပေးပိုင်ခွင့် ရှိသူများစာရင်း၊ မွေးစာရင်း၊ သေစာရင်း၊ ကျွဲနွားစာရင်း၊ စက်ယန္တရားစာရင်း၊ အဆောက်အအုံများစာရင်း၊ လယ်ယာ စိုက်ပျိုးရေးဆိုင်ရာ ကိန်းဂဏန်းများ၊ ကုန်ထုတ် လုပ်မှုကိန်းဂဏန်းများ စသည်တို့ကို သက်ဆိုင်ရာမြို့နယ် ပြည်သူ့ကောင်စီများနှင့် စဉ်ဆက်မပြတ်ဆက်သွယ်၍ စုစည်းပြုစုထိန်းသိမ်း ထားရှိခြင်းနှင့် ယင်းစာရင်းများကို ဗဟိုအဖွဲ့အစည်းများသို့ လိုအပ်သည့်အခါ ပေးပို့ခြင်း။

၄၀။ ပြည်နယ်နှင့်တိုင်းအတွင်း သက်ဆိုင်ရာဥပဒေများ၊နည်းဥပဒေများနှင့်အညီ လူမှုရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ ပြည်နယ်နှင့်တိုင်းပြည်သူ့ကောင်စီများ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် —

(က) လွှတ်တော်နှင့် နိုင်ငံတော်ကောင်စီတို့က ချမှတ်ပေးသောလူမှုရေးဆိုင်ရာမူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ လုပ်ငန်းများကိုအကောင် အထည်ဖော် ဆောင်ရွက်ရေးနှင့် မြို့နယ်ပြည်သူ့ကောင်စီများသို့ ထပ်ဆင့် လမ်းညွှန်ခြင်း၊

(ခ) အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများ၊ အကြိုသက်မွေး သင်တန်းကျောင်းများနှင့် အခြားပညာရေးနှင့် ပညာရေးဗဟုသုတ ဖွံ့ဖြိုးရေးစသည့်လုပ်ငန်းများကို လမ်းညွှန်မှုများနှင့်အညီ ဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ညှိနှိုင်းခြင်း၊

(ဂ) ဆေးရုံများ၊ ဆေးပေးခန်းများ၊ ကျန်းမာရေး အဖွဲ့များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့များ၊ အားကစားနှင့် ကာယပညာလုပ်ငန်းများနှင့် အခြားပြည်သူ့ ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများကို လမ်းညွှန်မှုများနှင့်အညီ ဆောင်ရွက်ရေးနှင့် ကြီးကြပ်ညှိနှိုင်းခြင်း၊

(ဃ) ကူးစက်တတ်သော ရောဂါဘယများနှင့် ရာသီအလိုက်ဖြစ်ပေါ်တတ်သော ရောဂါဘယများမှ ကြိုတင်ကာကွယ်ရေးအတွက် စည်းရုံးရေးနှင့် တားဆီးရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) သက်ကြီးရွယ်အိုများ၊ လေလွင့်လူငယ်များ၊ ခိုကိုးရာမဲ့အမျိုးသမီးများ ထိန်းသိမ်း စောင့်ရှောက်ရန်ဂေဟာများ ဖွင့်လှစ်ထားရှိရေး၊ ဒုစရိုက်လုပ်ငန်းများပပျောက်စေရန် ကာကွယ်ရေးနှင့် နှိမ်နင်းရေး စသည့်လူမှုဝန်ထမ်း လုပ်ငန်းများကို လမ်းညွှန်မှုများနှင့် အညီ ဆောင်ရွက်ရေးနှင့် ကြီးကြပ်ညှိနှိုင်းခြင်း၊

(စ) ဒေသတွင်းရှိ လုပ်သားပြည်သူများ၏ ရပိုင်ခွင့်များကို ကာကွယ် စောင့်ရှောက်ပေးရေးနှင့် လုပ်သားပြည်သူများကလည်း တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ကြစေရန် စည်းရုံးလှုံ့ဆော်ခြင်း၊

(ဆ) လူငယ်များ၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုစုပျိုးထောင်ပေးခြင်း၊

(ဇ) တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှု စဉ်ဆက်မပြတ် တိုးတက်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ခြင်း၊

(ဈ) ရှေးဟောင်း အဆောက်အဦနှင့် ရှေးဟောင်း ပစ္စည်းများ ထိန်းသိမ်း စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းများကြီးကြပ်ဆောင်ရွက်ခြင်း၊

(ည) လေဘေး၊ ရေဘေး၊ မီးဘေးစသည့် သဘာဝဘေးအန္တရာယ်များကို ကာကွယ်ရေးနှင့် တားဆီးရေးအတွက် စည်းရုံးဆောင်ရွက်ခြင်းနှင့်ယင်း အန္တရာယ်များ ပေါ်ပေါက်ပါက ကယ်ဆယ်ရေးလုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်ခြင်း။

၄၁။ ပြည်နယ်နှင့်တိုင်းအတွင်း သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများနှင့်အညီ စီမံခန့်ခွဲရေးနှင့် လုံခြုံရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) လွှတ်တော်နှင့် နိုင်ငံတော် ကောင်စီတို့က ချမှတ်ပေးသော စီမံခန့်ခွဲရေးနှင့် လုံခြုံရေးဆိုင်ရာ မူဝါဒများ၊ လမ်းညွှန်ချက်များနှင့် အညီ လုပ်ငန်းများကို အကောင် အထည်ဖော် ဆောင်ရွက်ရေးနှင့် မြို့နယ် ပြည်သူ့ ကောင်စီများသို့ ထပ်ဆင့်လမ်းညွှန်ခြင်း၊

(ခ) ဒေသဆိုင်ရာ လုံခြုံရေး၊ ကာကွယ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် စည်းကမ်းသေဝပ် တည်ငြိမ်ရေးတို့ကို တာဝန်ယူဆောင်ရွက်ခြင်း၊

(ဂ) ပြည်သူ့စစ် အဖွဲ့အစည်းများနှင့် ပတ်သက်၍ မူဝါဒညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဃ) လုံခြုံရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အန္တရာယ်ပြုမည့် အဖွဲ့အစည်းများ၊ အဖျက်လုပ်ငန်းများ၊ လှုပ်ရှားမှုများကို ကာကွယ် တားဆီးရေးနှင့် ဖော်ထုတ်ရေး အတွက်ကြီးကြပ် လမ်းညွှန်ခြင်း၊

(င) ပြစ်မှုဆိုင်ရာမှုခင်းများနှင့် ဒုစရိုက် လုပ်ငန်းများကို ကြိုတင်ကာကွယ်ရေး၊ တားဆီးရေး၊ နှိမ်နင်းရေးနှင့် လျော့နည်းကျဆင်းရေးအတွက် ကြီးကြပ်လမ်းညွှန်ခြင်း၊

(စ) ပြည်သူပိုင် ပစ္စည်းများ၊ သမဝါယမပိုင် ပစ္စည်းများနှင့် အများပိုင် ပစ္စည်းများကို ကာကွယ် စောင့်ရှောက်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဆ) နိုင်ငံခြားသားများ သွားလာလှုပ်ရှားမှုနှင့် နိုင်ငံခြားသားမှတ်ပုံတင်ရေးနှင့် မှတ်ပုံတင်အသစ် လဲလှယ်မှု လုပ်ငန်းများကို ကြီးကြပ်လမ်းညွှန်ခြင်း၊

(ဇ) နိုင်ငံတော် နယ်နိမိတ် ကျောက်တိုင်များ၊ နယ်ခြားအထိမ်း အမှတ်များနှင့်ပတ်သက်၍ မြို့နယ် ပြည်သူ့ကောင်စီမှ အစီရင် ခံစာရလျှင် ဝန်ကြီးအဖွဲ့သို့ ချက်ချင်း ဆက်လက် အစီရင် ခံစေခြင်း

(ဈ) ကျေးရွာများ၊ ကျေးရွာအုပ်စုများ၊ရပ်ကွက်များ၊ မြို့နယ်များ ဖွဲ့စည်းခြင်း၊ ပြင်ဆင်ခြင်း၊ ပြောင်းရွှေ့ခြင်းများနှင့် ပတ်သက် ၍ ဝန်ကြီးအဖွဲ့သို့စိစစ်အကြံပေးခြင်း၊

(ည) ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ မြို့ပြ စည်ပင်သာယာရေး၊ နေရာ ချထားရေး လုပ်ငန်းများနှင့် ပတ်သက်၍ မြို့နယ် ပြည်သူ့ ကောင်စီများ၏ ဆောင်ရွက်မှုကို ကြီးကြပ် လမ်းညွှန်ခြင်း၊

(ဋ) ကျေးရွာနှင့် မြို့ပြစီမံကိန်းများ ရေးဆွဲရေးနှင့် ယင်းစီမံကိန်း များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဌ) ပြည်တွင်း အခွန်အကောက်များ၊ အခ ကြေးငွေများ၊ ချေးငွေများကောက်ခံရေး ဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ် လမ်းညွှန်ခြင်း၊

(ဍ) စီးပွားရေး၊ လူမှုရေး၊ စီမံခန့်ခွဲရေး၊ လုံခြုံရေး ကဏ္ဍများ နှင့် သက်ဆိုင်သော စာရင်းဇယားများ ကောက်ယူပြုစု ထိန်းသိမ်းထားရှိခြင်း၊

(ဎ) စီးပွားရေး၊ လူမှုရေး၊ စီမံခန့်ခွဲရေး၊ လုံခြုံရေးဆိုင်ရာ အခြေ အနေများနှင့် ပတ်သက်၍ သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်း များမှ တာဝန်ရှိသူများအား ခေါ်ယူ မေးမြန်း နိုင်ခြင်း နှင့် လိုအပ်သည့်အကူအညီများပေးခြင်း၊

(ဏ) ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် ဝန်ထမ်းအဖွဲ့ အစည်းများကို လမ်းညွှန်ခြင်း၊ ကြီးကြပ် ကွပ်ကဲခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(တ) ဒေသဆိုင်ရာဝန်ထမ်းရေးရာကိစ္စများကို ဥပဒေဘောင်အတွင်း ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ထ) တရားစီရင်ရေး အဖွဲ့များ လုံလောက်စွာ ဖွဲ့စည်းနိုင်ရေးအတွက် ကူညီဆောင်ရွက်ခြင်း၊

(ဒ) ဒေသအတွင်းရှိ အဖွဲ့အစည်းတရပ်ကိုဖြစ်စေ၊ လုပ်ငန်းတခုကိုဖြစ်စေ၊ စစ်ဆေးရန်လိုအပ်လျှင် ဒေသဆိုင်ရာလုပ်ငန်း စစ်ဆေးရေးအဖွဲ့အား စစ်ဆေးစေရေးနှင့်စစ်ဆေး တွေ့ရှိချက်ကို တင်ပြစေခြင်း၊

(ဓ) မြို့နယ်ပြည်သူ့ကောင်စီများမှ တင်ပြလာသည့် ကိစ္စရပ်များ၊ ပြဿနာများနှင့် အခက်အခဲများကို ဖြေရှင်း ပေးခြင်း၊ ဖြေရှင်း၍မရသော ကိစ္စများ၊ ပြဿနာများနှင့် အခက်အခဲများကို နိုင်ငံတော် ကောင်စီသို့ တင်ပြခြင်း၊

(န) မြို့နယ်ပြည်သူ့ ကောင်စီများ၏ စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက်များ၊ အမိန့်များနှင့် ပတ်သက်၍ အယူခံလွှာများ၊ ပြင်ဆင်မှု လျှောက်ထားချက်များ အပေါ် ဆုံးဖြတ်ချက်များ၊ အမိန့်များချမှတ်ခြင်း၊

(ပ) ဒေသဆိုင်ရာ အရေးကြီးသည့် ကိစ္စရပ်များနှင့် ပြည်သူ့အကျိုးပြု အကြံပေးချက်များကို နိုင်ငံတော် ကောင်စီ သို့ တင်ပြခြင်း။

အခန်း (၃)

အစည်းအဝေးများ

၄၂။ ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီ ပုံမှန်အစည်းအဝေးကို တနှစ်လျှင် ၂ ကြိမ် မပျက်မကွက်ခေါ်ယူကျင်းပရမည်။ ပုံမှန်အစည်းအဝေး တကြိမ်နှင့် တကြိမ်အကြား အရှည်ကြာဆုံးကာလသည် ၈ လထက် မပိုစေရ။

၄၃။ ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီအစည်းအဝေးခေါ်ယူကျင်းပခြင်းနှင့် အစည်းအဝေးဆိုင်ရာကိစ္စဆောင်ရွက်ခြင်းကို နည်းဥပဒေများဖြင့် သတ်မှတ်ပြဋ္ဌာန်းရမည်။

အခန်း (၄)

သဘာပတိအဖွဲ့

၄၄။ ပြည်နယ်နှင့် တိုင်း ပြည်သူ့ ကောင်စီ၏ ပုံမှန်အစည်းအဝေး ကျင်းပသည့်အခါတိုင်း အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲရန် သဘာပတိအဖွဲ့ကို နည်းဥပဒေများနှင့်အညီပြည်သူ့ကောင်စီဝင်များဖြင့် ရွေးချယ်တင်မြှောက်ဖွဲ့စည်းရမည်။

၄၅။ ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီ သဘာပတိအဖွဲ့ဝင် တဦးသည် အလုပ်အမှုဆောင်အဖွဲ့၊ တရားသူကြီးအဖွဲ့ သို့မဟုတ်လုပ်ငန်းစစ်ဆေးရေး အဖွဲ့ တရပ်ရပ်သို့ ရွေးချယ် တင်မြှောက်ခြင်း ခံရလျှင် သဘာပတိ အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ရမည်။

၄၆။ ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီသဘာပတိအဖွဲ့၏ သက်တမ်းသည် နောက်တကြိမ်ကျင်းပသည့် ပုံမှန်အစည်းအဝေးက သဘာပတိ အဖွဲ့အသစ်ကို ရွေးချယ်တင်မြှောက်ပြီးသည့်အထိ ဖြစ်သည်။

၄၇။ ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီ သဘာပတိအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီ အစည်းအဝေးများတွင် အစီအစဉ်ရေးဆွဲခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီ အစည်းအဝေးများတွင် ဆောင်ရွက်ချက်များသည် အခြေခံ ဥပဒေနှင့်လည်းကောင်း၊ ဤဥပဒေ၊ နည်းဥပဒေများနှင့်လည်းကောင်း ကိုက်ညီခြင်း ရှိစေရန်ညှိနှိုင်း၍ ကြပ်မတ်လမ်းညွှန်ခြင်း၊

(ဂ) ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီ အစည်းအဝေးများတွင် ဆုံးဖြတ်ဖြေရှင်းရန် ကိစ္စရပ်များ ပေါ်ပေါက်ပါက ညှိနှိုင်း ဆုံးဖြတ်ဖြေရှင်းပေးခြင်း၊

(ဃ) သဘာပတိ အဖွဲ့ဝင်များသည် ပြည်နယ်နှင့် တိုင်း ပြည်သူ့ ကောင်စီအစည်းအဝေးများတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိခြင်း၊

(င) အစည်းအဝေးခေါ်ယူကျင်းပပေးရန် ပြည်နယ်နှင့်တိုင်းပြည်သူ့ ကောင်စီဝင်အားလုံး၏ သုံးဆယ့်လေး ရာခိုင်နှုန်းက တောင်း ဆိုသော်လည်း အလုပ်အမှုဆောင်အဖွဲ့ကရက်ပေါင်းသုံးဆယ် အတွင်းခေါ်ယူကျင်းပပေးရန် ပျက်ကွက်ခဲ့လျှင် အမြန်ဆုံး အစည်းအဝေးခေါ်ယူ ကျင်းပပေးခြင်း၊

(စ) ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီအစည်းအဝေး ကျင်းပချိန် တွင် ပြည်သူ့ကောင်စီဝင် တဦးဦးအား ဖမ်းဆီးရန်လိုအပ်ပါ က ခိုင်လုံသောအထောက်အထားများ တင်ပြစေပြီး ညှိနှိုင်း ၍ အဆုံးအဖြတ်ပေးခြင်း။

၄၈။ သဘာပတိ အဖွဲ့ဝင်များသည် ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီ အစည်းအဝေး ကျင်းပသည့် နေ့များတွင် မိမိ၏အမည် အက္ခရာစဉ် အလိုက် အလှည့်ကျသဘာပတိအဖြစ် တာဝန်ယူဆောင်ရွက်ရမည်။

၄၉။ အလှည့်ကျ သဘာပတိသည် ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီ အစည်းအဝေးများကို ကြီးကြပ်ကွပ်ကဲရမည်။

၅၀။ အလှည့်ကျ သဘာပတိ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို နည်းဥပဒေ များဖြင့် သတ်မှတ်ပြဋ္ဌာန်းရမည်။

အခန်း(၅)

အလုပ်အမှုဆောင်အဖွဲ့

၅၁။ ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီတွင် ဆုံးဖြတ် ချမှတ်သည့်လုပ်ငန်းကိစ္စအဝဝကို အချိန်ပြည့် တာဝန်ယူဆောင်ရွက်ရန် အလုပ်အမှုဆောင်အဖွဲ့ကို နည်းဥပဒေများနှင့်အညီ ပြည်သူ့ ကောင်စီဝင်များဖြင့် ရွေးချယ်တင်မြှောက်ဖွဲ့စည်းရမည်။

၅၂။ ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့ဝင်တဦးသည် ဒေသဆိုင်ရာ အခြားအာဏာပိုင် အဖွဲ့အစည်းများနှင့် ရေးရာကော်မီတီများတွင် ပါဝင်ခွင့်မရှိစေရ။

၅၃။ ပုဒ်မ ၅၁ အရ ရွေးချယ်တင်မြှောက်ခြင်းခံရသော အလုပ်အမှုဆောင်အဖွဲ့ဝင်များသည် မိမိတို့အထဲမှ ဥက္ကဋ္ဌတဦးနှင့် အတွင်းရေးမှူး တဦးကို နည်းဥပဒေများနှင့်အညီ ရွေးချယ်တင်မြှောက်ရမည်။

၅၄။ ရွေးချယ် တင်မြှောက်ခြင်း ခံရသော ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီသို့ အလျှဉ်းသင့်သလို သဘာပတိက ကြေညာရမည်။

၅၅။ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး တို့သည် သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ဖြစ်ကြသည်။

၅၆။ ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီဥက္ကဋ္ဌသည် သက်ဆိုင်ရာပြည်နယ်နှင့် တိုင်း၏ ဥက္ကဋ္ဌလည်းဖြစ်သည်။

၅၇။ ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို နည်းဥပဒေများဖြင့် သတ်မှတ်ပြဋ္ဌာန်းရမည်။

၅၈။ ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့သည် ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီကို တာဝန်ခံရမည်။

၅၉။ ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီ အလုပ် အမှုဆောင် အဖွဲ့၏ သက်တမ်းသည် ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီ၏ သက်တမ်းနှင့်အညီ ဖြစ်သည်။ အလုပ်အမှုဆောင်အဖွဲ့သည် ပြည်သူ့ကောင်စီသက်တမ်း ကုန်ဆုံးသည့်အခါ အလုပ်အမှုဆောင်အဖွဲ့အသစ် ရွေးချယ်တင်မြှောက် ဖွဲ့စည်းပြီးသည်အထိ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

၆၀။ ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) လွှတ်တော်၊ နိုင်ငံတော်ကောင်စီနှင့် ဗဟိုအာဏာပိုင် အဖွဲ့အစည်းများ၏ လမ်းညွှန်ချက်များကို ခံယူ၍ ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီက ဆုံးဖြတ်သည့် လုပ်ငန်းများကို စုပေါင်းဦးဆောင်မှုစနစ်အရ အဖွဲ့အလိုက် လုပ်ဆောင်ခြင်း၊

(ခ) ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီ အစည်းအဝေးကို သဘာပတိအဖွဲ့နှင့်ညှိနှိုင်း၍ ခေါ်ယူကျင်းပခြင်း၊

(ဂ) ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီ၏ ဆုံးဖြတ်ချက်များ၊ အမိန့်များနှင့် ညွှန်ကြားချက်များကိုထုတ်ပြန်ခြင်း၊အကောင်အထည် ဖော်ခြင်း၊

(ဃ) ဝန်ကြီးအဖွဲ့နှင့် ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီက လမ်းညွှန် ချမှတ်သည့် လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(င) ဝန်ကြီးအဖွဲ့နှင့် ဆက်သွယ်ခြင်း၊ ညှိနှိုင်းခြင်းနှင့် မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့များကို လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

(စ) ပြည်နယ်နှင့် တိုင်းအဆင့်ရှိဒေသဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းများကို လမ်းညွှန်ခြင်း၊ တာဝန်ယူ ကြီးကြပ် ကွပ်ကဲခြင်း၊ ညှိနှိုင်းပေးခြင်း၊ ဝန်ထမ်းရေးရာ ကိစ္စများကို ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(ဆ) ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီ အစည်းအဝေး တခုနှင့် တခု အကြား မိမိတို့၏ ဆောင်ရွက်ချက်များကို သက်ဆိုင်ရာ ပြည်သူ့ကောင်စီသို့ အစီရင်ခံတင်ပြခြင်း၊

(ဇ) ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီဝင်တဦးဦးအား နိုင်ငံတော်ကို သစ္စာဖောက်မှုဖြင့် အရေးယူရန် အကြောင်းပေါ်ပေါက်လျှင် ယင်းပုဂ္ဂိုလ်အား တာဝန်မှ လည်းကောင်း၊ ပြည်သူ့ကောင်စီ အစည်းအဝေး တက်ရောက်ခြင်းမှ လည်းကောင်း ခေတ္တရပ်စဲ၍ ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီ၏ အနီးကပ်ဆုံး အစည်းအဝေးတွင်အတည်ပြုချက်ရယူခြင်း။

၆၁။ (က) ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့ဝင်များသည် ဆိုရှယ်လစ် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ စုပေါင်းဦးဆောင်မှု မူအရ တာဝန်ယူရမည်။ သို့ရာတွင် လုပ်ငန်းတာဝန်များကို ချမှတ်ထားသောလမ်းညွှန်ချက်များနှင့်အညီ အလုပ်အမှုဆောင်အဖွဲ့၏ကိုယ်စား ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်စေရန် အလုပ်အမှုဆောင်အဖွဲ့ဝင်များအား ယင်းတို့၏ လုပ်ငန်းကျွမ်းကျင်မှုကို အခြေပြု၍ အောက်ပါကဏ္ဍတရပ်ရပ်တွင် လိုအပ်သလို တာဝန်ခွဲဝေ ပေးအပ်နိုင်သည်—

(၁) စီးပွားရေး၊

(၂) လူမှုရေး၊

(၃) စီမံခန့်ခွဲရေးနှင့် လုံခြုံရေး၊

(ခ) ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ဝင်များသည် မိမိအားတာဝန်ခွဲဝေပေးသည့်ကဏ္ဍနှင့်ပတ်သက်ပြီး အလုပ်အမှုဆောင်အဖွဲ့သို့ ကြိုတင် တင်ပြ၍ သဘောတူညီချက်ယူခြင်း၊ ဆောင်ရွက်ပြီးသည့်လုပ်ငန်းများ တင်ပြ အတည်ပြုချက် ရယူခြင်းတို့ကို သတ်မှတ်သည့် အတိုင်း ဆောင်ရွက်ရမည်၊

(ဂ) အလုပ်အမှုဆောင် အဖွဲ့ဝင်များအား ကဏ္ဍအလိုက် တာဝန်ခွဲဝေပေးအပ်ထားသော်လည်း အလုပ်အမှုဆောင် အဖွဲ့သည် အလုပ် အမှုဆောင် အဖွဲ့ဝင် အသီးသီး၏ တာဝန်များကို ပြောင်းလဲသတ်မှတ်နိုင်သည်။

၆၂။ ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့ အစည်းအဝေး ခေါ်ယူကျင်းပခြင်းနှင့် အစည်းအဝေးဆိုင်ရာကိစ္စ ဆောင်ရွက်ခြင်းများကို နည်းဥပဒေများဖြင့် သတ်မှတ်ပြဋ္ဌာန်းရမည်။

အခန်း (၆)

တရားသူကြီးအဖွဲ့

၆၃။ ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီတွင် ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်နိုင်ရန် တရားသူကြီးအဖွဲ့ကို နည်းဥပဒေများနှင့်အညီ ပြည်သူ့ကောင်စီဝင်များဖြင့် ရွေးချယ်တင်မြှောက် ဖွဲ့စည်းရမည်။

၆၄။ ပြည်နယ်နှင့်တိုင်း တရားသူကြီးအဖွဲ့ဝင်တဦးသည် အလုပ်အမှုဆောင်အဖွဲ့နှင့် လုပ်ငန်းစစ်ဆေးရေးအဖွဲ့တွင် ပါဝင်ခွင့်မရှိစေရ။ သို့ရာတွင် ရေးရာကော်မီတီများတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့်ရှိသည်။

၆၅။ ပုဒ်မ ၆၃ အရ ရွေးချယ်တင်မြှောက်ခြင်း ခံရသော တရားသူကြီးအဖွဲ့ဝင်များသည် မိမိတို့အထဲမှဥက္ကဋ္ဌတဦးကို နည်းဥပဒေများနှင့်အညီ ရွေးချယ်တင်မြှောက်ရမည်။

၆၆။ ရွေးချယ်တင်မြှောက်ခြင်းခံရသော တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌ၏အမည်ကို ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီသို့ အလှည့်ကျ သဘာပတိက ကြေညာရမည်။

၆၇။ ပြည်နယ်နှင့်တိုင်း တရားသူကြီးအဖွဲ့သည် ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီကို တာဝန်ခံရမည်။

၆၇။ ပြည်နယ်နှင့် တိုင်း တရားသူကြီး အဖွဲ့၏ သက်တမ်းသည် ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီ၏သက်တမ်းနှင့်အညီ ဖြစ်သည်။ ပြည်နယ်နှင့်တိုင်း တရားသူကြီးအဖွဲ့သည် ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီ၏ သက်တမ်း ကုန်ဆုံးသည့်အခါ တရားသူကြီးအဖွဲ့အသစ် ရွေးချယ်တင်မြှောက်ပြီးသည်အထိ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

၆၈။ ပြည်နယ်နှင့်တိုင်း တရားသူကြီးအဖွဲ့၏ လုပ်ငန်း တာဝန်များ၊ လုပ်ပိုင်ခွင့်များ ရပိုင်ခွင့်များ၊ ကျင့်ဝတ်နှင့်စည်းကမ်းများသည် ပြည်သူ့ တရားသူကြီးအဖွဲ့ ဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဖြစ်သည်။

အခန်း(၇)

လုပ်ငန်းစစ်ဆေးရေးအဖွဲ့

၇၀။ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ ဝန်ထမ်းအဖွဲ့အစည်းများနှင့် စစ်ဆေးရန် ဥပဒေအရ သတ်မှတ်ထားသော အခြားအဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များနှင့် လုပ်ငန်းများသည် ပြည်သူတို့အတွက် အကျိုးသက်ရောက်မှု ရှိသည်မရှိသည်ကို စစ်ဆေးနိုင်ရန် ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီတွင် လုပ်ငန်းစစ်ဆေးရေးအဖွဲ့ကို နည်းဥပဒေများနှင့်အညီ ပြည်သူ့ ကောင်စီဝင်များဖြင့် ရွေးချယ်တင်မြှောက် ဖွဲ့စည်းရမည်။

၇၁။ ပြည်နယ်နှင့်တိုင်း လုပ်ငန်းစစ်ဆေးရေး အဖွဲ့ဝင်တဦးသည် အလုပ်အမှုဆောင်အဖွဲ့၊ တရားသူကြီးအဖွဲ့နှင့် ရေးရာကော်မီတီများတွင် ပါဝင်ခွင့် မရှိစေရ။

၇၂။ ပုဒ်မ ၇၀ အရ ရွေးချယ်တင်မြှောက်ခြင်းခံရသော ပြည်နယ်နှင့် တိုင်း လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဝင်များသည် မိမိတို့အထဲမှ ဥက္ကဋ္ဌတဦးကို နည်းဥပဒေများနှင့်အညီ ရွေးချယ်တင်မြှောက်ရမည်။

၇၃။ ရွေးချယ် တင်မြှောက်ခြင်းခံရသော လုပ်ငန်းစစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌ၏ အမည်ကို ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီသို့ အလျှဉ်းသင့်သလို သဘာပတိက ကြေညာရမည်။

၇၄။ ပြည်နယ်နှင့်တိုင်း လုပ်ငန်းစစ်ဆေးရေးအဖွဲ့သည် ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီကို တာဝန်ခံရမည်။

၇၅။ ပြည်နယ် နှင့် တိုင်း လုပ်ငန်းစစ်ဆေးရေးအဖွဲ့၏ သက်တမ်းသည် ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီ၏သက်တမ်းနှင့်အညီဖြစ်သည်။ ပြည်နယ်နှင့် တိုင်းလုပ်ငန်းစစ်ဆေးရေး အဖွဲ့သည် ပြည်သူ့ကောင်စီ သက်တမ်းကုန်ဆုံးသည့် အခါ လုပ်ငန်းစစ်ဆေးရေးအဖွဲ့အသစ် ရွေးချယ် တင်မြှောက်ပြီးသည်အထိ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

၇၆။ ပြည်နယ်နှင့် တိုင်းလုပ်ငန်းစစ်ဆေးရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များ၊ ကျင့်ဝတ်နှင့် စည်းကမ်းများသည် ပြည်သူ့ လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဖြစ်သည်။

အခန်း(၈)

ရေးရာကော်မီတီများ

၇၇။ ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီတွင် လုပ်ငန်းတာဝန်များဆောင်ရွက်ရာ၌ လိုအပ်သည့် အကြံဉာဏ်များကို ရေးရာအလိုက် တင်ပြနိုင်ရန် ရေးရာကော်မီတီများကို နည်းဥပဒေများနှင့်အညီ ပြည်သူ့ကောင်စီ ဝင်များဖြင့် ရွေးချယ်တင်မြှောက်ဖွဲ့စည်းရမည်။

၇၈။ ပြည်သူ့ကောင်စီဝင်တဦးသည် ရေးရာကော်မီတီ ၂ ခုထက်ပို၍ပါဝင်ဆောင်ရွက်ခွင့်မရှိစေရ။

၇၉။ ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီ ရေးရာကော်မီတီများကို တာဝန်ယူဦးဆောင်ရန် အတွင်းရေးမှူးတဦးစီကို နည်းဥပဒေများနှင့်အညီ ရေးရာကော်မီတီအလိုက် ရေးရာကော်မီတီဝင်များသည် မိမိတို့အထဲမှ ရွေးချယ်တင်မြှောက်ရမည်။

၈၀။ ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီ ရေးရာကော်မီတီများသည်ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီကို တာဝန်ခံရမည်။ ပြည်သူ့ကောင်စီအစည်းအဝေးကျင်းပသည့်ကာလမဟုတ်လျှင် အလုပ်အမှုဆောင်အဖွဲ့ကို တာဝန်ခံရမည်။

၁၁။ ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီရေးရာကော်မီတီများ၏ သက်တမ်းသည် ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီ၏ သက်တမ်းနှင့်အညီ ဖြစ်သည်။

၁၂။ ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီရေးရာကော်မီတီများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီက ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့်ပတ်သက်၍ ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီမှ လမ်းညွှန်နိုင်ရန်နှင့် လိုအပ်သော ဆုံးဖြတ်ချက်များ၊ညွှန်ကြားချက်များ၊ အမိန့်များထုတ်ပြန်နိုင်ရန် ရေးရာအလိုက် အကြံဉာဏ်များပေးခြင်း၊

(ခ) ရေးရာအလိုက် သက်ဆိုင်ရာဒေသရှိ ပြည်သူများ၊ လူထုလူတန်းစားအဖွဲ့အစည်းများ၊ ဝန်ထမ်းအဖွဲ့အစည်းများနှင့် တွေ့ဆုံညှိနှိုင်းခြင်း၊ ရရှိသောအကြံဉာဏ်များ၊ တင်ပြချက်များ၊ အဆိုပြုချက် များကို စိစစ်သုံးသပ်၍ အလုပ်အမှုဆောင် အဖွဲ့နှင့် ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီသို့တင်ပြခြင်း၊

(ဂ) ရေးရာအလိုက် ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီက ချမှတ်ထားသော ဆုံးဖြတ်ချက်များ၊ ညွှန်ကြားချက်များ၊ အမိန့်များကို ဒေသရှိ ပြည်သူများနှင့် ဝန်ထမ်းအဖွဲ့ အစည်းများက လိုက်နာကျင့်သုံး အကောင်အထည်ဖော်ခြင်း ရှိ မရှိကိုလေ့လာခြင်း၊ သုံးသပ်ခြင်းနှင့် တင်ပြခြင်း၊

(ဃ) ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီက ချမှတ်ထားသော စီမံကိန်းများ၊ လုပ်ငန်းများနှင့် ဆုံးဖြတ်ချက်များကို ဒေသရှိ ပြည်သူများ၊ လူထုလူတန်းစား အဖွဲ့အစည်းများနှင့် ဝန်ထမ်းအဖွဲ့အစည်းများက အကောင်အထည် ဖော်ရာတွင် တွေ့ရှိရသောအခက်အခဲများ၊ ပြဿနာများကို ဆွေးနွေးလေ့လာ၍ ယင်းအခက်အခဲများ၊ ပြဿနာများအား ကျော်လွှန်ဖြေရှင်းနိုင်မည့် နည်းလမ်းများကို ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီသို့တင်ပြခြင်း၊

(င) ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီက အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းများ မည်သို့ဆောင်ရွက်သင့်သည် ကို ရေးရာအလိုက် ဆွေးနွေးလေ့လာ၍ ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီသို့တင်ပြခြင်း၊

(စ) အလုပ် အမှုဆောင်အဖွဲ့နှင့်ထိတွေ့ညှိနှိုင်းခြင်း၊ ဆွေးနွေးခြင်း၊ အထောက်အကူပြုခြင်း၊

(ဆ) ဒေသရှိ ပြည်သူများ၏ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အဆင့်အတန်း ဖွံ့ဖြိုးတိုးတက်ရေး အတွက် ရေးရာအလိုက် ပြည်နယ်နှင့် တိုင်း ပြည်သူ့ ကောင်စီအား လိုအပ်သလို အထောက်အကူပြုခြင်း၊

(ဇ) ရေးရာအလိုက် ဒေသအတွင်းရှိရုံးများ၊ လုပ်ငန်းဌာနများ၊ အဖွဲ့အစည်းများ စသည်တို့ကို အလုပ်အမှုဆောင်အဖွဲ့၏ခွင့်ပြု ချက်အရ သွားရောက် လေ့လာခြင်း၊ သက်ဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ဆွေးနွေး မေးမြန်းခြင်း၊ ထိုသို့ဆွေးနွေး လေ့လာ၍ ရရှိသည့် သုံးသပ်စိစစ်ချက်များကို ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီသို့ အစီရင်ခံခြင်း၊

(ဈ) ရေးရာအလိုက် ဆောင်ရွက်သင့်သည့် ကိစ္စရပ်များကို ပြည်နယ် နှင့်တိုင်း ပြည်သူ့ကောင်စီ အစည်းအဝေး၌ တင်ပြခွင့်ရှိခြင်း။

၇၃။ ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီ ရေးရာ ကော်မီတီအလိုက်လုပ်ငန်း တာဝန်များ၊ အစည်းအဝေး ကျင်းပခြင်းများကို နည်းဥပဒေများဖြင့် သတ်မှတ် ပြဋ္ဌာန်းရမည်။

အပိုင်း ၃

မြို့နယ်ပြည်သူ့ကောင်စီများ

အခန်း(၁)

ဖွဲ့စည်းပုံ

၇၄။ မြို့နယ် ပြည်သူ့ကောင်စီတရပ်ကို ရွေးချယ် တင်မြှောက်ခြင်း ဆိုင်ရာ ဥပဒေအရ သတ်မှတ်သည့် ကောင်စီဝင် ဦးရေဖြင့် ဖွဲ့စည်းရမည်။

၇၅။ မြို့နယ် ပြည်သူ့ကောင်စီတွင် အောက်ပါအဖွဲ့အစည်းများကို ဖွဲ့စည်းရမည်—

(က) သဘာပတိအဖွဲ့၊

(ခ) အလုပ်အမှုဆောင်အဖွဲ့၊

(ဂ) တရားသူကြီးအဖွဲ့၊

(ဃ) လုပ်ငန်းစစ်ဆေးရေးအဖွဲ့၊

(င) ရေးရာကော်မီတီများ။

အခန်း(၂)

တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၇၆။ မြို့နယ်အတွင်း သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများနှင့် အညီ စီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ မြို့နယ်ပြည်သူ့ကောင်စီများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်—

(က) လွှတ်တော်နှင့် နိုင်ငံတော်ကောင်စီတို့က ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီများမှတဆင့် ချမှတ်ပေးသော စီးပွားရေးဆိုင်ရာမူဝါဒများ၊လမ်းညွှန်ချက်များ၊ စီမံကိန်းများနှင့်အညီ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရေးနှင့် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီများသို့ ထပ်ဆင့် လမ်းညွှန်ခြင်း၊

(ခ) နိုင်ငံတော်၏ စီးပွားရေးစီမံကိန်းဘောင်အတွင်း ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီများမှ တင်ပြသော စီမံကိန်းများကို အခြေခံ၍ မြို့နယ်စီးပွားရေး စီမံကိန်းများ ရေးဆွဲတင်ပြခြင်း၊

(ဂ) အတည်ပြု ပြဋ္ဌာန်းပြီးသည့် မြို့နယ်စီးပွားရေး စီမံကိန်းများကို ပြည်သူ့ပိုင်၊ သမဝါယမပိုင်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကပိုင် လုပ်ငန်းများနှင့် ညှိနှိုင်း၍ ကြီးကြပ် အကောင် အထည်ဖော်ခြင်း၊

(ဃ) ရ သုံးခန့်မှန်းခြေ ငွေစာရင်းဆိုင်ရာ လမ်းညွှန်ချက်များနှင့် အညီ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီများမှ တင်ပြသော ရ သုံးခန့်မှန်းခြေ ငွေစာရင်းများကို စိစစ်စုစည်းလျက် သက်ဆိုင်ရာ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများနှင့် လိုအပ်သည့် ညှိနှိုင်းမှုများပြုလုပ်၍ မြို့နယ် ရ သုံးခန့်မှန်းခြေ ငွေစာရင်းများ ရေးဆွဲတင်ပြခြင်း၊

(င) အခွန်အကောက်ဆိုင်ရာ ဥပဒေများအရ သတ်မှတ်ထားသည့် အခွန်အကောက် အမျိုးအစား၊ အခွန်အကောက်နှုန်းထားများနှင့်စပ်လျဉ်း၍ ပြုပြင် ပြောင်းလဲသတ်မှတ်ရန်၊ အသစ် သတ်မှတ်ရန်၊ ပယ်ဖျက်ရန် ကိစ္စများကို စိစစ်အကြံပေး တင်ပြခြင်း၊

(စ) မြို့နယ် စီးပွားရေးစီမံကိန်းများကို အောင်မြင်စွာအကောင် အထည်ဖော်နိုင်ရန် သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ ကောင်စီဝင်များနှင့် ပေါင်းစပ် ညှိနှိုင်းပေးရေး၊ လမ်းညွှန်ရေး၊ လုပ်ငန်းများထပ်ဆင့်ခွဲဝေပေးရေးနှင့် လိုအပ် သည့်အကူအညီပေးခြင်း၊

(ဆ) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီများက မိမိတို့ မြို့နယ်တွင် သမဝါယမကဏ္ဍ အကောင်အထည် ဖော်ရန် သင့်လျော်သည်ဟု တင်ပြသည့်စီးပွားရေးလုပ်ငန်းများကိုစိစစ် ညှိနှိုင်းပြီး မြို့နယ်စီးပွားရေးစီမံကိန်းတွင် ထည့်သွင်းရေးနှင့် သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီ၏ သဘော တူညီချက်အရ လုပ်ငန်းများ၊ စီမံကိန်းများကို အကောင် အထည်ဖော်စေခြင်း၊

(ဇ) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီများက မိမိတို့ မြို့နယ်တွင် ပြည်သူပိုင်ကဏ္ဍ၌ အကောင်အထည် ဖော်ရန် သင့်လျော်သည်ဟု တင်ပြသည့် စီးပွားရေး လုပ်ငန်းများကို စိစစ်ညှိနှိုင်းပြီး အကြံပြုတင်ပြခြင်း၊

(ဈ) မြို့နယ် ပြည်သူ့ကောင်စီများက တိုက်ရိုက် အကောင်အထည် ဖော် စီမံခန့်ခွဲရန် သင့်လျော်သည်ဟုဆုံးဖြတ်သည့် စီးပွားရေး လုပ်ငန်းများကို မြို့နယ်၏စီးပွားရေးစီမံကိန်းတွင် ထည့်သွင်း ရေးနှင့် သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီ၏ သဘောတူညီချက်အရ လုပ်ငန်းများ၊စီမံကိန်းများကိုကြီးကြပ် အကောင်အထည်ဖော်ခြင်း၊

(ည) ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းများနှင့်ပတ်သက်၍ ဝန်ကြီးအဖွဲ့ က အခါအားလျော်စွာခွဲဝေအပ်နှင်းသည့် တာဝန်နှင့်လုပ်ပိုင် ခွင့်များကို ကြီးကြပ်ကွပ်ကဲ၍ အကောင်အထည်ဖော်ခြင်း၊

(ဋ) စက်မှုလက်မှု၊ လယ်ယာကုန်ထုတ်လုပ်မှု၊ သယ်ယူပို့ဆောင်ရေး၊ မွေးမြူရေး၊ ကုန်စည်ဝယ်ယူဖြန့်ဖြူးရေးစသည့်လုပ်ငန်းများနှင့် စပ်လျဉ်းသည့် သမဝါယမ အဖွဲ့အစည်းများ၏ စီမံကိန်းများ ကို မိမိတို့မြို့နယ်အတွင်းအကောင်အထည်ဖော်စေရန်လမ်းညွှန် ပေးခြင်း၊

(ဌ) နိုင်ငံတော်၏မြေယာမူဝါဒနှင့်အညီ လယ်ယာမြေစီမံခန့်ခွဲရေး၊ စီမံကိန်းသီးနှံများ စိုက်ပျိုးရေး၊ မြေလွတ်မြေရိုင်းများ ဖော် ထုတ်ရေး၊ စားကျက်မြေများ သတ်မှတ်ထိန်းသိမ်း စောင့် ရှောက်ရေးစသည့် လုပ်ငန်းများဆောင်ရွက်ရေးနှင့် ကြီးကြပ် ညှိနှိုင်းခြင်း၊

(ဍ) နိုင်ငံတော်၏ စီးပွားရေးစီမံကိန်းအရ ထွက်ကုန်များကို ဗဟို အာဏာပိုင် အဖွဲ့အစည်းများ၊ ပြည်နယ်နှင့် တိုင်း ပြည်သူ့ ကောင်စီတို့၏ သတ်မှတ် ညွှန်ကြားချက်များနှင့် အညီ သက်ဆိုင်ရာများသို့ မှန်ကန်စွာနှင့် အချိန်မီ ရောင်းချစေရန် ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီများအား ညှိနှိုင်း လမ်းညွှန်ခြင်း၊

(စ) စားသုံးသူများ လိုအပ်သည့် ကုန်ပစ္စည်းများ ဖြန့်ဖြူးရောင်းချခြင်းကို ကြီးကြပ်လမ်းညွှန်ခြင်း၊

(ဆ) သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးနှင့်ဖွံ့ဖြိုးတိုးတက်စေရေးအတွက်စီမံ ဆောင်ရွက်ရေး၊ကြီးကြပ်ရေးနှင့် အကူအညီပေးခြင်း၊

(ဇ) ပြည်သူ့အကျိုးပြု လုပ်ငန်းများ၊ စီးပွားရေး စီမံကိန်းများကို အကောင်အထည်ဖော်ရာ၌ လုပ်သားပြည်သူများ နိုးကြားတက်ကြွစွာ ပါဝင် ဆောင်ရွက်နိုင်ရေးအတွက် ပြည်သူများနှင့် နီးကပ်စွာ ထိတွေ့ ဦးဆောင်မှု ပေးခြင်း၊ နှိုးဆော်စည်းရုံးခြင်း၊

(ဈ) လူဦးရေစာရင်း၊ ဆန္ဒမဲပေးပိုင်ခွင့် ရှိသူများစာရင်း၊ မွေးစာရင်း၊ သေစာရင်း၊ ကျွဲနွားစာရင်း၊ စက်ယန္တရားစာရင်း၊ အဆောက်အဦများ စာရင်း၊ လယ်ယာ စိုက်ပျိုးရေးဆိုင်ရာ ကိန်းဂဏန်းများ၊ ကုန်ထုတ်လုပ်မှု ကိန်းဂဏန်းများ စသည်တို့ကို သက်ဆိုင်ရာ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီများနှင့် စဉ်ဆက်မပြတ် ဆက်သွယ်၍ စုစည်းပြုစုထိန်းသိမ်းထားရှိရေးနှင့် ယင်းစာရင်းများကို ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီများသို့ လိုအပ်သည့်အခါ ပေးပို့ခြင်း။

၈၇။ မြို့နယ်အတွင်း သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများနှင့်အညီ လူမှုရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍မြို့နယ်ပြည်သူ့ ကောင်စီများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါ အတိုင်း ဖြစ်သည်—

(က) လွှတ်တော်နှင့် နိုင်ငံတော်ကောင်စီတို့က ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီ များမှတဆင့် ချမှတ် ပေးသော လူမှုရေးဆိုင်ရာမူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရေးနှင့် ရပ်ကွက်နှင့်ကျေးရွာအုပ်စုပြည်သူ့ကောင်စီများသို့ထပ်ဆင့်လမ်းညွှန်ခြင်း၊

(ခ) မူလတန်းကျောင်းများနှင့် ပညာရေးဗဟုသုတဖွံ့ဖြိုးရေးစသည့် လုပ်ငန်းများကို လမ်းညွှန်မှုများနှင့်အညီ ဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ညှိနှိုင်းခြင်း၊

(ဂ) အားကစားနှင့် ကာယပညာလုပ်ငန်းများနှင့်အခြား ကျန်းမာရေးဆိုင်ရာလုပ်ငန်းများကို လမ်းညွှန်မှုများနှင့်အညီ ဆောင်ရွက်ရေးနှင့်ကြီးကြပ်ညှိနှိုင်းခြင်း၊

(ဃ) ကူးစက်တတ်သော ရောဂါဘေးများနှင့် ရာသီအလိုက် ဖြစ်ပေါ်တတ်သော ရောဂါဘေးများမှ ကြိုတင်ကာကွယ်ရေးအတွက် စည်းရုံးခြင်းနှင့်တားဆီးရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) သက်ကြီးရွယ်အိုများ၊ လေလွင့်လူငယ်များ၊ ခိုကိုးရာမဲ့ အမျိုးသမီးများ ထိန်းသိမ်း စောင့်ရှောက်ရန်ဂေဟာများ ဖွင့်လှစ်ထားရှိရေး၊ ဒုစရိုက်လုပ်ငန်းများ ပပျောက်စေရန် ကာကွယ်ရေးနှင့် နှိမ်နင်းရေး စသည့်လူမှုဝန်ထမ်း လုပ်ငန်းများကို လမ်းညွှန်မှု များနှင့် အညီ ဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ညှိနှိုင်းခြင်း၊

(စ) ဒေသအတွင်းရှိ လုပ်သားပြည်သူများ၏ ရပိုင်ခွင့်များကို ကာကွယ်စောင့်ရှောက်ပေးခြင်းနှင့် လုပ်သားပြည်သူ များကလည်း တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ကြစေရန် စည်းရုံးလှုံ့ဆော်ခြင်း၊

(ဆ) လူငယ်များ၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုစုပျိုးထောင်ပေးခြင်း၊

(ဇ) တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှု စဉ်ဆက်မပြတ် တိုးတက်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ခြင်း၊

(ဈ) ဈေးဟောင်း အဆောက်အဦနှင့် ဈေးဟောင်း ပစ္စည်းများ ထိန်းသိမ်း စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ည) လေဘေး၊ ရေဘေး၊ မီးဘေးစသည့် သဘာဝဘေးအန္တရာယ်

များကို ကာကွယ်ရေးနှင့် တားဆီးရေးအတွက်စည်းရုံးဆောင် ရွက်ရေးနှင့် ယင်းအန္တရာယ်များ ပေါ်ပေါက်ပါက ကယ် ဆယ်ရေး လုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်ခြင်း။

၈၈။ မြို့နယ်အတွင်း သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများနှင့်အညီ စီမံခန့်ခွဲရေးနှင့်လုံခြုံရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ မြို့နယ်ပြည်သူ့ကောင်စီများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) လွှတ်တော်နှင့် နိုင်ငံတော်ကောင်စီက ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီများမှတဆင့် ချမှတ်ပေးသော စီမံခန့်ခွဲရေးနှင့် လုံခြုံရေးဆိုင်ရာ မူဝါဒများ၊ လမ်းညွှန်ချက်များ နှင့် အညီ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီများသို့ထပ်ဆင့် လမ်းညွှန်ခြင်း၊

(ခ) ဒေသဆိုင်ရာ လုံခြုံရေး၊ ကာကွယ်ရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် စည်းကမ်းသေဝပ် တည်ငြိမ်ရေးတို့ကို တာဝန်ယူ ဆောင်ရွက်ခြင်း၊

(ဂ) ပြည်သူ့စစ် အဖွဲ့အစည်းများနှင့် ပတ်သက်၍ မူဝါဒညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဃ) လုံခြုံရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အန္တရာယ်ပြုမည့် အဖွဲ့အစည်းများ၊ အဖျက်လုပ်ငန်းများ၊ လှုပ်ရှားမှုများကို ကာကွယ်တားဆီးရေးနှင့် ဖော်ထုတ်ရေး အတွက် ကြီးကြပ်ဆောင်ရွက်ခြင်း၊

(င) ပြစ်မှုဆိုင်ရာ မှုခင်းများနှင့် ဒုစရိုက် လုပ်ငန်းများကို ကြိုတင်ကာကွယ်ရေး၊ တားဆီးရေး၊ နှိမ်နင်းရေးနှင့် လျော့နည်းကျဆင်းရေးအတွက် ကြီးကြပ်ဆောင်ရွက်ခြင်း၊

(စ) ပြည်သူပိုင်ပစ္စည်းများ၊ သမဝါယမပိုင် ပစ္စည်းများနှင့် အများပိုင်ပစ္စည်းများကို ကာကွယ် စောင့်ရှောက်ရေး အတွက် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဆ) နိုင်ငံခြားသားများ သွားလာလှုပ်ရှားမှုနှင့် နိုင်ငံခြားသားမှတ်ပုံတင်ရေးနှင့် မှတ်ပုံတင်အသစ် လဲလှယ်မှုလုပ်ငန်းများကို ကြီးကြပ် လမ်းညွှန်ခြင်း၊

(ဇ) နိုင်ငံတော် နယ်နိမိတ်ကျောက်တိုင်များ၊ နယ်ခြားအထိမ်းအမှတ်များနှင့်ပတ်သက်၍ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီမှ အစီရင်ခံစာရလျှင် ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီသို့ ချက်ချင်း ဆက်လက် အစီရင် ခံစေခြင်း၊

(ဈ) ကျေးရွာများ၊ ကျေးရွာအုပ်စုများ၊ရပ်ကွက်များ၊ မြို့နယ်များ ဖွဲ့စည်းခြင်း၊ ပြင်ဆင်ခြင်း၊ ပြောင်းရွှေ့ခြင်းများနှင့်ပတ်သက်၍ စိစစ် အကြံပေးတင်ပြခြင်း၊

(ည) ကျေးလက်ဒေသ ဖွံ့ဖြိုးရေး၊ မြို့ပြစည်ပင်သာယာရေး၊ နေရာချထားရေးလုပ်ငန်းများကို မိမိတို့ ဆန္ဒအလျောက် ဥပဒေဘောင်အတွင်း စီမံခန့်ခွဲ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဋ) ကျေးရွာနှင့် မြို့ပြစီမံကိန်းများ ရေးဆွဲရေးနှင့် ယင်းစီမံကိန်းများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဌ) မြို့နယ်အတွင်းရှိ မြို့နှင့် ကျေးလက်ဒေသများတွင် လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုလက်မှု၊ ကူးသန်းရောင်းဝယ်ရေး၊ လူများ နေထိုင်ရေး၊ အပန်းဖြေရေးစသည့် ဒေသများ သတ်မှတ်ရေး ကိစ္စများနှင့် ယင်းဒေသ များတွင် အဆောက်အအုံများ ဆောက်လုပ်ရေးကိစ္စများကို ဥပဒေဘောင်အတွင်း သတ်မှတ်ခွင့်ပြုခြင်း၊

(ဍ) အခွန်အကောက်များ၊ အခကြေးငွေများ၊ ချေးငွေများ ကောက်ခံရေးဆိုင်ရာ လုပ်ငန်းများကို ကူညီဆောင်ရွက်ခြင်း၊

(ဎ) စီးပွားရေး၊ လူမှုရေး၊ စီမံခန့်ခွဲရေး၊ လုံခြုံရေးကဏ္ဍများနှင့် သက်ဆိုင်သော စာရင်းဇယားများ ကောက်ယူပြုစု ထိန်းသိမ်းထားရှိခြင်း၊

(ဏ) စီးပွားရေး၊ လူမှုရေး၊ စီမံခန့်ခွဲရေး၊ လုံခြုံရေးဆိုင်ရာ အခြေအနေများနှင့် ပတ်သက်၍ သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းများမှတာဝန်ရှိသူများအား ခေါ်ယူမေးမြန်းခြင်းနှင့် လိုအပ်သည့် အကူအညီများပေးခြင်း၊

(တ) ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများနှင့် ဝန်ထမ်းအဖွဲ့အစည်းများကို လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ထ) ဒေသဆိုင်ရာ ဝန်ထမ်းရေးရာ ကိစ္စများကို ဥပဒေဘောင်အတွင်း ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဒ) တရားစီရင်ရေးအဖွဲ့များ လုံလောက်စွာ ဖွဲ့စည်းနိုင်ရေးအတွက် ကူညီဆောင်ရွက်ခြင်း၊

(ဓ) ဒေသအတွင်းရှိ အဖွဲ့အစည်းတရပ်ကိုဖြစ်စေ၊ လုပ်ငန်းတခုကိုဖြစ်စေ စစ်ဆေးရန်လိုအပ်လျှင် ဒေသဆိုင်ရာ လုပ်ငန်းစစ်ဆေးရေးအဖွဲ့အား စစ်ဆေးစေရေးနှင့် စစ်ဆေးတွေ့ရှိချက်ကို တင်ပြစေခြင်း၊

(န) ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီများမှ တင်ပြလာသည့် ကိစ္စရပ်များ၊ ပြဿနာများနှင့် အခက်အခဲများကို ဖြေရှင်းပေးခြင်း၊ ဖြေရှင်း၍ မရသော ကိစ္စများ၊ ပြဿနာများနှင့် အခက်အခဲများကို ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီသို့ တင်ပြခြင်း၊

(ပ) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီများ၏ စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက်များ၊ အမိန့်များနှင့် ပတ်သက်၍ အယူခံလွှာများ၊ ပြင်ဆင်မှု လျှောက်ထားချက်များ အပေါ် ဆုံးဖြတ်ချက်များ၊အမိန့်များ ချမှတ်ခြင်း၊

(ဖ) ဒေသဆိုင်ရာအရေးကြီးသည့် ကိစ္စရပ်များနှင့် ပြည်သူ့အကျိုးပြု အကြံပေးချက်များကို သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီနှင့် နိုင်ငံတော်ကောင်စီသို့ တင်ပြခြင်း။

အခန်း (၃)

အစည်းအဝေးများ

၇၉။ မြို့နယ် ပြည်သူ့ကောင်စီ၏ ပုံမှန်အစည်းအဝေးကို တနှစ်လျှင် ၄ ကြိမ် မပျက်မကွက် ခေါ်ယူကျင်းပရမည်။ ပုံမှန်အစည်းအဝေး တကြိမ်နှင့် တကြိမ် အကြား အရှည်ကြာဆုံးကာလသည် ၄ လထက်မပိုစေရ။

၈၀။ မြို့နယ် ပြည်သူ့ကောင်စီ အစည်းအဝေးများ ခေါ်ယူကျင်းပခြင်းနှင့် အစည်းအဝေးဆိုင်ရာ ကိစ္စဆောင်ရွက်ခြင်းများကို နည်းဥပဒေများဖြင့် သတ်မှတ် ပြဋ္ဌာန်းရမည်။

အခန်း (၄)

သဘာပတိအဖွဲ့

၉၁။ မြို့နယ် ပြည်သူ့ကောင်စီ၏ ပုံမှန် အစည်းအဝေး ကျင်းပသည့်အခါ တိုင်း အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲရန် သဘာပတိအဖွဲ့ကို နည်းဥပဒေ များနှင့်အညီ ပြည်သူ့ကောင်စီဝင်များဖြင့် ရွေးချယ်တင်မြှောက် ဖွဲ့စည်းရမည်။

၉၂။ မြို့နယ်ပြည်သူ့ကောင်စီ သဘာပတိ အဖွဲ့ဝင်တဦးသည် အလုပ်အမှု ဆောင်အဖွဲ့၊ တရားသူကြီးအဖွဲ့ သို့မဟုတ်လုပ်ငန်းစစ်ဆေးရေးအဖွဲ့ တရပ်ရပ်သို့ ရွေးချယ်တင်မြှောက်ခြင်းခံရလျှင် သဘာပတိအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ရမည်။

၉၃။ မြို့နယ် ပြည်သူ့ကောင်စီ သဘာပတိအဖွဲ့၏ သက်တမ်းသည် နောက် တကြိမ် ကျင်းပသည့် ပုံမှန်အစည်းအဝေးက သဘာပတိ အဖွဲ့အသစ်ကိုရွေး ချယ်တင်မြှောက် ပြီးသည်အထိဖြစ်သည်။

၉၄။ မြို့နယ် ပြည်သူ့ကောင်စီ သဘာပတိအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ မှာ အောက်ပါအတိုင်းဖြစ်သည်—

(က) မြို့နယ် ပြည်သူ့ကောင်စီ အစည်းအဝေးများတွင် အစီအစဉ် ရေးဆွဲခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) မြို့နယ် ပြည်သူ့ကောင်စီအစည်းအဝေးများတွင် ပြုလုပ်ဆောင်ရွက်ချက်များသည် အခြေခံဥပဒေနှင့် လည်းကောင်း၊ ဤဥပဒေ၊နည်းဥပဒေများနှင့် လည်းကောင်း ကိုက်ညီခြင်းရှိစေရန် ညှိနှိုင်း၍ ကြပ်မလမ်းညွှန်ခြင်း၊

(ဂ) မြို့နယ် ပြည်သူ့ကောင်စီ အစည်းအဝေးများတွင် ဆုံးဖြတ်ဖြေရှင်းရန်ကိစ္စများ ပေါ်ပေါက်ပါက ညှိနှိုင်း ဆုံးဖြတ်ဖြေရှင်းပေးခြင်း၊

(ဃ) သဘာပတိ အဖွဲ့ဝင်များသည်မြို့နယ်ပြည်သူ့ကောင်စီ အစည်းအဝေးများတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိခြင်း၊

(င) အစည်းအဝေး ခေါ်ယူ ကျင်းပပေးရန် မြို့နယ် ပြည်သူ့ကောင်စီဝင် အားလုံး၏ သုံးဆယ့်လေး ရာခိုင်နှုန်းက တောင်းဆိုသော်လည်း အလုပ်အမှုဆောင်အဖွဲ့က ရက်ပေါင်း သုံးဆယ် အတွင်းခေါ်ယူကျင်းပပေးရန် ပျက်ကွက်ခဲ့လျှင် အမြန်ဆုံး အစည်းအဝေးခေါ်ယူ ကျင်းပပေးခြင်း၊

(စ) မြို့နယ်ပြည်သူ့ကောင်စီ အစည်းအဝေး ကျင်းပ ချိန်တွင် ပြည်သူ့ကောင်စီဝင် တဦးဦးအား ဖမ်းဆီးရန်လိုအပ်ပါက ခိုင်လုံသော အထောက်အထားများ တင်ပြစေပြီး ညှိနှိုင်း၍ အဆုံးအဖြတ်ပေးခြင်း။

၉၅။ သဘာပတိ အဖွဲ့ဝင်များသည် မြို့နယ် ပြည်သူ့ကောင်စီ အစည်းအဝေး ကျင်းပသည့်နေ့များတွင် မိမိ၏ အမည်အက္ခရာ စဉ်အလိုက်အလှည့်ကျ သဘာပတိအဖြစ် တာဝန်ယူ ဆောင်ရွက်ရမည်။

၉၆။ အလှည့်ကျ သဘာပတိသည် မြို့နယ် ပြည်သူ့ကောင်စီ အစည်းအဝေးများကို ကြီးကြပ်ကွပ်ကဲရမည်။

၉၇။ အလှည့်ကျ သဘာပတိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကိုနည်းဥပဒေများဖြင့် သတ်မှတ်ပြဋ္ဌာန်းရမည်။

အခန်း (၅)

အလုပ်အမှုဆောင်အဖွဲ့

၉၈။ မြို့နယ် ပြည်သူ့ကောင်စီက ဆုံးဖြတ်ချမှတ်သည့် လုပ်ငန်းကိစ္စအဝဝကို အချိန်ပြည့် တာဝန်ယူဆောင်ရွက်ရန် အလုပ်အမှုဆောင်အဖွဲ့ကို နည်းဥပဒေများနှင့်အညီ ပြည်သူ့ကောင်စီဝင်များဖြင့် ရွေးချယ်တင်မြှောက် ဖွဲ့စည်းရမည်။

၉၉။ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့ဝင် တဦးသည်ဒေသဆိုင်ရာ အခြားအာဏာပိုင် အဖွဲ့အစည်းများနှင့် ရေးရာကော်မီတီများတွင် ပါဝင်ခွင့်မရှိစေရ။

၁၀၀။ ပုဒ်မ ၉၈ အရ ရွေးချယ် တင်မြှောက်ခြင်း ခံရသော အလုပ်အမှုဆောင်အဖွဲ့ဝင်များသည် မိမိတို့အထဲမှ ဥက္ကဋ္ဌတဦးနှင့် အတွင်းရေးမှူး တဦးကို နည်းဥပဒေများနှင့် အညီ ရွေးချယ်တင်မြှောက်ရမည်။

၁၀၁။ ရွေးချယ် တင်မြှောက်ခြင်း ခံရသော ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို မြို့နယ် ပြည်သူ့ကောင်စီသို့ အလှည့်ကျ သဘာပတိက ကြေညာရမည်။

၁၀၂။ ဥက္ကဋ္ဌနှင့်အတွင်းရေးမှူးတို့သည် သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ ဖြစ်ကြသည်။

၁၀၃။ မြို့နယ်ပြည်သူ့ကောင်စီ ဥက္ကဋ္ဌသည် သက်ဆိုင်ရာ မြို့နယ်၏ ဥက္ကဋ္ဌ လည်း ဖြစ်သည်။

၁၀၄။ မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို နည်းဥပဒေများဖြင့် သတ်မှတ်ပြဋ္ဌာန်းရမည်။

၁၀၅။ မြို့နယ် ပြည်သူ့ကောင်စီ အလုပ် အမှုဆောင်အဖွဲ့သည် မြို့နယ်ပြည်သူ့ကောင်စီကို တာဝန်ခံရမည်။

၁၀၆။ မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ သက်တမ်းသည် မြို့နယ် ပြည်သူ့ကောင်စီ၏ သက်တမ်းနှင့်အညီ ဖြစ်သည်။ အလုပ်အမှုဆောင်အဖွဲ့သည် ပြည်သူ့ကောင်စီ သက်တမ်း ကုန်ဆုံးသည့်အခါ အလုပ်အမှုဆောင်အဖွဲ့အသစ် ရွေးချယ်တင်မြှောက် ဖွဲ့စည်းပြီးစီးသည်အထိ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

၁၀၇။ မြို့နယ်ပြည်သူ့ကောင်စီ အလုပ် အမှုဆောင်အဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်—

(က) လွှတ်တော်၊ နိုင်ငံတော်ကောင်စီနှင့် ဗဟိုအာဏာပိုင် အဖွဲ့အစည်းများ၏ လမ်းညွှန်ချက်များကိုခံယူ၍ မြို့နယ်ပြည်သူ့ကောင်စီကဆုံးဖြတ်သည့် လုပ်ငန်းများကို စုပေါင်းဦးဆောင်မှုစနစ်အရ အဖွဲ့အလိုက် လုပ်ဆောင်ခြင်း၊

(ခ) မြို့နယ် ပြည်သူ့ကောင်စီ အစည်းအဝေးကို သဘာပတိ အဖွဲ့နှင့်ညှိနှိုင်း၍ ခေါ်ယူကျင်းပခြင်း၊

(ဂ) မြို့နယ်ပြည်သူ့ကောင်စီ၏ ဆုံးဖြတ်ချက်များ၊ အမိန့်များနှင့် ညွှန်ကြားချက် များကို ထုတ်ပြန်ခြင်း အကောင်အထည်ဖော်ခြင်း၊

(ဃ) ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီနှင့် မြို့နယ်ပြည်သူ့ကောင်စီက လမ်းညွှန် ချမှတ်သည့် လုပ်ငန်းများကိုအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(င) ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့နှင့် ဆက်သွယ်ခြင်း၊ ညှိနှိုင်းခြင်းနှင့် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့များကို လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

(စ) မြို့နယ်အဆင့်ရှိ ဒေသဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်း များကို လမ်းညွှန်ခြင်း၊ တာဝန်ယူ ကြီးကြပ်ကွပ်ကဲခြင်း၊ ညှိနှိုင်းပေးခြင်း၊ ဝန်ထမ်းရေးရာကိစ္စများကို ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဆ) မြို့နယ် ပြည်သူ့ကောင်စီ အစည်းအဝေးတခုနှင့် တခုအကြား မိမိတို့၏ ဆောင်ရွက်ချက်များကို သက်ဆိုင်ရာပြည်သူ့ကောင်စီသို့ အစီရင်ခံတင်ပြခြင်း၊

(ဇ) မြို့နယ် ပြည်သူ့ကောင်စီဝင် တဦးဦးအား နိုင်ငံတော်ကို သစ္စာဖောက်မှုဖြင့် အရေးယူရန်အကြောင်း ပေါ်ပေါက်လျှင် ယင်းပုဂ္ဂိုလ်အား တာဝန်မှလည်းကောင်း၊ ပြည်သူ့ကောင်စီအစည်းအဝေး တက်ရောက်ခြင်းမှ လည်းကောင်း ခေတ္တရပ်စဲ၍ မြို့နယ် ပြည်သူ့ကောင်စီ၏ အနီးကပ်ဆုံးအစည်းအဝေးတွင် အတည်ပြုချက်ရယူခြင်း။

၁၀၉။ (က) မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ဝင်များသည် ဆိုရှယ်လစ်ဒီမိုကရေစီ ကျင့်စဉ်နှင့်အညီ စုပေါင်းဦးဆောင်မှုမူအရ တာဝန်ယူရမည်။ သို့ရာတွင် လုပ်ငန်းတာဝန်များကို ချမှတ်ထားသော လမ်းညွှန်ချက်များနှင့် အညီ အလုပ်အမှုဆောင်အဖွဲ့၏ ကိုယ်စား ထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်စေရန် အလုပ်အမှုဆောင် အဖွဲ့ဝင်များအား ယင်းတို့၏ လုပ်ငန်း ကျွမ်းကျင်မှုကို အခြေပြု၍အောက်ပါ ကဏ္ဍ တရပ်ရပ်တွင် လိုအပ်သလိုတာဝန်ခွဲဝေ ပေးအပ် နိုင်သည်—

(၁) စီးပွားရေး၊

(၂) လူမှုရေး၊

(၃) စီမံခန့်ခွဲရေးနှင့် လုံခြုံရေး၊

(ခ) မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့ဝင်များသည် မိမိအား တာဝန်ခွဲဝေပေးသည့် ကဏ္ဍနှင့်ပတ်သက်ပြီး အလုပ်အမှုဆောင်အဖွဲ့သို့ ကြိုတင် တင်ပြ၍ သဘောတူညီချက်ယူခြင်း၊ လုပ်ဆောင်ပြီးသည်များအား တင်ပြအတည်ပြုချက် ရယူခြင်းတို့ကို သတ်မှတ်သည့် အတိုင်း ဆောင်ရွက်ရမည်၊

(ဂ) အလုပ် အမှုဆောင် အဖွဲ့ဝင်များအား ကဏ္ဍအလိုက်တာဝန်ခွဲဝေ ပေးအပ်ထားသော်လည်း အလုပ်အမှုဆောင် အဖွဲ့သည် အလုပ်အမှုဆောင် အဖွဲ့ဝင် အသီးသီး၏တာဝန်များကိုပြောင်းလဲ သတ်မှတ်နိုင်သည်။

၁၀၉။ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးခေါ်ယူကျင်းပခြင်းနှင့် အစည်းအဝေးဆိုင်ရာကိစ္စ ဆောင်ရွက်ခြင်းများကို နည်းဥပဒေများဖြင့် သတ်မှတ်ပြဋ္ဌာန်းရမည်။

အခန်း (၆)

တရားသူကြီးအဖွဲ့

၁၁၀။ မြို့နယ်ပြည်သူ့ကောင်စီတွင် ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်နိုင်ရန် တရားသူကြီးအဖွဲ့ကို နည်းဥပဒေများနှင့်အညီ ပြည်သူ့ကောင်စီဝင်များဖြင့် ရွေးချယ်တင်မြှောက်ဖွဲ့စည်းရမည်။

၁၁၁။ မြို့နယ် တရားသူကြီး အဖွဲ့ဝင်တဦးသည် အလုပ်အမှုဆောင်အဖွဲ့နှင့် လုပ်ငန်းစစ်ဆေးရေး အဖွဲ့များတွင် ပါဝင်ခွင့်မရှိစေရ။ သို့ရာတွင် ရေးရာကော်မီတီများတွင် အဖွဲ့ဝင်အဖြစ်ပါဝင်ခွင့်ရှိသည်။

၁၁၂။ ပုဒ်မ ၁၁၀ အရ ရွေးချယ် တင်မြှောက်ခြင်းခံရသော တရားသူကြီးအဖွဲ့ဝင်များသည် မိမိတို့အထဲမှ ဥက္ကဋ္ဌတဦးကို နည်းဥပဒေများနှင့် အညီ ရွေးချယ်တင်မြှောက်ရမည်။

၁၁၃။ ရွေးချယ်တင်မြှောက်ခြင်းခံရသော တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌ၏အမည်ကို မြို့နယ်ပြည်သူ့ကောင်စီသို့ အလုပ်အမှုဆောင်ကျသဘာပတိက ကြေညာရမည်။

၁၁၄။ မြို့နယ်တရားသူကြီးအဖွဲ့သည် မြို့နယ်ပြည်သူ့ကောင်စီကို တာဝန်ခံရမည်။

၁၁၅။ မြို့နယ်တရားသူကြီးအဖွဲ့၏ သက်တမ်းသည်မြို့နယ် ပြည်သူ့ကောင်စီ၏ သက်တမ်းနှင့်အညီဖြစ်သည်။ မြို့နယ်တရားသူကြီးအဖွဲ့သည် မြို့နယ်ပြည်သူ့ ကောင်စီ၏ သက်တမ်းကုန်ဆုံးသည့်အခါ တရားသူကြီးအဖွဲ့အသစ် ရွေးချယ် တင်မြှောက်ပြီးသည့်အထိ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

၁၁၆။ မြို့နယ်တရားသူကြီးအဖွဲ့၏ လုပ်ငန်းတာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ရပိုင် ခွင့်များ၊ ကျင့်ဝတ်နှင့်စည်းကမ်းများသည် ပြည်သူ့တရားသူကြီးအဖွဲ့ ဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်းဖြစ်သည်။

အခန်း (၇)

လုပ်ငန်းစစ်ဆေးရေးအဖွဲ့

၁၁၇။ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ ဝန်ထမ်းအဖွဲ့အစည်းများနှင့် စစ်ဆေးရန် ဥပဒေအရ သတ်မှတ်ထားသော အခြားအဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များနှင့် လုပ်ငန်းများသည် ပြည်သူတို့အတွက် အကျိုးသက်ရောက်မှု ရှိသည် မရှိသည်ကို စစ်ဆေးနိုင်ရန် မြို့နယ်ပြည်သူ့ကောင်စီများတွင် လုပ်ငန်းစစ်ဆေးရေးအဖွဲ့ကို နည်းဥပဒေများနှင့်အညီ ပြည်သူ့ ကောင်စီဝင်များဖြင့်ရွေးချယ်တင်မြှောက်ဖွဲ့စည်းရမည်။

၁၁၈။ မြို့နယ် လုပ်ငန်းစစ်ဆေးရေး အဖွဲ့ဝင်တဦးသည် အလုပ်အမှုဆောင်အဖွဲ့၊ တရားသူကြီးအဖွဲ့နှင့် ရေးရာကော်မီတီများတွင် ပါဝင်ခွင့်မရှိစေရ။

၁၁၉။ ပုဒ်မ ၁၁၇ အရ ရွေးချယ်တင်မြှောက်ခြင်း ခံရသော မြို့နယ်လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဝင်များသည် မိမိတို့အထဲမှ ဥက္ကဋ္ဌ တဦးကို နည်းဥပဒေများနှင့်အညီ ရွေးချယ်တင်မြှောက်ရမည်။

၁၂၀။ ရွေးချယ်တင်မြှောက်ခြင်း ခံရသော လုပ်ငန်းစစ်ဆေးရေး အဖွဲ့ဥက္ကဋ္ဌ၏ အမည်ကို မြို့နယ်ပြည်သူ့ကောင်စီသို့အလုည့်ကျသဘာပတိက ကြေညာရမည်။

၁၂၁။ မြို့နယ်လုပ်ငန်းစစ်ဆေးရေးအဖွဲ့သည် မြို့နယ်ပြည်သူ့ကောင်စီကိုတာဝန်ခံရမည်။

၁၂၂။ မြို့နယ် လုပ်ငန်းစစ်ဆေးရေးအဖွဲ့၏ သက်တမ်းသည် မြို့နယ်ပြည်သူ့ကောင်စီ၏ သက်တမ်းနှင့်အညီဖြစ်သည်။ မြို့နယ်လုပ်ငန်းစစ်ဆေးရေးအဖွဲ့သည် မြို့နယ်ပြည်သူ့ကောင်စီ သက်တမ်းကုန်ဆုံးသည့်အခါ လုပ်ငန်းစစ်ဆေးရေးအဖွဲ့အသစ် ရွေးချယ် တင်မြှောက်ပြီးသည် အထိ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

၁၂၃။ မြို့နယ်လုပ်ငန်းစစ်ဆေးရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များ၊ကျင့်ဝတ်နှင့်စည်းကမ်းများသည် ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်းဖြစ်သည်။

အခန်း (၈)

ရေးရာကော်မီတီများ

၁၂၄။ မြို့နယ်ပြည်သူ့ကောင်စီတွင်လုပ်ငန်းတာဝန်များဆောင်ရွက်ရာ၌လိုအပ်သည့်အကြံဉာဏ်များကို ရေးရာအလိုက် တင်ပြနိုင်ရန် ရေးရာကော်မီတီများကို နည်းဥပဒေများနှင့်အညီ ပြည်သူ့ ကောင်စီဝင်များဖြင့် ရွေးချယ်တင်မြှောက်ဖွဲ့စည်းရမည်။

၁၂၅။ ပြည်သူ့ ကောင်စီဝင်တဦးသည် ရေးရာကော်မီတီ ခုထက်ပို၍ ပါဝင်ဆောင်ရွက်ခွင့်မရှိစေရ။

၁၂၆။ မြို့နယ် ပြည်သူ့ကောင်စီ ရေးရာကော်မီတီများကို တာဝန်ယူဦးဆောင်ရန် အတွင်းရေးမှူးတဦးစီကို နည်းဥပဒေများနှင့်အညီ ရေးရာကော်မီတီအလိုက် ရေးရာကော်မီတီဝင်များသည် မိမိတို့အထဲမှ ရွေးချယ် တင်မြှောက်ရမည်။

၁၂၇။ မြို့နယ်ပြည်သူ့ကောင်စီ ရေးရာကော်မီတီများသည် မြို့နယ်ပြည်သူ့ကောင်စီကို တာဝန်ခံရမည်။ ပြည်သူ့ကောင်စီ အစည်းအဝေး ကျင်းပသည့်ကာလမဟုတ်လျှင် အလုပ်အမှုဆောင်အဖွဲ့ကို တာဝန်ခံရမည်။

၁၂၈။ မြို့နယ်ပြည်သူ့ကောင်စီ ရေးရာကော်မီတီများ၏ သက်တမ်းသည်မြို့နယ် ပြည်သူ့ကောင်စီ၏ သက်တမ်းနှင့်အညီဖြစ်သည်။

၁၂၉။ မြို့နယ်ပြည်သူ့ကောင်စီ ရေးရာကော်မီတီများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) မြို့နယ်ပြည်သူ့ကောင်စီက ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ မြို့နယ် ပြည်သူ့ကောင်စီမှ လမ်းညွှန်နိုင်ရန်နှင့် လိုအပ်သော ဆုံးဖြတ်ချက်များ၊ ညွှန်ကြားချက်များ၊ အမိန့်များ ထုတ်ပြန်နိုင်ရန်ရေးရာအလိုက်အကြံဉာဏ်များပေးခြင်း၊

(ခ) ရေးရာအလိုက် သက်ဆိုင်ရာဒေသရှိ ပြည်သူများ၊ လူထုလူတန်းစား အဖွဲ့အစည်းများ၊ ဝန်ထမ်း အဖွဲ့အစည်းများနှင့် တွေ့ဆုံညှိနှိုင်းခြင်း၊ ရရှိသော အကြံဉာဏ်များ၊ တင်ပြချက်များ၊ အဆိုပြုချက်များကို စိစစ်သုံးသပ်၍ အလုပ် အမှုဆောင်အဖွဲ့နှင့် မြို့နယ်ပြည်သူ့ကောင်စီသို့ တင်ပြခြင်း၊

(ဂ) ရေးရာအလိုက် မြို့နယ် ပြည်သူ့ကောင်စီက ချမှတ်ထားသော ဆုံးဖြတ်ချက်များ၊ညွှန်ကြားချက်များ၊ အမိန့်များကို ဒေသရှိ ပြည်သူများနှင့် ဝန်ထမ်းအဖွဲ့အစည်းများက လိုက်နာကျင့်သုံး အကောင်အထည်ဖော်ခြင်း ရှိ မရှိကို လေ့လာခြင်း၊ သုံးသပ်ခြင်းနှင့်တင်ပြခြင်း၊

(ဃ) မြို့နယ်ပြည်သူ့ကောင်စီက ချမှတ်ထားသော စီမံကိန်းများ၊ လုပ်ငန်းများနှင့် ဆုံးဖြတ်ချက်များကို ဒေသရှိပြည်သူများ၊ လူထုလူတန်းစား အဖွဲ့အစည်းများနှင့် ဝန်ထမ်းအဖွဲ့အစည်းများက အကောင်အထည်ဖော်ရာတွင် တွေ့ရှိရသော အခက်အခဲများ ပြဿနာများကို ဆွေးနွေးလေ့လာ၍ ယင်းအခက်အခဲများ၊ ပြဿနာများကို ကျော်လွှားဖြေရှင်းနိုင်မည့်နည်းလမ်းများကို မြို့နယ် ပြည်သူ့ကောင်စီသို့ တင်ပြခြင်း၊

(င) မြို့နယ်ပြည်သူ့ကောင်စီက အကောင်အထည်ဖော် ဆောင်ရွက်ရမည့်လုပ်ငန်းများ မည်သို့ဆောင်ရွက်သင့်သည်ကို ရေးရာ

အလိုက် ဆွေးနွေးလေ့လာ၍ မြို့နယ် ပြည်သူ့ကောင်စီသို့ တင်ပြခြင်း၊

(စ) အလုပ်အမှုဆောင်အဖွဲ့နှင့် ထိတွေ့ညှိနှိုင်းခြင်း၊ ဆွေးနွေးခြင်း၊ အထောက်အကူပြုခြင်း၊

(ဆ) ဒေသခံပြည်သူများ၏ စီးပွားရေး၊လူမှုရေးနှင့် ယဉ်ကျေးမှု အဆင့်အတန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေးရာအလိုက် မြို့နယ်ပြည်သူ့ကောင်စီအား လိုအပ်သလို အထောက်အကူပြုခြင်း၊

(ဇ) ရေးရာအလိုက် ဒေသအတွင်းရှိရုံးများ၊ လုပ်ငန်းဌာနများ၊ အဖွဲ့အစည်းများ စသည်တို့ကို အလုပ်အမှုဆောင် အဖွဲ့၏ ခွင့်ပြုချက်အရသွားရောက်လေ့လာခြင်း၊သက်ဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ဆွေးနွေး မေးမြန်းခြင်း၊ ထိုသို့ဆွေးနွေး လေ့လာ၍ ရရှိသည့် သုံးသပ်စိစစ်ချက်များကို မြို့နယ် ပြည်သူ့ ကောင်စီသို့ အစီရင်ခံခြင်း၊

(ဈ) ရေးရာအလိုက် ဆောင်ရွက်သင့်သည့် ကိစ္စရပ်များကိုမြို့နယ် ပြည်သူ့ကောင်စီအစည်းအဝေး၌ တင်ပြခွင့်ရှိခြင်း။

၁၃၀။ မြို့နယ်ပြည်သူ့ကောင်စီရေးရာကော်မီတီအလိုက် လုပ်ငန်းတာဝန်များ အစည်းအဝေးကျင်းပခြင်းများကို နည်းဥပဒေများဖြင့် သတ်မှတ်ပြဋ္ဌာန်းရမည်

အပိုင်း ၄

ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီများ

အခန်း (၁)

ဖွဲ့စည်းပုံ

၃၁။ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီတရပ်ကို ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအရ သတ်မှတ်သည့်ကောင်စီဝင်ဦးရေဖြင့် ဖွဲ့စည်းရမည်။

၃၂။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီတွင် အောက်ပါအဖွဲ့အစည်းများကို ဖွဲ့စည်းရမည်—

(က) သဘာပတိအဖွဲ့၊

(ခ) အလုပ်အမှုဆောင်အဖွဲ့၊

(ဂ) တရားသူကြီးအဖွဲ့။

အခန်း (၂)

တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၃၃။ ရပ်ကွက်နှင့် ကျေးရွာ အုပ်စုအတွင်း သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများနှင့်အညီ စီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် —

(က) လွှတ်တော်နှင့် နိုင်ငံတော်ကောင်စီတို့က သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီနှင့် မြို့နယ်ပြည်သူ့ကောင်စီတို့မှတဆင့် ချမှတ်ပေးသောစီးပွားရေးဆိုင်ရာ မူဝါဒများ၊ လမ်းညွှန်ချက်များ၊ စီမံကိန်းများနှင့် အညီ လုပ်ငန်းများကိုအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) နိုင်ငံတော်၏ စီးပွားရေးစီမံကိန်းဘောင်အတွင်း ရပ်ကွက်နှင့် ကျေးရွာအုပ်စု စီးပွားရေးစီမံကိန်းများ ရေးဆွဲတင်ပြခြင်း၊

(ဂ) အတည်ပြု ပြဋ္ဌာန်းပြီးသည့် ရပ်ကွက်နှင့် ကျေးရွာအုပ်စု စီးပွားရေးစီမံကိန်းများကို ပြည်သူပိုင်၊ သမဝါယမပိုင်အဖွဲ့

အစည်းများ၊ ပုဂ္ဂလိကပိုင်လုပ်ငန်းများနှင့် ညှိနှိုင်း၍ကြီးကြပ် အကောင်အထည်ဖော်ခြင်း၊

(ဃ) ရသုံးခန့်မှန်းခြေ ငွေစာရင်းဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ရသုံး ခန့်မှန်းခြေငွေစာရင်းများ ရေးဆွဲတင်ပြခြင်း၊

(င) အခွန်အကောက်ဆိုင်ရာ ဥပဒေများအရ သတ်မှတ်ထားသည့် အခွန်အကောက်အမျိုးအစား၊ အခွန်အကောက် နှုန်းထားများနှင့်စပ်လျဉ်း၍ ပြုပြင်ပြောင်းလဲ သတ်မှတ်ရန်၊ အသစ်သတ်မှတ်ရန်၊ ပယ်ဖျက်ရန် ကိစ္စရပ်များကို စိစစ်အကြံပေးတင်ပြခြင်း၊

(စ) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီများက မိမိတို့ရပ်ကွက်နှင့် ကျေးရွာအုပ်စုတွင် သမဝါယမ ကဏ္ဍ၌အကောင်အထည်ဖော်ရန် သင့်လျော်သည်ဟု ယူဆသည့် စီးပွားရေးလုပ်ငန်းများကို သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ ကောင်စီ၏ သဘောတူညီချက်ရယူ၍ ယင်း လုပ်ငန်းများ၊ စီမံကိန်းများကိုအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဆ) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီများက မိမိတို့ရပ်ကွက်နှင့်ကျေးရွာအုပ်စုတွင် ပြည်သူပိုင်ကဏ္ဍ၌အကောင်အထည်ဖော်ရန် သင့်လျော်သည်ဟု ယူဆသည့်စီးပွားရေးလုပ်ငန်းများကို အကြံပြုတင်ပြခြင်း၊

(ဇ) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီများက တိုက်ရိုက် အကောင်အထည်ဖော် စီမံခန့်ခွဲရန် သင့်လျော်သည်ဟုဆုံးဖြတ်သည့် စီးပွားရေး လုပ်ငန်းများကို ရပ်ကွက်နှင့်ကျေးရွာအုပ်စု၏ စီးပွားရေးစီမံကိန်းတွင် ထည့်သွင်းရေးနှင့် သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီ၏ သဘောတူညီချက်အရ ယင်းလုပ်ငန်းများ၊ စီမံကိန်းများကို ကြီးကြပ် အကောင်အထည်ဖော်ခြင်း၊

(ဈ) ပုဂ္ဂလိက စီးပွားရေး လုပ်ငန်းများနှင့် ပတ်သက်၍ ဝန်ကြီးအဖွဲ့က အခါအားလျော်စွာ ခွဲဝေအပ်နှင်းသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကြီးကြပ်ကွပ်ကဲ၍ အကောင်အထည်ဖော်ခြင်း၊

(ည) စက်မှုလက်မှု၊ လယ်ယာကုန်ထုတ်လုပ်မှု၊ သယ်ယူပို့ဆောင်ရေး၊ မွေးမြူရေး၊ ကုန်စည်ဝယ်ယူ ဖြန့်ဖြူးရေးစသည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် သမဝါယမ အဖွဲ့အစည်းများ၏ စီမံကိန်းများကို မိမိတို့ရပ်ကွက်နှင့် ကျေးရွာအုပ်စုအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဋ) နိုင်ငံတော်၏ မြေယာမူဝါဒနှင့် အညီ လယ်ယာမြေ စီမံခန့်ခွဲရေး၊ စီမံကိန်းသီးနှံများစိုက်ပျိုးရေး၊ မြေလွတ်မြေရိုင်းများ ဖော်ထုတ်ရေး၊ စားကျက်မြေများ သက်မှတ်ထိန်းသိမ်း စောင့်ရှောက်ရေးစသည့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဌ) နိုင်ငံတော်၏ စီးပွားရေးစီမံကိန်း အရ ထွက်ကုန်များကို သတ်မှတ် ညွှန်ကြားချက်များနှင့်အညီ သက်ဆိုင်ရာများသို့ မှန်ကန်စွာနှင့် အချိန်မီ ရောင်းချစေရန် စည်းရုံးဆောင်ရွက်ခြင်း၊

(ဍ) ဘေးသုံးသူများလိုအပ်သည့် ကုန်ပစ္စည်းများ ဝယ်ယူဖြန့်ဖြူးရောင်းချခြင်းကို ကြီးကြပ်လမ်းညွှန်ခြင်း၊

(ဎ) သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်း ကာကွယ် စောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုး တိုးတက်စေရေးအတွက် စီမံဆောင်ရွက်ခြင်း၊

(ဏ) ပြည်သူ့အကျိုးပြု လုပ်ငန်းများ၊ စီးပွားရေးစီမံကိန်းများကို အကောင်အထည်ဖော်ရာ၌ လုပ်သားပြည်သူများ နီးကြားတက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ပြည်သူများနှင့် နီးကပ်စွာထိတွေ့ ဦးဆောင်မှုပေးခြင်း၊ နှိုးဆော်စည်းရုံးခြင်း၊

(တ) လူဦးရေ စာရင်း၊ ဆန္ဒမဲ ပေးပိုင်ခွင့် ရှိသူများ စာရင်း၊ မွေးစာရင်း၊ သေစာရင်း၊ ကျွဲနွားစာရင်း၊ စက်ယန္တရား စာရင်း၊ အဆောက်အဦများစာရင်း စသည်တို့ကို စုစည်း ပြုစုထိန်းသိမ်းထားရှိခြင်းနှင့် ယင်းစာရင်းများကို မြို့နယ် ပြည်သူ့ကောင်စီများသို့ လိုအပ်သည့်အခါ ပေးပို့ခြင်း။

၁၃၄။ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအတွင်း သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများနှင့်အညီ လူမှုရေးလုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ ရပ်ကွက်နှင့်ကျေးရွာအုပ်စုပြည်သူ့ကောင်စီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာအောက်ပါအတိုင်းဖြစ်သည်—

(က) လွှတ်တော်နှင့် နိုင်ငံတော်ကောင်စီတို့က သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီနှင့် မြို့နယ်ပြည်သူ့ကောင်စီတို့မှတဆင့် ချမှတ်ပေးသော လူမှုရေးဆိုင်ရာ မူဝါဒများ၊ လမ်းညွှန်ချက်များနှင့် အညီ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) ပညာရေးဗဟုသုတဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများကို လမ်းညွှန်မှုများနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဂ) အားကစားနှင့် ကာယပညာလုပ်ငန်းနှင့် အခြားကျန်းမာရေးဆိုင်ရာ လုပ်ငန်းများကို လမ်းညွှန်မှုများနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဃ) ကူးစက်တတ်သော ရောဂါဘေးများနှင့် ရာသီအလိုက် ဖြစ်ပေါ်တတ်သော ရောဂါဘေးများမှ ကြိုတင်ကာကွယ်ရေးနှင့် တားဆီးရေးအတွက် စည်းရုံးဆောင်ရွက်ခြင်း၊

(င) လူမှုဝန်ထမ်းဆိုင်ရာ လုပ်ငန်းများကို လမ်းညွှန်မှုများနှင့်အညီ ဆောင်ရွက်ခြင်း၊

(စ) ဒေသအတွင်းရှိ လုပ်သားပြည်သူများ၏ ရပိုင်ခွင့်များကို ကာကွယ် စောင့်ရှောက်ပေးရေးနှင့် လုပ်သားပြည်သူများ

ကလည်း တာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင် ကြစေရန် စည်းရုံးလှုံ့ဆော်ခြင်း၊

(ဆ) လူငယ်များ၏ ကာယ၊ ဉာဏ၊ စာရိတ္တဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ပြုစုပျိုးထောင်ပေးခြင်း၊

(ဇ) တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှု စဉ်ဆက်မပြတ် တိုးတက်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ခြင်း၊

(ဈ) ရှေးဟောင်း အဆောက်အဦနှင့် ရှေးဟောင်း ပစ္စည်းများ ထိန်းသိမ်း စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းများ ကြီးကြပ် ဆောင်ရွက်ခြင်း၊

(ည) လေဘေး၊ ရေဘေး၊ မီးဘေးစသည့် သဘာဝဘေးအန္တရာယ် များကို ကာကွယ်ရေးနှင့် တားဆီးရေးအတွက် စည်းရုံး ဆောင်ရွက်ခြင်းနှင့် ယင်းအန္တရာယ်များ ပေါ်ပေါက်ပါက ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း။

၁၃၅။ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအတွင်း သက်ဆိုင်ရာဥပဒေများ၊ နည်း ဥပဒေများနှင့် အညီ စီမံခန့်ခွဲရေးနှင့်လုံခြုံရေးလုပ်ငန်းများကို အကောင်အထည် ဖော် ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ ကောင်စီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်—

(က) လွှတ်တော်နှင့် နိုင်ငံတော်ကောင်စီတို့က သက်ဆိုင်ရာ ပြည် နယ်နှင့် တိုင်းပြည်သူ့ကောင်စီနှင့် မြို့နယ်ပြည်သူ့ကောင်စီ တို့မှတဆင့် ချမှတ်ပေးသော စီမံခန့်ခွဲရေးနှင့် လုံခြုံရေး ဆိုင်ရာမူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ လုပ်ငန်း များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ခ) ဒေသဆိုင်ရာလုံခြုံရေး၊ ကာကွယ်ရေး၊ တရားဥပဒေ စိုးမိုး ရေးနှင့် စည်းကမ်းသေဝပ်တည်ငြိမ်ရေးတို့ကို တာဝန်ယူ ဆောင်ရွက်ခြင်း၊

(ဂ) ပြည်သူ့စစ်အဖွဲ့အစည်းများနှင့်ပတ်သက်၍ မူဝါဒနှင့်ညွှန်ကြား ချက်များနှင့် အညီ ဆောင်ရွက်ခြင်း၊

(ဿ) လုံခြုံရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အန္တရာယ်ပြုမည့် အဖွဲ့အစည်းများ၊ အဖျက်လုပ်ငန်းများ၊ လှုပ်ရှားမှုများကို ကာကွယ်တားဆီးရေးနှင့် ဖော်ထုတ်ရေးဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(င) ပြစ်မှုဆိုင်ရာမှုခင်းများနှင့် ဒုစရိုက်လုပ်ငန်းများကို ကြိုတင်ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေးနှင့် လျှော့နည်း ကျဆင်းရေးဆိုင်ရာ လုပ်ငန်းများကိုဆောင်ရွက်ခြင်း၊

(စ) ပြည်သူပိုင်ပစ္စည်းများ၊ သမဝါယမပိုင် ပစ္စည်းများနှင့် အများပိုင် ပစ္စည်းများကို ကာကွယ် စောင့်ရှောက်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဆ) ရပ်ကွက်နှင့် ကျေးရွာအုပ်စုအတွင်း လာရောက်တည်းခိုသူများနှင့်ပတ်သက်၍ ဧည့်စာရင်း ထိန်းသိမ်းထားရှိခြင်း၊

(ဇ) နိုင်ငံခြားသားများ သွားလာ လှုပ်ရှားမှုနှင့် နိုင်ငံခြားသားမှတ်ပုံတင်ရေးနှင့် မှတ်ပုံတင်အသစ် လဲလှယ်မှု လုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဈ) နိုင်ငံတော် နယ်နိမိတ်ကျောက်တိုင်များ၊ နယ်ခြားအထိမ်းအမှတ်များရှိလျှင် ယင်းတို့နှင့်ပတ်သက်၍ ပျက်စီးယိုယွင်းပျောက်ပျက်မှု ရှိမရှိကို စဉ်ဆက်မပြတ် ကြည့်ရှုစစ်ဆေးရေးနှင့် ပျက်စီးယိုယွင်း ပျောက်ဆုံးမှုများ တွေ့ရှိပါကမြို့နယ် ပြည်သူ့ကောင်စီသို့ ချက်ချင်းအစီရင်ခံစေခြင်း၊

(ည) ကျေးရွာများ၊ ကျေးရွာအုပ်စုများ၊ ရပ်ကွက်များ ဖွဲ့စည်းခြင်း၊ ပြင်ဆင်ခြင်း၊ ပြောင်းရွှေ့ခြင်းများနှင့် ပတ်သက်၍ စီစစ်အကြံပေးတင်ပြခြင်း၊

(ဋ) ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ မြို့ပြစည်ပင်သာယာရေး၊ နေရာချထားရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဌ) ကျေးရွာနှင့် မြို့ပြ စီမံကိန်းများနှင့်အညီ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဍ) လူနေအိမ်နှင့် အခြားအဆောက်အဦများ ဆောက်လုပ်ခွင့်ပြုရန် တင်ပြချက်များနှင့် ပတ်သက်၍ ဥပဒေဘောင်အတွင်း ဆောင်ရွက်ခြင်း၊

(ဎ) ပြည်တွင်းအခွန်အကောက်များ၊ အခကြေးငွေများ၊ ချေးငွေများကောက်ခံရေးဆိုင်ရာ လုပ်ငန်းများတို့ကူညီ ဆောင်ရွက်ခြင်း၊

(ဏ) စီးပွားရေး၊ လူမှုရေး၊ စီမံခန့်ခွဲရေး၊ လုံခြုံရေးကိစ္စများနှင့် သက်ဆိုင်သော စာရင်းဇယားများ ကောက်ယူပြုစု ထိန်းသိမ်းထားရှိခြင်း၊

(တ) စီးပွားရေး၊ လူမှုရေး၊ စီမံခန့်ခွဲရေး၊ လုံခြုံရေးဆိုင်ရာ အခြေအနေများနှင့်ပတ်သက်၍ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အဆင့်ရှိဝန်ထမ်း အဖွဲ့အစည်းများမှ တာဝန်ရှိသူများအား ခေါ်ယူမေးမြန်းခြင်းနှင့် လိုအပ်သည့်အကူအညီများပေးခြင်း၊

(ထ) ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် ဝန်ထမ်းအဖွဲ့အစည်းများကို လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဒ) ကျေးရွာနှင့် ရပ်ကွက်ဆိုင်ရာ ဝန်ထမ်းရေးရာကိစ္စများကို ဥပဒေဘောင်အတွင်း ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဓ) တရားစီရင်ရေးအဖွဲ့များ လုံလောက်စွာ ဖွဲ့စည်းနိုင်ရေးအတွက် ကူညီဆောင်ရွက်ခြင်း၊

(န) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီများက ဖြေရှင်း၍မရသောကိစ္စများ၊ ပြဿနာများနှင့် အခက်အခဲများကို မြို့နယ်ပြည်သူ့ကောင်စီသို့ တင်ပြခြင်း၊

(ပ) ဒေသဆိုင်ရာ အရေးကြီးသည့် ကိစ္စရပ်များနှင့် ပြည်သူ့အကျိုးပြု အကြံပေးချက်များကို မြို့နယ်ပြည်သူ့ကောင်စီသို့ တင်ပြခြင်း။

အခန်း (၃)

အစည်းအဝေးများ

၁၃၆။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီများ၏ ပုံမှန်အစည်းအဝေးကို တနှစ်လျှင် ၄ ကြိမ်မပျက်မကွက် ခေါ်ယူကျင်းပရမည်။ ပုံမှန်အစည်းအဝေး တကြိမ်နှင့်တကြိမ်အကြား အရှည်ကြာဆုံးကာလသည် ၄ လ ထက်မပိုစေရ။

၁၃၇။ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အစည်းအဝေးများခေါ်ယူကျင်းပခြင်းနှင့် အစည်းအဝေးဆိုင်ရာကိစ္စ ဆောင်ရွက်ခြင်းများကို နည်းဥပဒေများဖြင့် သတ်မှတ်ပြဋ္ဌာန်းရမည်။

အခန်း (၄)

သဘာပတိအဖွဲ့

၁၃၇။ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ၏ ပုံမှန်အစည်းအဝေး ကျင်းပသည့်အခါတိုင်း အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲရန် သဘာပတိအဖွဲ့ ကိုနည်းဥပဒေများနှင့်အညီ ပြည်သူ့ကောင်စီဝင်များဖြင့် ရွေးချယ်တင်မြှောက် ဖွဲ့စည်းရမည်။

၁၃၉။ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ သဘာပတိ အဖွဲ့ဝင်တဦး သည် အလုပ်အမှုဆောင်အဖွဲ့ သို့မဟုတ် တရားသူကြီးအဖွဲ့တရပ်ရပ်သို့ ရွေးချယ် တင်မြှောက်ခြင်းခံရလျှင် သဘာပတိ အဖွဲ့ဝင်အဖြစ်မှနုတ်ထွက်ရမည်။

၁၄၀။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ သဘာပတိအဖွဲ့၏ သက်တမ်းသည် နောက်တကြိမ်ကျင်းပသည့် ပုံမှန်အစည်းအဝေးက သဘာပတိ အဖွဲ့အသစ်ကို ရွေးချယ်တင်မြှောက်ပြီးသည်အထိ ဖြစ်သည်။

၁၄၁။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ သဘာပတိအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အစည်းအဝေး များတွင် အစီအစဉ်ရေးဆွဲခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အစည်းအဝေး များတွင် ဆောင်ရွက်ချက်များသည်အခြေခံဥပဒေနှင့် လည်း ကောင်း၊ ဤဥပဒေ၊ နည်းဥပဒေများနှင့် လည်းကောင်း ကိုက်ညီခြင်းရှိစေရန်ညှိနှိုင်း၍ ကြပ်မလပ်းညွှန်ခြင်း၊

(ဂ) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အစည်းအဝေး များတွင် ဆုံးဖြတ်ဖြေရှင်းရန်ကိစ္စရပ်များ ပေါ်ပေါက်ပါက ညှိနှိုင်းဆုံးဖြတ်ဖြေရှင်းပေးခြင်း၊

(ဃ) သဘာပတိအဖွဲ့ဝင်များသည် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည် သူ့ကောင်စီ အစည်းအဝေးများတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိခြင်း၊

(င) အစည်းအဝေး ခေါ်ယူကျင်းပပေးရန် ရပ်ကွက်နှင့်ကျေးရွာ အုပ်စု ပြည်သူ့ကောင်စီဝင်အားလုံး၏ သုံးဆယ့်လေးရာခိုင်နှုန်း က တောင်းဆိုသော်လည်း အလုပ်အမှုဆောင်အဖွဲ့က ရက် ပေါင်း သုံးဆယ်အတွင်း ခေါ်ယူကျင်းပပေးရန် ပျက်ကွက်ခဲ့ လျှင် အမြန်ဆုံး အစည်းအဝေးခေါ်ယူကျင်းပပေးခြင်း၊

(စ) ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အစည်းအဝေး ကျင်းပချိန်တွင် ပြည်သူ့ကောင်စီဝင် တဦးဦးအား ဖမ်းဆီးရန် လိုအပ်ပါက ခိုင်လုံသော အထောက်အထားများတင်ပြစေပြီး ညှိနှိုင်း၍ အဆုံးအဖြတ်ပေးခြင်း။

၁၄၂။ သဘာပတိအဖွဲ့ဝင်များသည် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ ကောင်စီ အစည်းအဝေးကျင်းပသည့်နေ့များတွင် မိမိ၏အမည်အက္ခရာစဉ်အလိုက် အလှည့်ကျသဘာပတိအဖြစ် တာဝန်ယူဆောင်ရွက်ရမည်။

၁၄၃။ အလှည့်ကျ သဘာပတိသည် ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူ့ ကောင်စီအစည်းအဝေးများကို ကြီးကြပ်ကွပ်ကဲရမည်။

၁၄၄။ အလှည့်ကျသဘာပတိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို နည်းဥပဒေ များဖြင့် သတ်မှတ်ပြဋ္ဌာန်းရမည်။

အခန်း (၂)

အလုပ်အမှုဆောင်အဖွဲ့

၁၄၅။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူကောင်စီတွင် ဆုံးဖြတ်ချမှတ်သည့် လုပ်ငန်းကိစ္စအဝဝကို တာဝန်ယူဆောင်ရွက်ရန် အလုပ်အမှုဆောင်အဖွဲ့ကို နည်းဥပဒေများနှင့်အညီ ပြည်သူကောင်စီဝင်များဖြင့် ရွေးချယ်တင်မြှောက်ဖွဲ့စည်းရမည်။

၁၄၆။ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူကောင်စီ အလုပ်အမှုဆောင် အဖွဲ့ဝင်တဦးသည် တရားသူကြီးအဖွဲ့တွင် ပါဝင်ခွင့်မရှိစေရ။

၁၄၇။ ပုဒ်မ ၁၄၅ အရ ရွေးချယ်တင်မြှောက်ခြင်း ခံရသော အလုပ်အမှုဆောင်အဖွဲ့ဝင်များသည် မိမိတို့အထဲမှ ဥက္ကဋ္ဌတဦးနှင့် အတွင်းရေးမှူးတဦးကို နည်းဥပဒေများနှင့်အညီ ရွေးချယ်တင်မြှောက်ရမည်။

၁၄၈။ ရွေးချယ် တင်မြှောက်ခြင်းခံရသော ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး တို့၏ အမည်စာရင်းကို ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူကောင်စီသို့ အလျှင်းကျ သဘာပတိက ကြေညာရမည်။

၁၄၉။ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့သည် သက်ဆိုင်ရာ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ဖြစ်ကြသည်။

၁၅၀။ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ ဥက္ကဋ္ဌသည်သက်ဆိုင်ရာ ရပ်ကွက်နှင့်ကျေးရွာအုပ်စု၏ ဥက္ကဋ္ဌလည်းဖြစ်သည်။

၁၅၁။ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို နည်းဥပဒေများဖြင့် သတ်မှတ်ပြဋ္ဌာန်းရမည်။

၁၅၂။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီကို တာဝန်ခံရမည်။

၁၅၃။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ သက်တမ်းသည် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ၏သက်တမ်းနှင့် အညီဖြစ်သည်။ အလုပ်အမှုဆောင်အဖွဲ့သည် ပြည်သူ့ကောင်စီသက်တမ်းကုန်ဆုံးသည့်အခါ အလုပ်အမှုဆောင်အဖွဲ့အသစ် ရွေးချယ်တင်မြှောက် ဖွဲ့စည်းပြီးသည်အထိ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

၁၅၄။ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) လွှတ်တော်၊ နိုင်ငံတော်ကောင်စီနှင့် ဗဟိုအာဏာပိုင် အဖွဲ့အစည်းများ၏ လမ်းညွှန်ချက်များကိုခံယူ၍ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီက ဆုံးဖြတ်သည့် လုပ်ငန်းများကို စုပေါင်း ဦးဆောင်မှုစနစ်အရ အဖွဲ့အလိုက် လုပ်ဆောင်ခြင်း၊

(ခ) ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အစည်းအဝေးကို သဘာပတိအဖွဲ့နှင့် ညှိနှိုင်း၍ ခေါ်ယူကျင်းပခြင်း၊

(ဂ) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ၏ ဆုံးဖြတ်ချက်များ၊ အမိန့်များနှင့် ညွှန်ကြားချက်များကို ထုတ်ပြန်ခြင်းနှင့် အကောင်အထည်ဖော်ခြင်း၊

(ဃ) မြို့နယ် ပြည်သူ့ကောင်စီနှင့် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီက လမ်းညွှန် ချမှတ်သည့် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(င) မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့နှင့် ဆက်သွယ်ခြင်း၊ ညှိနှိုင်းခြင်း၊

(စ) ရပ်ကွက်နှင့် ကျေးရွာအုပ်စု အဆင့်ရှိ ဒေသဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းများကို လမ်းညွှန်ခြင်း၊ တာဝန်ယူ ကြီးကြပ်ကွပ်ကဲခြင်း၊ ညှိနှိုင်းပေးခြင်း၊ ဝန်ထမ်းရေးရာကိစ္စများကို ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဆ) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အစည်းအဝေး တခုနှင့်တခုအကြား မိမိတို့၏ဆောင်ရွက်ချက်များကို ပြည်သူ့ကောင်စီသို့ အစီရင်ခံတင်ပြခြင်း၊

(ဇ) ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီဝင်တဦးဦးအား နိုင်ငံတော်ကို သစ္စာဖောက်မှုဖြင့် အရေးယူရန် အကြောင်းပေါ်ပေါက်လျှင် ယင်းပုဂ္ဂိုလ်အား တာဝန်မှလည်းကောင်း၊ ပြည်သူ့ကောင်စီ အစည်းအဝေး တက်ရောက်ခြင်းမှ လည်းကောင်း ခေတ္တရပ်စဲ၍ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ၏ အနီးကပ်ဆုံးအစည်းအဝေးတွင် အတည်ပြုချက်ရယူခြင်း၊

(ဈ) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီများတွင် ပြည်သူ့ကောင်စီဝင်များ စိစစ်ရေးကော်မီတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ကျင့်သုံးခြင်း။

၁၅၅။ (က) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အလုပ် အမှုဆောင်အဖွဲ့ဝင်များသည် ဆိုရှယ်လစ် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ စုပေါင်းဦးဆောင်မှု မူအရ တာဝန်ယူရမည်။ သို့ရာတွင် လုပ်ငန်းများကို ချမှတ်ထားသော လမ်းညွှန်ချက်များနှင့်အညီ အလုပ်အမှုဆောင်အဖွဲ့၏ ကိုယ်စားထိရောက်အောင်မြင်

စွာ ဆောင်ရွက်နိုင်စေရန်အလုပ်အမှုဆောင်အဖွဲ့ဝင်များအား ယင်းတို့၏လုပ်ငန်းကျွမ်းကျင်မှုကိုအခြေပြု၍ အောက်ပါကဏ္ဍ တရပ်ရပ်တွင်လိုအပ်သလို တာဝန်ခွဲဝေ ပေးအပ်နိုင်သည်—

(၁) စီးပွားရေး၊

(၂) လူမှုရေး၊

(၃) စီမံခန့်ခွဲရေးနှင့် လုံခြုံရေး၊

(ခ) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူကောင်စီ အလုပ်အမှုဆောင်အဖွဲ့ဝင်များသည် မိမိအားတာဝန်ခွဲဝေပေးသည့် ကဏ္ဍနှင့်ပတ်သက်ပြီး အလုပ်အမှုဆောင်အဖွဲ့သို့ ကြိုတင် တင်ပြ၍ သဘောတူညီချက်ယူခြင်း၊ဆောင်ရွက်ပြီးသည့် လုပ်ငန်းများ တင်ပြ အတည်ပြုချက်ရယူခြင်းတို့ကို သတ်မှတ်သည့်အတိုင်း ဆောင်ရွက်ရမည်၊

(ဂ) အလုပ်အမှုဆောင်အဖွဲ့ဝင်များအား ကဏ္ဍအလိုက် တာဝန်ခွဲဝေ ပေးအပ်ထားသော်လည်း အလုပ်အမှုဆောင်အဖွဲ့သည် အလုပ်အမှုဆောင် အဖွဲ့ဝင်အသီးသီး၏ တာဝန်များကို ပြောင်းလဲ သတ်မှတ်နိုင်သည်။

၁၅၆။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူကောင်စီ အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးခေါ်ယူကျင်းပခြင်းနှင့် အစည်းအဝေးဆိုင်ရာကိစ္စ ဆောင်ရွက်ခြင်းများကို နည်းဥပဒေများဖြင့် သတ်မှတ်ပြဋ္ဌာန်းရမည်။

အခန်း (၆)

တရားသူကြီးအဖွဲ့

၁၅၇။ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီတွင် ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်နိုင်ရန် တရားသူကြီးအဖွဲ့ကို နည်းဥပဒေများနှင့်အညီ ပြည်သူ့ကောင်စီဝင်များဖြင့် ရွေးချယ်တင်မြှောက်ဖွဲ့စည်းရမည်။

၁၅၈။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့ဝင်တဦးသည် အလုပ်အမှုဆောင်အဖွဲ့တွင် ပါဝင်ခွင့်မရှိစေရ။

၁၅၉။ ပုဒ်မ ၁၅၇ အရ ရွေးချယ်တင်မြှောက်ခြင်းခံရသော တရားသူကြီးအဖွဲ့ဝင်များသည် မိမိတို့အထဲမှ ဥက္ကဋ္ဌတဦးကို နည်းဥပဒေများနှင့်အညီ ရွေးချယ်တင်မြှောက်ရမည်။

၁၆၀။ ရွေးချယ် တင်မြှောက်ခြင်းခံရသော တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌ၏ အမည်ကို ရပ်ကွက်နှင့် ကျေးရွာအုပ်စုပြည်သူ့ကောင်စီသို့ အလျဉ်းသင့်ကျသဘာပတိက ကြေညာရမည်။

၁၆၁။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့သည် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီကို တာဝန်ခံရမည်။

၁၆၂။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားသူကြီး အဖွဲ့၏ သက်တမ်းသည် ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ၏ သက်တမ်းနှင့်အညီ ဖြစ်သည်။ ရပ်ကွက်နှင့်ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့သည် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ သက်တမ်းကုန်ဆုံးသည့်အခါ တရားသူကြီးအဖွဲ့ အသစ် ရွေးချယ်တင်မြှောက်ပြီးသည်အထိ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

၁၆၃။ ရပ်ကွက်နှင့်ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့၏ လုပ်ငန်းတာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များ၊ ကျင့်ဝတ်နှင့် စည်းကမ်းများသည် ပြည်သူ့ တရားသူကြီးအဖွဲ့ ဥပဒေတွင် ပြဋ္ဌာန်းသည့်အတိုင်းဖြစ်သည်။

ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ			စာမျက်နှာ
၁	နိဒါန်း	...	....	၁
၂	အခန်း (၁) အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်	....	....	၂
၃	အခန်း (၂) လွှတ်တော်ဖွဲ့စည်းပုံ	....	...	၃
၄	အခန်း (၃) သဘာပတိအဖွဲ့	....	....	၄
၅	အခန်း (၄) နိုင်ငံတော်ကောင်စီနှင့် ဗဟိုအာဏာပိုင်အဖွဲ့အစည်းများ	....	....	၇
၆	အခန်း (၅) လွှတ်တော်အဖွဲ့အစည်းများ	....	....	၉
၇	အခန်း (၆) လွှတ်တော်ကိုယ်စားလှယ်များ	....	....	၁၃
၈	အခန်း (၇) ပြည်သူ့ကောင်စီတရပ်ရပ်ကို ဖျက်သိမ်းခြင်း	....	....	၁၇
၉	အခန်း (၈) လွှတ်တော်အစည်းအဝေးများ	....	....	၁၈
၁၀	အခန်း (၉) အထွေထွေ	....	....	၂၀

ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ

[၁၉၇၄ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၉။]

နိဒါန်း

အခြေခံဥပဒေပုဒ်မ ၅၇ အရ ပြည်သူ့လွှတ်တော်နှင့် လည်းကောင်း၊ ပြည်သူ့လွှတ်တော်ရေးရာကော်မီတီများနှင့်လည်းကောင်း သက်ဆိုင်သော ဥပဒေများ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းရမည်ဖြစ်၍ ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)

အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်—

(က) **လွှတ်တော်** ဆိုသည်မှာ ပြည်သူ့လွှတ်တော်ကိုဆိုသည်၊

(ခ) **လွှတ်တော် အဖွဲ့အစည်းများ** ဆိုသည်မှာ လွှတ်တော်ရေးရာ ကော်မီတီများနှင့် လွှတ်တော်မှဖွဲ့စည်းသော ကော်မရှင်များနှင့် ကော်မီတီများကိုဆိုသည်။

အခန်း (၂)

လွှတ်တော်ဖွဲ့စည်းပုံ

၃။ အခြေခံဥပဒေနှင့် ရွေးချယ် တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေများအရ လွှတ်တော်သို့ရွေးချယ်တင်မြှောက်ခြင်းခံရသော ပြည်သူ့ကိုယ်စားလှယ်များဖြင့် လွှတ်တော်ကိုဖွဲ့စည်းသည်။

၄။ လွှတ်တော် အစည်းအဝေးသည် လွှတ်တော် ကိုယ်စားလှယ်အားလုံး၏ ခုနစ်ဆယ့်ငါးရာခိုင်နှုန်းတက်ရောက်မှသာလျှင် အထမြောက်သည်။

၅။ လွှတ်တော်၏ ပုံမှန်သက်တမ်းသည် ယင်း၏ပထမအကြိမ် အစည်းအဝေး ကျင်းပသည့်နေ့မှစ၍ ၄ နှစ်ဖြစ်သည်။ သို့ရာတွင် အခြေခံဥပဒေ ပုဒ်မ ၆၂ အရ လွှတ်တော်ကို ဖျက်သိမ်းခြင်းနှင့် အခြေခံဥပဒေ ပုဒ်မ ၇၇ အရ လွှတ်တော် သက်တမ်းကို တိုးမြှင့်ခြင်းပြုလုပ်နိုင်သည်။

အခန်း (၃)

သဘာပတိအဖွဲ့

၆။ (က) လွှတ်တော်၏ ပထမအကြိမ် အစည်းအဝေးပထမနေ့တွင် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများနှင့်အညီ လွှတ်တော် ကိုယ်စားလှယ်တဦးအား ယာယီသဘာပတိအဖြစ် တင်မြှောက်ရမည်၊

(ခ) ယာယီသဘာပတိသည် လွှတ်တော်ရှေ့မှောက်တွင် ကတိသစ္စာပြုရမည်။

၇။ ယာယီ သဘာပတိသည် သဘာပတိအဖွဲ့ကို ရွေးချယ်တင်မြှောက်ပြီးသည်အထိ လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲရမည်။

၈။ လွှတ်တော်၏ ပုံမှန်အစည်းအဝေးကျင်းပသည့်အခါတိုင်း အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲရန် သဘာပတိအဖွဲ့ကို နည်းဥပဒေများနှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များဖြင့် ရွေးချယ်တင်မြှောက်ဖွဲ့စည်းရမည်၊

၉။ သဘာပတိအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် —

(က) လွှတ်တော်အစည်းအဝေးများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) လွှတ်တော်၏ ရွေးချယ်တင်မြှောက်ပွဲများကိုကြီးကြပ်ကွပ်ကဲခြင်း၊

(ဂ) လွှတ်တော် အစည်းအဝေးများတွင် ဆောင်ရွက်ချက်များသည် အခြေခံဥပဒေနှင့်လည်းကောင်း၊ ဤဥပဒေ၊ နည်းဥပဒေများနှင့် လည်းကောင်း ကိုက်ညီခြင်းရှိစေရန် ကြပ်မလပ်းညွှန်ခြင်း၊

(ဃ) လွှတ်တော် အစည်းအဝေးများတွင်ဆုံးဖြတ်ဖြေရှင်းရန် ကိစ္စများ ပေါ်ပေါက်လာပါက ညှိနှိုင်း၍ဆုံးဖြတ်ဖြေရှင်းခြင်း၊

(င) လွှတ်တော် ကိုယ်စားလှယ်များ၏ တင်ပြဆွေးနွေးချက်များသည် ဤဥပဒေ၊ နည်းဥပဒေများ သို့မဟုတ် စည်းကမ်းချက်များကို ဖောက်ဖျက် ဆန့်ကျင်ပါက လိုအပ်သလို အရေးယူနိုင်ရန် လွှတ်တော်သို့ တင်ပြခြင်း၊

(စ) လွှတ်တော်ကိုယ်စားလှယ် တဦးအား ဖမ်းဆီးနိုင်ရန် ခွင့်ပန်သည့် အခါ လိုအပ်သောအဆုံးအဖြတ်ပေးခြင်း၊

(ဆ) အခြေခံဥပဒေ ပုဒ်မ ၅၂ အရ လွှတ်တော်အစည်းအဝေးခေါ်ယူ ကျင်းပပေးရန် တောင်းဆိုပါလျက် တောင်းဆိုသည့်နေ့မှ ရက်ပေါင်း သုံးဆယ် အတွင်း နိုင်ငံတော်ကောင်စီက အစည်းအဝေး ခေါ်ယူရန် ပျက်ကွက်ခဲ့လျှင် အစည်းအဝေးခေါ်ယူ ကျင်းပပေး ခြင်း။

၁၀။ သဘာပတိအဖွဲ့ဝင်များသည် နိုင်ငံတော်ကောင်စီ၊ ဗဟို အာဏာပိုင် အဖွဲ့အစည်း သို့မဟုတ် လွှတ်တော် ရေးရာကော်မီတီ တရပ်ရပ်သို့လည်းရွေးချယ် တင်မြှောက်ခံပိုင်ခွင့်ရှိသည်။ ရွေးချယ်တင်မြှောက်ခံရလျှင် သဘာပတိအဖွဲ့ဝင် အဖြစ်မှနုတ်ထွက်ရမည်။

၁၁။ သဘာပတိအဖွဲ့ဝင်များသည် လွှတ်တော်အစည်းအဝေးများတွင် ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသည်။

၁၂။ သဘာပတိအဖွဲ့သည် လွှတ်တော်အစည်းအဝေးများကို နေ့စဉ်ကြီးကြပ် ကွပ်ကဲရန် အလှည့်ကျသဘာပတိတဦးကို ပြည်နယ်နှင့် တိုင်းအမည် အက္ခရာစဉ် အလိုက် တာဝန်ပေးရမည်။

၁၃။ သဘာပတိအဖွဲ့နှင့်အလှည့်ကျသဘာပတိတို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို နည်းဥပဒေများဖြင့် ပြဋ္ဌာန်းရမည်။

၁၄။ သဘာပတိအဖွဲ့သည် နောက်တကြိမ် လွှတ်တော် ပုံမှန်အစည်းအဝေးကျင်းပ၍ သဘာပတိအဖွဲ့အသစ် ရွေးချယ်တင်မြှောက်ပြီးသည် အထိ တာဝန်ထမ်းဆောင်ရမည်။

အခန်း (၄)

နိုင်ငံတော်ကောင်စီနှင့် ဗဟိုအာဏာပိုင်အဖွဲ့အစည်းများ

၁၅။ လွှတ်တော်သည် နိုင်ငံတော်ကောင်စီကို လွှတ်တော်ကိုယ်စားလှယ်များ ထဲမှအောက်ပါပုဂ္ဂိုလ်များဖြင့် ရွေးချယ်တင်မြှောက်ဖွဲ့စည်းရမည်—

(က) ပြည်နယ်နှင့် တိုင်း တခုစီ၏ လွှတ်တော် ကိုယ်စားလှယ်များက မိမိတို့အထဲမှ တဦးကျစီ ရွေးချယ်တင်မြှောက်သော ကိုယ်စား လှယ်များ၊

(ခ) ပုဒ်မခွဲ (က) အရ ရွေးချယ်တင်မြှောက်သော ကိုယ်စားလှယ် ဦးရေနှင့် ညီမျှသည့်အရေအတွက်ကို လွှတ်တော်ကိုယ်စားလှယ် များက မိမိတို့အထဲမှ ရွေးချယ်တင်မြှောက်သော ကိုယ်စားလှယ် များ၊

(ဂ) ဝန်ကြီးချုပ်။

၁၆။ လွှတ်တော်သည် ဝန်ကြီးအဖွဲ့ကို လွှတ်တော်ကိုယ်စားလှယ် အနည်းဆုံး ၁၅ ဦးမှ အများဆုံး ၂၅ ဦးဖြင့် ဖွဲ့စည်းရမည်။

၁၇။ လွှတ်တော်သည် ပြည်သူ့တရားသူကြီးအဖွဲ့ကို လွှတ်တော်ကိုယ်စားလှယ် အနည်းဆုံး ၅ ဦးမှ အများဆုံး ၉ ဦးဖြင့် ဖွဲ့စည်းရမည်။

၁၈။ လွှတ်တော်သည် ပြည်သူ့ ဥပဒေအကျိုးဆောင်အဖွဲ့ကို လွှတ်တော်ကိုယ်စားလှယ် အနည်းဆုံး ၅ ဦးမှ အများဆုံး ၉ ဦးဖြင့် ဖွဲ့စည်းရမည်။

၁၉။ လွှတ်တော်သည် ပြည်သူ့ လုပ်ငန်းစစ်ဆေးရေးအဖွဲ့ကို လွှတ်တော်ကိုယ်စားလှယ် အနည်းဆုံး ၅ ဦးမှ အများဆုံး ၉ ဦးဖြင့် ဖွဲ့စည်းရမည်။

၂၀။ ပုဒ်မ ၁၆၊ ၁၇၊ ၁၈ နှင့် ၁၉ တို့တွင် ဖော်ပြထားသည့် ကန့်သတ်ချက်များအတွင်း ဗဟိုအာဏာပိုင် အဖွဲ့အစည်းအသီးသီးတွင် လိုအပ်သည့် အဖွဲ့ဝင်ဦးရေကို အခြေခံဥပဒေပုဒ်မ ၆၄ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ ရွေးချယ်တင်မြှောက်ထားသော နိုင်ငံတော်ကောင်စီဝင်များက သတ်မှတ်ပေးရမည်။

၂၁။ (က) ပုဒ်မ ၁၅ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ ရွေးချယ်တင်မြှောက်ထားသော နိုင်ငံတော်ကောင်စီဝင်များသည် မိမိတို့အထဲမှ နိုင်ငံတော်ကောင်စီဥက္ကဋ္ဌတဦးနှင့် အတွင်းရေးမှူးတဦးကို ရွေးချယ်တင်မြှောက်၍ လွှတ်တော်၏အတည်ပြုချက်ကိုရယူရမည်၊

(ခ) ပုဒ်မ ၁၆ အရ ရွေးချယ်တင်မြှောက်ထားသော ဝန်ကြီးအဖွဲ့သည် မိမိတို့အထဲမှ ဝန်ကြီးချုပ်တဦးကို ရွေးချယ်တင်မြှောက်ရမည်၊

(ဂ) ပုဒ်မ ၁၇၊ ၁၈ နှင့် ၁၉ တို့အရ ရွေးချယ်တင်မြှောက်ထားသော ပြည်သူ့တရားသူကြီးအဖွဲ့၊ ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့နှင့် ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့အသီးသီးတို့သည် မိမိတို့အထဲမှ ဥက္ကဋ္ဌ တဦးစီကို ရွေးချယ်တင်မြှောက်ရမည်။

၂၂။ လွှတ်တော်သည် နိုင်ငံတော်ကောင်စီ၊ ဗဟိုနှင့် ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဥပဒေများဖြင့် ပြဋ္ဌာန်းရမည်။

၂၃။ နိုင်ငံတော်ကောင်စီနှင့် ဗဟိုအာဏာပိုင် အဖွဲ့အစည်းများတွင် တစုံတခုသောအကြောင်းကြောင့် နေရာလစ်လပ်ခဲ့လျှင် ဥပဒေနှင့်အညီ အစားထိုး ရွေးချယ် တင်မြှောက်ရမည်။

အခန်း (၅)

လွှတ်တော် အဖွဲ့အစည်းများ

၂၄။ (က) လွှတ်တော်သည် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးရာ ကော်မီတီကိုအောက်ပါအဖွဲ့ဝင် ၉ ဦးဖြင့် ဖွဲ့စည်းရမည်—

(၁) နိုင်ငံတော်ကောင်စီက တင်သွင်းသော နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမှအပ ဖြစ်သော နိုင်ငံတော် ကောင်စီဝင် ၄ ဦး၊

(၂) ဝန်ကြီးချုပ်၊

(၃) စီမံကိန်းနှင့်ဘဏ္ဍာရေးဌာနဝန်ကြီး၊

(၄) ပြည်ထဲရေးနှင့်သာသနာရေးဌာနဝန်ကြီး၊

(၅) ကာကွယ်ရေးဌာနဝန်ကြီး၊

(၆) နိုင်ငံခြားရေးဌာနဝန်ကြီး၊

(ခ) ဝန်ကြီးချုပ်သည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးရာ ကော်မီတီ၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည်၊

(ဂ) ဥက္ကဋ္ဌသည် သင့်တော်သော အဖွဲ့ဝင်တဦးကို အတွင်းရေးမှူး အဖြစ်တာဝန်ပေးနိုင်သည်။

F. 7

၂၅။ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးရာကော်မီတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို နည်းဥပဒေများဖြင့် ပြဋ္ဌာန်းရမည်။

၂၆။ လွှတ်တော်သည် အောက်ပါရေးရာကော်မီတီများကို လွှတ်တော်ကိုယ်စားလှယ်များဖြင့် ရွေးချယ်တင်မြှောက်ဖွဲ့စည်းရမည်—

(က) လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မီတီ၊

(ခ) ဘဏ္ဍာရေးနှင့် အမျိုးသားစီမံကိန်းရေးရာကော်မီတီ၊

(ဂ) သမဝါယမ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောရေးရာကော်မီတီ၊

(ဃ) ကုန်သွယ်ရေးနှင့် ဝယ်ရေးရာကော်မီတီ၊

(င) စက်မှုလက်မှုနှင့်သယံဇာတပစ္စည်းရေးရာကော်မီတီ၊

(စ) ဆောက်လုပ်ရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးရာကော်မီတီ၊

(ဆ) သိပ္ပံနှင့်နည်းပညာရေးရာကော်မီတီ၊

(ဇ) ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးရာကော်မီတီ၊

(ဈ) အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးနှင့် နိုင်ငံခြားရေးရာကော်မီတီ၊

(ည) ဥပဒေကြမ်းရေးရာကော်မီတီ၊

(ဋ) လူမှုရေးရာကော်မီတီ၊

(ဌ) တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မီတီ၊

(ဍ) တိုင်းရင်းသားလူမျိုးများရေးရာကော်မီတီ။

၂၇။ (က) လွှတ်တော်ရေးရာကော်မီတီတခုစီကို လွှတ်တော်ကိုယ်စားလှယ် အနည်းဆုံး ၅ ဦးမှ အများဆုံး ၁၅ ဦးဖြင့် ဖွဲ့စည်းရမည်၊

(ခ) ပုဒ်မခွဲ (က)တွင် ဖော်ပြထားသည့် ကန့်သတ်ချက် အတွင်း လွှတ်တော် ရေးရာ ကော်မီတီ တခုစီတွင် ပါဝင် ရမည့် လွှတ်တော် ကိုယ်စားလှယ် ဦးရေကို နိုင်ငံတော် ကောင်စီက သတ်မှတ်ပေးရမည်။

၂၈။ (က) လွှတ်တော်ရေးရာ ကော်မီတီများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(၁) လွှတ်တော်နှင့် နိုင်ငံတော်ကောင်စီတို့က နိုင်ငံတော်၏ အရေးကိစ္စအဝဝနှင့် ပတ်သက်သည့် မူဝါဒများချမှတ်လမ်းညွှန်ရာတွင် အထောက်အကူပြုခြင်း၊

(၂) ဥပဒေများ၊ နည်းဥပဒေများ၊ လွှတ်တော်ဆုံးဖြတ်ချက်များနှင့်အညီ နိုင်ငံတော်ကောင်စီက ဗဟိုနှင့် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် ဝန်ထမ်း အဖွဲ့အစည်းများအား လမ်းညွှန် ကြီးကြပ်ကွပ်ကဲ ပေါင်းစပ်ညှိနှိုင်းပေးရာတွင် အထောက်အကူပြုခြင်း၊

(၃) တာဝန်ပေးအပ်ထားသည့် ရေးရာကိစ္စများနှင့် ပတ်သက်၍ ဗဟိုနှင့် ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများနှင့် ညှိနှိုင်းခြင်း၊

(၄) ရေးရာကိစ္စများနှင့် ပတ်သက်၍ လွှတ်တော်သို့ဥပဒေကြမ်းများ၊ အဆိုများ၊ မေးခွန်းများကိုသုံးသပ်၍ လိုအပ်သလို အထောက်အကူပြုခြင်း၊

(၅) ရေးရာကိစ္စများနှင့် ပတ်သက်၍ လွှတ်တော် သို့မဟုတ် နိုင်ငံတော် ကောင်စီက တာဝန်ပေးလျှင် လေ့လာခြင်း၊ စုံစမ်းခြင်း၊ လိုအပ်သလို အထောက် အကူပြုခြင်း၊

(ခ) လွှတ်တော်ရေးရာ ကော်မီတီ အသီးသီး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို နည်းဥပဒေများဖြင့် ပြဋ္ဌာန်းရမည်။

၂၉။ လွှတ်တော် ကိုယ်စားလှယ် တဦးသည် လွှတ်တော်ရေးရာ ကော်မီတီ ၂ ခုထက်ပို၍ ပါဝင်ဆောင်ရွက်ခွင့်မရှိစေရ။

၃၀။ နိုင်ငံတော်ကောင်စီသည်—

(က) လွှတ်တော် ရေးရာ ကော်မီတီဝင်များကို ရေးရာ ကော်မီတီ အလိုက် တာဝန် ခွဲဝေ၍ ဖွဲ့စည်းပေးရမည်၊

(ခ) ရေးရာကော်မီတီများကို ဦးဆောင်ရန် အတွင်းရေးမှူးများကို ရွေးချယ်၍ တာဝန်ပေးအပ်ရမည်၊

(ဂ) ဖွဲ့စည်းပြီးသော ရေးရာကော်မီတီများနှင့် ကော်မီတီဝင်များ၏ အမည်စာရင်းကို လွှတ်တော်သို့တင်ပြရမည်။

၃၁။ ရေးရာကော်မီတီများသည် လွှတ်တော်ကိုတာဝန်ခံရမည်။ လွှတ်တော်အစည်းအဝေးကျင်းပချိန်မဟုတ်လျှင် နိုင်ငံတော်ကောင်စီကို တာဝန်ခံရမည်။

၃၂။ ရေးရာကော်မီတီများ၏ သက်တမ်းသည် လွှတ်တော်၏ သက်တမ်းနှင့်အညီ ဖြစ်သည်။

၃၃။ (က) လွှတ်တော်သည် အခါအားလျော်စွာ စုံစမ်း စစ်ဆေးရန်လည်းကောင်း၊ အခြားကိစ္စများကို ဆောင်ရွက်ရန်လည်းကောင်း လိုအပ်သည့်ကော်မရှင်များနှင့် ကော်မီတီများကို ဖွဲ့စည်းနိုင်သည်၊

(ခ) ကော်မရှင်များနှင့် ကော်မီတီများကို လွှတ်တော် ကိုယ်စားလှယ်များဖြင့်ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်များ အပါအဝင် အခြားသင့်လျော်သော နိုင်ငံသားများဖြင့် ဖြစ်စေ ဖွဲ့စည်းနိုင်သည်။

အခန်း (၆)

လွှတ်တော်ကိုယ်စားလှယ်များ

၃၄။ (က) လွှတ်တော် ကိုယ်စားလှယ်များသည် ယာယီသဘာပတိ ရှေ့မှောက်၌ ကတိသစ္စာပြုရမည်၊

(ခ) ကတိသစ္စာ မပြုရသေးသော လွှတ်တော် ကိုယ်စားလှယ်များသည် လွှတ်တော်သို့ စတင်တက်ရောက်သည့်နေ့တွင် အလျဉ်းသင့်သလို သဘာပတိရှေ့မှောက်၌ ကတိသစ္စာပြုရမည်။

၃၅။ လွှတ်တော် ကိုယ်စားလှယ်များ၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်—

(က) အခြေခံ ဥပဒေနှင့် ရှိရင်းစွဲ ဥပဒေများကို ကာကွယ် စောင့်ရှောက်ခြင်းနှင့် အကောင်အထည်ဖော်ခြင်း၊

(ခ) မိမိတို့အား ရွေးချယ် တင်မြှောက်လိုက်သော ပြည်သူများ၏ ဆန္ဒနှင့် သဘောထားများကို လွှတ်တော်သို့ တင်ပြခြင်း၊

(ဂ) လွှတ်တော်က ပြဋ္ဌာန်းလိုက်သော ဥပဒေများ၊ နည်းဥပဒေများ၊ ဆုံးဖြတ်ချက်များနှင့် လွှတ်တော်တွင်း ဆောင်ရွက်ချက်များကို မိမိအား ရွေးချယ် တင်မြှောက်လိုက်သော နိုင်ငံသားများထံ ပြန်လည်အစီရင်ခံခြင်း၊

(ဃ) မိမိ၏ သဘောထားဆန္ဒနှင့် မကိုက်ညီစေကာမူ လွှတ်တော်တွင်း စုပေါင်း ဆုံးဖြတ်ချက်များနှင့်အညီလိုက်နာစောင့်ထိန်းဆောင် ရွက်ခြင်း၊

(င) နိုင်ငံတော်နှင့် ပတ်သက်သော လျှို့ဝှက်ချက်များကို ထိန်းသိမ်း စောင့်ရှောက်ခြင်း၊

(စ) လွှတ်တော်သို့ တင်သွင်းသော ဥပဒေကြမ်းများ၊ နည်းဥပဒေ ကြမ်းများ၊ အဆိုများနှင့်စပ်လျဉ်း၍ ဆွေးနွေးရာတွင် တနိုင်ငံ လုံး၏အကျိုးစီးပွားကို အခြေပြုအလေးထားခြင်း၊

(ဆ) နိုင်ငံသားတိုင်း၏ မူလ အခွင့်အရေးများ၊ ပုဂ္ဂိုလ်ဆိုင်ရာပိုင်ခွင့် များနှင့် လွတ်လပ်ခွင့်များကို အပြည့်အဝ ရရှိခံစားနိုင်ရေး အတွက် ကြိုးပမ်းခြင်း၊

(ဇ) လွှတ်တော် အစည်းအဝေးများသို့မှန်မှန် တက်ရောက်ခြင်း၊

(ဈ) လွှတ်တော်က ပေးအပ်သည့် အခြား တာဝန်များကို ထမ်း ဆောင်ခြင်း။

၃၆။ လွှတ်တော်ကိုယ်စားလှယ်များ၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်—

(က) အခြေခံဥပဒေနှင့်အညီဥပဒေကြမ်းများကို တင်သွင်းခြင်း၊

(ခ) သဘာပတိအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အဆိုများကို တင်သွင်းခြင်း၊

(ဂ) နိုင်ငံတော်ကောင်စီ၊ ဗဟိုနှင့် ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့ အစည်းများက ချမှတ် ပေးသင့်သော မူဝါဒများ၊ လမ်းညွှန် မှုများကို တင်ပြဆွေးနွေး အကြံပေးခြင်း၊

(ဃ) လွှတ်တော်သို့ တင်ပြဆွေးနွေးသည့် ကိစ္စရပ်များနှင့် ပတ်သက် ၍ဖြစ်စေ၊ နိုင်ငံတော်ကောင်စီ၊ ဗဟိုနှင့်ဒေသဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ဖြစ်စေ၊ မိမိအား ရွေးချယ် တင်မြှောက် လိုက်သော မဲဆန္ဒနယ်နှင့် ပတ် သက်၍ဖြစ်စေ မေးမြန်းဆွေးနွေးခြင်း၊

(င) လွှတ်တော် အစည်းအဝေး ကျင်းပသည့် ကာလမဟုတ်လျှင် ဗဟိုအာဏာပိုင် အဖွဲ့အစည်းများကို စာဖြင့်မေးမြန်းခြင်း၊

(စ) လွှတ်တော်သို့ တင်ပြသော ကိစ္စရပ်များနှင့် ပတ်သက်၍ မဲခွဲဆုံးဖြတ်ရာတွင် ဆန္ဒမဲပေးခြင်း၊

(ဆ) လွှတ်တော်က ရွေးချယ်တင်မြှောက်သည့် အဖွဲ့အစည်းများသို့ ရွေးချယ်တင်မြှောက်ခံနိုင်ခြင်း၊

(ဇ) လွှတ်တော်က ရွေးချယ်တင်မြှောက်သည့် အဖွဲ့အစည်းများမှ ဖြစ်စေ၊ လွှတ်တော် ကိုယ်စားလှယ်အဖြစ်မှဖြစ်စေ နုတ်ထွက်နိုင်ခြင်း၊

(ဈ) အခြေခံဥပဒေပုဒ်မ ၅၂ အရ လွှတ်တော်အစည်းအဝေးခေါ်ယူကျင်းပပေးရန် သော်လည်းကောင်း၊ အခြေခံဥပဒေ ပုဒ်မ ၆၂ အရ လွှတ်တော်ကို ဖျက်သိမ်းရန်သော်လည်းကောင်း တင်ပြခြင်း။

၃၇။ လွှတ်တော် ကိုယ်စားလှယ်များ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များမှာ ဆောက်ပါအတိုင်းဖြစ်သည်—

(က) ဖမ်းဆီးခြင်းခံရသော လွှတ်တော် ကိုယ်စားလှယ် တဦးသည် ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်နှင့် လွှတ်တော် အဖွဲ့အစည်းများ၏ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိခြင်း၊

(ခ) လွှတ်တော်နှင့် လွှတ်တော် အဖွဲ့အစည်းများတွင် ဆွေးနွေးဆောင်ရွက်ချက်များနှင့်ပတ်သက်၍ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့် စည်းကမ်းများမှအပ အခြားဥပဒေဖြင့် အရေးယူခြင်းမှ ကင်းလွတ်ခွင့်ရှိခြင်း၊

(ဂ) လွှတ်တော် ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသော ခရီးစရိတ်၊ နေ့တွက်စရိတ်နှင့် အခြားစရိတ်များကို ခံစားခွင့်ရှိခြင်း၊

(ဃ) လွှတ်တော် ကိုယ်စားလှယ်တဦးသည် ပြည်သူ့ဝန်ထမ်းဖြစ်ပါက ယင်း၏ ဝန်ထမ်းဆိုင်ရာ အခွင့်အရေးများနှင့် ပတ်သက်၍ သတ်မှတ်ထားသည့်အတိုင်း ခံစားခွင့်ရှိခြင်း။

၃၇။ လွှတ်တော်ကိုယ်စားလှယ်များသည် အောက်ပါကျင့်ဝတ်နှင့်စည်းကမ်းများကို လိုက်နာစောင့်ထိန်းရမည်—

(က) ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်မှတပါး မည်သည့်နိုင်ငံ၏ ကျေးဇူးသစ္စာကိုမျှခံယူခြင်းမပြုရ၊

(ခ) အခြေခံဥပဒေ၊ ဤဥပဒေနှင့် ရှိရင်းစွဲဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာစောင့်ထိန်းရမည်၊

(ဂ) လွှတ်တော်ကိုယ်စားလှယ်များ၏သိက္ခာနှင့် လျော်ညီစွာဆက်ဆံနေထိုင်ရမည်၊

(ဃ) ဤဥပဒေ ပုဒ်မ ၃၅ တွင် ပြဋ္ဌာန်းထားသော လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်များကိုကျေပွန်စွာ ထမ်းဆောင်ရမည်၊

(င) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ပြည်သူတို့က ရွေးချယ်တင်မြှောက် ပေးအပ်ထားသည့် တာဝန်ကို အလွဲသုံးစား ပြု၍ ကိုယ်ကျိုးရှာခြင်း၊ လာဘ်ယူခြင်း၊ ခြိမ်းခြောက်ခြင်းတို့ကို ရှောင်ကြဉ်ရမည်၊

(စ) နိုင်ငံခြားမှရရှိသော လက်ဆောင်ပစ္စည်းများစာရင်းကို နိုင်ငံတော်ကောင်စီသို့ တင်ပြရမည်။

၃၈။ လွှတ်တော် ကိုယ်စားလှယ်တဦးသည် အောက်ပါ အကြောင်းတခုခု ဖြစ်ပေါ်လျှင် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲရမည်—

(က) အခြေခံဥပဒေပုဒ်မ ၁၈၇ နှင့်အညီ ပြဋ္ဌာန်းထားသော တာဝန်မှ ပြန်လည် ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေအရ မိမိအား ရွေးချယ်တင်မြှောက် လိုက်သည့် ပြည်သူများက တာဝန်မှ ပြန်လည် ရုပ်သိမ်းခြင်း၊

(ခ) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက် ရပ်တည်ပိုင်ခွင့်ကို ဥပဒေအရ ဆုံးရှုံးခြင်း၊

(ဂ) ဥပဒေနှင့်အညီ နုတ်ထွက်ခြင်း၊

(ဃ) ကွယ်လွန် အနိစ္စရောက်ခြင်း။

အခန်း (၇)

ပြည်သူ့ကောင်စီတရပ်ရပ်ကိုဖျက်သိမ်းခြင်း

၄၀။ (က) လွှတ်တော်သည် ပြည်သူ့ ကောင်စီတရပ်ရင်ကို လည်းကောင်း၊ ပြည်သူ့ကောင်စီများကိုလည်းကောင်း အောက်ပါ အကြောင်း တခုခုကြောင့် ဖျက်သိမ်းနိုင်သည် —

(၁) အခြေခံဥပဒေပါပြဋ္ဌာန်းချက် တရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊

(၂) တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ထိခိုက်ပျက်ပြားစေရန် ဆောင်ရွက်ခြင်း၊

(၃) နိုင်ငံတော် တည်တံ့ခိုင်မြဲရေးကို အန္တရာယ်ပြု ထိပါးခြင်း၊

(၄) လွှတ်တော်က ချမှတ်ပြဋ္ဌာန်းထားသော ဆုံးဖြတ်ချက် တရပ်ရပ်ကို ဆန့်ကျင်ချိုးဖောက်ခြင်း၊

(၅) တာဝန်များကို ကျေပွန်စွာ မထမ်းဆောင်ခြင်း၊

(ခ) ပြည်သူ့ကောင်စီ တရပ်ရပ်ကို သော်လည်းကောင်း၊ ပြည်သူ့ကောင်စီ များကို သော်လည်းကောင်း ဖျက်သိမ်းခြင်းနှင့် ပတ်သက်၍နည်းဥပဒေများပြဋ္ဌာန်းရမည်။

အခန်း (ဂ)

လွှတ်တော်အစည်းအဝေးများ

၄၁။ လွှတ်တော်ပုံမှန် အစည်းအဝေးကို တနှစ်လျှင် အနည်းဆုံး ၂ ကြိမ် မပျက်မကွက် ခေါ်ယူကျင်းပရမည်။ ပုံမှန်အစည်းအဝေး တကြိမ်နှင့်တကြိမ် အကြား အရှည်ကြာဆုံး ကာလသည် ဂ လထက် မပိုစေရ။

၄၂။ အောက်ပါကိစ္စရပ်များကို သာမန်အားဖြင့် လွှတ်တော်ပုံမှန် အစည်း အဝေး၌သာ ဆုံးဖြတ်ဆောင်ရွက်ရမည်။ အထူး လိုအပ်မှသာ လွှတ်တော် အထူးအစည်းအဝေး ခေါ်ယူဆောင်ရွက်နိုင်သည်—

(က) ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ပတ်သက်သော ဥပဒေများကို အချိန်မီ ကြိုတင်ပြဋ္ဌာန်းခြင်း၊

(ခ) စီးပွားရေး စီမံကိန်းနှင့် ပတ်သက်သော ဥပဒေများကို ပြဋ္ဌာန်း ခြင်း၊

(ဂ) အခွန်အကောက်နှင့် ပတ်သက်သော ဥပဒေများကို ပြဋ္ဌာန်း ခြင်း၊

(ဃ) နိုင်ငံတော်ကောင်စီ၊ ဗဟိုအာဏာပိုင် အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များနှင့် ပတ်သက်သော ပုံမှန်အစီရင်ခံစာ များကို ကြားနာ၍ အဆုံးအဖြတ်ပေးခြင်း။

၄၃။ နိုင်ငံတော်ကောင်စီသည် လွှတ်တော် အထူး အစည်းအဝေးကိုဖြစ်စေ အရေးပေါ် အစည်းအဝေးကိုဖြစ်စေ လိုအပ်သလို ခေါ်ယူကျင်းပနိုင်သည်။

၄၄။ နိုင်ငံတော်ကောင်စီသည် ဇစ်ကြေညာခြင်း၊ စစ်ပြေငြိမ်းခြင်းကိစ္စကို လွှတ်တော်က အဆုံးအဖြတ်ပေးနိုင်ရန် လွှတ်တော် အစည်းအဝေးကျင်းပဆဲ မဟုတ်လျှင် အရေးပေါ်အစည်းအဝေးကို ခေါ်ယူကျင်းပပေးရမည်။

၄၅။ လွှတ်တော်အစည်းအဝေးများ ကျင်းပခြင်းနှင့်ပတ်သက်၍ နည်းဥပဒေများ ပြဋ္ဌာန်းရမည်။

၄၆။ နိုင်ငံတော်ကောင်စီသည် အခြေခံဥပဒေ ပုဒ်မ ၇၇ အရ လွှတ်တော်၏ သက်တမ်းကို တိုးမြှင့်ပေးရန် လိုအပ်ပါက လွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပဆဲ မဟုတ်လျှင် အရေးပေါ် အစည်းအဝေးခေါ်ယူကျင်းပပေးရမည်။

၄၇။ နိုင်ငံတော်ကောင်စီသည် လွှတ်တော်ကိုယ်စားလှယ်အားလုံး၏သုံးဆယ့်လေးရာခိုင်နှုန်းက တောင်းဆိုလျှင် လွှတ်တော်အစည်းအဝေးကို အမြန်ဆုံး ခေါ်ယူကျင်းပပေးရမည်။

အခန်း (၉)

အထွေထွေ

၄၈။ ဗဟိုအာဏာပိုင် အဖွဲ့အစည်းများနှင့် လွှတ်တော်အဖွဲ့အစည်းများသည် လွှတ်တော်သို့ တင်သွင်းရန်ကိစ္စရပ်များကို နိုင်ငံတော်ကောင်စီမှတဆင့် တင်သွင်းရမည်။

၄၉။ လွှတ်တော်၏ လုပ်ငန်းအဝဝကို တာဝန်ယူဆောင်ရွက်ရန် လွှတ်တော်ရုံးကို ဖွဲ့စည်းထားရှိရမည်။ ယင်းရုံး၏ဖွဲ့စည်းပုံ၊ တာဝန်၊ လုပ်ပိုင်ခွင့်နှင့်ရပိုင်ခွင့်များကို သီးခြားသတ်မှတ်ပေးရမည်။

၅၀။ လွှတ်တော် အစည်းအဝေးများကို ရန်ကုန်မြို့တော်တွင် ကျင်းပရမည်။ ရန်ကုန်မြို့တော်တွင်ကျင်းပရန် မဖြစ်နိုင်မှသာ အခြားသင့်လျော်သော နေရာ၌ ကျင်းပရန်နိုင်ငံတော်ကောင်စီက သတ်မှတ်ရမည်။

၅၁။ လွှတ်တော် ကိုယ်စားလှယ်တဦးဦးအား နိုင်ငံတော်ကိုသစ္စာဖောက်မှုဖြင့် အရေးယူရန် အကြောင်း ပေါ်ပေါက်လျှင် ယင်းပုဂ္ဂိုလ်အား တာဝန်မှ လည်းကောင်း၊ လွှတ်တော်အစည်းအဝေးသို့ တက်ရောက်စေခြင်းမှ လည်းကောင်း ခေတ္တရပ်စဲ၍ အနီးကပ်ဆုံး လွှတ်တော်၏ အတည်ပြုချက်ကို ရယူရေးနှင့်ပတ်သက်၍ နည်းဥပဒေများပြဋ္ဌာန်းရမည်။

၃၂။ အခြေခံဥပဒေ ပုဒ်မ ၆၂ အရ လွှတ်တော်ဖျက်သိမ်းခြင်းနှင့်ပတ်သက်၍ နည်းဥပဒေများ ပြဋ္ဌာန်းရမည်။

၃၃။ အခြေခံဥပဒေကို အနက် အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ ပြင်ဆင်ခြင်းစသည့် ကိစ္စရပ်များကို ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဆောင်ရွက်ရမည်။

၃၄။ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေများတွင် ပြဋ္ဌာန်းထားခြင်းမရှိသော ကိစ္စအခက်အခဲများ ပေါ်ပေါက်လာလျှင် ပြေလည်စွာ ဆောင်ရွက်ဖြေရှင်းနိုင်ရန် သဘာပတိအဖွဲ့က သင့်လျော်သလိုဆုံးဖြတ်နိုင်သည်။

နိုင်ငံတော်ကောင်စီ ဥပဒေ

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ			စာမျက်နှာ
၁	နိဒါန်း	....	....	၁
၂	အခန်း (၁) အမည်နှင့်အဓိပ္ပာယ် ဖော်ပြချက်	....	....	၂
၃	အခန်း (၂) ဖွဲ့စည်းခြင်းနှင့်ရည်ရွယ်ချက်	....	....	၇
၄	အခန်း (၃) နိုင်ငံတော်ကောင်စီ၏ လုပ်ငန်းတာဝန်များ	....	....	၈
၅	အခန်း (၄) နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ	....	....	၂၂
၆	အခန်း (၅) နိုင်ငံတော်ကောင်စီအတွင်းရေးမှူး	....	....	၂၄

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၇	အခန်း (၆) .... နိုင်ငံတော် ကောင်စီဝင်များအား တာဝန် ခွဲဝေ သတ်မှတ်ပေးခြင်း	၂၆
၈	အခန်း (၇) .... နိုင်ငံတော် ကောင်စီဝင်များ၏ တာဝန်များ၊ ကျင့်ဝတ်နှင့် စည်းကမ်းများ	၂၈
၉	အခန်း (၈) .... နိုင်ငံတော်ကောင်စီ အစည်းအဝေးများ	၃၀
၁၀	အခန်း (၉) .... အထွေထွေ	၃၃

နိုင်ငံတော်ကောင်စီဥပဒေ

[၁၉၇၄ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၁၀]

နိဒါန်း

နိုင်ငံတော်ကောင်စီသည် အခြေခံဥပဒေက အပ်နှင်းသော လုပ်ငန်းတာဝန်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ တိကျညီညွတ်စွာ ထမ်းဆောင်နိုင်စေရန် ပြည်သူ့လွှတ်တော်သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)

အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို နိုင်ငံတော်ကောင်စီဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါ စကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်—

(က) လွှတ်တော် ဆိုသည်မှာ ပြည်သူ့လွှတ်တော်ကိုဆိုသည်၊

(ခ) လွှတ်တော်အဖွဲ့အစည်းများ ဆိုသည်မှာ လွှတ်တော်ရေးရာ ကော်မီတီများနှင့် လွှတ်တော်မှဖွဲ့စည်းထားသော ကော်မရှင်များ နှင့် ကော်မီတီများကိုဆိုသည်။

အခန်း (၂)

ဖွဲ့စည်းခြင်းနှင့် ရည်ရွယ်ချက်

၃။ နိုင်ငံတော်ကောင်စီကို အခြေခံဥပဒေ ပုဒ်မ ၆၄ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ရွေးချယ်တင်မြှောက်ဖွဲ့စည်းရမည်။

၄။ (က) နိုင်ငံတော်ကောင်စီ၏သက်တမ်းသည် အခြေခံဥပဒေပုဒ်မ ၆၄ ပုဒ်မခွဲ (က) နှင့် (ခ)တို့အရ နိုင်ငံတော်ကောင်စီဝင်များကို လွှတ်တော်က ရွေးချယ်တင်မြှောက်ဖွဲ့စည်းသည့်နေ့မှ စတင်သည်၊

(ခ) နိုင်ငံတော်ကောင်စီ၏ သက်တမ်းသည် လွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်။ သို့ရာတွင် အခြေခံဥပဒေပုဒ်မ ၇၂ အရ နိုင်ငံတော်ကောင်စီသည် နိုင်ငံတော်ကောင်စီအသစ် ရွေးချယ်တင်မြှောက်ဖွဲ့စည်းပြီးသည်အထိ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

၅။ နိုင်ငံတော်ကောင်စီကို အောက်ပါ ရည်ရွယ်ချက်များဖြင့် ရွေးချယ်တင်မြှောက်ဖွဲ့စည်းထားရှိသည်—

(က) အခြေခံ ဥပဒေပါပြဋ္ဌာန်းချက်များ အကျိုးသက်ရောက်မှု ရှိစေရေးအတွက် တာဝန်ယူဆောင်ရွက်ရန်၊

(ခ) လွှတ်တော်၏ ဆုံးဖြတ်ချက်များနှင့် အညီ နိုင်ငံတော်၏ အရေးကိစ္စအဝဝတို့နှင့် ပတ်သက်၍ မူဝါဒများ၊ လမ်းညွှန်မှုများကို တာဝန်ယူချမှတ်ပေးရန်၊

(ဂ) ဗဟိုနှင့် ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများ၏ ဆုံးဖြတ်ချက်များ၊ အမိန့်များသည် ဥပဒေနှင့်ကိုက်ညီခြင်း မရှိပါက ပယ်ဖျက်ရန်၊

(ဃ) ဥပဒေ၊ နည်းဥပဒေများ၊ လွှတ်တော်၏ ဆုံးဖြတ်ချက်များနှင့် အညီ ဗဟိုနှင့်ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများနှင့် ဝန်ထမ်း အဖွဲ့အစည်းများအား လမ်းညွှန်ရန်၊ ကြီးကြပ်ကွပ်ကဲရန်နှင့် ပေါင်းစပ်ညှိနှိုင်းပေးရန်၊

(င) နိုင်ငံ၏ အကျိုးစီးပွားအတွက် ပြည်နယ်နှင့် တိုင်းတို့မှ တိုင်းရင်းသား ပြည်သူကိုယ်စားလှယ်များပါဝင်၍ စုပေါင်း ဦးဆောင်ရန်နှင့်လွှတ်တော်၏ဆုံးဖြတ်ချက်များကို စဉ်ဆက်မပြတ် တာဝန်ယူဆောင်ရွက်ရန်၊

(စ) ဗဟိုအာဏာပိုင် အဖွဲ့အစည်းများနှင့် ပြည်သူကောင်စီအဆင့်ဆင့်တို့ကို လွှတ်တော်နှင့်ပေါင်းကူးဆက်သွယ်ပေးရန်။

အခန်း (၃)

နိုင်ငံတော်ကောင်စီ၏လုပ်ငန်းတာဝန်များ

၆။ (က) အခြေခံ ဥပဒေ ပုဒ်မ ၆၄ ပုဒ်မခွဲ(က)နှင့်(ခ)တို့အရ ရွေးချယ်တင်မြှောက် ထားသော နိုင်ငံတော် ကောင်စီဝင်များသည် ပြည်သူ့ လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ—

(၁) ဗဟို အာဏာပိုင် အဖွဲ့အစည်းအသီးသီးတွင် လိုအပ်သည့် အဖွဲ့ဝင်ဦးရေကို သတ်မှတ်ပေးရမည်၊

(၂) ဝန်ကြီးအဖွဲ့တွင် ထားရှိရမည့် ဝန်ကြီးဌာနများကို သတ်မှတ်ပေးရမည်၊

(၃) ဗဟိုအာဏာပိုင် အဖွဲ့အစည်းအသီးသီးကို လွှတ်တော်က ရွေးချယ်တင်မြှောက်နိုင်ရန် လွှတ်တော်ကိုယ်စားလှယ်များထဲမှ အမည်စာရင်းများကို လွှတ်တော်သို့ တင်သွင်းရမည်၊

(၄) ဗဟိုအာဏာပိုင် အဖွဲ့အစည်းအသီးသီးက မိမိတို့ အဖွဲ့ဝင်များထဲမှ ရွေးချယ်တင်မြှောက်လိုက်သော ဝန်ကြီးချုပ်နှင့် အဖွဲ့ဥက္ကဋ္ဌများ၏ အမည်များကိုလွှတ်တော်သို့တင်ပြရမည်၊

(၅) လွှတ်တော်ရေးရာ ကော်မီတီအသီးသီးတွင် လိုအပ်သည့် အဖွဲ့ဝင်ဦးရေကို သတ်မှတ်၍ လွှတ်တော်က ရွေးချယ် တင်မြှောက်နိုင်ရန် လွှတ်တော်ကိုယ်စားလှယ်များထဲမှ အမည်စာရင်းများကို လွှတ်တော်သို့တင်သွင်းရမည်၊

(ခ) အခြေခံဥပဒေပုဒ်မ ၆၄ ပုဒ်မခွဲ(က)၊ (ခ) နှင့် (ဂ) တို့အရ ရွေးချယ် တင်မြှောက် ဖွဲ့စည်းထားသော နိုင်ငံတော်ကောင်စီသည် ပြည်သူ့လွှတ်တော် ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ—

(၁) ဝန်ကြီးအဖွဲ့တွင် လိုအပ်သည့် ဒုတိယဝန်ကြီးချုပ်ဦးရေကို သတ်မှတ်ပေးရမည်၊

(၂) ဝန်ကြီးချုပ်၏ တာဝန်၊ ဒုတိယ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၏ အမည်များနှင့် ဝန်ကြီးဌာနများကို လွှတ်တော်သို့ တင်ပြရမည်၊

(၃) လွှတ်တော်ရေးရာ ကော်မီတီဝင်များကို လွှတ်တော်ရေးရာ ကော်မီတီအလိုက် တာဝန်ခွဲဝေဖွဲ့စည်းရမည်၊

(၄) လွှတ်တော်ရေးရာ ကော်မီတီများတွင် တာဝန်ယူဦးဆောင်ရမည့် အတွင်းရေးမှူးအသီးသီးကို သက်ဆိုင်ရာ လွှတ်တော်ရေးရာ ကော်မီတီဝင်များထဲမှ ရွေးချယ်တာဝန်ပေးအပ်ရမည်၊

(၅) ဖွဲ့စည်းပြီးသော လွှတ်တော်ရေးရာ ကော်မီတီများကို လွှတ်တော်သို့တင်ပြရမည်၊

(၆) နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးရာကော်မီတီတွင် ပါဝင်ရန် လိုအပ်သော နိုင်ငံတော် ကောင်စီဝင် ၄ ဦး၏ အမည်စာရင်းကို ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၄ ပုဒ်မခွဲ (က) အပိုဒ်(၁)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ လွှတ်တော်သို့ တင်သွင်းရမည်။ ယင်းသို့တင်သွင်းရာတွင် ရာထူးအလျောက် ပါဝင်ရမည့် ဝန်ကြီးအဖွဲ့ဝင်များ၏ အမည်စာရင်းကိုလည်း တင်ပြရမည်၊

(၇) ကော်မီရှင်များ၊ ကော်မီတီများကို လွှတ်တော်က လိုအပ်သလို ဖွဲ့စည်းနိုင်ရန် လွှတ်တော်သို့တင်သွင်းရမည်။

၇။ နိုင်ငံတော်ကောင်စီသည်—

(က) ဝန်ကြီးအဖွဲ့က တင်သွင်းသော ဒုတိယ ဝန်ကြီးများ အဖြစ် တာဝန်ပေးအပ်ရန် သင့်လျော်သော လွှတ်တော် ကိုယ်စားလှယ်များ၏ အမည်စာရင်းကို စိစစ်၍ ခန့်ထားနိုင်သည်။ ယင်းပုဂ္ဂိုလ်တဦးဦးကို တာဝန်မှ ရပ်စဲခြင်းလည်း ပြုလုပ်နိုင်သည်၊

(ခ) ဝန်ထမ်းအဖွဲ့အစည်းများ၏ အကြီးအကဲများနှင့် သံတမန်များကို တာဝန်ပေး ခန့်အပ်နိုင်သည်။ ယင်းပုဂ္ဂိုလ် တဦးဦးကို တာဝန်မှ ထုတ်ပယ်ခြင်းလည်းပြုလုပ်နိုင်သည်။

၈။ နိုင်ငံတော်ကောင်စီသည် —

(က) ဝန်ထမ်းများကို ရွေးချယ်လေ့ကျင့်ပေးရေးအတွက် အဖွဲ့တရပ်ကို ဖွဲ့စည်းစေ၍ အဖွဲ့၏ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား တာဝန်ပေးခန့်အပ်ခြင်း၊ ရပ်စဲခြင်းပြုလုပ်နိုင်သည်၊

(ခ) ဝန်ထမ်းများ ရွေးချယ် လေ့ကျင့်ပေးရေးနှင့် ပတ်သက်၍ လမ်းညွှန် မူဝါဒများချမှတ်ပေးခြင်း၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများသတ်မှတ်ပေးခြင်းတို့ကို ပြုလုပ်နိုင်သည်။

၉။ နိုင်ငံတော်ကောင်စီသည်——

(က) ဗဟိုနှင့် ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများနှင့် ဝန်ထမ်းအဖွဲ့အစည်းများ၏ လုပ်ငန်းများအား အောက်ပါအချက်များကို အခြေခံ၍ ဆောင်ရွက်စေရန် လမ်းညွှန်၊ ကြီးကြပ်၊ ကွပ်ကဲ၊ ပေါင်းစပ်ညှိနှိုင်းပေးရမည်——

(၁) ဆိုရှယ်လစ်လူ့ဘောင် တည်ဆောက်ရေးကို ဦးတည်ရေး၊

(၂) ပြည်သူ့အကျိုးစီးပွားအတွက် ဖြစ်စေရေး၊

(၃) လုပ်ငန်းများကို အကျိုးရှိဆုံး၊ အထိရောက်ဆုံး၊ အကျွမ်းကျင်ဆုံး နည်းများဖြင့် အကောင်အထည်ဖော်စေရေး။

(၄) လုပ်ငန်းများကို အချိန်ဖြုန်းတီးမှုမရှိပဲ အမြန်ဆုံးအကောင်အထည်ပေါ်စေရေး၊

(၅) ဖြုန်းတီးမှုများ၊ ယိုဖိတ်မှုများ မရှိစေရေး၊

(၆) အဖွဲ့အစည်းအသီးသီး၏ လုပ်ငန်းများ တခုနှင့်တခု မထပ်စေရေး၊

(ခ) ဝန်ထမ်းအဖွဲ့အစည်းများ ဖွဲ့စည်းရေး၊ ဝန်ထမ်းများ ခန့်ထားရေးနှင့်ပတ်သက်၍ အောက်ပါအချက်များကို အခြေခံ၍ ဆောင်ရွက်ရမည်—

(၁) နိုင်ငံတော်၏ကိစ္စအဝဝတို့ကို ဆောင်ရွက်ရန် လိုအပ်သော ဝန်ထမ်းအဖွဲ့အစည်းများ ဖွဲ့စည်းရေး၊

(၂) ဝန်ထမ်း အဖွဲ့အစည်းများ၌ ပါဝင် ထမ်းဆောင်ရမည့် ဝန်ထမ်းများ၏ အရည်အချင်းနှင့် အရေအတွက်တို့သည် ထမ်းဆောင်ရမည့် လုပ်ငန်းတာဝန် အသီးသီးနှင့် အံဝင်ခွင်ကျ ဖြစ်စေရေး၊

(၃) နိုင်ငံတော်၏ စီးပွားရေးစီမံကိန်းနှင့် လည်းကောင်း၊ ရသုံးခန့်မှန်းခြေငွေစာရင်းနှင့်လည်းကောင်း အံဝင်ခွင်ကျ ဖြစ်စေရေး၊

(ဂ) ဝန်ထမ်းအဖွဲ့အစည်းများ ဖွဲ့စည်းရေးနှင့်ပတ်သက်၍ လမ်းညွှန်မှုဝါဒ ချမှတ်ပေးပြီး ယင်းအဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံအင်အားများကို အခါအားလျော်စွာ ပြန်လည်သုံးသပ်စိစစ်ရမည်၊

(ဃ) သီးသန့်ရုံပုံငွေဖြင့် ဖွဲ့စည်းဆောင်ရွက်သော အဖွဲ့အစည်းများ ဖွဲ့စည်းရေးကိုလည်းကောင်း၊ ယင်းအဖွဲ့အစည်းများဆိုင်ရာ စည်းမျဉ်းများ၊ စည်းကမ်းများ၊ လုပ်ထုံး လုပ်နည်းများ နှင့် စပ်လျဉ်း၍ အခြေခံ လမ်းညွှန်ချက်များကိုလည်းကောင်း ဝန်ကြီးအဖွဲ့သို့ ချမှတ်ပေးရမည်၊

(င) ဗဟိုနှင့် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့ အစည်းများနှင့် ဝန်ထမ်းအဖွဲ့ အစည်းများက ပုဒ်မခွဲ (က) တွင် ပြဋ္ဌာန်းထားသည့်

အတိုင်း ဆောင်ရွက် စေရန် အောက်ပါ နည်းလမ်းများကို ကျင့်သုံးနိုင်သည်—

(၁) ဗဟိုအာဏာပိုင်အဖွဲ့အစည်းများနှင့်ဖြစ်စေ၊ ပြည်သူ့ကောင်စီများနှင့် ဖြစ်စေ ပတ်သက်သည့် ဥပဒေများ၊ နည်းဥပဒေများအရ အပ်နှင်းထားသော လုပ်ငန်းတာဝန်များ၊ လုပ်ပိုင်ခွင့်များကို အခါအားလျော်စွာ ပြန်လည်သုံးသပ်စိစစ်၍ ပြင်ဆင်ရန် လိုအပ်သည်ဟု ယူဆပါက သက်ဆိုင်ရာ ဥပဒေ သို့မဟုတ် နည်းဥပဒေများကို ပြင်ဆင်နိုင်ရန်လွှတ်တော်သို့ တင်ပြခြင်း၊ ဥပဒေများ၊ နည်းဥပဒေများနှင့် စပ်လျဉ်း၍ အခါအားလျော်စွာ အဓိပ္ပာယ်ဖွင့်ဆိုချက်ကြားချက်များ၊ အမိန့်များ၊ ရှင်းလင်းချက်များ ထုတ်ပြန်ခြင်း၊

(၂) ဗဟိုနှင့် ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်း များနှင့် ဝန်ထမ်း အဖွဲ့အစည်းများက လိုက်နာ ရမည့် စည်းမျဉ်းများ၊ စည်းကမ်းများ၊ စံနှုန်းများနှင့် ပတ်သက်သော အခြေခံမူဝါဒများကို ချမှတ် လမ်းညွှန်ပေးခြင်း၊

(၃) ဗဟိုအာဏာပိုင် အဖွဲ့အစည်းတခုနှင့်တခု ဆက်သွယ်ပုံနည်းစနစ်များနှင့် မည်သည့် အရေးကိစ္စများတွင် မည်သို့မည်ပုံ ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်ရမည်ကို ဗဟို အာဏာပိုင်အဖွဲ့အစည်းများက ကျင့်သုံးနိုင်စေရန်အခါအားလျော်စွာ လမ်းညွှန်ချက်များ ထုတ်ပြန်ခြင်း၊

(၄) ဗဟို အာဏာပိုင် အဖွဲ့အစည်း အချင်းချင်းတွင် သော်လည်းကောင်း၊ ဗဟိုနှင့်ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများတွင် သော်လည်းကောင်း ယင်းအဖွဲ့အစည်း အသီးသီး၏ တာဝန်နှင့် လုပ်ပိုင်ခွင့် များကို လက်တွေ့ ကျင့်သုံးထမ်းဆောင်ရာ၌ တာဝန်ခွဲဝေမှု မရှင်းလင်းပဲ ဖြစ်နေလျှင် သို့မဟုတ် တာဝန်သတ်မှတ်မှုထပ်နေလျှင် သက်ဆိုင်ရာ အဖွဲ့အစည်းများ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ရှင်းလင်း သတ်မှတ်ပေးသည့် အမိန့်များ ထုတ်ပြန်ခြင်း သို့မဟုတ်

ပတ်သက်နေသော အဖွဲ့အစည်း အချင်းချင်း ညှိနှိုင်း၍ ဖြေရှင်းရန် ညွှန်ကြားခြင်း၊

(၅) ဝန်ထမ်းအဖွဲ့အစည်း အသီးသီး၏ လုပ်ဆောင်ချက်များတွင် ပြုန်းတီးမှုများ သို့မဟုတ် ယိုဖိတ်မှုများရှိသည်ကို သိရှိပါက သက်ဆိုင်ရာ အဖွဲ့အစည်းများအား ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့က စစ်ဆေးရန် ညွှန်ကြားခြင်း၊

(၆) ဗဟိုနှင့် ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများနှင့် ဝန်ထမ်း အဖွဲ့အစည်းများအား ခွင့်ပြုထားသော လူအင်အား၊ ငွေကြေးနှင့် ပစ္စည်းများကို စနစ်တကျနှင့် ထိရောက်စွာ အသုံးပြုခြင်း ရှိ မရှိနှင့် ပတ်သက်ပြီး ပြည်သူ့လုပ်ငန်းစစ်ဆေးရေး အဖွဲ့က အခါအား လျော်စွာ တင်ပြသော အစီရင်ခံစာများကို စိစစ်၍ လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း၊ လမ်းညွှန်ခြင်း၊

(၇) ဗဟိုနှင့် ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများနှင့် ဝန်ထမ်းအဖွဲ့အစည်းများထံမှ အချိန်မှန် အစီရင်ခံစာများကို လည်းကောင်း၊ အကြောင်းကိစ္စတရပ်ရပ်၊ ပြဿနာတရပ်ရပ်နှင့် ပတ်သက်၍လိုအပ်သည့်အခါတိုင်း အထူး အစီရင်ခံစာကိုလည်းကောင်း တင်ပြရန် ညွှန်ကြားခြင်း၊

(၈) အခြေအနေတရပ်ရပ်၊ ပြဿနာတရပ်ရပ်၊ လုပ်ငန်းတာဝန် တရပ်ရပ်၊ အကြောင်းကိစ္စ တရပ်ရပ်ကို ဆောင်ရွက် ဖြေရှင်းနိုင်ရန် ဗဟိုအာဏာပိုင် အဖွဲ့အစည်းအချင်းချင်း ညှိနှိုင်း ဆောင်ရွက်စေရန် ညွှန်ကြားခြင်း၊

(၉) ဗဟိုနှင့်ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ ဝန်ထမ်း အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ လွှတ်တော်တွင် လွှတ်တော် ကိုယ်စားလှယ်များက တင်ပြလာလျှင် လွှတ်တော်၏ ဆုံးဖြတ်ချက်များကို သက်ဆိုင်ရာ အဖွဲ့အစည်းသို့ပေးပို့၍ လိုအပ်သလို အရေးယူဆောင်ရွက်စေခြင်း၊

(၁၉) ဗဟိုနှင့် ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းအသီးသီးနှင့် ဝန်ထမ်းအဖွဲ့အစည်း အသီးသီး၏ ကိုယ်စားလှယ်များကို ခေါ်ယူဆွေးနွေး မေးမြန်းခြင်း၊ ညှိနှိုင်းပေါင်းစပ်ပေးခြင်း။

၁၀။ လွှတ်တော်နှင့်စပ်လျဉ်း၍ နိုင်ငံတော်ကောင်စီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) လွှတ်တော်အစည်းအဝေး တခုနှင့်တခုအကြား လွှတ်တော်၏ ဆုံးဖြတ်ချက်များနှင့်အညီ နိုင်ငံတော်၏ အရေးကိစ္စအဝဝတို့နှင့်ပတ်သက်၍ ဗဟိုနှင့် ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများ၊ ဝန်ထမ်းအဖွဲ့အစည်းများက လိုက်နာရမည့်မူဝါဒများ၊ လမ်းညွှန်မှုများကို ချမှတ်ပေးခြင်း၊

(ခ) လွှတ်တော်၏ ပုံမှန်အစည်းအဝေးများကို သဘာပတိအဖွဲ့နှင့် ညှိနှိုင်း၍ ခေါ်ယူခြင်း၊

(ဂ) လွှတ်တော်၏ အထူးအစည်းအဝေးများ သို့မဟုတ် အရေးပေါ်အစည်းအဝေးများကို သဘာပတိအဖွဲ့နှင့် ညှိနှိုင်း၍ခေါ်ယူခြင်း၊

(ဃ) နိုင်ငံတော်ဘွင် အရေးပေါ်အခြေအနေ ပေါ်ပေါက်သောကြောင့် လွှတ်တော်အစည်းအဝေးသို့ အစည်းအဝေးအထမြောက်ရန် လိုအပ်သော လွှတ်တော် ကိုယ်စားလှယ်ဦးရေ မတက်ရောက်နိုင်လျှင် လွှတ်တော်၏ လုပ်ငန်းရပ်များကို ဗဟိုအာဏာပိုင် အဖွဲ့အစည်းများ၏ အဖွဲ့ဝင်များ၊ လွှတ်တော် အဖွဲ့အစည်းများ၏ အဖွဲ့ဝင်များနှင့် အခြားတက်ရောက်နိုင် သမျှသော လွှတ်တော် ကိုယ်စားလှယ် များစုပေါင်း၍ လွှတ်တော်၏ကိုယ်စား တာဝန်ယူဆောင်ရွက်ခြင်း၊ လွှတ်တော် အစည်းအဝေးခေါ်ယူကျင်းပရန် အခြေအနေပေးလျှင်ပေးချင်း လွှတ်တော်အစည်းအဝေး ခေါ်ယူကျင်းပကာ လွှတ်တော်၏ကိုယ်စား ဆောင်ရွက်ချက်များကို တင်ပြအတည်ပြုချက် ရယူခြင်း၊

(င) လွှတ်တော်၏ ဆုံးဖြတ်ချက်များကို ဗဟိုနှင့် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများသို့ ထပ်ဆင့် ချမှတ်ပေးခြင်းနှင့် ဗဟိုနှင့်ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများက တင်ပြလာသည့် အချက်အလက်များ၊ အကြံဉာဏ်များ၊ အဆိုပြုချက်များကို စိစစ်သုံးသပ်၍ လွှတ်တော်သို့ ဆက်လက်တင်ပြခြင်း၊

(စ) လွှတ်တော် အဖွဲ့အစည်းတခုခု၏ အစည်းအဝေး ကျင်းပချိန်တွင် ယင်းအဖွဲ့အစည်း၌ပါဝင်သော လွှတ်တော် ကိုယ်စားလှယ်တဦးဦးအား ဖမ်းဆီးနိုင်ရေးအတွက် ခွင့်ပန်လာသည့်အခါ အဆုံးအဖြတ်ပေးခြင်း၊

(ဆ) လွှတ်တော် ကိုယ်စားလှယ်တဦးသည် မိမိ၏ တာဝန်မှနုတ်ထွက်လိုလျှင် နုတ်ထွက်လွှာကို လက်ခံ၍ နုတ်ထွက်ခွင့်ပြုခြင်း၊

(ဇ) လွှတ်တော်ရေးရာ ကော်မီတီများ၏ လုပ်ငန်းများကို ညှိနှိုင်းပေးခြင်း၊ လွှတ်တော်မှ ချမှတ်လိုက်သော ဆောင်ရွက်ရမည့် လုပ်ငန်းကိုသက်ဆိုင်ရာ ရေးရာကော်မီတီသို့ ထပ်ဆင့် ပေးပို့ခြင်း၊ ရေးရာကော်မီတီအသီးသီးမှ တင်ပြလာသော အချက်အလက်များ၊ အကြံပေးချက်များ၊ အဆိုပြုချက်များကိုစိစစ်သုံးသပ်၍ လွှတ်တော်သို့တင်ပြခြင်း၊

(ဈ) လွှတ်တော်၏သက်တမ်းကို တကြိမ်လျှင် ၆ လထားဖြင့် ၃ ကြိမ်အထိ တိုးမြှင့်ရန်လိုအပ်ပါက လွှတ်တော်သို့တင်ပြခြင်း၊

(ည) လွှတ်တော်က ဆုံးဖြတ်သည့်အခြားလုပ်ငန်း တာဝန်များကို တာဝန်ယူ ဆောင်ရွက်ခြင်း။

၁၁။ ဥပဒေကြမ်းများ၊ နည်းဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ နိုင်ငံတော်ကောင်စီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) မိမိသဘောအလျောက် လိုအပ်သည်ဟု ယူဆသော ဥပဒေကြမ်းများ၊ နည်းဥပဒေကြမ်းများကို အခြေခံဥပဒေနှင့်အညီ လွှတ်တော်သို့ တင်သွင်းခြင်း၊

(ခ) ဗဟိုအာဏာပိုင် အဖွဲ့အစည်းများက တင်သွင်းသော ဥပဒေကြမ်းများ၊ နည်းဥပဒေကြမ်းများကို လက်ခံ၍ သက်ဆိုင်ရာ လွှတ်တော် ရေးရာကော်မီတီ များ၏ သဘောထားများ၊ မှတ်ချက်များ၊အကြံပေးချက်များကို တောင်းခံရယူစိစစ်ခြင်း၊

(ဂ) မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ လူထုလူတန်းစား ဗဟို အဖွဲ့အစည်းများ၊ ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီများ၊ ဗဟိုအာဏာပိုင် အဖွဲ့ဝင်မဟုတ်သော လွှတ်တော် ကိုယ်စား လှယ်များက တင်သွင်းသော ဥပဒေကြမ်းများကို လက်ခံ၍ သက်ဆိုင်ရာ ဗဟိုအာဏာပိုင် အဖွဲ့အစည်းများ၊ လွှတ်တော် ရေးရာကော်မီတီများ၏ သဘောထားများ၊ မှတ်ချက်များ၊ အကြံပေးချက်များကို တောင်းခံရယူခြင်း၊

(ဃ) ဥပဒေကြမ်းတရပ် သို့မဟုတ် နည်းဥပဒေကြမ်းတရပ်အပေါ် တွင် ပြည်သူ့ဆန္ဒနှင့်သဘောထားများကို ရယူတောင်းခံရန် လိုအပ်လျှင် ပြဋ္ဌာန်းထားသော နည်းလမ်းများဖြင့် ပြည်သူ့ ဆန္ဒနှင့် သဘောထားများကို တောင်းခံရယူခြင်း၊

(င) ဗဟိုအာဏာပိုင် အဖွဲ့အစည်းများနှင့် လွှတ်တော်ရေးရာ ကော်မီတီများ၏ သဘောထားများ၊ မှတ်ချက်များ၊ အကြံ ပေးချက်များကို လည်းကောင်း၊ ပြည်သူ့ဆန္ဒ သဘောထား များကို လည်းကောင်း အခြေခံ၍ ဥပဒေကြမ်းများ၊ နည်း ဥပဒေကြမ်းများကို ပြင်ဆင်ရေးဆွဲခြင်း၊

(စ) ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ အဖွဲ့အစည်း များ၏ သဘောထားများ၊ မှတ်ချက်များ၊ အကြံပေးချက် များကိုရယူစိစစ်ပြီးနောက် လွှတ်တော်သို့ တင်သွင်းခြင်း၊

(ဆ) ဥပဒေကြမ်းတရပ် သို့မဟုတ် နည်းဥပဒေကြမ်း တရပ်ကို လွှတ်တော်သို့ တင်သွင်းရာ၌ မိမိ၏ သဘောထားနှင့် ကွဲလွဲ မှုများပါရှိလျှင် ယင်းသို့ ကွဲလွဲသောသဘောထား မှတ်ချက် များနှင့် အတူ လွှတ်တော်သို့ တင်ပြ၍ အဆုံး အဖြတ်ရ ယူခြင်း၊

(ဧ) ရှိရင်းစွဲ ဥပဒေများ၊ နည်းဥပဒေများကို အခြေခံ ဥပဒေနှင့် လိုက်လျောညီထွေ ရှိစေရန် ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းတို့ကို မိမိသဘောအလျောက် ဖြစ်စေ၊ သက်ဆိုင်ရာ ဗဟိုအာဏာပိုင် အဖွဲ့အစည်းများကတင်ပြလာသည့် အခါဖြစ်စေ အခြား ဗဟိုအာဏာပိုင် အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာ လွှတ်တော်ရေးရာ ကော်မီတီများအား စိစစ်ဆောင်ရွက်စေပြီး လွှတ်တော်သို့တင်သွင်း၍ အဆုံးအဖြတ်ရယူခြင်း၊

(ဈ) ရှိရင်းစွဲစည်းမျဉ်း ဥပဒေများ၊ စည်းကမ်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံး လုပ်နည်းများကို အခြေခံဥပဒေနှင့် လိုက်လျောညီထွေ ရှိစေရန်ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းတို့ကို မိမိသဘော အလျောက်ဖြစ်စေ၊ ဗဟိုအာဏာပိုင် အဖွဲ့အစည်း တရပ်ရပ်က တင်ပြလာသည့် အခါဖြစ်စေ လိုအပ်သလိုစိစစ်ဆောင်ရွက်ခြင်း။

၁၂။ နိုင်ငံတော်ကောင်စီသည်—

(က) အခြေခံဥပဒေ၏ အခြေခံမူများ၊ အနှစ်သာရများ၊ နိုင်ငံသားများ၏ မူလအခွင့်အရေးများ၊ တာဝန် ဝတ္တရားများနှင့် အခြေခံ ဥပဒေတွင်ပါရှိသော အခြားပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ကာကွယ်စောင့်ရှောက်ထိန်းသိမ်းရမည်၊

(ခ) ဗဟိုအာဏာပိုင် အဖွဲ့အစည်းများနှင့် ဝန်ထမ်း အဖွဲ့အစည်းများအား အခြေခံဥပဒေ၌ ပြဋ္ဌာန်းထားသော လုပ်ငန်းတာဝန်များကို အကောင်အထည် ဖော်စေရန် တာဝန်ယူရမည်၊

(ဂ) အခြေခံဥပဒေအရ နိုင်ငံသားတဦးဦး၏ လွတ်လပ်ခွင့်နှင့်ရပိုင်ခွင့်များ ထိပါးဆုံးရှုံးကြောင်း တင်ပြလာလျှင် လိုအပ်သလို အရေးယူဆောင်ရွက်ပေးရမည်။

၁၃။ (က) နိုင်ငံတော်ကောင်စီသည် ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ခြင်း မရှိသောဆုံးဖြတ်ချက်များ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံး လုပ်နည်းများ နှင့် ဆောင်ရွက်ချက်များကို လိုအပ်သလို ပြင်ဆင်ရန်၊ ပယ်ဖျက်ရန် သို့မဟုတ် ရုပ်သိမ်းရန် ဗဟိုအာဏာပိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းကာ လိုအပ်သော အမိန့်များကိုရေးဆွဲ၍ သက်ဆိုင်ရာ အဖွဲ့အစည်းများက လိုက်နာစေရန် ထုတ်ပြန်ရမည်၊

(ခ) ဗဟိုအာဏာပိုင် အဖွဲ့အစည်း တရပ်ရပ်က ထုတ်ပြန်သော ဆုံးဖြတ်ချက်၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက် သို့မဟုတ် လုပ်ထုံးလုပ်နည်းဖြစ်စေ၊ ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်း တရပ်ရပ်က ထုတ်ပြန်သော ဆုံးဖြတ်ချက်၊ အမိန့်၊ ညွှန်ကြားချက် သို့မဟုတ် လုပ်ထုံးလုပ်နည်းဖြစ်စေ၊ ဗဟို သို့မဟုတ် သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်း တရပ်ရပ်၏ ဆောင်ရွက်ချက်ဖြစ်စေ ဥပဒေ၊ နည်းဥပဒေများနှင့် ကိုက်ညီခြင်း မရှိကြောင်း တင်ပြလာပါက သို့မဟုတ် တွေ့ရှိရပါက၊ နိုင်ငံတော်ကောင်စီသည် ဗဟိုအာဏာပိုင် အဖွဲ့အစည်းများ၊ သက်ဆိုင်ရာ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာလွှတ်တော်ရေးရာ ကော်မီတီများ၏ သဘောထား မှတ်ချက်များကို တောင်းခံပြီးလျှင် ဥပဒေ၊ နည်းဥပဒေများနှင့် ကိုက်ညီခြင်း ရှိ မရှိကို ဆုံးဖြတ်ရမည်။ ကိုက်ညီခြင်းမရှိပါက ပယ်ဖျက်ရမည်။

၁၄။ (က) နိုင်ငံတော်ကောင်စီသည် ဥပဒေနှင့် နည်းဥပဒေများကိုအနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် အောက်ပါတို့ကို အခြေခံရမည်—

(၁) အခြေခံဥပဒေ၏ အခြေခံမူများ၊ ပြဋ္ဌာန်းချက်များနှင့်ကိုက်ညီစေရန်၊

(၂) နိုင်ငံတော်က ကျင့်သုံး နေသော ဆိုရှယ်လစ်စနစ်နှင့်ကိုက်ညီစေရန်၊

(၃) ပြည်သူ အကျိုးစီးပွားကို ကာကွယ် စောင့်ရှောက်စေရန်၊

(၄) ၁၉၇၃ ခုနှစ်၊ စကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေနှင့် ကိုက်ညီစေရန်၊

(၅) အနက် အဓိပ္ပာယ် ဖွင့်ဆိုချက်များ တညီတညွတ်တည်းဖြစ်စေရန်၊

(၆) အများပြည်သူ နားလည်နိုင်ရေးအတွက် တိကျပြတ်သားရှင်းလင်းစေရန်၊

(ခ) ဗဟိုအာဏာပိုင် အဖွဲ့အစည်း တရပ်ရပ်က သော်လည်းကောင်း၊ ပြည်သူ့ကောင်စီ အဆင့်ဆင့်မှ တဆင့် ပြည်သူများက သော်လည်းကောင်း၊ လူထုလူတန်းစား ဗဟိုအဖွဲ့အစည်းများက သော်လည်းကောင်း၊ ပြည်သူ ကိုယ်စားလှယ်များက သော်လည်းကောင်း အခြေခံဥပဒေမှအပအခြားရှိရင်းစွဲဥပဒေ၊ နည်းဥပဒေ တရပ်ရပ်ကို အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးရန် တင်ပြလာပါက နိုင်ငံတော် ကောင်စီသည် ဗဟိုအာဏာပိုင် အဖွဲ့အစည်းများနှင့်သက်ဆိုင်ရာ လွှတ်တော်ရေးရာ ကော်မီတီများ၏ သဘောထား မှတ်ချက်များကို တောင်းခံ၍ အနက်အဓိပ္ပာယ် ဖွင့်ဆိုပေးရမည်၊

(ဂ) နိုင်ငံတော်ကောင်စီသည် အနက် အဓိပ္ပာယ် ဖွင့်ဆိုချက်များကို နိုင်ငံတော်ပြန်တမ်းတွင် အများပြည်သူ သိရှိနိုင်ရန်ထုတ်ပြန်ကြေညာရမည်၊

(ဃ) နိုင်ငံတော်ကောင်စီ၏ အနက် အဓိပ္ပာယ် ဖွင့်ဆိုချက်သည်အပြီးအပြတ်အတည်ဖြစ်စေရမည်။

၁၅။ နိုင်ငံခြားဆက်ဆံရေးနှင့် ပတ်သက်၍ နိုင်ငံတော် ကောင်စီ၏လုပ်ငန်းတာဝန်များမှာအောက်ပါအတိုင်းဖြစ်သည်—

(က) နိုင်ငံတော်က ကျင့်သုံးသည့် နိုင်ငံခြားရေး ဝါဒကိုသက်ဆိုင်ရာဝန်ထမ်း အဖွဲ့အစည်းများက အကောင်အထည် ဖော်

ဆောင်ရွက်ခြင်းနှင့် ပတ်သက်ပြီး လွှတ်တော်၏ ဆုံးဖြတ်ချက်များနှင့်အညီ လေ့လာစိစစ်၍ လိုအပ်သလိုလမ်းညွှန်ခြင်း၊

(ခ) လွှတ်တော်၏ အတည်ပြုချက်ဖြင့် နိုင်ငံတကာနှင့်စာချုပ်များကိုချုပ်ဆိုခြင်း၊

(ဂ) နိုင်ငံတကာနှင့် ချုပ်ဆိုထားသော တည်ဆဲစာချုပ်များကို ပယ်ဖျက်ရန် သို့မဟုတ် စာချုပ်မှနုတ်ထွက်ရန် လိုအပ်သည့်အခါ လွှတ်တော်၏ အတည်ပြုချက်ကိုရယူပြီး ယင်းကဲ့သို့ ချုပ်ဆိုထားသော စာချုပ်တရပ်ရပ်ကို ပယ်ဖျက်ခြင်း သို့မဟုတ် စာချုပ်မှနုတ်ထွက်ခြင်း၊

(ဃ) နိုင်ငံတော်နှင့် အခြားနိုင်ငံတနိုင်ငံ ချုပ်ဆိုသော သဘောတူညီချက်များနှင့်ပတ်သက်၍ အဆုံးအဖြတ်ပေးခြင်း၊

(င) နိုင်ငံတော်နှင့် အခြားနိုင်ငံများ သံတမန်ဆက်သွယ်ခြင်း၊ ဖြတ်တောက်ခြင်း များနှင့် ပတ်သက်၍ အဆုံးအဖြတ်ပေးခြင်း၊

(စ) နိုင်ငံတော်သို့ နိုင်ငံခြားသံတမန်များ ခန့်အပ်စေလွှတ်ရန်အဆိုပြုချက်များနှင့်ပတ်သက်၍ အဆုံးအဖြတ်ပေးခြင်း၊

(ဆ) နိုင်ငံတော်သို့ ခန့်အပ်စေလွှတ်ထားသော နိုင်ငံခြား သံတမန်များကို ပြန်လည်ခေါ်ယူရေးအတွက် သက်ဆိုင်ရာအစိုးရသို့ အကြောင်းကြားရန် လိုအပ်သည့်အခါအဆုံးအဖြတ်ပေးခြင်း၊

(ဇ) နိုင်ငံခြားခေါင်းဆောင်များ၊ သံတမန်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင် တံဆိပ်များ ချီးမြှင့်ပေးအပ်လိုလျှင်သော်လည်းကောင်း၊ အခြားနိုင်ငံများ သို့မဟုတ် နိုင်ငံတကာ အဖွဲ့အစည်းများက နိုင်ငံတော်၏ခေါင်းဆောင်များ၊ သံတမန်များ၊ အခြားဝန်ထမ်းများအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ဂုဏ်ထူးဆောင်တံဆိပ်များချီးမြှင့်ပေးအပ်လာသည့်အခါတွင် သော်လည်းကောင်း အဆုံးအဖြတ်ပေးခြင်း၊

(ဈ) နိုင်ငံခြားသားများအားနိုင်ငံရေးခိုလှုံခွင့်ပေးခြင်းနှင့်ပတ်သက်၍ ဝန်ကြီးအဖွဲ့၏တင်ပြချက်များကို အဆုံးအဖြတ်ပေးခြင်း၊

(ည) နိုင်ငံခြား ဆက်ဆံရေးနှင့်ပတ်သက်၍ လိုအပ်သည်ဟုယူဆသော လမ်းညွှန်ချက်များ၊ ညွှန်ကြားချက်များကို အခါအားလျော်စွာ ဝန်ကြီးအဖွဲ့သို့ချမှတ်ပေးခြင်း။

၁၆။ (က) နိုင်ငံတော်ကောင်စီသည် အခြေခံဥပဒေပုဒ်မ ၇၄ နှင့်အညီ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်များကို ပြဋ္ဌာန်းနိုင်သည်၊

(ခ) (၁) နိုင်ငံတော်ကောင်စီမှ ထုတ်ပြန်ထားသော ဥပဒေကဲ့သို့ အာဏာ တည်သည့် အမိန့်တရပ်ရပ်ကို ရက်ပေါင်း ကိုးဆယ်အတွင်းကျင်းပသော အနီးကပ်ဆုံး လွှတ်တော် အစည်းအဝေးသို့ တင်ပြအတည်ပြုချက်ရယူရမည်။ လွှတ်တော် အစည်းအဝေး ကျင်းပချိန်မဟုတ်လျှင် လွှတ်တော် အရေးပေါ် အစည်းအဝေးခေါ်ယူကျင်းပ၍ အတည်ပြုချက်ရယူရမည်၊

(၂) ယင်းအမိန့်ကို လွှတ်တော်ကပယ်ဖျက်ပါက ပယ်ဖျက်သည့်နေ့တွင်ပင် ပျက်ပြယ်စေရမည်။

(၃) အမိန့်မပျက်ပြယ်မီ ယင်းအမိန့်အရ လုပ်ဆောင်ပြီးစီးခဲ့သမျှသည် တရားဝင်အတည် ဖြစ်စေရမည်။

၁၇။ နိုင်ငံတော်ကောင်စီသည်——

(က) နိုင်ငံ၏ ဒေသအချို့တွင် သော်လည်းကောင်း၊ နိုင်ငံတဝန်းလုံးတွင်သော်လည်းကောင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် အရေးပေါ်အခြေအနေ ပေါ်ပေါက်လျှင်အခြေခံဥပဒေပုဒ်မ ၇၆ နှင့်အညီ စစ်အုပ်ချုပ်ရေး ဥပဒေကိုထုတ်ပြန်နိုင်သည်။ လိုအပ်သောစစ်စည်းရုံးခြင်းကိုလည်းပြုလုပ်နိုင်သည်။ ယင်းဆောင်ရွက်ချက်ကို အနီးကပ်ဆုံး လွှတ်တော်အစည်းအဝေးသို့တင်ပြ၍ အတည်ပြုချက်ရယူရမည်၊

(ခ) နိုင်ငံတော်ကို ကျူးကျော် တိုက်ခိုက်ခြင်းခံရလျှင် လွှတ်တော် အရေးပေါ်အစည်းအဝေးခေါ်ယူကျင်းပရန် လုံးဝမဖြစ်နိုင်သည့် အခြေအနေမျိုးတွင် သော်လည်းကောင်း၊ လွှတ်တော်အစည်း အဝေးခေါ်ယူကျင်းပသည့်အထိ စောင့်ဆိုင်းရန် အချိန်မရလျှင် သော်လည်းကောင်း အခြေခံ ဥပဒေပုဒ်မ ၇၅ နှင့်အညီ စစ်ရေး အရ လိုအပ်သလိုဆောင်ရွက်နိုင်သည်။ ယင်းဆောင်ရွက်ချက်ကို အနီးကပ်ဆုံး လွှတ်တော်အစည်းအဝေးသို့တင်ပြ၍ အတည်ပြု ချက်ရယူရမည်၊

(ဂ) လွှတ်တော်အစည်းအဝေးကျင်းပနေစဉ်တွင် စစ်ကြေညာခြင်း သို့မဟုတ် စစ်ပြေငြိမ်းခြင်းတို့ကို ဆောင်ရွက်ရန်လိုအပ်သည်ဟု ယူဆပါက လွှတ်တော်သို့တင်ပြ၍ အဆုံးအဖြတ်ရယူရမည်၊

(ဃ) လွှတ်တော် အစည်းအဝေး ကျင်းပဆဲ မဟုတ်သောအချိန်တွင် စစ်ကြေညာခြင်း သို့မဟုတ် စစ်ပြေငြိမ်းခြင်းတို့ကို ဆောင် ရွက်ရန် လိုအပ်သည်ဟု ယူဆလျှင် ယင်းကိစ္စအတွက် လွှတ် တော်အရေးပေါ် အစည်းအဝေးကို ခေါ်ယူကျင်းပပေးရမည်၊

(င) နိုင်ငံတော် ကာကွယ်ရေးနှင့်ပတ်သက်၍ အခြေခံမူဝါဒများကို မိမိသဘောအလျောက် သော်လည်းကောင်း၊ ဝန်ကြီးအဖွဲ့ သို့မဟုတ် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးရာကော်မီတီ၏ တင်ပြချက်အရ သော်လည်းကောင်း ဆုံးဖြတ်ချက်ချမှတ်၍ လိုအပ်သလိုလမ်းညွှန်နိုင်သည်။

၁၈။ နိုင်ငံတော်ကောင်စီသည်––

(က) ပြည်သူ့ကောင်စီတရပ်ရပ်ကို ရွေးချယ် တင်မြှောက်ရန် အခြေ အနေမရှိသေးလျှင် အခြေခံဥပဒေပုဒ်မ ၁၈၅ နှင့်အညီ ဆောင် ရွက်ရမည်၊

(ခ) ပြည်သူ့ကောင်စီတရပ်ရပ်ကို သက်တမ်း မကုန်ဆုံးမီဖျက်သိမ်း ခဲ့လျှင် အခြေခံဥပဒေ ပုဒ်မ ၁၈၃ နှင့်အညီ ဆောင်ရွက်ရမည်၊

၁၉။ နိုင်ငံတော် ကောင်စီသည် အောက်ပါအကြောင်း တရပ်ရပ်ကြောင့် လွှတ်တော် သို့မဟုတ် ပြည်သူ့ကောင်စီများ၏သက်တမ်းကို တကြိမ်လျှင် ၆ လ ဖြင့် ၃ ကြိမ်အထိ တိုးမြှင့်ပေးရန် လွှတ်တော်သို့ တင်ပြနိုင်သည်—

(က) နိုင်ငံတဝန်းလုံး သို့မဟုတ်နိုင်ငံ၏ ဒေသအချို့တွင် အရေးပေါ် အခြေအနေကြေညာထားခြင်း၊

(ခ) စစ်ဘေး အန္တရာယ်များကြောင့်သော်လည်းကောင်း၊ သဘာဝ ဘေးအန္တရာယ်များကြောင့်သော်လည်းကောင်း၊လုံခြုံရေးအခြေ အနေများကြောင့် သော်လည်းကောင်း ရွေးချယ်တင်မြှောက် ပွဲကျင်းပရန်မဖြစ်နိုင်ခြင်း၊

(ဂ) လွှတ်တော်က ဖွဲ့စည်း တာဝန်ပေးအပ်ထားသောရွေးချယ် တင် မြှောက်ပွဲ ကျင်းပရေး ကော်မီရှင်ကနိုင်ငံတဝန်းလုံး သို့မဟုတ် နိုင်ငံ၏ဒေသအချို့တွင်ရွေးချယ် တင်မြှောက်ပွဲများ ကျင်းပရန် မဖြစ်နိုင်သည့်အခြေအနေ ရှိနေကြောင်း တင်ပြခြင်း။

၂၀။ နိုင်ငံတော်ကောင်စီသည် မိမိ သဘောအလျောက်သော် လည်းကောင်း၊ ဗဟိုအာဏာပိုင် အဖွဲ့အစည်းတရပ်ရပ်၏ တင်ပြချက်အရ သော်လည်းကောင်း ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ပြဋ္ဌာန်းခြင်း၊အပ်နှင်း ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းပြုလုပ်နိုင်သည်။

၂၁။ နိုင်ငံတော်ကောင်စီသည် လွှတ်တော်၏ဆုံးဖြတ်ချက်အရ သော်လည်း ကောင်း၊ မိမိ သဘောအရ သော်လည်းကောင်း၊ ဗဟိုအာဏာပိုင်အဖွဲ့အစည်း တရပ်ရပ်မှ တင်ပြချက်အရ သော်လည်းကောင်း လွတ်ငြိမ်းချမ်းသာခွင့် ပေး နိုင်သည်။

၂၂။ နိုင်ငံတော်ကောင်စီသည် မိမိ၏ လုပ်ငန်းတာဝန်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် စုံစမ်းရေးအဖွဲ့များကို ဖွဲ့စည်းခြင်း၊ အခြားအဖွဲ့ အစည်းများကို ဖွဲ့စည်းခြင်း၊ ယင်းတို့၏တာဝန်နှင့် လုပ်ပိုင်ခွင့်များသတ်မှတ် ပေးခြင်းတို့ကို ပြုလုပ်နိုင်သည်။

၂၃။ နိုင်ငံတော်ကောင်စီသည် လုပ်ငန်းသဘောအရလည်းကောင်း၊ အခြေအနေအရလည်းကောင်း မည်သည့်ပြည်သူ့ကောင်စီနှင့်မဆို တိုက်ရိုက်ဆက်သွယ်နိုင်သည်။

၂၄။ နိုင်ငံတော်ကောင်စီဝင်များ၊ ဗဟိုအာဏာပိုင် အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ပြည်ပသို့ ခရီးထွက်ခွါခွင့်တောင်းခံခြင်းကို နိုင်ငံတော်ကောင်စီသည် လိုအပ်သလို လက်ခံစိစစ်၍ သဘောတူညီချက်ပေးနိုင်သည်။

အခန်း (၄)

နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ

၂၅။ နိုင်ငံတော် ကောင်စီဥက္ကဋ္ဌ၏ တာဝန်နှင့် လုပ်ပိုင်ခွင့် များမှာအောက်ပါအတိုင်း ဖြစ်သည်—

(က) နိုင်ငံတော်ကောင်စီ အစည်းအဝေးများကို လိုအပ်သည့်အခါ ခေါ်ယူကျင်းပခြင်း၊

(ခ) နိုင်ငံတော် ကောင်စီ အစည်းအဝေး အစီအစဉ်များကို နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးနှင့် ညှိနှိုင်းဆုံးဖြတ် အတည်ပြုခြင်း၊

(ဂ) နိုင်ငံတော်ကောင်စီ အစည်းအဝေးများ၌ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ အစည်းအဝေးများကို ဦးဆောင်ခြင်း၊

(ဃ) နိုင်ငံတော် ကောင်စီဝင်များ၏ လုပ်ငန်းတာဝန်များကိုဦးဆောင်ညှိနှိုင်းပေးခြင်း၊

(င) လွှတ်တော်က ပြဋ္ဌာန်းသောဥပဒေများ၊ နည်းဥပဒေများနှင့် ဆုံးဖြတ်ချက်များကို လက်မှတ်ရေးထိုး၍ထုတ်ပြန်ခြင်း၊

(စ) နိုင်ငံတော် ကောင်စီက ထုတ်ပြန်သော အမိန့်များကို လက်မှတ်ရေးထိုး၍ ထုတ်ပြန်ခြင်း၊

(ဆ) လွှတ်တော်သို့တင်ပြရန် လိုအပ်သည်ဟု ယူဆသည့်ကိစ္စရပ်များ ကို လွှတ်တော်သို့တင်ပြအစီရင်ခံခြင်း။

၂၆။ နိုင်ငံတော်ကောင်စီဥက္ကဋ္ဌသည် နိုင်ငံတော်ကောင်စီ၏ ဆန္ဒဖြင့်ပြည်ပသို့ ခရီးသွား နေချိန်တွင် နိုင်ငံတော် ကောင်စီ အတွင်းရေးမှူးသည် နိုင်ငံတော် ကောင်စီဥက္ကဋ္ဌ၏ တာဝန်ဝတ်တရားများကို ယာယီပူးတွဲ ထမ်းဆောင်ရမည်။

၂၇။ နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌသည် နိုင်ငံတော်သမ္မတအဖြစ် အောက်ပါ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရမည်—

(က) နိုင်ငံတော်၏ အကြီးအကဲအဖြစ် ဆောင်ရွက်ခြင်း၊

(ခ) နိုင်ငံတော်ကို ကိုယ်စားပြုခြင်း၊

(ဂ) နိုင်ငံခြား သံအမတ်ကြီးများ၏ ခန့်အပ်လွှာကို လက်ခံခြင်း၊

(ဃ) နိုင်ငံတော်၏ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင် တံဆိပ်များ ကို နိုင်ငံတော်ကောင်စီ ကိုယ်စား ကြေညာခြင်း၊အပ်နှင်းခြင်း၊

(င) လိုအပ်သောသဝဏ်လွှာများ ပေးပို့ခြင်း၊

(စ) နိုင်ငံတော်အခမ်းအနားများတွင် ဦးဆောင်ခြင်း၊ လိုအပ်ပါက မိန့်ခွန်းများ မိန့်ကြားခြင်း။

အခန်း (၅)

နိုင်ငံတော်ကောင်စီအတွင်းရေးမှူး

၂၈။ နိုင်ငံတော်ကောင်စီ အတွင်းရေးမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်—

(က) နိုင်ငံတော်ကောင်စီ အစည်းအဝေး အစီအစဉ်များကို နိုင်ငံတော် ကောင်စီ ဥက္ကဋ္ဌ၏ သဘော တူညီချက်ဖြင့်ရေးဆွဲခြင်း၊

(ခ) နိုင်ငံတော်ကောင်စီ အစည်းအဝေးများကို နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌ၏ သဘောတူညီမှုဖြင့် ခေါ်ယူကျင်းပခြင်း၊

(ဂ) နိုင်ငံတော် ကောင်စီ၏ ဆုံးဖြတ်ချက် များကို တာဝန်ယူ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဃ) လွှတ်တော်ရုံးနှင့် နိုင်ငံတော်ကောင်စီ ရုံးတို့ကို ကြီးကြပ် ကွပ်ကဲခြင်း၊

(င) နိုင်ငံတော် ကောင်စီဥက္ကဋ္ဌသည် တစုံတခုသော အကြောင်း ကြောင့် ယာယီအားဖြင့် တာဝန်ထမ်းဆောင်ခြင်း မပြုနိုင်သည့် အခါတွင် နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ၏ တာဝန်ကို ယာယီ ပူးတွဲထမ်းဆောင်ခြင်း၊

(စ) နိုင်ငံတော်ကောင်စီအား ဗဟိုအာဏာပိုင် အဖွဲ့အစည်းများနှင့် လည်းကောင်း၊ လွှတ်တော် အဖွဲ့အစည်းများနှင့် လည်းကောင်း ညှိနှိုင်းဆက်သွယ်ပေးခြင်း၊

(ဆ) အခြေခံဥပဒေပုဒ်မ ၇၇ အရ ဆောင်ရွက်ရန်လိုအပ်လျှင် စုစည်းနိုင်သမျှသော လွှတ်တော် ကိုယ်စားလှယ်များကို ဖိတ်ခေါ် စုစည်းခြင်း၊

(ဇ) နိုင်ငံတော်ကောင်စီမှ ဆုံးဖြတ်ရန် လိုအပ်သည်ဟု ယူဆသော ကိစ္စရပ်များကို တင်ပြခြင်း၊

(ဈ) နိုင်ငံတော် ကောင်စီ၏ ဆောင်ရွက်ချက်များကို လွှတ်တော် အစည်းအဝေးများသို့ အစီရင်ခံနိုင်ရန် လိုအပ်သလို စီစဉ် ဆောင်ရွက်ခြင်း၊

(ည) နိုင်ငံတော် ကောင်စီက ပေးအပ်သော အခြား တာဝန်များကို ဆောင်ရွက်ခြင်း။

၂၉။ နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးသည် အကြောင်း တစုံတရာကြောင့် ယာယီအားဖြင့် တာဝန်ထမ်းဆောင်ခြင်း မပြုနိုင်လျှင် နိုင်ငံတော် ကောင်စီဝင်များသည် ဝန်ကြီးချုပ်မှအပ မိမိတို့အထဲမှ တဦးဦးအား နိုင်ငံတော်ကောင်စီ အတွင်းရေးမှူး၏ တာဝန်ကို ယာယီပူးတွဲထမ်းဆောင်စေရန် ရွေးချယ် တာဝန် ပေးအပ်ရမည်။

အခန်း (၆)

နိုင်ငံတော်ကောင်စီဝင်များအား တာဝန်ခွဲဝေသတ်မှတ်ပေးခြင်း

၃၀။ နိုင်ငံတော် ကောင်စီက တာဝန်ယူမည့် ကိစ္စရပ်များကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော် ကောင်စီ ဥက္ကဋ္ဌသည် နိုင်ငံတော်ကောင်စီဝင်များအား အောက်ပါ ကဏ္ဍအသီးသီးအလိုက် လေ့လာ တင်ပြနိုင်ရန် ခွဲဝေတာဝန်ပေးအပ်ရမည်—

(က) စီးပွားရေးရာ ကဏ္ဍ၊
(ခ) လူမှုရေးရာ ကဏ္ဍ၊
(ဂ) ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးရာ ကဏ္ဍ၊
(ဃ) တရားဥပဒေရေးရာ ကဏ္ဍ၊
(င) ပြည်သူ့လုပ်ငန်း စစ်ဆေးရေးရာ ကဏ္ဍ။

၃၁။ (က) ကဏ္ဍအလိုက် တာဝန်ယူလေ့လာရမည့် နိုင်ငံတော်ကောင်စီဝင်များသည် မိမိတို့ကဏ္ဍနှင့်ပတ်သက်၍ မူဝါဒ ချမှတ်သင့်သည့် ကိစ္စရပ်များ၊ အကောင်အထည်ဖော်သင့်သည့် လုပ်ငန်းရပ်များနှင့် အခြား အကြံပေးချက် များကို နိုင်ငံတော် ကောင်စီသို့ တင်ပြအထောက်အကူ ပြုရမည်၊

(ခ) စီးပွားရေးရာ ကဏ္ဍတွင် ဘဏ္ဍာရေး၊ အမျိုးသား စီမံကိန်း၊ သမဝါယမ၊ လယ်ယာနှင့် သစ်တောရေးရာ၊ကုန်သွယ်ရောင်းဝယ်ရေးရာ၊ စက်မှုလက်မှု နှင့် သယံဇာတပစ္စည်းရေးရာ၊ ဆောက်လုပ်ရေးနှင့် သယ်ယူပို့ဆောင်ရေးရာ၊သိပ္ပံနှင့် နည်းပညာရေးရာ တို့ကို လေ့လာရမည်၊

(ဂ) လူမှုရေးရာ ကဏ္ဍတွင် လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုနှင့် တိုင်းရင်းသား လူမျိုးများ ရေးရာတို့ကိုလေ့လာရမည်၊

(ဃ) ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးရာကဏ္ဍတွင် နိုင်ငံခြားရေး၊ ကာကွယ်ရေး၊ ပြည်ထဲရေးနှင့် ပြန်ကြားရေးကိစ္စများ၊ ပြည်သူ့ကောင်စီများနှင့်ပတ်သက်သည့် အရေးကိစ္စများကို လေ့လာရမည်၊

(င) တရား ဥပဒေရေးရာ ကဏ္ဍတွင် ပြည်သူ့ တရားသူကြီး အဖွဲ့နှင့် ပြည်သူ့ ဥပဒေ အကျိုးဆောင် အဖွဲ့များ၏ လုပ်ငန်းများနှင့် ဥပဒေရေးရာ ကိစ္စများကို လေ့လာရမည်၊

(စ) ပြည်သူ့ လုပ်ငန်း စစ်ဆေးရေးရာ ကဏ္ဍတွင် ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့၏ လုပ်ငန်းများနှင့် ပြည်သူ့လုပ်ငန်း စစ်ဆေးရေးရာ ကိစ္စရပ်များကို လေ့လာရမည်။

၄၂။ (က) နိုင်ငံတော် ကောင်စီဝင်များအား ကဏ္ဍအလိုက် တာဝန်ခွဲဝေပေးအပ်ထားသော်လည်း နိုင်ငံတော်ကောင်စီဥက္ကဋ္ဌသည် နိုင်ငံတော်ကောင်စီဝင် အသီးသီး၏ တာဝန်များကို ပြောင်းလဲသတ်မှတ်နိုင်သည်၊

(ခ) နိုင်ငံတော် ကောင်စီဝင်များအား ကဏ္ဍအလိုက် တာဝန်ခွဲဝေပေးအပ်ထားသော်လည်း နိုင်ငံတော် ကောင်စီ၏ လုပ်ဆောင်ချက် ဟူသမျှသည် နိုင်ငံတော် ကောင်စီဝင်များ၏ စုပေါင်းတာဝန်ဖြစ်သည်။

အခန်း (၇)

နိုင်ငံတော်ကောင်စီဝင်များ၏ တာဝန်များ၊ ကျင့်ဝတ်နှင့် စည်းကမ်းများ

၃၃။ နိုင်ငံတော် ကောင်စီဝင်များ၏ တာဝန်များမှာ အောက်ပါ အတိုင်း ဖြစ်သည်—

(က) အခြေခံ ဥပဒေနှင့်အညီ နိုင်ငံတော်ကောင်စီက တာဝန်ယူ ဆောင်ရွက်ရမည့် တာဝန် ဝတ္တရားများကို စုပေါင်း တာဝန် ယူခြင်း၊

(ခ) ပြည်သူ့ လွှတ်တော်ဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့် လွှတ်တော် ကိုယ်စားလှယ်များ၏ တာဝန် များကို ထမ်းဆောင်ခြင်း၊

(ဂ) နိုင်ငံတော် ကောင်စီ အစည်းအဝေးများကို မပျက်မကွက် တက်ရောက်ရန်၊ မတက်ရောက်နိုင်သည့်အခါ ခွင့်ပန်ရန်၊ ယင်း အစည်းအဝေး များ၌ ဆွေးနွေးမည့် ကိစ္စရပ်များ၊ ချမှတ်မည့် ဆုံးဖြတ်ချက်များကို စဉ်ဆက်မပြတ် လေ့လာ၍ ပါဝင် တင်ပြခြင်း၊

(ဃ) မိမိတို့အား တာဝန် ခွဲဝေ ပေးအပ်ထားသည့် ကဏ္ဍအလိုက် စဉ်ဆက်မပြတ်လေ့လာ၍ နိုင်ငံတော်ကောင်စီသို့ တင်ပြခြင်း။

(င) နိုင်ငံတော်ကောင်စီက ပေးအပ်သော အခြား တာဝန်ထမ်းဆောင်ခြင်း။

၃၄။ နိုင်ငံတော် ကောင်စီဝင်များသည် အောက်ပါ ကျင့်ဝတ်နှင့်စည်းကမ်းများကို လိုက်နာစောင့်ထိန်းရမည်—

(က) နိုင်ငံတဝန်းလုံးနှင့် နိုင်ငံသား အားလုံး၏ အကျိုးစီးပွားကို ဦးတည်၍ ဆောင်ရွက်ရမည်၊

(ခ) မိမိတို့၏ ဆောင်ရွက်ချက်များကို နိုင်ငံတော်ကောင်စီသို့ အစီရင်ခံရမည်၊

(ဂ) နိုင်ငံတော် ကောင်စီ၏ ဆုံးဖြတ်ချက်များနှင့် အစည်းအဝေးမှတ်တမ်းများကို ထုတ်ပြန် ကြေညာခြင်း မပြုသေး သရွေ့ နိုင်ငံတော်၏ လျှို့ဝှက်ချက်များအဖြစ် ထိန်းသိမ်းစောင့်ရှောက်ရမည်။

အခန်း (၈)

နိုင်ငံတော်ကောင်စီအစည်းအဝေးများ

၃၅။ နိုင်ငံတော်ကောင်စီ၏ ပုံမှန်အစည်းအဝေးကို တလလျှင် အနည်းဆုံး ၂ ကြိမ်ကျင်းပရမည်။

၃၆။ နိုင်ငံတော် ကောင်စီဥက္ကဋ္ဌက ဆုံးဖြတ်လျှင် သော်လည်းကောင်း၊ နိုင်ငံတော်ကောင်စီဝင် အနည်းဆုံး ၉ ဦးက တင်ပြလျှင် သော်လည်းကောင်း နိုင်ငံတော်ကောင်စီ၏ အထူးအစည်းအဝေးကို နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်ကောင်စီအတွင်းရေးမှူးက ခေါ်ယူကျင်းပပေးရမည်။

၃၇။ (က) နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးသည် နိုင်ငံတော် ကောင်စီ ဥက္ကဋ္ဌ၏ ညွှန်ကြားချက်အရ သော်လည်းကောင်း၊ သက်ဆိုင်ရာ အဖွဲ့အစည်းများက မိမိအား တင်ပြချက်ကို နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌထံမှ သဘောတူညီချက် ရယူပြီး၍ သော်လည်းကောင်း အစည်းအဝေး အစီအစဉ်များကိုရေးဆွဲရမည်၊

(ခ) နိုင်ငံတော် ကောင်စီဝင်များသည် အစည်းအဝေးအစီအစဉ်တွင် ထည့်သွင်းလိုသော ကိစ္စများကို နိုင်ငံတော်ကောင်စီ အတွင်း

ရေးမှူးထံ ကြိုတင်အကြောင်းကြားနိုင်သည်။ ယင်းကိစ္စများကို နိုင်ငံတော်ကောင်စီ-အတွင်းရေးမှူးက နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ၏ သဘောတူညီချက်ရယူပြီးလျှင် အစည်းအဝေး အစီအစဉ်တွင် ထည့်သွင်းပေးရမည်။

၃၈။ (က) ပုံမှန်အစည်းအဝေးများသို့ တက်ရောက်ရန် ဖိတ်ကြားချက်ကို အစည်းအဝေးအစီအစဉ်နှင့် သက်ဆိုင်ရာစာရွက်စာတမ်းများပါ ပူးတွဲ၍ နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးက နိုင်ငံတော်ကောင်စီဝင်များထံသို့ ကြိုတင်ပေးပို့ရမည်၊

(ခ) အစည်းအဝေးမှတ်တမ်းများကို နိုင်ငံတော်ကောင်စီရုံးမှ လိုအပ်သလို မှတ်တမ်းတင်ထားရမည်။

၃၉။ (က) နိုင်ငံတော် ကောင်စီဥက္ကဋ္ဌသည် နိုင်ငံတော်ကောင်စီ အစည်းအဝေးတွင် ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ နိုင်ငံတော် ကောင်စီ အတွင်းရေးမှူးသည် အတွင်းရေးမှူး အဖြစ် လည်းကောင်း ဆောင်ရွက်ရမည်၊

(ခ) နိုင်ငံတော် ကောင်စီဥက္ကဋ္ဌသည် အစည်းအဝေး မတက်ရောက်နိုင်ပါက နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည်။ နိုင်ငံတော် ကောင်စီ အတွင်းရေးမှူးသည် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရသည့်အခါတွင် နိုင်ငံတော် ကောင်စီဝင်များသည် မိမိတို့အထဲမှ တဦးဦးကို နိုင်ငံတော်ကောင်စီ အစည်းအဝေးတွင် အတွင်းရေးမှူး အဖြစ် ဆောင်ရွက်ရန် ရွေးချယ် တာဝန် ပေးအပ်ရမည်၊

(ဂ) နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးသည် အစည်းအဝေးမတက်ရောက်နိုင်ပါက နိုင်ငံတော် ကောင်စီဝင်များသည် မိမိတို့အထဲမှ တဦးဦးကို နိုင်ငံတော်ကောင်စီအစည်းအဝေးတွင် အတွင်းရေးမှူး အဖြစ်ဆောင်ရွက်ရန် ရွေးချယ်တာဝန်ပေးအပ်ရမည်။

၄၀။ (က) နိုင်ငံတော် ကောင်စီဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော် ကောင်စီ အတွင်းရေးမှူး တဦးဦး အပါအဝင် နိုင်ငံတော် ကောင်စီဝင်

နှစ်ဆယ့်တဦး တက်ရောက်မှ သာလျှင် အစည်းအဝေး အထမြောက်သည်၊

(ခ) တာဝန်မှ ပြန်လည် ရုပ်သိမ်းခြင်းကြောင့် ဖြစ်စေ၊ အခြားအကြောင်းကြောင့် ဖြစ်စေ နိုင်ငံတော် ကောင်စီဝင် နေရာလစ်လပ်နေသောမှု ပုဒ်မခွဲ(က) အရ အစည်းအဝေး အထမြောက်လျှင် ယင်း အစည်းအဝေး သည် တရားဝင် အတည်ဖြစ်သည်။

၄၁။ (က) နိုင်ငံတော်ကောင်စီအစည်းအဝေး၌ ဆုံးဖြတ်ချက်ချမှတ်ရာတွင် နိုင်ငံတော်ကောင်စီဝင်အားလုံး၏ သဘောတူညီချက်ကို ရရှိနိုင်ရန် ဦးတည်ကြိုးပမ်းရမည်၊

(ခ) နိုင်ငံတော်ကောင်စီ အစည်းအဝေးတွင် ချမှတ်ပြီးသောဆုံးဖြတ်ချက်ကို နိုင်ငံတော် ကောင်စီဝင် အားလုံးကလိုက်နာ ဆောင်ရွက်ရမည်။

၄၂။ (က) နိုင်ငံတော်ကောင်စီ အစည်းအဝေး၏ဆုံးဖြတ်ချက်နှင့် မှတ်တမ်းကို နိုင်ငံတော် ကောင်စီ အတွင်းရေးမှူးက လက်မှတ်ရေးထိုး၍ လိုအပ်သလို ဖြန့်ဝေရမည်၊

(ခ) နိုင်ငံတော်ကောင်စီ အစည်းအဝေးမှတ်တမ်းကို နောက်တကြိမ် အစည်းအဝေးတွင် အတည်ပြုချက် ရယူရမည်။

အခန်း (၉)

အထွေထွေ

၄၃။ နိုင်ငံတော် ကောင်စီဝင်များသည် မိမိတို့၏ လစာ၊ စရိတ်ကြေးငွေနှင့် အခြား တရားဝင်ခံစားခွင့်များမှအပ အခြား လစာ၊ စရိတ်ကြေးငွေများကို ခံစားခွင့် မရှိစေရ။ မိမိအတွက် အခြားအကျိုးအမြတ်ရရှိသည့် မည်သည့်ရာထူး ဌာနန္တရကိုလည်းကောင်း၊ စီးပွားရေးလုပ်ငန်းကိုလည်းကောင်း လုပ်ကိုင်ဆောင် ရွက်ခြင်း မပြုရ။

၄၄။ နိုင်ငံတော် ကောင်စီသည် ရန်ကုန်မြို့တော်တွင် ရုံးစိုက်ရမည်။ သို့ရာ တွင် နိုင်ငံတော်ကောင်စီ၏ ဆုံးဖြတ်ချက်အရ အခြားသင့်လျော်သည့် နေရာ၌ လည်း စည်းဝေးဆောင်ရွက်နိုင်သည်။

၄၅။ (က) နိုင်ငံတော်ကောင်စီ၏ ရုံးလုပ်ငန်းအဝဝ တို့ကို တာဝန်ယူဆောင် ရွက်ရန် နိုင်ငံတော်ကောင်စီရုံးကို ဖွဲ့စည်းထားရှိရမည်၊

(ခ) နိုင်ငံတော်ကောင်စီရုံး၏ဖွဲ့စည်းပုံ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ ကို သီးခြားသတ်မှတ်ပေးရမည်။

၄၆။ နိုင်ငံတော် ကောင်စီသည် လွှတ်တော်ရုံး၊ နိုင်ငံတော် ကောင်စီရုံး နှင့် နိုင်ငံတော်သမ္မတရုံးတို့၏ နှစ်စဉ် ရ သုံးခန့်မှန်းခြေငွေစာရင်းတို့ကို နိုင်ငံတော် ၏ ရ သုံးခန့်မှန်းခြေငွေစာရင်း တွင် ထည့်သွင်းနိုင်ရန် အချိန်မီ ပြုစု ဆောင်ရွက် ရမည်။

ဝန်ကြီးအဖွဲ့ဥပဒေ

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ			စာမျက်နှာ
၁	နိဒါန်း	....	....	၁
၂	အခန်း (၁) အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်	....	....	၂
၃	အခန်း (၂) ဖွဲ့စည်းခြင်းနှင့်ရည်ရွယ်ချက်	....	....	၃
၄	အခန်း (၃) ဝန်ကြီးအဖွဲ့၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ	....	....	၅
၅	အခန်း (၄) ဝန်ကြီးချုပ်	....	....	၁၁
၆	အခန်း (၅) ဒုတိယဝန်ကြီးချုပ်များ	....	....	၁၃

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ			စာမျက်နှာ
၇	အခန်း (၆)	....	....	၁၅
	ဝန်ကြီးများ			
၈	အခန်း (၇)	...	....	၁၈
	ဒုတိယဝန်ကြီးများ			
၉	အခန်း (၈)	....	....	၂၁
	ဝန်ကြီးအဖွဲ့သို့ တင်သွင်း၍ အဆုံးအဖြတ်ရယူရမည့် ကိစ္စများ			
၁၀	အခန်း (၉)	....	....	၂၅
	ဝန်ကြီးအဖွဲ့ အစည်းအဝေးများ			
၁၁	အခန်း (၁၀)	....	....	၂၇
	အထွေထွေ			

ဝန်ကြီးအဖွဲ့ဥပဒေ

[၁၉၇၄ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၁၁]

နိဒါန်း

အခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ပြည်သူ့လွှတ်တော်က ပြဋ္ဌာန်းသည့်ဥပဒေများ၊ နည်းဥပဒေများ၊ ဆုံးဖြတ်ချက်များနှင့်အညီ ဝန်ကြီးအဖွဲ့က ပြည်သူ့ရေးရာ စီမံခန့်ခွဲရေး ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် လည်းကောင်း၊ နိုင်ငံတော်၏ စီးပွားရေး စီမံကိန်းများကို ကြီးကြပ် အကောင်အထည် ဖော်နိုင်ရန်လည်းကောင်း၊ ရ-သုံးခန့်မှန်းခြေ ငွေစာရင်းကို တာဝန်ယူ ဆောင်ရွက်ရန် လည်းကောင်း၊ ဝန်ကြီးဌာနများ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲရေး အဖွဲ့အစည်းများနှင့် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ အဆင့်ဆင့်ကို လမ်းညွှန်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ ဆက်သွယ်ပေးခြင်းများ ပြုလုပ်ရန် လည်းကောင်း ဝန်ကြီးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ပြဋ္ဌာန်းရန်လိုအပ်သည့်အားလျော်စွာ ပြည်သူ့လွှတ်တော်သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)

အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ဝန်ကြီးအဖွဲ့ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါ စကားရပ်များသည် ဖော်ပြပါ အတိုင်းအဓိပ္ပာယ်သက်ရောက်စေရမည်—

(က) လွှတ်တော် ဆိုသည်မှာ ပြည်သူ့လွှတ်တော်ကိုဆိုသည်၊

(ခ) လွှတ်တော် အဖွဲ့အစည်းများ ဆိုသည်မှာ လွှတ်တော်ရေးရာ ကော်မီတီများနှင့် လွှတ်တော်မှ ဖွဲ့စည်းထားသော ကော်မရှင်များနှင့် ကော်မီတီများကိုဆိုသည်၊

(ဂ) ဝန်ထမ်းအဖွဲ့အစည်းများဆိုသည်မှာ နိုင်ငံတော်၏ ကာကွယ်ရေး စီမံခန့်ခွဲရေး၊ စီးပွားရေး၊ လူမှုရေးစသည့် ကိစ္စအဝဝအတွက် တာဝန်ထမ်းဆောင်ရန် ခန့်အပ်ထားသော ဗဟိုနှင့်ဒေသဆိုင်ရာ ဝန်ထမ်း အဖွဲ့အစည်း များကိုဆိုသည်၊

(ဃ) ဝန်ကြီးဌာနဆိုသည်မှာ ဝန်ကြီးဌာနရှိ ဝန်ကြီးရုံး၊ ဦးစီးဌာန များ၊ ဘုတ်အဖွဲ့များ၊ ကော်ပိုရေးရှင်းများနှင့် အခြား အဖွဲ့ အစည်းများကို ဆိုသည်။

အခန်း (၂)

ဖွဲ့စည်းခြင်းနှင့် ရည်ရွယ်ချက်

၃။ (က) ဝန်ကြီးအဖွဲ့ကို အခြေခံဥပဒေပုဒ်မ ၈၂ တွင် ပြဋ္ဌာန်းထားသည့် အတိုင်း ရွေးချယ်ဖွဲ့စည်းရမည်၊

(ခ) ဝန်ကြီးအဖွဲ့၏ သက်တမ်းသည် လွှတ်တော်၏သက်တမ်းနှင့်အညီ ဖြစ်သည်၊ ဝန်ကြီးအဖွဲ့သည်လွှတ်တော်သက်တမ်း ကုန်ဆုံးသည့် အခါ ဝန်ကြီးအဖွဲ့အသစ် ရွေးချယ်တင်မြှောက်ပြီးသည်အထိ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

၄။ ဝန်ကြီးအဖွဲ့ကို အောက်ပါရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားရှိသည် —

(က) နိုင်ငံတော်၏ အမြင့်ဆုံး ပြည်သူ့ရေးရာ စီမံခန့်ခွဲရေး အဖွဲ့အစည်း အဖြစ် ထမ်းဆောင်ရန်၊

(ခ) လွှတ်တော်နှင့် နိုင်ငံတော်ကောင်စီတို့မှ ချမှတ်ထားသောရည်မှန်းချက်များ၊ မူဝါဒများ၊ လမ်းညွှန်ချက်များအရ နိုင်ငံတော်၏ ပြည်သူ့ရေးရာ စီမံခန့်ခွဲရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ နိုင်ငံခြားရေးနှင့် နိုင်ငံတော်ကာကွယ်ရေး စသည့် လုပ်ငန်းကိစ္စအဝဝကို တာဝန်ယူဆောင်ရွက်ရန်၊

(ဂ) လွှတ်တော်၏ ဆုံးဖြတ်ချက်များ၊ နိုင်ငံတော်ကောင်စီ၏အမိန့်နှင့် ညွှန်ကြားချက်များကို အကောင်အထည် ဖော်ရန်၊

(ဃ) ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးလုပ်ငန်း ကိစ္စအဝဝကို၊ ဆိုရှယ်လစ် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ တာဝန်ယူဆောင်ရွက်ရန်၊

(င) လွှတ်တော်၏ လမ်းညွှန်မှုဘောင်အတွင်း နိုင်ငံတော်၏စီးပွားရေး စီမံကိန်းနှင့် ရ-သုံးခန့်မှန်းခြေ ငွေစာရင်းများကို လိုအပ်သလို ညှိနှိုင်းရေးဆွဲ၍ နိုင်ငံတော် ကောင်စီမှတဆင့် လွှတ်တော်သို့ တင်ပြရန်၊

(စ) လွှတ်တော်က ချမှတ်သောစီးပွားရေး စီမံကိန်းများနှင့် ရ-သုံး ခန့်မှန်းခြေ ငွေစာရင်းများကို တာဝန်ယူ အကောင်အထည် ဖော်ရန်၊

(ဆ) ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးနှင့် ပတ်သက်၍ အဆင့်ဆင့်သော ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့များ၏ လုပ်ငန်းဆောင် တာများကို ပေါင်းစပ်ညှိနှိုင်း လမ်းညွှန် ဆက်သွယ်ပေးရန်၊

(ဇ) ပြည်သူ့ရေးရာစီမံခန့်ခွဲရေးဝန်ထမ်းအဖွဲ့အစည်းများဖွဲ့စည်းရေးနှင့် ပတ်သက်၍ နိုင်ငံတော်ကောင်စီ၏ သဘောတူညီချက်ကို ရယူ ဆောင်ရွက်ရန်၊

(ဈ) တရားဥပဒေစိုးမိုးရေးနှင့် စည်းကမ်းသေဝပ် တည်ငြိမ်ရေးတို့ကို တာဝန်ယူထိန်းသိမ်းစောင့်ရှောက်ရန်။

အခန်း (၃)

ဝန်ကြီးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅။ လွှတ်တော်နှင့်စပ်လျဉ်း၍ ဝန်ကြီးအဖွဲ့၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) လွှတ်တော်က ပြဋ္ဌာန်းသောဥပဒေများ၊နည်းဥပဒေများ၊ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) လွှတ်တော်၏ လမ်းညွှန်မှု ဘောင်အတွင်း နိုင်ငံတော်၏ စီးပွားရေးစီမံကိန်း၊ ရ-သုံးခန့်မှန်းခြေငွေစာရင်းနှင့် အခွန်အကောက်နှင့် ပတ်သက်သည့် ဥပဒေကြမ်းများကို လိုအပ်သလို ညှိနှိုင်းရေးဆွဲ၍ နိုင်ငံတော်ကောင်စီမှတဆင့် လွှတ်တော်သို့တင်ပြခြင်း၊

(ဂ) ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးနှင့် ပတ်သက်၍ အခြား လိုအပ်သော ဥပဒေကြမ်းများ၊ နည်းဥပဒေကြမ်းများကို နိုင်ငံတော်ကောင်စီမှတဆင့် လွှတ်တော်သို့တင်ပြခြင်း၊

(ဃ) လွှတ်တော်သို့ ဝန်ကြီးအဖွဲ့မှ တင်ပြရန်ရှိသော အရေးကိစ္စများကို နိုင်ငံတော်ကောင်စီမှတဆင့် တင်ပြခြင်း၊

(င) စီးပွားရေး စီမံကိန်းများကို အကောင်အထည်ဖော်ရာ၌ အကျိုးသက်ရောက်မှုကို လွှတ်တော်သို့ အစီရင်ခံခြင်း၊

(စ) နိုင်ငံတော်၏စီးပွားရေး၊ လူမှုရေး၊ စီမံခန့်ခွဲရေးနှင့် နိုင်ငံခြားဆက်ဆံရေး အခြေအနေများနှင့် ပတ်သက်သော အစီရင်ခံစာများကို လွှတ်တော်သို့ တင်သွင်းခြင်း၊

(ဆ) ပြည်သူ့ရေးရာစီမံခန့်ခွဲရေးနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်များ၏ မေးမြန်းချက်များကိုသတ်မှတ်ထားသောစည်းကမ်းနည်းလမ်းများနှင့်အညီ ဖြေကြားခြင်း၊

(ဇ) လွှတ်တော်ရေးရာကော်မီတီများက ဖိတ်ကြားလျှင်၊ ဝန်ကြီးအဖွဲ့က တာဝန်ပေးသော ဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီးအား သွားရောက်ရှင်းလင်း တင်ပြစေခြင်းနှင့် ယင်းကော်မီတီများသို့ လိုအပ်သည့် အချက်အလက်များကို ပေးပို့ခြင်း၊

(ဈ) လွှတ်တော်ကသတ်မှတ်ပေးသည့် အခြားတာဝန်များကို ဆောင်ရွက်ခြင်း။

၆။ နိုင်ငံတော်ကောင်စီနှင့် စပ်လျဉ်း၍ ဝန်ကြီးအဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) နိုင်ငံတော်ကောင်စီ၏ ဆုံးဖြတ်ချက်များ၊ ညွှန်ကြားချက်များ၊ အမိန့်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) ဝန်ကြီးအဖွဲ့မှ လွှတ်တော်သို့တင်သွင်းလိုသော ဥပဒေကြမ်းများ၊ နည်းဥပဒေကြမ်းများကို နိုင်ငံတော်ကောင်စီသို့တင်ပြခြင်း၊

(ဂ) နိုင်ငံတွင် ဖြစ်ပေါ်နေသည့်စီးပွားရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲရေး အခြေအနေများအရ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်တရပ်ကို အရေးပေါ်ပြဋ္ဌာန်းပေးရန် လိုအပ်သည်ဟုယူဆလျှင် နိုင်ငံတော်ကောင်စီသို့တင်ပြခြင်း၊

(ဃ) နိုင်ငံ၏ဒေသအချို့တွင် သော်လည်းကောင်း၊ နိုင်ငံတဝန်းလုံးတွင် သော်လည်းကောင်းနိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် အရေးပေါ် အခြေအနေ ကြေညာ၍ စစ်အုပ်ချုပ်ရေး ဥပဒေကို ထုတ်ပြန်ရန် လိုအပ်သည်ဟုယူဆလျှင် နိုင်ငံတော် ကောင်စီသို့ တင်ပြခြင်း၊

(င) နိုင်ငံ၏ဒေသအချို့အတွက်ဖြစ်စေ၊ နိုင်ငံတဝန်းလုံးအတွက်ဖြစ်စေ စစ်စည်းရုံးခြင်း၊ စစ်ပြင်ဆင်ခြင်း၊ စစ်ရေးအရလှုံ့ဆော်ခြင်းတို့ကို ပြုလုပ်ရန် လိုအပ်သည်ဟုယူဆလျှင် နိုင်ငံတော်ကောင်စီသို့တင်ပြခြင်း၊

(စ) ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးဝန်တမ်းအဖွဲ့အစည်းများ ဖွဲ့စည်းခြင်း၊ ပြန်လည် ပြင်ဆင်ဖွဲ့စည်းခြင်း၊ ပေါင်းစပ်ခြင်း၊ ဖျက်သိမ်းခြင်း များကို နိုင်ငံတော် ကောင်စီ၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ခြင်း၊

(ဆ) သီးသန့်ရံပုံငွေဖြင့်ဖွဲ့စည်းဆောင်ရွက်သောစီးပွားရေးအဖွဲ့အစည်းများဖွဲ့စည်းရေးနှင့်ပတ်သက်၍ နိုင်ငံတော်ကောင်စီသို့တင်ပြခြင်း၊

(ဇ) အခြေခံဥပဒေ ပုဒ်မ ၈၇ အရ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးနှင့် နိုင်ငံခြားဆက်ဆံရေးကိစ္စများကို ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ လွှတ်တော်အစည်းအဝေးကျင်းပချိန်မဟုတ်လျှင် နိုင်ငံတော်ကောင်စီသို့ အခါအားလျော်စွာ တင်ပြအစီရင်ခံ၍ လိုအပ်သည့် လမ်းညွှန်ချက်များကို တောင်းခံခြင်း၊

(ဈ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ခိုင်မာစေရန် နိုင်ငံတော်က ဆောင်ရွက်သင့်သည့် ကိစ္စများကိုသော်လည်းကောင်း၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ထိခိုက်အန္တရာယ်ပြုစေမည့် အခြေအနေများကို သော်လည်းကောင်း နိုင်ငံတော်ကောင်စီသို့ တင်ပြခြင်း၊

(ည) ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ၊ ပြဋ္ဌာန်းရန်၊ အပ်နှင်းရန်၊ ရုပ်သိမ်းရန်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ကောင်စီကစဉ်းစားဆုံးဖြတ်နိုင်ရန်တင်ပြခြင်း၊

(ဋ) ဝန်ကြီးအဖွဲ့ဝင် တဦးဦးအား တာဝန်မှရပ်စဲရန် လိုအပ်ပါက၊ ယင်းဝန်ကြီးအဖွဲ့ဝင်အား လွှတ်တော်က တာဝန်မှ ရုပ်သိမ်းပေးရန် နိုင်ငံတော်ကောင်စီသို့တင်ပြခြင်း၊

(ဌ) နိုင်ငံတော်နှင့် ပြည်သူများအတွက် အကျိုးရှိစေမည့် အကြံပေးချက်များကို နိုင်ငံတော်ကောင်စီသို့ တင်ပြခြင်း၊

(ဍ) နိုင်ငံတော်ကောင်စီက သတ်မှတ်ပေးသည့် အခြားတာဝန်များကို ဆောင်ရွက်ခြင်း။

၇။ ပြည်သူ့ကောင်စီ၏ အလုပ်အမှုဆောင်အဖွဲ့များနှင့် စပ်လျဉ်း၍ ဝန်ကြီးအဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ အဆင့်ဆင့်ကို လမ်းညွှန်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်း၊ ဆက်သွယ်ပေးခြင်း၊

(ခ) ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့များ လိုက်နာဆောင်ရွက်ရမည့်လွှတ်တော်၊ သို့မဟုတ် နိုင်ငံတော်ကောင်စီ၏ ဆုံးဖြတ်ချက်များ၊ လမ်းညွှန်ချက်များကို ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့များအား ဆောင်ရွက်စေခြင်း၊

(ဂ) ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့များ၏ ဆောင်ရွက်ချက်များနှင့် ပတ်သက်သည့် အစီရင်ခံစာများကို စိစစ်၍ ယင်းသို့ဆောင်ရွက်ချက်များသည်၊ လွှတ်တော်၊ နိုင်ငံတော်ကောင်စီနှင့် ဝန်ကြီးအဖွဲ့တို့မှ ချမှတ်ထားသည့် ဆုံးဖြတ်ချက်များ၊ ညွှန်ကြားချက်များနှင့်ကိုက်ညီခြင်း ရှိ မရှိ ဆုံးဖြတ်ခြင်း၊

(ဃ) ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့များမှ သက်ဆိုင်ရာဒေသအတွက် ထုတ်ပြန်သော အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများသည် နိုင်ငံတော်ကောင်စီနှင့် ဝန်ကြီးအဖွဲ့တို့မှ ထုတ်ပြန်ထားသည့် စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီခြင်း ရှိ မရှိ စိစစ်ဆုံးဖြတ်ခြင်း၊

(င) ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့များမှတင်ပြသည့် ဒေသဆိုင်ရာ အရေးကြီးသော ကိစ္စများနှင့် ပြည်သူ့အကျိုးပြု အကြံပေးချက်များအနက်၊ ဝန်ကြီးအဖွဲ့နှင့် သက်ဆိုင်သောကိစ္စရပ်များ

ကို စိစစ်ဆောင်ရွက်ပေးခြင်း၊ ဆောင်ရွက်နိုင်ခြင်းမရှိသည့်ကိစ္စရပ် များကို နိုင်ငံတော်ကောင်စီသို့ တင်ပြခြင်း၊

(စ) အခြေခံဥပဒေ ပုဒ်မ ၆၃ အရ လွှတ်တော်ကအားရေးယူဆောင်ရွက် ရန် နိုင်ငံတော်ကောင်စီသို့တင်ပြခြင်း။

(ဆ) လုပ်ငန်းသဘောအရ လည်းကောင်း၊ အခြေအနေအရလည်း ကောင်း မည်သည့်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့နှင့် မဆို တိုက်ရိုက်ဆက်သွယ်ခြင်း။

ဂ။ ဝန်ကြီးဌာနများ၊ ပြည်သူ့ ရေးရာစီမံခန့်ခွဲရေး ဝန်ထမ်း အဖွဲ့အစည်း များ၊ ဝန်ထမ်းများနှင့်စပ်လျဉ်း၍ ဝန်ကြီးအဖွဲ့၏ တာဝန်များမှာ အောက်ပါ အတိုင်းဖြစ်သည် —

(က) ဝန်ကြီးဌာနများနှင့် ဝန်ထမ်းအဖွဲ့အစည်းများ၊ ဖွဲ့စည်းရေးနှင့် ယင်းအဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံများကိုရေးဆွဲခြင်း၊

(ခ) ဝန်ကြီးဌာနများနှင့် ဝန်ထမ်းအဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန် များကိုသတ်မှတ်ခြင်း၊

(ဂ) ဝန်ကြီးဌာနများနှင့် ဝန်ထမ်းအဖွဲ့အစည်းများကို လမ်းညွှန်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းဆက်သွယ်ပေးခြင်း၊

(ဃ) ဝန်ကြီးဌာနများနှင့် ဝန်ထမ်း အဖွဲ့အစည်းများအတွက် ရ-သုံး ခန့်မှန်းခြေငွေစာရင်းခွင့်ပြုချက်များအရ ဥပဒေများ၊ နည်းဥပဒေ များနှင့်အညီ ဆောင်ရွက်ခြင်း၊

(င) အခြေခံဥပဒေကိုလည်းကောင်း၊ လွှတ်တော်ကပြဋ္ဌာန်းသောဥပဒေ များ၊ နည်းဥပဒေများ၊ ဆုံးဖြတ်ချက်များကိုလည်းကောင်း မဆန့် ကျင်စေပဲ ဝန်ကြီးဌာနများနှင့် ဝန်ထမ်းအဖွဲ့အစည်းများအတွက် လိုအပ်သောစည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန် ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကိုထုတ်ပြန်ခြင်း။

၉။ ဝန်ကြီးအဖွဲ့ဝင်များသည် အောက်ပါ ကျင့်ဝတ်နှင့် စည်းကမ်းများကို လိုက်နာစောင့်ထိန်းရမည် —

(က) နိုင်ငံတဝန်းလုံးနှင့်နိုင်ငံသားအားလုံး၏အကျိုးစီးပွားကိုဦးတည်၍ ဆောင်ရွက်ရမည်၊

(ခ) မိမိတို့၏လုပ်ဆောင်ချက်များကို ဝန်ကြီးအဖွဲ့သို့ အစီရင်ခံရမည်၊

(ဂ) ဝန်ကြီးအဖွဲ့၏ဆုံးဖြတ်ချက်များနှင့် အစည်းအဝေးမှတ်တမ်းများကို ထုတ်ပြန်ကြေညာခြင်း မပြုသေးသရွေ့ နိုင်ငံတော်၏ လျှို့ဝှက်ချက်များအဖြစ် ထိန်းသိမ်းစောင့်ရှောက်ရမည်။

၁၀။ ဝန်ကြီးအဖွဲ့သည် ဝန်ကြီးအဖွဲ့ဝင် တဦးဦးကိုဖြစ်စေ၊ အခြားပုဂ္ဂိုလ်တဦးဦးကိုဖြစ်စေ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ဥပဒေများ၊ နည်းဥပဒေများ၊ လွှတ်တော်၏ဆုံးဖြတ်ချက်များ၊ နိုင်ငံတော်ကောင်စီ၏လမ်းညွှန်ချက်များနှင့်အညီ၊ နိုင်ငံအချင်းချင်းချုပ်ဆိုသော သဘောတူစာချုပ်များနှင့် သဘောတူညီချက်များကိုချုပ်ဆိုစေခြင်း၊ရပ်စဲစေခြင်းတို့ကိုပြုလုပ်ရန်တာဝန်ပေးနိုင်သည်။

၁၁။ နိုင်ငံတော်၏ ပြည်သူ့ရေးရာ စီမံခန့်ခွဲရေး ကိစ္စများကို ဝန်ကြီးအဖွဲ့၏ ကိုယ်စား တာဝန်ယူဆောင်ရွက်ရန် ဝန်ကြီးအဖွဲ့ဝင်များအား ယင်းတို့တာဝန်ယူသောဝန်ကြီးဌာနအလိုက်၊ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြည်သူ့ကောင်စီအဆင့်ဆင့်ရှိ၊ အလုပ်အမှုဆောင်အဖွဲ့များနှင့် လိုအပ်သလိုဆက်သွယ်ဆောင်ရွက်ရန် ဝန်ကြီးအဖွဲ့က လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးနိုင်သည်။

အခန်း (၄)

ဝန်ကြီးချုပ်

၁၂။ ဝန်ကြီးအဖွဲ့သည် ဝန်ကြီးချုပ်တဦးကို ဝန်ကြီးအဖွဲ့ဝင် များထဲမှ ရွေးချယ်တင်မြှောက်ရမည်။

၁၃။ ဝန်ကြီးချုပ်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်—

(က) ဝန်ကြီးအဖွဲ့အား ဦးဆောင်မှုပေးခြင်း၊

(ခ) ဝန်ကြီး အဖွဲ့ဝင်များထဲမှ ဒုတိယ ဝန်ကြီးချုပ် တဦး၊ သို့မဟုတ် ဒုတိယ ဝန်ကြီးချုပ်များအဖြစ် ရွေးချယ် တင်မြှောက်နိုင်ရန် ဝန်ကြီးအဖွဲ့သို့ အမည်စာရင်း တင်သွင်းခြင်း၊

(ဂ) ဝန်ကြီးအဖွဲ့ဝင်များအား ဝန်ကြီးဌာနအလိုက် တာဝန် ခွဲဝေ သတ်မှတ်ပေးရန် ဒုတိယဝန်ကြီးချုပ်များနှင့် ညှိနှိုင်း၍ ဝန်ကြီး အဖွဲ့သို့ တင်ပြခြင်း၊

(ဃ) လွှတ်တော် ကိုယ်စားလှယ် များထဲမှ ဒုတိယဝန်ကြီးများအဖြစ် တာဝန်ပေးအပ်နိုင်ရန် ဝန်ကြီးအဖွဲ့၏ သဘောတူညီချက်ဖြင့် နိုင်ငံတော် ကောင်စီသို့ အမည်စာရင်းတင်သွင်းခြင်း၊

(င) ဒုတိယ ဝန်ကြီးချုပ်များ၊ ဝန်ကြီးများ၏ လုပ်ငန်းတာဝန်များနှင့် ဆောင်ရွက်ချက်များကို ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(စ) ဝန်ကြီးအဖွဲ့အစည်းအဝေးများကို ခေါ်ယူကျင်းပခြင်း၊

(ဆ) ဝန်ကြီးအဖွဲ့ အစည်းအဝေးများ၌ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ အစည်းအဝေးများကို ဦးဆောင်ခြင်း၊

(ဇ) ဝန်ကြီးအဖွဲ့ကိုယ်စား နိုင်ငံတော်၏ပြည်သူ့ရေးရာ စီမံခန့်ခွဲရေး အခြေအနေအရပ်ရပ်တို့ကို နိုင်ငံတော်ကောင်စီသို့ အခါအား လျော်စွာ တင်ပြခြင်း၊

(ဈ) ဝန်ကြီးအဖွဲ့မှ လွှတ်တော်သို့တင်ပြရန် လိုအပ်သည့် ကိစ္စရပ်များကို နိုင်ငံတော်ကောင်စီမှတဆင့် တင်ပြခြင်း။

၁၄။ (က) ဝန်ကြီးအဖွဲ့တွင် တစုံတခုသော အကြောင်းကြောင့် ဝန်ကြီးချုပ်နေရာ လစ်လပ်လျှင်၊ အခြေခံ ဥပဒေပုဒ်မ ၇၂၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်နှင့်အညီ ရွေးချယ်တင်မြှောက်ရမည်၊

(ခ) ဝန်ကြီးချုပ်အသစ် ရွေးချယ် တင်မြှောက်ခြင်း မပြုရသေးမီ ဝန်ကြီးချုပ်၏ တာဝန် ဝတ်တရားများကို ဒုတိယ ဝန်ကြီးချုပ်တဦးက ယာယီပူးတွဲထမ်းဆောင်ရန် ဝန်ကြီးအဖွဲ့ကတာဝန် ပေးအပ်ရမည်၊

(ဂ) ဒုတိယ ဝန်ကြီးချုပ်တဦးသည် ဝန်ကြီးချုပ်အဖြစ် ယာယီ တာဝန် ထမ်းဆောင်နေချိန်တွင် နိုင်ငံတော်ကောင်စီတွင်လည်း ကောင်း၊ ဝန်ကြီးချုပ် ပါဝင်ရသည့် အခြားအဖွဲ့အစည်း များတွင်လည်းကောင်း ပါဝင် ဆောင်ရွက်ခွင့်ရှိရမည်၊

(ဃ) ပြည်ပသို့ ခရီးသွားနေသော ဒုတိယဝန်ကြီးချုပ်တဦး၏ တာဝန် ဝတ်တရားများကို ဝန်ကြီးချုပ်က ယာယီပူးတွဲ ထမ်းဆောင် နိုင်သည်။

အခန်း (၅)

ဒုတိယဝန်ကြီးချုပ်များ

၁၅။ (က) နိုင်ငံတော်ကောင်စီက သတ်မှတ်ထားသော ဒုတိယဝန်ကြီးချုပ် ဦးရေကို ရွေးချယ်တင်မြှောက်နိုင်ရန် ဝန်ကြီး အဖွဲ့ဝင်များ၏ အမည်စာရင်းကို ဝန်ကြီးချုပ်က ဝန်ကြီးအဖွဲ့သို့ တင်သွင်း ရမည်၊

(ခ) ဝန်ကြီးအဖွဲ့သည် ဝန်ကြီးချုပ်က တင်သွင်းသော ဝန်ကြီး အဖွဲ့ဝင်အမည် စာရင်းမှ လိုအပ်သော ဒုတိယ ဝန်ကြီးချုပ် သို့မဟုတ် ဒုတိယ ဝန်ကြီးချုပ်များကို ရွေးချယ်တင်မြှောက် ရမည်။

၁၆။ ဒုတိယဝန်ကြီးချုပ်များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက် ပါအတိုင်းဖြစ်သည်—

(က) ဝန်ကြီးချုပ်နှင့် ဝန်ကြီးအဖွဲ့သို့ တာဝန်ခံရမည်၊

(ခ) မိမိနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာနများကို ဦးဆောင်လမ်းညွှန် ရမည်၊

(ဂ) မိမိနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာနများ၏ ဆောင်ရွက်ချက်များ နှင့် ပတ်သက်၍ အခါအားလျော်စွာ အစီရင်ခံစာများကို ဝန်ကြီးချုပ်ထံ တင်သွင်းရမည်၊

(ဃ) ဝန်ကြီးချုပ်သည် တစုံတခုသော အကြောင်းကြောင့် ယာယီ အားဖြင့် တာဝန်ထမ်းဆောင်ခြင်း မပြုနိုင်သည့်အခါတွင် ဝန်ကြီးချုပ်၏တာဝန်ကို ဒုတိယဝန်ကြီးချုပ်တဦးက ယာယီ ပူးတွဲ ထမ်းဆောင်ရန် ဝန်ကြီးအဖွဲ့က တာဝန်ပေးအပ်ရမည်။

၁၇။ ဒုတိယ ဝန်ကြီးချုပ်တဦးသည် ပြည်ပသို့ခရီးသွားနေချိန်တွင် ကျန် ဒုတိယ ဝန်ကြီးချုပ်သည် ဝန်ကြီးအဖွဲ့၏ တာဝန်ပေးချက်အရ ခရီးသွားနေသော ဒုတိယ ဝန်ကြီးချုပ်၏ တာဝန်ဝတ်တရားများကို ယာယီပူးတွဲထမ်းဆောင်နိုင် သည်။

၁၈။ ဝန်ကြီးအဖွဲ့တွင် တစုံတခုသော အကြောင်းကြောင့် ဒုတိယဝန်ကြီးချုပ် နေရာ လစ်လပ်လျှင် အခြေခံဥပဒေပုဒ်မ ၇၂၊ ပုဒ်မခွဲ(ဂ) ပါ ပြဋ္ဌာန်းချက်နှင့် အညီ ရွေးချယ်တင်မြှောက်ရမည်။

အခန်း (၆)

ဝန်ကြီးများ

၁၉။ ဝန်ကြီးများသည် ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးချုပ်များက ညှိနှိုင်းပြီး ဝန်ကြီးအဖွဲ့က အတည်ပြု ပေးအပ်သည့် လုပ်ငန်းဂဏ္ဍအလိုက် တာဝန်ခွဲဝေ သတ်မှတ်ချက်အတိုင်း ဝန်ကြီးအဖွဲ့ကိုယ်စား တာဝန်ထမ်းဆောင်ကြရမည်။

၂၀။ ဝန်ကြီးတဦးသည်——

(က) နိုင်ငံတော်၏ ပြည်သူ့ရေးရာ စီမံခန့်ခွဲရေး ကိစ္စများအတွက် ဝန်ကြီးအဖွဲ့ဝင် တဦးအနေဖြင့် စုပေါင်း တာဝန်ရှိသည့်အပြင် ဝန်ကြီးအဖွဲ့က တာဝန် ပေးအပ်သည့် ဝန်ကြီးဌာနအတွက်လည်း လုံးဝတာဝန်ရှိသည်၊

(ခ) မိမိတာဝန်ယူရသည့် ဝန်ကြီးဌာနအတွက် ဆောင်ရွက်ရာတွင် ဝန်ကြီးအဖွဲ့ကိုယ်စား ဆောင်ရွက်ခြင်း ဖြစ်သည်ဟု မှတ်ယူရမည်၊

(ဂ) ဝန်ကြီးအဖွဲ့မှ သတ်မှတ်ပေးသော အခြားတာဝန်များကိုလည်း ဆောင်ရွက်ရမည်။

၂၁။ ဝန်ကြီးတဦးစီ၌ မိမိတာဝန်ယူရသော ဝန်ကြီးဌာနနှင့် ပတ်သက်၍ အောက်ပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များရှိသည်—

(က) ဒုတိယ ဝန်ကြီး၊ သို့မဟုတ် ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများအား တာဝန်နှင့်လုပ်ပိုင်ခွင့်များ အပ်နှင်းခြင်း၊

(ခ) ဌာနဆိုင်ရာ လုပ်ငန်းအဖွဲ့များကို လိုအပ်သလို ဖွဲ့စည်းခြင်း၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များ ခွဲဝေအပ်နှင်းခြင်း၊

(ဂ) စီမံကိန်းများနှင့် ရ-သုံးခန့်မှန်းခြေ ငွေစာရင်းများကို ညှိနှိုင်း ရေးဆွဲခြင်း၊

(ဃ) နိုင်ငံတော်၏ စီမံကိန်းများအရ ဆောင်ရွက်ရမည့်လုပ်ငန်းများ စနစ်တကျ အကောင်အထည် ဖော်မိစေရန် တာဝန်ယူခြင်း၊

(င) လွှတ်တော်မှ ပြဋ္ဌာန်းသည့် ဥပဒေများ၊ ဆုံးဖြတ်ချက်များ၊ နိုင်ငံတော်ကောင်စီနှင့် ဝန်ကြီးအဖွဲ့မှ ထုတ်ပြန်ထားသည့် စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်စွာ ဆောင်ရွက်ခြင်းရှိ မရှိ စိစစ်၍ လိုအပ်သည်များကို လမ်းညွှန်ခြင်း၊

(စ) လုပ်ငန်း ဆောင်ရွက်ချက်များနှင့် ပတ်သက်သော အစီရင်ခံစာများကို ဝန်ကြီးချုပ်၊ သို့မဟုတ် သက်ဆိုင်ရာ ဒုတိယဝန်ကြီးချုပ်မှတဆင့် ဝန်ကြီးအဖွဲ့သို့တင်ပြခြင်း၊

(ဆ) ဖွဲ့စည်းပုံ၊ ဝန်ထမ်းအင်အား၊ လုပ်ငန်းတာဝန်များကို အခါအားလျော်စွာ ပြန်လည်သုံးသပ်၍ လိုအပ်ပါက ပြင်ဆင်သတ်မှတ်ရန် အကြံပြုချက်များကို ဝန်ကြီးချုပ်၊ သို့မဟုတ် သက်ဆိုင်ရာ ဒုတိယဝန်ကြီးချုပ်မှ တဆင့်ဝန်ကြီးအဖွဲ့သို့ တင်ပြခြင်း၊

(ဇ) ဝန်ထမ်းများ၏ လစာများ၊ တာဝန်နှင့် ရပိုင်ခွင့်များကို အခါအားလျော်စွာသုံးသပ်၍ ပြင်ဆင် သတ်မှတ်ပေးရန်လိုအပ်သည်ဟု ယူဆပါက ဝန်ကြီးချုပ်၊ သို့မဟုတ် သက်ဆိုင်ရာ ဒုတိယဝန်ကြီးချုပ်မှ တဆင့်ဝန်ကြီးအဖွဲ့သို့တင်ပြခြင်း၊

(ဈ) ဝန်ကြီးအဖွဲ့မှ သတ်မှတ်ပေးသော အခြားတာဝန်များကိုဆောင်ရွက်ခြင်း။

၂၂။ ဝန်ကြီးတဦးသည် ပြည်ပသို့ခရီးသွားနေသည့် ဝန်ကြီး၏ တာဝန်ဝတ္တရားများကို ယာယီပူးတွဲထမ်းဆောင်စေရန်ဝန်ကြီးအဖွဲ့က သတ်မှတ်ပေးရမည်။

၂၃။ (က) ဝန်ကြီးအဖွဲ့တွင် တစုံတခုသော အကြောင်းကြောင့် ဝန်ကြီးအဖွဲ့ဝင်နေရာ လစ်လပ်လျှင် အခြေခံဥပဒေပုဒ်မ ၇၂၊ ပုဒ်မခွဲ (က) ပါပြဋ္ဌာန်းချက်နှင့်အညီ ရွေးချယ် တင်မြှောက်ပြီးလျှင် ဝန်ကြီးအဖွဲ့ ဝင်များအား ဝန်ကြီးဌာနအလိုက် ပြန်လည်တာဝန်ခွဲဝေ သတ်မှတ်ပေးရန် ဝန်ကြီးချုပ်က ဤဥပဒေပုဒ်မ ၁၉ နှင့်အညီ ဆောင်ရွက်ရမည်၊

(ခ) ဝန်ကြီးအသစ် ရွေးချယ်တင်မြှောက်ခြင်း မပြုရသေးမီလစ်လပ်သွားသော ဝန်ကြီး၏ တာဝန်ဝတ္တရားများကို ဝန်ကြီးအဖွဲ့က သတ်မှတ် ပေးသော အခြားဝန်ကြီးတဦးက ယာယီပူးတွဲထမ်းဆောင်ရမည်။

အခန်း (၇)

ဒုတိယဝန်ကြီးများ

၂၄။ (က) ဝန်ကြီးဌာနတခုစီတွင် လိုအပ်သော ဒုတိယ ဝန်ကြီးဦးရေကို ဝန်ကြီးအဖွဲ့က သတ်မှတ်၍ နိုင်ငံတော်ကောင်စီ၏သဘောတူညီချက်ကို ရယူရမည်၊

(ခ) ဝန်ကြီးအဖွဲ့သည် ဝန်ကြီးဌာနများ၌ ဒုတိယဝန်ကြီးများအဖြစ် တာဝန်ပေးအပ်နိုင်ရန် လွှတ်တော် ကိုယ်စားလှယ်များထဲမှ ရွေးချယ်၍၊ အမည်စာရင်းကို နိုင်ငံတော်ကောင်စီသို့တင်သွင်းရမည်၊

(ဂ) ဝန်ကြီးအဖွဲ့မှ တင်သွင်းသော အမည်စာရင်းမှ ဒုတိယ ဝန်ကြီးများကို နိုင်ငံတော်ကောင်စီက ရွေးချယ်ခန့်အပ်ရမည်။

၂၅။ ဒုတိယဝန်ကြီးများသည် ဝန်ကြီးအဖွဲ့ဝင်များ မဖြစ်စေရ။

၂၆။ ဒုတိယဝန်ကြီးများသည် မိမိတာဝန်ရှိသော ဝန်ကြီးဌာနနှင့်ပတ်သက်၍ အောက်ပါတာဝန်နှင့် လုပ်ပိုင်ခွင့်များရှိသည် —

(က) သက်ဆိုင်ရာဝန်ကြီးကိုတာဝန်ခံခြင်း၊

(ခ) ဝန်ကြီးက အပ်နှင်းထားသော တာဝန်နှင့် လုပ်ပိုင်ခွင့်များအရ လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဂ) ဌာနဆိုင်ရာ လုပ်ငန်းအဖွဲ့၊ သို့မဟုတ် အဖွဲ့များကို ဝန်ကြီး၏ တာဝန်ပေးချက်အရ ဦးဆောင်ခြင်း၊

(ဃ) မိမိတာဝန်ယူရသောလုပ်ငန်းများ၏ လိုအပ်ချက်များ၊ ပြဿနာများ၊ ဆောင်ရွက်ချက်များကို ဝန်ကြီးအား တင်ပြခြင်း၊

(င) နိုင်ငံတော်၏ စီမံကိန်းများအရ ထမ်းဆောင်ရမည့်လုပ်ငန်းများကို စနစ်တကျအကောင်အထည်ဖော်စေရန် ဝန်ကြီး၏ တာဝန်ပေးချက်နှင့်အညီ ကြီးကြပ်ကွပ်ကဲခြင်း၊

(စ) လွှတ်တော်မှ ပြဋ္ဌာန်းသည့် ဥပဒေများ၊ နည်းဥပဒေများ၊ ဆုံးဖြတ်ချက်များ၊ နိုင်ငံတော်ကောင်စီ၊ ဝန်ကြီးအဖွဲ့နှင့် ဝန်ကြီးဌာနများမှ ထုတ်ပြန်သည့် စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြား ချက်များ၊ လုပ်ထုံး လုပ်နည်းများကို ညီညွတ်စွာဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ကြည့်ရှု၍ လိုအပ်သည်များကို လမ်းညွှန်ခြင်း၊

(ဆ) ဝန်ကြီးက သတ်မှတ်ပေးသော အခြားတာဝန်များကို ဆောင်ရွက်ခြင်း။

၂၇။ (က) ဒုတိယဝန်ကြီးတဦးသည် ဝန်ကြီးအဖွဲ့၏ သဘောတူညီချက်ဖြင့်သာ ပြည်ပသို့ ခရီးသွားနိုင်ခွင့်ရှိသည်၊

(ခ) ဒုတိယဝန်ကြီးတဦး ပြည်ပသို့ခရီးသွားနေချိန်တွင် သက်ဆိုင်ရာဝန်ကြီးသည် မိမိကိုယ်တိုင်ဖြစ်စေ၊ ယင်းဝန်ကြီးဌာနရှိ အခြားဒုတိယဝန်ကြီး တဦးအားဖြစ်စေ ခရီးသွားနေသည့် ဒုတိယဝန်ကြီး၏ တာဝန်ဝတ်တရားများကို ယာယီ မှူးတွဲထမ်းဆောင်ရန် သတ်မှတ်ပေးရမည်။

၂၈။ (က) တစုံတခုသော အကြောင်းကြောင့် ဒုတိယဝန်ကြီးနေရာလစ်လပ်လျှင် ဝန်ကြီးအဖွဲ့သည် လစ်လပ်သွားသော ဒုတိယ ဝန်ကြီး

နေရာတွင် တာဝန်ပေးအပ်နိုင်ရန် လွှတ်တော်ကိုယ်စားလှယ်များထံမှ အမည်စာရင်းကို နိုင်ငံတော်ကောင်စီသို့ တင်သွင်းရမည်၊

(ခ) ဒုတိယ ဝန်ကြီးအသစ် ရွေးချယ်ခန့်ထားခြင်း မပြုရသေးမီ သက်ဆိုင်ရာ ဝန်ကြီးသည် မိမိကိုယ်တိုင်ဖြစ်စေ၊ ယင်းဝန်ကြီးဌာနရှိ အခြားဒုတိယဝန်ကြီး တဦးအားဖြစ်စေ လစ်လပ်သွားသောဒုတိယဝန်ကြီး၏ တာဝန်ဝတ္တရားများကို ယာယီပူးတွဲ ထမ်းဆောင်ရန် သတ်မှတ်ပေးရမည်။

၂၉။ ဒုတိယဝန်ကြီးတဦးဦးအား တာဝန်မှရုပ်စဲရန်လိုအပ်ပါက ဝန်ကြီးအဖွဲ့သည် ယင်းဒုတိယဝန်ကြီးအား တာဝန်မှရုပ်သိမ်းပေးရန် နိုင်ငံတော်ကောင်စီသို့ တင်ပြရမည်။

အခန်း (၈)

ဝန်ကြီးအဖွဲ့သို့တင်သွင်း၍ အဆုံးအဖြတ် ရယူရမည့်ကိစ္စများ

၃၀။ အခြေခံ ဥပဒေအရ သော်လည်းကောင်း၊ လွှတ်တော်နှင့် နိုင်ငံတော်ကောင်စီတို့၏ ဆုံးဖြတ်ချက်များအရ သော်လည်းကောင်း ဝန်ကြီးအဖွဲ့အား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မဆန့်ကျင်စေပဲ ဝန်ကြီးအဖွဲ့သည်ဝန်ကြီးအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့်သာ ဆောင်ရွက်ရမည့်ကိစ္စရပ်များကို အခါအားလျော်စွာဆုံးဖြတ်သတ်မှတ်ပေးရမည်။

၃၁။ အောက်ပါ ကိစ္စရပ်များကို ဝန်ကြီးအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့်သာ ဆောင်ရွက်ရမည် —

(က) တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် ပတ်သက်သည့်ပဓါနကျသော ကိစ္စရပ်များ၊

(ခ) လွှတ်တော်သို့ တင်သွင်းရမည့် နှစ်ရှည် နှစ်တိုနှင့် နှစ်စဉ်စီးပွားရေးစီမံကိန်းများရေးဆွဲခြင်းကိစ္စများ၊

(ဂ) နှစ်စဉ်ရ-သုံးခန့်မှန်းခြေ ငွေစာရင်း၊ ယင်းငွေစာရင်းကိစ္စနှင့် ပတ်သက်သည့် ဥပဒေကြမ်းများ၊

(ဃ) အခွန်အကောက်ကိစ္စများနှင့် ပတ်သက်သည့် ဥပဒေကြမ်းများ၊

(င) အခြား ဥပဒေကြမ်းများ၊ နည်းဥပဒေ ကြမ်းများ၊

(စ) နိုင်ငံတော်၏ အခြေအနေနှင့် ပတ်သက်သော လွှတ်တော်သို့ တင်သွင်းရမည့် နှစ်စဉ်အစီရင်ခံစာများ၊

(ဆ) ဝန်ကြီးအဖွဲ့ဝင်တဦးကိုဖြစ်စေ၊ဝန်ကြီးအချို့ကိုဖြစ်စေလွှတ်တော်က တာဝန်မှရုပ်သိမ်းရန် နိုင်ငံတော်ကောင်စီသို့ တင်ပြသည့်ကိစ္စများ၊

(ဇ) ဒုတိယ ဝန်ကြီးများအဖြစ် တာဝန်ပေးအပ်ရေးနှင့် တာဝန်မှရုပ်သိမ်းရေးတို့အတွက် နိုင်ငံတော်ကောင်စီသို့ တင်ပြသည့်ကိစ္စများ၊

(ဈ) ပြည်နယ်နှင့် တိုင်းအတွင်းရှိကျေးရွာ၊ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့နှင့် မြို့နယ်များကို ပြည်သူ့ကောင်စီများနှင့်ညှိနှိုင်း၍ ပြင်ဆင်ဖွဲ့စည်းခြင်းကိစ္စများ၊

(ည) ဝန်ကြီးဌာနများနှင့် ဝန်ကြီးဌာနအတွင်းရှိ အဖွဲ့အစည်းများကို ပေါင်းစပ်ခြင်း၊ ပြန်လည်ဖွဲ့စည်းခြင်း၊ ဖျက်သိမ်းခြင်း၊ အသစ်ဖွဲ့စည်းခြင်း၊ အမည်ပြင်ဆင်ခြင်းများနှင့်ပတ်သက်၍ နိုင်ငံတော်ကောင်စီသို့ တင်ပြသည့်ကိစ္စများ၊

(ဋ) နိုင်ငံတကာနှင့်ဖြစ်စေ၊ နိုင်ငံအချင်းချင်းနှင့် ဖြစ်စေ စာချုပ်ချုပ်ဆိုရေး၊ ပြင်ဆင်ရေး၊ ပယ်ဖျက်ရေးတို့အတွက် နိုင်ငံတော်ကောင်စီသို့တင်ပြသည့်ကိစ္စများ၊

(ဌ) နိုင်ငံတော်သို့ နိုင်ငံခြား သံတမန်များ ခန့်အပ်ရန် သက်ဆိုင်ရာနိုင်ငံခြား တိုင်းပြည်များက အဆိုပြုခြင်းနှင့်ပတ်သက်၍ နိုင်ငံတော်ကောင်စီသို့ တင်ပြသည့်ကိစ္စများ၊

(ဍ) နိုင်ငံခြားသံတမန်များကို ပြန်လည်ခေါ်ယူရန်လိုအပ်သည့်အခါ သက်ဆိုင်ရာနိုင်ငံများသို့ အကြောင်းကြားပေးရေးနှင့်ပတ်သက်၍ နိုင်ငံတော်ကောင်စီသို့တင်ပြသည့်ကိစ္စများ၊

(ဎ) နိုင်ငံခြားတိုင်းပြည်များမှ ခေါင်းဆောင်များ၊ သံတမန်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင် တံဆိပ်များ အပ်နှင်းရန်အတွက်လည်းကောင်း နိုင်ငံခြား တိုင်းပြည်များ၊ သို့မဟုတ် နိုင်ငံတကာ အဖွဲ့အစည်းများက မြန်မာနိုင်ငံမှ

ခေါင်းဆောင်များ၊ သံတမန်များနှင့် အခြားပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ အပ်နှင်းလာသည့် အခါတွင်လည်းကောင်း နိုင်ငံတော်ကောင်စီသို့ တင်ပြသည့်ကိစ္စများ၊

(ဏ) နိုင်ငံခြားသားများအား နိုင်ငံရေး ခိုလှုံခွင့်ပေးရေးနှင့်ပတ်သက်၍ နိုင်ငံတော်ကောင်စီသို့တင်ပြသည့်ကိစ္စများ၊

(တ) ပြစ်မှုကျူးလွန်ခဲ့သူများအား သက်ဆိုင်ရာနိုင်ငံသို့ပေးအပ်ရေးနှင့် မြန်မာနိုင်ငံ၌ပြစ်မှုကျူးလွန်ပြီး အခြားနိုင်ငံများသို့ ထွက်ပြေးတိမ်းရှောင်နေသူများအား ပြန်လည်ပေးအပ်ရန် တောင်းဆိုခြင်းတို့နှင့် ပတ်သက်သည့် ကိစ္စများ၊

(ထ) အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ သော်လည်းကောင်း၊ အခြားနိုင်ငံများမှ သော်လည်းကောင်း ချေးငွေများ၊ စီးပွားရေး အထောက်အပံ့များ၊ ပူးပေါင်း ဆောင်ရွက်ရေးများနှင့် ပတ်သက်၍ နိုင်ငံတော်ကောင်စီသို့ တင်ပြသည့်ကိစ္စများ၊

(ဒ) ကိုယ်စားလှယ်အဖွဲ့များ၊ ပညာသင်များ စေလွှတ်ရေး၊ လက်ခံရေးနှင့်ပတ်သက်သည့်ကိစ္စများ၊

(ဓ) ဝန်ထမ်းလစာနှင့် လုပ်ခနှုန်းများ၊ အကောက်နှုန်းများ၊ အခွန်နှုန်းများနှင့် အခြားလိုအပ်သည့် နှုန်းများကို ဥပဒေနှင့်အညီ ဆုံးဖြတ်သတ်မှတ်သည့်ကိစ္စများ၊

(န) သံတမန်များ၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးဆိုင်ရာ ဝန်ထမ်း အဖွဲ့အစည်းအကြီးအကဲများကိုခန့်အပ်တာဝန်ပေးရေး၊တာဝန်မှ ရုပ်သိမ်းရေးနှင့်ပတ်သက်၍ နိုင်ငံတော်ကောင်စီသို့ တင်ပြသည့် ကိစ္စများ၊

(ပ) နိုင်ငံ၏ဒေသအချို့တွင်ဖြစ်စေ၊ နိုင်ငံတဝန်းလုံးတွင်ဖြစ်စေ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးအတွက်အရေးပေါ်အခြေအနေ ကြေညာ၍ စစ်အုပ်ချုပ်ရေး ဥပဒေကိုထုတ်ပြန်နိုင်ရန်နိုင်ငံတော် ကောင်စီသို့တင်ပြသည့်ကိစ္စများ၊

(ဖ) နိုင်ငံ၏ ဒေသအချို့တွင်ဖြစ်စေ၊ နိုင်ငံတဝန်းလုံးတွင် ဖြစ်စေ စစ်စည်းရုံးခြင်း၊စစ်ပြင်ဆင်ခြင်း၊ စစ်ရေးအရ လှုံ့ဆော်ခြင်းတို့ ကိုပြုလုပ်နိုင်ရန် နိုင်ငံတော်ကောင်စီသို့ တင်ပြသည့်ကိစ္စများ၊

(ဗ) နိုင်ငံတော်ကို ကျူးကျော် တိုက်ခိုက်ခြင်းခံရလျှင်၊ နိုင်ငံတော် ကောင်စီသို့တင်ပြသည့်ကိစ္စများ၊

(ဘ) ဝန်ကြီးအဖွဲ့အတွက် သတ်မှတ်ထားသော ဘဏ္ဍာရေးလုပ်ပိုင်ခွင့် ထက် ကျော်လွန်သဖြင့် နိုင်ငံတော်ကောင်စီသို့ တင်ပြသည့် ဘဏ္ဍာရေးကိစ္စများ၊

(မ) ဝန်ကြီးဌာနများ အချင်းချင်းဖြစ်စေ၊ ဝန်ကြီး ဌာနများ လက်အောက်ရှိ အဖွဲ့အစည်းများ အချင်းချင်း ဖြစ်စေ တာဝန်၊ လုပ်ပိုင်ခွင့်စသည်တို့နှင့် ပတ်သက်၍ ပြဿနာများ ရှိပါက ဖြေရှင်းသတ်မှတ်ပေးသည့်ကိစ္စများ၊

(ယ) ဝန်ကြီးအဖွဲ့သို့ တင်ပြ ဆုံးဖြတ်ချက်ရယူရန် လိုအပ်သည်ဟု ဝန်ကြီးအဖွဲ့က အခါအားလျော်စွာ သတ်မှတ်ဆုံးဖြတ် ထားသည့်ကိစ္စများ။

အခန်း (၉)

ဝန်ကြီးအဖွဲ့အစည်းအဝေးများ

၃၂။ ဝန်ကြီးအဖွဲ့၏ ပုံမှန်အစည်းအဝေးကို တလလျှင် အနည်းဆုံးနှစ်ကြိမ် ကျင်းပရမည်။

၃၃။ အထူး အစည်းအဝေးများကို ဝန်ကြီးချုပ်က ဆုံးဖြတ်လျှင်သော်လည်းကောင်း၊ ဝန်ကြီးအဖွဲ့ဝင်အနည်းဆုံး သုံးဆယ့်လေးရာခိုင်နှုန်းက တောင်းဆိုလာလျှင်သော်လည်းကောင်း ခေါ်ယူကျင်းပပေးရမည်။

၃၄။ (က) ဝန်ကြီးများသည် အစည်းအဝေး အစီအစဉ်တွင် ထည့်သွင်းလိုသော ကိစ္စရပ်များကို ဝန်ကြီးအဖွဲ့ရုံးသို့ကြိုတင်ပေးပို့ရမည်၊

(ခ) အစည်းအဝေးအစီအစဉ်ကို ဝန်ကြီးအဖွဲ့ရုံးမှ ရေးဆွဲ၍ဝန်ကြီးချုပ်၏သဘောတူညီချက်ကို ရယူရမည်။

၃၅။ ဝန်ကြီးအဖွဲ့ရုံးသည် ပုံမှန်အစည်းအဝေးများအတွက် အစည်းအဝေးအစီအစဉ်နှင့် သက်ဆိုင်ရာ စာရွက်စာတမ်းများကို ဝန်ကြီးအဖွဲ့ဝင်များထံသို့ ကြိုတင်ပေးပို့ရမည်။

၃၆။ (က) ဝန်ကြီးချုပ်သည် အစည်းအဝေးများတွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည်၊

(ခ) ဝန်ကြီးချုပ် အစည်းအဝေး မတက်ရောက်နိုင်ပါက ဒုတိယ ဝန်ကြီးချုပ်တဦးသည် အစည်းအဝေးတွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည်။

၃၇။ (က) ဝန်ကြီးအဖွဲ့ဝင်တဦးသည် ဝန်ကြီးအဖွဲ့ အစည်းအဝေး မတက်ရောက်နိုင်ပါက ဝန်ကြီးချုပ်ထံ ကြိုတင်ခွင့်ပန်ရမည်၊

(ခ) ဝန်ကြီးအဖွဲ့ဝင် ခုနစ်ဆယ့်ငါးရာခိုင်နှုန်း တက်ရောက်မှသာလျှင် အစည်းအဝေးအထမြောက်သည်၊

(ဂ) အစည်းအဝေး အထမြောက်ရန် လိုအပ်သည့် ဝန်ကြီးအဖွဲ့ဝင် ဦးရေ တက်ရောက်ခြင်းမရှိပါက၊ အစည်းအဝေးကို ထပ်မံ ဖိတ်ခေါ်ကျင်းပရမည်။

၃၈။ (က) အစည်းအဝေးမှတ်တမ်းများကို ဝန်ကြီးအဖွဲ့ရုံးမှ လိုအပ်သလို မှတ်တမ်းတင်ထားရမည်၊

(ခ) အစည်းအဝေး မှတ်တမ်းများကို နောက်တကြိမ် အစည်း အဝေးတွင်တင်ပြ၍အတည်ပြုချက်ရယူရမည်၊

(ဂ) ထုတ်ပြန်ကြေညာခြင်း မပြုသေးသော ဝန်ကြီးအဖွဲ့၏ဆုံးဖြတ်ချက်များနှင့် အစည်းအဝေး မှတ်တမ်းများသည် နိုင်ငံတော်၏ လျှို့ဝှက်ချက်များဖြစ်သည်။

အခန်း (၁၀)

အထွေထွေ

၃၉။ ဝန်ကြီးအဖွဲ့သည် ပြည်သူ့ရေးရာစီမံခန့်ခွဲရေး ကိစ္စရပ်များနှင့် ပတ်သက်၍ လိုအပ်သော ဝန်ကြီးများဖြင့် ဖွဲ့စည်းသောအဖွဲ့များ၊ အခြားကော်မီရှင်များနှင့် ကော်မီတီများကိုဖွဲ့စည်းနိုင်သည်၊ ယင်းတို့၏ လုပ်ငန်းတာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ လုပ်ထုံးလုပ်နည်းများကိုပါတပါတည်း သတ်မှတ်ပေးရမည်။

၄၀။ ဝန်ကြီးချုပ်၊ ဒုတိယ ဝန်ကြီးချုပ်များ၊ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများသည် မိမိတို့၏လစာ၊ စရိတ်ကြေးငွေနှင့် အခြားတရားဝင် ခံစားခွင့်များမှအပအခြားလစာ၊စရိတ်ကြေးငွေကိုခံစားခွင့်မရှိစေရ။မိမိအတွက် အခြားအကျိုးအမြတ်ရရှိသည့် မည်သည့်ရာထူးဌာနန္တရကိုလည်းကောင်း၊ စီးပွားရေးလုပ်ငန်းကိုလည်းကောင်း လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

၄၁။ (က) ဝန်ကြီးအဖွဲ့၏ ရုံးလုပ်ငန်းအဝဝတို့ကို တာဝန်ယူဆောင်ရွက်ရန် ဝန်ကြီးအဖွဲ့ရုံးကိုဖွဲ့စည်းထားရှိရမည်၊

(ခ) ဝန်ကြီးအဖွဲ့ရုံး၏ ဖွဲ့စည်းပုံ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သီးခြားသတ်မှတ်ပေးရမည်။

၄၂။ ဝန်ကြီး အဖွဲ့ဝင်များသည် နိုင်ငံတော်ကောင်စီ၏ သဘောတူညီချက်ဖြင့်သာပြည်ပသို့ခရီးသွားနိုင်ခွင့်ရှိသည်။

ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့
ဥပဒေ

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ			စာမျက်နှာ
၁	နိဒါန်း	....	....	၁
၂	အခန်း (၁)	....	....	၂
	အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်			
၃	အခန်း (၂)	....	....	၃
	ဖွဲ့စည်းခြင်းနှင့်ရည်ရွယ်ချက်			
၄	အခန်း (၃)	....	....	၅
	ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ			
၅	အခန်း (၄)	....		၁၄
	ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌ			

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၆	အခန်း (၅)	၁၆
	ပြည်သူ့လုပ်ငန်းစစ်ဆေးရေး အဖွဲ့ဝင်များ၏တာဝန်များ၊ ကျင့်ဝတ်နှင့်စည်းကမ်းများ	
၇	အခန်း (၆)	၁၈
	ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေးများ	
၈	အခန်း (၇)	၂၁
	ဒေသဆိုင်ရာလုပ်ငန်းစစ်ဆေးရေးအဖွဲ့များ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ	
၉	အခန်း (၈)	၂၆
	ဒေသဆိုင်ရာလုပ်ငန်းစစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏တာဝန်များ၊ ကျင့်ဝတ်နှင့်စည်းကမ်းများ	
၁၀	အခန်း (၉)	၃၀
	ဒေသဆိုင်ရာလုပ်ငန်း စစ်ဆေးရေးအဖွဲ့ အစည်းအဝေးများ	
၁၁	အခန်း (၁၀)	၃၃
	အထွေထွေ	

ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဥပဒေ

[၁၉၇၄ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၁၂]

နိဒါန်း

ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့နှင့် ဒေသဆိုင်ရာလုပ်ငန်း စစ်ဆေးရေးအဖွဲ့အသီးသီးတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များပြဋ္ဌာန်းရန် လိုအပ်သောကြောင့် ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)

အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်—

(က) **လွှတ်တော်** ဆိုသည်မှာ ပြည်သူ့လွှတ်တော်ကို ဆိုသည်၊

(ခ) **ဒေသဆိုင်ရာလုပ်ငန်း စစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ ပြည်နယ် လုပ်ငန်း စစ်ဆေးရေးအဖွဲ့၊ တိုင်း လုပ်ငန်း စစ်ဆေးရေးအဖွဲ့နှင့် မြို့နယ် လုပ်ငန်း စစ်ဆေးရေးအဖွဲ့များကို ဆိုသည်၊

(ဂ) **ဝန်ထမ်း အဖွဲ့အစည်းများ** ဆိုသည်မှာ နိုင်ငံတော်၏ ကာကွယ်ရေး၊ စီမံခန့်ခွဲရေး၊ စီးပွားရေး၊ လူမှုရေး၊ တရားရေး၊ ဥပဒေရေး၊ လုပ်ငန်းစစ်ဆေးရေး စသည့်ကိစ္စအဝဝအတွက် တာဝန်ထမ်းဆောင်ရန် ခန့်ထားသော ဗဟိုနှင့်ဒေသဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းများကို ဆိုသည်။

အခန်း (၂)

ဖွဲ့စည်းခြင်းနှင့်ရည်ရွယ်ချက်

၃။ (က) ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ကို အခြေခံဥပဒေပုဒ်မ ၁၁ဂ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ရွေးချယ်တင်မြှောက် ဖွဲ့စည်းရမည်၊

(ခ) ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့၏ သက်တမ်းသည်လွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်။ ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ သည် လွှတ်တော်သက်တမ်း ကုန်ဆုံးသည့်အခါ ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ အသစ်ရွေးချယ်တင်မြှောက် ပြီးသည့်အထိ လုပ်ငန်း တာဝန်များကို ထမ်းဆောင်ရမည်၊

(ဂ) ဒေသဆိုင်ရာ လုပ်ငန်းစစ်ဆေးရေး အဖွဲ့များကို အခြေခံဥပဒေ ပုဒ်မ ၁၂၃ ပုဒ်မခွဲ (က) နှင့် (ခ) တွင် ပြဋ္ဌာန်းထားသည့် အတိုင်း ရွေးချယ်တင်မြှောက်ဖွဲ့စည်းရမည်၊

(ဃ) ဒေသဆိုင်ရာ လုပ်ငန်းစစ်ဆေးရေး အဖွဲ့၏ သက်တမ်းသည် ပြည်သူ့ကောင်စီ၏ သက်တမ်းနှင့်အညီ ဖြစ်သည်။ ဒေသဆိုင် ရာလုပ်ငန်း စစ်ဆေးရေး အဖွဲ့သည် ပြည်သူ့ကောင်စီ သက်တမ်း

ကုန်ဆုံးသည့်အခါ ဒေသဆိုင်ရာ လုပ်ငန်းစစ်ဆေးရေး အဖွဲ့အသစ် ရွေးချယ်တင်မြှောက် ပြီးသည်အထိလုပ်ငန်း တာဝန်များကို ထမ်းဆောင်ရမည်။

၄။ ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့နှင့် ဒေသဆိုင်ရာ လုပ်ငန်းစစ်ဆေးရေး အဖွဲ့များကို အောက်ပါရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားရှိသည်—

(က) နိုင်ငံတော်က ကျင့်သုံးလျက်ရှိသော ဆိုရှယ်လစ်စနစ်ကိုအကောင်အထည်ဖော်ရာတွင် လုပ်ငန်းစစ်ဆေးရေး အဖွဲ့အစည်းများအဖြစ်ထမ်းဆောင်ရန်၊

(ခ) လွှတ်တော်မှ ချမှတ်သောမူဝါဒ၊ လုပ်ငန်းစဉ်၊ ဥပဒေ၊ နည်းဥပဒေများနှင့် နိုင်ငံတော်ကောင်စီ၏ ညွှန်ကြားချက်များနှင့်အညီ ဥပဒေအရ စစ်ဆေးခံရမည့် အဖွဲ့အစည်းများက ဆောင်ရွက်ခြင်း ရှိ မရှိ စစ်ဆေးရန်၊

(ဂ) ဥပဒေအရ စစ်ဆေးခံရမည့် အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များသည် ပြည်သူတို့အတွက် အကျိုးသက်ရောက်မှု ရှိ မရှိ စစ်ဆေးရန်၊

(ဃ) လုပ်သားပြည်သူတို့၏ အကျိုးကို ထိခိုက်နစ်နာစေလျက် လူတဦး၊ လူတစု သို့မဟုတ် အသင်းအဖွဲ့တခု၏ အကျိုးအတွက် မတရားလုပ်ဆောင်မှု၊ မသမာ ကိုယ်ကျိုးရှာမှု ရှိ မရှိ စစ်ဆေးရန်၊

(င) လုပ်ငန်းတွင်ကျယ်မှု၊ အောင်မြင်မှု ရှိ မရှိစစ်ဆေးရန်၊

(စ) လေလွင့်ပြုန်းတီးမှု၊ ယိုဖိတ်မှု၊ ပျက်စီးမှု၊ နစ်နာဆုံးရှုံးမှု၊ အလွဲသုံးစားမှုရှိ မရှိစစ်ဆေးရန်၊

(ဆ) လုပ်ငန်း စစ်ဆေးရေး ဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ရာ၌ ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုကို စည်းရုံးရယူရန်။

အခန်း (၃)

ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၂။ ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့သည် လွှတ်တော်ကို တာဝန်ခံရ ည်။ လုပ်ငန်းစစ်ဆေးရေး အခြေအနေများကို နိုင်ငံတော်ကောင်စီမှ တဆင့် ွှတ်တော်သို့ အချိန်မှန်အစီရင်ခံရမည်။ လွှတ်တော် အစည်းအဝေးကျင်းပ ာည့် ကာလမဟုတ်လျှင် နိုင်ငံတော်ကောင်စီကို တာဝန်ခံရမည်။

။ ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်—

(က) ဒေသဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ ဝန်ထမ်းအဖွဲ့အစည်းများနှင့် စစ်ဆေးရန် ဥပဒေအရ သတ်မှတ်ထားသော အခြား အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များသည် ပြည်သူတို့အတွက် အကျိုးသက်ရောက်မှု ရှိ မရှိစစ်ဆေးရမည်၊

(ခ) ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့သည် စစ်ဆေးတွေ့ရှိချက်များနှင့် ဆောင်ရွက်ချက်များကို နိုင်ငံတော် ကောင်စီမှတဆင့် လွှတ်တော်သို့တင်ပြရမည်။

၇။ (က) လွှတ်တော်က ဖြစ်စေ၊ နိုင်ငံတော် ကောင်စီက ဖြစ်စေ ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့အား အဖွဲ့အစည်းတရပ် သို့မဟုတ် လုပ်ငန်းတခုကို စစ်ဆေးပေးရန်အကြောင်းကြားလာသည့်အခါ လိုအပ်သလို စစ်ဆေးပြီးနောက် တွေ့ရှိချက်များကို နိုင်ငံတော်ကောင်စီမှတဆင့် လွှတ်တော်သို့ ဖြစ်စေ၊ နိုင်ငံတော်ကောင်စီသို့ဖြစ်စေ အစီရင်ခံရမည်၊

(ခ) ဝန်ကြီးအဖွဲ့ကဖြစ်စေ၊ ပြည်သူ့တရားသူကြီးအဖွဲ့ကဖြစ်စေ၊ပြည်သူ့ဥပဒေ အကျိုးဆောင် အဖွဲ့ကဖြစ်စေ မိမိလက်အောက်ရှိ အဖွဲ့အစည်းတရပ် သို့မဟုတ် လုပ်ငန်းတခုကို စစ်ဆေးပေးရန် ပြည်သူ့လုပ်ငန်း စစ်ဆေးရေး အဖွဲ့အား တောင်းခံလာပါက လိုအပ်သလိုဆောင်ရွက်၍ စစ်ဆေးတွေ့ရှိချက်များကို တောင်းခံသည့်အဖွဲ့သို့ ပေးပို့ရမည်၊

(ဂ) ပြည်သူ့ကောင်စီတရပ်က ဖြစ်စေ၊ ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းတရပ်ကဖြစ်စေ၊ ယင်းတို့၏ လက်အောက်ရှိအဖွဲ့အစည်းတရပ် သို့မဟုတ် လုပ်ငန်းတခုကို စစ်ဆေးပေးရန် တောင်းခံလာပါက ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့သည်ကိစ္စအလိုက်ချင့်ချိန်၍ သင့်တော်သလို ဆောင်ရွက်ပြီး စစ်ဆေးတွေ့ရှိချက်များကို တောင်းခံသည့် အဖွဲ့သို့ပေးပို့ရမည်။

၈။ ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ သို့မဟုတ် ပြည်သူ့လုပ်ငန်းစစ်ဆေးရေး အဖွဲ့ဝင်များပါဝင်သော အဖွဲ့ငယ်များသည် အောက်ပါ အဖွဲ့အစည်းများ သို့မဟုတ် လုပ်ငန်းများကို စစ်ဆေးပိုင်ခွင့်ရှိသည်—

(က) လွှတ်တော်ရုံး၊

(ခ) နိုင်ငံတော်ကောင်စီရုံး၊

(ဂ) ဝန်ကြီးအဖွဲ့ရုံး၊

(ဃ) ပြည်သူ့တရားသူကြီးအဖွဲ့ရုံး၊

(င) ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ရုံး၊

(စ) ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ရုံး၊

(ဆ) ဝန်ကြီးဌာနများ၊

(ဇ) ဗဟိုတရားရုံး၊

(ဈ) ဗဟိုဥပဒေရုံး၊

(ည) ဗဟိုစာရင်းရုံး၊

(ဋ) ဦးစီးဌာနများ၊ ဘုတ်အဖွဲ့များနှင့် ကော်ပိုရေးရှင်းများ၏ ဗဟို အဆင့်ရှိ အဖွဲ့အစည်းများနှင့် လုပ်ငန်းများ၊

(ဌ) ဝန်ကြီးဌာနများက တိုက်ရိုက်ကြီးကြပ်သည့် ဗဟိုအဆင့်ရှိအခြား အဖွဲ့အစည်းများ၊

(ဍ) ပြည်သူ့ကောင်စီအဆင့်ဆင့်နှင့် ယင်းတို့၏အဖွဲ့အစည်းများ၊

(ဎ) သမဝါယမအသင်းများ၊

(ဏ) စစ်ဆေးရန် ဥပဒေအရ သတ်မှတ်ထားသည့် အဖွဲ့အစည်းများ။

၉။ ဤဥပဒေအရ စစ်ဆေးခံရမည့် မည်သည့်အဖွဲ့အစည်း သို့မဟုတ် မည်သည့် လုပ်ငန်းကိုမဆို ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် ပြည်သူ့လုပ်ငန်းစစ်ဆေးရေး အဖွဲ့ဝင်များပါဝင်သော အဖွဲ့ငယ်များကသာ စစ်ဆေးရမည်ဟု ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့က သတ်မှတ်နိုင်သည်။

၁၀။ ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် ပြည်သူ့လုပ်ငန်း စစ်ဆေး ရေး အဖွဲ့ဝင်များပါဝင်သော အဖွဲ့ငယ်များသည် ဒေသဆိုင်ရာဝန်ထမ်း အဖွဲ့ အစည်းများနှင့် လုပ်ငန်းများကို လိုအပ်ပါက စစ်ဆေးနိုင်သည်။

၁၁။ ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့သည် မိမိ၏ တွေ့ရှိချက်များအရ ထည်းကောင်း၊ ပြည်သူများ၊ ပြည်သူ့ကိုယ်စားလှယ်များ၊ ပြည်သူ့ကောင်စီများ၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၊ လူထုလူတန်းစား အဖွဲ့အစည်းများ သို့မဟုတ်

ဝန်ထမ်း အဖွဲ့အစည်းများ၏ ထိုင်ကြားချက်အရ သော်လည်းကောင်း လိုအပ်သည်ဟုယူဆပါက မိမိစစ်ဆေးပိုင်ခွင့်ရှိသော အဖွဲ့အစည်း သို့မဟုတ် လုပ်ငန်းကိုစစ်ဆေးနိုင်သည်။

၁၂။ ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) ရသုံးခန့်မှန်းခြေ ငွေစာရင်းပါရငွေများကို ပြည့်ဝစွာရရှိအောင်ဆောင်ရွက်မှု ရှိ မရှိစစ်ဆေးခြင်း၊

(ခ) ရသုံး ခန့်မှန်းခြေ ငွေစာရင်းပါ သုံးခွင့်ပြုထားသည့်ငွေကြေးများကို ထိရောက်စွာအသုံးပြု မပြု စစ်ဆေးခြင်း၊

(ဂ) ဖွဲ့စည်းပုံနှင့် ဖွဲ့စည်းပုံ အင်အားတို့သည် ထမ်းဆောင်ရမည့် လုပ်ငန်းတာဝန်နှင့် လျော်ကန်မျှတမှုရှိ မရှိ စစ်ဆေးခြင်း၊

(ဃ) နှစ်စဉ် ခွင့်ပြုသည့် ဝန်ထမ်း အင်အားအတွင်း ဝန်ထမ်းများအသုံးပြု ဆောင်ရွက်ခြင်းရှိ မရှိစစ်ဆေးခြင်း၊

(င) ဖွဲ့စည်းပုံနှင့် လုပ်ကိုင်ဆောင်ရွက်ပုံသည် မူလ ရည်ရွယ်ချက် သို့မဟုတ် ရည်မှန်းချက် ဖြစ်မြောက်စေမည့် အခြေအနေမျိုးရှိ မရှိစစ်ဆေးခြင်း၊

(စ) ပြည်သူပိုင်ပစ္စည်း၊ သမဝါယမပိုင် ပစ္စည်းနှင့် အများပိုင်ပစ္စည်းများကို ရယူထိန်းသိမ်း အသုံးပြုရာတွင် တိကျမှန်ကန်မှု၊ သတိရှိစွာ စောင့်ရှောက်မှုနှင့် ထိရောက်တွင်ကျယ်စွာအသုံးပြုမှုရှိ မရှိစစ်ဆေးခြင်း၊

(ဆ) ပိုင်ရှင်မဲ့ပစ္စည်းများ၊ ဖမ်းဆီးသိမ်းယူထားသည့် ပစ္စည်းများ၊ ပြည်သူပိုင်အဖြစ်ကြေညာ၍ သိမ်းပိုက်ထားသည့်ပစ္စည်းများ၊ ပိုင်ရှင်ကတရားဝင် စွန့်လွှတ်ထားသည့် ပစ္စည်းများကို ပြည်သူပိုင် ပစ္စည်းများအဖြစ် သက်ဆိုင်ရာတို့က တရားဝင်စာရင်းသွင်းခြင်း ရှိ မရှိ၊ ထိန်းသိမ်းခြင်းရှိ မရှိ၊ စနစ်တကျအသုံးပြုခြင်း ရှိ မရှိ၊ လိုအပ်သည့်ကိစ္စများတွင် စနစ်တကျ ထုခွဲရောင်းချ လွှဲပြောင်းပေးခြင်း ရှိ မရှိစစ်ဆေးခြင်း။

(ဇ) ရင်းနှီးပစ္စည်း၊ နှစ်ချင်းသုံးပစ္စည်း၊ ထုတ်ကုန်ပစ္စည်း၊ ရောင်း၀ယ်ကုန်ပစ္စည်း၊ ပျက်စီးပျောက်ဆုံးသည့် ပစ္စည်းများအပါအ၀င်ပစ္စည်း စာရင်းများကို စစ်ဆေးခြင်း၊

(ဈ) ကုန်ထုတ်လုပ်မှု ကိန်းဂဏန်းများနှင့် လုပ်ငန်းဆောင်ရွက်ပေးမှု စာရင်းများကိုစစ်ဆေးခြင်း၊

(ည) ကုန်ပစ္စည်းများနှင့် ဆောင်ရွက်ပေးမှုများ၏ အရေအတွက်နှင့် အဆင့်အတန်းစံနှုန်းများကို စစ်ဆေးခြင်း၊

(ဋ) လုပ်ငန်းစီမံကိန်းများကိုအကောင်အထည်ဖော်ရာတွင်လေလွင့်ပြုန်းတီးမှု၊ ယိုဖိတ်မှု၊ပျက်စီးမှု၊ နစ်နာဆုံးရှုံးမှု၊ အလွဲသုံးစားမှု ရှိ မရှိ စစ်ဆေးခြင်း၊

(ဌ) ကုန်ကျစရိတ်နှင့် အကျိုး သက်ရောက်မှုကို နှိုင်းယှဉ်၍စစ်ဆေးခြင်း၊

(ဍ) အဖွဲ့အစည်း သို့မဟုတ် လုပ်ငန်း ဖွဲ့စည်းလုပ်ကိုင်မှုတွင် ကြီးကြပ်ကွပ်ကဲမှု၊ လုပ်ငန်းပိုင်းဆိုင်ရာ ထိန်းကွပ်ကိန်းများဖြင့် ဆောင်ရွက်မှု၊ စီးပွားရေး စွမ်းဆောင်ရည် တိုးတက်မှု၊ လူမှုရေးနှင့် ယဉ်ကျေးမှုဘက်၌ အကျိုးသက်ရောက်မှု၊ လုပ်ငန်းစည်းစနစ်ကျနမှု၊ ၀န်ထမ်းများ အဂတိကင်းစွာလုပ်ကိုင်ဆောင်ရွက်မှုနှင့် ငွေကြေးနှင့်ပစ္စည်းများကို အလဟဿနှင့် အကျိုးမရှိပဲအသုံးပြုခြင်းမှကင်းရှင်းမှုတို့ကို သုံးသပ်စစ်ဆေးခြင်း၊

(ဎ) ကျင့်သုံးလျက်ရှိသည့် စာရင်းအင်း ထားသိုပုံနည်းစနစ်များသည် ခိုင်လုံမှုရှိ မရှိ စစ်ဆေးခြင်း။

၁၃။ (က) နှစ်စဉ် ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီးနောက် သာမန်အားဖြင့် ရက်ပေါင်းကိုးဆယ်အတွင်း လူစာရင်း၊ ငွေစာရင်း၊ ကုန်ပစ္စည်းစာရင်းအပါအ၀င် နှစ်ချုပ် စာရင်းများကို သက်ဆိုင်ရာအဖွဲ့အစည်းများက ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့သို့ပေးပို့ရမည်၊

F. 10

(ခ) ပြည်သူ့လုပ်ငန်း စစ်ဆေးရေး အဖွဲ့သည် မိမိစစ်ဆေးပိုင်ခွင့်ရှိသောအဖွဲ့အစည်းများအား စစ်ဆေးရန် အစီအစဉ်ကိုသက်ဆိုင်ရာဗဟို အာဏာပိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းရေးဆွဲရမည်။သာမန်အားဖြင့် အဖွဲ့အစည်းများသည် ယင်းအစီအစဉ်အတိုင်းအစစ်အဆေးခံနိုင်ရန် လိုအပ်သည့် ပြင်ဆင်မှုများကိုပြုလုပ်ထားရမည်။

၁၄။ ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့သည် —

(က) ဝန်ကြီးဌာနများ၊ ဗဟိုဦးစီးဌာနများ၊ ဘုတ်အဖွဲ့များ၊ကော်ပိုရေးရှင်းများ၊ ဗဟိုတရားရုံးနှင့် ဗဟိုဥပဒေရုံးတို့အားစစ်ဆေးရာတွင် စစ်ဆေး တွေ့ရှိချက်များကို သက်ဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိ ဝန်ထမ်းများအား မေးမြန်းခြင်း၊ ဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်း၊ အကြံပေးခြင်း၊ အဖြေရှာခြင်းများပြုလုပ်ရမည်။ ယင်းသို့ပြုလုပ်ပြီးပါက လိုအပ်လျှင် သက်ဆိုင်ရာဝန်ကြီး၊ ပြည်သူ့တရားသူကြီးအဖွဲ့၊ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့အား အကြောင်းကြား၍ ညှိနှိုင်းခြင်း၊ ဆွေးနွေးခြင်း၊ အကြံပေးခြင်း၊ အဖြေရှာခြင်းတို့ကို ပြုလုပ်ရမည်၊

(ခ) သက်ဆိုင်ရာဝန်ကြီးနှင့် တွေ့ဆုံညှိနှိုင်း ဆောင်ရွက်သော်လည်းပြီးပြတ်ခြင်းမရှိပါက ဝန်ကြီးအဖွဲ့သို့ အကြောင်းကြားရမည်။ ဝန်ကြီးအဖွဲ့နှင့်လည်း ပြီးပြတ်ခြင်းမရှိပါကနိုင်ငံတော်ကောင်စီသို့ တင်ပြ၍ အဆုံးအဖြတ် သို့မဟုတ် ညွှန်ကြားချက်တောင်းခံရမည်၊

(ဂ) ပြည်သူ့တရားသူကြီးအဖွဲ့၊ ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့နှင့် တွေ့ဆုံညှိနှိုင်း ဆောင်ရွက်သော်လည်း ပြီးပြတ်ခြင်းမရှိပါက နိုင်ငံတော်ကောင်စီသို့ တင်ပြ၍ အဆုံးအဖြတ် သို့မဟုတ် ညွှန်ကြားချက် တောင်းခံရမည်။

၁၅။ ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့သည်—

(က) ဥပဒေအရစစ်ဆေးရမည့် အဖွဲ့အစည်း သို့မဟုတ်လုပ်ငန်းများကိုစစ်ဆေးရာတွင်ဥပဒေ အရ အရေး ယူသင့်သည်ဟု ယူဆ

သော ကိစ္စများကို တွေ့ရှိပါက တွေ့ရှိချက်များကို သက်ဆိုင်ရာ အဖွဲ့အစည်း အကြီးအကဲ သို့မဟုတ် လုပ်ငန်းအကြီးအကဲကလိုအပ်သလို အရေးယူနိုင်ရန် အကြောင်းကြားရမည့်အပြင် သက်ဆိုင်ရာ ဗဟိုအာဏာပိုင် အဖွဲ့အစည်းသို့လည်း အကြောင်းကြားရမည်၊

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြထားသည့်အတိုင်း ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာ အဖွဲ့အစည်း သို့မဟုတ်ပုဂ္ဂိုလ်အား ဥပဒေအရ အရေးယူသင့်က အရေးယူနိုင်ရန် ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့သို့ အကြောင်းကြားရမည်။

၁၆။ ပုဒ်မ ၁၅ အရ စစ်ဆေးချက်နှင့်ပတ်သက်၍ ဥပဒေနှင့်အညီအရေးယူရန် သက်ဆိုင်ရာ ဗဟိုအာဏာပိုင် အဖွဲ့အစည်းတရပ်ကို သော်လည်းကောင်း၊ သက်ဆိုင်ရာ ပြည်သူ့ကောင်စီ တရပ်ကိုသော်လည်းကောင်း အကြောင်းကြားပြီး၊သက်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် ပြည်သူ့ကောင်စီကမည်ကဲ့သို့ အရေးယူလျက်ရှိကြောင်းကို ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့သည် အမှုကိစ္စမပြီးမချင်း စုံစမ်း မေးမြန်းရန် တာဝန်ရှိသည်။ သင့်လျော်သော အချိန်အတွင်း အရေးယူဆောင်ရွက်ခြင်းမရှိပါကယင်းကိစ္စကို နိုင်ငံတော်ကောင်စီသို့ တင်ပြရမည်။

၁၇။ ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့သည် အဖွဲ့အစည်းတရပ် သို့မဟုတ် လုပ်ငန်းတခုကို စစ်ဆေးရာတွင် ယင်းအဖွဲ့အစည်း သို့မဟုတ် လုပ်ငန်းခွင်၌ လေလွင့်ပြုန်းတီးမှု၊ ယိုဖိတ်မှု၊ ပျက်စီးမှု၊ နစ်နာဆုံးရှုံးမှု၊ အလွဲသုံးစားပြုမှုများ လောလောဆယ်ဖြစ်ပေါ်နေခြင်းကို ချက်ချင်းရပ်တန့် တားဆီးနိုင်ရန် လိုအပ်သည်ဟု ယူဆပါက အောက်ပါအတိုင်းဆောင်ရွက်ရမည်—

(က) သက်ဆိုင်ရာ အဖွဲ့အစည်း သို့မဟုတ် လုပ်ငန်းအကြီးအကဲသို့ ချက်ချင်း အကြောင်းကြားရမည်။ တချိန်တည်း၌ပင် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ အကြောင်းကြားရမည်၊

(ခ) သက်ဆိုင်ရာ အဖွဲ့အစည်း သို့မဟုတ် လုပ်ငန်း အကြီးအကဲက ချက်ချင်း အရေးမယူလျှင် သက်ဆိုင်ရာ ဗဟိုအာဏာပိုင် အဖွဲ့အစည်းထံ အကြောင်းကြား၍ ညှိနှိုင်းဆောင်ရွက်ရမည်၊

(ဂ) သက်ဆိုင်ရာ ဗဟိုအာဏာပိုင်အဖွဲ့အစည်းကထိရောက်စွာ အရေးမယူလျှင် နိုင်ငံတော် ကောင်စီသို့တင်ပြရမည်။

၁၈။ ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ သို့မဟုတ် ယင်းအဖွဲ့က တာဝန်ပေးသော အဖွဲ့ငယ်များ၊ ဝန်ထမ်းများ၊ပုဂ္ဂိုလ်များ၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) ဥပဒေအရ စစ်ဆေးခံရမည့် အဖွဲ့အစည်းများ၊ ရုံးများ၊ လုပ်ငန်းခွင်များ၊ စက်ရုံများ စသည်တို့၏ ဥပစာများ၊ အဆောက်အဦများအတွင်းသို့ ဝင်ရောက်စစ်ဆေးခြင်း၊

(ခ) ဥပဒေအရ စစ်ဆေးခံရမည့် အဖွဲ့အစည်းများ၊ ရုံးများ၊ လုပ်ငန်းခွင်များ၊ စက်ရုံများ တွင်ရှိသော စီမံကိန်းများ၊ စီမံချက်များ၊ လုပ်ကိုင်ပုံ နည်းစနစ်များ၊ စာချုပ်စာတမ်းများ၊ လူစာရင်းများ၊ ငွေစာရင်းများ၊ ပစ္စည်းစာရင်းများ၊ အစီရင်ခံစာများ၊ စာရင်းစာအုပ်များ၊မြေပုံစာများနှင့် အခြား အထောက်အထား စာရွက်စာတမ်းများကို လေ့လာခြင်း၊

(ဂ) ပုဒ်မခွဲ (ခ) တွင်ဖော်ပြသော စာရွက်စာတမ်းများကို မူရင်းအတိုင်းဖြစ်စေ၊ မိတ္တူကူး၍ဖြစ်စေ သက်ဆိုင်ရာအဖွဲ့အစည်းက ပေးပို့ရန်တောင်းခံခြင်း၊

(ဃ) လုပ်ငန်းစစ်ဆေးချက်များနှင့် ပတ်သက်၍ တွေ့ရှိသည့် သက်သေခံပစ္စည်းများ၊ စာရွက် စာတမ်းများကို သက်သေခံအဖြစ် ထိန်းသိမ်းခြင်း၊

(င) လုပ်ငန်းစစ်ဆေးရေးအတွက် သက်ဆိုင်ရာ ပုဂ္ဂိုလ်များကို ဖိတ်ခေါ် မေးမြန်းခြင်း၊

(စ) လုပ်ငန်းများကို စစ်ဆေးရာတွင် လိုအပ်ပါက ကျွမ်းကျင်သူဝန်ထမ်းများ၏ အကူအညီကို လုပ်ငန်းအလိုက်ဖြစ်စေ၊ ကာလအပိုင်းအခြား အားဖြင့်ဖြစ်စေ သက်ဆိုင်ရာ ဗဟိုအာဏာပိုင်အဖွဲ့ အစည်း၏ သဘောတူ ခွင့်ပြုချက်ဖြင့်ရယူခြင်း။

၁၉။ ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် ယင်းအဖွဲ့က တာဝန်ပေးသော အဖွဲ့ငယ်များ၊ ဝန်ထမ်းများ၊ ပုဂ္ဂိုလ်များသည် ထိရောက်စွာ တာဝန်ထမ်းဆောင်နိုင်ရန် လိုအပ်သည့် အကူအညီများနှင့် အစီအစဉ်များကိုသက်ဆိုင်ရာ အဖွဲ့အစည်းများ သို့မဟုတ်လုပ်ငန်းမှ တာဝန်ရှိသူများက စီစဉ်ပေးရမည်။

၂၀။ (က) ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့သည် အခြား ဗဟိုအာဏာပိုင် အဖွဲ့ အစည်းများ၏ ဆုံးဖြတ်ချက်ချမှတ်သည့် အကြောင်းရင်းများနှင့် စပ်လျဉ်း၍ စစ်ဆေးမေးမြန်းစုံစမ်းခွင့် မရှိစေရ၊

(ခ) ပြည်သူ့လုပ်ငန်းစစ်ဆေးရေး အဖွဲ့သည် ပုံမှန် အစီရင်ခံစာ၊ အဖွဲ့အစည်း တရပ်အား စစ်ဆေး၍ တွေ့ရှိချက်အစီရင်ခံစာ၊ ကိစ္စတရပ်နှင့် ပတ်သက်သည့် စစ်ဆေး တွေ့ရှိချက် အစီရင်ခံစာ စသည်တို့ကိုလွှတ်တော်သို့ တင်နိုင်ပြရန် နိုင်ငံတော်ကောင်စီသို့ ပေးပို့တိုင်း၊မိတ္တူကို သက်ဆိုင်ရာ ဗဟို အာဏာပိုင် အဖွဲ့အစည်းသို့ ပေးပို့ရမည်။ သက်ဆိုင်ရာ ဗဟိုအာဏာပိုင် အဖွဲ့အစည်းသည် မိမိလက်အောက်ရှိ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့်လိုအပ်သလို ညှိနှိုင်း၍ပြန်ကြားချက်ကို မိတ္တူ ရရှိသည့်ရက်မှ ရက်ပေါင်း ခြောက်ဆယ်အတွင်း နိုင်ငံတော်ကောင်စီသို့ တင်သွင်းရမည်။ ပြန်ကြားချက် မိတ္တူကို ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့သို့ ပေးပို့ရမည်။

အခန်း (၄)

ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌ

၂၁။ ပြည်သူ့လုပ်ငန်းစစ်ဆေးရေး အဖွဲ့ဝင်များသည် မိမိတို့အထဲမှ ဥက္ကဋ္ဌ တဦးကို ရွေးချယ်တင်မြှောက်ရမည်။

၂၂။ ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် —

(က) ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့အား ဦးဆောင်မှုပေးခြင်း၊

(ခ) ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ရုံးနှင့် စာရင်းရုံး အဆင့်ဆင့်ကို လမ်းညွှန်ခြင်း၊

(ဂ) ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေး အစီအစဉ်ကို အတည်ပြုခြင်း၊

(ဃ) ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ အစည်း အဝေးများကို ခေါ်ယူကျင်းပခြင်း၊

(င) ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ အစည်း အဝေးများ၌ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ အစည်းအဝေးများကို ဦးဆောင်ခြင်း၊

(စ) ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ကိုယ်စား လုပ်ငန်းစစ်ဆေးရေး အခြေ အနေ အရပ်ရပ်နှင့် ပြဿနာ အသီးသီးတို့ကို နိုင်ငံတော် ကောင်စီသို့ အခါအားလျော်စွာ တင်ပြခြင်း၊

(ဆ) ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့မှ လွှတ်တော်သို့ တင်ပြရန် လိုအပ်သည့် ကိစ္စရပ်များကိုပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဝင် များနှင့်ညှိနှိုင်း၍ နိုင်ငံတော်ကောင်စီမှတဆင့် လွှတ်တော်သို့ တင်ပြခြင်း။

၂၃။ (က) ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့တွင် တစုံတခုသော အကြောင်း ကြောင့် ဥက္ကဋ္ဌ နေရာလစ်လပ်လျှင် အခြေခံဥပဒေပုဒ်မ ၁၁၈ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ရွေးချယ်တင်မြှောက်ရမည်၊

(ခ) ဥက္ကဋ္ဌ အသစ်ရွေးချယ် တင်မြှောက်ခြင်း မပြုရသေးမီ ဥက္ကဋ္ဌ၏ တာဝန် ဝတ္တရားများကို အဖွဲ့ဝင်တဦးက ယာယီပူးတွဲ ထမ်း ဆောင်ရန် ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့က တာဝန်ပေးအပ် ရမည်၊

(ဂ) ပြည်သူ့လုပ်ငန်းစစ်ဆေးရေး အဖွဲ့ ဥက္ကဋ္ဌသည် အကြောင်း တစုံတရာကြောင့် မိမိတာဝန်ကို ယာယီ ထမ်းဆောင်နိုင်စွမ်း မရှိလျှင် ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့က တာဝန်ပေး အပ်သော အဖွဲ့ဝင် တဦးကဥက္ကဋ္ဌ၏ တာဝန်ကို ယာယီပူးတွဲထမ်း ဆောင်ရမည်။

အခန်း (၅)

ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ဝင်များ၏ တာဝန်များ၊ ကျင့်ဝတ်နှင့် စည်းကမ်းများ

၂၄။ (က) ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့က တာဝန်ယူရမည့် လုပ်ငန်းများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မိမိတို့အချင်းချင်း ညှိနှိုင်းဆုံးဖြတ်၍ အဖွဲ့ကို အထောက်အကူပြုရန် သင့်တော်သလို ကဏ္ဍများခွဲဝေ၍ အသီးသီးတာဝန်ယူကြရမည်၊

(ခ) ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပုဒ်မခွဲ (က) အရ ကဏ္ဍများခွဲဝေ၍ အသီးသီး တာဝန်ယူစစ်ဆေးကြသော်လည်း မိမိတို့ ကဏ္ဍအလိုက် ထမ်းဆောင်ချက်များကို အဖွဲ့၏ ပုံမှန်အစည်းအဝေးများသို့ တင်ပြရမည်။ ထို့နောက် စုပေါင်းဦးဆောင်မှု၊ စုပေါင်းတာဝန်ခံမှု မူအရ အဖွဲ့အနေဖြင့် ဆုံးဖြတ်ဆောင်ရွက်ရမည်။

၂၅။ ပြည်သူ့လုပ်ငန်းစစ်ဆေးရေး အဖွဲ့ဝင်များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာအောက်ပါအတိုင်းဖြစ်သည် —

(က) ပြည်သူ့လုပ်ငန်းစစ်ဆေးရေး အဖွဲ့၏ လုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် ပါဝင်ဆောင်ရွက်ခြင်း၊
(ခ) ပြည်သူ့လုပ်ငန်းစစ်ဆေးရေး အဖွဲ့၏ အစည်းအဝေး များ၌ ဆွေးနွေးရမည့် ကိစ္စရပ်များနှင့် ချမှတ်ရမည့် ဆုံးဖြတ်ချက်များကို စဉ်ဆက်မပြတ်လေ့လာ၍ လိုအပ်သလိုပါဝင်တင်ပြခြင်း၊
(ဂ) မိမိတို့ခွဲဝေတာဝန်ယူသည့် ကဏ္ဍနှင့်ပတ်သက်သည့်စစ်ဆေးတွေ့ရှိချက်များကို ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့သို့ တင်ပြခြင်း၊
(ဃ) ပြည်သူ့လုပ်ငန်း စစ်ဆေးရေး အဖွဲ့မှ ပေးအပ်သော အခြားတာဝန်များကို ထမ်းဆောင်ခြင်း။

၂၆။ ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ဝင်များသည် အောက်ပါကျင့်ဝတ်နှင့် စည်းကမ်းများကို လိုက်နာစောင့်ထိန်းရမည်—

(က) တာဝန်ထမ်းဆောင်ရာ၌ အဂတိ မလိုက်စားပဲ ဖြောင့်မတ်တည်ကြည်စွာထမ်းဆောင်ရမည်၊
(ခ) တာဝန်ထမ်းဆောင်ရာ၌ စစ်ဆေးတွေ့ရှိချက်များကိုမိမိကိုယ်ကျိုးစီးပွားအတွက်အသုံးမပြုရ၊
(ဂ) ပြည်သူ့လုပ်ငန်းစစ်ဆေးရေး အဖွဲ့၏ ဆုံးဖြတ်ချက်များ၊ အစည်းအဝေးမှတ်တမ်းများကို ထုတ်ပြန်ကြေညာခြင်း မပြုသေးသရွေ့ နိုင်ငံတော်၏ လျှို့ဝှက်ချက်များအဖြစ် ထိန်းသိမ်း စောင့်ရှောက်ရမည်၊
(ဃ) မိမိတို့ တာဝန် သိက္ခာနှင့်အညီပြောဆို နေထိုင် ကျင့်ကြံရမည်။

၂၇။ (က) ပြည်သူ့လုပ်ငန်းစစ်ဆေးရေး အဖွဲ့တွင် တစုံတခုသောအကြောင်းကြောင့် အဖွဲ့ဝင်နေရာလစ်လပ်လျှင် အခြေခံဥပဒေပုဒ်မ ၁၁ဂ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်နှင့်အညီ ရွေးချယ်တင်မြှောက်ရမည်၊
(ခ) အဖွဲ့ဝင်အသစ် ရွေးချယ် တင်မြှောက်ခြင်း မပြုရသေးမီ ယင်းအဖွဲ့ဝင်၏ တာဝန်ဝတ်တရားများကို အခြား အဖွဲ့ဝင်တဦးက ယာယီပူးတွဲထမ်းဆောင်ရန် ပြည်သူ့လုပ်ငန်းစစ်ဆေးရေး အဖွဲ့က တာဝန်ပေးအပ်ရမည်။

အခန်း (၆)

ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေးများ

၂၈။ ပြည်သူ့လုပ်ငန်းစစ်ဆေးရေး အဖွဲ့၏ ပုံမှန် အစည်းအဝေးကို တလလျှင် အနည်းဆုံး ၂ ကြိမ် ကျင်းပရမည်။ အရေးကြီးသော ကိစ္စပေါ်ပေါက်၍ လိုအပ်လျှင်အထူးအစည်းအဝေးခေါ်ယူကျင်းပနိုင်သည်။

၂၉။ (က) ပြည်သူ့လုပ်ငန်းစစ်ဆေးရေး အဖွဲ့ အစည်းအဝေး အစီအစဉ်ကို ဥက္ကဋ္ဌ၏ ညွှန်ကြားချက်အရ ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ ရုံးမှတင်ပြရမည်၊

(ခ) ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ဝင်များသည် အစည်းအဝေး အစီအစဉ်တွင် ထည့်သွင်းလိုသော ကိစ္စရပ်များကို ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ရုံးသို့ ကြိုတင် အကြောင်းကြားခွင့်ရှိသည်။ ယင်း အကြောင်းကြားချက်များကို ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ရုံးမှ အစည်းအဝေး အစီအစဉ်တွင် ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် ထည့်သွင်းပေးရမည်။

၃၀။ ပုံမှန် အစည်း အဝေးများသို့ တက်ရောက်ရန် ဖိတ်ကြားချက်ကို အစည်းအဝေးအစီအစဉ်နှင့် သက်ဆိုင်ရာစာရွက်စာတမ်းများပါပူးတွဲ၍ ပြည်သူ့

လုပ်ငန်းစစ်ဆေးရေးအဖွဲ့ရုံးက ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ဝင်များထံသို့ ကြိုတင်ပေးပို့ရမည်။

၃၁။ (က) ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌသည် ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ အစည်း အဝေးများတွင် ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ရမည်၊

(ခ) ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌသည် အစည်းအဝေး မတက်ရောက် နိုင်ပါက အဖွဲ့ဝင်တဦးအား အစည်းအဝေးဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ရန် ပြည်သူ့လုပ်ငန်းစစ်ဆေးရေး အဖွဲ့က တာဝန်ပေးအပ်ရမည်။

၃၂။ (က) ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ဝင် ခုနစ်ဆယ့်ငါးရာခိုင်နှုန်း တက်ရောက်မှသာလျှင် အစည်းအဝေး အထမြောက်သည်၊

(ခ) ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ အစည်းအဝေး အထမြောက် စေရန် လိုအပ်သည့် ပြည်သူ့လုပ်ငန်းစစ်ဆေးရေး အဖွဲ့ဝင်ဦးရေ တက်ရောက်ခြင်းမရှိပါက အစည်းအဝေးကို ထပ်မံဖိတ်ခေါ် ကျင်းပရမည်။

၃၃။ ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ အစည်းအဝေးတွင် ဆုံးဖြတ်ချက်များကို ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ဝင်ထက်ဝက်ကျော်၏ သဘောတူညီချက်ဖြင့်ချမှတ်ရမည်။

၃၄။ ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ရုံးသည်—

(က) ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့၏ အစည်းအဝေးနှင့် စပ်လျဉ်းသည့်ကိစ္စအဝဝကို တာဝန်ယူ ဆောင်ရွက်ရမည်၊

(ခ) အစည်းအဝေး မှတ်တမ်းများကို လိုအပ်သလို မှတ်တမ်းတင်ထားရမည်၊

(ဂ) အစည်းအဝေး မှတ်တမ်းများကို နောက်တကြိမ် အစည်းအဝေး တွင် တင်ပြ၍ အတည်ပြုချက်ရယူရမည်။

၃၅။ ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့၏ မှတ်တမ်းများ၊ ဆောင်ရွက်ချက် များနှင့်စစ်ဆေးတွေ့ရှိချက်များသည် ပြည်သူလူထုသို့ ထုတ်ပြန်ခြင်း မရှိလျှင် နိုင်ငံတော်၏လျှို့ဝှက်ချက်များဖြစ်သည်။

အခန်း (၇)

ဒေသဆိုင်ရာ လုပ်ငန်းစစ်ဆေးရေးအဖွဲ့များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၃၆။ ဒေသဆိုင်ရာ လုပ်ငန်းစစ်ဆေးရေးအဖွဲ့များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာအောက်ပါအတိုင်းဖြစ်သည်—

(က) ပြည်နယ်၊ တိုင်းနှင့် မြို့နယ် လုပ်ငန်းစစ်ဆေးရေးအဖွဲ့များသည် ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့နှင့် သက်ဆိုင်ရာ ပြည်သူ့ကောင်စီတို့၏ လမ်းညွှန်မှုကိုလည်းကောင်း၊ မြို့နယ် လုပ်ငန်းစစ်ဆေးရေးအဖွဲ့များသည် သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်း လုပ်ငန်းစစ်ဆေးရေးအဖွဲ့နှင့် သက်ဆိုင်ရာ ပြည်သူ့ကောင်စီတို့၏ လမ်းညွှန်မှုကိုလည်းကောင်း ခံယူ၍ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်၊

(ခ) မြို့နယ် လုပ်ငန်းစစ်ဆေးရေး အဖွဲ့များသည် သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်း လုပ်ငန်းစစ်ဆေးရေးအဖွဲ့၊ ပြည်သူ့ကောင်စီနှင့် လိုအပ်ပါက ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့သို့လည်းကောင်း၊ ပြည်နယ်နှင့် တိုင်း လုပ်ငန်းစစ်ဆေးရေးအဖွဲ့များသည် ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့နှင့် သက်ဆိုင်ရာ ပြည်သူ့ကောင်စီသို့လည်းကောင်း လုပ်ငန်းဆောင်ရွက်ချက်များကို အချိန်မှန် တင်ပြရမည်။

၃၇။ ဒေသဆိုင်ရာ လုပ်ငန်းစစ်ဆေးရေး အဖွဲ့အသီးသီးသည် သက်ဆိုင်ရာ ပြည်သူ့ကောင်စီကို တာဝန်ခံရမည်။ လုပ်ငန်းစစ်ဆေးရေး အခြေအနေများကို သက်ဆိုင်ရာ ပြည်သူ့ကောင်စီသို့အစီရင်ခံရမည်။

၃၈။ ပြည်နယ်နှင့် တိုင်း လုပ်ငန်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် ယင်းအဖွဲ့က တာဝန်ပေးသောအဖွဲ့ငယ်များ၊ ဝန်ထမ်းများ၊ ပုဂ္ဂိုလ်များသည် သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်း အတွင်းရှိ အောက်ပါအဖွဲ့အစည်းများ သို့မဟုတ် လုပ်ငန်းများကိုစစ်ဆေးပိုင်ခွင့်ရှိသည်—

(က) ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီရုံး၊
(ခ) ပြည်နယ်နှင့် တိုင်းတရားရုံး၊
(ဂ) ပြည်နယ်နှင့် တိုင်းဥပဒေရုံး၊
(ဃ) ပြည်နယ်နှင့် တိုင်းစာရင်းရုံး၊
(င) အခြေခံဥပဒေပုဒ်မ ၁၃၂ တွင်ဖော်ပြထားသည့် ပြည်သူ့ကောင်စီများ၏လုပ်ပိုင်ခွင့်များအရ ပြည်နယ် သို့မဟုတ် တိုင်း ပြည်သူ့ကောင်စီများက ဆောင်ရွက်သည့် လုပ်ငန်းများ၊
(စ) ဦးစီးဌာနများ၊ ဘုတ်အဖွဲ့များနှင့် ကော်ပိုရေးရှင်း များ ၏ ပြည်နယ်နှင့် တိုင်းအဆင့်ရှိ အဖွဲ့အစည်းနှင့်လုပ်ငန်းများ၊
(ဆ) ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီက တိုက်ရိုက်စီမံခန့်ခွဲသည့် အခြားလုပ်ငန်းများ၊
(ဇ) သမဝါယမအသင်းများ၊
(ဈ) စစ်ဆေးရန် ဥပဒေအရ သတ်မှတ်ထားသည့် အဖွဲ့အစည်းများ၊
(ည) ပြည်သူ့ လုပ်ငန်း စစ်ဆေးရေးအဖွဲ့က အခါအားလျော်စွာ သတ်မှတ်ပေးသည့်အဖွဲ့အစည်းများ။

၃၉။ ပြည်နယ်နှင့် တိုင်း လုပ်ငန်း စစ်ဆေးရေးအဖွဲ့များသည် မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုရှိ ဝန်ထမ်းအဖွဲ့အစည်းများနှင့် လုပ်ငန်းများကို စစ်ဆေးရန်လိုအပ်ပါက သက်ဆိုင်ရာ ပြည်သူ့ကောင်စီအားအကြောင်းကြား၍ စစ်ဆေးနိုင်သည်။

၄၀။ မြို့နယ် လုပ်ငန်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် ယင်းအဖွဲ့က တာဝန်ပေးသော အဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ ပုဂ္ဂိုလ်များသည် သက်ဆိုင်ရာ မြို့နယ်အတွင်းရှိ အောက်ပါအဖွဲ့အစည်းများ သို့မဟုတ် လုပ်ငန်းများကို စစ်ဆေးပိုင်ခွင့်ရှိသည်—

(က) မြို့နယ်ပြည်သူ့ကောင်စီရုံး၊

(ခ) မြို့နယ်တရားရုံး၊

(ဂ) မြို့နယ်ဥပဒေရုံး၊

(ဃ) မြို့နယ်စာရင်းရုံး၊

(င) အခြေခံဥပဒေပုဒ်မ ၁၃၂ တွင် ဖော်ပြထားသည့် ပြည်သူ့ကောင်စီများ၏ လုပ်ပိုင်ခွင့်များအရ မြို့နယ်ပြည်သူ့ကောင်စီများက ဆောင်ရွက်သည့် လုပ်ငန်းများ၊

(စ) ဦးစီးဌာနများ၊ ဘုတ်အဖွဲ့များနှင့် ကော်ပိုရေးရှင်းများ၏ မြို့နယ်အဆင့်ရှိ အဖွဲ့အစည်းနှင့် လုပ်ငန်းများ၊

(ဆ) မြို့နယ် ပြည်သူ့ကောင်စီက တိုက်ရိုက်စီမံခန့်ခွဲသည့် အခြားလုပ်ငန်းများ၊

(ဇ) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ ရုံးများနှင့် ဝန်ထမ်းအဖွဲ့အစည်းများ၊

(ဈ) သမဝါယမအသင်းများ၊

(ည) စစ်ဆေးရန် ဥပဒေအရ သတ်မှတ်ထားသည့် အဖွဲ့အစည်းများ၊

(ဋ) ပြည်သူ့ လုပ်ငန်းစစ်ဆေးရေးအဖွဲ့နှင့် သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်း လုပ်ငန်း စစ်ဆေးရေးအဖွဲ့က အခါအားလျော်စွာ သတ်မှတ်ပေးသည့် အဖွဲ့အစည်းများ။

၄၁။ ဒေသဆိုင်ရာ လုပ်ငန်းစစ်ဆေးရေးအဖွဲ့များသည် မိမိတို့တွေ့ရှိချက်များ အရသော်လည်းကောင်း၊ ပြည်သူများ၊ ပြည်သူ့ကိုယ်စားလှယ်များ၊ ပြည်သူ့ကောင်စီများ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ လူထု လူတန်းစားအဖွဲ့အစည်း

များ သို့မဟုတ် ဝန်ထမ်းအဖွဲ့အစည်းများ၏ တိုင်တမ်းချက် အရသော်လည်း ကောင်း လိုအပ်သည်ဟုယူဆပါက သက်ဆိုင်ရာစစ်ဆေးပိုင်ခွင့်ရှိသော အဖွဲ့ အစည်း သို့မဟုတ် လုပ်ငန်းကို စစ်ဆေးနိုင်သည်။

၄၂။ ပြည်သူ့ကောင်စီ တရပ်ကဖြစ်စေ၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့ အစည်းတရပ်ကဖြစ်စေ ယင်းတို့၏လက်အောက်ရှိ အဖွဲ့အစည်းတရပ် သို့မဟုတ် လုပ်ငန်းတခုကိုစစ်ဆေးပေးရန် တောင်းခံလာပါက ဒေသဆိုင်ရာ လုပ်ငန်း စစ်ဆေးရေးအဖွဲ့က လိုအပ်သလိုစစ်ဆေးပြီးနောက် တွေ့ရှိချက်များကို သက်ဆိုင်ရာအဖွဲ့အစည်းသို့ပေးပို့ရမည်။

၄၃။ ဒေသဆိုင်ရာ လုပ်ငန်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် ယင်းအဖွဲ့က တာဝန်ပေးသောအဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ ပုဂ္ဂိုလ်များသည် ဥပဒေအရ စစ်ဆေးပိုင်ခွင့်ရှိသော အဖွဲ့အစည်း သို့မဟုတ် လုပ်ငန်းများကို စစ်ဆေးသည့် အခါ ပုဒ်မ ၁၂ နှင့် ပုဒ်မ ၁၈ တွင် ပြဋ္ဌာန်းထားသော လုပ်ပိုင်ခွင့်များကို သုံးစွဲခွင့်ရှိသည်။

၄၄။ ဒေသဆိုင်ရာ လုပ်ငန်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် ယင်းအဖွဲ့က တာဝန်ပေးသောအဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ ပုဂ္ဂိုလ်များသည် ထိရောက်စွာ တာဝန်ထမ်းဆောင်နိုင်ရန် လိုအပ်သည့်အကူအညီများနှင့် အစီအစဉ်များ ကို သက်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် လုပ်ငန်းမှတာဝန်ရှိသူများက စီစဉ်ပေး ရမည်။

၄၅။ ဒေသဆိုင်ရာ လုပ်ငန်းစစ်ဆေးရေးအဖွဲ့သည် အခြား ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၏ ဆုံးဖြတ်ချက်ချမှတ်ရသည့် အကြောင်းရင်းများ နှင့်စပ်လျဉ်း၍ စစ်ဆေးမေးမြန်း စုံစမ်းခွင့်မရှိစေရ။

၄၆။ ဒေသဆိုင်ရာ လုပ်ငန်းစစ်ဆေးရေးအဖွဲ့သည် အဖွဲ့အစည်း တရပ်ရပ်အား စစ်ဆေး၍ တွေ့ရှိချက်အစီရင်ခံစာ၊ ကိစ္စတရပ်နှင့် ပတ်သက်သည့် စစ် ဆေးတွေ့ရှိချက်အစီရင်ခံစာ စသည်တို့ကို လိုအပ်သလို ဆောင်ရွက်ရန် ပြည်သူ့ လုပ်ငန်းစစ်ဆေးရေးအဖွဲ့သို့ တင်ပြရမည်။

၄၇။ (က) ဒေသဆိုင်ရာ လုပ်ငန်းစစ်ဆေးရေးအဖွဲ့သည် ဥပဒေအရ စစ်ဆေးပိုင်ခွင့်ရှိသောအဖွဲ့အစည်း သို့မဟုတ် လုပ်ငန်းများကို စစ်ဆေးရာတွင် ဥပဒေအရအရေးယူသင့်သည်ဟု ယူဆသောကိစ္စများကို တွေ့ရှိပါက သက်ဆိုင်ရာအဖွဲ့အစည်း အကြီးအကဲ သို့မဟုတ် လုပ်ငန်းအကြီးအကဲက လိုအပ်သလို အရေးယူနိုင်ရန်အကြောင်းကြားရမည့်အပြင် သက်ဆိုင်ရာ ပြည်သူ့ ကောင်စီနှင့် ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများသို့လည်း အကြောင်းကြားရမည်၊

(ခ) သက်ဆိုင်ရာ အဖွဲ့အစည်းတို့က မည်ကဲ့သို့ အရေးယူလျက်ရှိကြောင်းကို ဒေသဆိုင်ရာလုပ်ငန်းစစ်ဆေးရေးအဖွဲ့သည် အမှုကိစ္စမပြီးမချင်း မေးမြန်းရမည်၊

(ဂ) သင့်လျော်သော အချိန်အတွင်း အရေးယူဆောင်ရွက်ခြင်းမရှိကြောင်းတွေ့ရှိလျှင် လိုအပ်သလို အရေးယူ ဆောင်ရွက်နိုင်ရန် ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့သို့ တင်ပြရမည်။

အခန်း (ဂ)

ဒေသဆိုင်ရာလုပ်ငန်းစစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏တာဝန်များ၊ ကျင့်ဝတ်နှင့် စည်းကမ်းများ

၄ဂ။ ဒေသဆိုင်ရာ လုပ်ငန်းစစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) သက်ဆိုင်ရာ လုပ်ငန်းစစ်ဆေးရေးအဖွဲ့အား ဦးဆောင်မှု ပေးခြင်း၊

(ခ) သက်ဆိုင်ရာ စာရင်းရှုံး အဆင့်ဆင့်ကို လမ်းညွှန်ခြင်း၊

(ဂ) သက်ဆိုင်ရာ လုပ်ငန်း စစ်ဆေးရေးအဖွဲ့ အစည်းအဝေး အစီအစဉ်ကိုအတည်ပြုခြင်း၊

(ဃ) သက်ဆိုင်ရာ လုပ်ငန်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေးများကို ခေါ်ယူကျင်းပခြင်း၊

(င) သက်ဆိုင်ရာ လုပ်ငန်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေး များ၌ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ အစည်းအဝေးများကို ဦးဆောင်ခြင်း၊

(စ) သက်ဆိုင်ရာ လုပ်ငန်း စစ်ဆေးရေးအဖွဲ့ ကိုယ်စား လုပ်ငန်း စစ်ဆေးရေးအခြေအနေအရပ်ရပ်နှင့် ပြဿနာအသီးသီးတို့ကို

သက်ဆိုင်ရာပြည်သူ့ကောင်စီသို့ အခါအားလျော်စွာ တင်ပြခြင်း၊

(ဆ) လွှတ်တော်သို့တင်ပြရန် လိုအပ်သော ကိစ္စရပ်များရှိပါက တင်ပြနိုင်ရန် ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့သို့ တင်ပြခြင်း။

၄၉။ (က) လုပ်ငန်းစစ်ဆေးရေးအဖွဲ့၏ လုပ်ငန်းများကို ထိရောက် အောင်မြင်စွာဆောင်ရွက်နိုင်ရန် ဒေသဆိုင်ရာ လုပ်ငန်းစစ်ဆေးရေး အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မိမိတို့အချင်းချင်း ညှိနှိုင်း ဆုံးဖြတ်၍ သက်ဆိုင်ရာ လုပ်ငန်းစစ်ဆေးရေး အဖွဲ့ကိုအထောက် အကူပြုရန် သင့်တော်သလို ကဏ္ဍများခွဲဝေ၍ အသီးသီးတာဝန် ယူကြရမည်၊

(ခ) ဒေသဆိုင်ရာ လုပ်ငန်းစစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ သည် ပုဒ်မခွဲ(က)အရ ကဏ္ဍများခွဲဝေ၍ အသီးသီးတာဝန်ယူ စစ်ဆေးကြသော်လည်း မိမိတို့ ကဏ္ဍအလိုက် ထမ်းဆောင်ချက် များကို သက်ဆိုင်ရာ လုပ်ငန်းစစ်ဆေးရေးအဖွဲ့၏ ပုံမှန် အစည်း အဝေးများသို့ တင်ပြ၍ အဆုံးအဖြတ် ရယူရမည်။

၅၀။ ဒေသဆိုင်ရာ လုပ်ငန်းစစ်ဆေးရေး အဖွဲ့ဝင်များ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) လုပ်ငန်းစစ်ဆေးရေးအဖွဲ့၏ လုပ်ငန်းများကို အကောင်အထည် ဖော်ရာတွင် ပါဝင်ဆောင်ရွက်ခြင်း၊

(ခ) လုပ်ငန်းစစ်ဆေးရေးအဖွဲ့၏ အစည်းအဝေးများ၌ ဆွေးနွေးရ မည့်ကိစ္စရပ်များနှင့် ချမှတ်ရမည့်ဆုံးဖြတ်ချက်များကို စဉ်ဆက် မပြတ်လေ့လာ၍ လိုအပ်သလို ပါဝင်တင်ပြခြင်း၊

(ဂ) မိမိတို့ ခွဲဝေတာဝန်ယူသည့် ကဏ္ဍနှင့်ပတ်သက်သည့် စစ်ဆေး တွေ့ရှိချက်များကို သက်ဆိုင်ရာလုပ်ငန်း စစ်ဆေးရေးအဖွဲ့သို့ တင်ပြခြင်း၊

(ဃ) သက်ဆိုင်ရာ လုပ်ငန်းစစ်ဆေးရေးအဖွဲ့မှ ပေးအပ်သော အခြားတာဝန်များကို ထမ်းဆောင်ခြင်း။

၅၁။ ဒေသဆိုင်ရာ လုပ်ငန်းစစ်ဆေးရေး အဖွဲ့ဝင်များသည် အောက်ပါ ကျင့်ဝတ်နှင့် စည်းကမ်းများကို လိုက်နာစောင့်ထိန်းရမည်—

(က) တာဝန်ထမ်းဆောင်ရာ၌ အဂတိမလိုက်စားပဲ ဖြောင့်မတ်တည်ကြည်စွာ ထမ်းဆောင်ရမည်၊

(ခ) တာဝန် ထမ်းဆောင်ရာ၌ စစ်ဆေး တွေ့ရှိချက်များကို မိမိကိုယ်ကျိုးစီးပွားအတွက် အသုံးမပြုရ၊

(ဂ) လုပ်ငန်းစစ်ဆေးရေးအဖွဲ့၏ ဆုံးဖြတ်ချက်များ၊ အစည်းအဝေးမှတ်တမ်းများကို ထုတ်ပြန် ကြေညာခြင်း မပြုသေး သရွေ့ နိုင်ငံတော်၏ လျှို့ဝှက်ချက်များအဖြစ် ထိန်းသိမ်းစောင့်ရှောက်ရမည်၊

(ဃ) မိမိတို့ တာဝန်သိက္ခာနှင့် အညီ ပြောဆို နေထိုင် ကျင့်ကြံရမည်။

၅၂။ (က) ဒေသဆိုင်ရာ လုပ်ငန်းစစ်ဆေးရေး အဖွဲ့တွင် တစုံတခုသော အကြောင်းကြောင့် ဥက္ကဋ္ဌနေရာလစ်လပ်လျှင် အခြေခံ ဥပဒေ ပုဒ်မ ၁၂၃ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်နှင့်အညီ ရွေးချယ်တင်မြှောက်ရမည်၊

(ခ) ဥက္ကဋ္ဌအသစ် ရွေးချယ်တင်မြှောက်ခြင်း မပြုရသေးမီ ဥက္ကဋ္ဌ၏ တာဝန်ဝတ်တရားများကို အဖွဲ့ဝင်တဦးက ယာယီပူးတွဲထမ်းဆောင်ရန် ဒေသဆိုင်ရာလုပ်ငန်း စစ်ဆေးရေးအဖွဲ့က တာဝန်ပေးအပ်ရမည်၊

(ဂ) ဒေသဆိုင်ရာ လုပ်ငန်းစစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌသည် အကြောင်းတစုံတရာကြောင့် မိမိတာဝန်ကို ယာယီထမ်းဆောင်နိုင်စွမ်းမရှိလျှင် ဒေသဆိုင်ရာလုပ်ငန်းစစ်ဆေးရေးအဖွဲ့က တာဝန်ပေးအပ်သော အဖွဲ့ဝင်တဦးက ဥက္ကဋ္ဌ၏တာဝန်ကို ယာယီပူးတွဲ ထမ်းဆောင်ရမည်။

၅၃။ (က) ဒေသဆိုင်ရာ လုပ်ငန်းစစ်ဆေးရေး အဖွဲ့တွင် တစုံတခုသော အကြောင်းကြောင့် အဖွဲ့ဝင်နေရာ လစ်လပ်လျှင် အခြေခံဥပဒေ ပုဒ်မ ၁၂၃ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်နှင့်အညီ ရွေးချယ်တင်မြှောက်ရမည်၊

(ခ) အဖွဲ့ဝင်အသစ် ရွေးချယ်တင်မြှောက်ခြင်း မပြုရသေးမီ ယင်းအဖွဲ့ဝင်၏ တာဝန် ဝတ်တရားများကို အခြားအဖွဲ့ဝင်တဦးက ယာယီပူးတွဲထမ်းဆောင်ရန် ဒေသဆိုင်ရာ လုပ်ငန်းစစ်ဆေးရေးအဖွဲ့က တာဝန်ပေးအပ်ရမည်။

အခန်း (၉)

ဒေသဆိုင်ရာ လုပ်ငန်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေးများ

၃၄။ ဒေသဆိုင်ရာ လုပ်ငန်းစစ်ဆေးရေး အဖွဲ့၏ ပုံမှန် အစည်းအဝေးကို တလလျှင် အနည်းဆုံး ၂ ကြိမ်ကျင်းပရမည်။အရေးကြီးသောကိစ္စ ပေါ်ပေါက်၍လိုအပ်လျှင် အထူးအစည်းအဝေး ခေါ်ယူကျင်းပနိုင်သည်။

၃၅။ (က) အစည်းအဝေး အစီအစဉ်ကို ဥက္ကဋ္ဌ၏ ညွှန်ကြားချက် အရ သက်ဆိုင်ရာစာရင်းရုံးမှ တင်ပြရမည်၊

(ခ) ဒေသဆိုင်ရာ လုပ်ငန်းစစ်ဆေးရေး အဖွဲ့ဝင်များသည် အစည်းအဝေးအစီအစဉ်တွင် ထည့်သွင်းလိုသော ကိစ္စရပ်များကို သက်ဆိုင်ရာ စာရင်းရုံးသို့ ကြိုတင် အကြောင်းကြားခွင့် ရှိသည်။ အကြောင်းကြားချက်များကို သက်ဆိုင်ရာ စာရင်းရုံးမှ အစည်းအဝေးအစီအစဉ်တွင် သက်ဆိုင်ရာဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် ထည့်သွင်းပေးရမည်။

၃၆။ ပုံမှန်အစည်းအဝေးများသို့ တက်ရောက်ရန် ဖိတ်ကြားချက်ကို အစည်းအဝေး အစီအစဉ်နှင့် စာရွက်စာတမ်းများပါ ပူးတွဲ၍ စာရင်းရုံးက လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဝင်များထံ ကြိုတင်ပေးပို့ရမည်။

၅၇။ (က) ဒေသဆိုင်ရာ လုပ်ငန်း စစ်ဆေးရေး အဖွဲ့ဥက္ကဋ္ဌသည် မိမိနှင့် သက်ဆိုင်သော ဒေသဆိုင်ရာလုပ်ငန်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေးများတွင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ရမည်၊

(ခ) ဒေသဆိုင်ရာ လုပ်ငန်းစစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌသည် အစည်းအဝေးမတက်ရောက်နိုင်ပါက အဖွဲ့ဝင်တဦးအား အစည်းအဝေး ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရန် သက်ဆိုင်ရာ လုပ်ငန်းစစ်ဆေးရေး အဖွဲ့က တာဝန်ပေးအပ်ရမည်။

၅၈။ (က) ဒေသဆိုင်ရာလုပ်ငန်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေးတွင် ဒေသဆိုင်ရာလုပ်ငန်း စစ်ဆေးရေးအဖွဲ့ဝင်ဦးရေ၏ ထက်ဝက်ကျော် တက်ရောက် မှသာလျှင် အစည်းအဝေး အထမြောက်သည်။ သို့ရာတွင် ဒေသဆိုင်ရာလုပ်ငန်းစစ်ဆေးရေးအဖွဲ့တွင် အဖွဲ့ဝင် ၃ ဦးသာရှိလျှင်၊ သာမန်အားဖြင့် အဖွဲ့ဝင် ၃ ဦးလုံး တက်ရောက်မှသာ အစည်းအဝေး အထမြောက်သည်၊

(ခ) ဒေသဆိုင်ရာ လုပ်ငန်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေး အထမြောက်စေရန် လိုအပ်သည့်အဖွဲ့ဝင်ဦးရေ တက်ရောက်ခြင်းမရှိပါက အစည်းအဝေးကို ထပ်မံ ဖိတ်ခေါ်ကျင်းပရမည်။ အဖွဲ့ဝင် ၃ ဦးသာ ရှိသော ဒေသဆိုင်ရာ လုပ်ငန်း စစ်ဆေးရေး အဖွဲ့၏ ဒုတိယအကြိမ်အစည်းအဝေးတွင် အဖွဲ့ဝင် ၂ ဦး တက်ရောက်ပါက အစည်းအဝေးအထမြောက်သည်၊

(ဂ) အဖွဲ့ဝင် ၃ ဦးသာရှိပြီး ၂ ဦးသာ တက်ရောက်သော ဒေသဆိုင်ရာ လုပ်ငန်း စစ်ဆေးရေးအဖွဲ့ အစည်းအဝေးတွင် သဘောကွဲလွဲမှုမရှိဘဲ ၂ ဦးလုံး သဘောတူညီမှသာ ဆုံးဖြတ်ချက်ချမှတ်ရမည်။ သဘောကွဲလွဲမှုရှိပါက အဖွဲ့ဝင် ၃ ဦးလုံး တက်ရောက်သည့် ဒေသဆိုင်ရာ လုပ်ငန်းစစ်ဆေးအဖွဲ့တွင်သာ ဆုံးဖြတ်ရေး ချက်ချမှတ်ရမည်။

၅၉။ ပြည်နယ်၊ တိုင်းနှင့် မြို့နယ်စာရင်းရှင်းသည်—

(က) သက်ဆိုင်ရာလုပ်ငန်း စစ်ဆေးရေးအဖွဲ့၏ အစည်းအဝေးများနှင့် စပ်လျဉ်းသည့် ကိစ္စအဝဝကို တာဝန်ယူဆောင်ရွက်ရမည်၊

(ခ) အစည်းအဝေး မှတ်တမ်းများကို လိုအပ်သလို မှတ်တမ်းတင်ထားရမည်၊

(ဂ) အစည်းအဝေးမှတ်တမ်းများကို နောက်တကြိမ် အစည်းအဝေးတွင်တင်ပြ၍ အတည်ပြုချက်ရယူရမည်။

၆၀။ သက်ဆိုင်ရာလုပ်ငန်းစစ်ဆေးရေး အဖွဲ့၏မှတ်တမ်းများ၊ ဆောင်ရွက်ချက်များနှင့် စစ်ဆေးတွေ့ရှိချက်များသည် ပြည်သူ လူထုသို့ ထုတ်ပြန်ခြင်း မရှိလျှင် နိုင်ငံတော်၏ လျှို့ဝှက်ချက်များဖြစ်သည်။

အခန်း (၁၀)

အထွေထွေ

၆၁။ (က) ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့၏ ရုံးလုပ်ငန်းအဝဝကိုတာဝန်ယူ ဆောင်ရွက်နိုင်ရန် ပြည်သူ့ လုပ်ငန်း စစ်ဆေးရေးအဖွဲ့ရုံးကို ဖွဲ့စည်းထားရှိရမည်၊

(ခ) လုပ်ငန်း စစ်ဆေးရေး လုပ်ငန်းများကို အခြေခံ အားဖြင့် လုပ်ဆောင်၍ ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့နှင့် ဒေသဆိုင်ရာ လုပ်ငန်း စစ်ဆေးရေးအဖွဲ့များသို့ သက်ဆိုင်သလို တင်ပြနိုင်ရန် ဗဟိုစာရင်းရုံး၊ ပြည်နယ် စာရင်းရုံး၊ တိုင်းစာရင်းရုံးနှင့် မြို့နယ် စာရင်းရုံးများကို ဖွဲ့စည်းထားရှိရမည်၊

(ဂ) ပြည်သူ့လုပ်ငန်း စစ်ဆေးရေး အဖွဲ့ရုံးနှင့် စာရင်းရုံး အဆင့်ဆင့် ဖွဲ့စည်းပုံ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သီးခြား သတ်မှတ်ပေးရမည်။

၆၂။ ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့မှ လွှတ်တော်သို့ တင်သွင်းလိုသော ညွှန်ကြားချက်များကို နိုင်ငံတော်ကောင်စီမှတဆင့် တင်သွင်းရမည်။

၆၃။ ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့သည် ဤဥပဒေပါ ကိစ္စများကို ထမြောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ အခြေခံဥပဒေပုဒ်မ ၂၀၃ ပုဒ်မခွဲ(က)နှင့်အညီ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို လိုအပ်သလို သတ်မှတ်နိုင်သည်။

၆၄။ ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ဝင်များသည် မိမိတို့၏လစာ၊ စရိတ်ကြေးငွေနှင့် အခြားတရားဝင် ခံစားခွင့်များမှအပ၊ အခြားလစာ၊ စရိတ်ကြေးငွေများကို ခံစားခွင့်မရှိစေရ။မိမိတို့အတွက်အခြားအကျိုးအမြတ်ရရှိသည့် မည်သည့်ရာထူးဌာနန္တရကိုလည်းကောင်း၊ စီးပွားရေးလုပ်ငန်းကိုလည်းကောင်း လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

၆၅။ ဒေသဆိုင်ရာလုပ်ငန်း စစ်ဆေးရေး အဖွဲ့ဝင်များသည် သီးခြားသတ်မှတ်ထားသောလစာ၊ ခရီးစရိတ်၊ နေ့တွက်စရိတ်၊ အခြားစရိတ်နှင့် ရပိုင်ခွင့်များကို ခံစားပိုင်ခွင့်ရှိသည်။

၆၆။ ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ဝင်များသည် နိုင်ငံတော်ကောင်စီ၏ သဘောတူညီချက်ဖြင့်သာ ပြည်ပသို့ ခရီးသွားနိုင်ခွင့်ရှိသည်။

၆၇။ အောက်ဖော်ပြပါ ဥပဒေနှင့် အမိန့်ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည် —

(က) The Auditor General Act, 1948 (Act No. VII of 1948).

(ခ) The Union of Burma (Audit and Accounts) Order, 1948.

ပြည်သူ့တရားသူကြီးအဖွဲ့ဥပဒေ

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ		စာမျက်နှာ
၁	နိဒါန်း	....	၁
၂	အခန်း (၁)	....	၂
	အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်		
၃	အခန်း (၂)	....	၄
	ဖွဲ့စည်းခြင်းနှင့်ရည်ရွယ်ချက်		
၄	အခန်း (၃)	....	၆
	တရားစီရင်ရေးဆိုင်ရာမှုများ		
၅	အခန်း(၄)	....	၈
	ပြည်သူ့တရားသူကြီးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ		

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ			စာမျက်နှာ
၆	အခန်း (၅)	....	....	၁၀
	ပြည်သူ့တရားသူကြီးအဖွဲ့၏စီရင်ပိုင်ခွင့်များ			
၇	အခန်း (၆)	....	....	၁၂
	ဗဟို တရားစီရင်ရေးအဖွဲ့နှင့် တရားရေးဝန်ထမ်းအဖွဲ့ အစည်းအဆင့်ဆင့်ကိုဖွဲ့စည်းခြင်း			
၈	အခန်း (၇)	....	....	၁၃
	ပြည်သူ့တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ			
၉	အခန်း (၈)	....	....	၁၅
	ပြည်သူ့တရားသူကြီးအဖွဲ့ဝင်များ			
၁၀	အခန်း (၉)	....	....	၁၆
	ပြည်နယ်နှင့်တိုင်း တရားသူကြီးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ			
၁၁	အခန်း (၁၀)	....	....	၁၈
	ပြည်နယ်နှင့်တိုင်း တရားသူကြီးအဖွဲ့၏စီရင်ပိုင်ခွင့်များ			

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၂	အခန်း (၁၁)	၂၀
	ပြည်နယ်နှင့်တိုင်း တရားစီရင်ရေးအဖွဲ့နှင့် ပြည်နယ်နှင့် တိုင်း တရားရုံးဖွဲ့စည်းခြင်း	
၁၃	အခန်း (၁၂)	၂၁
	ပြည်နယ်နှင့်တိုင်း တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ	
၁၄	အခန်း (၁၃)	၂၃
	ပြည်နယ်နှင့်တိုင်း တရားသူကြီးအဖွဲ့ဝင်များ	
၁၅	အခန်း (၁၄)	၂၄
	မြို့နယ် တရားသူကြီးအဖွဲ့၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ	
၁၆	အခန်း (၁၅)	၂၆
	မြို့နယ် တရားသူကြီးအဖွဲ့၏စီရင်ပိုင်ခွင့်များ	
၁၇	အခန်း (၁၆)	၂၈
	မြို့နယ် တရားစီရင်ရေးအဖွဲ့နှင့် မြို့နယ် တရားရုံးဖွဲ့စည်းခြင်း	
၁၈	အခန်း (၁၇)	၂၉
	မြို့နယ် တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ	

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၉	အခန်း (၁၈) .... မြို့နယ် တရားသူကြီးအဖွဲ့ဝင်များ	၃၁
၂၀	အခန်း (၁၉) .... ရပ်ကွက်နှင့်ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ	၃၂
၂၁	အခန်း (၂၀) .... ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့၏ စီရင်ပိုင်ခွင့်များ	၃၄
၂၂	အခန်း (၂၁) .... ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားစီရင်ရေး အဖွဲ့ဖွဲ့စည်းခြင်း	၃၅
၂၃	အခန်း (၂၂) .... ရပ်ကွက်နှင့်ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ	၃၆
၂၄	အခန်း (၂၃) .... ရပ်ကွက်နှင့်ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့ဝင်များ	၃၈

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၂၅	အခန်း (၂၄)	၄၉
	ပြည်သူ့ တရားသူကြီးအဖွဲ့နှင့် ဒေသဆိုင်ရာ တရားသူကြီးအဖွဲ့ အစည်းအဝေးများ	
၂၆	အခန်း (၂၅)	၅၂
	ပြည်သူ့တရားသူကြီးအဖွဲ့ဝင်နှင့် ဒေသဆိုင်ရာ တရားသူကြီးအဖွဲ့ဝင်များ၏ ကျင့်ဝတ်နှင့်စည်းကမ်းများ	
၂၇	အခန်း (၂၆)	၅၄
	ပြစ်ဒဏ်များ	
၂၈	အခန်း (၂၇)	၅၅
	အထွေထွေ	

ပြည်သူ့တရားသူကြီးအဖွဲ့ဥပဒေ

[၁၉၇၄ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၁၃။]

နိဒါန်း

ပြည်သူ့တရားသူကြီးအဖွဲ့နှင့် ဒေသဆိုင်ရာတရားသူကြီးအဖွဲ့များ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်ပြဋ္ဌာန်းရန် လိုအပ်သောကြောင့် ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)

အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ပြည်သူ့တရားသူကြီးအဖွဲ့ ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်—

(က) **လွှတ်တော်** ဆိုသည်မှာ ပြည်သူ့လွှတ်တော်ကိုဆိုသည်၊

(ခ) **တရားသူကြီးအဖွဲ့** ဆိုသည်မှာ ပြည်သူ့တရားသူကြီးအဖွဲ့၊ ပြည်နယ်တရားသူကြီးအဖွဲ့၊ တိုင်းတရားသူကြီးအဖွဲ့၊ မြို့နယ် တရားသူကြီးအဖွဲ့၊ ရပ်ကွက်တရားသူကြီးအဖွဲ့၊ ကျေးရွာအုပ်စုတရားသူကြီးအဖွဲ့များကိုဆိုသည်၊

(ဂ) **ဒေသဆိုင်ရာတရားသူကြီးအဖွဲ့** ဆိုသည်မှာ ပြည်နယ်တရားသူကြီးအဖွဲ့၊ တိုင်းတရားသူကြီးအဖွဲ့၊ မြို့နယ်တရားသူကြီးအဖွဲ့၊ ရပ်ကွက်တရားသူကြီးအဖွဲ့၊ ကျေးရွာအုပ်စု တရားသူကြီး အဖွဲ့များကို ဆိုသည်၊

(ဃ) **တရားစီရင်ရေးအဖွဲ့** ဆိုသည်မှာ ဗဟိုတရားစီရင်ရေးအဖွဲ့၊ ဒေသဆိုင်ရာ တရားစီရင်ရေးအဖွဲ့ကိုဆိုသည်၊

(င) တရားရေးဝန်ထမ်း ဆိုသည်မှာ တရားသူကြီးအဖွဲ့ အဆင့်ဆင့်၏ တရားစီရင်မှုလုပ်ငန်းများ လုပ်ဆောင်ရာ၌ ဥပဒေရေးရာ အကြံပေးချက်များ ရယူရန် လည်းကောင်း၊ ရုံးလုပ်ငန်းများ ဆောင်ရွက်ရန် လည်းကောင်း ဥပဒေနှင့်အညီ ခန့်ထားသော ဝန်ထမ်းများကိုဆိုသည်၊

(စ) မူလမှု ဆိုသည်မှာ သက်ဆိုင်ရာ တရားစီရင်ရေးအဖွဲ့က ပထမဦးစွာ စစ်ဆေးစီရင်ပိုင်ခွင့်ရှိသည့်အမှုကိုဆိုသည်၊

(ဆ) အယူခံမှု ဆိုသည်မှာ တရားစီရင်ရေးအဖွဲ့တဖွဲ့က ချမှတ်လိုက်သော စီရင်ချက်၊ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်၍ အဆင့်မြင့်သော တရားသူကြီးအဖွဲ့ အသီးသီးသို့ဥပဒေနှင့် အညီ အယူခံသောအမှုကိုဆိုသည်၊

(ဇ) ပြင်ဆင်မှု ဆိုသည်မှာ တရားစီရင်ရေးအဖွဲ့တဖွဲ့က ချမှတ်လိုက်သောစီရင်ချက်၊ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အဆင့်မြင့်သော တရားသူကြီးအဖွဲ့ အသီးသီးက ဤဥပဒေနှင့် အခြားရှိရင်းစွဲ ဥပဒေများနှင့်အညီ ပြန်လည်စိစစ်ရန်ဖွင့်လှစ်သော အမှုကိုဆိုသည်၊

(ဈ) စေ့ဒကမှု ဆိုသည်မှာ ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့က ဗဟိုတရားစီရင်ရေးအဖွဲ့၏ စီရင်ချက်၊ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ပြည်သူ့တရားသူကြီးအဖွဲ့သို့ ဥပဒေရေးရာ ပြဿနာနှင့် စပ်လျဉ်း၍ တင်သွင်းသော အမှုကိုဆိုသည်။

အခန်း (၂)

ဖွဲ့စည်းခြင်းနှင့် ရည်ရွယ်ချက်

၃။ (က) ပြည်သူ့ တရားသူကြီးအဖွဲ့ကို အခြေခံ ဥပဒေပုဒ်မ ၉၅ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ရွေးချယ်တင်မြှောက် ဖွဲ့စည်းရမည်၊

(ခ) ပြည်သူ့ တရားသူကြီးအဖွဲ့၏ သက်တမ်းသည် လွှတ်တော်၏ သက်တမ်းနှင့်အညီ ဖြစ်သည်။ ပြည်သူ့ တရားသူကြီး အဖွဲ့သည် လွှတ်တော်သက်တမ်း ကုန်ဆုံးသည့်အခါ ပြည်သူ့ တရားသူကြီး အဖွဲ့အသစ် ရွေးချယ် တင်မြှောက်ပြီးသည်အထိ လုပ်ငန်းတာဝန် များကို ထမ်းဆောင်ရမည်။

၄။ (က) ဒေသဆိုင်ရာတရားသူကြီးအဖွဲ့ကို အခြေခံဥပဒေပုဒ်မ ၁၀၆ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ရွေးချယ် တင်မြှောက် ဖွဲ့စည်းရမည်၊

(ခ) ဒေသဆိုင်ရာ တရားသူကြီးအဖွဲ့၏ သက်တမ်းသည် သက်ဆိုင်ရာ ပြည်သူ့ကောင်စီ၏ သက်တမ်းနှင့်အညီဖြစ်သည်။ ဒေသဆိုင်ရာ တရားသူကြီးအဖွဲ့သည် သက်ဆိုင်ရာ ပြည်သူ့ကောင်စီသက်တမ်း ကုန်ဆုံးသည့်အခါ ဒေသဆိုင်ရာ တရားသူကြီးအဖွဲ့အသစ် ရွေးချယ်တင်မြှောက်ပြီးသည်အထိ လုပ်ငန်း တာဝန်များကို ထမ်းဆောင်ရမည်။

၅။ ပြည်သူ့ တရားသူကြီးအဖွဲ့နှင့် ဒေသဆိုင်ရာ တရားသူကြီး အဖွဲ့များကို အောက်ပါရည်ရွယ်ချက်များဖြင့် ရွေးချယ်တင်မြှောက် ဖွဲ့စည်းထားရှိသည်—

(က) အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသော တရားစီရင်ရေး ဆိုင်ရာ မူများကို အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(ခ) လွှတ်တော်က ချမှတ်သော တရားစီရင်ရေးနှင့် ပတ်သက်သည့် လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရန်၊

(ဂ) ပြည်သူတို့၏ အရေးအခင်းကို ပြည်သူတို့ကိုယ်တိုင် ကျယ်ကျယ် ပြန့်ပြန့် ပါဝင်သောအဖွဲ့က ဥပဒေထုံးတမ်းနှင့်အညီ ညီညွတ်စွာ ညှိနှိုင်း၍ စီရင်ဆုံးဖြတ်ရန်၊

(ဃ) တရားစီရင်ရေး ကိစ္စရပ်များကို ဆောင်ရွက်ရာ၌ ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုကို စည်းရုံးရယူရန်။

အခန်း (၃)

တရားစီရင်ရေးဆိုင်ရာမူများ

၆။ တရားစီရင်ရာတွင် အောက်ပါမူများအပေါ်အခြေခံ၍စီရင်ရမည်—

(က) ဆိုရှယ်လစ်စနစ်ကို ကာကွယ်စောင့်ရှောက်ခြင်း၊

(ခ) လုပ်သားပြည်သူတို့၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ခြင်း၊

(ဂ) ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ခြင်း၊

(ဃ) ဥပဒေကို ပြည်သူများ နားလည်လိုက်နာကျင့်သုံးလာစေရန် ပညာပေးခြင်း၊

(င) ပြည်သူအချင်းချင်းနှင့် ပတ်သက်သော အမှုကိစ္စများကို ဥပဒေ ခွင့်ပြုချက်ဘောင်အတွင်း၌ ဖြစ်နိုင်သမျှ ကျေအေးပြီးပြတ်စေရန် ဆောင်ရွက်ခြင်း၊

(စ) ဥပဒေအရ တားမြစ်ထားချက်မှအပ ပြည်သူလူထုရှေ့မှောက်တွင် တရားစီရင်ခြင်း၊

(ဆ) အမှုတွင် ခုခံချေပခွင့်နှင့် ဥပဒေအရ အယူခံပိုင်ခွင့်ပေးခြင်း၊

(ဇ) ပြစ်မှုကျူးလွန်သူကို အရေးယူအပြစ်ပေးရာတွင် အကျင့်စာရိတ္တ ပြုပြင်မှုကို ဦးတည်ခြင်း။

၇။ တရားစီရင်ရာတွင် အပွင့်ဖြင့်သာစီရင်ရမည်။

၈။ တရားစီရင်ရာတွင် မြန်မာစာကိုအသုံးပြုရမည်။ လိုအပ်ပါက သက်ဆိုင်ရာ တိုင်းရင်းသားစာကို အသုံးပြုနိုင်သည်။ လိုအပ်လျှင် စကားပြန်များရရှိစေရန် စီစဉ်ပေးရမည်။

၉။ တရားစီရင်ရာတွင် မည်သည့်ပြစ်မှုဆိုင်ရာဥပဒေမျှ နောက်ကြောင်းပြန်၍ အာဏာသက်ရောက်မှုမရှိစေရ။

၁၀။ ပြစ်မှုထင်ရှား စီရင်ရာတွင် လူ့သိက္ခာ ညှိုးနွမ်း သေးသိမ်စေသော ပြစ်ဒဏ်မျိုးမပေးရ။

၁၁။ ရှိရင်းစွဲ ဥပဒေအရ တိုင်းရင်းသားများ၏ ဓလေ့ ထုံးတမ်းကိုလိုက်နာကျင့်သုံးနေသည့် ဒေသများတွင် တရားစီရင်ရေး အဖွဲ့များသည် သက်ဆိုင်ရာ ဓလေ့ထုံးတမ်းကိုကျင့်သုံး၍ စီရင်ဆုံးဖြတ်နိုင်သည်။ ယင်းဒေသများတွင် ရှိရင်းစွဲဥပဒေအရ ကျင့်သုံးနေသည့် လုပ်ထုံးလုပ်နည်းများကိုလိုက်နာနိုင်သည်။

၁၂။ တရားသူကြီးအဖွဲ့သည် ရှိရင်းစွဲကျင့်ထုံးနှင့် လုပ်ထုံး လုပ်နည်းများကို အခြေခံဥပဒေနှင့်လည်းကောင်း၊ ဤဥပဒေနှင့်လည်းကောင်း မဆန့်ကျင်သမျှ လိုက်နာကျင့်သုံးရမည်။

အခန်း(၄)

ပြည်သူ့တရားသူကြီးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၃။ ပြည်သူ့ တရားသူကြီးအဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) လွှတ်တော်ကို တာဝန်ခံခြင်း၊

(ခ) တရားစီရင်ရေးအခြေအနေကိုလွှတ်တော်သို့အစီရင်ခံခြင်း၊

(ဂ) လွှတ်တော် အစည်းအဝေး ကျင်းပသည့် ကာလမဟုတ်လျှင် နိုင်ငံတော်ကောင်စီကို တာဝန်ခံခြင်း၊

(ဃ) နိုင်ငံတော်ကောင်စီက ဥပဒေများ၏ အနက်အဓိပ္ပာယ် ဖွင့်ဆိုရာတွင် အကြံဉာဏ်ပေးခြင်း၊

(င) နိုင်ငံတော် ကောင်စီကဖြစ်စေ၊ လွှတ်တော်ရေးရာ ကော်မီတီ တရပ်ရပ်ကဖြစ်စေ မေးမြန်းလို၍ ဖိတ်ခေါ်လျှင်တက်ရောက် ရှင်းလင်းပြခြင်း။

၁၄။ ပြည်သူ့ တရားသူကြီးအဖွဲ့၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်—

(က) ဥပဒေကြမ်းများနှင့် နည်းဥပဒေကြမ်းများကို အခြေခံဥပဒေနှင့်အညီ နိုင်ငံတော်ကောင်စီမှတဆင့် လွှတ်တော်သို့တင်သွင်းခြင်း၊

(ခ) ဥပဒေအရ လိုအပ်သောစည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ခြင်း၊

(ဂ) နိုင်ငံတော်အတွင်းရှိ တရားစီရင်ရေးအဖွဲ့များ၊ တရားရုံးများနှင့် တရားရေးဝန်ထမ်း အဖွဲ့အစည်း အဆင့်ဆင့်ကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) အကျဉ်းစခန်းများ၊ ရဲဘက်စခန်းများ၊ ပြည်သူ့ရဲတပ်ဖွဲ့အချုပ်စခန်းများတွင် အပြစ်ကျများနှင့် အချုပ်ခံနေရသူ များကို လိုအပ်သည့်အခါ ကြည့်ရှုခြင်း။

အခန်း (၅)

ပြည်သူ့တရားသူကြီးအဖွဲ့၏ စီရင်ပိုင်ခွင့်များ

၁၅။ ပြည်သူ့ တရားသူကြီးအဖွဲ့သည် နိုင်ငံတော်တွင် အမြင့်ဆုံး တရားစီရင်ရေးအဖွဲ့ဖြစ်သည်။

၁၆။ ပြည်သူ့တရားသူကြီးအဖွဲ့သည် ဥပဒေနှင့်အညီ အောက်ပါအတိုင်း စီရင်ပိုင်ခွင့်ရှိသည်—

(က) ပင်လယ်ရေကြောင်းအမှုကို စီရင်ခြင်း၊

(ခ) မိမိ၏ဆုံးဖြတ်ချက်အရ လွှဲပြောင်းရယူသောအမှုကို စီရင်ခြင်း၊

(ဂ) ဒေသဆိုင်ရာ တရားစီရင်ရေးအဖွဲ့တဖွဲ့မှ အခြားဒေသ ဆိုင်ရာ တရားစီရင်ရေးအဖွဲ့ တဖွဲ့သို့ အမှုလွှဲပြောင်းပေးမှုကို စီရင်ခြင်း၊

(ဃ) ပြည်နယ်နှင့် တိုင်း တရားစီရင်ရေးအဖွဲ့က ချမှတ်သောစီရင်ချက်၊ အမိန့်၊ ဆုံးဖြတ်ချက်အပေါ် အယူခံမှုကိုစီရင်ခြင်း၊

(င) ဒေသဆိုင်ရာ တရားစီရင်ရေးအဖွဲ့ကချမှတ်သော သေဒဏ်အမိန့်အပေါ် အယူခံမှုကို စီရင်ခြင်း၊

(စ) ဒေသဆိုင်ရာ တရားစီရင်ရေးအဖွဲ့က ချမှတ်သော စီရင်ချက်၊ အမိန့်၊ ဆုံးဖြတ်ချက်အပေါ် ပြင်ဆင်မှုကိုစီရင်ခြင်း၊

(ဆ) စစ်ဘက်ဆိုင်ရာ တရားစီရင်ရေးအဖွဲ့များ၏ အမိန့်၊ ဆုံးဖြတ်ချက်အပေါ် အယူခံမှုကို စီရင်ခြင်း၊

(ဇ) လုပ်ငန်းဆိုင်ရာ တရားစီရင်ရေးအဖွဲ့များ၏ အမိန့်၊ ဆုံးဖြတ်ချက်အပေါ် အယူခံမှု သို့မဟုတ် ပြင်ဆင်မှုကိုစီရင်ခြင်း၊

(ဈ) ဥပဒေတရပ်ရပ်အရ စီရင်ခြင်း။

၁၇။ ပြည်သူ့ တရားသူကြီးအဖွဲ့က ဖွဲ့စည်းပေးသော ဗဟို တရားစီရင်ရေးအဖွဲ့သည် ပြည်သူ့တရားသူကြီးအဖွဲ့၏ စီရင်ပိုင်ခွင့်များကို ကျင့်သုံးရမည်။

၁၈။ ပြည်သူ့တရားသူကြီးအဖွဲ့တဖွဲ့လုံးသည် အောက်ဖော်ပြပါ အမှုများကို ကြားနာစစ်ဆေးနိုင်သည်—

(က) ဗဟို တရားစီရင်ရေးအဖွဲ့က ယင်း၏ မူလစီရင်ပိုင်ခွင့်အတွင်း ချမှတ်သောစီရင်ချက်၊ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အယူခံမှု၊

(ခ) စောဒကမှု။

၁၉။ ပုဒ်မ ၁၈ ပုဒ်မခွဲ (က)နှင့်(ခ) တို့အရ ကြားနာ စီရင်ရာတွင်မူလမှု၊ အယူခံမှု သို့မဟုတ် ပြင်ဆင်မှုကို စစ်ဆေးဆုံးဖြတ်ခဲ့သော ပြည်သူ့တရားသူကြီးအဖွဲ့ဝင်များသည်လည်း ပါဝင်နိုင်ခွင့်ရှိသည်။

အခန်း (၆)

ဗဟိုတရားစီရင်ရေးအဖွဲ့နှင့် တရားရေးဝန်ထမ်း အဖွဲ့အစည်းအ ဆင့်ဆင့်ကို ဖွဲ့စည်းခြင်း

၂၀။ (က) ပြည်သူ့ တရားသူကြီးအဖွဲ့သည် တဖွဲ့လျှင် အဖွဲ့ဝင် အနည်းဆုံး ၃ ဦးပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့များကိုမိမိတို့ အဖွဲ့ဝင်များဖြင့်သာ ဖွဲ့စည်းရမည်၊

(ခ) ပြည်သူ့တရားသူကြီးအဖွဲ့သည် ဗဟိုတရားစီရင်ရေး အဖွဲ့များကို လိုအပ်လျှင် ပြင်ဆင်ပြောင်းလဲဖွဲ့စည်းနိုင်သည်။

၂၁။ ပြည်သူ့တရားသူကြီးအဖွဲ့သည် နိုင်ငံတော်ကောင်စီ၏ သဘောတူညီချက်ကိုရယူ၍ တရားရေးဝန်ထမ်း အဖွဲ့အစည်းအဆင့်ဆင့်ကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်။ လိုအပ်သောတရားရေး ဝန်ထမ်းများကို ဥပဒေနှင့်အညီ ခန့်အပ်နိုင်သည်။

အခန်း (၇)

ပြည်သူ့တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ

၂၂။ ပြည်သူ့ တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ၏ တာဝန်နှင့် လုပ်ပိုင်ခွင့် များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) ပြည်သူ့တရားသူကြီးအဖွဲ့အား ဦးဆောင်မှုပေးခြင်း၊

(ခ) ပြည်သူ့ တရားသူကြီးအဖွဲ့ရုံး၊ အဆင့်ဆင့်သော တရားရုံးနှင့် တရားရေးဝန်ထမ်းများ၊ ရုံးဝန်ထမ်းများအား လမ်းညွှန်ခြင်း၊

(ဂ) ပြည်သူ့ တရားသူကြီးအဖွဲ့၏ အစည်းအဝေးများကို ခေါ်ယူ ကျင်းပခြင်း၊

(ဃ) ပြည်သူ့ တရားသူကြီးအဖွဲ့ အစည်းအဝေး အစီအစဉ်ကိုအတည် ပြုခြင်း၊

(င) ပြည်သူ့တရားသူကြီးအဖွဲ့ အစည်းအဝေးများ၌ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ အစည်းအဝေးများကို ဦးဆောင်ခြင်း၊

(စ) ပြည်သူ့ တရားသူကြီးအဖွဲ့ကိုယ်စား တရားစီရင်ရေး အခြေအနေ အရပ်ရပ်နှင့် ပြဿနာအသီးသီးတို့ကို နိုင်ငံတော်ကောင်စီသို့ အခါအားလျော်စွာတင်ပြခြင်း၊

(ဆ) ပြည်သူ့တရားသူကြီးအဖွဲ့မှ လွှတ်တော်သို့တင်ပြရန် လိုအပ်သည့် ကိစ္စရပ်များကို ပြည်သူ့တရားသူကြီး အဖွဲ့ဝင်များနှင့် ညှိနှိုင်း၍ နိုင်ငံတော်ကောင်စီမှတဆင့် လွှတ်တော်သို့ တင်ပြခြင်း၊

(ဇ) ပြည်သူ့ တရားသူကြီးအဖွဲ့က ထုတ်ပြန်သော အမိန့်များ၊ အမိန့်ကြော်ငြာစာများကို ထုတ်ပြန်ပေးခြင်း၊

(ဈ) ပြည်သူ့ တရားသူကြီးအဖွဲ့က ဥက္ကဋ္ဌအား လွှဲအပ်ထားသော လုပ်ငန်းများကို ဆောင်ရွက်ခြင်း။

၂၃။ (က) ပြည်သူ့ တရားသူကြီးအဖွဲ့က တာဝန်ယူရမည့် လုပ်ငန်းများကို ထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်ရန် ပြည်သူ့တရားသူကြီးအဖွဲ့ဥက္ကဋ္ဌသည် ပြည်သူ့တရားသူကြီး အဖွဲ့၏ သဘောတူညီချက်ဖြင့် အဖွဲ့ဝင်များအား သင့်တော်သလို ကဏ္ဍများခွဲဝေ၍ တာဝန်ပေးအပ်နိုင်သည်၊

(ခ) ကဏ္ဍများခွဲဝေ၍ တာဝန်ယူ ကြသော်လည်း ပြည်သူ့တရားသူကြီးအဖွဲ့ဝင်များသည် မိမိတို့ကဏ္ဍအလိုက် ဆောင်ရွက်ချက်များကို ပြည်သူ့တရားသူကြီးအဖွဲ့ ပုံမှန်အစည်းအဝေးသို့ တင်ပြအတည်ပြုချက် ရယူရမည်။

၂၄။ (က) ပြည်သူ့တရားသူကြီးအဖွဲ့တွင်တစုံတခုသော အကြောင်းကြောင့် ဥက္ကဋ္ဌနေရာလစ်လပ်လျှင် အခြေခံဥပဒေပုဒ်မ ၉၅ ပုဒ်မခွဲ (ခ)ပါပြဋ္ဌာန်းချက်နှင့်အညီ ရွေးချယ်တင်မြှောက်ရမည်၊

(ခ) ပြည်သူ့ တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌအသစ် ရွေးချယ်တင်မြှောက်ခြင်း မပြုသေးမီ ဥက္ကဋ္ဌ၏တာဝန် ဝတ်တရားများကို အဖွဲ့ဝင်တဦးက ယာယီပူးတွဲ ထမ်းဆောင်ရန် ပြည်သူ့ တရားသူကြီးအဖွဲ့က တာဝန်ပေးအပ်ရမည်၊

(ဂ) ပြည်သူ့ တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌသည် အကြောင်းတစုံတရာကြောင့် မိမိတာဝန်ကို ယာယီ ထမ်းဆောင်နိုင်စွမ်း မရှိလျှင် ပြည်သူ့တရားသူကြီးအဖွဲ့က တာဝန်ပေးအပ်သောအဖွဲ့ဝင်တဦးက ဥက္ကဋ္ဌ၏တာဝန်ကို ယာယီပူးတွဲထမ်းဆောင်ရမည်။

အခန်း (ဂ)

ပြည်သူ့တရားသူကြီးအဖွဲ့ဝင်များ

၂၅။ ပြည်သူ့တရားသူကြီး အဖွဲ့ဝင်များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) ပြည်သူ့ တရားသူကြီးအဖွဲ့၏ လုပ်ငန်းများကို အကောင်အထည် ဖော်ရာတွင် ပါဝင်ဆောင်ရွက်ခြင်း၊

(ခ) ပြည်သူ့တရားသူကြီးအဖွဲ့ အစည်းအဝေးများ၌ ဆွေးနွေးရမည့် ကိစ္စရပ်များနှင့် ချမှတ်ရမည့်ဆုံးဖြတ်ချက်များကို စဉ်ဆက် မပြတ်လေ့လာ၍ လိုအပ်သလိုပါဝင်တင်ပြခြင်း၊

(ဂ) မိမိတာဝန်ယူသည့်ကဏ္ဍနှင့် ပတ်သက်သော တွေ့ရှိချက်များ နှင့် ဆောင်ရွက်ချက်များကို ပြည်သူ့ တရားသူကြီး အဖွဲ့သို့ တင်ပြခြင်း၊

(ဃ) ပြည်သူ့တရားသူကြီးအဖွဲ့က ပေးအပ်သောအခြားတာဝန်များကို ထမ်းဆောင်ခြင်း။

၂၆။ ပြည်သူ့တရားသူကြီးအဖွဲ့တွင် တစုံတခုသော အကြောင်းကြောင့်အဖွဲ့ဝင် နေရာလစ်လပ်လျှင် အခြေခံဥပဒေပုဒ်မ ၉၅ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်နှင့် အညီ ရွေးချယ်တင်မြှောက်ရမည်။

အခန်း (၉)

ပြည်နယ်နှင့်တိုင်း တရားသူကြီးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၂၇။ ပြည်နယ်နှင့် တိုင်း တရားသူကြီးအဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) သက်ဆိုင်ရာပြည်သူ့ကောင်စီကို တာဝန်ခံခြင်း၊

(ခ) တရားစီရင်ရေး အခြေအနေကို သက်ဆိုင်ရာ ပြည်သူ့ကောင်စီနှင့် ပြည်သူ့တရားသူကြီးအဖွဲ့သို့ အစီရင်ခံခြင်း၊

(ဂ) မိမိတို့ကဖွဲ့စည်းပေးသည့် တရားစီရင်ရေး အဖွဲ့များနှင့်တရားရုံးများကို ကြီးကြပ်ကွပ်ကဲခြင်း။

၂၈။ ပြည်နယ်နှင့် တိုင်းတရားသူကြီးအဖွဲ့၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) ပြည်နယ်နှင့်တိုင်း တရားစီရင်ရေးအဖွဲ့တဖွဲ့က ယင်း၏ စီရင်ပိုင်ခွင့်အတွင်း ကျရောက်သော အမှုတမှုကို လက်ခံစစ်ဆေးရန် မသင့်ဟုယူဆ၍ တင်ပြလာလျှင် မိမိတို့က ဖွဲ့စည်းထားသော ပြည်နယ်နှင့်တိုင်း တရားစီရင်ရေး အဖွဲ့တခုခုသို့ လွှဲပြောင်းပေးနိုင်ခွင့်ရှိခြင်း၊

(ခ) ပုဒ်မခွဲ(က)အရ တင်ပြသောအမှုကို မိမိတို့ ပြည်နယ်နှင့်တိုင်း အတွင်း စစ်ဆေးစီရင်ရန် မသင့်ဟုယူဆလျှင် ပြည်သူ့တရား သူကြီးအဖွဲ့သို့ တင်ပြခွင့်ရှိခြင်း၊

(ဂ) အကျဉ်းစခန်းများ၊ ရဲဘက်စခန်းများ၊ ပြည်သူ့ရဲတပ်ဖွဲ့အချုပ် စခန်းများတွင် အပြစ်ကျမျှားနှင့် အချုပ်ခံနေရသူများကို လိုအပ်သည့်အခါကြည့်ရှုခြင်း။

၂၉။ ပြည်နယ်နှင့်တိုင်း တရားသူကြီးအဖွဲ့များက ဖွဲ့စည်းထားသောတရား စီရင်ရေးအဖွဲ့များသည် ပြည်သူ့တရားသူကြီးအဖွဲ့၏ ကြီးကြပ် ကွပ်ကဲမှုကို ခံယူရမည်။

အခန်း (၁၀)

ပြည်နယ်နှင့်တိုင်း တရားသူကြီးအဖွဲ့၏ စီရင်ပိုင်ခွင့်များ

၃၀။ ပြည်နယ်နှင့်တိုင်း တရားသူကြီးအဖွဲ့သည် ဥပဒေနှင့်အညီ အောက်ပါအတိုင်းစီရင်ပိုင်ခွင့်ရှိသည်—

(က) တရားမ မူလမှုကိုစီရင်ခြင်း၊

(ခ) မြို့နယ် တရားသူကြီးအဖွဲ့၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုတရားသူကြီးအဖွဲ့တို့က ရှိရင်းစွဲဥပဒေအရ လက်ခံကြားနာစီရင်နိုင်ခွင့်မရှိသော တရားမမှုကို စီရင်ခြင်း၊

(ဂ) ပြစ်မှုဆိုင်ရာ မူလမှုကို စီရင်ခြင်း၊

(ဃ) သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းအတွင်းရှိ မြို့နယ်တရားစီရင်ရေးအဖွဲ့က ချမှတ်သောသေဒဏ်အမိန့်ကို အတည်ပြုခြင်းဆိုင်ရာ စီရင်ခြင်း၊

(င) သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းအတွင်းရှိ မြို့နယ် တရားစီရင်ရေးအဖွဲ့ကချမှတ်သောသေဒဏ်အမိန့်မှအပ၊ အခြားစီရင်ချက်၊ အမိန့်နှင့် ဆုံးဖြတ်ချက်အပေါ် အယူခံမှုကိုစီရင်ခြင်း၊

(စ) သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းအတွင်းရှိ မြို့နယ်တရားစီရင်ရေးအဖွဲ့က ချမှတ်သောစီရင်ချက်၊ အမိန့်နှင့်ဆုံးဖြတ်ချက်အပေါ် ပြင်ဆင်မှုကို စီရင်ခြင်း၊

(ဆ) သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းအတွင်းရှိ ဒေသဆိုင်ရာတရားစီရင်ရေးအဖွဲ့တဖွဲ့မှ ယင်းပြည်နယ်နှင့် တိုင်းအတွင်းရှိ ဒေသဆိုင်ရာ တရားစီရင်ရေး အဖွဲ့တဖွဲ့သို့ အမှုလွှဲပြောင်းပေးမှုကို စီရင်ခြင်း၊

(ဇ) ပြစ်မှုကျူးလွန်သည်ဟု စီရင်ခြင်း ခံရသူအား အာမခံ သို့မဟုတ် ခံဝန်ချုပ်ဖြင့် ၅ နှစ်အထိ ကောင်းမွန်စွာ နေထိုင်စေရန်စီရင်ခြင်း၊

(ဈ) ကလေးသူငယ်များ ဥပဒေအရစီရင်ခြင်း၊

(ည) ဥပဒေတရပ်ရပ်အရ စီရင်ခြင်း။

၃၁။ ပြည်နယ်နှင့် တိုင်းတရားသူကြီးအဖွဲ့က ဖွဲ့စည်းပေးသော ပြည်နယ်နှင့် တိုင်း တရားစီရင်ရေးအဖွဲ့သည် ပြည်နယ်နှင့် တိုင်း တရားသူကြီး အဖွဲ့၏ စီရင်ပိုင်ခွင့်ကို ကျင့်သုံးရမည်။

အခန်း (၁၁)

ပြည်နယ်နှင့် တိုင်း တရားစီရင်ရေးအဖွဲ့နှင့် ပြည်နယ်နှင့် တိုင်း တရားရုံး ဖွဲ့စည်းခြင်း

၃၂။ (က) ပြည်နယ်နှင့် တိုင်း တရားသူကြီး အဖွဲ့သည် တဖွဲ့လျှင်အဖွဲ့ဝင် အနည်းဆုံး ၃ ဦးပါဝင်သော ပြည်နယ်နှင့်တိုင်းတရားစီရင်ရေး အဖွဲ့များကို မိမိတို့အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းရမည်၊

(ခ) ဖွဲ့စည်းရာတွင် မိမိတို့တရားသူကြီး အဖွဲ့ဝင်များဖြင့် လုံလောက်မှု မရှိမှုသာလျှင် မိမိတို့ တရားသူကြီးအဖွဲ့ဝင် တဦးဦးကို ဦးဆောင်စေ၍ ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီဝင်များ ဖြင့် တရားစီရင်ရေး အဖွဲ့များကို ဖွဲ့စည်းနိုင်သည်။ ပြည်သူ့ ကောင်စီဝင်များဖြင့် လုံလောက်မှု မရှိမှုသာလျှင် အခြား သင့်လျော်သည့် နိုင်ငံသားများကို ထည့်သွင်းဖွဲ့စည်းနိုင်သည်။

၃၃။ ပြည်နယ်နှင့်တိုင်း တရားသူကြီးအဖွဲ့သည် မိမိဖွဲ့စည်းသည့် ပြည်နယ်နှင့် တိုင်း တရားစီရင်ရေးအဖွဲ့ကို လိုအပ်လျှင် ပြင်ဆင်ပြောင်းလဲ ဖွဲ့စည်းနိုင် သည်။

၃၄။ ပြည်နယ်နှင့် တိုင်း ရုံးစိုက်ရာမြို့တွင် ပြည်နယ်နှင့် တိုင်းတရားရုံး အနည်းဆုံးတခုကို ဖွဲ့စည်းထားရှိရမည်။

အခန်း (၁၂)

ပြည်နယ်နှင့်တိုင်း တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ

၃၅။ ပြည်နယ်နှင့်တိုင်းတရားသူကြီးအဖွဲ့ ဥက္ကဋ္ဌ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) ပြည်နယ်နှင့် တိုင်းတရားသူကြီးအဖွဲ့အား ဦးဆောင်မှုပေးခြင်း၊

(ခ) ပြည်နယ်နှင့်တိုင်း တရားသူကြီးအဖွဲ့၏ အစည်းအဝေးများကို ခေါ်ယူကျင်းပခြင်း၊

(ဂ) ပြည်နယ်နှင့်တိုင်း တရားသူကြီးအဖွဲ့ အစည်းအဝေး အစီအစဉ်ကို အတည်ပြုခြင်း၊

(ဃ) ပြည်နယ်နှင့်တိုင်း တရားသူကြီးအဖွဲ့ အစည်းအဝေးများ၌ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ အစည်းအဝေးများကို ဦးဆောင်ခြင်း၊

(င) ပြည်နယ်နှင့်တိုင်း တရားသူကြီးအဖွဲ့ ကိုယ်စား တရားစီရင်ရေး အခြေအနေ အရပ်ရပ်နှင့် ပြဿနာအသီးသီးတို့ကို သက်ဆိုင်ရာ ပြည်သူ့ကောင်စီနှင့် ပြည်သူ့ တရားသူကြီးအဖွဲ့သို့ အခါအားလျော်စွာတင်ပြခြင်း၊

(စ) ပြည်နယ်နှင့် တိုင်း တရားသူကြီးအဖွဲ့မှ သက်ဆိုင်ရာ ပြည်သူ့ကောင်စီသို့ တင်ပြရန် လိုအပ်သည့်ကိစ္စရပ်များကို ပြည်နယ်နှင့် တိုင်း တရားသူကြီး အဖွဲ့ဝင်များနှင့် ညှိနှိုင်း၍တင်ပြခြင်း၊

(ဆ) ပြည်နယ်နှင့်တိုင်းတရားသူကြီးအဖွဲ့က ထုတ်ပြန်သောအမိန့်များ၊ အမိန့် ကြော်ငြာစာများကို ထုတ်ပြန်ပေးခြင်း၊

(ဇ) ပြည်နယ်နှင့်တိုင်း တရားသူကြီးအဖွဲ့က ဥက္ကဋ္ဌအား လွှဲအပ်ထားသောလုပ်ငန်းများကို ဆောင်ရွက်ခြင်း။

၃၆။ (က) ပြည်နယ်နှင့် တိုင်း တရားသူကြီးအဖွဲ့တွင် တစုံတခုသောအကြောင်းကြောင့် ဥက္ကဋ္ဌနေရာလစ်လပ်လျှင် အခြေခံဥပဒေ ပုဒ်မ ၁၀၆ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်နှင့် အညီရွေးချယ်တင်မြှောက်ရမည်၊

(ခ) ပြည်နယ်နှင့်တိုင်း တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌ အသစ် ရွေးချယ်တင်မြှောက်ခြင်း မပြုသေးမီ ဥက္ကဋ္ဌ၏တာဝန်ဝတ်တရားများကို အဖွဲ့ဝင်တဦးက ယာယီ ပူးတွဲထမ်းဆောင်ရန်ပြည်နယ်နှင့်တိုင်း တရားသူကြီးအဖွဲ့က တာဝန်ပေးအပ်ရမည်၊

(ဂ) ပြည်နယ်နှင့်တိုင်း တရားသူကြီးအဖွဲ့ဥက္ကဋ္ဌသည် အကြောင်းတစုံတရာကြောင့် မိမိ၏တာဝန်ကို ယာယီ ထမ်းဆောင်နိုင်စွမ်း မရှိလျှင် ပြည်နယ်နှင့် တိုင်း တရားသူကြီးအဖွဲ့က တာဝန်ပေးအပ်သောအဖွဲ့ဝင်တဦးက ဥက္ကဋ္ဌ၏တာဝန်ကို ယာယီပူးတွဲထမ်းဆောင်ရမည်။

အခန်း (၁၃)

ပြည်နယ်နှင့်တိုင်း တရားသူကြီးအဖွဲ့ဝင်များ

၃၇။ ပြည်နယ်နှင့်တိုင်း တရားသူကြီးအဖွဲ့ဝင်များ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်——

(က) ပြည်နယ်နှင့်တိုင်း တရားသူကြီးအဖွဲ့၏ လုပ်ငန်းများကိုအကောင်အထည်ဖော်ရာတွင် ပါဝင်ဆောင်ရွက်ခြင်း၊

(ခ) ပြည်နယ်နှင့် တိုင်း တရားသူကြီးအဖွဲ့ အစည်းအဝေးများ၌ ဆွေးနွေးရမည့်ကိစ္စရပ်များနှင့် ချမှတ်ရမည့်ဆုံးဖြတ်ချက်များကို စဉ်ဆက်မပြတ် လေ့လာ၍ လိုအပ်သလို ပါဝင်တင်ပြခြင်း၊

(ဂ) ပြည်နယ်နှင့်တိုင်း တရားသူကြီးအဖွဲ့က ပေးအပ်သော အခြားတာဝန်များကို ထမ်းဆောင်ခြင်း။

၃၈။ ပြည်နယ်နှင့်တိုင်း တရားသူကြီးအဖွဲ့တွင် တစုံတခုသော အကြောင်းကြောင့် အဖွဲ့ဝင်နေရာလစ်လပ်လျှင် အခြေခံဥပဒေပုဒ်မ ၁၀၆ ပုဒ်မခွဲ (က)ပါ ပြဋ္ဌာန်းချက်နှင့်အညီ ရွေးချယ်တင်မြှောက်ရမည်။

အခန်း (၁၄)

မြို့နယ်တရားသူကြီးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၄၉။ မြို့နယ် တရားသူကြီးအဖွဲ့၏ တာဝန်များမှာ အောက်ပါ အတိုင်းဖြစ်သည်—

(က) သက်ဆိုင်ရာပြည်သူ့ကောင်စီကို တာဝန်ခံခြင်း၊

(ခ) တရားစီရင်ရေးအခြေအနေကို သက်ဆိုင်ရာ ပြည်သူ့ကောင်စီနှင့် သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းတရားသူကြီးအဖွဲ့သို့အစီရင်ခံခြင်း၊

(ဂ) မိမိတို့က ဖွဲ့စည်းပေးသည့် တရားစီရင်ရေး အဖွဲ့များနှင့်တရားရုံးများကို ကြီးကြပ်ကွပ်ကဲခြင်း။

၅၀။ မြို့နယ် တရားသူကြီးအဖွဲ့၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) မြို့နယ် တရားစီရင်ရေးအဖွဲ့တဖွဲ့က ယင်း၏ စီရင်ပိုင်ခွင့်အတွင်း ကျရောက်သောအမှုတမှုကို လက်ခံစစ်ဆေးရန်မသင့်ဟု ယူဆ၍ တင်ပြလာလျှင်မိမိတို့ကဖွဲ့စည်းထားသော မြို့နယ်တရားစီရင်ရေး အဖွဲ့တခုခုသို့ လွှဲပြောင်းပေးခြင်း၊

(ခ) ပုဒ်မခွဲ (က) အရ တင်ပြသောအမှုကို မိမိတို့မြို့နယ်အတွင်း စစ်ဆေးစီရင်ရန်မသင့်ဟုယူဆလျှင် ပြည်နယ်နှင့်တိုင်း တရားသူကြီးအဖွဲ့သို့ တင်ပြခြင်း။

၃၁။ မြို့နယ်တရားသူကြီးအဖွဲ့များက ဖွဲ့စည်းထားသော တရားစီရင်ရေးအဖွဲ့များသည် ပြည်သူ့တရားသူကြီးအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုကို ခံယူရမည်။

အခန်း (၁၅)

မြို့နယ်တရားသူကြီးအဖွဲ့၏ စီရင်ပိုင်ခွင့်များ

၄၂။ မြို့နယ်တရားသူကြီးအဖွဲ့သည် ဥပဒေနှင့်အညီ အောက်ပါအတိုင်းစီရင်ပိုင်ခွင့်ရှိသည်—

(က) ကျပ်တသောင်းအထိတန်ဖိုးရှိသောတရားမ မှုလမှုကိုစီရင်ခြင်း၊

(ခ) ပြစ်မှုဆိုင်ရာ မူလမှုကို စီရင်ခြင်း၊

(ဂ) ပြစ်မှုဆိုင်ရာဥပဒေ၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေအရ တင်သွင်းသောလျှောက်ထားမှုကို စီရင်ခြင်း၊

(ဃ) သက်ဆိုင်ရာမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားစီရင်ရေးအဖွဲ့က ချမှတ်သောစီရင်ချက်၊ အမိန့်နှင့်ဆုံးဖြတ်ချက်အပေါ် အယူခံမှုကို စီရင်ခြင်း၊

(င) သက်ဆိုင်ရာမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားစီရင်ရေးအဖွဲ့က ချမှတ်သောစီရင်ချက်၊ အမိန့်နှင့် ဆုံးဖြတ်ချက်အပေါ်ပြင်ဆင်မှုကို စီရင်ခြင်း၊

(စ) သက်ဆိုင်ရာ မြို့နယ်အတွင်းရှိ မြို့နယ် တရားစီရင်ရေးအဖွဲ့၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု တရားစီရင်ရေး အဖွဲ့တဖွဲ့မှ ယင်း မြို့နယ်အတွင်းရှိ မြို့နယ် တရားစီရင်ရေးအဖွဲ့၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားစီရင်ရေး အဖွဲ့တဖွဲ့သို့ အမှုလွှဲပြောင်း ပေးမှုကို စီရင်ခြင်း၊

(ဆ) ပြစ်မှုကျူးလွန်သည်ဟု စီရင်ခြင်းခံရသူအား အာမခံ သို့မဟုတ် ခံဝန်ချုပ်ဖြင့် ၃ နှစ်အထိ ကောင်းမှုန်စွာ နေထိုင်စေရန် စီရင်ခြင်း၊

(ဇ) ကလေးသူငယ်များ ဥပဒေအရ စီရင်ခြင်း၊

(ဈ) ဥပဒေတရပ်ရပ်အရ စီရင်ခြင်း။

၄၃။ မြို့နယ်တရားသူကြီးအဖွဲ့က ဖွဲ့စည်းပေးသော မြို့နယ် တရားစီရင်ရေး အဖွဲ့သည် မြို့နယ်တရားသူကြီးအဖွဲ့၏ စီရင်ပိုင်ခွင့်များကို ကျင့်သုံးရမည်။

အခန်း (၁၆)

မြို့နယ်တရားစီရင်ရေးအဖွဲ့နှင့် မြို့နယ်တရားရုံးဖွဲ့စည်းခြင်း

၄၄။ (က) မြို့နယ်တရားသူကြီးအဖွဲ့သည် တဖွဲ့လျှင် အဖွဲ့ဝင် အနည်းဆုံး ၃ ဦးပါဝင်သော မြို့နယ်တရားစီရင်ရေး အဖွဲ့များကို မိမိတို့ အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းရမည်၊

(ခ) ဖွဲ့စည်းရာတွင် မိမိတို့ တရားသူကြီးအဖွဲ့ဝင်များဖြင့် လုံလောက်မှု မရှိမှသာလျှင် မိမိတို့ တရားသူကြီးအဖွဲ့ဝင်တဦးဦးကို ဦးဆောင်စေ၍ မြို့နယ် ပြည်သူ့ ကောင်စီဝင်များဖြင့် တရားစီရင်ရေး အဖွဲ့များကို ဖွဲ့စည်းနိုင်သည်။ ပြည်သူ့ ကောင်စီဝင်များဖြင့် လုံလောက်မှုမရှိမှသာလျှင် အခြားသင့်လျော်သည့် နိုင်ငံသား များကို ထည့်သွင်းဖွဲ့စည်းနိုင်သည်။

၄၅။ မြို့နယ်တရားသူကြီးအဖွဲ့သည် မိမိတို့ဖွဲ့စည်းသည့် မြို့နယ် တရားစီရင်ရေး အဖွဲ့ကို လိုအပ်လျှင် ပြင်ဆင်ပြောင်းလဲဖွဲ့စည်းနိုင်သည်။

၄၆။ မြို့နယ် ရုံးစိုက်ရာမြို့တွင် မြို့နယ်တရားရုံး အနည်းဆုံးတခုကိုဖွဲ့စည်း ထားရှိရမည်။

အခန်း (၁၇)

မြို့နယ်တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ

၅၇။ မြို့နယ် တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌ၏ တာဝန်နှင့် လုပ်ပိုင်ခွင့် များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) မြို့နယ်တရားသူကြီးအဖွဲ့အား ဦးဆောင်မှုပေးခြင်း၊

(ခ) မြို့နယ် တရားသူကြီးအဖွဲ့၏ အစည်းအဝေးများကို ခေါ်ယူကျင်းပခြင်း၊

(ဂ) မြို့နယ်တရားသူကြီးအဖွဲ့ အစည်းအဝေး အစီအစဉ်ကို အတည်ပြုခြင်း၊

(ဃ) မြို့နယ် တရားသူကြီးအဖွဲ့ အစည်းအဝေးများ၌ ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်၍ အစည်းအဝေးများကိုဦးဆောင်ခြင်း၊

(င) မြို့နယ်တရားသူကြီးအဖွဲ့ကိုယ်စား တရားစီရင်ရေး အခြေအနေ အရပ်ရပ်နှင့် ပြဿနာအသီးသီးတို့ကို သက်ဆိုင်ရာ ပြည်သူ့ကောင်စီနှင့် ပြည်နယ်နှင့် တိုင်း တရားသူကြီးအဖွဲ့သို့ အခါအားလျော်စွာ တင်ပြခြင်း၊

(စ) မြို့နယ် တရားသူကြီးအဖွဲ့မှ သက်ဆိုင်ရာ ပြည်သူ့ကောင်စီသို့ တင်ပြရန် လိုအပ်သည့် ကိစ္စရပ်များကို မြို့နယ် တရားသူကြီး အဖွဲ့ဝင်များနှင့် ညှိနှိုင်း၍တင်ပြခြင်း၊

(ဆ) မြို့နယ်တရားသူကြီးအဖွဲ့က ထုတ်ပြန်သော အမိန့်များ၊အမိန့် ကြော်ငြာစာများကို ထုတ်ပြန်ပေးခြင်း၊

(ဇ) မြို့နယ် တရားသူကြီးအဖွဲ့က ဥက္ကဋ္ဌအား လွှဲအပ်ထားသော လုပ်ငန်းများကို ဆောင်ရွက်ခြင်း။

၄၇။ (က) မြို့နယ်တရားသူကြီးအဖွဲ့တွင် တစုံတခုသော အကြောင်းကြောင့် ဥက္ကဋ္ဌနေရာ လစ်လပ်လျှင် အခြေခံ ဥပဒေ ပုဒ်မ ၁၀၆ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်နှင့်အညီ ရွေးချယ်တင်မြှောက် ရမည်၊

(ခ) မြို့နယ်တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌအသစ်ရွေးချယ်တင်မြှောက်ခြင်း မပြုသေးမီ ဥက္ကဋ္ဌ၏ တာဝန်ဝတ်တရားများကို အဖွဲ့ဝင်တဦးက ယာယီပူးတွဲထမ်းဆောင်ရန်မြို့နယ်တရားသူကြီးအဖွဲ့က တာဝန် ပေးအပ်ရမည်၊

(ဂ) မြို့နယ် တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌသည် အကြောင်း တစုံတရာ ကြောင့် မိမိ၏တာဝန်ကို ယာယီထမ်းဆောင်နိုင်စွမ်း မရှိလျှင် မြို့နယ်တရားသူကြီးအဖွဲ့က တာဝန်ပေးအပ်သော အဖွဲ့ဝင်တဦးက ဥက္ကဋ္ဌ၏တာဝန်ကို ယာယီပူးတွဲထမ်းဆောင်ရမည်။

အခန်း (၁၈)

မြို့နယ်တရားသူကြီးအဖွဲ့ဝင်များ

၄၉။ မြို့နယ် တရားသူကြီးအဖွဲ့ဝင်များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) မြို့နယ်တရားသူကြီး အဖွဲ့၏ လုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် ပါဝင်ဆောင်ရွက်ခြင်း၊

(ခ) မြို့နယ်တရားသူကြီးအဖွဲ့ အစည်းအဝေးများ၌ ဆွေးနွေးရမည့်ကိစ္စရပ်များနှင့် ချမှတ်ရမည့်ဆုံးဖြတ်ချက်များကိုစဉ်ဆက်မပြတ်လေ့လာ၍ လိုအပ်သလိုပါဝင်တင်ပြခြင်း၊

(ဂ) မြို့နယ်တရားသူကြီးအဖွဲ့က ပေးအပ်သော အခြားတာဝန်များကို ထမ်းဆောင်ခြင်း။

၅၀။ မြို့နယ် တရားသူကြီးအဖွဲ့တွင် တစုံတခုသော အကြောင်းကြောင့် အဖွဲ့ဝင်နေရာလစ်လပ်လျှင် အခြေခံဥပဒေပုဒ်မ ၁၀၆ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်နှင့်အညီ ရွေးချယ်တင်မြှောက်ရမည်။

အခန်း (၁၉)

ရပ်ကွက်နှင့် ကျေးရွာအုပ်စုတရားသူကြီးအဖွဲ့၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅၁။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) သက်ဆိုင်ရာ ပြည်သူ့ကောင်စီကို တာဝန်ခံခြင်း၊

(ခ) တရားစီရင်ရေးအခြေအနေကို သက်ဆိုင်ရာ ပြည်သူ့ကောင်စီနှင့် မြို့နယ်တရားသူကြီးအဖွဲ့သို့ အစီရင်ခံခြင်း၊

(ဂ) မိမိတို့က ဖွဲ့စည်းပေးသည့် တရားစီရင်ရေးအဖွဲ့များကိုကြီးကြပ် ကွပ်ကဲခြင်း။

၅၂။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားစီရင်ရေးအဖွဲ့ တဖွဲ့က ယင်း၏ စီရင်ပိုင်ခွင့်အတွင်း ကျရောက်သော အမှုတမှုကို လက်ခံစစ်ဆေးရန်မသင့်ဟု ယူဆ၍ တင်ပြလာလျှင် မိမိတို့က ဖွဲ့စည်းထားသော ရပ်ကွက်နှင့် ကျေးရွာအုပ်စုတရားစီရင်ရေး အဖွဲ့တခုခုသို့ လွှဲပြောင်းပေးနိုင်ခွင့်ရှိခြင်း၊

(ခ) ပုဒ်မခွဲ(က)အရ တင်ပြသောအမှုကို မိမိတို့ရပ်ကွက်နှင့်ကျေးရွာ အုပ်စုအတွင်း စစ်ဆေးစီရင်ရန်မသင့်ဟု ယူဆလျှင် မြို့နယ် တရားသူကြီးအဖွဲ့သို့ တင်ပြခွင့်ရှိခြင်း။

၅၃။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့များကဖွဲ့စည်းထားသော တရားစီရင်ရေးအဖွဲ့များသည် ပြည်သူ့တရားသူကြီးအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုကို ခံယူရမည်။

အခန်း (၂၀)

ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့၏ စီရင်ပိုင်ခွင့်များ

၅၄။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့သည် ဥပဒေနှင့်အညီ အောက်ပါအတိုင်း စီရင်ပိုင်ခွင့်ရှိသည်—

(က) ကျပ်တထောင်အထိထန်ဘိုးရှိသောတရားမ မှုလမှုကို စီရင်ခြင်း၊

(ခ) သတ်မှတ်ထားသော ပြစ်မှုဆိုင်ရာ မူလမှုကို စီရင်ခြင်း၊

(ဂ) ပုဒ်မခွဲ (ခ) အရ စီရင်ပိုင်ခွင့် အတွင်းကျရောက်သောကလေး သူငယ်များ အပေါ် အရေးယူသည့် အမှုများကို ကလေး သူငယ်များ ဥပဒေအရ စီရင်ခြင်း၊

(ဃ) ပြစ်မှု ကျူးလွန်သည်ဟု စီရင်ခြင်းခံရသူအား အာမခံ သို့မဟုတ် ခံဝန်ချုပ်ဖြင့် ၁ နှစ်အထိ ကောင်းမွန်စွာ နေထိုင်စေရန် စီရင်ခြင်း၊

(င) ဥပဒေတရပ်ရပ်အရ စီရင်ခြင်း။

၅၅။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့က ဖွဲ့စည်းပေးသော တရားစီရင်ရေးအဖွဲ့သည် ရပ်ကွက်နှင့် ကျေးရွာအုပ်စုတရားသူကြီးအဖွဲ့၏ စီရင်ပိုင်ခွင့်များကို ကျင့်သုံးရမည်။

အခန်း (၂၁)

ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားစီရင်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

၃၆။ (က) ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့သည် တဖွဲ့လျှင် အဖွဲ့ဝင်အနည်းဆုံး ၃ ဦး ပါဝင်သော ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားစီရင်ရေး အဖွဲ့များကို မိမိတို့ အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းရမည်၊

(ခ) ဖွဲ့စည်းရာတွင် မိမိတို့ တရားသူကြီးအဖွဲ့ဝင်များဖြင့် လုံလောက်မှု မရှိမှသာလျှင် မိမိတို့တရားသူကြီးအဖွဲ့ဝင်တဦးဦးကို ဦးဆောင်စေ၍ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ ကောင်စီဝင်များဖြင့် တရားစီရင်ရေးအဖွဲ့များကိုဖွဲ့စည်းနိုင်သည်။ ပြည်သူ့ကောင်စီဝင်များဖြင့် လုံလောက်မှု မရှိမှသာလျှင် အခြားသင့်လျော်သည့် နိုင်ငံသားများကို ထည့်သွင်းဖွဲ့စည်းနိုင်သည်။

၃၇။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့သည် မိမိတို့ဖွဲ့စည်းထားသည့် ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားစီရင်ရေးအဖွဲ့ကို လိုအပ်လျှင် ပြင်ဆင် ပြောင်းလဲ ဖွဲ့စည်းနိုင်သည်။

အခန်း (၂၂)

ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ

၅၈။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) ရပ်ကွက်နှင့်ကျေးရွာ အုပ်စု တရားသူကြီးအဖွဲ့အားဦးဆောင်မှု ပေးခြင်း၊

(ခ) ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့၏ အစည်းအဝေးများကို ခေါ်ယူ ကျင်းပခြင်း၊

(ဂ) ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့ အစည်းအဝေး အစီအစဉ်ကို အတည်ပြုခြင်း၊

(ဃ) ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့ အစည်းအဝေးများ၌ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ အစည်းအဝေးများကို ဦးဆောင်ခြင်း၊

(င) ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့ ကိုယ်စား တရားစီရင်ရေး အခြေအနေ အရပ်ရပ်နှင့် ပြဿနာအသီးသီးတို့ကို သက်ဆိုင်ရာ ပြည်သူ့ကောင်စီနှင့် မြို့နယ် တရားသူကြီးအဖွဲ့သို့ အခါအားလျော်စွာ တင်ပြခြင်း၊

(စ) ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့မှ သက်ဆိုင်ရာ ပြည်သူ့ကောင်စီသို့ တင်ပြရန်လိုအပ်သည့်ကိစ္စရပ်များကို ရပ်ကွက်နှင့် ကျေးရွာအုပ်စုတရားသူကြီးအဖွဲ့ဝင်များနှင့် ညှိနှိုင်း၍ တင်ပြခြင်း၊

(ဆ) ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့က ထုတ်ပြန်သော အမိန့်များကို ထုတ်ပြန်ပေးခြင်း၊

(ဇ) ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့က မိမိအားလွှဲအပ် ထားသော လုပ်ငန်းများကို ဆောင်ရွက်ခြင်း။

၃၉။ (က) ရပ်ကွက်နှင့်ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့တွင် တစုံတခုသော အကြောင်းကြောင့် ဥက္ကဋ္ဌနေရာလစ်လပ်လျှင် အခြေခံ ဥပဒေ ပုဒ်မ ၁၀၆ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်နှင့် အညီ ရွေးချယ် တင်မြှောက်ရမည်၊

(ခ) ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌအသစ် ရွေးချယ်တင်မြှောက်ခြင်းမပြုသေးမီ ဥက္ကဋ္ဌ၏ တာဝန်ဝတ္တရား များကို အဖွဲ့ဝင်တဦးက ယာယီပူးတွဲထမ်းဆောင်ရန် ရပ်ကွက် နှင့် ကျေးရွာအုပ်စုတရားသူကြီးအဖွဲ့က တာဝန်ပေးအပ်ရမည်၊

(ဂ) ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌသည် အကြောင်းတစုံတရာကြောင့် မိမိ၏ တာဝန်ကို ယာယီ ထမ်း ဆောင်နိုင်စွမ်းမရှိလျှင် ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရား သူကြီးအဖွဲ့က တာဝန်ပေးအပ်သော အဖွဲ့ဝင်တဦးက ဥက္ကဋ္ဌ၏ တာဝန်ကို ယာယီပူးတွဲထမ်းဆောင်ရမည်။

အခန်း (၂၃)

ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့ဝင်များ

၆၀။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့ဝင်များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) ရပ်ကွက်နှင့်ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့၏ လုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် ပါဝင်ဆောင်ရွက်ခြင်း၊

(ခ) ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့ အစည်းအဝေးများ၌ ဆွေးနွေးရမည့်ကိစ္စရပ်များနှင့်ချမှတ်ရမည့်ဆုံးဖြတ်ချက်များကို စဉ်ဆက်မပြတ် လေ့လာ၍ လိုအပ်သလို ပါဝင်တင်ပြခြင်း၊

(ဂ) ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့ကပေးအပ်သော အခြား တာဝန်များကို ထမ်းဆောင်ခြင်း။

၆၁။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့တွင် တစုံတခုသော အကြောင်းကြောင့် အဖွဲ့ဝင်နေရာလစ်လပ်လျှင် အခြေခံဥပဒေ ပုဒ်မ ၁၀၆ ပုဒ်မခွဲ (က)ပါ ပြဋ္ဌာန်းချက်နှင့်အညီ ရွေးချယ်တင်မြှောက်ရမည်။

အခန်း (၂၄)

ပြည်သူ့တရားသူကြီးအဖွဲ့နှင့် ဒေသဆိုင်ရာ တရားသူကြီးအဖွဲ့ အစည်းအဝေးများ

၆၂။ ပြည်သူ့တရားသူကြီးအဖွဲ့နှင့် ဒေသဆိုင်ရာ တရားသူကြီးအဖွဲ့တို့၏ ပုံမှန် အစည်းအဝေးကို တလလျှင် အနည်းဆုံး ၂ ကြိမ် ကျင်းပရမည်။ အရေးကြီးသောကိစ္စပေါ်ပေါက်၍ လိုအပ်လျှင် အထူးအစည်းအဝေးခေါ်ယူ ကျင်းပနိုင်သည်။

၆၃။ (က) အစည်းအဝေးအစီအစဉ်ကို သက်ဆိုင်ရာဥက္ကဋ္ဌ၏ ညွှန်ကြားချက်အရ ပြည်သူ့တရားသူကြီးအဖွဲ့ရုံး သို့မဟုတ် ဒေသဆိုင်ရာ တရားရေးဝန်ထမ်းရုံးက တင်ပြရမည်၊

(ခ) အစည်းအဝေးအစီအစဉ်တွင် ထည့်သွင်းလိုသောကိစ္စရပ်များကို သက်ဆိုင်ရာ တရားသူကြီးအဖွဲ့ဝင်များက ကြိုတင်အကြောင်းကြားခွင့်ရှိသည်။ ယင်းအကြောင်းကြားချက်များကို သက်ဆိုင်ရာဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့်ထည့်သွင်းပေးရမည်။

၆၄။ (က) ပြည်သူ့ တရားသူကြီးအဖွဲ့ဥက္ကဋ္ဌသည် ပြည်သူ့တရားသူကြီးအဖွဲ့ အစည်းအဝေးများတွင် ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဒေသဆိုင်

ရာ တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌသည် မိမိနှင့်သက်ဆိုင်သော ဒေသဆိုင်ရာ တရားသူကြီးအဖွဲ့ အစည်းအဝေးများတွင် ဥက္ကဋ္ဌအဖြစ်လည်းကောင်း ဆောင်ရွက်ရမည်၊

(ခ) ပြည်သူ့တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌ အစည်းအဝေး မတက်ရောက်နိုင်ပါက ပြည်သူ့တရားသူကြီးအဖွဲ့ဝင် တဦးအားအစည်းအဝေးဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ရန် ပြည်သူ့တရားသူကြီးအဖွဲ့ကတာဝန်ပေးရမည်၊

(ဂ) ဒေသဆိုင်ရာ တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ အစည်းအဝေး မတက်ရောက်နိုင်ပါက ဒေသဆိုင်ရာ တရားသူကြီး အဖွဲ့ဝင်တဦးအား အစည်းအဝေးဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရန် သက်ဆိုင်ရာ တရားသူကြီးအဖွဲ့က တာဝန်ပေးအပ်ရမည်။

၆၅။ အစည်းအဝေးဆုံးဖြတ်ချက်များကို အဖွဲ့ဝင်ထက်ဝက်ကျော်၏ သဘောတူညီချက်ဖြင့် ချမှတ်ရမည်။

၆၆။ (က) ပြည်သူ့တရားသူကြီးအဖွဲ့ အစည်းအဝေးတွင် အဖွဲ့ဝင်ခုနစ်ဆယ့်ငါးရာခိုင်နှုန်း တက်ရောက်မှသာလျှင် အစည်းအဝေး အထမြောက်သည်၊

(ခ) ပြည်သူ့ တရားသူကြီးအဖွဲ့ အစည်းအဝေး အထမြောက်စေရန် လိုအပ်သည့် အဖွဲ့ဝင်ဦးရေ တက်ရောက်ခြင်း မရှိပါက အစည်းအဝေး ထပ်မံဖိတ်ခေါ်ကျင်းပရမည်၊

(ဂ) ဒေသဆိုင်ရာ တရားသူကြီးအဖွဲ့ အစည်းအဝေးတွင် ဒေသဆိုင်ရာ တရားသူကြီး အဖွဲ့ဝင် ဦးရေ၏ ထက်ဝက်ကျော် တက်ရောက်မှသာလျှင် အစည်းအဝေး အထမြောက်သည်။ သို့ရာတွင် ဒေသဆိုင်ရာ တရားသူကြီးအဖွဲ့တွင် အဖွဲ့ဝင် ၃ ဦးသာရှိလျှင်သာမန်အားဖြင့် အဖွဲ့ဝင် ၃ ဦးတက်ရောက်မှသာ အစည်းအဝေး အထမြောက်သည်၊

(ဃ) ဒေသဆိုင်ရာတရားသူကြီးအဖွဲ့ အစည်းအဝေး အထမြောက်စေရန် လိုအပ်သည့် အဖွဲ့ဝင်ဦးရေ တက်ရောက်ခြင်း မရှိပါက အစည်း

အစေး ထပ်မံဖိတ်ခေါ်ကျင်းပရမည်။ အဖွဲ့ဝင် ၃ ဦးသာရှိသော ဒေသဆိုင်ရာတရားသူကြီးအဖွဲ့၏ ဒုတိယအကြိမ် အစည်းအဝေးတွင်အဖွဲ့ဝင် ၂ ဦး တက်ရောက်ပါက အစည်းအဝေးအထမြောက်သည်၊

(င) အဖွဲ့ဝင် ၃ ဦးသာရှိပြီး ၂ ဦးသာတက်ရောက်သောဒေသဆိုင်ရာတရားသူကြီးအဖွဲ့ အစည်းအဝေးတွင်သဘောကွဲလွဲမှုမရှိပဲ ၂ ဦးသဘော တူညီမှုသာ ဆုံးဖြတ်ချက် ချမှတ်ရမည်။ သဘောကွဲလွဲမှုရှိပါက ဆုံးဖြတ်ချက် ချမှတ်ခြင်းမပြုပဲ အဖွဲ့ဝင် ၃ ဦးတက်ရောက်သည့် ဒေသဆိုင်ရာ တရားသူကြီးအဖွဲ့ အစည်းအဝေးတွင်သာဆုံးဖြတ်ရမည်။

၆၇။ အစည်းအဝေးဆုံးဖြတ်ချက်များကို လိုအပ်သလို မှတ်တမ်းတင်ထားရမည်။ အစည်းအဝေး မှတ်တမ်းများကို နောက်တကြိမ် အစည်းအဝေးတွင် တင်ပြ၍ အတည်ပြုချက် ရယူရမည်။

၆၈။ ပြည်သူလူထုသို့ ထုတ်ပြန်ထားခြင်းမရှိသော မှတ်တမ်းများနှင့် ဆောင်ရွက်ချက်များသည် နိုင်ငံတော်၏ လျှို့ဝှက်ချက်များဖြစ်သည်။

အခန်း (၂၅)

ပြည်သူ့တရားသူကြီးအဖွဲ့ဝင်နှင့် ဒေသဆိုင်ရာ တရားသူကြီးအဖွဲ့ဝင်များ၏ ကျင့်ဝတ်နှင့် စည်းကမ်းများ

၆၉။ ပြည်သူ့တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အောက်ပါ ကျင့်ဝတ်နှင့် စည်းကမ်းများကို လိုက်နာစောင့်ထိန်းရမည်—

(က) နိုင်ငံတဝန်းလုံးနှင့် နိုင်ငံသားအားလုံး၏ အကျိုးစီးပွားကို ဦးတည်၍ ဆောင်ရွက်ရမည်၊

(ခ) မိမိတို့၏ လုပ်ဆောင်ချက်များကို ပြည်သူ့တရားသူကြီး အဖွဲ့သို့ အစီရင်ခံရမည်၊

(ဂ) ပြည်သူ့တရားသူကြီးအဖွဲ့၏ ဆုံးဖြတ်ချက်များ၊ အစည်းအဝေး မှတ်တမ်းများနှင့် မိမိတို့ပါဝင်သော တရားစီရင်ရေးအဖွဲ့များ၏ ဆုံးဖြတ်ချက်များကို ထုတ်ပြန်ကြေညာခြင်း မပြုသေးသရွေ့ နိုင်ငံတော်၏ လျှို့ဝှက်ချက်များအဖြစ် ထိန်းသိမ်းစောင့်ရှောက်ရမည်၊

(ဃ) တာဝန်ထမ်းဆောင်ရာ၌ အဂတိမလိုက်စားပဲ ဖြောင့်မတ် တည်ကြည်စွာ ထမ်းဆောင်ရမည်၊

(င) မိမိတာဝန်သိက္ခာနှင့်အညီ ပြောဆိုနေထိုင်ကျင့်ကြံရမည်။

၇၀။ ဒေသဆိုင်ရာ တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အောက်ပါ ကျင့်ဝတ်နှင့် စည်းကမ်းများကို လိုက်နာစောင့်ထိန်းရမည်—

(က) နိုင်ငံတဝန်းလုံးနှင့် နိုင်ငံသားအားလုံး၏ အကျိုးစီးပွားကို ဦးတည်၍ ဆောင်ရွက်ရမည်၊

(ခ) မိမိ၏ လုပ်ဆောင်ချက်များကို သက်ဆိုင်ရာ တရားသူကြီးအဖွဲ့သို့ အစီရင်ခံရမည်၊

(ဂ) သက်ဆိုင်ရာ တရားသူကြီးအဖွဲ့၏ ဆုံးဖြတ်ချက်များ၊ အစည်းအဝေးမှတ်တမ်းများနှင့် မိမိတို့ ပါဝင်သောတရားစီရင်ရေးအဖွဲ့များ၏ ဆုံးဖြတ်ချက်များကို ထုတ်ပြန်ကြေညာခြင်းမပြုသေးသရွေ့ နိုင်ငံတော်၏ လျှို့ဝှက်ချက်များအဖြစ် ထိန်းသိမ်းစောင့်ရှောက်ရမည်၊

(ဃ) ပြည်သူ့ကောင်စီဝင်များ လိုက်နာရမည့် ကျင့်ဝတ်နှင့်စည်းကမ်းများကို လိုက်နာစောင့်ထိန်းရမည်၊

(င) တာဝန်ထမ်းဆောင်ရာ၌ အဂတိ မလိုက်စားဘဲ ဖြောင့်မတ်တည်ကြည်စွာ ထမ်းဆောင်ရမည်၊

(စ) မိမိတာဝန် သိက္ခာနှင့်အညီ ပြောဆိုနေထိုင်ကျင့်ကြံရမည်။

အခန်း (၂၆)

ပြစ်ဒဏ်များ

၇၁။ ပြည်သူ့ တရားသူကြီးအဖွဲ့၊ ပြည်နယ်နှင့်တိုင်း တရားသူကြီးအဖွဲ့နှင့် မြို့နယ် တရားသူကြီးအဖွဲ့များသည် ပြစ်မှုဆိုင်ရာအမှုများတွင် ဥပဒေအရ ခွင့်ပြုထားသော ပြစ်ဒဏ်အားလုံးကို စီရင်နိုင်သည်။

၇၂။ ရပ်ကွက်နှင့် ကျေးရွာ အုပ်စု တရားသူကြီးအဖွဲ့သည် ပြစ်မှုဆိုင်ရာ အမှုများတွင် ထောင်ဒဏ် ၁ လအထိ သို့မဟုတ် ငွေဒဏ်ကျပ်ငါးဆယ်အထိ သို့မဟုတ် ပြစ်ဒဏ် ၂ ရပ်လုံးကို စီရင်နိုင်သည်။

အခန်း (၂၇)

အထွေထွေ

၇၃။ ပြည်သူ့တပ်မတော်သားများအတွက် စစ်ဖက်တရားစီရင်ရာတွင်မူ အဖွဲ့ဖြင့်ဖြစ်စေ၊ တဦးတည်းဖြင့်ဖြစ်စေ ဥပဒေနှင့်အညီ စီရင်နိုင်သည်။

၇၄။ လုပ်ငန်းဆိုင်ရာ တရားစီရင်ရေးအဖွဲ့များကို ဥပဒေနှင့်အညီ ဖွဲ့စည်းနိုင်သည်။

၇၅။ တရားစီရင်ရေးအဖွဲ့များက တရားစီရင်ရေးနှင့်ဆက်နွယ်သော လုပ်ငန်းများကိုချောမောပြေပြစ်စွာဆောင်ရွက်နိုင်ရန်အလို့ငှာ လိုအပ်သောအမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများကို ပြည်သူ့တရားသူကြီးအဖွဲ့သည် ဥပဒေနှင့်အညီ ထုတ်ပြန်နိုင်သည်။

၇၆။ တရားစီရင်ရေးအဖွဲ့ တဖွဲ့လုံးဖြစ်စေ၊ အဖွဲ့ဝင် တဦးတယောက်ဖြစ်စေ ပြောင်းလဲခြင်းကြောင့် စစ်ဆေးဆဲပြစ်မှုဆိုင်ရာ အမှုကို အစမှတဖန် ပြန်လည်စစ်ဆေးပေးရန် တရားခံက တောင်းဆိုလျှင် တရားစီရင်ရေးအဖွဲ့ကငြင်းဆိုနိုင်သည်။

၇၇။ သက်သေတဦးတယောက်၏ အစစ်ခံချက်သည် အရေးပါ အရာရောက်လိမ့်မည်မဟုတ်ဟု တရားစီရင်ရေးအဖွဲ့ကတွေ့မြင်လျှင် ထိုသက်သေကိုမစစ်ဆေး

ပဲနေနိုင်သည်။ အကယ်၍ သက်သေတဦးတယောက်၏ အစစ်ခံချက်သည် အရေးပါ အရာရောက်လိမ့်မည်ဟု တရားစီရင်ရေးအဖွဲ့က တွေ့မြင်လျှင်မည်သူ ကိုမဆို သက်သေအဖြစ် ခေါ်ယူစစ်ဆေးနိုင်သည်

၇၈။ ပြည်သူ့တရားသူကြီး အဖွဲ့ဝင်များသည် နိုင်ငံတော်ကောင်စီ၏ သဘော တူညီချက်ဖြင့်သာ ပြည်ပသို့ ခရီးသွားခွင့်ရှိသည်။

၇၉။ (က) ပြည်သူ့တရားသူကြီးအဖွဲ့၏ ရုံးလုပ်ငန်း အဝဝတို့ကို တာဝန်ယူ ဆောင်ရွက်ရန် ပြည်သူ့တရားသူကြီးအဖွဲ့ရုံးကို ဖွဲ့စည်းထားရှိ ရမည်၊

(ခ) ပြည်သူ့တရားသူကြီးအဖွဲ့ရုံး၏ ဖွဲ့စည်းပုံ၊ တာဝန်နှင့် လုပ်ပိုင်ခွင့် များကို သီးခြားသတ်မှတ်ပေးရမည်၊

(ဂ) ဒေသဆိုင်ရာတရားသူကြီးအဖွဲ့ ရုံးလုပ်ငန်းကို သက်ဆိုင်ရာဒေသရှိ တရားရေးဝန်ထမ်းရုံးက ဆောင်ရွက်ပေးရမည်။

၈၀။ တရားသူကြီးအဖွဲ့များသည် လွှတ်တော်နှင့်သက်ဆိုင်ရာ ပြည်သူ့ကောင်စီ သို့တင်ပြရန် ကိစ္စများကို ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ ပြည်သူ့ကောင်စီဥပဒေ၊ နည်းဥပဒေများနှင့်အညီ တင်သွင်းရမည်။

၈၁။ ပြည်သူ့တရားသူကြီး အဖွဲ့ဝင်များသည် မိမိတို့၏ လစာ၊ စရိတ် ကြေးငွေနှင့် အခြားတရားဝင်ခံစားခွင့်များမှအပ အခြား လစာ၊ စရိတ်ကြေးငွေ များကို လက်ခံခွင့်မရှိစေရ။ မိမိအတွက် အခြား အကျိုးအမြတ် ရရှိသည့် မည်သည့် ရာထူးဌာနနေရာကိုလည်းကောင်း၊ စီးပွားရေးလုပ်ငန်းကိုလည်းကောင်း လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

၈၂။ ဒေသဆိုင်ရာ တရားသူကြီး အဖွဲ့ဝင်များသည် သီးခြား သတ်မှတ် ထားသော လစာ၊ ခရီးစရိတ်၊ နေ့တွက်စရိတ်နှင့် အခြားစရိတ်နှင့် ရပိုင်ခွင့် များကို ခံစားပိုင်ခွင့်ရှိသည်။

၇၃။ အောက်ဖော်ပြပါ ဥပဒေနှင့်အမိန့်များကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်—

(က) ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စု တရားစီရင်ရေးအက်ဥပဒေ၊

(ခ) ၁၉၅၀ ပြည့်နှစ်၊ တရားရုံးများအက်ဥပဒေ၊

(ဂ) ၁၉၅၃ ခုနှစ်၊ ပြည်နယ်တရားရုံးများအက်ဥပဒေ၊

(ဃ) **The Burma Small Cause Courts Act, 1887.**

(င) **The Special Judges Act, 1946.**

(စ) **The Special Crimes (Tribunal) Act, 1947.**

(ဆ) **The Shan State Civil Justice (Subsidiary) Order, 1906.**

(ဇ) ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ကြေညာချက်အမှတ် ၁၁၃။

ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့
ဥပဒေ

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ			စာမျက်နှာ
၁	နိဒါန်း	....	....	၁
၂	အခန်း (၁)	....	....	၂
	အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်			
၃	အခန်း (၂)	....	....	၄
	ဖွဲ့စည်းခြင်းနှင့်ရည်ရွယ်ချက်			
၄	အခန်း (၃)	....	....	၆
	ပြည်သူ့ ဥပဒေအကျိုးဆောင်အဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ			
၅	အခန်း (၄)	....	....	၉
	ပြည်သူ့ ဥပဒေအကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ			

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၆	အခန်း (၅)	၁၁
	ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ဝင်များ၏ တာဝန်များ၊ ကျင့်ဝတ်နှင့် စည်းကမ်းများ	
၇	အခန်း (၆)	၁၃
	ပြည်သူ့ ဥပဒေအကျိုးဆောင်အဖွဲ့ အစည်းအဝေးများ	
၈	အခန်း (၇)	၁၅
	အဆင့်ဆင့်သော ဥပဒေရုံးနှင့် ဥပဒေဝန်ထမ်းများခန့်အပ်ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များ	
၉	အခန်း (၈)	၁၇
	အထွေထွေ	

ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့ဥပဒေ

[၁၉၇၄ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၁၄။]

နိဒါန်း

ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့၊ ဗဟို၊ ပြည်နယ်နှင့် တိုင်းဥပဒေဝန်ထမ်းများ၊ မြို့နယ်ဥပဒေဝန်ထမ်းများ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပြဋ္ဌာန်းရန်လိုအပ်သောကြောင့် ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)

အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်—

(က) လွှတ်တော် ဆိုသည်မှာ ပြည်သူ့လွှတ်တော်ကိုဆိုသည်၊

(ခ) ဥပဒေရုံး ဆိုသည်မှာ ဗဟိုဥပဒေရုံး၊ ပြည်နယ် ဥပဒေရုံး၊ တိုင်းဥပဒေရုံး၊ မြို့နယ်ဥပဒေရုံးများကိုဆိုသည်၊

(ဂ) ဗဟိုတရားစီရင်ရေးအဖွဲ့ ဆိုသည်မှာ ပြည်သူ့ တရားသူကြီးအဖွဲ့က ဖွဲ့စည်းသည့် တရားစီရင်ရေးအဖွဲ့ကိုဆိုသည်၊

(ဃ) ဒေသဆိုင်ရာ တရားစီရင်ရေးအဖွဲ့ ဆိုသည်မှာ ပြည်နယ်၊ တိုင်း၊ မြို့နယ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့က ဖွဲ့စည်းသည့် တရားစီရင်ရေးအဖွဲ့ကိုဆိုသည်၊

(င) အယူခံမှု ဆိုသည်မှာ တရားစီရင်ရေးအဖွဲ့တဖွဲ့က ချမှတ်လိုက်သော စီရင်ချက်၊ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်၍ အဆင့်မြင့်သော တရားသူကြီးအဖွဲ့အသီးသီးသို့ ဥပဒေနှင့်အညီ အယူခံသောအမှုကိုဆိုသည်၊

(စ) ပြင်ဆင်မှု ဆိုသည်မှာ တရားစီရင်ရေးအဖွဲ့တဖွဲ့က ချမှတ်လိုက်သောစီရင်ချက်၊ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကိုအဆင့်မြင့်သော တရားသူကြီး အဖွဲ့ အသီးသီးက ဤဥပဒေနှင့် အခြားရှိရင်းစွဲ ဥပဒေနှင့်အညီ ပြန်လည်စိစစ်ရန်, ဖွင့်လှစ်သော အမှုကိုဆိုသည်၊

(ဆ) စောဒကမှု ဆိုသည်မှာ ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့က ဗဟို တရားစီရင်ရေးအဖွဲ့၏ စီရင်ချက်၊ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ပြည်သူ့ တရားသူကြီးအဖွဲ့သို့ ဥပဒေရေးရာ ပြဿနာနှင့် စပ်လျဉ်း၍ တင်သွင်းသောအမှုကိုဆိုသည်။

အခန်း (၂)

ဖွဲ့စည်းခြင်းနှင့်ရည်ရွယ်ချက်

၃။ (က) ပြည်သူ့ ဥပဒေ အကျိုးဆောင် အဖွဲ့ကို အခြေခံဥပဒေ ပုဒ်မ ၁၁၁ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ရွေးချယ်တင်မြှောက်ဖွဲ့စည်းရမည်၊

(ခ) ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့၏ သက်တမ်းသည်လွှတ်တော်၏ သက်တမ်းနှင့် အညီဖြစ်သည်။ ပြည်သူ့ ဥပဒေအကျိုးဆောင် အဖွဲ့သည် လွှတ်တော် သက်တမ်း ကုန်ဆုံးသည့်အခါ ပြည်သူ့ ဥပဒေအကျိုးဆောင်အဖွဲ့အသစ် ရွေးချယ်တင်မြှောက် ပြီးသည် အထိ လုပ်ငန်းတာဝန်များကိုထမ်းဆောင်ရမည်။

၄။ ပြည်သူ့ ဥပဒေအကျိုးဆောင်အဖွဲ့ကို အောက်ပါရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားရှိသည်—

(က) နိုင်ငံတော်၏ ဆိုရှယ်လစ်စနစ်ကို အထောက်အကူပြုသည့် ဥပဒေ အကြံဉာဏ်များပေးရန်၊

(ခ) လုပ်သားပြည်သူများသည် အခြေခံဥပဒေပါ ရပိုင်ခွင့်နှင့် အခွင့် အရေးများကို အပြည့်အဝ ခံစားနိုင်စေရေးအတွက် ဥပဒေကြောင်း အရ ကာကွယ်စောင့်ရှောက်ရန်၊

(ဂ) နိုင်ငံတော်ကောင်စီနှင့် ဝန်ကြီးအဖွဲ့အား ဥပဒေ အကြံဉာဏ်ပေးရန်၊

(ဃ) ပြည်သူ့တရားသူကြီးအဖွဲ့နှင့် ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့က ဥပဒေအကြံဉာဏ် တောင်းခံလာလျှင် ဥပဒေအကြံဉာဏ်ပေးရန်၊

(င) တရားစီရင်ရေး အဖွဲ့များ၏ စီရင်ချက်၊ အမိန့်၊ ဆုံးဖြတ်ချက်နှင့် ဆောင်ရွက်ချက်များသည် ဥပဒေနှင့် ညီညွတ်မှုရှိ မရှိစိစစ်ရန်၊

(စ) အဆင့်ဆင့်သော ဥပဒေရုံးနှင့် ဥပဒေဝန်ထမ်းများကို ကြီးကြပ်ကွပ်ကဲရန်နှင့် လမ်းညွှန်မှုပေးရန်၊

(ဆ) ဗဟို အာဏာပိုင်အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် ဝန်ထမ်းအဖွဲ့အစည်းများ၏ အမိန့်၊ ညွှန်ကြားချက်၊ ဆုံးဖြတ်ချက်နှင့် ဆောင်ရွက်ချက်များသည် ဥပဒေနှင့် ညီညွတ်မှုရှိ မရှိ သုံးသပ်စိစစ်ရန်၊

(ဇ) နိုင်ငံတော်ကောင်စီက သတ်မှတ်ပေးသည့် တာဝန်များကို ထမ်းဆောင်ရန်။

အခန်း (၃)

ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၅။ ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့သည် လွှတ်တော်ကိုတာဝန်ခံရမည်။ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့၏ လုပ်ငန်းအခြေအနေများကို လွှတ်တော်သို့ အစီရင်ခံရမည်။ လွှတ်တော် အစည်းအဝေးကျင်းပသည့် ကာလမဟုတ်လျှင် နိုင်ငံတော်ကောင်စီကိုတာဝန်ခံရမည်။

၆။ ပြည်သူ့ ဥပဒေအကျိုးဆောင်အဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်—

(က) ဆိုရှယ်လစ်စနစ်ကို ကာကွယ်စောင့်ရှောက်ခြင်း၊

(ခ) လုပ်သား ပြည်သူတို့၏ ရပိုင်ခွင့်များနှင့် အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ခြင်း၊

(ဂ) နိုင်ငံတော်ကောင်စီနှင့် အခြားဗဟိုအာဏာပိုင်အဖွဲ့အစည်းများက ဥပဒေနှင့်ပတ်သက်၍ အကြံဉာဏ်များတောင်းခံလာလျှင် အကြံဉာဏ်များပေးခြင်း၊

(ဃ) ဗဟိုအာဏာပိုင်အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများနှင့် ဝန်ထမ်းအဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်

များသည် ဥပဒေနှင့် မညီညွတ်ကြောင်းတွေ့ရှိပါက နိုင်ငံတော်ကောင်စီသို့တင်ပြခြင်း၊

(င) အခြေခံဥပဒေမှအပ အခြားဥပဒေများ၏ အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်ကောင်စီက တောင်းခံသော အကြံဥာဏ်များပေးခြင်း၊

(စ) အဆင့်ဆင့်သော ဥပဒေရုံးနှင့် ဥပဒေဝန်ထမ်းများကို လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

(ဆ) အဆင့်ဆင့်သောဥပဒေရုံးနှင့် ဥပဒေဝန်ထမ်းများကဥပဒေများကို လက်တွေ့ ကျင့်သုံးရာတွင် လိုက်နာရမည့် လမ်းညွှန်ချက်များ ထုတ်ပြန်ခြင်း၊

(ဇ) နိုင်ငံတော်ကောင်စီက အခါအားလျော်စွာ ပေးအပ်သည့် တာဝန်ထမ်းဆောင်ခြင်း။

၇။ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) ဗဟိုအာဏာပိုင်အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများက ထုတ်ပြန်သည့်အမိန့်၊ ညွှန်ကြားချက်၊ ဆုံးဖြတ်ချက်များသည် ဥပဒေနှင့်ညီညွတ်ခြင်းရှိ မရှိ စိစစ်ခြင်း၊

(ခ) ဥပဒေဖောက်ဖျက်ကျူးလွန်မှုများနှင့် ဖောက်ဖျက် ကျူးလွန်ရသည့်အကြောင်းရင်းများကိုဖော်ပြ၍ သက်ဆိုင်ရာဗဟိုအာဏာပိုင် အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများ၊ ဝန်ထမ်းအဖွဲ့အစည်းများအား အကြံဥာဏ်များပေးခြင်း၊

(ဂ) ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနှင့် ဝန်ထမ်းအဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များသည် ဥပဒေနှင့် မညီညွတ်ကြောင်းတွေ့ရှိပါက ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့သို့တင်ပြရန် ဥပဒေဝန်ထမ်းများအား ညွှန်ကြားခြင်း၊

(ဃ) တရားစီရင်ရေးအဖွဲ့များ၏ စီရင်ချက်၊ အမိန့်၊ ဆုံးဖြတ်ချက်နှင့် တရားရုံး၏ဆောင်ရွက်ချက်များသည် ဥပဒေနှင့်ညီညွတ်မှုရှိ မရှိကို စိစစ်ခြင်း၊

(င) တရားစီရင်ရေးအဖွဲ့များ၏ စီရင်ချက်၊ အမိန့်၊ ဆုံးဖြတ်ချက်သည် ဥပဒေနှင့်မညီညွတ်ကြောင်းတွေ့ရှိပါက ဥပဒေနှင့်အညီ အယူခံမှု တင်သွင်းရန်ဖြစ်စေ၊ ပြင်ဆင်မှုဖွင့်လှစ်ရန်တင်သွင်းခြင်းကို ဖြစ်စေ ဥပဒေဝန်ထမ်းများအား ညွှန်ကြားခြင်း၊

(စ) စောဒကမှုတင်သွင်းခြင်း။

(ဆ) အကျဉ်းစခန်းများ၊ ရဲဘက်စခန်းများ၊ပြည်သူ့ရဲတပ်ဖွဲ့အချုပ်စခန်း များတွင် အပြစ်ကျများနှင့် အချုပ်ခံနေရသူများကို လိုအပ်သည့် အခါကြည့်ရှုခြင်း၊

(ဇ) အခြေခံ ဥပဒေနှင့်အညီ ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့က လွှတ်တော်သို့တင်သွင်းမည့် ဥပဒေကြမ်းများ၊ နည်းဥပဒေကြမ်း· များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ကောင်စီသို့တင်ပြခြင်း၊

(ဈ) ဥပဒေအရပေးအပ်သည့် အခြားလုပ်ပိုင်ခွင့်များကို ကျင့်သုံးခြင်း။

၇။ ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့သည် အခြေခံ ဥပဒေအရဖြစ်စေ၊ အခြားဥပဒေများအရဖြစ်စေ ရရှိခံစားထိုက်သောရပိုင်ခွင့်နှင့် အခွင့်အရေးများ နှင့်စပ်လျဉ်း၍ နစ်နာဆုံးရှုံးရကြောင်း သက်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်က တရားဝင်တိုင်တမ်းလာလျှင် လက်ခံစိစစ်၍ ရပိုင်ခွင့်နှင့် အခွင့်အရေး များ နစ်နာဆုံးရှုံးကြောင်းတွေ့ရှိပါက၊ ယင်းရပိုင်ခွင့်နှင့် အခွင့်အရေးများကို တရားဝင်ခံစားပိုင်ခွင့် ရရှိရေးအတွက်ဖြစ်စေ၊ ကာကွယ်စောင့်ရှောက်ပေးရေး အတွက်ဖြစ်စေ သက်ဆိုင်ရာတို့နှင့်ညှိနှိုင်း၍ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်သည်။ လိုအပ်ပါက နိုင်ငံတော်ကောင်စီသို့တင်ပြနိုင်သည်။

၈။ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့သည် ဤအခန်း၌ ပြဋ္ဌာန်းထားသော တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရာ၌ သက်ဆိုင်ရာဗဟိုအာဏာ ပိုင်အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ ဝန်ထမ်းအ အစည်းများ၊ ပုဂ္ဂိုလ်များထံမှ လိုအပ်သည့်အမိန့်များ၊ ဆုံးဖြတ်ချက်များ၊ ညွှန်ကြားချက်များ၊ ဆောင်ရွက်ချက်များ၊ အမှုတွဲများနှင့် အခြား စာရွက် စာတမ်းများကို သော်လည်းကောင်း၊ အကြောင်းပြချက်များနှင့် ရှင်းလင်း ချက်များကိုသော်လည်းကောင်း တောင်းဆို၍ စိစစ်ပိုင်ခွင့်ရှိသည်။ လိုအပ်ပါက သက်ဆိုင်ရာဝန်ထမ်းများကို ခေါ်ယူဆွေးနွေး မေးမြန်းနိုင်သည်။

အခန်း (၄)

ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ

၁၀။ ပြည်သူ့ဥပဒေ အကျိုးဆောင် အဖွဲ့ဝင်များသည် မိမိတို့အထဲမှ ဥက္ကဋ္ဌ တဦးကို ရွေးချယ်တင်မြှောက်ရမည်။

၁၁။ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့အား ဦးဆောင်မှုပေးခြင်း၊

(ခ) ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်ကို လမ်းညွှန်ခြင်း၊

(ဂ) ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့ အစည်းအဝေး အစီအစဉ်ကို အတည်ပြုခြင်း၊

(ဃ) ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့ အစည်းအဝေးများကိုခေါ်ယူ ကျင်းပခြင်း၊

(င) ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ အစည်းအဝေးများ၌ ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်၍ အစည်းအဝေးများကို ဦးဆောင်ခြင်း၊

(စ) ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့၏ လုပ်ငန်းအခြေအနေအရပ်ရပ်နှင့် ပြဿနာအသီးသီးကို နိုင်ငံတော်ကောင်စီသို့ အခါအားလျော်စွာ တင်ပြခြင်း၊

(ဆ) ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့မှ လွှတ်တော်သို့ တင်ပြရန်လိုအပ်သည့်ကိစ္စရပ်များကို အဖွဲ့ဝင်များနှင့် ညှိနှိုင်း၍ နိုင်ငံတော်ကောင်စီမှတဆင့် လွှတ်တော်သို့တင်ပြခြင်း။

၁၂။ (က) တစုံတခုသော အကြောင်းကြောင့်ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ ဥက္ကဋ္ဌနေရာ လစ်လပ်လျှင် အခြေခံဥပဒေပုဒ်မ ၁၁၁ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရွေးချယ်တင်မြှောက်ရမည်၊

(ခ) ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့ ဥက္ကဋ္ဌ အသစ်ရွေးချယ်တင်မြှောက်ခြင်းမပြုရသေးမီ အဖွဲ့ဥက္ကဋ္ဌ၏ တာဝန်ဝတ္တရားများကို အဖွဲ့ဝင်တဦးက ယာယီပူးတွဲထမ်းဆောင်ရန် ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့က တာဝန်ပေးအပ်ရမည်၊

(ဂ) ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌသည် အကြောင်း တစုံတရာကြောင့် မိမိတာဝန်ကို ယာယီထမ်းဆောင်နိုင်စွမ်းမရှိလျှင် ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့က တာဝန်ပေးသော အဖွဲ့ဝင်တဦးသည် အဖွဲ့ဥက္ကဋ္ဌ၏တာဝန်ကို ယာယီပူးတွဲ ထမ်းဆောင်ရမည်။

အခန်း (၅)

ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့ဝင်များ၏ တာဝန်များ၊ ကျင့်ဝတ်နှင့် စည်းကမ်းများ

၁၇။ ပြည်သူ့ဥပဒေအကျိုးဆောင် အဖွဲ့ဝင်များ၏တာဝန်များမှာအောက်ပါအတိုင်း ဖြစ်သည်—

(က) ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့က တာဝန်ယူရမည့် လုပ်ငန်းများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ညှိနှိုင်းဆုံးဖြတ်၍ လုပ်ငန်းများကို လိုအပ်သလို ခွဲဝေတာဝန်ယူဆောင်ရွက်ခြင်း၊

(ခ) လုပ်ငန်းများကို ခွဲဝေတာဝန်ယူ ဆောင်ရွက်သော်လည်း ယင်းလုပ်ငန်းများနှင့် ပတ်သက်သောဆောင်ရွက်ချက်များ အတွက် အဖွဲ့ဝင်များ၌ စုပေါင်းဦးဆောင်မှု၊ စုပေါင်းတာဝန်ခံမှု မှုအရ တာဝန်ရှိခြင်း၊

(ဂ) ပြည်သူ့ဥပဒေအကျိုးဆောင် အဖွဲ့ဝင်များက မိမိတို့ တာဝန်ယူဆောင်ရွက်ရသော လုပ်ငန်းနှင့်ပတ်သက်သည့်ဆောင်ရွက်ချက်များကို အဖွဲ့၏အစည်းအဝေးများသို့ တင်ပြခြင်း၊

(ဃ) ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့အစည်းအဝေးများ၌ဆွေးနွေးရမည့် ကိစ္စရပ်များနှင့် ချမှတ်ရမည့် ဆုံးဖြတ်ချက်များကို စဉ်ဆက်မပြတ်လေ့လာ၍ လိုအပ်သလို ပါဝင်တင်ပြခြင်း၊

(င) ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့မှ ပေးအပ်သော အခြားတာဝန်များကို ထမ်းဆောင်ခြင်း။

၁၄။ ပြည်သူ့ဥပဒေ အကျိုးဆောင် အဖွဲ့ဝင်များသည် အောက်ပါ ကျင့်ဝတ်နှင့် စည်းကမ်းများကို လိုက်နာစောင့်ထိန်းရမည်—

(က) နိုင်ငံတဝန်းလုံးနှင့် နိုင်ငံသားအားလုံး၏ အကျိုးစီးပွားကို ဦးတည်ဆောင်ရွက်ရမည်၊

(ခ) မိမိတို့၏ဆောင်ရွက်ချက်များကို ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့သို့ အစီရင်ခံရမည်၊

(ဂ) ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်များ၊ အစည်းအဝေးမှတ်တမ်းများကို ထုတ်ပြန်ကြေညာခြင်း မပြုသေးသရွေ့ နိုင်ငံတော်၏ လျှို့ဝှက်ချက်များအဖြစ် ထိန်းသိမ်းစောင့်ရှောက်ရမည်၊

(ဃ) တာဝန် ထမ်းဆောင်ရာ၌ အဂတိမလိုက်စားပဲ ဖြောင့်မတ်တည်ကြည်စွာ ထမ်းဆောင်ရမည်၊

(င) မိမိတာဝန်သိက္ခာနှင့်အညီ ပြောဆို နေထိုင် ကျင့်ကြံရမည်။

၁၅။ (က) တစုံတခုသောအကြောင်းကြောင့် ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ဝင်နေရာလစ်လပ်လျှင် အခြေခံဥပဒေပုဒ်မ ၁၁၁ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်နှင့် အညီ ရွေးချယ် တင်မြှောက်ရမည်၊

(ခ) ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ဝင် တဦးဦးသည် အကြောင်းတစုံတရာကြောင့် မိမိ၏တာဝန်ကို ယာယီ ထမ်းဆောင်နိုင်စွမ်းမရှိလျှင် ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့က တာဝန်ပေးသော အဖွဲ့ဝင်တဦးက ယာယီပူးတွဲထမ်းဆောင်ရမည်။

အခန်း (၆)

ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ အစည်းအဝေးများ

၁၆။ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့၏ ပုံမှန်အစည်းအဝေးကို တလလျှင် အနည်းဆုံး ၂ ကြိမ် ကျင်းပရမည်။ အရေးကြီးသော ကိစ္စပေါ်ပေါက်၍ လိုအပ်လျှင် အထူးအစည်းအဝေးကို ခေါ်ယူကျင်းပနိုင်သည်။

၁၇။ (က) အစည်းအဝေးအစီအစဉ်ကို ဥက္ကဋ္ဌ၏ညွှန်ကြားချက်အရ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ရုံးမှ တင်ပြရမည်၊

(ခ) အစည်းအဝေးအစီအစဉ်တွင် ထည့်သွင်းလိုသောကိစ္စရပ်များကို အဖွဲ့ဝင်များက ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ရုံးသို့ ကြိုတင်အကြောင်းကြားခွင့်ရှိသည်။ယင်းအကြောင်းကြားချက်များကို ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် ထည့်သွင်းပေးရမည်။

၁၈။ ပြည်သူ့ဥပဒေအကျိုးဆောင် အဖွဲ့ဥက္ကဋ္ဌသည် ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့၏ အစည်းအဝေးများတွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည်။

၁၉။ ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ အစည်းအဝေး မတက်ရောက်နိုင်ပါက ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ဝင်တဦးအား အစည်းအဝေး ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ရန် ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့က တာဝန်ပေးရမည်။

၂၀။ (က) ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့ဝင်တဦးသည် အစည်းအဝေး မတက်ရောက်နိုင်ပါက ဥက္ကဋ္ဌထံကြိုတင်ခွင့်ပန်ရမည်၊

(ခ) ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့ဝင် ခုနစ်ဆယ့်ငါးရာခိုင်နှုန်း တက်ရောက်မှသာလျှင် အစည်းအဝေးအထမြောက်သည်၊

(ဂ) အစည်းအဝေး အထမြောက်ရန် လိုအပ်သည့် အဖွဲ့ဝင်ဦးရေ တက်ရောက်ခြင်းမရှိပါက အစည်းအဝေးကို ထပ်မံ ဖိတ်ခေါ်ကျင်းပရမည်။

၂၁။ အစည်းအဝေးဆုံးဖြတ်ချက်များကို အဖွဲ့ဝင်ထက်ဝက်ကျော်၏ သဘောတူညီချက်ဖြင့် ချမှတ်ရမည်။

၂၂။ အစည်းအဝေးဆုံးဖြတ်ချက်များကို လိုအပ်သလို မှတ်တမ်း တင်ထားရမည်။ အစည်းအဝေး မှတ်တမ်းများကို နောက်တကြိမ် အစည်းအဝေးတွင် တင်ပြ၍ အတည်ပြုချက်ရယူရမည်။

အခန်း (၇)

အဆင့်ဆင့်သော ဥပဒေရုံးနှင့် ဥပဒေဝန်ထမ်းများ ခန့်အပ်ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များ

၂၃။ ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့သည် နိုင်ငံတော် ကောင်စီ၏ သဘောတူညီချက်ကိုရယူ၍ ဥပဒေဝန်ထမ်းအဖွဲ့အစည်း အဆင့်ဆင့်ကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်။ ဥပဒေရုံးများတွင် လိုအပ်သော ဥပဒေဝန်ထမ်းများကို ဥပဒေနှင့်အညီ ခန့်အပ်နိုင်သည်။

၂၄။ ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုအောက်တွင် အောက်ပါအတိုင်း ဥပဒေရုံးအဆင့်ဆင့်ကို ဖွဲ့စည်းထားရှိရမည်—

(က) ဗဟိုဥပဒေရုံး၊

(ခ) ပြည်နယ် ဥပဒေရုံး၊ တိုင်း ဥပဒေရုံး၊

(ဂ) မြို့နယ် ဥပဒေရုံး။

၂၅။ ဥပဒေဝန်ထမ်း အဆင့်ဆင့်သည် ပြည်သူ့ဥပဒေ အကျိုးဆောင်

အဖွဲ့၏ လမ်းညွှန်ကြီးကြပ်မှုကို ခံယူလျက် အောက်ပါလုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရမည်—

(က) သက်ဆိုင်ရာအဆင့်ရှိ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ ဝန်ထမ်းအဖွဲ့အစည်းများအား ဥပဒေနှင့်ပတ်သက်သည့် အကြံဉာဏ်ပေးခြင်း၊

(ခ) ပြစ်မှုဆိုင်ရာ ဥပဒေကျူးလွန်သူကိုစစ်ဆေးစီရင်ရာတွင် လိုက်ပါဆောင်ရွက်ခြင်း၊

(ဂ) နိုင်ငံတော်က တရားလို သို့မဟုတ် တရားပြိုင်အဖြစ်ပါဝင်သော တရားမမှုတွင် နိုင်ငံတော်ဘက်မှ လိုက်ပါဆောင်ရွက်ခြင်း၊

(ဃ) တရားစွဲဆိုရမည့်အမှုအတွက် ဥပဒေနှင့်ကိုက်ညီသောဆောင်ရွက်ချက်ဖြစ်စေရန် အကြံဉာဏ်ပေးခြင်း၊

(င) နိုင်ငံသားတဦးက မိမိရပိုင်ခွင့်နှင့် အခွင့်အရေး နစ်နာဆုံးရှုံးသည်ဟု တရားဝင်တိုင်တန်းလာလျှင် စိစစ်၍ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့မှ ညွှန်ကြား ထားချက်နှင့်အညီ လိုအပ်သလိုဆောင်ရွက်ခြင်း၊

(စ) တရားစီရင်ရေးအဖွဲ့၏ ပြစ်မှုဆိုင်ရာစီရင်ချက်၊ အမိန့်၊ ဆုံးဖြတ်ချက်သည် ဥပဒေနှင့်မညီညွတ်ကြောင်း တွေ့ရှိပါက ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့သို့ တင်ပြခြင်း၊

(ဆ) ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့က သတ်မှတ်ပေးသည့် အခြားတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း။

အခန်း (၈)

အထွေထွေ

၂၆။ (က) ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့၏ ရုံးလုပ်ငန်းအဝဝကိုတာဝန်ယူဆောင်ရွက်နိုင်စေရန် ပြည်သူ့ဥပဒေ အကျိုးဆောင် အဖွဲ့ရုံးကို ဖွဲ့စည်းထားရှိရမည်၊

(ခ) ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့ရုံး၏ ဖွဲ့စည်းပုံ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သီးခြားသတ်မှတ်ပေးရမည်။

၂၇။ ပြည်သူ့ဥပဒေအကျိုးဆောင် အဖွဲ့ဝင်များသည် နိုင်ငံတော်ကောင်စီ၏ သဘောတူညီချက်ဖြင့်သာ ပြည်ပသို့ခရီးသွားနိုင်ခွင့်ရှိသည်။

၂၈။ ပြည်သူ့ဥပဒေ အကျိုးဆောင် အဖွဲ့ဝင်များသည် မိမိတို့၏လစာ၊ စရိတ်ကြေးငွေနှင့် အခြားတရားဝင်ခံစားခွင့်များမှအပ၊ အခြား လစာ၊ စရိတ်ကြေးငွေများကို ခံစားခွင့်မရှိစေရ။ မိမိအတွက် အခြားအကျိုးအမြတ်ရရှိသည့် ရာထူးဌာနန္တရကိုလည်းကောင်း၊ စီးပွားရေးလုပ်ငန်းကိုလည်းကောင်း လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

၂၉။ ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့သည် ဤဥပဒေပါ ကိစ္စများကို ထမြောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ အခြေခံဥပဒေပုဒ်မ ၂၀၉

ပုဒ်မခွဲ(က) နှင့်အညီစည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို လိုအပ်သလိုထုတ်ပြန်နိုင်သည်။

၃၀။ ၁၉၄၇ ခုနှစ်၊ ရွှေနေချုပ်အက်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပါတီစည်းကမ်း ဖောက်ဖျက်ခြင်းဆိုင်ရာ ဥပဒေ

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ		စာမျက်နှာ
၁	နိဒါန်း	....	၁
၂	အခန်း (၁) အမည်နှင့်အခိုပ္ပာယ်ဖော်ပြချက်	....	၂
၃	အခန်း (၂) ဥပဒေအရ အရေးယူနိုင်သည့် စည်းကမ်းဖောက်ဖျက်မှုများနှင့် ပြစ်ဒဏ်များ	....	၂
၄	အခန်း (၃) အထွေထွေ	....	၆

ပါတီစည်းကမ်း ဖောက်ဖျက်ခြင်း ဆိုင်ရာဥပဒေ

[၁၉၇၄ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁၅]

နိဒါန်း

အခြေခံဥပဒေပုဒ်မ ၁၁ တွင် နိုင်ငံတော်သည် တခုတည်းသော ပါတီစနစ်ကိုသာကျင့်သုံးရမည်၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီသည် နိုင်ငံတော်၏ တခုတည်းသော နိုင်ငံရေးပါတီဖြစ်၍ နိုင်ငံတော်ကို ဦးဆောင်သည်ဟု ပြဋ္ဌာန်းထားပေသည်။ ထိုသို့နိုင်ငံတော်ကို ဦးဆောင်သည့်ပါတီတွင် ပါဝင်သောပါတီဝင်များသည် ပါတီစည်းကမ်းကို တိတိကျကျ လိုက်နာရန် လိုအပ်ပေသည်။ ပါတီ၏ အကျိုးကိုသာမက နိုင်ငံတော်၏ အကျိုးနှင့်ဆိုရှယ်လစ်စနစ်၏ အကျိုးတို့ကိုပါ ထိခိုက်ပျက်ပြား စေနိုင်သောကြီးလေးသည့် ပြစ်မှုကျူးလွန်သော ပါတီဝင်များအား ပါတီစည်းကမ်းအရသာမက နိုင်ငံတော်၏ ဥပဒေအရပါ အရေးယူနိုင်စေရန် ပြည်သူ့လွှတ်တော်သည် အောက်ပါ ဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)

အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ပါတီစည်းကမ်း ဖောက်ဖျက်ခြင်းဆိုင်ရာ ဥပဒေဟုခေါ် တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါ စကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်—

(က) **လမ်းစဉ်ပါတီ** ဆိုသည်မှာ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီကို ဆိုသည်၊

(ခ) **ပါတီဝင်** ဆိုသည်မှာ လမ်းစဉ်ပါတီက အရန် သို့မဟုတ် တင်း ပြည့်ပါတီဝင်အဖြစ် အသိအမှတ်ပြုထားသော ပုဂ္ဂိုလ်ကိုဆိုသည်၊

(ဂ) **ပါတီစည်းမျဉ်း** ဆိုသည်မှာ လမ်းစဉ်ပါတီ ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းကိုဆိုသည်၊

(ဃ) **လမ်းညွှန်သဘောတရား** ဆိုသည်မှာလမ်းစဉ်ပါတီက တရားဝင် ခံယူကျင့်သုံးလျက်ရှိသော လူနှင့် ပတ်ဝန်းကျင်တို့၏ အညမည သဘောတရားကိုဆိုသည်၊

(င) အခြေခံလမ်းစဉ် ဆိုသည်မှာ ပါတီစည်းမျဉ်းအပိုဒ် ၇ မှ ၂၆ အထိ ပြဋ္ဌာန်းထားသော လမ်းစဉ်ပါတီ၏ လမ်းညွှန်သဘော တရားကို အခြေခံသည့် ပါတီ၏လုပ်ငန်းဆိုင်ရာ အခြေခံသဘော ထားနှင့်အညီ ဆိုရှယ်လစ်စနစ် တည်ဆောက်ရေးဆိုင်ရာ အခြေခံ လမ်းစဉ်ကိုဆိုသည်၊

(စ) မူဝါဒ ဆိုသည်မှာ လမ်းစဉ်ပါတီ၏ ပါတီ ညီလာခံများက ဆုံးဖြတ် ပြဋ္ဌာန်းထုတ်ပြန်ထားသည့်နိုင်ငံရေး၊ စည်းရုံးရေး၊စီးပွား ရေး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲရေး၊ ကာကွယ်ရေးနှင့်လူမှုရေးဆိုင်ရာ မူဝါဒများ၊ ပါတီညီလာခံများက ချမှတ်လိုက်သည့် ရွေလုပ်ငန်း စဉ်များအပေါ် ပါတီဗဟိုကော်မီတီက အခါအားလျော်စွာ ဆုံးဖြတ်ပြဋ္ဌာန်းထုတ်ပြန်ထားသည့် နိုင်ငံရေး၊စည်းရုံးရေး၊စီးပွား ရေး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲရေး၊ ကာကွယ်ရေးနှင့် လူမှုရေး ဆိုင်ရာမူဝါဒများကိုဆိုသည်။

အခန်း (၂)

ဥပဒေအရ အရေးယူနိုင်သည့်စည်းကမ်းဖောက်ဖျက်မှုများနှင့်ပြစ်ဒဏ်များ

၃။ ပါတီဝင် မည်သူမဆို အောက်ပါ ပြဋ္ဌာန်းချက်တရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်လျှင် ဤဥပဒေအရ ပြစ်မှုကျူးလွန်သည်ဟုမှတ်ယူရမည်—

(က) လမ်းစဉ်ပါတီအား ပျက်စီးရာပျက်စီးကြောင်းဖြစ်စေရန် စည်းရုံးလှုံ့ဆော်ခြင်း၊ ပူးပေါင်းကြံစည်ခြင်း၊ အားထုတ်ခြင်း၊ အားပေးကူညီခြင်း၊

(ခ) လမ်းစဉ်ပါတီက တရားဝင်ခံယူကျင့်သုံးလျက်ရှိသော လမ်းညွှန်သဘောတရား၊ အခြေခံလမ်းစဉ်နှင့် မူဝါဒတခုခုကို ချိုးဖောက်ခြင်း၊ ပျက်စီးရာ ပျက်စီးကြောင်းဖြစ်စေရန် စည်းရုံးလှုံ့ဆော်ခြင်း၊ ပူးပေါင်းကြံစည်ခြင်း၊ အားထုတ်ခြင်း၊ အားပေးကူညီခြင်း၊

(ဂ) လမ်းစဉ်ပါတီက တရားဝင် ခံယူကျင့်သုံးလျက်ရှိသော လမ်းညွှန်သဘောတရားနှင့် ဆန့်ကျင်၍ ဆွေးနွေးခြင်း၊ပို့ချခြင်း၊ဟောပြောခြင်း၊ ရေးသားဖြန့်ဝေခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်း၊

(ဃ) လမ်းစဉ်ပါတီ၏ စည်းလုံးညီညွတ်ရေးကို ဖြိုဖျက်ရန် စည်းရုံးလှုံ့ဆော်ခြင်း၊ ပူးပေါင်းကြံစည်ခြင်း၊ အားထုတ်ခြင်း၊ အားပေးကူညီခြင်း၊

(င) လမ်းစဉ်ပါတီက လျှို့ဝှက်ချက်များအဖြစ် သတ်မှတ်ထားသည်များကို ခွင့်ပြုချက်မရှိပဲ ပေါက်ကြားခြင်း။

၄။ ပါတီဝင် မည်သူမဆို ပုဒ်မ ၃ ပါ ပြဋ္ဌာန်းချက်တရပ်ရပ်ကို ကျူးလွန်၍ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထောင်ဒဏ်အနည်းဆုံး ၃ နှစ်မှ အများဆုံး ၁၄ နှစ်အထိ ကျခံစေရမည်။

အခန်း (၃)

အထွေထွေ

၅။ ဤဥပဒေပါပြစ်မှုတရပ်ရပ်ကို ကျူးလွန်သည့် ပါတီဝင်အား လမ်းစဉ်ပါတီ ဗဟိုကော်မီတီ၏ ခွင့်ပြုချက်ဖြင့်သာ တရားစွဲဆိုခြင်းပြုရမည်။

၆။ တရားစီရင်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်သည် ပါတီစည်းကမ်းထိန်းသိမ်းရေး ကော်မီတီမှ အရေးယူအပြစ်ပေးခြင်းနှင့် မသက်ဆိုင်စေရ။

၇။ ဤဥပဒေဆိုင်ရာ ပြစ်မှုများနှင့်ပတ်သက်၍လိုအပ်ပါက ပါတီစည်းကမ်း ထိန်းသိမ်းရေးကော်မီတီ၏ စစ်ဆေးချက်များကို တရားစီရင်ရေးအဖွဲ့မှတောင်းယူ လေ့လာနိုင်သည်။ တရားစီရင်ရေးအဖွဲ့၏ စစ်ဆေးချက်များကို ပါတီစည်းကမ်း ထိန်းသိမ်းရေးကော်မီတီမှ လေ့လာရန်လိုအပ်ပါက ထုတ်ပေးပိုင်ခွင့်ရှိသည်။

၈။ လမ်းစဉ်ပါတီ အစဉ်ရှင်သန်တိုးတက်စေရေးအတွက် ပါတီဝင်များက အကြံပြုတင်ပြလိုလျှင် လမ်းစဉ်ပါတီ၏ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လမ်းစဉ်ပါတီက တရားဝင်သတ်မှတ်ထားသော အဖွဲ့အစည်းသို့သာ အကြံပြု တင်ပြနိုင်သည်။ ယင်းသို့ အကြံပြုတင်ပြချက်များသည် ဤဥပဒေအရ ပြစ်မှု မမြောက်စေရ။

တာဝန်မှ နုတ်ထွက်ခြင်းနှင့် အစားထိုး ရွေးချယ်တင်မြှောက်ခြင်း ဆိုင်ရာ ဥပဒေ

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ			စာမျက်နှာ
၁	နိဒါန်း	....	....	၁
၂	အခန်း (၁) အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်	....	....	၃
၃	အခန်း (၂) တာဝန်မှ နုတ်ထွက်ခြင်း	....	....	၆
၄	အခန်း (၃) အစားထိုးရွေးချယ်တင်မြှောက်ခြင်း	....	....	၆
၅	အခန်း (၄) အထွေထွေ	....	....	၈

တာဝန်မှုနှုတ်ထွက်ခြင်းနှင့် အစားထိုးရွေးချယ်တင်မြှောက်ခြင်း ဆိုင်ရာဥပဒေ

[၁၉၇၄ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁၆]

နိဒါန်း

အခြေခံဥပဒေပုဒ်မ ၁၈၈ နှင့် ၁၈၉ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တာဝန်မှုနှုတ်ထွက်ခြင်းနှင့် အစားထိုးရွေးချယ်တင်မြှောက်ခြင်းတို့ကို ပြုလုပ်နိုင်ရန် ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)

အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို တာဝန်မှနုတ်ထွက်ခြင်းနှင့် အစားထိုးရွေးချယ် တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်—

(က) လွှတ်တော် ဆိုသည်မှာ ပြည်သူ့လွှတ်တော်ကို ဆိုသည်၊

(ခ) ပြည်သူ့ကိုယ်စားလှယ် ဆိုသည်မှာ လွှတ်တော် ကိုယ်စားလှယ်နှင့် ပြည်သူ့ကောင်စီဝင်ကို ဆိုသည်။

အခန်း ၂

တာဝန်မှ နုတ်ထွက်ခြင်း

၃။ ရွေးချယ် တင်မြှောက်ခြင်းခံရသော ပြည်သူ့ကိုယ်စားလှယ် တဦးသည်လည်းကောင်း၊ လွှတ်တော် သို့မဟုတ် ပြည်သူ့ကောင်စီအဖွဲ့အစည်းတရပ်ရပ်တွင် တာဝန်ပေးအပ်ခြင်းခံရသော ပြည်သူ့ကိုယ်စားလှယ် တဦးသည်လည်းကောင်း မိမိတာဝန်မှနုတ်ထွက်လိုလျှင် မိမိနှင့်သက်ဆိုင်သောအဖွဲ့အစည်းသို့ ကျိုးကြောင်းဖော်ပြလျက် နုတ်ထွက်လွှာတင်သွင်းနိုင်သည်။

၄။ (က) လွှတ်တော် ကိုယ်စားလှယ်တဦးသည် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်လိုလျှင် နိုင်ငံတော်ကောင်စီသို့လည်းကောင်း၊ လွှတ်တော်မှ ရွေးချယ် တင်မြှောက်ထားသော အဖွဲ့အစည်းတရပ်ရပ်တွင် တာဝန်ပေးအပ်ခြင်းခံရသော ပြည်သူ့ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်လိုလျှင် ယင်းအဖွဲ့အစည်းမှတဆင့် နိုင်ငံတော်ကောင်စီသို့လည်းကောင်း ရက်ပေါင်း သုံးဆယ် ကြိုတင်၍ နုတ်ထွက်လွှာကို တင်သွင်းရမည်၊

(ခ) ပြည်သူ့ကောင်စီဝင်တဦးသည် ပြည်သူ့ကောင်စီဝင်အဖြစ်မှ နုတ်ထွက်လိုလျှင် သက်ဆိုင်ရာအလုပ်အမှုဆောင်အဖွဲ့သို့လည်းကောင်း၊ ပြည်သူ့ကောင်စီမှ ရွေးချယ်တင်မြှောက်ထားသော အဖွဲ့အစည်း

တရပ်ရပ်တွင် တာဝန် ပေးအပ်ခြင်းခံရသော ပြည်သူ့ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်လိုလျှင် ယင်းအဖွဲ့အစည်းမှ တဆင့် သက်ဆိုင်ရာ အလုပ်အမှုဆောင်အဖွဲ့သို့ လည်းကောင်း ရက်ပေါင်း သုံးဆယ် ကြိုတင်၍ နုတ်ထွက်လွှာကို တင်သွင်းရမည်။

၅။ ပြည်သူ့ကိုယ်စားလှယ် တဦးသည် နုတ်ထွက်လွှာ တင်သွင်းပြီးနောက် ရက်ပေါင်း သုံးဆယ်အတွင်း မိမိ၏နုတ်ထွက်လွှာကိုပြန်လည်ရုပ်သိမ်းခွင့်ရှိသည်။

၆။ နုတ်ထွက်လွှာတင်သွင်းပြီး ရက်ပေါင်း သုံးဆယ်ပြည့်မြောက်၍ နုတ်ထွက်လွှာကို ပြန်လည်ရုပ်သိမ်းခြင်း မပြုလျှင် နိုင်ငံတော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာအလုပ်အမှုဆောင်အဖွဲ့က နုတ်ထွက်ခွင့်ပြုရမည်။

၇။ နုတ်ထွက်ခွင့်ပြုသောအခါ နိုင်ငံတော်ကောင်စီ သို့မဟုတ် အလုပ်အမှုဆောင်အဖွဲ့သည် အနီးကပ်ဆုံးလွှတ်တော် သို့မဟုတ် ပြည်သူ့ကောင်စီ အစည်းအဝေးသို့ နုတ်ထွက်ခွင့်ပြုပြီးကြောင်းတင်ပြရမည်။

အခန်း (၃)

အစားထိုးရွေးချယ်တင်မြှောက်ခြင်း

၇။ အောက်ပါ အကြောင်း တရပ်ရပ်ကြောင့် ပြည်သူ့ကိုယ်စားလှယ်နေရာ လစ်လပ်လျှင် အစားထိုးရွေးချယ်တင်မြှောက်ရမည်—

(က) ပြည်သူ့ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်ကို ဥပဒေ အရဆုံးရှုံးခြင်း၊

(ခ) ဤဥပဒေနှင့်အညီ နုတ်ထွက်ခြင်း၊

(ဂ) ကွယ်လွန်အနိစ္စရောက်ခြင်း။

၈။ (က) ပြည်သူ့ ကိုယ်စားလှယ်နေရာ လစ်လပ်လျှင် ယင်းနေရာအတွက် ဥပဒေနှင့်အညီ အစားထိုး ရွေးချယ်တင်မြှောက်ရန် ကြားဖြတ် ရွေးချယ်တင်မြှောက်ပွဲကို ကျင်းပရမည်၊

(ခ) အဖွဲ့အစည်း တရပ်ရပ်တွင် ရွေးချယ် တင်မြှောက်ခြင်း ခံရသော ပြည်သူ့ ကိုယ်စားလှယ်တဦး၏ နေရာ လစ်လပ်လျှင် လက်ရှိ ပြည်သူ့ကိုယ်စားလှယ်များထဲမှ အစားထိုး ရွေးချယ်တင်မြှောက် ရမည်။

၃၀။ လစ်လပ်သွားသော ပြည်သူ့ကိုယ်စားလှယ် နေရာအတွက် အစားထိုး ရွေးချယ်တင်မြှောက်ရာတွင်ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးဆိုင်ရာကော်မရှင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

၃၁။ (က) လစ်လပ် သွားသော ပြည်သူ့ ကိုယ်စားလှယ် နေရာအတွက် အစားထိုး ရွေးချယ် တင်မြှောက်ရန် ကြားဖြတ် ရွေးချယ် တင်မြှောက်ပွဲကို နိုင်ငံတော်ကောင်စီ၏ ညွှန်ကြားချက်အရ ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးဆိုင်ရာ ကော်မရှင်က ကျင်းပ ပေးရမည်၊

(ခ) အဖွဲ့အစည်းအတွင်း ရွေးချယ်တင်မြှောက်ထားသော အဖွဲ့ဝင် နေရာလစ်လပ်လျှင် အနီးကပ်ဆုံး လွှတ်တော် သို့မဟုတ် ပြည်သူ့ ကောင်စီ အစည်းအဝေးတွင် အစားထိုး ရွေးချယ် တင်မြှောက် ရမည်။

အခန်း (၄)

အထွေထွေ

၁၂။ ပြည်သူ့ကိုယ်စားလှယ် တဦးသည် ရွေးချယ် တင်မြှောက် လိုက်သော အဖွဲ့အစည်း၏ အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခွင့်ရရှိစေကာမူ ပြည်သူ့ကိုယ်စားလှယ် အဖြစ် ဆက်လက်တည်ရှိစေရမည်။

၁၃။ ပြည်သူ့ ကိုယ်စားလှယ် တဦးသည် ပြည်သူ့ ကိုယ်စားလှယ် အဖြစ်မှ နုတ်ထွက်ခွင့်ရရှိလျှင် ရွေးချယ်တင်မြှောက် တာဝန်ပေးအပ်ထားသော အဖွဲ့ အစည်း၏ အဖွဲ့ဝင်အဖြစ်မှလည်း ရပ်စဲပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၁၄။ ပြည်သူ့ကိုယ်စားလှယ်နေရာ လစ်လပ်လျှင် ထိုသို့လစ်လပ်ကြောင်းကို သက်ဆိုင်ရာတို့က နိုင်ငံတော်ကောင်စီနှင့် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေး ဆိုင်ရာကော်မရှင်သို့ အမြန်ဆုံးအကြောင်းကြားရမည်။

၁၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ထမြောက်အောင်မြင်စွာ ဆောင်ရွက် နိုင်ရန်အလို့ငှာ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံး လုပ်နည်းများကို နိုင်ငံတော်ကောင်စီသည် လိုအပ်သလိုသတ်မှတ်နိုင်သည်။

နိုင်ငံတော်ကိုဦးဆောင်သော
လမ်းစဉ်ပါတီအား ကာကွယ်သည့်
ဥပဒေ

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ		စာမျက်နှာ
၁	နိဒါန်း	....	၁
၂	အခန်း (၁) အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်	....	၂
၃	အခန်း (၂) ဥပဒေအရ အရေးယူနိုင်သည့်ပြစ်မှုများနှင့် ပြစ်ဒဏ်များ	....	၁
၄	အခန်း (၃) အထွေထွေ	....	၄

F. 14

နိုင်ငံတော်ကို ဦးဆောင်သော လမ်းစဉ်ပါတီအား ကာကွယ်သည့် ဥပဒေ

[၁၉၇၄ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁၇]

နိဒါန်း

လုပ်သားပြည်သူ အပေါင်းတို့သည် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကြီးဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့သော အခြေခံဥပဒေပါ ပုဒ်မ ၁၁ အရ တခုတည်းသော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ဦးဆောင်မှုကို ခံယူလျက် နိုင်ငံတော်ကို ဆိုရှယ်လစ်စနစ်ဖြင့် တည်ဆောက်ရာတွင် ကျရောက်လာသော တာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြမည်ဟု သန္နိဋ္ဌာန် ချမှတ်ခဲ့ပါသည်။ သို့ဖြစ်သည့်အားလျော်စွာ နိုင်ငံတော်ကို ဦးဆောင်သော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ တည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်ရန် ပြည်သူ့လွှတ်တော်သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)

အမည်နှင့် အဓိပ္ပာယ် ဖော်ပြချက်

၁။ ဤဥပဒေကို နိုင်ငံတော်ကို ဦးဆောင်သော လမ်းစဉ် ပါတီအား ကာကွယ်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော လမ်းစဉ်ပါတီ ဆိုသည့်စကားရပ်သည် မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ပါတီကို ဆိုသည်။

အခန်း (၂)

ဥပဒေအရ အရေးယူနိုင်သည့် ပြစ်မှုများနှင့် ပြစ်ဒဏ်များ

၃။ မည်သူမဆို အောက်ပါ ပြဋ္ဌာန်းချက်တရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင် ဤဥပဒေအရ ပြစ်မှုကျူးလွန်သည်ဟု မှတ်ယူရမည်—

(က) လမ်းစဉ်ပါတီအား ပျက်စီးရာပျက်စီးကြောင်း ဖြစ်စေရန်ပြုလုပ်ခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ ပူးပေါင်းကြံစည်ခြင်း၊ အားထုတ်ခြင်း၊ အားပေးကူညီခြင်း၊

(ခ) လမ်းစဉ်ပါတီ၏ ဦးဆောင်မှုဖြင့်ဖွဲ့စည်းထားသော လူထုလူတန်းစားအဖွဲ့အစည်းများအား ပျက်စီးရာပျက်စီးကြောင်း ဖြစ်စေရန် ပြုလုပ်ခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ ပူးပေါင်းကြံစည်ခြင်း၊ အားထုတ်ခြင်း၊ အားပေးကူညီခြင်း၊

(ဂ) လမ်းစဉ်ပါတီ၏ လျှို့ဝှက်ချက်များဟု သတ်မှတ်ထားသည့်များကို ခွင့်ပြုချက်မရှိပဲ လက်ဝယ်ထားရှိခြင်း၊ ရယူရန်ပူးပေါင်းကြံစည်ခြင်း၊ အားထုတ်ခြင်း၊ အားပေးကူညီခြင်း။

၄။ မည်သူမဆို ပုဒ်မ ၃ ပါ ပြဋ္ဌာန်းချက်တခုခုကို ကျူးလွန်၍ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်၊ ထောင်ဒဏ် အနည်းဆုံး ၃ နှစ်မှ အများဆုံး ၁၄ နှစ်အထိဖြစ်စေ၊ ငွေဒဏ် အများဆုံး ကျပ် ၅,၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ်နှင့်ငွေဒဏ် ၂ ရပ်လုံးကိုဖြစ်စေ ကျခံစေရမည်။

အခန်း (၃)

အထွေထွေ

၅။ ဤဥပဒေအရ အရေးယူရန်လိုအပ်လျှင် ဝန်ကြီးအဖွဲ့၏ ခွင့်ပြုချက်ဖြင့်သာ တရားစွဲဆိုခြင်းပြုရမည်။

၆။ လမ်းစဉ်ပါတီ အစဉ်ရှင်သန်တိုးတက်စေရေးအတွက်ဖြစ်စေ၊ လမ်းစဉ်ပါတီ၏ဦးဆောင်မှုဖြင့် ဖွဲ့စည်းထားသော လူထုလူတန်းစား အဖွဲ့အစည်းများ အစဉ်ရှင်သန်တိုးတက်စေရေးအတွက်ဖြစ်စေ လုပ်သားပြည်သူများကအကြံပေးလိုလျှင် သဘောတရားရေးရာကိစ္စနှင့်ပတ်သက်က လမ်းစဉ်ပါတီမှ တရားဝင်သတ်မှတ်ထားသော အဖွဲ့အစည်းသို့သာ အကြံပြုတင်ပြနိုင်သည်။ သဘောတရားရေးရာကိစ္စနှင့်မပတ်သက်က လမ်းစဉ်ပါတီနှင့် လူထုလူတန်းစား အဖွဲ့အစည်းများက တရားဝင်သတ်မှတ်ထားသော အဖွဲ့အစည်းများသို့သာ အကြံပြုတင်ပြနိုင်သည်။ ယင်းသို့ အကြံပြုတင်ပြချက်များသည် ဤဥပဒေအရ ပြစ်မှုမြောက်စေရ။

၁၉၇၃ ခုနှစ်၊
ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့်
ပြည်သူ့ကောင်စီအဆင့်ဆင့်
ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာဥပဒေကို
ပြင်ဆင်သည့်ဥပဒေ

၁၉၇၃ ခုနှစ်၊ ပထမအကြိမ်ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

[၁၉၇၄ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁၈]

ကျိုးကြောင်းဖော်ပြချက်

၁၉၇၃ ခုနှစ်၊ ပထမအကြိမ်ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၃ တွင်ပြည်သူ့ကိုယ်စားလှယ်ဖြစ်ရန် အခြေခံအရည်အချင်းချို့တဲ့မှုများကို ပြဋ္ဌာန်းထားပေသည်။ ပုဂ္ဂိုလ်တဦးဦးသည် ပြည်သူ့ကိုယ်စားလှယ်အဖြစ် ရွေးချယ် တင်မြှောက်ခြင်း ခံရပြီးမှ ပြဋ္ဌာန်းထားသောအခြေခံအရည်အချင်း ချို့တဲ့မှုတရပ်ရပ်ပေါ်ပေါက်လာပါက ပြည်သူ့ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ရန် မဖြစ်နိုင်ဟု ဥပဒေအရ ကောက်ယူရန်ရှိပေသည်။ ဤအချက်ကို အလေးအနက် အထင်အရှား ပြဋ္ဌာန်းသင့်သည်ဟု ယူဆသောကြောင့် ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၁၉၇၃ ခုနှစ်၊ ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ (က) ၁၉၇၃ ခုနှစ်၊ ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၃ ၏ဘေးမှတ်ချက်ကို "ရွေးချယ်တင်မြှောက်ခံပိုင်ခွင့် မရှိသူများနှင့် ပြည်သူ့ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိသူများ"ဟု ပြင်ဆင်ဖြည့်စွက်ရမည်၊

(ခ) လက်ရှိပုဒ်မ ၁၃ ကိုပုဒ်မ ၁၃ ပုဒ်မခွဲ (၁)အဖြစ် ပြင်ဆင်ရမည်၊

(ဂ) အောက်ပါပုဒ်မခွဲကို ပုဒ်မ ၁၃ ပုဒ်မခွဲ (၂) အဖြစ် ဖြည့်စွက်ရမည်—

(၂) ပြည်သူ့လွှတ်တော် သို့မဟုတ် ပြည်သူ့ကောင်စီ အဆင့်ဆင့်သို့ ရွေးချယ်တင်မြှောက်ခံရပြီး ပြည်သူ့ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိသူများမှာအောက်ပါပုဂ္ဂိုလ်တို့ဖြစ်သည်—

၁။ သာသနာ့ဝန်ထမ်းအဖြစ်သို့ အမြဲတမ်း ကူးပြောင်းသွားသူများ၊

၂။ စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ၊

၃။ နိုင်ငံရေးပြစ်မှုဖြင့်ဖြစ်စေ၊ အကျင့်စာရိတ္တ ပျက်ပြားခြင်းနှင့်ပတ်သက်သောပြစ်မှုဖြင့်ဖြစ်စေ ထောင်ဒဏ်ကျခံရသူများ၊

၄။ နိုင်ငံသားအဖြစ်မှ ရပ်စဲသွားသူများ။

နိုင်ငံတော်အလံ နည်းဥပဒေများ

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ			စာမျက်နှာ
၁	နိဒါန်း	....	....	၁
၂	အခန်း ၁ အမည်၊ အာကာသတည်သည့်နေရာ	....	....	
၃	အခန်း ၂ နိုင်ငံတော်အလံ၏ အရွယ် အစားနှင့် အရောင်အသွေး	....	....	၃
၄	အခန်း ၃ နိုင်ငံတော် အလံနှင့် ပတ်သက်၍ လိုက်နာရမည့်အချက်များ	....	....	
၅	အခန်း ၄ နိုင်ငံတော်အလံကိုအလေးပြုခြင်း	....	....	၁၂
၆	အခန်း ၅ တားမြစ်ချက်နှင့်ပြစ်ဒဏ်	....	....	၁၃
၇	အခန်း ၆ အထွေထွေ	....	....	၁၆

နိုင်ငံတော်အလံ နည်းဥပဒေများ

[၁၉၇၄ ခုနှစ်၊ ပြည်သူ့လွှတ်တော် နည်းဥပဒေများ အမှတ် ၁။]

နိဒါန်း

နိုင်ငံတော်အလံ ဥပဒေပုဒ်မ ၇ ဖြင့်အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကို သုံးစွဲလျက်၊ ပြည်သူ့လွှတ်တော်သည် နိုင်ငံတော်အလံ အသုံးပြုခြင်း၊ လွှင့်ထူခြင်း၊ ဆင်ယင်ပြသခြင်းနှင့်စပ်လျဉ်း၍ အောက်ပါ နည်းဥပဒေများကိုပြဋ္ဌာန်းလိုက်သည်။

အခန်း ၁

အမည်၊ အာဏာတည်သည့် နေ့ရက်

၁။ (က) ဤနည်းဥပဒေများကို နိုင်ငံတော်အလံ နည်းဥပဒေများ ဟု ခေါ်တွင်စေရမည်၊

(ခ) ဤနည်းဥပဒေများသည် နိုင်ငံတဝန်းလုံးတွင် ချက်ချင်း အာဏာတည်ရမည်။

အခန်း ၂

နိုင်ငံတော်အလံ၏ အရွယ်အစားနှင့် အရောင်အသွေး

၂။ နိုင်ငံတော်အလံ၏ အရွယ်အစား၊ အတိုင်းအတာ၊ အရောင်အသွေး စသည်တို့မှာ အောက်ပါအတိုင်း ဖြစ်သည်—

(က) နိုင်ငံတော် အလံသည် ဒေါင့်မှန် စတုဂံပုံ ဖြစ်ပြီး၊အလျား ၉ ပေ (၂၇၄.၃၂ စင်တီမီတာ)နှင့် အနံ ၅ ပေ(၁၅၂.၄ စင်တီမီတာ)ရှိသည်၊

(ခ) နိုင်ငံတော်အလံ၏ အောက်ခံအရောင်မှာ အနီရောင် ဖြစ်ပြီး၊ လက်ဝဲဖက်အထက် ဒေါင့်အလျား ၄ ပေ (၁၂၁.၉၂ စင်တီမီတာ) ခန့်၊ အနံ ၂ ပေ ၆ လက်မ (၇၆.၂ စင်တီမီတာ) ခန့်ရှိ အပြာရင့်ရောင်၊ လေးဒေါင့် ခန်းအောက်ခံ၍ အရွယ်တူကြယ်ဖြူ ၁၄ လုံး ဝန်းရံထားသော ပင်နီယံနှင့် စပါးနှံ ရှိသည်၊

(ဂ) ပင်နီယံ၏ဗဟိုချက်မှာ အပြာရင့်ခန်း၏ ဗဟိုချက်ဖြစ်ပြီး၊ ပင်နီယံ၏ အတွင်းခွေအနားကို အချင်းဝက် ၄ လက်မ (၁၀.၁၆ စင်တီမီတာ) ခန့်ဖြင့် လည်းကောင်း၊ အလယ် ခွေအနားကို အချင်းဝက် ၆.၅ လက်မ (၁၆.၅၁ စင်တီ

မီတာ) ခန့်ဖြင့်လည်းကောင်း၊ အပြင်ခွေအနားကို အချင်းဝက် ၈ လက်မ (၂၀.၃၂ စင်တီမီတာ) ခန့် ဖြင့်လည်းကောင်း အသီးသီးဆွဲသားထားသော စက်ဝန်းများဖြစ်သည်၊

(ဃ) ပင်နီယံတွင် တူညီသော စက်သွားစိတ်ပေါင်း ၁၄ စိတ်ရှိသည်။ စက်သွားစိတ်တစိတ်၏ အောက်ခြေ အကျယ်မှာ ၁.၇ လက်မ(၄.၃၂ စင်တီမီတာ)ခန့်ဖြစ် သည်။ စက်သွားစိတ်တစိတ်နှင့်တစိတ်၏ အောက်ခြေ အကွာအဝေးမှာ ၁.၂ လက်မ (၃.၀၅ စင်တီမီတာ) ခန့်ဖြစ်သည်။ စက်သွားစိတ်တစိတ်စီ၏ ထိပ်မျက်နှာ ပြင်အကျယ်သည် ၁.၅ လက်မ (၃.၈၁ စင်တီမီ တာ)ခန့်ဖြစ်သည်။ စက်သွားစိတ် တစိတ်စီ၏ အမြင့် မှာ ၁.၅ လက်မ (၃.၈၁ စင်တီမီတာ)ခန့်ဖြစ်သည်၊

(င) ပင်နီယံအတွင်း၌ စပါးနှံ နှစ်ခက်ရှိသည်။ ယင်းစပါး နှံများတွင် စပါးစေ့ပေါင်း ၃၄ စေ့ရှိသည်။ စပါးနှံ များသည် အောက်ဖက်တည့်တည့်သို့ မျက်နှာမူနေ သည့် စက်သွားစိတ်မှ အထက်သို့ ထောင်တက်သွား သည်။ လက်ဝဲဖက်စပါးနှံ၏ အဖျားပိုင်းသည် အထက်ဖက် တည့်တည့်တွင် ရှိသောစက်သွားစိတ်နှင့် ယင်း၏ လက်ဝဲဖက်ရှိသော စက် သွား စိတ်တို့၏ အကြားသို့ ကိုင်းညွတ်၍ဝင်နေသည်။ လက်ျာဖက် စပါးနှံ၏အဖျားသည် အထက်တည့်တည့်ရှိစက်သွား စိတ်နှင့် ယင်း၏ လက်ျာဖက်ရှိ စက်သွားစိတ် တို့၏ အကြား ပင်နီယံဗျက်၏ အလယ်ခန့်တွင် လက်ဝဲဖက် သို့ အနည်းငယ်ကိုင်းညွတ်လျက်ရှိ သည်။စပါးနှံများ ၏ တဖက်တချက်စီတွင် စပါးရွက်နှစ်ရွက်စီရှိသည်။ လက်ဝဲဖက် အထက် စပါးရွက်သည် စပါးနှံများ အခြေခံရာ စက်သွားစိတ်မှ လက်ဝဲဖက်သို့ ရေတွက်

သော် တတိယနှင့် စတုတ္ထ စက်သွားစိတ် အကြားနှင့် တည့်တည့်ရှိသော စပါးစေ့မှ ကပ်လျက် လက်ဝဲဖက်သို့ အနည်းငယ်စောင်းကာ တက်သွားသည်။ ထိုစပါးရှက်သည် ထိပ်တည့်တည့်ရှိ စက်သွားစိတ်မှ လက်ဝဲဖက်သို့ ရေတွက်သော် ပထမနှင့် ဒုတိယ စက်သွားစိတ်တို့ အကြား ပင်နီယံဗျက်၏ အလယ်တွင် စပါးရှက်သည် အောက်ဖက်သို့ ကိုင်းညွတ်ကျဆင်းသွားပြီး ယင်းစပါးရှက်၏ ထိပ်အဖျားသည် လက်ဝဲဖက် တတိယ စက်သွားစိတ်၏ အောက်ခြေတွင် ကျရောက်လျက်ရှိသည်။ လက်ဝဲဖက်အောက် စပါးရှက်သည် ပေါ်နှံ့ အခြေခံရာ စက်သွားစိတ်မှနေ၍ အထက်သို့ တက်သွားသည်။ ထိုစပါးရှက်သည် ပင်နီယံအတွင်းခွေ၏ လက်ဝဲဖက်ခြမ်း အလယ်ခန့်မှနေ၍ အောက်သို့ ကိုင်းညွတ် ကျဆင်း သွားပြီး ယင်းစပါးရှက်၏ ထိပ်အဖျားသည် စပါးနှံ့များအခြေခံရာ စက်သွားစိတ်မှ လက်ဝဲဖက်သို့ ရေတွက်သော် ဒုတိယ စက်သွားစိတ်၏ အောက်ခြေ အပေါ်ပိုင်း ခန့်တွင်ကျရောက်လျက်ရှိသည်။ လက်ျာဖက်အထက် စပါးရှက်သည် ထိပ်တည့်တည့်ရှိ စက်သွားစိတ်မှ လက်ျာဖက်သို့ရေတွက်သော် တတိယစက်သွားစိတ်အောက်ခြေနှင့် တည့်တည့်ရှိသော စပါးစေ့မှကပ်လျက် လက်ျာဖက်သို့ အနည်းငယ်စောင်းကာ တက်သွားသည်။ ထိုစပါးရှက်သည် ထိပ်တည့်တည့်ရှိ စက်သွားစိတ်မှ လက်ျာဖက်သို့ရေတွက်သော် ဒုတိယစက်သွားစိတ်၏ အောက်ခြေ ပင်နီယံဗျက်၏ အလယ်ခန့်မှ အောက်ဖက်သို့ ကိုင်းညွတ်ကျဆင်းသွားပြီး ယင်းစပါးရှက်၏ထိပ်အဖျားသည် လက်ျာဖက်ရှိ တတိယနှင့်စတုတ္ထ စက်သွားစိတ်တို့ အကြားတွင် ကျရောက်လျက် ရှိသည်။ လက်ျာဖက်အောက်စပါးရှက်သည် စပါးနှံ့ အခြေခံရာ စက်သွားစိတ်မှနေ၍ အထက်သို့ တက်

သွားသည်။ ထိုစပါးရွက်သည် ပင်နီယံအတွင်းခွေ၏ လက်ျာဖက်ခြမ်း အလယ်ခန့်မှနေ၍ အောက်သို့ ကိုင်းညွတ်ကျဆင်းသွားပြီး ယင်းစပါးရွက်၏ ထိပ်အဖျားသည် စပါးနှံများအခြေခံရာ စက်သွားစိတ်မှ လက်ျာဖက်သို့ ရေတွက်သော် ဒုတိယစက်သွားစိတ်၏ အောက်ခြေ အပေါ်ပိုင်းခန့်တွင် ကျရောက်လျက်ရှိသည်၊

ရှင်းလင်းချက်။ ။လက်ဝဲဖက်၊ လက်ျာဖက်ဟုဆိုရာ၌ အလံကိုရှေ့မှ ကြည့်သူ၏ လက်ဝဲဖက်၊ လက်ျာဖက်ကိုဆိုသည်။

(စ) ကြယ်များသည် စက်သွားစိတ်တခုစီ၏ကိုပ်တည့်တည့်တွင်ရှိသည်။ ကြယ်များ၏ဗဟိုချက်တို့သည် ပင်နီယံ၊ သို့မဟုတ် အပြာရင့်ခန်း၏ ဗဟိုချက်မှ ၁၀.၄ လက်မ (၂၆.၄၂ စင်တီမီတာ) ခန့် အကွာတွင် ရှိသည်။ ကြယ်တလုံးစီ၏အချင်းမှာ ၃.၈ လက်မ (၉.၆၅ စင်တီမီတာ) ခန့်ဖြစ်သည်။ ကြယ်တလုံးတွင် ငါးဒေါင့်ရှိပြီး၊ ကြယ်တလုံးစီ၏ထိပ်ချွန်တခုစီသည် နိုင်ငံတော်အလံ၏ အထက်သို့ မူသေ မတ်မတ်ထောင်ကာ ရှိနေသည်။

၃။ နိုင်ငံတော်အလံ အရွယ်အစား အတိုင်းအတာမှာ ကြီးငယ်မဟူ နည်းဥပဒေ ၂ ပါ အချိုးအစားအတိုင်း ကိုက်ညီနိုင်သမျှ ကိုက်ညီအောင် ပြုလုပ်ရမည်။

အခန်း ၃

နိုင်ငံတော်အလံနှင့်ပတ်သက်၍ လိုက်နာရမည့်အချက်များ

၄။ နိုင်ငံတော်အလံကို လွှင့်ထူအသုံးပြုနိုင်သည့် အဆောက်အဦများ၊ နေရာဌာနများနှင့် လွှင့်ထူအသုံးပြုရာတွင် လိုက်နာရမည့် အချက်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) နိုင်ငံတော်အလံကို နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ၏ နေအိမ်၌ လွှင့်ထူရမည်၊

(ခ) နိုင်ငံတော်အလံကို မြန်မာနိုင်ငံသံရုံးများနှင့် အဆင့်ဆင့်သော ကောင်စစ်ဝန်ရုံးများတွင် လွှင့်ထူရမည်၊

(ဂ) နိုင်ငံတော်အလံကို မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီနှင့် ယင်းကဦးဆောင်သော လူထုလူတန်းစား အဖွဲ့အစည်းများ၏ အဆောက်အဦများ၊ အစိုးရအဖွဲ့အစည်းများ၏ ရုံး အဆောက် အဦများ၊ စက်ရုံအလုပ်ရုံများနှင့်စာသင်ကျောင်းများ၊ အခမ်းအနားကျင်းပသည့် နေရာများပေါ်တွင် အလုပ် လုပ်ရက်အားလုံး၌ လွှင့်ထူနိုင်သည်၊

(ဃ) နိုင်ငံတော်အလံကို နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ အသုံးပြုသည့် ယာဉ်များပေါ်တွင်လည်းကောင်း၊ မြန်မာနိုင်ငံ သံရုံး၏ သံအမတ်ကြီးများ၊ ယာယီတာဝန်ခံ သံမှူးများ အသုံးပြုသည့် ယာဉ်များပေါ်တွင်လည်းကောင်း၊ မြန်မာနိုင်ငံ၏ ဒေဆင့်ဆင့်သော ကောင်စစ်ဝန်ရုံး အကြီးအကဲများ အသုံးပြုသည့် ယာဉ်များပေါ်တွင်လည်းကောင်းလွှင့်ထူနိုင်သည်၊

(င) နိုင်ငံတော်အလံကို မီးရထား၊ သင်္ဘော၊ လေယာဉ်စသော ယာဉ် အမျိုးမျိုးတွင် ဂုဏ်ကျက်သရေ မညှိုးနွမ်းစေသောနည်းဖြင့် တပ်ဆင် အသုံးပြုနိုင်သည်၊

(စ) နိုင်ငံတော်အလံကို ယာဉ်များပေါ်၌ လွှင့်ထူသည့်အခါ အလံရိုးကို ခိုင်မြဲစွာစိုက်ထူထားရမည်၊

(ဆ) နိုင်ငံတော်အလံကို အခမ်း အနား စင်မြင့်ပေါ်၌ ဆင်ယင်လိုလျှင်၊ ကျောဖက်နံရံအမြင့်တွင် အလျားလိုက်သာထားရမည်။ နိုင်ငံတော်အလံ၏ အပြာရင့်ခန်းသည် လက်ဝဲဖက်တွင်ရှိစေရမည်။ တရားဟောစင်များ၌ နိုင်ငံတော်အလံကို စိုက်ထူထားလျှင် တရားဟောသူ၏ လက်ျာဖက်အရှေ့ကျကျ၌ စိုက်ထူရမည်၊

(ဇ) နိုင်ငံတော်အလံကို ပြည်တွင်းရှိ အဖွဲ့အစည်းများ၏ အလံများနှင့် စုပေါင်းယှဉ်တွဲစိုက်ထူလျှင် နိုင်ငံတော်အလံကို အခြားအလံအားလုံး၏ အလယ်ဗဟိုတွင် ထားရှိစေပြီး ပို၍မြင့်စွာစိုက်ထူထားရမည်၊

(ဈ) နိုင်ငံတော်အလံအပြင် အခြားနိုင်ငံအလံ၊ သို့မဟုတ် အဖွဲ့အစည်းတခုခု၏အလံရှိလျှင် နိုင်ငံတော်အလံကို အခြားအလံ၏ လက်ျာဖက်၊ သို့မဟုတ် နိုင်ငံတော်အလံကို မျက်နှာမူလျက်ရှိသူ၏ လက်ဝဲဖက်၌ ထားရမည်၊

(ည) နိုင်ငံတော်အလံကို အခြားအလံများနှင့် အတူစိုက်ထူသည့်အခါ စုစုပေါင်းအရေအတွက်သည် (မ) ဖြစ်လျှင် နိုင်ငံတော်အလံကို အလယ်ဗဟို၌ ထားရမည်။ စုစုပေါင်းအရေအတွက် (စုံ) ဖြစ်လျှင် နိုင်ငံတော်အလံကို အားလုံး၏ အလယ် ဗဟို နှစ်ခုအနက် လက်ျာဖက်နေရာ၌ ထားရှိရမည်၊

(ဋ) နိုင်ငံတော်အလံနှင့်အတူ အခြားနိုင်ငံများ၏ အလံများကို လွှင့်ထူသောအခါ နိုင်ငံတော်အလံကို ရှေးဦးစွာလွှင့်တင်၍ အလံများချသောအခါ နိုင်ငံတော်အလံကို နောက်ဆုံးမှချရမည်။ ယင်းသို့ လွှင့်ထူသည့်အခါ အလံကို တိုင်တတိုင်စီ သီးခြားလွှင့်ထူရမည်။ အလံများသည် အရွယ်အစားချင်း တူညီနိုင်သမျှ တူညီရမည်၊

(ဌ) နိုင်ငံတော်အလံနှင့် အခြားနိုင်ငံ့အလံကို နံရံပေါ်၌ ဖြစ်စေ၊ အခြားနေရာ၌ ဖြစ်စေ၊ ကြက်ခြေခတ်တပ်ဆင်လျှင် နိုင်ငံတော်အလံသည် ရှေ့မှကြည့်သူ၏ လက်ဝဲဖက်၌ ရှိရမည်။ နိုင်ငံတော် အလံရိုးကို အခြား နိုင်ငံအလံ၏ အလံရိုးပေါ်တွင် တင်ရမည်။ နိုင်ငံတော်အလံ၏ အပြာရင့်ခန်းသည် လက်ဝဲဖက် အထက်ဒေါင့်တွင်ရှိစေရမည်၊

၃) စိတန်းလှည့်လည်ပွဲများတွင် နိုင်ငံတော် အလံကိုင်အဖွဲ့ပါလျှင် ရှေ့ဆုံး၌လည်းကောင်း၊ နိုင်ငံတော်အလံကိုင်အဖွဲ့မပါပဲ နိုင်ငံတော်အလံများပါလျှင် ရှေ့ဆုံး၌လည်းကောင်း၊ နိုင်ငံတော် အလံကိုင်အဖွဲ့မပါပဲ နိုင်ငံတော် အလံ တခုတည်းပါလျှင် ရှေ့ဆုံးအလယ်၌ လည်းကောင်း၊ နိုင်ငံတော် အလံအပြင် အခြားအလံများလည်းပါက စုစုပေါင်း အရေအတွက်သည် (မ) ဖြစ်လျှင် ဗဟို၌လည်းကောင်း၊ စုစုပေါင်းအရေအတွက်သည် (စုံ) ဖြစ်လျှင် အလံ

အားလုံး၏ အလယ်ဗဟိုနှစ်ခုအနက် လက်ျာဖက်နေရာ၌လည်းကောင်း နိုင်ငံတော်အလံကို လွှင့်ထူကိုင်ဆောင်ရမည်၊

(စ) နိုင်ငံတော်အလံကို နေထွက်မှနေဝင်အထိသာ လွှင့်ထူထားရမည်။ သို့ရာတွင် နေ့ကြီးရက်ကြီးများနှင့် အခမ်းအနားကြီးများတွင် ညအချိန်၌လည်းလွှင့်ထူထားနိုင်သည်၊

(ဆ) နိုင်ငံတော်အလံကို လွှင့်တင်ရာတွင် တိုင်ထိပ်သို့ အရောက် ခပ်သွက်သွက်ဆွဲတင်ရမည်။ နိုင်ငံတော်အလံကိုချသောအခါတွင်မူ ဖြေးညှင်းစွာချရမည်၊

(တ) နိုင်ငံတော်အလံကိုတိုင်ဝက်လွှင့်တင်ရာတွင် ရှေးဦးစွာ တိုင်ထိပ်အရောက် ဆွဲတင်ပြီးလျှင် တိုင်ထိပ်၌ ၅ စက္ကန့်ခန့်ထားပြီးမှတိုင်ဝက် လျှော့ချရမည်။ နိုင်ငံတော်အလံကို ပြန်သိမ်းသော အခါတွင်လည်း တခါတည်း လျှော့မချရ။ ရှေးဦးစွာတိုင်ထိပ်အရောက် ဆွဲတင်ပြီးလျှင်တိုင်ထိပ်၌ ၅ စက္ကန့်ထားပြီးမှလျှော့ချရမည်၊

(ထ) ပုဂ္ဂိုလ်တဦးဦးကို နိုင်ငံတော်အခမ်းအနား၊ သို့မဟုတ် စစ်အခမ်းအနားဖြင့် သင်္ဂြိုဟ်သည့် အခါ နိုင်ငံတော်အလံဖြင့်ရုပ်ကလာပ်ကိုဖုံးအုပ်ခွင့်ရှိသည်။ ထိုသို့အသုံးပြုရာတွင် အပြာရင့်ခန်းသည် ရုပ်ကလာပ်၏ ခေါင်းရင်း လက်ဝဲဖက်၌ ရှိစေရမည်၊

(ဒ) နိုင်ငံခြား တိုင်းပြည်များမှ မြန်မာနိုင်ငံတော်အစိုးရ၏ ဧည့်သည် အဖြစ် လာရောက်သော နိုင်ငံတော်အကြီးအကဲ၊ သို့မဟုတ် အစိုးရအဖွဲ့ ခေါင်းဆောင်ကို ကြိုဆိုရာတွင် လုပ်သား ပြည်သူများသည် နိုင်ငံတော် အလံအသေးများကို ဝှေ့ရမ်း၍ ကြိုဆိုနိုင်သည်၊

၅။ တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များအတွက် နိုင်ငံတော်အလံ အသုံးပြုခြင်းကို သီးခြား စည်းမျဉ်း ဥပဒေများဖြင့် သတ်မှတ်နိုင်သည်။

အခန်း ၄

နိုင်ငံတော်အလံကိုအလေးပြုခြင်း

၆။ အခမ်းအနားများ၌ အလေးပြုရန် သတ်မှတ်ထားသည့် နိုင်ငံတော်အလံအရွေမှ အဖွဲ့အစည်းအလိုက်တန်းစီချီတက်လာလျှင်နိုင်ငံတော်အလံကို အလေးပြုရမည်။

၇။ နိုင်ငံတော်သီချင်းဖြင့် နိုင်ငံတော်အလံကို အလေးပြုသောအခါ သီချင်းအစမှအဆုံးအထိ နိုင်ငံတော်အလံကို မျက်နှာမူပြီး အလေးပြုရန် ငြိမ်သက်စွာ မတ်တတ်ရပ်ရမည်။ တပ်ဖွဲ့ဝင်များကမူ မိမိတို့ထုံးစံအတိုင်း အလေးပြုရမည်။

အခန်း ၅

တားမြစ်ချက်နှင့် ပြစ်ဒဏ်

၈။ နိုင်ငံတော်အလံ လွှင့်ထူကိုင်ဆောင် အသုံးပြုခြင်းနှင့်စပ်လျဉ်းသည့် တားမြစ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) နိုင်ငံတော်အလံ၏ အထက်၌ဖြစ်စေ၊ အောက်၌ဖြစ်စေ မည်သည့်အလံကိုမျှ တည့်တည့်လွှင့်ထူခြင်း မပြုရ၊

(ခ) နိုင်ငံတော်အစိုးရ၏ အခွင့်အမိန့်မရပဲ နိုင်ငံတော်အလံကို တိုင်ဝက်မလွှင့်ထူရ၊

(ဂ) နိုင်ငံတော်အလံကို အလံရှိုးထိပ်အောက်စိုက်၍မကိုင်ဆောင်ရ။ အစဉ်အမြဲပေါ်မတ်မတ်ထား၍ ဝင့်ကြွားစွာကိုင်ဆောင်ရမည်၊

(ဃ) နိုင်ငံတော်အလံကိုနှိမ့်၍ အလေးမပြုရ၊

(င) နိုင်ငံတော်အလံကို ကျောက်ရုပ်၊ ကျောက်တိုင်၊ ရုပ်ထုအစရှိသော အထိမ်းအမှတ် ဖွင့်ပွဲများ၌ လွှင့်ထူနိုင်သည်။ သို့သော် နိုင်ငံတော်အလံနှင့် ဖုံးအုပ်မထားရ၊

(စ) ပုဂ္ဂိုလ်ဟူဦးဦးကို နိုင်ငံတော် အခမ်းအနား၊ သို့မဟုတ် စစ်အခမ်းအနားဖြင့် သင်္ဂြိုဟ်ရာတွင် ရုပ်ကလာပ်နှင့် အတူ နိုင်ငံတော်အလံကို သင်္ဂြိုဟ်ခြင်း မပြုရ၊ နိုင်ငံတော်အလံနှင့် သင်းချိုင်းမြေမထိရ၊

(ဆ) နိုင်ငံတော်အလံကို အတင်အချ ပြုရာတွင်လည်းကောင်း၊ အသုံးပြုရာတွင်လည်းကောင်း နိုင်ငံတော်အလံအောက်ရှိ မြေပြင်၊ ရေပြင်၊ ကြမ်းပြင်တို့နှင့် မထိစေရ၊

(ဇ) နိုင်ငံတော်အလံကို ပစ္စည်းတစုံတရာ ထုပ်ပိုးချည်နှောင်ရန်အတွက်မည်သည့်နေရာ၊ မည်သည့်အခါတွင်မျှမသုံးရ၊

(ဈ) နိုင်ငံတော်အလံကို နှပူးစည်းအဖြစ်ဖြင့် မည်သည့်နေရာ၊ မည်သည့်အခါတွင်မျှ အသုံးမပြုရ၊

(ည) နိုင်ငံတော်အလံကို လွှင့်တင်ရာတွင် ချည်နှောင်ထုံးဖွဲ့၍ တင်ပြီးမှ ဖြေချခြင်းမပြုရ၊

(ဋ) နိုင်ငံတော်အလံကို အခင်းအဖြစ်လည်းကောင်း၊အလှအပ တန်ဆာ ဆင်ယင်ပြသမှု အဖြစ်လည်းကောင်း၊ ဝတ်စားဆင်ယင်မှု အဖြစ်လည်းကောင်း မည်သည့်အခါမျှ မပြုရ၊

(ဌ) နိုင်ငံတော်အလံများကို အချင်းချင်း မည်သည့်အခါမျှ ကြက်ခြေခတ်၍ တပ်ဆင်အသုံးမပြုရ၊

(ဍ) နိုင်ငံတော်အလံကို အသုံးပြုရန်ခွင့်ပြုထားသည့်နေရာများမှအပ အခြားနေရာများတွင် အသုံးမပြုရ၊

(ဎ) နိုင်ငံတော်အလံကို မည်သည့်အခါမျှ စွန့်ပစ်ခြင်းမပြုရ၊ ဟောင်းနွမ်းစုတ်ပြတ်၍ အသုံးမပြုနိုင်လျှင် မီးရှို့ပစ်ရမည်။

၉။ မည်သူမဆို ဤနည်းဥပဒေပါ ပြဋ္ဌာန်းချက်တခုခုကို ဆန့်ကျင်လျှင် ထိုသူသည် ခြောက်လထက်မများသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တထောင်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ အပြစ်ပေးခြင်းခံရမည်။

အခန်း ၆

အထွေထွေ

၁၀။ နိုင်ငံတော် အလံဥပဒေနှင့် ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ ပြည်သူ့လွှတ်တော်က လုပ်ပိုင်ခွင့်လွှဲအပ်ထားသောအဖွဲ့အစည်းသည် ယင်းဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်သောအမိန့်၊ သို့မဟုတ် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၁၁။ ၁၉၅၃ ခုနှစ်၊ နိုင်ငံတော်အလံနည်းဥပဒေများကို ဤနည်းဥပဒေများဖြင့် ရုပ်သိမ်းလိုက်သည်။

နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်
နည်းဥပဒေများ

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၁	နိဒါန်း	၁
၂	အခန်း ၁ .... အမည်၊ အာဏာတည်သည့်နေ့ရက်	၂
၃	အခန်း ၂ .... နိုင်ငံတော် အထိမ်းအမှတ်တံဆိပ်ပါ အမှတ်အသားများ	၃
၄	အခန်း ၃ .... နိုင်ငံတော် အထိမ်းအမှတ်တံဆိပ်ကို အသုံးပြုခြင်းဆိုင်ရာသတ်မှတ်ချက်များ	၅
၅	အခန်း ၄ .... တားမြစ်ချက်နှင့်ပြစ်ဒဏ်	၇
၆	အခန်း ၅ .... အထွေထွေ	၉

နိုင်ငံတော်အထိမ်းအမှတ်တံဆိပ် နည်းဥပဒေများ

[၁၉၇၄ ခုနှစ်၊ ပြည်သူ့လွှတ်တော် နည်းဥပဒေများ အမှတ် ၂။]

နိဒါန်း

နိုင်ငံတော်အထိမ်းအမှတ်တံဆိပ် ဥပဒေပုဒ်မ ၅ ဖြင့် အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကို သုံးစွဲလျက်၊ ပြည်သူ့လွှတ်တော်သည် နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ကို အသုံးပြုခြင်းနှင့် စပ်လျဉ်း၍ အောက်ပါ နည်းဥပဒေများကို ပြဋ္ဌာန်းလိုက်သည်။

အခန်း ၁

အမည်၊အာဏာတည်သည့်နေ့ရက်

၁။ (က) ဤနည်းဥပဒေများကို နိုင်ငံတော် အထိမ်းအမှတ်တံဆိပ် နည်းဥပဒေများဟု ခေါ်တွင်စေရမည်။

(ခ) ဤ နည်းဥပဒေများသည် နိုင်ငံတဝန်းလုံးတွင် ချက်ချင်း အာဏာတည်ရမည်။

အခန်း ၂

နိုင်ငံတော် အထိမ်းအမှတ်တံဆိပ်ပါ အမှတ်အသားများ

၂။ နိုင်ငံတော် အထိမ်းအမှတ် တံဆိပ်ပါ အမှတ်အသားများမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) နိုင်ငံတော် အထိမ်းအမှတ်တံဆိပ်၏ အလယ်တွင် ပင်နီယံ တခုရှိပြီး၊ ယင်းတွင် တူညီသောစက်သွားစိတ် ၁၄ စိတ် ပါရှိသည်။ ပင်နီယံပေါ်တွင် မြန်မာနိုင်ငံမြေပုံ ပါရှိသည်။ ပင်နီယံကို စပါးနှံနှစ်ခက်က ဝန်းရံထားသည်

(ခ) စပါးနှံများ၏ တဖက်တချက်တွင် အနုပညာမြောက် မြန်မာခြင်္သေ့တစီးစီ ရှိသည်။ လက်ဝဲဖက်မှ ခြင်္သေ့သည် လက်ဝဲဖက်သို့ လည်းကောင်း၊ လက်ျာဖက်မှ ခြင်္သေ့သည် လက်ျာဖက်သို့ လည်းကောင်း မျက်နှာမူလျက်ရှိသည်၊

(ဂ) ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဟူသော စာတန်းကို နိုင်ငံတော်အထိမ်းအမှတ် တံဆိပ်၏ အောက်ခြေ ဖဲပြားပေါ်တွင် ဖော်ပြထားသည်။ ပြည်ထောင်စု ဟူသော စာတန်းကို လက်ဝဲဖက်ရှိ ခြင်္သေ့ အောက်တွင် လည်းကောင်း၊ မြန်မာနိုင်ငံတော် ဟူသော

စာတန်းကို လက်ျာဖက်ရှိ ခြသေ့်အောက်တွင် လည်းကောင်း၊ အလယ်အပေါ်ပိုင်းတွင် ဆိုရှယ်လစ်သမ္မတ ဟူသော စာတန်းကိုလည်းကောင်း ထားရှိသည်၊

(ဃ) နိုင်ငံတော် အထိမ်းအမှတ်တံဆိပ်၏ ထိပ်တွင် ဒေါင့်ငါးဒေါင့်ရှိ ကြယ်တလုံးရှိသည်၊

(င) စပါးနှံနှင့် ကြယ်၏တဖက်တချက်တွင် ကနုတ်ပန်းများ ရှိသည်။

၃။ နိုင်ငံတော် အထိမ်းအမှတ်တံဆိပ်ကို ကြီးငယ်မဟူ နည်းဥပဒေ ၂ ပါ ဒ႒မှတ်အသားများ ပါရှိသည့် အခြေခံ ဥပဒေပုဒ်မ ၁၉၁ တွင်ဖော်ပြသော ပုံသဏ္ဌာန်အတိုင်း ကိုက်ညီနိုင်သမျှ ကိုက်ညီအောင် ပြုလုပ်ရမည်။

အခန်း ၃

နိုင်ငံတော် အထိမ်းအမှတ်တံဆိပ်ကို အသုံးပြုခြင်းဆိုင်ရာ သတ်မှတ်ချက်များ

၄။ နိုင်ငံတော် အထိမ်းအမှတ် တံဆိပ်ကို အသုံးပြုခြင်းနှင့် စပ်လျဉ်းသည့် သတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်—

(က) နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ၏ ရုံးအဆောက်အဦတွင် နိုင်ငံတော် အထိမ်းအမှတ် တံဆိပ်ကို အသုံးပြုနိုင်သည်။ နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ စီးနင်းလိုက်ပါသော ယာဉ်များတွင် နိုင်ငံတော် အထိမ်းအမှတ်တံဆိပ်ကို တပ်ဆင်အသုံးပြုနိုင်သည်။ ပြည်သူ့လွှတ်တော်၊ ဗဟိုအာဏာပိုင် အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများနှင့် တရားရုံးများတွင် နိုင်ငံတော်အထိမ်းအမှတ် တံဆိပ်ကို အသုံးပြုနိုင်သည်၊

(ခ) မြန်မာနိုင်ငံ၏ သံရုံးများ၊ အဆင့်ဆင့်သော ကောင်စစ်ဝန်ရုံးများတွင် နိုင်ငံတော် အထိမ်းအမှတ် တံဆိပ်ကို အသုံးပြုနိုင်သည်၊

(ဂ) နိုင်ငံတော်ဧည့်ခံ အခမ်းအနားများနှင့် နိုင်ငံတော်ကို ကိုယ်စားပြုသော ပုဂ္ဂိုလ်များက ပြုလုပ်သည့်အခမ်း အနားများ၌ အသုံးပြုသော အသုံးအဆောင်ပစ္စည်း များတွင် နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ကို ရိုက်နှိပ် ၍ အသုံးပြုနိုင်သည်၊

(ဃ) မြန်မာနိုင်ငံထုတ် ငွေစက္ကူနှင့် တံဆိပ်ခေါင်းများ တွင် နိုင်ငံတော် အထိမ်းအမှတ်တံဆိပ်ကို ရိုက်နှိပ်၍ အသုံးပြုနိုင်သည်၊

(င) တပ်မတော် (ကြည်း၊ ရေ၊ လေ) နှင့် နိုင်ငံတော် ကောင်စီ ဥက္ကဋ္ဌက ခွင့်ပြုထားသော အခြား အဖွဲ့ အစည်းများ၏ ဝန်ထမ်းအဆင့်အတန်းနှင့် စပ်လျဉ်း ၍လည်းကောင်း၊ ယင်းဝန်ထမ်းများ၏ ဝတ်စား ဆင်ယင်မှုနှင့် စပ်လျဉ်း၍လည်းကောင်း နိုင်ငံတော် အထိမ်းအမှတ်တံဆိပ်ကို အသုံးပြုနိုင်သည်၊

(စ) ပြည်သူ့လွှတ်တော်၊ နိုင်ငံတော်ကောင်စီ၊ ဗဟို အာဏာပိုင် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် နိုင်ငံတော်ကောင်စီက ခွင့်ပြုထားသော အခြားဌာန များ၏ ရုံးသုံးစာရွက်စာတမ်းများတွင် နိုင်ငံတော် အထိမ်းအမှတ်တံဆိပ်ကို ရိုက်နှိပ်အသုံး ပြုနိုင်သည်၊

(ဆ) နိုင်ငံတော် အစည်းအဝေးများနှင့် အခမ်းအနား များတွင် နိုင်ငံတော် အထိမ်းအမှတ် တံဆိပ်ကို တပ်ဆင်အသုံးပြုနိုင်သည်။

အခန်း ၄

တားမြစ်ချက်နှင့် ပြစ်ဒဏ်

၅။ နိုင်ငံတော် အထိမ်းအမှတ် တံဆိပ်အသုံးပြုခြင်းနှင့် စပ်လျဉ်းသည့် တားမြစ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်—

(က) နိုင်ငံတော် အထိမ်းအမှတ် တံဆိပ်ကို အလှအပ အဖြစ် တန်ဆာဆင်ခြင်း မပြုလုပ်ရ၊

(ခ) နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (င) အရ ခွင့်ပြုချက်မှ အပ နိုင်ငံတော် အထိမ်းအမှတ် တံဆိပ်ကို ဝတ်စား ဆင်ယင်ရာတွင် အသုံးမပြုရ၊

(ဂ) နိုင်ငံတော် အထိမ်းအမှတ်တံဆိပ်ကို မည်သည့်အခါမျှ စွန့်ပစ်ခြင်း မပြုရ၊ ဟောင်းနွမ်း၍ အသုံးမပြုနိုင်လျှင် ဖျက်ဆီးပစ်ရမည်၊

(ဃ) နိုင်ငံတော် အထိမ်းအမှတ် တံဆိပ်ကို မလေးမစားပြု ခြင်းနှင့်ကိုယ်အမူအရာ၊ နှုတ်အမူအရာဖြင့် မထီမဲ့မြင်ပြုခြင်း မပြုလုပ်ရ။

၆။ မည်သူမဆို ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက် တခုခုကို ဆန့်ကျင်လျှင် ခြောက်လထက်မများသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တထောင်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ အပြစ်ပေးခြင်းခံရမည်။

အခန်း ၅

အထွေထွေ

၇။ နိုင်ငံတော် အထိမ်းအမှတ်တံဆိပ်ဥပဒေနှင့် ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များကို ထမြောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် အလို့ငှာ ပြည်သူ့လွှတ်တော်က လုပ်ပိုင်ခွင့် လွှဲအပ်ထားသော အဖွဲ့အစည်းသည် ယင်းဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်သော အမိန့်၊ သို့မဟုတ် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

ပြည်သူ့ ကောင်စီ နည်းဥပဒေများ

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ			စာမျက်နှာ
၁	နိဒါန်း	....	....	၁
၂	အခန်း (၁) အမည်နှင့်အဓိပ္ပါယ်ဖော်ပြချက်	....	....	၂
၃	အခန်း (၂) ယာယီသဘာပတိတင်မြှောက်ခြင်း	....	....	၃
၄	အခန်း (၃) ပြည်သူ့ကောင်စီဝင်ဖြစ်မြောက်ခြင်း	....	....	၅
၅	အခန်း (၄) သဘာပတိအဖွဲ့ရွေးချယ်တင်မြှောက်မှုနည်းခြင်း	....	....	၇

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၆	အခန်း (၅) .... အလုပ်အမှုဆောင်အဖွဲ့ရွေးချယ်တင်မြှောက် ဖွဲ့စည်းခြင်း	၉
၇	အခန်း (၆) .... တရားသူကြီးအဖွဲ့ ရွေးချယ်တင်မြှောက်ဖွဲ့စည်းခြင်း	၁၃
၈	အခန်း (၇) .... လုပ်ငန်းစစ်ဆေးရေးအဖွဲ့ ရွေးချယ်တင်မြှောက် ဖွဲ့စည်းခြင်း	၁၆
၉	အခန်း (၈) .... ရေးရာကော်မီတီများ ရွေးချယ်တင်မြှောက် ဖွဲ့စည်းခြင်း	၁၉
၁၀	အခန်း (၉) .... အလှည့်ကျသဘာပတိ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ	၂၄
၁၁	အခန်း (၁၀) .... အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး တို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ	၂၇

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၂	အခန်း (၁၁)	၂၉
	အလုပ်အမှုဆောင် အဖွဲ့ဝင်များအား တာဝန်ပေးအပ်ဆောင်ရွက်စေခြင်း	
၁၃	အခန်း (၁၂)	၃၁
	ရေးရာကော်မီတီအလိုက် တာဝန်နှင့်လုပ်ပိုင်ခွင့်များ	
၁၄	အခန်း (၁၃)	၄၁
	ပြည်သူ့ကောင်စီ အစည်းအဝေးများ ခေါ်ယူကျင်းပခြင်း	
၁၅	အခန်း (၁၄)	၅၃
	အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးများခေါ်ယူကျင်းပခြင်း	
၁၆	အခန်း (၁၅)	၅၅
	ရေးရာကော်မီတီ အစည်းအဝေးများ ခေါ်ယူကျင်းပခြင်း	
၁၇	အခန်း (၁၆)	၅၇
	တာဝန်နှင့်လုပ်ပိုင်ခွင့်များခွဲဝေအပ်နှင်းခြင်း	
၁၈	အခန်း (၁၇)	၅၉
	အထွေထွေ	

ပြည်သူ့ကောင်စီနည်းဥပဒေများ

[၁၉၇၄ ခုနှစ်၊ ပြည်သူ့လွှတ်တော်နည်းဥပဒေများအမှတ် ၃]

နိဒါန်း

ပြည်သူ့ကောင်စီဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြည်သူ့ကောင်စီအဆင့်ဆင့်တွင် အဖွဲ့အစည်းများ ရွေးချယ်တင်မြှောက်ဖွဲ့စည်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များသတ်မှတ်ခြင်း၊ အစည်းအဝေးများ ကျင်းပခြင်း စသည်များနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်သည် အောက်ပါနည်းဥပဒေများကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)

အမည်နှင့်အဓိပ္ပါယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို ပြည်သူကောင်စီနည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင် ပါရှိသော စကားရပ်များသည် ပြည်သူ့ကောင်စီဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည်။

အခန်း (၂)

ယာယီသဘာပတိတင်မြှောက်ခြင်း

၃။ ပြည်သူ့ကောင်စီ အဆင့်ဆင့်၏ ပထမအကြိမ် အစည်းအဝေး ပထမနေ့တွင် ယာယီသဘာပတိကို အောက်ပါအတိုင်း တင်မြှောက်ရမည်—

(က) သက်ဆိုင်ရာ ပြည်သူ့ကောင်စီရုံးမှ ပုဂ္ဂိုလ် တဦးသည် ပြည်သူ့ကောင်စီ အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ရမည်၊

(ခ) အစည်းအဝေးသို့ တက်ရောက်လာသော ပြည်သူ့ကောင်စီဝင်များသည် မိမိတို့အထဲမှ ပြည်သူ့ကောင်စီဝင်တဦးအား ယာယီသဘာပတိအဖြစ် တင်မြှောက်ရမည်၊

(ဂ) ယာယီသဘာပတိတဦး တင်မြှောက်ရန် ပြည်သူ့ကောင်စီဝင် တဦးက အဆိုတင်သွင်း၍ အခြား ပြည်သူ့ကောင်စီဝင်တဦးက ထောက်ခံရမည်၊

(ဃ) အခမ်းအနားမှူးသည် ယင်းအဆိုပြုချက်နှင့် ထောက်ခံချက်များကို ပြည်သူ့ကောင်စီ၏ အတည်ပြုချက်ရယူ၍ ယာယီသဘာပတိအဖြစ် တင်မြှောက်ခြင်း ခံရသော ပြည်သူ့ကောင်စီဝင်၏ အမည်ကို ပြည်သူ့ကောင်စီသို့ ကြေညာရမည်၊

(င) ယာယီသဘာပတိသည် သက်ဆိုင်ရာ ပြည်သူ့ကောင်စီ၏ ရှေ့မှောက်တွင် အောက်ပါ အတိုင်း ကတိသစ္စာ ပြုရမည်—

"ပြည်သူ့ကောင်စီဝင်အဖြစ် လုပ်သားပြည်သူတို့၏ ဆန္ဒဖြင့် ရွေးချယ် တင်မြှောက် တာဝန် ပေးအပ်ခြင်း ခံရသော ကျွန်ုပ်သည် အခြေခံဥပဒေနှင့် အခြားဥပဒေများကို ကာကွယ်စောင့်ရှောက်ပါမည်။ လုပ်သားပြည်သူတို့၏ ဆန္ဒနှင့်အညီ ဆိုရှယ်လစ်လူ့ဘောင်ကို ဖြောင့်မတ် မှန်ကန်စွာ တည်ဆောက်ပါမည်။ လုပ်သားပြည်သူတို့၏ အကျိုးစီးပွားကို ဦးထိပ်ထား၍ သစ္စာရှိရှိ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။"

အခန်း (၃)

ပြည်သူ့ကောင်စီဝင်ဖြစ်မြောက်ခြင်း

၄။ ပြည်သူ့ကောင်စီဝင် ဖြစ်မြောက်စေရန် အောက်ပါ လိုအပ်ချက်များနှင့် ကိုက်ညီစေရမည်—

(က) သက်ဆိုင်ရာ မဲဆန္ဒနယ်ရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသော ပြည်သူများက အခြေခံဥပဒေနှင့် ရွေးချယ်တင်မြောက်ခြင်း ဆိုင်ရာ ဥပဒေများအရ တရားဝင် ရွေးချယ်တင်မြောက် လိုက်ကြောင်းကို ရွေးချယ်တင်မြောက်ပွဲ ကျင်းပရေး ကော်မီရှင်က အသိအမှတ်ပြုခြင်း၊

(ခ) အသိအမှတ်ပြုကြောင်းကို ပြည်သူ့ ကောင်စီဝင်များ စိစစ်ရေး ကော်မီတီက အတည်ပြုခြင်း၊

(ဂ) ပြဋ္ဌာန်း ထားသည့်အတိုင်း ကတိသစ္စာပြုပြီးခြင်း။

၅။ ပြည်သူ့ ကောင်စီဝင်များသည် ယာယီသဘာပတိ ရှေ့မှောက်တွင် အောက်ပါအတိုင်း ကတိသစ္စာပြုကြရမည်—

"ပြည်သူ့ ကောင်စီဝင်အဖြစ် လုပ်သားပြည်သူတို့၏ ဆန္ဒဖြင့် ရွေးချယ်တင်မြောက် တာဝန်ပေးအပ်ခြင်းခံရသော ကျွန်ုပ်/ကျွန်ုပ်တို့

သည် အခြေခံဥပဒေနှင့် အခြားဥပဒေများကို ကာကွယ်စောင့်ရှောက်ပါမည်။ လုပ်သားပြည်သူတို့၏ ဆန္ဒနှင့်အညီ ဆိုရှယ်လစ်လူ့ဘောင်ကို ဖြောင့်မတ်မှန်ကန်စွာ တည်ဆောက်ပါမည်။ လုပ်သားပြည်သူတို့၏ အကျိုးစီးပွားကို ဦးထိပ်ထား၍ သစ္စာရှိရှိ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာ ပြုပါသည်။”

အခန်း (၄)

သဘာပတိအဖွဲ့ ရွေးချယ်တင်မြှောက်ဖွဲ့စည်းခြင်း

၆။ (က) ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီတွင် ပါဝင်သောပြည်သူ့ကောင်စီဝင် ဦးရေအပေါ် မူတည်၍ သဘာပတိအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်—

(၁) ပြည်သူ့ကောင်စီဝင် ၅၀ ဦးအထိရှိလျှင် အဖွဲ့ဝင် ၃ ဦး၊

(၂) ပြည်သူ့ကောင်စီဝင် ၅၁ ဦးမှ အထက်ရှိလျှင် အဖွဲ့ဝင် ၅ ဦး၊

(ခ) မြို့နယ်ပြည်သူ့ကောင်စီတွင် ပါဝင်သော ပြည်သူ့ကောင်စီဝင် ဦးရေအပေါ် မူတည်၍ သဘာပတိအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်—

(၁) ပြည်သူ့ကောင်စီဝင် ၅၀ ဦးအထိရှိလျှင် အဖွဲ့ဝင် ၃ ဦး၊

(၂) ပြည်သူ့ကောင်စီဝင် ၅၁ ဦးမှ အထက်ရှိလျှင် အဖွဲ့ဝင် ၅ ဦး၊

(ဂ) ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီတွင် ပါဝင်သော ပြည်သူ့ကောင်စီဝင် ဦးရေအပေါ် မူတည်၍ သဘာပတိ အဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်—

(၁) ပြည်သူ့ကောင်စီဝင် ၁၀ ဦးအထိရှိလျှင် အဖွဲ့ဝင် ၁ ဦး၊

(၂) ပြည်သူ့ကောင်စီဝင် ၁၁ ဦးမှ အထက်ရှိလျှင် အဖွဲ့ဝင် ၃ ဦး၊

(ဃ) ပြည်သူ့ကောင်စီဝင်များသည် လိုအပ်သော သဘာပတိအဖွဲ့ဝင် လောင်းများ၏ အမည်စာရင်းကို ပထမအကြိမ်အစည်းအဝေးတွင် ယာယီသဘာပတိထံသို့လည်းကောင်း၊ ပုံမှန် အစည်းအဝေးတွင် သဘာပတိအဖွဲ့ထံသို့ လည်းကောင်း တင်သွင်းရမည်။ ယာယီ သဘာပတိ သို့မဟုတ် သဘာပတိ အဖွဲ့သည် သဘာပတိ အဖွဲ့ဝင် လောင်းများ၏ အမည်စာရင်းကို ရရှိသောအခါ ဆန္ဒမဲ အများ အနည်းအလိုက် စုဆောင်းစိစစ်၍ အမည်စာရင်းကို ပြုစုပြီး ယာယီသဘာပတိ သို့မဟုတ် အလှည့်ကျ သဘာပတိက ကြေညာ ရမည်။ သတ်မှတ်သည့် သဘာပတိအဖွဲ့ဝင် ဦးရေထက်ပိုမို၍ အမည်စာရင်း ရရှိခဲ့လျှင် သတ်မှတ်သည့် သဘာပတိ အဖွဲ့ဝင် ဦးရေမှ အောက်ဖော်ပြပါ ဦးရေအထိ ကြေညာရမည်—

သတ်မှတ်သည့် သဘာပတိ အဖွဲ့ဝင်ဦးရေ	တင်သွင်းနိုင်သည့် သဘာပတိအဖွဲ့ဝင်လောင်းဦးရေ
(၁) ၁ ဦးဖြစ်လျှင်	၂ ဦးအထိ တင်သွင်းနိုင်သည်၊
(၂) ၃ ဦးဖြစ်လျှင်	၃ ဦးမှ ၅ ဦးအထိ တင်သွင်းနိုင်သည်၊
(၃) ၅ ဦးဖြစ်လျှင်	၅ ဦးမှ ၈ ဦးအထိ တင်သွင်းနိုင်သည်၊

(င) အမည် စာရင်းထဲမှ လိုအပ်သည့် အဖွဲ့ဝင်ဦးရေကို ပြည်သူ့ ကောင်စီဝင်များက ရွေးချယ်တင်မြှောက်ရမည်၊

(စ) သဘာပတိအဖွဲ့ဝင်များအဖြစ် ရွေးချယ် တင်မြှောက်ခြင်းခံရသူ များ၏အမည်စာရင်းကို ယာယီသဘာပတိ သို့မဟုတ် အလှည့်ကျ သဘာပတိက ပြည်သူ့ကောင်စီသို့ ကြေညာရမည်။

အခန်း (၅)

အလုပ်အမှုဆောင်အဖွဲ့ ရွေးချယ် တင်မြှောက်ဖွဲ့စည်းခြင်း

၇။ ပြည်သူ့ကောင်စီအဆင့်ဆင့်၌ အလုပ်အမှုဆောင်အဖွဲ့ကို အောက်ပါအတိုင်း ရွေးချယ်တင်မြှောက် ဖွဲ့စည်းရမည်—

(က) ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီတွင်ပါဝင်သော ပြည်သူ့ကောင်စီဝင် ဦးရေအပေါ် မူတည်၍ အလုပ်အမှုဆောင်အဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်—

(၁) ပြည်သူ့ကောင်စီဝင် ၅၀ ဦးအထိရှိလျှင် အဖွဲ့ဝင် ၅ ဦး၊

(၂) ပြည်သူ့ကောင်စီဝင် ၅၁ ဦးမှ ၉၀ ဦးအထိ ရှိလျှင် အဖွဲ့ဝင် ၇ ဦး၊

(၃) ပြည်သူ့ကောင်စီဝင် ၉၁ ဦးမှ အထက်ရှိလျှင် အဖွဲ့ဝင် ၉ ဦး၊

(ခ) မြို့နယ်ပြည်သူ့ကောင်စီတွင် ပါဝင်သော ပြည်သူ့ကောင်စီဝင် ဦးရေအပေါ် မူတည်၍ အလုပ်အမှုဆောင် အဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်—

(၁) ပြည်သူ့ကောင်စီဝင် ၂၀ ဦးအထိရှိလျှင် အဖွဲ့ဝင် ၃ ဦး၊

(၂) ပြည်သူ့ကောင်စီဝင် ၂၁ ဦးမှ ၅၀ ဦးအထိရှိလျှင် အဖွဲ့ဝင် ၅ ဦး၊

(၃) ပြည်သူ့ကောင်စီဝင် ၅၁ ဦးမှ အထက်ရှိလျှင် အဖွဲ့ဝင် ၇ ဦး၊

(ဂ) ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီတွင် ပါဝင်သော ပြည်သူ့ကောင်စီဝင်ဦးရေအပေါ် မူတည်၍ အလုပ်အမှုဆောင်အဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်—

(၁) ပြည်သူ့ကောင်စီဝင် ၁၅ ဦးအထိရှိလျှင် အဖွဲ့ဝင် ၃ ဦး၊

(၂) ပြည်သူ့ကောင်စီဝင် ၁၆ ဦးမှ အထက်ရှိလျှင် အဖွဲ့ဝင် ၅ ဦး၊

(ဃ) အလုပ်အမှုဆောင်အဖွဲ့ကို ရွေးချယ်တင်မြှောက်နိုင်ရန်—

ပြည်သူ့ကောင်စီဝင်များသည် လိုအပ်သော အလုပ်အမှုဆောင် အဖွဲ့ဝင်လောင်းများ၏ အမည်စာရင်းကို သဘာပတိအဖွဲ့ထံသို့ တင်သွင်းရမည်။ သဘာပတိအဖွဲ့သည် အလုပ်အမှုဆောင် အဖွဲ့ဝင်လောင်းများ၏ အမည်စာရင်းကို ရရှိသောအခါ ဆန္ဒမဲ အများအနည်းအလိုက်စုဆောင်းစိစစ်၍ အမည်စာရင်းကို ပြုစုပြီး အလှည့်ကျသဘာပတိက ကြေညာရမည်။ သတ်မှတ်သည့် အလုပ်အမှုဆောင်အဖွဲ့ဝင်ဦးရေထက် ပိုမို၍ အမည်စာရင်း ရရှိခဲ့လျှင် သတ်မှတ်သည့် အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးရေမှ အောက်ဖော်ပြပါ ဦးရေအထိ ကြေညာရမည်—

သတ်မှတ်သည့်အမှုဆောင် အဖွဲ့ဝင်ဦးရေ		တင်သွင်းနိုင်သည့် အမှုဆောင်အဖွဲ့ဝင်လောင်း ဦးရေ
(၁)	၃ ဦးဖြစ်လျှင်	၃ ဦးမှ ၅ ဦးအထိ တင်သွင်းနိုင်သည်၊
(၂)	၅ ဦးဖြစ်လျှင်	၅ ဦးမှ ၈ ဦးအထိ တင်သွင်းနိုင်သည်၊

(၃) ၇ ဦးဖြစ်လျှင် .... ၇ ဦးမှ ၁၁ ဦးအထိ တင်သွင်းနိုင်သည်၊

(၄) ၉ ဦးဖြစ်လျှင် .... ၉ ဦးမှ ၁၄ ဦးအထိ တင်သွင်းနိုင်သည်၊

(င) အမည်စာရင်းထဲမှ လိုအပ်သည့် အလုပ်အမှုဆောင် အဖွဲ့ဝင်ဦးရေကို ပြည်သူ့ကောင်စီဝင်များက ရွေးချယ်တင်မြှောက်ရမည်၊

(စ) အလုပ်အမှုဆောင် အဖွဲ့ဝင်များအဖြစ် ရွေးချယ် တင်မြှောက်ခြင်းခံရသူများ၏အမည်စာရင်းကို အလှည့်ကျသဘာပတိက ပြည်သူ့ကောင်စီသို့ ကြေညာရမည်၊

(ဆ) အလုပ်အမှုဆောင်အဖွဲ့တွင် တစုံတခုသော အကြောင်းကြောင့် အဖွဲ့ဝင် နေရာ လစ်လပ်လျှင် နည်းဥပဒေခွဲ (ဃ)နှင့် (င)တို့နှင့်အညီ ရွေးချယ်တင်မြှောက်ရမည်။

၈။ ပြည်သူ့ကောင်စီအဆင့်ဆင့်၌ ရွေးချယ်တင်မြှောက်ခြင်း ခံရသောအလုပ်အမှုဆောင်အဖွဲ့တွင် ဥက္ကဋ္ဌတဦးနှင့် အတွင်းရေးမှူးတဦးကို အောက်ပါအတိုင်း ရွေးချယ်တင်မြှောက်ရမည်—

(က) အလှည့်ကျ သဘာပတိသည် အလုပ်အမှုဆောင်အဖွဲ့ဝင် အားလုံးကို ဥက္ကဋ္ဌလောင်းများအဖြစ် အမည်စာရင်း ပြုစုရမည်၊

(ခ) အမည်စာရင်းထဲမှ ဥက္ကဋ္ဌတဦးကို အလုပ်အမှုဆောင် အဖွဲ့ဝင်များက ရွေးချယ်တင်မြှောက်ရမည်၊

(ဂ) အလှည့်ကျ သဘာပတိသည် ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော အလုပ်အမှုဆောင်အဖွဲ့ဝင်ကို ချန်လှပ်၍ ကျန်အလုပ်အမှုဆောင် အဖွဲ့ဝင်များကို အတွင်းရေးမှူးလောင်းများအဖြစ် အမည်စာရင်းပြုစုရမည်၊

(ဃ) အမည်စာရင်းထဲမှ အတွင်းရေးမှူးတဦးကို အလုပ်အမှုဆောင်အဖွဲ့ဝင်များက ရွေးချယ်တင်မြှောက်ရမည်၊

(င) အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသူများ၏ အမည်စာရင်းကို အလှည့်ကျသဘာပတိက ပြည်သူ့ကောင်စီသို့ ကြေညာရမည်၊

(စ) အလုပ်အမှုဆောင်အဖွဲ့တွင် တစုံတခုသော အကြောင်းကြောင့် ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးနေရာ လစ်လပ်လျှင် နည်းဥပဒေ ၇ နည်းဥပဒေခွဲ (ဃ) နှင့် (င) တို့နှင့်အညီ သတ်မှတ်သည့် အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးရေအထိ ရွေးချယ်တင်မြှောက်ပြီး လစ်လပ်သည့်ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူး နေရာအတွက် ရွေးချယ်တင်မြှောက်ရမည်။

အခန်း (၆)

တရားသူကြီးအဖွဲ့ ရွေးချယ်တင်မြှောက် ဖွဲ့စည်းခြင်း

၉။ ပြည်သူ့ကောင်စီအဆင့်ဆင့်၌ တရားသူကြီး အဖွဲ့ကို အောက်ပါအတိုင်း ရွေးချယ်တင်မြှောက်ဖွဲ့စည်းရမည်—

(က) ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီတွင်ပါဝင်သော ပြည်သူ့ကောင်စီဝင် ဦးရေအပေါ်မူတည်၍ တရားသူကြီးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်—

(၁) ပြည်သူ့ကောင်စီဝင် ၅၀ ဦးအထိရှိလျှင် အဖွဲ့ဝင် ၃ ဦး၊

(၂) ပြည်သူ့ကောင်စီဝင် ၅၁ ဦးမှ အထက်ရှိလျှင် အဖွဲ့ဝင် ၅ ဦး၊

(ခ) မြို့နယ်ပြည်သူ့ကောင်စီတွင်ပါဝင်သော ပြည်သူ့ကောင်စီဝင်ဦးရေ အပေါ်မူတည်၍ တရားသူကြီးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်—

(၁) ပြည်သူ့ကောင်စီဝင် ၈၀ ဦးအထိရှိလျှင် အဖွဲ့ဝင် ၃ ဦး၊

(၂) ပြည်သူ့ကောင်စီဝင် ၈၁ ဦးမှ အထက်ရှိလျှင် အဖွဲ့ဝင် ၅ ဦး၊

(ဂ) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီတွင် ပါဝင်သော ပြည်သူ့ကောင်စီဝင် ဦးရေအပေါ်မူတည်၍ တရားသူကြီးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်—

(၁) ပြည်သူ့ကောင်စီဝင် ၂၅ ဦးအထိရှိလျှင် အဖွဲ့ဝင် ၃ ဦး၊

(၂) ပြည်သူ့ကောင်စီဝင် ၂၆ ဦးမှအထက်ရှိလျှင် အဖွဲ့ဝင် ၅ ဦး၊

(ဃ) တရားသူကြီးအဖွဲ့ကို ရွေးချယ်တင်မြှောက်နိုင်ရန်—

ပြည်သူ့ကောင်စီဝင်များသည် လိုအပ်သော တရားသူကြီး အဖွဲ့ဝင်လောင်းများ၏ အမည်စာရင်းကို သဘာပတိ အဖွဲ့ထံသို့ တင်သွင်းရမည်။ သဘာပတိအဖွဲ့သည် တရားသူကြီး အဖွဲ့ဝင် လောင်းများ၏ အမည်စာရင်းကို ရရှိသောအခါ ဆန္ဒမဲအများ အနည်းအလိုက်စီစစ်၍ အမည်စာရင်းပြုစုပြီး အလှည့်ကျ သဘာ ပတိက ကြေညာရမည်။ သတ်မှတ်သည့် တရားသူကြီးအဖွဲ့ဝင် ဦးရေထက်ပိုမို၍ အမည်စာရင်းရရှိခဲ့လျှင် သတ်မှတ်သည့် တရား သူကြီး အဖွဲ့ဝင်ဦးရေမှ အောက်ဖော်ပြပါဦးရေအထိ ကြေညာ ရမည် —

သတ်မှတ်သည့်တရားသူကြီး အဖွဲ့ဝင်ဦးရေ		တင်သွင်းနိုင်သည့် တရားသူကြီးအဖွဲ့ဝင်လောင်းဦးရေ
(၁) ၃ ဦးဖြစ်လျှင်	....	၃ ဦးမှ ၅ ဦးအထိ တင်သွင်း နိုင်သည်၊
(၂) ၅ ဦးဖြစ်လျှင်	....	၅ ဦးမှ ၈ ဦးအထိ တင်သွင်း နိုင်သည်၊

(င) အမည်စာရင်းထဲမှ လိုအပ်သည့်အဖွဲ့ဝင်ဦးရေကို ပြည်သူ့ကောင်စီ ဝင်များက ရွေးချယ်တင်မြှောက်ရမည်၊

(စ) တရားသူကြီး အဖွဲ့ဝင်များအဖြစ် ရွေးချယ် တင်မြှောက်ခြင်း ခံရသူများ၏ အမည်စာရင်းကို အလှည့်ကျ သဘာပတိက ပြည်သူ့ကောင်စီသို့ကြေညာရမည်။

၁၀။ ပြည်သူ့ကောင်စီအဆင့်ဆင့်၌ ရွေးချယ်တင်မြှောက်ခြင်းခံရသောတရားသူကြီးအဖွဲ့တွင် ဥက္ကဋ္ဌတဦးကို အောက်ပါအတိုင်း ရွေးချယ် တင်မြှောက်ရမည်—

(က) အလုပ်အမှုဆောင်အဖွဲ့ကို သဘာပတိသည် တရားသူကြီး အဖွဲ့ဝင်အားလုံးကို ဥက္ကဋ္ဌလောင်းများအဖြစ် အမည်စာရင်း ပြုစုရမည်၊

(ခ) အမည်စာရင်းထဲမှ ဥက္ကဋ္ဌတဦးကို တရားသူကြီး အဖွဲ့ဝင်များက ရွေးချယ်တင်မြှောက်ရမည်၊

(ဂ) တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသူ၏အမည်ကိုအလုပ်အမှုဆောင် သဘာပတိက ပြည်သူ့ကောင်စီသို့ ကြေညာရမည်။

အခန်း(၇)

လုပ်ငန်းစစ်ဆေးရေးအဖွဲ့ ရွေးချယ်တင်မြှောက်ဖွဲ့စည်းခြင်း

၁၁။ ပြည်နယ်၊ တိုင်းနှင့်မြို့နယ် ပြည်သူ့ကောင်စီများ၌ လုပ်ငန်းစစ်ဆေးရေး အဖွဲ့ကို အောက်ပါအတိုင်း ရွေးချယ်တင်မြှောက်ဖွဲ့စည်းရမည်—

(က) ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီတွင် ပါဝင်သော ပြည်သူ့ ကောင်စီဝင် ဦးရေအပေါ်မူတည်၍ လုပ်ငန်းစစ်ဆေးရေး အဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းရမည်—

(၁) ပြည်သူ့ကောင်စီဝင် ၅၀ ဦး အထိရှိလျှင် အဖွဲ့ဝင် ၃ ဦး၊

(၂) ပြည်သူ့ကောင်စီဝင် ၅၁ ဦးမှအထက်ရှိလျှင် အဖွဲ့ဝင် ၅ ဦး၊

(ခ) မြို့နယ်ပြည်သူ့ကောင်စီတွင် ပါဝင်သော ပြည်သူ့ကောင်စီဝင် ဦးရေအပေါ်မူတည်၍ လုပ်ငန်းစစ်ဆေးရေး အဖွဲ့ကိုအောက် ပါအတိုင်း ဖွဲ့စည်းရမည်—

(၁) ပြည်သူ့ကောင်စီဝင် ၈၀ ဦးအထိရှိလျှင် အဖွဲ့ဝင် ၃ ဦး၊

(၂) ပြည်သူ့ကောင်စီဝင် ၈၁ ဦးမှ အထက်ရှိလျှင် အဖွဲ့ဝင် ၅ ဦး၊

(ဂ) လုပ်ငန်းစစ်ဆေးရေးအဖွဲ့ကို ရွေးချယ် တင်မြှောက်နိုင်ရန်—

ပြည်သူ့ ကောင်စီဝင်များသည် လိုအပ်သော လုပ်ငန်းစစ်ဆေးရေး အဖွဲ့ဝင်လောင်းများ၏ အမည်စာရင်းကိုသဘာပတိအဖွဲ့ထံသို့ တင်သွင်းရမည်။ သဘာပတိအဖွဲ့သည်လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဝင်လောင်းများ၏ အမည်စာရင်းကိုရရှိသောအခါ ဆန္ဒမဲအများအနည်းအလိုက် စုဆောင်းစိစစ်၍ အမည်စာရင်းကိုပြုစုပြီး အလုပ်ကျသဘာပတိက ကြေညာရမည်။ သတ်မှတ်သည့် လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဝင် ဦးရေထက်ပိုမို၍ အမည်စာရင်းရရှိခဲ့လျှင် သတ်မှတ်သည့်လုပ်ငန်း စစ်ဆေးရေး အဖွဲ့ဝင်ဦးရေမှ အောက်ဖော်ပြပါ ဦးရေအထိ ကြေညာရမည်—

သတ်မှတ်သည့်လုပ်ငန်း စစ်ဆေးရေးအဖွဲ့ဝင်ဦးရေ	တင်သွင်းနိုင်သည့်လုပ်ငန်း စစ်ဆေးရေးအဖွဲ့ဝင်လောင်းဦးရေ
(၁) ၃ ဦးဖြစ်လျှင် ...	၃ ဦးမှ ၅ ဦးအထိ တင်သွင်းနိုင်သည်၊
(၂) ၅ ဦးဖြစ်လျှင်	၅ ဦးမှ ၈ ဦးအထိ တင်သွင်းနိုင်သည်၊

(ဃ) အမည်စာရင်းထဲမှ လိုအပ်သည့် အဖွဲ့ဝင် ဦးရေကိုပြည်သူ့ကောင်စီဝင်များက ရွေးချယ် တင်မြှောက်ရမည်၊

(င) လုပ်ငန်းစစ်ဆေးရေး အဖွဲ့ဝင်များအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူများ၏ အမည်စာရင်းကို အလုပ်ကျသဘာပတိက ပြည်သူ့ကောင်စီသို့ ကြေညာရမည်။

၁၂။ ပြည်နယ်၊ တိုင်းနှင့် မြို့နယ် ပြည်သူ့ကောင်စီများ၌ ရွေးချယ်တင်မြှောက်ခြင်းခံရသောလုပ်ငန်းစစ်ဆေးရေးအဖွဲ့တွင် ဥက္ကဋ္ဌတဦးကို အောက်ပါအတိုင်း ရွေးချယ်တင်မြှောက်ရမည်—

(က) အလုပ်ကျ သဘာပတိသည် လုပ်ငန်းစစ်ဆေးရေး အဖွဲ့ဝင်အားလုံးကို ဥက္ကဋ္ဌလောင်းများအဖြစ် အမည်စာရင်းပြုစုရမည်၊

(ခ) အမည်စာရင်းထဲမှ ဥက္ကဋ္ဌတဦးကို လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဝင်များက ရွေးချယ်တင်မြှောက်ရမည်၊

(ဂ) လုပ်ငန်း စစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူ၏အမည်ကို အလျဉ်းသင့်သလို (အလျှည့်ကျ) သဘာပတိက ပြည်သူ့ကောင်စီသို့ကြေညာရမည်။

အခန်း(၈)

ရေးရာကော်မီတီများ ရွေးချယ်တင်မြှောက်ဖွဲ့စည်းခြင်း

၁၃။ ရေးရာကော်မီတီများကို အောက်ပါအတိုင်း ရွေးချယ်တင်မြှောက် ဖွဲ့စည်းရမည် —

(က) ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီတွင် ပါဝင်သောပြည်သူ့ကောင်စီဝင် ဦးရေအပေါ် မူတည်၍ ရေးရာကော်မီတီများကို အောက်ပါအတိုင်းဖွဲ့စည်းရမည်—

(၁) ပြည်သူ့ကောင်စီဝင် ၃၀ ဦးမှ ၅၀ ဦးအထိရှိလျှင်ကော်မီတီဝင် ၁၂ ဦး၊

(၂) ပြည်သူ့ကောင်စီဝင် ၅၁ ဦးမှ အထက်ရှိလျှင် ကော်မီတီဝင် ၂၄ ဦး။

(ခ) ပြည်သူ့ကောင်စီဝင် ၅၁ ဦးမှ အထက်ရှိသော ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီတွင် အောက်ပါရေးရာ ကော်မီတီများကို ရေးရာကော်မီတီတရပ်လျှင် ပြည်သူ့ကောင်စီဝင် ၃ ဦးစီဖြင့် ဖွဲ့စည်းရမည်—

(၁) ပြည်သူ့ကောင်စီဝင်များ စိစစ်ရေးကော်မီတီ၊

(၂) စီပံထိန်းနှင့်ဘဏ္ဍာရေးရာကော်မီတီ၊

(၃) စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောရေးနှင့်တောင်သူလယ်သမားရေးရာကော်မီတီ၊

(၄) သမဝါယမ၊ ကုန်သွယ်ရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးရာကော်မီတီ၊

(၅) စက်မှုလက်မှုနှင့် အလုပ်သမားရေးရာကော်မီတီ၊

(၆) လူမှုရေးရာကော်မီတီ၊

(၇) တိုင်းရင်းသားလူမျိုးများရေးရာကော်မီတီ၊

(၈) လုံခြုံရေးနှင့် ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးရာကော်မီတီ၊

(ဂ) ပြည်သူ့ကောင်စီဝင် ၃၀ ဦးမှ ၅၀ ဦးအထိရှိသောပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီတွင် အောက်ပါ ရေးရာကော်မီတီများကို ရေးရာကော်မီတီတရပ်လျှင် ပြည်သူ့ ကောင်စီဝင် ၃ ဦးစီဖြင့် ဖွဲ့စည်းရမည် —

(၁) ပြည်သူ့ကောင်စီများ စီမံရေးကော်မီတီ၊

(၂) ဘဏ္ဍာရေးနှင့် စီးပွားရေးရာကော်မီတီ၊

(၃) လူမှုရေးနှင့် တိုင်းရင်းသား လူမျိုးများ ရေးရာကော်မီတီ၊

(၄) လုံခြုံရေးနှင့် ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးရာကော်မီတီ၊

(ဃ) မြို့နယ်ပြည်သူ့ကောင်စီတွင် ပါဝင်သော ပြည်သူ့ကောင်စီဝင်ဦးရေအပေါ် မူတည်၍ရေးရာကော်မီတီဝင်ဦးရေကိုအောက်ပါအတိုင်း ဖွဲ့စည်းရမည်—

(၁) ပြည်သူ့ကောင်စီဝင် ၂၀ ဦးအထိရှိလျှင် ကော်မီတီဝင် ၃ ဦး၊

(၂) ပြည်သူ့ကောင်စီဝင် ၂၁ ဦးမှ ၅၀ ဦးအထိရှိလျှင် ကော်မီတီဝင် ၁၂ ဦး၊

(၃) ပြည်သူ့ကောင်စီဝင် ၅၁ ဦးမှ အထက်ရှိလျှင် ကော်မီတီဝင် ၂၁ ဦး၊

(င) ပြည်သူ့ကောင်စီဝင် ၅၁ ဦးမှ အထက်ရှိသော မြို့နယ်ပြည်သူ့ကောင်စီတွင် အောက်ပါရေးရာကော်မီတီများကိုရေးရာကော်မီတီတရပ်လျှင် ပြည်သူ့ကောင်စီဝင် ၃ ဦးစီဖြင့် ဖွဲ့စည်းရမည်—

(၁) ပြည်သူ့ကောင်စီဝင်များ စိစစ်ရေးကော်မီတီ၊

(၂) စီမံကိန်းနှင့် ဘဏ္ဍာရေးရာကော်မီတီ၊

(၃) စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောရေး နှင့် တောင်သူလယ်သမားရေးရာကော်မီတီ၊

(၄) သမဝါယမ၊ ကုန်သွယ်ရေး ရောင်းဝယ်ရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးရာကော်မီတီ၊

(၅) စက်မှုလက်မှုနှင့် အလုပ်သမားရေးရာ ကော်မီတီ၊

(၆) လူမှုရေးရာကော်မီတီ၊

(၇) လုံခြုံရေးနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲရေးရာကော်မီတီ၊

(စ) ပြည်သူ့ကောင်စီဝင် ၂၁ ဦးမှ ၅၀ ဦးအထိရှိသော မြို့နယ်ပြည်သူ့ကောင်စီတွင် အောက်ပါရေးရာ ကော်မီတီများကိုရေးရာကော်မီတီတရပ်လျှင် ပြည်သူ့ကောင်စီဝင် ၃ ဦးစီဖြင့် ဖွဲ့စည်းရမည်—

(၁) ပြည်သူ့ ကောင်စီဝင်များ စိစစ်ရေး ကော်မီတီ၊

(၂) ဘဏ္ဍာရေးနှင့် စီးပွားရေးရာကော်မီတီ၊

(၃) လူမှုရေးရာကော်မီတီ၊

(၄) လုံခြုံရေးနှင့် ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးရာကော်မီတီ၊

(ဆ) ပြည်သူ့ကောင်စီဝင် ၂၀ ဦးအထိရှိသော မြို့နယ်ပြည်သူ့ကောင်စီတွင် ပြည်သူ့ကောင်စီဝင်များ စိစစ်ရေးကော်မီတီ တခုကိုသာ ပြည်သူ့ကောင်စီဝင် ၃ ဦးဖြင့် ဖွဲ့စည်းရမည်၊

(၈) ပြည်သူကောင်စီဝင်တဦးသည် ရေးရာကော်မီတီ ၂ ခုထက်ပို၍ ပါဝင် ဆောင်ရွက်ခွင့်မရှိစေရ၊

(ဈ) ရေးရာကော်မီတီများကို ရွေးချယ်တင်မြှောက်နိုင်ရန်—

ပြည်သူကောင်စီဝင်များသည် လိုအပ်သောရေးရာကော်မီတီဝင်လောင်းများ၏ အမည်စာရင်းကို သဘာပတိအဖွဲ့ထံသို့ တင်သွင်းရမည်။ သဘာပတိ အဖွဲ့သည် ရေးရာကော်မီတီဝင် လောင်းများ၏ အမည်စာရင်းကို ရရှိသောအခါဆန္ဒမဲ အများအနည်းအလိုက် စုဆောင်းစီစစ်၍ အမည်စာရင်းကို ပြုစုပြီး အလှည့်ကျသဘာပတိက ကြေညာရမည်။ သတ်မှတ်သည့် ရေးရာကော်မီတီဝင် ဦးရေထက်ပိုမို၍အမည်စာရင်း ရရှိခဲ့လျှင် သတ်မှတ်သည့် ရေးရာကော်မီတီဝင်ဦးရေမှ အောက်ဖော်ပြပါ ဦးရေအထိ ကြေညာရမည်—

သတ်မှတ်သည့်ရေးရာ ကော်မီတီဝင် ဦးရေ		တင်သွင်းနိုင်သည့် ရေးရာကော်မီတီဝင်လောင်း ဦးရေ
(၁) ၃ ဦးဖြစ်လျှင်	....	၃ ဦးမှ ၅ ဦးအထိ တင်သွင်းနိုင်သည်၊
(၂) ၁၂ ဦးဖြစ်လျှင်	....	၁၂ ဦးမှ ၁၈ ဦးအထိ တင်သွင်းနိုင်သည်၊
(၃) ၂၀ ဦးဖြစ်လျှင်	....	၂၀ ဦးမှ ၃၂ ဦးအထိ တင်သွင်းနိုင်သည်၊
(၄) ၂၄ ဦးဖြစ်လျှင်	....	၂၄ ဦးမှ ၃၆ ဦးအထိ တင်သွင်းနိုင်သည်၊

(ည) အမည်စာရင်းထဲမှ လိုအပ်သည့် ကော်မီတီဝင် ဦးရေကို ပြည်သူကောင်စီဝင်များက ရွေးချယ်တင်မြှောက်ရမည်၊

(၄) ရေးရာကော်မီတီဝင်များအဖြစ် ရွေးချယ် တင်မြှောက်ခြင်း ခံရသူများ၏ အမည်စာရင်းကို အလှည့်ကျ သဘာပတိက ပြည်သူ့ကောင်စီသို့ကြေညာရမည်၊

(၅) ရေးရာ ကော်မီတီဝင်များကို သက်ဆိုင်ရာ ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့က ရေးရာကော်မီတီအလိုက် ဖွဲ့စည်း၍ တာဝန်ခွဲဝေပေးအပ်ရမည်။

၁၄။ ရေးရာကော်မီတီအလိုက် အတွင်းရေးမှူးတဦးစီကို အောက်ပါအတိုင်း ရွေးချယ်တင်မြှောက်ရမည်—

(က) အလှည့်ကျ သဘာပတိသည် ဤနည်းဥပဒေများ အရ သက်ဆိုင်ရာ အလုပ်အမှုဆောင်အဖွဲ့က ဖွဲ့စည်း၍ တာဝန် ခွဲဝေပေးသော ရေးရာ ကော်မီတီအလိုက် ကော်မီတီဝင် အားလုံး ပါဝင်သော အတွင်းရေးမှူးလောင်း အမည် စာရင်းများကို ပြုစုရမည်၊

(ခ) ရေးရာ ကော်မီတီအလိုက် အတွင်းရေးမှူးလောင်း အမည် စာရင်းထဲမှ အတွင်းရေးမှူးတဦးစီကို သက်ဆိုင်ရာ ရေးရာ ကော်မီတီဝင်များက ရွေးချယ်တင်မြှောက်ရမည်၊

(ဂ) ရေးရာကော်မီတီ အလိုက် အတွင်းရေးမှူးအဖြစ် ရွေးချယ် တင်မြှောက်ခြင်း ခံရသူများ၏ အမည်စာရင်းကို အလှည့် ကျ သဘာပတိက ပြည်သူ့ကောင်စီသို့ ကြေညာရမည်။

အခန်း (၉)

အလှည့်ကျသဘာပတိ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၅။ ပြည်သူ့ကောင်စီအဆင့်ဆင့်ရှိ အလှည့်ကျသဘာပတိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်—

(က) ပြည်သူ့ကောင်စီ အစည်းအဝေးများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) ပြည်သူ့ကောင်စီ အစည်းအဝေးကို စည်းကမ်းသေဝပ်စေရန် တာဝန်ယူခြင်း၊

(ဂ) ပြည်သူ့ကောင်စီဝင်တဦးဦး၏ ဆွေးနွေးချက်များသည် စည်းကမ်းချက်များနှင့် မကိုက်ညီကြောင်း တွေ့ရှိလျှင် အရေးယူကြပ်မခြင်း၊

(ဃ) ပြည်သူ့ကောင်စီဝင် တဦးသည် သတ်မှတ်ခွင့် ပြုထားသည့် အချိန်ထက်ကျော်လွန်၍ ဆွေးနွေးပြောဆိုနေပါက သတိပေးကြပ်မခြင်း၊

(င) ပြည်သူ့ကောင်စီဝင်တဦးသည် အစည်းအဝေး ရပ်ဆိုင်းရန် သို့မဟုတ် ရွှေ့ဆိုင်းရန် တင်ပြလာပါက ပြည်သူ့ကောင်စီဝင်အများစု၏ သဘောတူညီချက်ကို ရယူ၍ ဆောင်ရွက်ခြင်း၊

(စ) ပြည်သူ့ကောင်စီဝင်တဦးသည် ဆွေးနွေးဆဲ ကိစ္စရပ်တခုကို ရပ်ဆိုင်းရန် သို့မဟုတ် ရွှေ့ဆိုင်းရန် တင်ပြလာပါက ပြည်သူ့ကောင်စီဝင်အများစု၏ သဘောတူညီချက်ကို ရယူဆောင်ရွက်ခြင်း၊

(ဆ) အစည်းအဝေးတွင် မဲခွဲ၍ အဆုံးအဖြတ် ရယူရန် ပေါ်ပေါက်သည့်အခါ လိုအပ်သည့် ပြည်သူ့ကောင်စီဝင်ဦးရေ ပြည့်စေရေးအတွက် အစည်းအဝေးတက်ရောက်ရန် နှိုးဆော်ခြင်း၊ ယင်းသို့ နှိုးဆော်ပြီးနောက် သင့်လျော်သောအချိန်အထိ စောင့်ဆိုင်းသော်လည်း လိုအပ်သည့် ပြည်သူ့ကောင်စီဝင် ဦးရေမပြည့်ပါက အစည်းအဝေးကို ခေတ္တရပ်ဆိုင်းခြင်း၊

(ဇ) ကိစ္စတရပ်သည် အဓိကကိစ္စ သို့မဟုတ် သာမန်ကိစ္စ ဟူ၍ အယူအဆ ကွဲလွဲနေပါက ယင်းပြဿနာကို အစည်းအဝေး တက် ရောက် လာသော ပြည်သူ့ ကောင်စီဝင်ထက်ဝက်ကျော်၏ ဆန္ဒမဲဖြင့် အဆုံးအဖြတ်ပေးခြင်း၊

(ဈ) ကိစ္စတရပ်ရပ်နှင့် ပတ်သက်၍ ပြည်သူ့ ကောင်စီဝင်များက မည်သည့်နည်းဖြင့် ဆန္ဒပေးရမည်ကို ဆုံးဖြတ်သတ်မှတ်ခြင်း၊

(ည) သဘာပတိအဖွဲ့ဟောင်းမှအလှည့်ကျသဘာပတိသည် နောက်တကြိမ် ပြည်သူ့ကောင်စီ ပုံမှန်အစည်းအဝေးတွင် သဘာပတိအဖွဲ့သစ် ရွေးချယ်တင်မြှောက်ပြီး အလှည့်ကျ သဘာပတိထံ တာဝန်လွှဲပြောင်း အပ်နှင်းပြီးသည်အထိ တာဝန်ယူဆောင်ရွက်ခြင်း။

၁၆။ အလှည့်ကျ သဘာပတိသည် အောက်ပါ ကိစ္စရပ်များကို အရေးယူဆောင်ရွက်ရန် ပေါ်ပေါက်ပါက ကျန်သဘာပတိအဖွဲ့ဝင်များနှင့် ညှိနှိုင်း၍ စုပေါင်းဆုံးဖြတ်ရမည် —

(က) ပြည်သူ့ ကောင်စီဝင် တဦးက အစည်းအဝေးတွင် မဖွယ်မရာ ပြုမူပြောဆိုသည့် အတွက် ကျင်းပဆဲ အစည်းအဝေး

ကာလအတွင်း အစည်းအဝေးများသို့ တက်ရောက်ခွင့်မပြုရန် ရက်အကန့်အသတ်ဖြင့် ပိတ်ပင်ခြင်း၊

(ခ) ပြည်သူ့ ကောင်စီဝင် တဦးသည် သဘာပတိအဖွဲ့၏ ခွင့်ပြုချက်မရပဲ သို့မဟုတ် ခိုင်လုံသော အကြောင်းပြချက်မရှိပဲ အစည်းအဝေး တက်ရောက်ရန် ပျက်ကွက်လျှင် မည်သို့ အရေးယူရမည်ကို ညှိနှိုင်းဆုံးဖြတ်ခြင်း၊

(ဂ) ပြည်သူ့ကောင်စီဝင်တဦး၏ ဆွေးနွေးချက်ကို အစည်းအဝေး မှတ်တမ်းတွင် တစုံတခုသော အကြောင်းကြောင့် ထည့်သွင်းရန် သင့် မသင့် ညှိနှိုင်းဆုံးဖြတ်ခြင်း၊

(ဃ) ပြည်သူ့ကောင်စီအစည်းအဝေး၌ ထိန်းသိမ်း၍ မရနိုင်လောက်သော စည်းကမ်းသောက်မှု ပျက်ပြားသည့် အခြေအနေများ ဖြစ်ပေါ်လာပါက အစည်းအဝေးကို ရွှေ့ဆိုင်းခြင်း။

အခန်း (၁၀)

အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၇။ ပြည်သူ့ကောင်စီ အဆင့်ဆင့်ရှိ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်—

(က) အလုပ်အမှုဆောင်အဖွဲ့ကို ဦးဆောင်မှုပေးခြင်း၊

(ခ) အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးများတွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ အစည်းအဝေးများကို ဦးဆောင်ခြင်း၊

(ဂ) ပြည်သူ့ ကောင်စီနှင့် ယင်း လက်အောက်ရှိ ပြည်သူ့ကောင်စီ အဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများက ထိရောက်စွာဆောင်ရွက်စေရန်လည်းကောင်း၊ ရှိရင်းစွဲ ဥပဒေများနှင့်အညီ ဆောင်ရွက်စေရန်လည်းကောင်း လမ်းညွှန်ညွှန်ကြားပေးခြင်း၊

(ဃ) အလုပ် အမှုဆောင်အဖွဲ့ အစည်းအဝေး အစီအစဉ်များကို အတွင်းရေးမှူးနှင့် ညှိနှိုင်းရေးဆွဲအတည်ပြုခြင်း၊

(င) အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးများကို ခေါ်ယူပေးခြင်း၊

(စ) ပြည်သူ့ကောင်စီ အစည်းအဝေး အစီအစဉ်ကို အလုပ်အမှုဆောင်အဖွဲ့၊ သဘာပတိအဖွဲ့တို့နှင့် ညှိနှိုင်းရေးဆွဲခြင်း၊

(ဆ) ပြည်သူ့ကောင်စီ၏ဆုံးဖြတ်ချက်များ၊ အမိန့်များ၊ ညွှန်ကြားချက်များကို လက်မှတ်ရေးထိုးထုတ်ပြန်ခြင်း။

၁၈။ ပြည်သူ့ကောင်စီအဆင့်ဆင့်ရှိ အလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်—

(က) အလုပ်အမှုဆောင်အဖွဲ့နှင့် ပြည်သူ့ကောင်စီ အစည်းအဝေးများတွင် အတွင်းရေးမှူးအဖြစ်ဆောင်ရွက်ခြင်း၊

(ခ) ပြည်သူ့ ကောင်စီ အဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များကို ညှိနှိုင်းပေးခြင်း၊

(ဂ) အလုပ် အမှုဆောင် အဖွဲ့ အစည်းအဝေး အစီအစဉ်များကို ဥက္ကဋ္ဌနှင့် ညှိနှိုင်းရေးဆွဲခြင်း၊

(ဃ) အလုပ် အမှုဆောင် အဖွဲ့၏ ဆုံးဖြတ်ချက်အရ အမိန့်များ၊ ညွှန်ကြားချက်များကို ထုတ်ပြန်ကြေညာခြင်း၊ ယင်းတို့ကို နောက်တကြိမ် ကျင်းပသည့် အလုပ်အမှုဆောင် အစည်းအဝေးတွင် ပြန်လည်တင်ပြ၍ အတည်ပြုချက်ရယူခြင်း၊

(င) အလုပ်အမှုဆောင် အဖွဲ့နှင့် ပြည်သူ့ကောင်စီ အစည်းအဝေး မှတ်တမ်းများကို ထိန်းသိမ်း ထားရှိခြင်း၊ လိုအပ်သလို ဖြန့်ဝေခြင်း၊

(စ) အလုပ်အမှုဆောင် အဖွဲ့၏ ဥက္ကဋ္ဌသည် ယာယီအားဖြင့်တာဝန်ဝတ်တရားများကို ထမ်းဆောင်ခြင်း မပြုနိုင်လျှင် ဥက္ကဋ္ဌ၏ တာဝန်ဝတ်တရားများကို ယာယီပူးတွဲထမ်းဆောင်ခြင်း၊

(ဆ) ပြည်သူ့ကောင်စီရုံးကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဇ) ပြည်သူ့ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့က အခါအားလျော်စွာ ပေးအပ်သော အခြားတာဝန်များကို ဆောင်ရွက်ခြင်း။

အခန်း (၁၁)

အလုပ်အမှုဆောင် အဖွဲ့ဝင်များအား တာဝန်ပေးအပ်ခြင်း

၁၉။ ပြည်သူ့ကောင်စီ ဥပဒေပုဒ်မ ၅၁၊ ၉၈ နှင့် ၁၄၅ တို့အရ အလုပ်အမှုဆောင် အဖွဲ့ဝင်များအား တာဝန်ပေးအပ် ဆောင်ရွက်စေရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည် —

(က) အလုပ် အမှုဆောင် အဖွဲ့သည် ကဏ္ဍတရပ်ရပ်တွင် ယင်းကိုယ်စား ဆောင်ရွက်ရန် အလုပ်အမှုဆောင် အဖွဲ့ဝင်တဦးကို ဖြစ်စေ၊ အလုပ်အမှုဆောင် အဖွဲ့ဝင်များကို ဖြစ်စေ တာဝန်ပေးအပ်နိုင်သည်၊

(ခ) အလုပ်အမှုဆောင်အဖွဲ့သည် နည်းဥပဒေခွဲ (က) အရတာဝန်ပေးအပ်ရာတွင် လိုအပ်ပါက ကဏ္ဍဆိုင်ရာ လုပ်ငန်းများကို ကန့်သတ်၍ လည်းကောင်း၊ အချိန် ကာလကို သတ်မှတ်၍ လည်းကောင်း တာဝန်ပေးအပ်နိုင်သည်၊

(ဂ) အလုပ်အမှုဆောင်အဖွဲ့သည် နည်းဥပဒေခွဲ (က) နှင့် (ခ) အရ တာဝန်ပေးအပ်ခြင်းကို အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေး ဆုံးဖြတ်ချက်အရ တာဝန် ပေးအပ်ရမည်၊

(ဃ) အလုပ် အမှုဆောင်အဖွဲ့သည် အလုပ်အမှုဆောင် အဖွဲ့ဝင်များအား ကဏ္ဍအလိုက် တာဝန်ပေးအပ်ခြင်းကို မိမိနှင့်

သက်ဆိုင်ရာ ပြည်သူ့ ကောင်စီ အဖွဲ့ အစည်းများ၊ ဒေသ ဆိုင်ရာ အခြား အာဏာပိုင် အဖွဲ့ အစည်း များနှင့် ဒေသ ဆိုင်ရာ ဝန်ထမ်း အဖွဲ့အစည်းများသို့ စာ အား ဖြင့် အကြောင်းကြားရမည်၊

(င) ကဏ္ဍအလိုက် ဆောင်ရွက်ရန် တာဝန်ပေးအပ်ခြင်း ခံရသည့် အလုပ်အမှုဆောင်အဖွဲ့ဝင် သို့မဟုတ် အလုပ်အမှုဆောင် အဖွဲ့ ဝင်များသည် မိမိအား တာဝန်ပေးအပ်သည့် ကဏ္ဍနှင့် ပတ် သက်၍ ဆောင်ရွက်ချက်များကို အနီးကပ်ဆုံး အလုပ်အမှု ဆောင် အဖွဲ့အစည်းအဝေးတွင် တင်ပြအတည်ပြုချက် ရယူ ရမည်၊

(စ) အလုပ် အမှုဆောင်အဖွဲ့သည် ကဏ္ဍအလိုက် တာဝန်ပေးအပ် သည့် အလုပ်အမှုဆောင်အဖွဲ့ဝင် သို့မဟုတ် အလုပ်အမှု ဆောင် အဖွဲ့ဝင်များ၏ ဆောင်ရွက်ချက်များကို လိုအပ် ပါက ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက် ခြင်းများ ပြုလုပ်နိုင်သည်။

အခန်း (၁၂)

ရွေးရာကော်မီတီအလိုက် တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၂၀။ ပြည်သူ့ ကောင်စီရွေးရာ ကော်မီတီ အလိုက် တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် —

(က) **ပြည်သူ့ကောင်စီဝင်များ စိစစ်ရေးကော်မီတီ**

(၁) ပြည်သူ့ ကောင်စီဝင် တဦးသည် သက်ဆိုင်ရာမဲဆန္ဒနယ်ရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသော ပြည်သူများကရွေးချယ်တင်မြှောက်ခြင်း ခံရသူ ဟုတ် မဟုတ် စိစစ်ခြင်း၊ သက်ဆိုင်ရာ ရွေးချယ် တင်မြှောက်ပွဲ ကျင်းပရေးကော်မီရှင်က ပေးအပ်သည့် အသိအမှတ် ပြုလွှာများကို စိစစ်အတည်ပြုလက်ခံခြင်း၊

(၂) ပြည်သူ့ ကောင်စီ ဥပဒေတွင် ပြဋ္ဌာန်း ထားသည့်အကြောင်း တရပ်ရပ်ကြောင့် ပြည်သူ့ ကောင်စီဝင်တဦးအား ပြည်သူ့ ကောင်စီဝင် အဖြစ်မှ ရပ်စဲရန်လိုအပ်ပါက စုံစမ်း စစ်ဆေး၍ ပြည်သူ့ ကောင်စီသို့တင်ပြခြင်း၊

(၃) ပြည်သူ့ကောင်စီဝင်တဦးက ပြည်သူ့ကောင်စီဝင်အဖြစ်မှ နုတ်ထွက်ခွင့် တောင်းခံလွှာ တင်သွင်းလျှင် ယင်း

နုတ်ထွက်ခွင့် တောင်းခံလွှာကိုစိစစ်၍ မှတ်ချက်များနှင့် တကွ အလုပ်အမှုဆောင် အဖွဲ့သို့တင်ပြခြင်း၊

(၄) ပြည်သူ့ ကောင်စီဝင်များ လိုက်နာ စောင့်ထိန်းရမည့် စည်းကမ်းတရပ်ရပ်ကို ပြည်သူ့ကောင်စီဝင် တဦးဦးက ချိုးဖောက်ကြောင်း တွေ့ရှိပါက သဘာပတိအဖွဲ့မှ တဆင့် ပြည်သူ့ကောင်စီသို့ တင်ပြခြင်း၊

(၅) ပြည်သူ့ကောင်စီဝင်နေရာလစ်လပ်လျှင် ပြည်သူ့ကောင်စီသို့ တင်ပြခြင်း၊

(၆) ပြည်သူ့ ကောင်စီဝင်များ ရွေးချယ် တင်မြှောက်ခြင်း၊ ပြည်သူ့ကောင်စီဝင်အဖြစ်မှ ရပ်စဲခြင်း၊ ပြည်သူ့ကောင်စီဝင်အဖြစ်မှ နုတ်ထွက်ခြင်းများနှင့်ပတ်သက်၍ ပြည်သူ့ကောင်စီမှ ပေးအပ်သော အခြားတာဝန်များကို ထမ်းဆောင်ခြင်း။

(ခ) စီမံကိန်းနှင့် ဘဏ္ဍာရေးရာကော်မီတီ

(၁) ဆိုရှယ်လစ် စနစ်၏ စီးပွားရေး အခြေခံ များကို တည်ဆောက်နိုင်ရေးအတွက် ပြည်နယ်၊ တိုင်းနှင့် မြို့နယ်၏ သဘာဝ အခြေအနေ၊ ကုန်ထုတ်စွမ်းအားစု အခြေအနေ၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတ ပစ္စည်းအင်အား၊ ကုန်ထုတ်စွမ်းအားနှင့် ကာယဉာဏ စွမ်းအား စသည်တို့ကို လေ့လာ၍ ပြည်နယ်၊ တိုင်းနှင့် မြို့နယ်အတွက် နှစ်ရှည် နှစ်တို စီးပွားရေး စီမံကိန်းများရေးဆွဲနိုင်ရန် အထောက်အကူပြုခြင်း၊

(၂) ပြည်နယ်၊ တိုင်းနှင့် မြို့နယ်အတွင်း စားသုံးရန်သော်လည်းကောင်း၊ အခြားဒေသများသို့ တင်ပို့ရောင်းချရန်သော်လည်းကောင်း မြေပေါ် မြေအောက်၊ ရေပေါ် ရေအောက် သယံဇာတ ပစ္စည်းအင်အား၊ လယ်ယာနှင့် စက်မှုထွက်ကုန်အင်အား အခြေအနေတို့ကို လေ့လာ၍

ပြည်နယ်၊ တိုင်းနှင့် မြို့နယ်အတွက် စီမံကိန်းများချမှတ်နိုင်ရန် အထောက်အကူပြုခြင်း၊

(၃) ပြည်နယ်၊ တိုင်းနှင့် မြို့နယ် စီးပွားရေးစီမံကိန်းများကို အကောင်အထည် ဖော်ရာတွင် စီမံကိန်းများအတိုင်း လိုက်နာ ဆောင်ရွက်ခြင်း ရှိသည် မရှိသည်၊ မည်မျှ မည်မျှ အောင်မြင်မှု ရှိသည် မရှိသည် စသည်တို့ကို စဉ်ဆက်မပြတ် လေ့လာကြည့်ရှု၍ စီမံကိန်းများအောင်မြင်ရေးအတွက် အကြံပေးတင်ပြခြင်း၊

(၄) ပြည်နယ်၊တိုင်းနှင့်မြို့နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းများကို ရေးဆွဲရာတွင် လိုအပ်သလို အထောက်အကူပြုခြင်း၊

(၅) ပြည်သူ့ကောင်စီက အခါအားလျော်စွာ ပေးအပ်လာသည့် ဘဏ္ဍာရေး သို့မဟုတ် ဒေသဆိုင်ရာစီမံကိန်းနှင့် ပတ်သက်သည့် အခြားလုပ်ငန်း တာဝန်များကို ထမ်းဆောင်ခြင်း။

(ဂ) စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောရေးနှင့် တောင်သူလယ်သမားရေးရာကော်မီတီ

(၁) နိုင်ငံတော်၏ မြေယာမူဝါဒများနှင့်အညီ ပြည်နယ်၊ တိုင်းနှင့် မြို့နယ်အတွင်း လယ်ယာကိစ္စရပ်များကို စီမံဦးဆောင်နိုင်ရန် အထောက်အကူပြုခြင်း၊

(၂) သမဝါယမ လယ်ယာစနစ် ပေါ်ထွက်လာရေးအတွက်လည်းကောင်း၊ နိုင်ငံတော် လယ်ယာအဖွဲ့အစည်းများ အကောင်အထည် ဖော်နိုင်ရေးအတွက် လည်းကောင်း နည်းလမ်းများရှာဖွေ၍ အကြံပေးတင်ပြခြင်း၊

(၃) သမဝါယမ လယ်ယာနှင့် နိုင်ငံတော် လယ်ယာများမှ ကုန်ထုတ်လုပ်မှု တိုးတက်စေရေး အတွက် လေ့လာစူးစမ်း၍ တင်ပြခြင်း၊

(၄) ပြည်နယ်၊ တိုင်းနှင့် မြို့နယ် လယ်ယာကဏ္ဍမှအထွက်နှုန်း တိုးတက်မြင့်မားစေရန် ဒေသဆိုင်ရာလယ်ယာကုန်ထုတ် လုပ်ငန်းများ တိုးတက်ရေးအတွက်သိပ္ပံနည်းကျစိုက်ပျိုး ရေး၊ ခေတ်မီ စိုက်ပျိုးရေး၊ လက်မှု လယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ကူးပြောင်းရေး၊ ဘက်စုံစိုက်ပျိုး ရေး၊ ဆည်မြောင်းတာတမံများ တိုးချဲ့ဆောက်လုပ်ရေး နှင့် သီးနှံများဝယ်ယူရရှိ ရေးတို့အတွက်ပြည်သူ့ကောင်စီ က နည်းလမ်းများ ချမှတ်နိုင်ရန် အကြံပေးတင်ပြခြင်း၊

(၅) မွေးမြူရေး လုပ်ငန်းများနှင့် ပတ်သက်၍ အကြံပေး တင်ပြခြင်း၊

(၆) သစ်တောများကို စနစ်တကျထိန်းသိမ်းရေး၊ ကာကွယ် ရေး၊ ထုတ်လုပ်ရေး၊ အစားထိုးစိုက်ပျိုးရေး၊ တိုးချဲ့ စိုက်ပျိုးရေး စသည်တို့ကိုလေ့လာ၍ အကြံပေးတင်ပြ ခြင်း၊

(၇) သစ်တောထွက် ပစ္စည်းများကိုစနစ်တကျ သုံးစွဲရေးနှင့် အခြား ဒေသများသို့ ရောင်းချနိုင်ရေးအတွက် အစီ အစဉ်များကို လေ့လာ၍ တင်ပြခြင်း၊

(၈) တောင်သူလယ်သမားများ၏ နေထိုင်မှု အဆင့်အတန်း များ၊ စား ဝတ် နေရေး အခြေအနေများကို လေ့လာ၍ ယင်း တို့ကို မြှင့်တင် ပေးနိုင်ရန် နည်းလမ်းများ တင်ပြခြင်း၊

(၉) တောင်သူလယ်သမားများ၏ ကုန်ထုတ်လုပ်ငန်းတိုးတက် ရေးနှင့် ဆိုရှယ်လစ် လုပ်အားပြိုင်ဆိုင်မှုများ ထွန်းကား လာစေရေးအတွက် ပြည်သူ့ကောင်စီက လိုအပ်သလို ဆောင်ရွက် နိုင်ရန် အထောက်အကူပြုခြင်း၊

(၁၀) ပြည်သူ့ကောင်စီက အခါအားလျော်စွာ ပေးအပ်လာ သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောရေးနှင့်

တောင်သူ လယ်သမားရေးရာ ဆိုင်ရာ အခြားလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း၊

(ည) သမဝါယမ၊ ကူးသန်းရောင်းဝယ်ရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးရာကော်မီတီ

(၁) သမဝါယမအဖွဲ့အစည်းများဖွဲ့စည်းရေး၊ သမဝါယမအဖွဲ့အစည်းများ၏ဆက်သွယ်ရေး၊ ရောင်းဝယ်ရေး၊ ဖြန့်ဖြူးရေး၊ ထုတ်လုပ်ရေး လုပ်ငန်းများ အောင်မြင်စေရေးအတွက် ပြည်သူကောင်စီကလိုအပ်သည်များဆောင်ရွက်နိုင်ရန် အထောက်အကူပြုခြင်း၊

(၂) သမဝါယမ လယ်ယာစနစ် ပေါ်ထွက်လာရေးအတွက်လည်းကောင်း၊ သမဝါယမများမှ ကုန်ထုတ်လုပ်မှုတိုးတက်စေရေး အတွက်လည်းကောင်း လေ့လာစူးစမ်း၍ တင်ပြခြင်း၊

(၃) ပြည်သူပိုင်ကုန်သွယ်ရေး ကဏ္ဍနှင့် သမဝါယမကုန်သွယ်ရေးကဏ္ဍတို့ တိုးတက် ကျယ်ပြန့်လာရေး အတွက် အထောက်အကူပြုခြင်း၊

(၄) စက်မှုကဏ္ဍနှင့် လယ်ယာကဏ္ဍတို့အပြန်အလှန် ဖြည့်တင်းနိုင်သည့် ကုန်ပစ္စည်းများကို မျှတသော ဈေးနှုန်းဖြင့် ရောင်းဝယ်နိုင်စေရေးအတွက် အထောက်အကူပြုခြင်း၊

(၅) ကုန်ကြမ်း ပစ္စည်းများနှင့် စက်ပစ္စည်းများကို လိုအပ်သော စက်ရုံအလုပ်ရုံများသို့ ဖြည့်တင်းပေးရေး၊ ထုတ်လုပ်ပြီး ပစ္စည်းများအား စားသုံးသူများထံသို့ စနစ်တကျ မှန်ကန်စွာ ဖြန့်ဖြူးရေးတို့နှင့် ပတ်သက်၍ အထောက်အကူပြုခြင်း၊

(၆) ပြည်နယ်၊ တိုင်းနှင့် မြို့နယ်အတွင်း သုံးစွဲရန်လိုအပ်သော လူသုံးကုန်ပစ္စည်းများနှင့် စက်မှုလက်မှုကုန်ကြမ်း၊ ကုန်

ချော ပစ္စည်းများကို အခြားဒေသမှ မှာယူသုံးစွဲနိုင်ရေး အတွက် အထောက်အကူပြုခြင်း၊

(၇) လယ်ယာထွက် သီးနှံများ၊ သစ်တောထွက် ပစ္စည်းများ၊ စက်မှုလက်မှုပစ္စည်းများ၊ အခြား ပစ္စည်းများကိုချမှတ်ထားသော မူဝါဒ ညွှန်ကြားချက်များနှင့်အညီ ပြည်သူ့ကောင်စီက လိုအပ်သလို ဆောင်ရွက်နိုင်ရန် အထောက်အကူ ပြုခြင်း၊

(၈) ပြည်နယ်၊ တိုင်းနှင့် မြို့နယ်အတွင်း စားသုံးကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများကို လိုအပ်သည့်ဒေသများသို့ အချိန်မှန် စဉ်ဆက်မပြတ် ရောက်ရှိစေခြင်းငှာ ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာ ယာဉ်များ အဆင်ပြေစွာ ညှိနှိုင်းရရှိရေးအတွက် အထောက်အကူပြုခြင်း၊

(၉) ပြည်နယ်၊ တိုင်းနှင့် မြို့နယ်အတွင်းရှိစက်ရုံ အလုပ်ရုံများအတွက် လိုအပ်သည့်ကုန်ကြမ်းများ သက်ဆိုင်ရာ စက်ရုံအလုပ်ရုံများသို့ အချိန်မှန်ရောက်ရှိစေခြင်းငှာ လည်းကောင်း၊ ပြည်နယ်၊ တိုင်းနှင့် မြို့နယ်အတွင်းရှိ စက်ရုံအလုပ်ရုံများမှထုတ်လုပ်သည့် ကုန်ပစ္စည်းများ၊ အခြား လယ်ယာထွက် သီးနှံများ၊ သစ်တောထွက် ပစ္စည်းများကို လိုအပ်သည့်ဒေသများသို့အချိန်မှန် ရောက်ရှိစေခြင်းငှာ လည်းကောင်း ပို့ဆောင်ဆက်သွယ်ရေး ဆိုင်ရာ ယာဉ်များ အဆင်ပြေစွာ ညှိနှိုင်းရရှိရေး အတွက် အထောက်အကူပြုခြင်း၊

(၁၀) ပြည်နယ်၊ တိုင်းနှင့် မြို့နယ်အတွင်းတွင် လည်းကောင်း၊ ပြည်နယ်၊တိုင်းနှင့်မြို့နယ်အတွင်းမှ အခြားဒေသများသို့ လည်းကောင်း ပြည်သူလူထု ခရီးသွားလာရာတွင် သက်သာချောင်ချိမှု၊ အဆင်ပြေလွယ်ကူမှု ရှိစေခြင်းငှာ ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာ အစီအမံများစနစ်တကျ ရှိစေရေးအတွက်အထောက်အကူပြုခြင်း၊

(၁၁) ပြည်သူ့ကောင်စီက အခါအားလျော်စွာ ပေးအပ်သည့် သမဝါယမ၊ ကုန်သွယ်ရေး နှင့် ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာ အခြား လုပ်ငန်း တာဝန်များကို ထမ်းဆောင်ခြင်း၊

(င) စက်မှုလက်မှုနှင့်အလုပ်သမားရေးရာကော်မီတီ

(၁) စက်မှုလက်မှု စီမံကိန်းများ ရေးဆွဲရာတွင် ပြည်သူ့ကောင်စီအား အထောက်အကူပြုခြင်း၊

(၂) ခေတ်မီ လယ်ယာစိုက်ပျိုးရေးနှင့် ခေတ်မီ မွေးမြူရေးတို့အတွက် လိုအပ်သည့် စက်မှုကရိယာများရရှိရေးကို အစီအစဉ်ရေးဆွဲ၍ တင်ပြခြင်း၊

(၃) ကုန်ပစ္စည်းများ ထုတ်လုပ်မှုနှင့် ပတ်သက်၍လေ့လာပြီး တင်ပြခြင်း၊

(၄) မိမိတို့ဒေသ၏ စီးပွားရေး စီမံကိန်းဘောင် အတွင်း စက်မှုလက်မှုလုပ်ငန်းများ စနစ်တကျတိုးချဲ့လုပ်ကိုင်နိုင်ရေးအတွက် လေ့လာ၍ တင်ပြခြင်း၊

(၅) အလုပ်သမားများ၏ နေထိုင်မှု အဆင့်အတန်းများ၊ စား ဝတ် နေရေး အခြေအနေများကို လေ့လာ၍ ယင်းတို့ကိုမြှင့်တင်ပေးနိုင်ရန်နည်းလမ်းများတင်ပြခြင်း၊

(၆) အလုပ်သမားများအား လုပ်ငန်း ကျွမ်းကျင်မှုသင်တန်းများ၊ စက်မှုကျွမ်းကျင်မှု သင်တန်းများတက်ရောက်နိုင်စေရန် စီစဉ်ဆောင်ရွက်ပေးနိုင်ရေးအတွက် အထောက်အကူပြုခြင်း၊

(၇) အလုပ်သမားများ၏ ကုန်ထုတ်လုပ်ငန်း တိုးတက်ရေးနှင့် ဆိုရှယ်လစ် လုပ်အား ပြိုင်ဆိုင်မှုများထွန်းကားလာစေရေးအတွက် ပြည်သူ့ ကောင်စီကလိုအပ်သလို ဆောင်ရွက်နိုင်ရန် အထောက်အကူပြုခြင်း၊

(ဂ) ပြည်သူ့ကောင်စီက အခါအားလျော်စွာ ပေးအပ်သည့်၊ စက်မှုလက်မှုနှင့် အလုပ်သမားရေးရာ ဆိုင်ရာအခြား လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း၊

(စ) လူမှုရေးရာကော်မီတီ

(၁) ယဉ်ကျေးမှုနှင့် လူမှုဝန်ထမ်းရေးရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပြည်သူ့ကောင်စီက လိုအပ်သည်များ ဆောင်ရွက်နိုင်ရန် အထောက်အကူပြုခြင်း၊

(၂) ဆိုရှယ်လစ်စနစ် တည်ဆောက်ရေး လုပ်ငန်းများတွင် နိုင်ငံသားများ တက်ကြွစွာ ပါဝင်ရေး၊ သဘောတရား အသိ တိုးတက်မြင့်မားရေး၊ နိုင်ငံတော်၏တရားဥပဒေ များကို လိုက်နာ စောင့်ထိန်းရေးနှင့်ကောင်းမြတ်သော ရိုးရာယဉ်ကျေးမှု အစဉ်အလာများ ထိန်းသိမ်းစောင့် ရှောက်ရေးတို့အတွက် ပညာပေးရေး လုပ်ငန်းများ၌ အထောက်အကူပြုခြင်း၊

(၃) ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ် သက်၍ ပြည်သူ့ကောင်စီက လိုအပ်သည်များ ဆောင် ရွက်နိုင်ရန် အထောက်အကူပြုခြင်း၊

(၄) ပညာသင်ကြားရေးနှင့် လက်တွေ့ ကုန်ထုတ်လုပ်မှု တို့ကို ဆက်စပ်ပေးနိုင်ရေးအတွက် အစီအစဉ်များ ရေးဆွဲ၍ တင်ပြခြင်း၊

(၅) ဆိုရှယ်လစ်စနစ်နှင့်အညီ ကျွမ်းကျင်သူများ မွေးထုတ် လေ့ကျင့်ပေးနိုင်ရေး၊ ကျောင်းသူ ကျောင်းသားများ အား နိုင်ငံကိုချစ်မြတ်နိုးစိတ်၊ နိုင်ငံကိုကာကွယ်လိုစိတ် များ ကိန်းအောင်းလာစေရေးနှင့် ဆိုရှယ်လစ်စနစ် တည်ဆောက်ရေး လုပ်ငန်းများတွင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်နိုင်ရေးတို့အတွက် အထောက်အကူ ပြုခြင်း၊

(၆) လုပ်သားပြည်သူတို့၏ ကျန်းမာရေးအတွက် ကြိုတင်ကာကွယ်ရေး၊ ကုသရေး၊ သုတေသနပြုရေးနှင့်ပညာပေးရေး လုပ်ငန်းရပ်များ၊ အစီအမံများနှင့်ပတ်သက်၍ အထောက်အကူပြုခြင်း၊

(၇) အားကစားလှုပ်ရှားမှုများ၊ ကာယပညာ လုပ်ငန်းရပ်များနှင့် ပတ်သက်၍ အထောက်အကူပြုခြင်း၊

(၈) ပြည်သူ့ကောင်စီက အခါအားလျော်စွာ ပေးအပ်သည့် လူမှုရေးဆိုင်ရာ အခြားလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း၊

(ဆ) တိုင်းရင်းသားလူမျိုးများရေးရာကော်မီတီ

(၁) တိုင်းရင်းသား လူမျိုးများ၏ စည်းလုံး ညီညွတ်ရေး၊ အချင်းချင်း ယိုင်းပင်းကူညီရေးနှင့် ချစ်ကြည်ရေးအတွက် ပြည်သူ့ကောင်စီကလိုအပ်သလို ဆောင်ရွက်နိုင်ရန် အထောက်အကူပြုခြင်း၊

(၂) အခြေခံ ဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို တိုင်းရင်းသားလူမျိုးများ ရရှိခံစားနိုင်စေရေးအတွက် အထောက်အကူပြုခြင်း၊

(၃) ဆိုရှယ်လစ်လူ့ဘောင်နှင့် လိုက်လျော ညီထွေဖြစ်သော တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများအား ဖွံ့ဖြိုး တိုးတက်စေမည့် နည်းလမ်းများကို ပြည်သူ့ကောင်စီမှချမှတ်နိုင်ရန် အထောက်အကူပြုခြင်း၊

(၄) ပြည်သူ့ကောင်စီက အခါအားလျော်စွာ ပေးအပ်သည့် တိုင်းရင်းသား လူမျိုးများ၏ အရေးကိစ္စများနှင့် ပတ်သက်သော အခြားလုပ်ငန်း တာဝန်များကို ထမ်းဆောင်ခြင်း၊

(ဇ) လုံခြုံရေးနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲရေးရာကော်မီတီ

(၁) လုံခြုံရေးနှင့် ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးတို့နှင့် ပတ်သက်၍ ပြည်သူ့ကောင်စီက လိုအပ်သလိုဆောင်ရွက်နိုင်ရန် အထောက်အကူပြုခြင်း၊

(၂) ပြည်သူ့စစ်အဖွဲ့များနှင့် ပတ်သက်၍ ပြည်သူ့ကောင်စီက လိုအပ်သလို ဆောင်ရွက်နိုင်ရန် အထောက်အကူပြုခြင်း၊

(၃) တရားဥပဒေ စိုးမိုးရေးနှင့် စည်းကမ်းသေဝပ်တည်ငြိမ်ရေးတို့အတွက် ပြည်သူ့ကောင်စီက ပြည်သူလူထုအား ပညာပေးနိုင်ရန် အထောက်အကူပြုခြင်း၊

(၄) ပြန်ကြားရေး၊ ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေးနှင့် သက်သာချောင်ချိရေး လုပ်ငန်းများကိုဆောင်ရွက်နိုင်ရန် အထောက်အကူပြုခြင်း၊

(၅) ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများ စည်ပင်သာယာရေးဆိုင်ရာ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှုအတွက် အထောက်အကူပြုခြင်း၊

(၆) ပြည်သူများနှင့် ထိတွေ့၍ ပြည်သူ့ အကျိုးအတွက် ထိရောက်စွာ လုပ်ငန်းတာဝန်များကို ဝန်ထမ်းများက ဆောင်ရွက်နိုင်စေရန် ပြည်သူ့ကောင်စီအားအထောက်အကူပြုခြင်း၊

(၇) ပြည်သူ့ကောင်စီက အခါအားလျော်စွာ ပေးအပ်သည့် လုံခြုံရေးနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲရေးဆိုင်ရာ အခြားလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

အခန်း (၁၃)

ပြည်သူ့ကောင်စီ အစည်းအဝေးများ ခေါ်ယူကျင်းပခြင်း

၂၁။ ပြည်သူ့ကောင်စီဥပဒေပုဒ် [illegible] ၇၉ နှင့် ၈၄ ပါပြဋ္ဌာန်းချက်များအရ [illegible]သတ်မှတ်[illegible] ပြည်သူ့ကောင်စီ [illegible]၏ ပုံမှန်အစည်းအဝေးများကို ကျင်းပ [illegible] သက်ဆိုင်ရာ [illegible]သည် အနည်းဆုံး [illegible]ယ်ရက်ကြိုတင် ဖိတ်ကြားရမည်။

၂၂။ ပြည်သူ့ကောင်စီများ၏ ပုံမှန်အစည်းအဝေးကို သဘာပတိအဖွဲ့က သတ်မှတ်သော ရက်များအတွင်း၊ သတ်မှတ်သည့်အချိန်အတွင်း ကျင်းပရမည်။ အထူးကိစ္စရပ်များအတွက် ပြည်သူ့ကောင်စီ အစည်းအဝေးကို မည်သည့်ရက်တွင်မဆို ကျင်းပနိုင်သည်။

၂၃။ ပြည်သူ့ကောင်စီ ဥပဒေပုဒ်မ ၁၈ ပါ ပြဋ္ဌာန်းချက်များအရ ပြည်သူ့ကောင်စီ အဆင့်ဆင့်၏ အရေးပေါ် အစည်းအဝေး ကျင်းပလျှင် အလုပ်အမှုဆောင်အဖွဲ့သည် အစည်းအဝေးကျင်းပမည့်နေရာသို့ပြည်သူ့ကောင်စီဝင်များ လာရောက်နိုင်ရန် အချိန်လုံလောက်စွာပေး၍ ဖိတ်ကြားရမည်။

၂၄။ ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီ အစည်းအဝေးများကို သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီရုံးစိုက်ရာမြို့တွင်လည်းကောင်း၊ မြို့နယ် ပြည်သူ့ကောင်စီအစည်းအဝေးများကို သက်ဆိုင်ရာ မြို့နယ် ပြည်သူ့ကောင်စီ

ရုံးစိုက်ရာ မြို့တွင်လည်းကောင်း၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အစည်းအဝေးများကိုသက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းတွင် လည်းကောင်း သင့်လျော်သောနေရာတွင် ကျင်းပရမည်။

၂၅။ ပြည်သူ့ကောင်စီ အစည်းအဝေးသို့ တက်ရောက်လာသော ပြည်သူ့ကောင်စီဝင်များသည် ပြည်သူ့ကောင်စီဝင်များ မှတ်ပုံတင်စာအုပ်တွင်လက်မှတ်ရေးထိုးကြရမည်။

၂၆။ ပြည်သူ့ကောင်စီ အစည်းအဝေးသည် ပြည်သူ့ကောင်စီဝင်အားလုံး၏ ခုနစ်ဆယ့်ငါးရာခိုင်နှုန်း တက်ရောက်လာလျှင် အထမြောက်သည်။

၂၇။ ပြည်သူ့ကောင်စီ အစည်းအဝေး အထမြောက်ရန် လိုအပ်သည့် ပြည်သူ့ကောင်စီဝင် ဦးရေတက်ရောက်သဖြင့် ပြည်သူ့ကောင်စီ အစည်းအဝေး အထမြောက်ကြောင်းကို အလုပ်အမှုဆောင်သဘာပတိက အစည်းအဝေးကျင်းပသည့်နေ့တိုင်း ကြေညာရမည်။

၂၈။ သဘာပတိအဖွဲ့၊ အလုပ်အမှုဆောင်အဖွဲ့၊ တရားသူကြီးအဖွဲ့နှင့် လုပ်ငန်းစစ်ဆေးရေးအဖွဲ့များတွင် ပါဝင်သော ပြည်သူ့ကောင်စီဝင်များအား ပြည်သူ့ကောင်စီ အစည်းအဝေးခန်းမတွင် သီးသန့်နေရာ စီစဉ်ပေးရမည်။

၂၉။ ပြည်သူ့ကောင်စီ အစည်းအဝေးအစီအစဉ်ကို ပြည်သူ့ကောင်စီ ဥက္ကဋ္ဌသည် အလုပ်အမှုဆောင် အဖွဲ့နှင့် လည်းကောင်း၊ သဘာပတိအဖွဲ့နှင့် လည်းကောင်း ညှိနှိုင်းရေးဆွဲရမည်။

၃၀။ ပြည်သူ့ကောင်စီ အစည်းအဝေးအစီအစဉ်ကို အစည်းအဝေးဖိတ်စာနှင့် အတူ ပူးတွဲပေးပို့ရမည်။

၃၁။ ပြည်သူ့ကောင်စီ အစည်းအဝေး မူလအစီအစဉ်တွင် မပါဝင်သော အကြောင်းကိစ္စများကို ဖြည့်စွက်လိုပါက အောက်ဖော်ပြပါအတိုင်းဆောင်ရွက်ရမည်—

(က) ပြည်သူ့ကောင်စီဝင် တဦးသည် အစည်းအဝေး ဖိတ်စာနှင့် အတူ ရရှိသည့်အစည်းအဝေးအစီအစဉ်တွင် ဖြည့်စွက်လိုသော

အကြောင်းကိစ္စကိုဖော်ပြ၍ အလုပ်အမှုဆောင်အဖွဲ့သို့ ၃ ရက်ကြိုတင်ပေးပို့ရမည်၊

(ခ) ပြည်သူ့ကောင်စီ အဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများသည် အကြောင်း ကိစ္စပေါ်ပေါက်လာ၍ အစည်းအဝေးအစီအစဉ်တွင် ဖြည့်စွက် ထည့်သွင်းရန်ရှိလျှင် အလုပ်အမှုဆောင်အဖွဲ့သို့ ကြိုတင်ပေးပို့ရမည်၊

(ဂ) အလုပ်အမှုဆောင်အဖွဲ့သည် နည်းဥပဒေခွဲ (က) နှင့် (ခ) အရ လက်ခံရရှိသော အကြောင်းကိစ္စများကို မူလအစီအစဉ်တွင် ထည့်သွင်း၍ အစည်းအဝေး အစီအစဉ် သစ်တရပ်ကို သဘာပတိအဖွဲ့နှင့် ညှိနှိုင်းရေးဆွဲရမည်၊

(ဃ) နည်းဥပဒေခွဲ (ဂ) အရ ရေးဆွဲသော အစီအစဉ်သစ်ကို အလှည့်ကျသဘာပတိက ပြည်သူ့ကောင်စီသို့ ဖတ်ကြားတင်သွင်းရမည်။ ယင်းသို့ ဖတ်ကြားတင်သွင်းသည့် အစီအစဉ်သစ်ကို ပြည်သူ့ကောင်စီဝင်များက ဆွေးနွေးအကြံပေးနိုင်ခွင့်ရှိသည်၊

(င) အစည်းအဝေး အစီအစဉ်သစ်နှင့် ပတ်သက်၍ ပြင်ဆင်ရန်၊ ဖြည့်စွက်ရန် သို့မဟုတ် ရွှေ့ဆိုင်းရန် အဆိုပြုချက်ရှိလျှင် ပြည်သူ့ကောင်စီ၏အဆုံးအဖြတ်ကို ရယူရမည်။ အဆိုပြုချက်မရှိလျှင် အလှည့်ကျသဘာပတိက အစည်းအဝေး အစီအစဉ်ကို ပြည်သူ့ကောင်စီ၏ အတည်ပြုချက်ရယူရမည်၊

(စ) နေ့စဉ်အစည်းအဝေး အစီအစဉ်များကို ပြည်သူ့ကောင်စီဝင်များ သိသာစေရန် အလှည့်ကျသဘာပတိက ကြေညာရမည်။

၃၂။ ပြည်နယ်၊ တိုင်းနှင့် မြို့နယ်ပြည်သူ့ကောင်စီ အစည်းအဝေးများတွင် အဆိုများတင်သွင်းခြင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်—

(က) ပြည်သူ့ ကောင်စီဝင် တဦးသည် အဆို တင်သွင်းလိုလျှင် ကျိုးကြောင်း ဖော်ပြချက်များနှင့် ပူးတွဲလျက် အဆိုလွှာကို

လက်မှတ်ရေးထိုးပြီး အနည်းဆုံး ၄၈ နာရီကြိုတင်၍ သဘာပတိအဖွဲ့သို့ ပေးပို့ရမည်၊

(ခ) ဝမ်းသာကြောင်း အဆိုများ၊ ထောက်ခံကြောင်း အဆိုများ၊ ဝမ်းနည်းကြောင်း အဆိုများ သို့မဟုတ် အရေးပေါ် အခြေအနေအရ တင်သွင်းရန် လိုအပ်သော အဆိုများကို သဘာပတိအဖွဲ့ထံ ကြိုတင်အကြောင်းကြားထားခြင်း မရှိစေကာမူ အလှည့်ကျသဘာပတိက တင်သွင်းခွင့်ပြုလျှင် ပြည်သူ့ကောင်စီ၏ အဆုံးအဖြတ်ရယူ၍ တင်သွင်းဆွေးနွေးနိုင်သည်၊

(ဂ) တင်သွင်းမည့် အဆိုများကို ပြည်သူ့ကောင်စီဝင်များသို့ ဖြန့်ဝေ ထားရမည်၊

(ဃ) သက်ဆိုင်ရာ ပြည်သူ့ကောင်စီသို့ တင်သွင်းသည့် အဆိုများသည် အောက်ပါ စည်းကမ်းချက်များနှင့် ကိုက်ညီရမည်—

(၁) အများပြည်သူနှင့် သက်ဆိုင်ရမည်၊

(၂) လိုရင်း အချက်ကို ရှင်းလင်းတိကျစွာ ရေးသား ဖော်ပြရမည်၊

(၃) အဆိုများကို ရေးသားရာတွင် ပြည်သူ့ကောင်စီမှ "ထောက်ခံကြောင်း"၊ "ယုံကြည်ကြောင်း"၊ "တိုက်တွန်းကြောင်း"၊ "ဆုံးဖြတ်ကြောင်း"၊ "လက်ခံကြောင်း" "ကြေညာကြောင်း" စသည့် သဘောမျိုးဖြင့် ရေးသား ဖော်ပြရမည်၊

(၄) ဘာသာရေးနှင့် နိုင်ငံရေးတို့ကို ရောယှက်သောအဆို၊ တိုင်းရင်းသား စည်းလုံး ညီညွတ်ရေးကိုထိခိုက်သော အဆို သို့မဟုတ်နိုင်ငံတော်ကကျင့်သုံးသည့် ဆိုရှယ်လစ်စနစ်ကို ထိပါးပုတ်ခတ်သောအဆို မဖြစ်စေရ၊

(၅) ပြည်သူ့ကောင်စီဝင် တဦးဦးအား ခိုင်လုံသော အထောက်အထားမရှိပဲ ပုဂ္ဂလဓိဋ္ဌာန်အားဖြင့် ပုတ်ခတ်စွပ်စွဲချက်မျိုး မဖြစ်စေရ၊

(၆) သက်ဆိုင်ရာ ပြည်သူ့ကောင်စီ၏ ဆန္ဒသဘောထားကို ထင်ဟပ် ဖော်ပြသော အဆိုမျိုး ဖြစ်ရမည်။ အခြေခံဥပဒေအရ လည်းကောင်း၊ ပြည်သူ့ ကောင်စီဥပဒေအရ လည်းကောင်း၊ ဤနည်းဥပဒေများအရ လည်းကောင်း ပြည်သူ့ကောင်စီများ၏ လုပ်ပိုင်ခွင့် ဘောင်အတွင်း၌ ခွင့်ပြုထားသောကိစ္စရပ် ဖြစ်ရမည်။

၃၃။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အစည်းအဝေးတွင် အဆိုများ တင်သွင်းခြင်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်—

(က) ပြည်သူ့ကောင်စီဝင်တဦးသည် ပြည်သူ့ကောင်စီ အစည်းအဝေးတွင် အဆိုတင်သွင်းလိုလျှင် သဘာပတိ အဖွဲ့သို့ကြိုတင်အကြောင်းကြားရမည်။ အဆို မိတ္တူတစောင်ကို အလုပ်အမှုဆောင် အဖွဲ့သို့ကြိုတင်ပေးပို့ရမည်၊

(ခ) ပြည်သူ့ကောင်စီသို့ တင်သွင်းသည့် အဆိုသည် အောက်ပါ စည်းကမ်းချက်များနှင့် ကိုက်ညီရမည်—

(၁) မိမိဒေသရှိ ပြည်သူများနှင့် သက်ဆိုင်၍ ပြည်သူများ အကျိုးရှိစေမည့်အဆို ဖြစ်ရမည်၊

(၂) လိုရင်းအချက်ကို ရှင်းလင်းတိကျစွာ ရေးသားဖော်ပြရမည်၊

(၃) ဘာသာရေးနှင့် နိုင်ငံရေးတို့ ရောယှက်သော၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ထိခိုက်သော၊ နိုင်ငံတော်က ကျင့်သုံးသည့် ဆိုရှယ်လစ်စနစ်ကို ထိပါးပုတ်ခတ်သောအဆို မဖြစ်စေရ၊

(၄) ပြည်သူ့ ကောင်စီဝင် တဦးဦးအား ခိုင်လုံသော အထောက်အထားမရှိပဲ ပုဂ္ဂလဓိဋ္ဌာန်အားဖြင့် ပုတ်ခတ် စွပ်စွဲချက်မျိုး မဖြစ်စေရ၊

(၅) အခြေခံဥပဒေအရ လည်းကောင်း၊ ပြည်သူ့ကောင်စီ ဥပဒေအရ လည်းကောင်း၊ ဤနည်းဥပဒေများ အရ လည်းကောင်း ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူ့ ကောင်စီ၏လုပ်ပိုင်ခွင့်ဘောင်အတွင်း၌ ခွင့်ပြုထားသော ကိစ္စရပ်ဖြစ်ရမည်။

၃၄။ ပြည်သူ့ကောင်စီ အစည်းအဝေး၌ ပြည်သူ့ကောင်စီဝင် တဦးဦးက တင်သွင်းသောအဆိုသည် စည်းကမ်းချက်များနှင့် ကိုက်ညီခြင်းရှိ မရှိနှင့် တင် သွင်းခွင့်ပြုမည် မပြုမည်ကို သဘာပတိအဖွဲ့က စိစစ်ဆုံးဖြတ်ရမည်။

၃၅။ ပြည်သူ့ကောင်စီ အစည်းအဝေး၌ ပြည်သူ့ကောင်စီဝင်များက တင်သွင်း သည့်အဆိုများသည် သဘောထားချင်း တူညီနေကြောင်း သဘာပတိအဖွဲ့က တွေ့ရှိလျှင် သဘောထားချင်းတူညီနေသော အဆိုများကို ပေါင်းစပ်၍ အဆို တခုတည်းအဖြစ် တင်သွင်းရန် သက်ဆိုင်ရာ ပြည်သူ့ကောင်စီဝင်များနှင့် ညှိနှိုင်း ဆောင်ရွက်ပေးရမည်။

၃၆။ သဘာပတိအဖွဲ့သည် ပြည်သူ့ကောင်စီသို့ တင်သွင်းရန် ခွင့်ပြုထားသည့် အဆိုများကိုစိစစ်ရာ၌ သက်ဆိုင်ရာဒေသ၏ အကျိုးကိုလည်းကောင်း၊ ပြည်သူ့ ကောင်စီ အစည်းအဝေးကျင်းပသည့် အချိန်ကာလကိုလည်းကောင်း၊ အဆို တင်သွင်းသော အကြောင်းကြားစာကို လက်ခံရရှိသည့် ရှေ့နောက် အစီအစဉ်ကို လည်းကောင်း အခြေခံသုံးသပ်၍ မည်သည့်အဆိုများအား ဦးစားပေးတင်သွင်း ခွင့်ပြုမည်ကို ဆုံးဖြတ်ပြီး အစည်းအဝေး အစီအစဉ်တွင် ထည့်သွင်းရမည်။

၃၇။ ပြည်နယ်၊ တိုင်းနှင့် မြို့နယ်ပြည်သူ့ကောင်စီ အစည်းအဝေးများ၌ တင်သွင်းသည့် အဆိုများနှင့်ပတ်သက်၍ ဆွေးနွေးရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်—

(က) ပြည်သူ့ကောင်စီအဖွဲ့အစည်း တရပ်ရပ်ကဖြစ်စေ၊ ပြည်သူ့ ကောင်စီဝင် တဦးဦးကဖြစ်စေ တင်သွင်းသော အဆိုတရပ်

ကို အလုပ်ကျ သဘာပတိ၏ ခွင့်ပြုချက်ဖြင့် ပြည်သူ့ကောင်စီဝင်များက ဆွေးနွေးခွင့်ရှိသည်၊

(ခ) အဆိုတင်သွင်းသော ပြည်သူ့ကောင်စီဝင် သို့မဟုတ် ပြည်သူ့ကောင်စီအဖွဲ့အစည်း သို့မဟုတ် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းတရပ်ရပ်ကို ကိုယ်စားပြုသူသည် အခြား ပြည်သူ့ကောင်စီဝင်များ၏ ဆွေးနွေးတင်ပြချက်များပြီးဆုံးလျှင် ပြန်လည်ဖြေကြားလိုပါက နောက်တကြိမ် ရှင်းလင်းဖြေကြားခွင့်ရှိသည်၊

(ဂ) ပြည်သူ့ကောင်စီသို့ တင်သွင်းရန် အကြောင်းကြားထားသော အဆိုတရပ် အပေါ်တွင် ပါဝင် ဆွေးနွေး တင်ပြလိုသော ပြည်သူ့ကောင်စီဝင်များ၏ အမည်စာရင်းကို သဘာပတိအဖွဲ့သို့ ၂၄ နာရီ ကြိုတင် တင်သွင်းထားရမည်။ အမည်စာရင်းကို သဘာပတိအဖွဲ့က စိစစ်၍ဆွေးနွေးတင်ပြခွင့်ပြုရမည်။

၃၈။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အစည်းအဝေးတွင် တင်သွင်းသည့် အဆိုများနှင့်ပတ်သက်၍ ဆွေးနွေးရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်—

(က) အဆိုတရပ်နှင့် ပတ်သက်၍ အလုပ်ကျသဘာပတိ၏ ခွင့်ပြုချက်ဖြင့် ဆွေးနွေးခွင့်ရှိသည်၊

(ခ) အဆို တင်သွင်းသော ပြည်သူ့ ကောင်စီဝင် သို့မဟုတ် ပြည်သူ့ကောင်စီ အဖွဲ့အစည်းသို့မဟုတ် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းတရပ်ရပ်ကို ကိုယ်စားပြုသူသည် အခြား ပြည်သူ့ကောင်စီဝင်များ၏ ဆွေးနွေးတင်ပြချက်များ ပြီးဆုံးလျှင် ပြန်လည်ဖြေကြားလိုပါက နောက်တကြိမ် ရှင်းလင်းဖြေကြားခွင့်ရှိသည်။

၃၉။ ပြည်သူ့ကောင်စီ အစည်းအဝေးသို့ တင်သွင်းသည့်အဆိုကို ရုပ်သိမ်းခြင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်းဆောင်ရွက်ရမည်—

(က) ပြည်သူ့ကောင်စီ အဖွဲ့အစည်း တရပ်ရပ်ကဖြစ်စေ၊ ပြည်သူ့

ကောင်စီဝင်တဦးဦးကဖြစ်စေ အဆိုတရပ်ကို တင်သွင်းလိုသည်ဟု သဘာပတိအဖွဲ့ထံ အကြောင်းကြား၍အစည်းအဝေး အစီအစဉ်တွင်ထည့်သွင်း ဖော်ပြထားသော်လည်း ယင်းအဆိုကို ပြည်သူ့ကောင်စီတွင် ဖတ်ကြားတင်သွင်းခြင်း မပြုသေးမီ ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်၊

(ခ) အစည်းအဝေး အစီအစဉ်တွင် ပါဝင်သောအဆိုကို ပြည်သူ့ကောင်စီတွင်ဖတ်ကြားတင်သွင်း၍ ပြည်သူ့ကောင်စီဝင်တဦးက ယင်းအဆိုကို ထောက်ခံပြီးဖြစ်ပါက ပြည်သူ့ကောင်စီ၏ သဘောတူညီချက်ဖြင့်သာ ရုပ်သိမ်းခွင့်ရှိသည်။

၄၀။ ပြည်နယ်၊ တိုင်းနှင့် မြို့နယ်ပြည်သူ့ကောင်စီ အစည်းအဝေးများ၏ အစည်းအဝေးအစီအစဉ်တွင် ဖော်ပြထားသော အဆိုတရပ်အပေါ် ပြင်ဆင်လိုပါက ပြင်ဆင်ချက်အဆိုကို ကြိုတင်၍ သဘာပတိအဖွဲ့ထံ ပေးပို့ရမည်။

၄၁။ အဆိုတရပ်အပေါ်တွင် တင်သွင်းသော ပြင်ဆင်ချက် အဆိုသည် အောက်ပါစည်းကမ်းချက်များနှင့် ကိုက်ညီရမည်—

(က) မူလအဆိုတွင်ပါရှိသောကိစ္စနှင့် တိုက်ရိုက်သက်ဆိုင်ရမည်၊

(ခ) မူလအဆိုနှင့် လုံးဝဆန့်ကျင်သည့်သဘော မသက်ရောက်စေရ၊

(ဂ) မူလအဆိုပေါ်တွင် အသေးအဖွဲ့သဘော ဆောင်သောပြင်ဆင်ချက်အဆို မဖြစ်စေရ၊

(ဃ) ပြင်ဆင်ချက်အဆို တင်သွင်းရာတွင် မူလအဆိုကို ရေးသားထားသည့် အစီအစဉ်အတိုင်း ရည်ညွှန်းဖော်ပြရမည်။

၄၂။ ပြည်နယ်၊ တိုင်းနှင့် မြို့နယ်ပြည်သူ့ကောင်စီ အစည်းအဝေးများတွင် ပြင်ဆင်ချက်အဆို တင်သွင်းသည့်အခါ အောက်ပါအတိုင်းဆောင်ရွက်ရမည်–

(က) ပြင်ဆင်ချက်အဆိုကို ပြည်သူ့ကောင်စီသို့ တင်သွင်းသည့်အခါ ပြင်ဆင်ချက်များနှင့်ပတ်သက်၍ ပြည်သူ့ကောင်စီ၏ဆန္ဒမရယူမီ အလျဉ်းသင့်သလို သဘာပတိက အဆိုနှင့်ပြင်ဆင်ချက်များကို ဖတ်ပြရမည်၊

(ခ) ပြင်ဆင်ချက်အဆိုကို စဉ်းစားဆွေးနွေးရန်လက်ခံခြင်း ပြု မပြု ပြည်သူ့ကောင်စီ၏ ဆန္ဒကို ရှေးဦးစွာရယူရမည်၊

(ဂ) ပြင်ဆင်ချက်အဆိုပေါ်တွင် ပြည်သူ့ကောင်စီ၏ ဆန္ဒကိုရယူပြီး နောက် မူလအဆို သို့မဟုတ် ပြင်ဆင်ချက်အဆိုနှင့် စပ်လျဉ်း၍ ပြည်သူ့ကောင်စီ၏ အဆုံးအဖြတ်ကို ရယူရမည်။

၄၃။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အစည်းအဝေးတွင် တင်သွင်းသည့် အဆိုများနှင့်ပတ်သက်၍ အောက်ပါအတိုင်းဆောင်ရွက်ရမည်—

(က) ပြည်သူ့ကောင်စီဝင်တဦးက တင်သွင်းသည့် အဆိုတရပ်နှင့် ပတ်သက်၍ ပြည်သူ့ကောင်စီဝင်များက ဆွေးနွေးရာတွင် ယင်း တင်သွင်းသည့် အဆိုနှင့် ကွဲလွဲမှုရှိသောအချက်များကို တင်ပြ နိုင်သည်၊

(ခ) အဆိုတရပ်ရပ်ကို အကျေအလည် ဆွေးနွေးညှိနှိုင်းပြီး ပြည်သူ့ ကောင်စီ၏ အဆုံးအဖြတ်ကိုရယူရမည်။

၄၄။ ပြည်သူ့ကောင်စီ အစည်းအဝေးများတွင် ဆွေးနွေးခြင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်းဆောင်ရွက်ရမည်—

(က) ဆွေးနွေးခွင့်ရရှိသော ပြည်သူ့ကောင်စီဝင်တဦးသည် တကြိမ် လျှင် အများဆုံး မိနစ် ၂၀ အထိသာ တင်ပြဆွေးနွေးရမည်၊

(ခ) ပြည်သူ့ကောင်စီဝင် တဦးသည် မိမိတင်ပြဆွေးနွေးခဲ့ခြင်းနှင့် ပတ်သက်၍ ဖြည့်စွက်ရှင်းလင်း တင်ပြလိုလျှင် အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ၁၀ မိနစ်အထိ ထပ်မံတင်ပြ ဆွေးနွေးနိုင်သည်၊

(ဂ) အဆိုတရပ်ကိုစတင်တင်သွင်းခဲ့သော ပြည်သူ့ကောင်စီဝင်သည် အခြား ပြည်သူ့ကောင်စီဝင်များ၏ ဆွေးနွေးချက်များ၊ မေး မြန်းချက်များအပေါ်တွင် ပြည်သူ့ကောင်စီမှ ဆုံးဖြတ်ချက် မချမှတ်မီအလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် ၁၅ မိနစ် အထိ ပြန်လည်ရှင်းလင်း ဖြေကြားခွင့်ရှိသည်၊

(ဃ) နည်းဥပဒေခွဲ (က)၊ (ခ) နှင့် (ဂ) တို့တွင် မည်သို့ပင်ဆိုထားစေကာမူ သက်ဆိုင်ရာ ပြည်သူ့ကောင်စီဝင်က တောင်းခံလျှင် အလှည့်ကျသဘာပတိသည် ပြည်သူ့ကောင်စီလုပ်ငန်း သို့မဟုတ် ဆွေးနွေးဆဲကိစ္စကို အထောက်အကူဖြစ်စေမည်ဟု ယုံကြည်ပါက အချိန်သတ်မှတ်၍ ဆက်လက် ဆွေးနွေးခွင့်ပြုနိုင်သည်။

၄၅။ ပြည်သူ့ကောင်စီ အစည်းအဝေးများတွင် မေးခွန်းများမေးမြန်းခြင်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်—

(က) မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်းများပြုလုပ်ရန် သီးသန့်အချိန်သတ်မှတ်၍ အစီအစဉ်တွင် လိုအပ်သလိုထည့်သွင်းပေးရမည်၊

(ခ) ပြည်သူ့ကောင်စီဝင်များသည် မိမိတို့သိရှိလိုသည့် အကြောင်းကိစ္စရပ်နှင့်ပတ်သက်၍ မေးခွန်းများမေးမြန်းနိုင်သည်။ ယင်းမေးမြန်းချက်များကို သက်ဆိုင်ရာဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက ပြန်လည်ဖြေကြားရမည်၊

(ဂ) မေးမြန်းလိုသည့် ကိစ္စရပ်များကို အစည်းအဝေး မတိုင်မီကြိုတင်၍ စာဖြင့်ဖြစ်စေ၊ အစည်းအဝေး ကျင်းပနေသည့်အချိန်အတွင်း နှုတ်ဖြင့်ဖြစ်စေ အလှည့်ကျသဘာပတိ၏ ခွင့်ပြုချက်ဖြင့် ပြည်သူ့ကောင်စီဝင်များက မေးမြန်းနိုင်သည်။

၄၆။ ပြည်သူ့ကောင်စီ အစည်းအဝေးများတွင် ဆွေးနွေးရာ၌ ဖြစ်စေ၊ အဆိုတင်သွင်းရာ၌ဖြစ်စေ၊ မေးခွန်းမေးမြန်းရာ၌ ဖြစ်စေ—

(က) နိုင်ငံတော်၏ကျေးဇူးသစ္စာကိုဖောက်ဖျက်သော၊ နိုင်ငံတော်၏ အချုပ်အချာအာဏာနှင့် လုံခြုံရေးကိုထိခိုက်စေသော၊ နိုင်ငံတော်က လက်ခံကျင့်သုံးသည့် ဆိုရှယ်လစ်စနစ်ကို ထိပါးပုတ်ခတ်သောစကားများ မပြောဆိုရ၊

(ခ) တိုင်းရင်းသား လူမျိုးများ၏ စည်းလုံးညီညွတ်ရေး၊ အချင်း

ချင်းယိုင်းပင်းကူညီရေး၊ ချစ်ကြည်လေးစားရေးတို့ကို ထိခိုက်ပျက်ပြားစေမည့် စကားများ မပြောဆိုရ၊

(ဂ) မည်သည့်ဘာသာ သာသနာကိုမျှ ပုတ်ခတ်ပြောဆိုခြင်း မပြုရ၊ ဘာသာရေးနှင့် နိုင်ငံရေးတို့ကိုရောယှက်၍ ပြောဆိုခြင်း မပြုရ၊

(ဃ) ပြည်သူ့ကောင်စီဝင် တဦးဦးအား နိုင်လုံသော အထောက်အထားမရှိပဲ ပုဂ္ဂလမိဋ္ဌာန်အားဖြင့် ပုတ်ခတ်စွပ်စွဲ ပြောဆိုခြင်းမပြုရ၊

(င) ရပ်ရွာအေးချမ်း သာယာရေးကို ထိခိုက်စေမည့် စကားများ ပြောဆိုခြင်းမပြုရ။

၄၇။ ပြည်သူ့ကောင်စီဝင်တဦးသည် နည်းဥပဒေ ၄၆ ပါ တားမြစ်ချက်တရပ်ရပ်ကို ချိုးဖောက်ကြောင်း တွေ့ရှိပါက အောက်ပါအတိုင်း ဆောင်ရွက်ရမည်—

(က) အလှည့်ကျသဘာပတိသည် သက်ဆိုင်ရာ တားမြစ်ချက်ကို ချိုးဖောက်ဆန့်ကျင်၍ မပြောကြားရန် သတိပေးရမည့်အပြင် ပြောကြားခဲ့သော စကားရပ်များကို ရုပ်သိမ်းရန် ညွှန်ကြားရမည်၊

(ခ) အလှည့်ကျသဘာပတိ၏ သတိပေးချက်ကို မလိုက်နာပဲ ဆက်လက်ချိုးဖောက်ပါက ယင်းပြည်သူ့ကောင်စီဝင်အား ဆွေးနွေးနေခြင်းကို ရပ်စေ၍ မိမိနေရာတွင် ပြန်ထိုင်ရန် ညွှန်ကြားရမည်၊

(ဂ) ညွှန်ကြားချက်အတိုင်း မလိုက်နာသည့် ပြည်သူ့ကောင်စီဝင်အား မည်သို့အရေးယူရမည်ကို အလှည့်ကျ သဘာပတိက သဘာပတိအဖွဲ့နှင့်ညှိနှိုင်း၍ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်—

(၁) ပြစ်တင်ရှုတ်ချခြင်း၊

(၂) ထိုနေ့အတွက် ဆွေးနွေးခွင့်ရပ်ဆိုင်းခြင်း၊

(၃) ထိုနေ့အတွက် အစည်းအဝေးမှ ထွက်ခွာသွားစေခြင်း၊

(၄) အစည်းအဝေး တက်ရောက်ခွင့် ၇ ရက်ထက် မများ ရပ်သိမ်းခြင်း၊

၄၇။ အဆိုတရပ်နှင့် ပတ်သက်၍ သဘောတူ မတူ ပြည်သူ့ကောင်စီဝင်များ၏ အဆုံးအဖြတ်ကို အသံဖြင့်ဖြစ်စေ၊ လက်ထောင်မဲပေးခြင်းဖြင့်ဖြစ်စေ၊မတ်တတ် ရပ်ပြခြင်းဖြင့်ဖြစ်စေ၊ ဆန္ဒမဲပေးခြင်းဖြင့်ဖြစ်စေ ရယူနိုင်သည်။ ယင်းသို့ အဆုံး အဖြတ် ရယူရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်—

(က) သဘောတူသည့် မဲနှင့် သဘောမတူသည့် မဲအရေ အတွက်ချင်း တူညီနေပါက ယင်းအဆိုနှင့် ပတ်သက်၍ ပြည်သူ့ကောင်စီ၏ အဆုံးအဖြတ်ကို အလှည့်ကျ သဘာပတိက ဒုတိယအကြိမ် ထပ်မံရယူရမည်၊

(ခ) ဒုတိယအကြိမ် အဆုံးအဖြတ်ရယူရာတွင် မဲအရေအတွက်ချင်း ထပ်မံတူညီပါက ယင်းအဆိုနှင့် ပတ်သက်၍ပြည်သူ့ကောင်စီ၏ အဆုံးအဖြတ်ကို အလှည့်ကျသဘာပတိက တတိယအကြိမ် ရယူရမည်၊

(ဂ) တတိယအကြိမ် ထပ်မံ ရယူသော်လည်း မဲအရေအတွက်ချင်း ထပ်မံတူညီပါက အလှည့်ကျသဘာပတိသည် မိမိကြိုက်နှစ် သက်ရာဘက်သို့ ဆန္ဒမဲပေး၍ ဆုံးဖြတ်ရမည်။

၄၈။ ပြည်သူ့ကောင်စီ အစည်းအဝေးများတွင် သော်လည်းကောင်း၊ ပြည်သူ့ကောင်စီအဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများ ၏ အစည်းအဝေးများတွင် သော်လည်းကောင်း ပြည်သူ့ကောင်စီဝင်များ၏ တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြည်နယ်၊ တိုင်းနှင့် မြို့နယ်ပြည်သူ့ ကောင်စီများတွင် အကျဉ်းချုပ်မှတ်တမ်းများ ပြုစုထားရှိရမည်။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီများတွင် သက်ဆိုင်ရာ ပြည်သူ့ကောင်စီဆုံးဖြတ် ချက်များကိုသာ မှတ်တမ်းတင်ထားရှိရမည်။

အခန်း (၁၄)

အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးများ ခေါ်ယူကျင်းပခြင်း

၅၀။ ပြည်နယ်၊ တိုင်းနှင့် မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့များ၏ ပုံမှန်အစည်းအဝေးများကို သာမန်အားဖြင့် ရက်သတ္တ တပတ်လျှင် တကြိမ် အချိန်မှန် ကျင်းပရမည်။ လိုအပ်လျှင် လိုအပ်သလိုကျင်းပ နိုင်သည်။ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးများကို လိုအပ်သလို ကျင်းပရမည်။

၅၁။ အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးတွင် ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးတဦးဦး တက်ရောက်ရမည့်အပြင် အလုပ်အမှုဆောင် အဖွဲ့ဝင်ဦးရေ၏ ထက်ဝက်ကျော် တက်ရောက်မှသာလျှင်အစည်းအဝေးအထမြောက်သည်။ သို့ရာတွင် အလုပ်အမှုဆောင်အဖွဲ့တွင် အဖွဲ့ဝင် ၃ ဦးသာရှိလျှင် သာမန်အားဖြင့် အဖွဲ့ဝင် ၃ ဦး တက်ရောက်မှသာ အစည်းအဝေး အထမြောက်သည်။

၅၂။ နည်းဥပဒေ ၅၁ အရ အစည်းအဝေး အထမမြောက်လျှင် ဒုတိယအကြိမ် အစည်းအဝေးခေါ်ယူ ကျင်းပရမည်။ အဖွဲ့ဝင် ၃ ဦးသာရှိသော အလုပ်အမှုဆောင်အဖွဲ့၏ ဒုတိယအကြိမ် ခေါ်ယူကျင်းပသည့် အစည်းအဝေးတွင် အဖွဲ့ဝင် ၂ ဦး တက်ရောက်ပါက အစည်းအဝေး အထမြောက်သည်။

၅၃။ အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးများတွင် အဖွဲ့ဝင်ဦးရေအားလုံး၏ ထက်ဝက်ကျော်က သဘောတူညီမှသာ ဆုံးဖြတ်ချက်ချမှတ်ရမည်။ အဖွဲ့ဝင် ၃ ဦးသာရှိပြီး အဖွဲ့ဝင် ၂ ဦးသာ တက်ရောက်သည့်အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးတွင် သဘောကွဲလွဲမှုမရှိပဲ ၂ ဦး သဘောတူညီမှသာ ဆုံးဖြတ်ချက်ချမှတ်ရမည်။ သဘောကွဲလွဲမှုရှိပါက ဆုံးဖြတ်ချက်ချမှတ်ခြင်းမပြုပဲ အဖွဲ့ဝင် ၃ ဦး တက်ရောက်သည့် အလုပ်အမှုဆောင် အဖွဲ့အစည်းအဝေးတွင်သာ ဆုံးဖြတ်ချက်ချမှတ်ရမည်။

အခန်း(၁၅)

ရေးရာကော်မီတီ အစည်းအဝေးများ ခေါ်ယူကျင်းပခြင်း

၅၄။ ရေးရာကော်မီတီများ၏ အစည်းအဝေးများ ခေါ်ယူကျင်းပခြင်းနှင့် ပတ်သက်၍ အောက်ပါအတိုင်းဆောင်ရွက်ရမည်—

(က) ပြည်နယ်၊ တိုင်းနှင့် မြို့နယ်ပြည်သူ့ကောင်စီ ရေးရာကော်မီတီများ၏ အစည်းအဝေးကို လိုအပ်သည့်အခါ ခေါ်ယူကျင်းပရမည်၊

(ခ) အစည်းအဝေးများကို သက်ဆိုင်ရာအတွင်းရေးမှူးက ဖိတ်ခေါ်ရမည်၊

(ဂ) အစည်းအဝေးများတွင် သက်ဆိုင်ရာ အတွင်းရေးမှူးက ဦးဆောင်ရမည်။ အတွင်းရေးမှူး မတက်ရောက်နိုင်လျှင် ရေးရာကော်မီတီဝင်တဦးဦးက ဦးဆောင်ရမည်၊

(ဃ) ရေးရာကော်မီတီများ၏ အစည်းအဝေးများတွင် ရေးရာကော်မီတီဝင် ၃ ဦးအနက် ၂ ဦး သဘောတူညီမှုဖြင့် ဆုံးဖြတ်ချက်ချမှတ်နိုင်သည်။ သဘောမတူသော ကော်မီတီဝင်သည် ရေးရာကော်မီတီ၏ အစီရင်ခံစာတွင် မိမိသဘောထားကို ပြည်သူ့ကောင်စီသို့ ပူးတွဲတင်ပြနိုင်ခွင့်ရှိသည်၊

(င) ရေးရာကော်မီတီဝင် ၃ ဦးသာရှိပြီး ၂ ဦးသာ တက်ရောက်သော အစည်းအဝေးတွင် သဘောကွဲလွဲမှုရှိပါက ဆုံးဖြတ်ချက်ချမှတ်ခြင်းမပြုပဲ အဖွဲ့ဝင် ၃ ဦး တက်ရောက်သည့် အစည်းအဝေးတွင်သာ ဆုံးဖြတ်ချက်ချမှတ်ရမည်၊

(စ) ရေးရာကော်မီတီတရပ်မှ ပြည်သူ့ကောင်စီသို့ တင်ပြရန်ရှိသည်တို့ကို ရေးရာကော်မီတီအတွင်းရေးမှူးက တာဝန်ခံတင်ပြရမည်။

၅၅။ ရေးရာကော်မီတီအချင်းချင်း ပူးပေါင်းညှိနှိုင်းရန်ခေါ်ယူသည့် အစည်းအဝေးကိုဖိတ်ကြားသည့် ရေးရာကော်မီတီအတွင်းရေးမှူးက ဦးဆောင်ရမည်။

အခန်း(၁၆)

တာဝန်နှင့်လုပ်ပိုင်ခွင့်များ ခွဲဝေအပ်နှင်းခြင်း

၅၆။ ဗဟိုအာဏာပိုင် အဖွဲ့အစည်းများသည် အခြေခံ ဥပဒေပုဒ်မ ၁၃၂ ပါ လုပ်ငန်းများအပြင် ဥပဒေဘောင်အတွင်း ပြည်သူ့ကောင်စီ အဆင့်ဆင့်က အကောင်အထည်ဖော်နိုင်ရေးအတွက် တာဝန်နှင့်လုပ်ပိုင်ခွင့်များ ခွဲဝေအပ်နှင်းရန် ဆောင်ရွက်သည့်အခါ မည်သည့် ပြည်သူ့ကောင်စီအဆင့်အား မည်သည့် အတိုင်းအတာအထိ တာဝန်နှင့်လုပ်ပိုင်ခွင့်များ ခွဲဝေအပ်နှင်းသင့်သည် စသည့် အချက်များကို စိစစ်ဆုံးဖြတ်ရမည်။

၅၇။ ဗဟို အာဏာပိုင် အဖွဲ့အစည်းများသည် ပြည်သူ့ကောင်စီအဆင့်ဆင့်အား ခွဲဝေအပ်နှင်းလိုသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များကို စိစစ်ဆုံးဖြတ်ပြီးနောက် ကျိုးကြောင်းဖော်ပြ၍ နိုင်ငံတော်ကောင်စီ၏ သဘောတူညီချက် ရယူရမည်။

၅၈။ နိုင်ငံတော်ကောင်စီ၏ သဘောတူညီချက် ရရှိပါက ဗဟိုအာဏာပိုင် အဖွဲ့အစည်းများကသော်လည်းကောင်း၊ ဗဟိုအာဏာပိုင် အဖွဲ့အစည်းများက တာဝန်ပေးအပ်သော အဖွဲ့အစည်းများကသော်လည်းကောင်း ပြည်သူ့ကောင်စီ

အဆင့်ဆင့်အား တာဝန်နှင့်လုပ်ပိုင်ခွင့်များကို အမိန့်ကြော်ငြာစာဖြင့် ခွဲဝေအပ်နှင်းရမည်။

၃၉။ ဗဟို အာဏာပိုင်အဖွဲ့အစည်းများက ခွဲဝေအပ်နှင်းသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များကို အထက်အဆင့် ပြည်သူ့ကောင်စီက အောက်အဆင့်ပြည်သူ့ကောင်စီများသို့ ထပ်ဆင့်ခွဲဝေအပ်နှင်းခြင်းမပြုရ။

အခန်း(၁၇)

အထွေထွေ

၆၀။ ပြည်သူ့ကောင်စီ အဆင့်ဆင့် အလုပ်အမှုဆောင်အဖွဲ့များက ဦးဆောင်၍ ရုံးလုပ်ငန်းအဝဝကို တာဝန်ယူဆောင်ရွက်ရန် ပြည်သူ့ကောင်စီရုံးများကို ဖွဲ့စည်းထားရှိရမည်။

၆၁။ ပြည်သူ့ကောင်စီရုံးများ၏ ဖွဲ့စည်းပုံအင်အားကို ပြည်နယ်နှင့်တိုင်းများအလိုက်လည်းကောင်း၊ မြို့နယ်များအလိုက်လည်းကောင်း၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများအလိုက်လည်းကောင်း လုပ်ငန်းပမာဏအပေါ် အခြေပြု၍သတ်မှတ်ရမည်။

၆၂။ ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များကို ထမြောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ လိုအပ်သည့် အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံး လုပ်နည်းများကို နိုင်ငံတော် ကောင်စီကဖြစ်စေ၊ နိုင်ငံတော်ကောင်စီ၏ သဘောတူညီချက်ဖြင့် ဗဟိုအာဏာပိုင် အဖွဲ့အစည်းများကဖြစ်စေ လိုအပ်သလိုထုတ်ပြန်နိုင်သည်။

ပြည်သူ့လွှတ်တော်ဆိုင်ရာ
နည်းဥပဒေများ

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၁	နိဒါန်း	၁
၂	အခန်း (၁) .... အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်	၂
၃	အခန်း (၂) .... ယာယီသဘာပတိတင်မြှောက်ခြင်း	၃
၄	အခန်း(၃) .... လွှတ်တော်ကိုယ်စားလှယ် ဖြစ်မြောက်ခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲခြင်း	၅
၅	အခန်း (၄) .... သဘာပတိအဖွဲ့	၇
၆	အခန်း (၅) .... နိုင်ငံတော်ကောင်စီ	၁၂

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၇	အခန်း (၆) .... ဗဟိုအာဏာပိုင်အဖွဲ့အစည်းများ	၁၅
၈	အခန်း (၇) .... လွှတ်တော်အဖွဲ့အစည်းများ	၁၈
၉	အခန်း (၈) .... လွှတ်တော်အစည်းအဝေးများ	၃၂
၁၀	အခန်း (၉) .... နိုင်ငံတော်ကောင်စီနှင့်ဗဟိုအာဏာပိုင်အဖွဲ့အစည်းများက လွှတ်တော်သို့ အစီရင်ခံခြင်း	၄၀
၁၁	အခန်း (၁၀) .... မေးခွန်းများနှင့်အဆိုများ	၄၂
၁၂	အခန်း (၁၁) .... ဥပဒေကြမ်း၊ နည်းဥပဒေကြမ်း တင်သွင်းခြင်း၊ ပြည်သူ့သဘောထား ခံယူခြင်း၊ ဆွေးနွေးခြင်း၊ အတည်ပြုပြဋ္ဌာန်းခြင်း	၅၀
၁၃	အခန်း (၁၂) .... လွှတ်တော် ကိုယ်စားလှယ်များ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ	၅၉

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ			စာမျက်နှာ
၁၄	အခန်း (၁၃)	....	....	၆၁
	အခြေခံဥပဒေကို အနက် အဓိပ္ပာယ် ဖွင့်ဆိုခြင်း၊ ပြင်ဆင်ခြင်း			
၁၅	အခန်း (၁၄)	....	....	၆၅
	ပြည်သူ့ကောင်စီများ ဖျက်သိမ်းခြင်း			
၁၆	အခန်း (၁၅)	....	....	၆၈
	လွှတ်တော်ရုံး			
၁၇	အခန်း (၁၆)	....	....	၆၉
	အထွေထွေ			

ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများ

[၁၉၇၄ ခုနှစ်၊ ပြည်သူ့လွှတ်တော်နည်းဥပဒေများ အမှတ် ၄။]

နိဒါန်း

ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြည်သူ့လွှတ်တော်သည် အောက်ပါပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)

အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကိုပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများဟုခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင် ပါရှိသော စကားရပ်များသည် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေတွင်ပါရှိသောစကားရပ်များအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။

အခန်း (၂)

ယာယီသဘာပတိတင်မြှောက်ခြင်း

၃။ လွှတ်တော်၏ ပထမအကြိမ်အစည်းအဝေး ပထမနေ့တွင် ယာယီသဘာပတိကို အောက်ပါအတိုင်း တင်မြှောက်ရမည် —

(က) လွှတ်တော်ရုံးမှ ပုဂ္ဂိုလ်တဦးသည် လွှတ်တော်အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ရမည်၊

(ခ) အစည်းအဝေးတက်ရောက်သော လွှတ်တော်ကိုယ်စားလှယ်များသည် မိမိတို့အထဲမှ လွှတ်တော်ကိုယ်စားလှယ်တဦးအား ယာယီသဘာပတိအဖြစ် တင်မြှောက်ရမည်၊

(ဂ) ယာယီ သဘာပတိတဦး တင်မြှောက်ရန် လွှတ်တော် ကိုယ်စားလှယ်တဦးက အဆိုတင်သွင်း၍ အခြားလွှတ်တော်ကိုယ်စားလှယ်တဦးက ထောက်ခံရမည်၊

(ဃ) အခမ်းအနားမှူးသည် ယင်းအဆိုပြုချက်နှင့် ထောက်ခံချက် ရယူ၍ ယာယီသဘာပတိအဖြစ် တင်မြှောက်ခံရသော လွှတ်တော်ကိုယ်စားလှယ်၏အမည်ကို လွှတ်တော်သို့ကြေညာရမည်၊

(င) ယာယီသဘာပတိသည် လွှတ်တော်ရွေးမှောက်တွင် အောက်ပါအတိုင်း ကတိသစ္စာပြုရမည် —

"ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် လုပ်သားပြည်သူတို့၏ ဆန္ဒဖြင့် ရွေးချယ်တင်မြှောက် တာဝန်ပေးအပ်ခြင်းခံရသော ကျွန်ုပ်သည် အခြေခံဥပဒေနှင့် အခြားဥပဒေများကို ကာကွယ် စောင့်ရှောက်ပါမည်။ လုပ်သားပြည်သူတို့၏ဆန္ဒနှင့်အညီ ဆိုရှယ်လစ်လူ့ဘောင်ကို ဖြောင့်မတ် မှန်ကန်စွာ တည်ဆောက်ပါမည်။ လုပ်သားပြည်သူတို့၏ အကျိုးစီးပွားကိုဦးထိပ်ထား၍ သစ္စာရှိရှိ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဟု လေးနက် တည်ကြည်စွာ ကတိသစ္စာပြုပါသည်။"

အခန်း (၃)

လွှတ်တော်ကိုယ်စားလှယ် ဖြစ်မြောက်ခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် အဖြစ်မှ ရပ်စဲခြင်း

၄။ လွှတ်တော်ကိုယ်စားလှယ် ဖြစ်မြောက်စေရန် အောက်ပါ လိုအပ်ချက်များနှင့် ကိုက်ညီစေရမည်—

(က) သက်ဆိုင်ရာ မဲဆန္ဒနယ်ရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသော ပြည်သူများက အခြေခံဥပဒေနှင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေများအရ တရားဝင်ရွေးချယ်တင်မြှောက် လိုက်ကြောင်းကို ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေး ကော်မရှင်က အသိအမှတ်ပြုခြင်း၊

(ခ) အသိအမှတ်ပြုကြောင်းကို လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီက အတည်ပြုခြင်း၊

(ဂ) ပြဋ္ဌာန်းထားသည့်အတိုင်း ကတိသစ္စာပြုပြီးခြင်း။

၅။ လွှတ်တော်ကိုယ်စားလှယ်များသည် ယာယီ သဘာပတိ ရှေ့မှောက်တွင် အောက်ပါအတိုင်း ကတိသစ္စာပြုရမည်—

"ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် လုပ်သားပြည်သူတို့၏ဆန္ဒဖြင့် ရွေးချယ်

တင်မြှောက်တာဝန်ပေးအပ်ခြင်းခံရသော ကျွန်ုပ် / ကျွန်ုပ်တို့သည် အခြေခံဥပဒေနှင့် အခြားဥပဒေများကို ကာကွယ် စောင့်ရှောက်ပါမည်။ လုပ်သားပြည်သူတို့၏ဆန္ဒနှင့်အညီ ဆိုရှယ်လစ်လူ့ဘောင်ကို ဖြောင့်မတ်မှန်ကန်စွာ တည်ဆောက်ပါမည်။ လုပ်သားပြည်သူတို့၏ အကျိုးစီးပွားကို ဦးထိပ်ထား၍ သစ္စာရှိရှိအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။''

၆။ လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မီတီကို မဖွဲ့စည်းမီနှင့် ယင်းကော်မီတီက လွှတ်တော် ကိုယ်စားလှယ်များ၏ ခန့်အပ်လွှာများကို စိစစ်အတည်မပြုမီ လွှတ်တော်ကိုယ်စားလှယ်များသည် ယာယီအားဖြင့် လွှတ်တော်တွင် ပါဝင်ဆောင်ရွက်နိုင်ခွင့် ရှိသည်။

၇။ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မီတီက စိစစ် အတည်ပြုပြီးလျှင် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်များကို လွှတ်တော်က ထုတ်ပြန်ကြေညာရမည်။

၈။ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၃၉ တွင် ပြဋ္ဌာန်း ပါရှိသည့်အကြောင်းတရပ်ရပ်ကြောင့် လွှတ်တော်ကိုယ်စားလှယ်တဦးဦးသည် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲကြောင်း လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မီတီကတွေ့ရှိလျှင် လွှတ်တော်အစည်းအဝေး ကျင်းပချိန်ဖြစ်ပါက သဘာပတိအဖွဲ့သို့တင်ပြရမည်။သဘာပတိအဖွဲ့က ယင်းကိုယ်စားလှယ်အား လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲကြောင်း ကြေညာရမည်။ လွှတ်တော် အစည်းအဝေးကျင်းပချိန်မဟုတ်လျှင် နိုင်ငံတော်ကောင်စီသို့ တင်ပြရမည်။ နိုင်ငံတော်ကောင်စီက ယင်းကိုယ်စားလှယ်အား လွှတ်တော် ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲကြောင်း ကြေညာရမည်။

အခန်း (၄)

သဘာပတိအဖွဲ့

၉။ (က) ပြည်နယ်နှင့် တိုင်းအသီးသီးမှ လွှတ်တော် ကိုယ်စားလှယ်များသည် မိမိတို့အချင်းချင်းစည်းဝေး၍ ပြည်နယ်နှင့် တိုင်းအလိုက် မိမိတို့အထဲမှ သဘာပတိအဖွဲ့ဝင် တဦးကျစီကို ရွေးချယ်တင်မြှောက်ရမည်၊

(ခ) ရွေးချယ် တင်မြှောက်လိုက်သော သဘာပတိ အဖွဲ့ဝင်များ၏ အမည်စာရင်းကို ယာယီသဘာပတိထံ တင်သွင်းရမည်၊

(ဂ) ယာယီသဘာပတိသည် သဘာပတိ အဖွဲ့ဝင်များ၏ အမည်စာရင်းကို လွှတ်တော်သို့ ဖတ်ကြားတင်ပြ အတည်ပြုချက်ရယူရမည်၊

(ဃ) လွှတ်တော်မှအတည်ပြုပြီးသော သဘာပတိအဖွဲ့ဝင်များ၏အမည်စာရင်းကို ယာယီသဘာပတိက ကြေညာရမည်။

၁၀။ (က) သဘာပတိ အဖွဲ့ဝင်များသည် လွှတ်တော်အစည်းအဝေးကျင်းပသည့် နေ့များတွင် ပြည်နယ်နှင့် တိုင်း အမည်အက္ခရာစဉ်အလိုက် အလှည့်ကျ သဘာပတိများအဖြစ် တာဝန်ယူဆောင်ရွက်ရမည်၊

(ခ) ယာယီသဘာပတိသည် မိမိတာဝန်များကို အလှည့်ကျ သဘာပတိထံ လွှဲပြောင်းအပ်နှင်းရမည်၊

(ဂ) သဘာပတိအဖွဲ့ဟောင်းမှ အလှည့်ကျသဘာပတိသည် နောက်တကြိမ် လွှတ်တော်ပုံမှန်အစည်းအဝေးတွင် သဘာပတိအဖွဲ့သစ် ရွေးချယ် တင်မြှောက်ပြီး အလှည့်ကျသဘာပတိထံ တာဝန် လွှဲပြောင်းအပ်နှင်းပြီးသည်အထိ တာဝန်ယူ ဆောင်ရွက်ရမည်။

၁၁။ အလှည့်ကျသဘာပတိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) လွှတ်တော်အစည်းအဝေးများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ကောင်စီ အတွင်းရေးမှူး၊ ဝန်ကြီးချုပ်၊ ပြည်သူ့တရားသူကြီးအဖွဲ့၊ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့နှင့် ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့များမှ ဥက္ကဋ္ဌများကို ရွေးချယ် တင်မြှောက်သည့်ကိစ္စတွင် ကြီးကြပ်ခြင်း၊

(ဂ) လွှတ်တော်လုပ်ငန်း အဝဝသည် အခြေခံဥပဒေ၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် ကိုက်ညီမှု ရှိ မရှိ၊ စည်းကမ်းကျ မကျ ဆုံးဖြတ်၍ ကြပ်မခြင်း၊

(ဃ) လွှတ်တော် အစည်းအဝေးများကို စည်းကမ်း သေဝပ်စေရန် တာဝန်ယူခြင်း၊

(င) လွှတ်တော်ကိုယ်စားလှယ်တဦး၏ ဆွေးနွေးချက်သည်စည်းကမ်းချက်များနှင့် မကိုက်ညီကြောင်း လွှတ်တော် ကိုယ်စားလှယ်တဦးဦးကတင်ပြလာလျှင် အဆုံးအဖြတ်ပေးခြင်း၊

(စ) လွှတ်တော်ကိုယ်စားလှယ်တဦး၏ အပြုအမူသည် မဖွယ်မရာဖြစ်သည်ဟု ထင်မြင်ယူဆပါက ယင်းလွှတ်တော် ကိုယ်စားလှယ်အား သတိပေးခြင်း၊ သတိပေးခြင်းကိုမနာခံလျှင် လွှတ်တော်မှ ထွက်ခွါသွားရန် ညွှန်ကြားခြင်း၊

(ဆ) လွှတ်တော်အတွင်းတွင် ထိန်းသိမ်း၍ မရနိုင်လောက်အောင် စည်းကမ်းသေဝပ်မှု ပျက်ပြားသောအခြေအနေပေါ်ပေါက်လာလျှင် လွှတ်တော်အစည်းအဝေးကို ခေတ္တရပ်ဆိုင်းခြင်း၊

(ဇ) လွှတ်တော် ကိုယ်စားလှယ်တဦး၏ ဆွေးနွေးချက်များသည် လွှတ်တော်မှ အတည်ပြုထားသော အစည်းအဝေးအစီအစဉ်နှင့် သက်ဆိုင်ကိုက်ညီခြင်း ရှိ မရှိ အဆုံးအဖြတ်ပေးခြင်း၊

(ဈ) လွှတ်တော်ကိုယ်စားလှယ်တဦးသည် သတ်မှတ်ခွင့်ပြုထားသော ဆွေးနွေးနိုင်သည့် အချိန်ထက်ကျော်လွန်၍ ပြောဆိုနေပါက သတိပေးကြပ်မခြင်း၊

(ည) လွှတ်တော် အစည်းအဝေးတွင် မဲခွဲ၍ အဆုံးအဖြတ် ရယူရန် ပေါ်ပေါက်သည့်အခါ လိုအပ်သော လွှတ်တော်ကိုယ်စားလှယ် ဦးရေပြည့်စေရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များအား တက်ရောက်ရန်နှိုးဆော်ခြင်း၊ ယင်းသို့ နှိုးဆော်ပြီးနောက် သင့်လျော်သည့်အချိန်အထိ စောင့်ဆိုင်းသော်လည်း လိုအပ်သည့် ဦးရေမပြည့်ပါက လွှတ်တော်အစည်းအဝေးကို သင့်လျော်သလို ရွှေ့ဆိုင်းခြင်း၊

(ဋ) လွှတ်တော် ကိုယ်စားလှယ်အများစု၏ သဘောတူညီချက်ဖြင့် လွှတ်တော်အစည်းအဝေးကို ရပ်ဆိုင်းခြင်း သို့မဟုတ် ရွှေ့ဆိုင်းခြင်း၊

(ဌ) လွှတ်တော်အစည်းအဝေးကို လိုအပ်လျှင် ခေတ္တရပ်နားခြင်း၊

(ဍ) လွှတ်တော်က ဆုံးဖြတ်ရန် လိုအပ်သောကိစ္စရပ်ကို လွှတ်တော် ကိုယ်စားလှယ်တဦးက အဆိုတင်သွင်း၍ အခြား လွှတ်တော် ကိုယ်စားလှယ်တဦးက ထောက်ခံလျှင် ယင်း အဆိုသည် လွှတ်တော်၏ အဆုံးအဖြတ် လိုအပ်သော အဆိုဖြစ်ကြောင်း ကြေညာ၍ လွှတ်တော်၏ ဆန္ဒကိုရယူခြင်း၊

(ဎ) အကြောင်းကိစ္စရပ်တခုနှင့်ပတ်သက်၍ လွှတ်တော် ကိုယ်စား လှယ်များက မည်သည့်နည်းဖြင့် ဆန္ဒပေးရမည်ကို ဆုံးဖြတ် သတ်မှတ်ခြင်း၊

(ဏ) လွှတ်တော်တွင် အကြောင်းမှုကိစ္စရပ်တခုနှင့် ပတ်သက်၍ မဲခွဲဆုံးဖြတ်ရလျှင် ဆန္ဒမဲအရေအတွက်ကို ကြေညာခြင်း၊

(တ) နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကိစ္စရပ်များကို ဆွေးနွေးစဉ်းစားရန်ရှိလျှင်သော်လည်းကောင်း၊ အခြားလျှို့ဝှက် ကိစ္စရပ်များကို စဉ်းစားဆွေးနွေးရန် ရှိလျှင် သော်လည်းကောင်း လွှတ်တော်အစည်းအဝေးကို တံခါးပိတ်ကျင်းပရန် သဘာပတိအဖွဲ့၏ဆုံးဖြတ်ချက်အရ ကြေညာခြင်း၊

(ထ) လွှတ်တော်တွင် တင်ပြသည့်ကိစ္စရပ်သည် အဓိကကိစ္စ သို့မဟုတ် သာမန်ကိစ္စဟူ၍ အယူအဆကွဲလွဲနေပါက ယင်း ပြဿနာကို လွှတ်တော်အစည်းအဝေး တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ် ထက်ဝက်ကျော်၏ ဆန္ဒမဲဖြင့် အဆုံးအဖြတ်တောင်းခံခြင်း၊

(ဒ) လွှတ်တော်အစည်းအဝေး ကျင်းပနေချိန်အတွင်း လွှတ်တော်အစည်းအဝေး တခုနှင့်တခု ကြားကာလတွင် ပြုလုပ်သော သဘာပတိအဖွဲ့၏ ညှိနှိုင်းအစည်းအဝေးများကို တာဝန်ခံဦးဆောင်ခြင်း။

၁၂။ အောက်ပါ ကိစ္စရပ်များတွင် သဘာပတိအဖွဲ့ တဖွဲ့လုံးက ညှိနှိုင်းဆုံးဖြတ်ရမည် —

(က) လွှတ်တော် ကိုယ်စားလှယ် တဦးက လွှတ်တော်တွင်မဖွယ်မရာ ပြုမူပြောဆိုသည့်အတွက် လွှတ်တော် အစည်းအဝေးများသို့ တက်ရောက်ခွင့် မပြုရန် အကန့်အသတ်ဖြင့် ပိတ်ပင်ခြင်း၊

(ခ) လွှတ်တော်၏ ဂုဏ်သိက္ခာကို ထိပါးစေသော ရေးသားပြောဆိုမှုနှင့် လွှတ်တော်တွင်း ဆောင်ရွက်ချက်များကို အထင်အမြင်မှားစေသော ပြောဆိုမှုများနှင့် ပတ်သက်၍ မည်သို့မည်ပုံ အရေးယူရမည်ကို ဆုံးဖြတ်ခြင်း၊

(ဂ) လွှတ်တော် ကိုယ်စားလှယ်တဦးသည် သဘာပတိအဖွဲ့၏ ခွင့်ပြုချက်မရရှိပဲ သို့မဟုတ် ခိုင်လုံသော အကြောင်းပြချက်မရှိပဲ

လွှတ်တော် အစည်းအဝေး တက်ရောက်ရန် ပျက်ကွက်လျှင် မည်သို့ အရေးယူရမည်ကို ညှိနှိုင်းဆုံးဖြတ်ခြင်း၊

(ဃ) လွှတ်တော် ကိုယ်စားလှယ်တဦး၏ ဆွေးနွေးချက်ကို ထုတ်ပြန်မည့် လွှတ်တော်မှတ်တမ်းတွင် ထည့်သွင်းရန် သင့် မသင့် ဆုံးဖြတ်ခြင်း၊

(င) လွှတ်တော်ကိုယ်စားလှယ်တဦး၏ ဆွေးနွေးချက်များမှ မည်သည့် ဆွေးနွေးချက်များကို နိုင်ငံတော်၏ လျှို့ဝှက်ချက်များ အဖြစ် သတ်မှတ်သင့်သည်ဟု ဆုံးဖြတ်ခြင်း၊

(စ) လွှတ်တော်ကိုယ်စားလှယ်တဦးသည် နိုင်ငံတော်၏ လျှို့ဝှက်ချက်များကို ပြင်ပသို့ ပေါက်ကြားစေရန် ပြုမူပါက မည်ကဲ့သို့ အရေးယူရမည်ကို ဆုံးဖြတ်ခြင်း၊

(ဆ) အစည်းအဝေး ကျင်းပချိန်၌ လွှတ်တော် ကိုယ်စားလှယ် တဦးအား ဖမ်းဆီးနိုင်ရန် ခွင့်ပန်သည့်အခါ လိုအပ်သော အဆုံးအဖြတ်ပေးခြင်း။

အခန်း (၅)

နိုင်ငံတော်ကောင်စီ

၇၃။ လွှတ်တော်သည် နိုင်ငံတော်ကောင်စီကို လွှတ်တော် ကိုယ်စားလှယ်များထဲမှ အောက်ပါ ပုဂ္ဂိုလ်များဖြင့် ရွေးချယ်တင်မြှောက်ဖွဲ့စည်းရမည်—

(က) လွှတ်တော်ကိုယ်စားလှယ်များက ပြည်နယ်နှင့် တိုင်းအလိုက် မိမိတို့အထဲမှတဦးကျစီကို ရွေးချယ်တင်မြှောက်သော နိုင်ငံတော်ကောင်စီဝင် ၁၄ ဦး၊

(ခ) လွှတ်တော်မှ ရွေးချယ်တင်မြှောက်သော နိုင်ငံတော်ကောင်စီဝင် ၁၄ ဦး၊

(ဂ) ဝန်ကြီးချုပ်။

၇၄။ (က) ပြည်နယ်နှင့် တိုင်းအသီးသီးမှ လွှတ်တော် ကိုယ်စားလှယ်များသည်ပြည်နယ်နှင့် တိုင်းအလိုက် မိမိတို့အထဲမှ နိုင်ငံတော်ကောင်စီဝင် တဦးကျစီကို ရွေးချယ်တင်မြှောက်ရမည်၊

(ခ) နိုင်ငံတော်ကောင်စီဝင်အဖြစ် ပြည်နယ်နှင့်တိုင်း တခုစီမှရွေးချယ်ပေးလိုက်သော လွှတ်တော် ကိုယ်စားလှယ်များ၏ အမည်စာရင်းကို သဘာပတိအဖွဲ့ထံ တင်သွင်းရမည်၊

(ဂ) နည်းဥပဒေခွဲ (က) နှင့် (ခ) အရ ရွေးချယ်ခြင်းခံရသော နိုင်ငံတော် ကောင်စီဝင်များ၏ အမည်စာရင်းကို အလှည့်ကျ သဘာပတိက လွှတ်တော်သို့ ကြေညာရမည်။

၁၅။ (က) နိုင်ငံတော်ကောင်စီဝင် ၁၄ ဦးကို လွှတ်တော်မှ ရွေးချယ် တင်မြှောက်ရန် လွှတ်တော်ကိုယ်စားလှယ်များသည် နိုင်ငံတော် ကောင်စီဝင်လောင်း ၁ ဦးမှ ၁၄ ဦးအထိအမည်စာရင်းကို သတ်မှတ်ထားသည့် ပုံစံဖြင့် သဘာပတိအဖွဲ့ထံ တင်သွင်း နိုင်သည်၊

(ခ) နိုင်ငံတော်ကောင်စီဝင်လောင်း အမည်စာရင်းများကို ရရှိသော အခါ ဆန္ဒမဲ အများအနည်းအလိုက် စုဆောင်းစိစစ်၍ နိုင်ငံ တော်ကောင်စီဝင်လောင်း ၁၄ ဦးမှ ၂၁ ဦး အထိ အမည် စာရင်းကိုပြုစုပြီး အလှည့်ကျ သဘာပတိက လွှတ်တော်သို့ ကြေညာရမည်၊

(ဂ) နိုင်ငံတော် ကောင်စီဝင်လောင်း များ၏ အမည်စာရင်းထဲမှ နိုင်ငံတော်ကောင်စီဝင် ၁၄ ဦးကို လွှတ်တော်က ရွေးချယ် တင်မြှောက်ရမည်၊

(ဃ) နိုင်ငံတော် ကောင်စီဝင်များအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံ ရသူများ၏ အမည်စာရင်းကို လွှတ်တော်သို့ အလှည့်ကျ သဘာ ပတိက ကြေညာရမည်။

၁၆။ (က) နည်းဥပဒေ ၁၄ နှင့် ၁၅ အရ ရွေးချယ် တင်မြှောက်လိုက်သည့် နိုင်ငံတော်ကောင်စီဝင်များသည် မိမိတို့အထဲမှ ဥက္ကဋ္ဌ တဦးနှင့် အတွင်းရေးမှူး တဦးကို ရွေးချယ် တင်မြှောက်ရမည်၊

(ခ) နိုင်ငံတော်ကောင်စီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်း ကို အလှည့်ကျ သဘာပတိက လွှတ်တော်သို့တင်ပြ၍ အတည်ပြု ချက် ရယူရမည်။

၁၇။ နိုင်ငံတော်ကောင်စီတွင် တစုံတခုသော အကြောင်းကြောင့် နေရာ လစ်လပ်ခဲ့လျှင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်—

(က) ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၁၅ ပုဒ်မခွဲ (က) အရ ရွေးချယ်တင်မြှောက်ထားသော နေရာလစ်လပ်ပါက သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းမှ လွှတ်တော်ကိုယ်စားလှယ်များက မိမိတို့အထဲမှ ရွေးချယ်တင်မြှောက်ရမည်၊

(ခ) ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၅ ပုဒ်မခွဲ (ခ) အရ ရွေးချယ် တင်မြှောက်ထားသော နေရာလစ်လပ်ပါက နည်းဥပဒေ ၁၅ ကို အခြေခံ၍ လွှတ်တော်ကိုယ်စားလှယ်များက မိမိတို့အထဲမှ ရွေးချယ်တင်မြှောက်ရမည်၊

(ဂ) လစ်လပ်သောနေရာသည် ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးနေရာ ဖြစ်ပါက နည်းဥပဒေခွဲ (က) သို့မဟုတ် (ခ) ပါ ပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံတော်ကောင်စီဝင် နေရာကိုရွေးချယ်ပြီးမှ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်နှင့်အညီ လစ်လပ်သောဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးနေရာကို မိမိတို့အထဲမှ ရွေးချယ်တင်မြှောက်၍ လွှတ်တော်၏ အတည်ပြုချက်ကိုရယူရမည်။

အခန်း (၆)

ဗဟိုအာဏာပိုင်အဖွဲ့အစည်းများ

၁ဂ။ (က) လွှတ်တော်သည် ဗဟိုအာဏာပိုင် အဖွဲ့အစည်းများကို ပြည်ထောင်စု လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၁၆၊ ၁၇၊ ၁ဂ နှင့် ၁၉ တို့တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဖွဲ့စည်းရမည်၊

(ခ) ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၁၆၊ ၁၇၊ ၁ဂ နှင့် ၁၉ တို့တွင် ဖော်ပြထားသည့် ကန့်သတ်ချက်များအတွင်း ဗဟိုအာဏာပိုင် အဖွဲ့အစည်းအသီးသီးတွင် လိုအပ်သည့် အဖွဲ့ဝင် အရေအတွက်ကို အခြေခံဥပဒေပုဒ်မ ၆၄ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ ရွေးချယ်တင်မြှောက်ထားသော နိုင်ငံတော်ကောင်စီ ဝင်များက သတ်မှတ်ပေးရမည်၊

(ဂ) ဗဟိုအာဏာပိုင်အဖွဲ့အစည်း အသီးသီးကို လွှတ်တော်မှ ရွေးချယ် တင်မြှောက်နိုင်ရန် သင့်လျော်သော လွှတ်တော် ကိုယ်စားလှယ် များ၏ အမည်စာရင်းများကို အခြေခံဥပဒေပုဒ်မ ၆၄ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ ရွေးချယ်တင်မြှောက် ထားသော နိုင်ငံတော် ကောင်စီဝင်များက သဘာပတိအဖွဲ့ထံ တင်သွင်း ရမည်၊

(ဃ) ဗဟိုအာဏာပိုင် အဖွဲ့အစည်းအသီးသီး၏ အဖွဲ့ဝင်လောင်းများ၏ အမည်စာရင်းများကို အလှည့်ကျ သဘာပတိက လွှတ်တော်သို့ ကြေညာပြီး ဗဟိုအာဏာပိုင် အဖွဲ့အစည်း အသီးသီးကို လွှတ်တော်ကိုယ်စားလှယ်များက ရွေးချယ်တင်မြှောက်ရမည်၊

(င) လွှတ်တော်က ရွေးချယ်တင်မြှောက်သော ဗဟိုအာဏာပိုင် အဖွဲ့အစည်းအသီးသီး၏ အဖွဲ့ဝင် အမည်စာရင်းများကို အလှည့်ကျ သဘာပတိက လွှတ်တော်သို့ ကြေညာရမည်။

၁၉။ (က) ဝန်ကြီးအဖွဲ့သည် ဝန်ကြီးချုပ်တဦးကို ဝန်ကြီးအဖွဲ့ဝင်များထဲမှ ရွေးချယ် တင်မြှောက်ပြီး နိုင်ငံတော် ကောင်စီမှ တဆင့် လွှတ်တော်သို့ တင်ပြရမည်၊

(ခ) ပြည်သူ့တရားသူကြီးအဖွဲ့၊ ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့၊ ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ အသီးသီးသည် ဥက္ကဋ္ဌတဦးစီကို မိမိတို့အထဲမှ ရွေးချယ်တင်မြှောက်ပြီး နိုင်ငံတော်ကောင်စီမှ တဆင့် လွှတ်တော်သို့ တင်ပြရမည်။

၂၀။ (က) ဗဟိုအာဏာပိုင် အဖွဲ့အစည်း တရပ်ရပ်တွင် တစုံတခုသော အကြောင်းကြောင့် အဖွဲ့ဝင်နေရာ လစ်လပ်ခဲ့လျှင် အခြေခံ ဥပဒေပုဒ်မ ၆၄ ပုဒ်မခွဲ (က) နှင့် (ခ) တို့ အရ ရွေးချယ် တင်မြှောက် ထားသော နိုင်ငံတော် ကောင်စီဝင် များက စုပေါင်း၍ တင်သွင်းသည့် လွှတ်တော်ကိုယ်စားလှယ် စာရင်း ထဲမှ သက်ဆိုင်ရာ အဖွဲ့ဝင်အဖြစ် လွှတ်တော်က ရွေးချယ် တင်မြှောက်ရမည်၊

(ခ) လစ်လပ်သောနေရာသည် ဝန်ကြီးချုပ်ဖြစ်ပါက ပြည်သူ့လွှတ် တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်နှင့် အညီ ရွေးချယ်တင်မြှောက်နိုင်သည်၊

(ဂ) လစ်လပ်သောနေရာသည် ပြည်သူ့ တရားသူကြီးအဖွဲ့၊ ပြည်သူ့ ဥပဒေအကျိုးဆောင်အဖွဲ့နှင့် ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ အသီးသီးတို့၏ ဥက္ကဋ္ဌဖြစ်ပါက သက်ဆိုင်ရာ အဖွဲ့ဝင်နေရာကို ရွေးချယ်ပြီးမှ ပြည်သူ့လွှတ်တော် ဆိုင်ရာ ဥပဒေ ပုဒ်မ ၂၁ ပုဒ်မခွဲ (ဂ)ပါ ပြဋ္ဌာန်းချက်နှင့်အညီ မိမိတို့အထဲမှ ရွေးချယ် တင်မြှောက်ရမည်။

အခန်း(၇)

လွှတ်တော်အဖွဲ့အစည်းများ

၂၁။ (က) နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးရာကော်မီတီကို ဖွဲ့စည်းနိုင်ရန် လိုအပ်သောနိုင်ငံတော်ကောင်စီဝင် ၄ ဦးတို့၏ အမည်စာရင်းကို ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၄ ပုဒ်မခွဲ (က) အပိုဒ် (၁) ပါ ပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံတော်ကောင်စီက လွှတ်တော်သို့ တင်သွင်းရမည်၊

(ခ) နိုင်ငံတော် ကောင်စီက တင်သွင်းသော အမည် စာရင်းကို အလှည့်ကျ သဘာပတိက လွှတ်တော်သို့ တင်ပြအတည်ပြုချက် ရယူရမည်။

၂၂။ (က) ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇ ပုဒ်မခွဲ (က) တွင် ပြဋ္ဌာန်းထားသည့် ကန့်သတ်ချက်အတွင်း လွှတ်တော်ရေးရာကော်မီတီတခုစီတွင် ပါဝင်ရမည့် လွှတ်တော်ကိုယ်စားလှယ် ဦးရေကို နိုင်ငံတော်ကောင်စီက သတ်မှတ်ပေးရမည်၊

(ခ) လွှတ်တော်ရေးရာကော်မီတီများကို ရွေးချယ်တင်မြှောက်နိုင်ရန် နိုင်ငံတော်ကောင်စီသည် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၆ တွင် ပြဋ္ဌာန်းထားသည့် ရေးရာကော်မီတီများကိုလွှတ်တော်

မှ ရွေးချယ်တင်မြှောက်နိုင်ရန် သင့်လျော်သော လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကို သဘာပတိ အဖွဲ့ထံ တင်သွင်းရမည်၊

(ဂ) အလှည့်ကျ သဘာပတိသည် နိုင်ငံတော်ကောင်စီက တင်သွင်းသော လွှတ်တော်ရေးရာ ကော်မီတီဝင်လောင်းများ၏ အမည်စာရင်းကို လွှတ်တော်သို့ ကြေညာပြီး လိုအပ်သည့် လွှတ်တော်ရေးရာကော်မီတီဝင်ဦးရေကို လွှတ်တော်ကိုယ်စားလှယ်များက ရွေးချယ်တင်မြှောက်ရမည်၊

(ဃ) အလှည့်ကျသဘာပတိသည် လွှတ်တော်က ရွေးချယ်တင်မြှောက်သော လွှတ်တော်ရေးရာ ကော်မီတီဝင်များ၏ အမည်စာရင်းကို လွှတ်တော်သို့ ကြေညာရမည်။

၂၃။ နိုင်ငံတော်ကောင်စီသည်—

(က) လွှတ်တော်က ရွေးချယ်တင်မြှောက်လိုက်သော လွှတ်တော်ရေးရာ ကော်မီတီဝင်များကို လွှတ်တော်ရေးရာ ကော်မီတီ အလိုက် တာဝန်ခွဲဝေဖွဲ့စည်းပေးရမည်၊

(ခ) လွှတ်တော်ရေးရာကော်မီတီများတွင် တာဝန်ယူဦးဆောင်ရမည့် အတွင်းရေးမှူး အသီးသီးကို သက်ဆိုင်ရာ လွှတ်တော်ရေးရာ ကော်မီတီဝင်များထဲမှ ရွေးချယ်၍ တာဝန်ပေးအပ်ရမည်၊

(ဂ) ဖွဲ့စည်းပြီးသော လွှတ်တော်ရေးရာကော်မီတီများ စာရင်းကို လွှတ်တော်သို့တင်ပြရမည်။

၂၄။ နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးရာကော်မီတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးတို့နှင့် ပတ်သက်၍ လွှတ်တော်က မူဝါဒများ ချမှတ်နိုင်ရန် နိုင်ငံတော် ကောင်စီအား အထောက်အကူပြုခြင်း၊

(ခ) လွှတ်တော်မှ စစ်ကြောရန် သို့မဟုတ် စစ်ပြေငြိမ်းရန်လိုအပ်လျှင် နိုင်ငံတော်ကောင်စီမှ တဆင့် လွှတ်တော်သို့ အကြံပေး တင်ပြခြင်း၊

(ဂ) နိုင်ငံတော် ကာကွယ်ရေးအတွက် လိုအင်မည့် ကာကွယ်ရေးအဖွဲ့ အစည်းများ၏ အနေအထား၊ အရွယ်အစားတို့နှင့် စပ်လျဉ်း၍ လေ့လာပြီး အမြဲတန်းထားရှိသင့်သော ကာကွယ်ရေး အဖွဲ့ အစည်းများ မည်မျှရှိသင့်ကြောင်းကို နိုင်ငံတော် ကောင်စီသို့ တင်ပြခြင်း။

၂၅။ လွှတ်တော်ရေးရာ ကော်မီတီများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ မှာအောက်ပါအတိုင်းဖြစ်သည်—

(က) **လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မီတီ**

(၁) လွှတ်တော်ကိုယ်စားလှယ်တဦးသည် သက်ဆိုင်ရာ မဲဆန္ဒနယ်ရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသော ပြည်သူများကရွေးချယ် တင်မြှောက်ခြင်းခံရသူ ဟုတ် မဟုတ်စိစစ်ခြင်း၊

(၂) လွှတ်တော် ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲသင့်ကြောင်းတွေ့ရှိလျှင် တွေ့ရှိချက်ကို နိုင်ငံတော်ကောင်စီသို့ တင်ပြခြင်း၊

(၃) လွှတ်တော် ကိုယ်စားလှယ်တဦးက လွှတ်တော် ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ခွင့်တောင်းခံလျှင် ယင်းနုတ်ထွက်ခွင့် တောင်းခံလွှာကို စိစစ်၍ မှတ်ချက်များနှင့်တကွ နိုင်ငံတော်ကောင်စီသို့ တင်ပြခြင်း၊

(၄) လွှတ်တော် ကိုယ်စားလှယ်များနှင့် ပတ်သက်၍ ကိုယ်ရေးမှတ်တမ်းများနှင့် အခြားမှတ်တမ်းများကို လွှတ်တော်ရုံးမှ ပြုစုထားရှိရေးအတွက် နည်းလမ်းများကို အကြံပေးခြင်း၊

(၅) လွှတ်တော်၏ သိက္ခာကို စောင့်ထိန်းရန် ပြဋ္ဌာန်းချက်တရပ်ရပ်ကို လွှတ်တော်ကိုယ်စားလှယ် တဦးဦးက ချိုး

ဖောက်ကြောင်း တွေ့ရှိပါက သဘာပတိအဖွဲ့သို့ တင်ပြခြင်း၊

(ခ) ဘဏ္ဍာရေးနှင့် အမျိုးသားစီမံကိန်း ရေးရာကော်မီတီ

(၁) ဆိုရှယ်လစ် စီးပွားရေးစနစ် တည်ဆောက်ရေးအတွက် မူဝါဒများချမှတ်နိုင်ရန် အထောက်အကူ ပြုခြင်း၊

(၂) သယံဇာတ ပစ္စည်းအင်အား၊လယ်ယာနှင့်စက်မှုထွက်ကုန် အင်အား အခြေအနေတို့ကို လေ့လာ၍ လွှတ်တော်မှ စီမံကိန်းအရပ်ရပ် ချမှတ်နိုင်ရန် အထောက်အကူပြုခြင်း၊

(၃) နိုင်ငံတော်အတွက် လိုအပ်မည့် အမျိုးသား စီမံကိန်း များကို လွှတ်တော်မှ ချမှတ်နိုင်ရန် အထောက်အကူ ပြုခြင်း၊

(၄) စီမံကိန်းများ အောင်မြင်ရေး အတွက် လိုအပ်သလို လမ်းညွှန်နိုင်ရန် အခါအားလျော်စွာ အကြံဥာဏ်များ တင်ပြခြင်း၊

(ဂ) သမဝါယမ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောရေးရာ ကော်မီတီ

(၁) သမဝါယမ အဖွဲ့အစည်းများ ဖွဲ့စည်းရေး၊ သမဝါယမ အဖွဲ့အစည်းများ၏ လုပ်ငန်းရပ်များ အောင်မြင်ရေး အတွက် မူဝါဒများချမှတ်နိုင်ရန် အထောက်အကူပြုခြင်း၊

(၂) နိုင်ငံတော်၏ မြေယာမူဝါဒများ ချမှတ်နိုင်ရေးအတွက် အထောက်အကူပြုခြင်း၊

(၃) သမဝါယမလယ်ယာစနစ် ပေါ်ထွက်လာရေး အတွက် လည်းကောင်း၊ နိုင်ငံတော် လယ်ယာ အဖွဲ့အစည်းများ အကောင်အထည်ဖော်နိုင်ရေး အတွက် လည်းကောင်း နည်းလမ်းများ ရှာဖွေ၍အကြံပေးတင်ပြခြင်း၊

(၄) သမဝါယမ လယ်ယာအဖွဲ့အစည်းများနှင့် နိုင်ငံတော် လယ်ယာအဖွဲ့အစည်းများမှစိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရေးအတွက် လေ့လာတင်ပြခြင်း၊

(၅) မွေးမြူရေး လုပ်ငန်းများနှင့်ပတ်သက်၍ အကြံပေးတင်ပြခြင်း၊

(၆) သစ်တောများကို စနစ်တကျ ထိန်းသိမ်းရေး၊ ကာကွယ်ရေး၊ ထုတ်လုပ်ရေး၊ အစားထိုးစိုက်ပျိုးရေး၊ တိုးချဲ့စိုက်ပျိုးရေး စသည်တို့ကို လေ့လာ၍ အကြံပေးတင်ပြခြင်း၊

(၇) သစ်တောထွက် ပစ္စည်းများ ပြည်တွင်းတွင် စနစ်တကျ သုံးစွဲနိုင်ရေးနှင့် ပြည်ပသို့ ရောင်းချနိုင်ရေးအတွက် အကြံပေးတင်ပြခြင်း၊

(ဃ) **ကူးသန်းရောင်းဝယ်ရေးရာကော်မီတီ**

(၁) ပြည်သူပိုင် ကုန်သွယ်ရေးကဏ္ဍနှင့် သမဝါယမပိုင် ကုန်သွယ်ရေးကဏ္ဍတို့ အပြန်အလှန် အထောက်အကူပြု၍ တိုးတက်ကျယ်ပြန့်လာစေရန် ကုန်သွယ်ရေး မူဝါဒများကို ချမှတ်နိုင်ရေးအတွက် အထောက်အကူပြုခြင်း၊

(၂) ပြည်ပကူးသန်း ရောင်းဝယ်ရေးအတွက် လိုအပ်သော လမ်းညွှန်ချက်များကို ချမှတ်နိုင်ရန် အထောက်အကူပြုခြင်း၊

(၃) ပြည်တွင်း လူသုံးကုန်ပစ္စည်းများ၊ စက်မှုလက်မှု ကုန်ကြမ်း ကုန်ချောပစ္စည်းများနှင့် စက်ရုံအလုပ်ရုံများတည်ဆောက်ရေးအတွက် လိုအပ်သောပစ္စည်းများကို ပြည်ပမှ မှာယူသုံးစွဲနိုင်ရေးနှင့် ပတ်သက်၍ လမ်းညွှန်မှုများ ချမှတ်နိုင်ရန် အထောက်အကူ ပြုခြင်း၊

(၄) ကုန်ကြမ်း ပစ္စည်းများနှင့် စက်ပစ္စည်းများကို လိုအပ်သော စက်ရုံ၊ အလုပ်ရုံများသို့ ဖြည့်တင်းပေးရေး၊ ထုတ်လုပ်ပြီး

သော ပစ္စည်းများအား စားသုံးသူများထံသို့ စနစ်တကျ ဖြန့်ဖြူးရေးတို့ကို လေ့လာ၍ လိုအပ်သလို လမ်းညွှန်မှုပြုနိုင်ရန် အထောက်အကူပြုခြင်း၊

(င) စက်မှုလက်မှုနှင့် သယံဇာတ ပစ္စည်းရေးရာကော်မီတီ

(၁) သယံဇာတ ပစ္စည်းများကို ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်း၊ ထုတ်ဖော်လုပ်ကိုင် သုံးစွဲခြင်းတို့နှင့် ပတ်သက်၍ မူဝါဒများ ချမှတ်နိုင်ရန် လေ့လာတင်ပြခြင်း၊

(၂) စက်မှုလက်မှု ထွန်းကားရေးအတွက် စီမံကိန်းများ၊ အစီအစဉ်များကို ချမှတ်နိုင်ရန် အထောက်အကူပြုခြင်း၊

(၃) ခေတ်မီ လယ်ယာစိုက်ပျိုးရေးနှင့် ခေတ်မီ မွေးမြူရေးတို့အတွက် လိုအပ်သည့်စက်မှုလက်မှု ကိရိယာများ ရရှိရေးတွင် လမ်းညွှန်မှုများ ချမှတ်နိုင်ရန် အထောက်အကူ ပြုခြင်း၊

(၄) ကုန်ထုတ်လုပ်မှုနှင့် ပတ်သက်၍ လေ့လာ တင်ပြခြင်း၊

(၅) ဓါတ်သတ္တုပစ္စည်း၊ လောင်စာများနှင့် လျှပ်စစ်ဓါတ်အား ထုတ်လုပ်ရေးတို့ကို တိုးချဲ့နိုင်ရေးအတွက် လေ့လာတင်ပြခြင်း၊

(၆) ပြည်တွင်း ဖူလုံမှုရှိစေမည့် စီးပွားရေး တည်ဆောက်နိုင်ရန် လေ့လာတင်ပြခြင်း၊

(၇) နိုင်ငံတော်ကို စက်မှုထွန်းကားသော နိုင်ငံအဖြစ်သို့ ရောက်ရှိရေးအတွက် နည်းလမ်းများ ရှာဖွေ၍တင်ပြခြင်း၊

(စ) ဆောက်လုပ်ရေးနှင့် ပို့ဆောင်ဆက်သွယ် ရေးရာကော်မီတီ

(၁) လမ်း၊ အိုးအိမ်၊ အဆောက်အဦ၊ မြို့၊ ကျေးရွာတည်ဆောက်ခြင်းတို့နှင့် ပတ်သက်၍ မူဝါဒများ ချမှတ်နိုင်ရန် တင်ပြခြင်း၊

(၂) ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်းနှင့် အခြား သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ စနစ်တကျ ရှိစေရေး၊ ခေတ်မီတိုးတက်စေရေးတို့အတွက် လမ်းညွှန်ချက်များ ချမှတ်နိုင်ရန် အစီအစဉ်များ၊ နည်းလမ်းများ ရေးဆွဲ တင်ပြခြင်း၊

(၃) ပြည်တွင်း ပြည်ပ ဆက်သွယ်ရေး လုပ်ငန်းများ တိုးတက် ကောင်းမွန်၍ စနစ်တကျရှိရန်နှင့် ခေတ်မီတိုးတက်ရန် နည်းလမ်းများ ရေးဆွဲတင်ပြခြင်း၊

(ဆ) သိပ္ပံနှင့် နည်းပညာရေးရာကော်မီတီ

(၁) သိပ္ပံနှင့် နည်းပညာများ တိုးတက်ရေးအတွက် လိုအပ် သော အခြေခံ သုတေသန လုပ်ငန်းများနှင့် လက်တွေ့ သုတေသန လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး အတွက် တင်ပြခြင်း၊

(၂) ဆိုရှယ်လစ် စီးပွားရေးစနစ်၏ လုပ်ငန်းတာဝန်အသီးသီး ကို ဆောင်ရွက်ရန် လိုအပ်သည့် နည်းပညာ၊ အတတ် ပညာ၊ ကျွမ်းကျင်မှုနည်းလမ်းများ ဆိုင်ရာ လေ့ကျင့်မှု အစီအစဉ်များ ရေးဆွဲတင်ပြခြင်း၊

(၃) စက်မှုကဏ္ဍမှ ကုန်ထုတ်လုပ်မှုနှုန်း တိုးတက်စေရန် ခေတ်မီ နည်းနိဿယ၊ ခေတ်မီ စက်ကိရိယာများကို အသုံးပြုနိုင် ရန် လေ့လာတင်ပြခြင်း၊

(ဇ) ပြည်သူ့ရေးရာစီမံခန့်ခွဲရေးရာကော်မီတီ

(၁) ဆိုရှယ်လစ် ဒီမိုကရေစီ နိုင်ငံ တည်ဆောက်ရေးကို ထိထိ ရောက်ရောက်အကောင်အထည်ဖော်နိုင်မည့်ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးမူဝါဒများကို ချမှတ်နိုင်ရန် အထောက်အကူ ပြုခြင်း၊

(၂) ပြည်သူတို့ ကိုယ်တိုင်ပါဝင်ဆောင်ရွက်သောပြည်သူ့ရေးရာ စီမံခန့်ခွဲရေးစနစ် တည်ဆောက်နိုင်ရန် နည်းလမ်းများကို ရှာဖွေတင်ပြခြင်း၊

(၃) နိုင်ငံသားများသည် အခြေခံ ဥပဒေနှင့် အခြားဥပဒေ များပါ အခွင့်အရေးများ၊ လွတ်လပ်ခွင့်များကို ခံယူ ကျင့်သုံးနိုင်ကြရန် နည်းလမ်းများ ရှာဖွေတင်ပြခြင်း၊

(၄) တရားဥပဒေစိုးမိုးရေးအတွက် ပညာပေးရေး ဆိုင်ရာလမ်း ညွှန်ချက်များကို ချမှတ်နိုင်ရန် အထောက်အကူ ပြုခြင်း၊

(၅) ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေးနှင့် သက်သာ ချောင်ချိရေးကိစ္စများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ လူထု လူတန်းစား အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက် နိုင်ရေးအတွက် အကြံပေးတင်ပြခြင်း၊

(၆) ပြန်ကြားရေး လုပ်ငန်းများကို ဆိုရှယ်လစ်စနစ် တည် ဆောက်ရေး လုပ်ငန်းများနှင့် အညီအညွတ်ဖြစ်ရန် မူဝါဒ များ ချမှတ်ပေးနိုင်ရေးအတွက် အထောက်အကူပြုခြင်း၊

(ဈ) **အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးနှင့် နိုင်ငံခြားရေးရာ ကော် မိတီ**

(၁) နိုင်ငံတော်၏ နိုင်ငံခြားရေးဝါဒနှင့် ပတ်သက်၍ လမ်းညွှန် နိုင်ရန် လေ့လာတင်ပြခြင်း၊

(၂) ကုလသမဂ္ဂနှင့် ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်း များ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ အပေါ်တွင် ထားရှိသင့်သော နိုင်ငံတော်၏ သဘောထားနှင့် ပါဝင် ဆောင်ရွက်ရမည့် အခန်းကဏ္ဍတို့နှင့်စပ်လျဉ်း၍ မူဝါဒ များ ချမှတ်နိုင်ရန် အထောက်အကူပြုခြင်း၊

(ည) **ဥပဒေကြမ်းရေးရာကော်မိတီ**

(၁) ဥပဒေကြမ်း၊ နည်းဥပဒေကြမ်းများကို စိစစ်၍ သဘော ထားမှတ်ချက်များကို တင်ပြခြင်း၊

(၂) တိုင်းရင်းသား လုပ်သားပြည်သူများနှင့် လုပ်ငန်းအလိုက် ကျွမ်းကျင်သူများ၏ ဥပဒေရေးရာအကြံပေးချက်များနှင့် ဝေဖန်သုံးသပ်ချက်များကို စိစစ်၍ တင်ပြခြင်း၊

(၃) သက်ဆိုင်ရာ တိုင်းရင်းသား လူမျိုးတမျိုး အတွင်း ဥပဒေကဲ့သို့ ကျင့်သုံးနေသော ဓလေ့ထုံးတမ်းများသည် အခြေခံဥပဒေ၏ ပြဋ္ဌာန်းချက်ပါ အနှစ်သာရများနှင့် ကိုက်ညီမှုရှိသည် မရှိသည်ကို စိစစ်လေ့လာ၍ အကြံပေးတင်ပြခြင်း၊

(၄) အခြေခံဥပဒေကို ပြင်ဆင်ရန် အဆိုများအား စိစစ်လေ့လာ၍အကြံပေးခြင်း၊

(ဠ) လူမှုရေးရာကော်မီတီ

(၁) ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုနှင့် လူမှုဝန်ထမ်းရေးရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ဆိုရှယ်လစ်စနစ်နှင့်အညီ မူဝါဒများ ချမှတ်နိုင်ရေးအတွက် အထောက်အကူပြုခြင်း၊

(၂) ပညာသင်ကြားရေးနှင့် လက်တွေ့ဘဝတို့ကို ဆက်စပ်ပေါင်းကူးပေးနိုင်ရန် အစီအစဉ်များရေးဆွဲ၍ တင်ပြခြင်း၊

(၃) ဆိုရှယ်လစ် ပညာရေးစနစ်နှင့်အညီ ကျွမ်းကျင်သူများမွေးထုတ်လေ့ကျင့်ပေးနိုင်ရေး၊ ကျောင်းသူကျောင်းသားများအား နိုင်ငံကို ချစ်မြတ်နိုးစိတ်၊ နိုင်ငံကို ကာကွယ်လိုစိတ်များ ကိန်းအောင်းလာစေရေးနှင့် ဆိုရှယ်လစ်စနစ်တည်ဆောက်ရေး လုပ်ငန်းများတွင် တက်တက်ကြွကြွပါဝင် ဆောင်ရွက်နိုင်ရေးတို့အတွက် ပညာရေး စီမံကိန်းဆိုင်ရာမူဝါဒများ ချမှတ်ပေးနိုင်ရန် အထောက် အကူပြုခြင်း၊

(၄) လုပ်သားပြည်သူတို့၏ ကျန်းမာရေးအတွက် ကြိုတင်ကာကွယ်ရေး၊ ကုသရေး၊ သုတေသနပြုရေးနှင့် ပညာပေးရေး လုပ်ငန်းရပ်များ၊ အစီအမံများနှင့် ပတ်သက်၍ မူဝါဒများချမှတ်ပေးနိုင်ရန် အထောက်အကူ ပြုခြင်း၊

(၅) အားကစားလှုပ်ရှားမှုများနှင့် ကာယပညာ လုပ်ငန်းရပ်များနှင့် ပတ်သက်၍ မူဝါဒများ ချမှတ်ပေးနိုင်ရန် အထောက်အကူပြုခြင်း၊

(၆) ဆိုရှယ်လစ်စနစ် တည်ဆောက်ရေး လုပ်ငန်းများတွင် နိုင်ငံသားများ တက်ကြွစွာ ပါဝင်စေရေး၊ သဘောတရား အသိ တိုးတက်မြင့်မားစေရေး၊ နိုင်ငံတော်၏ တရားဥပဒေများကို လိုက်နာစောင့်ထိန်းရေးနှင့် ကောင်းမြတ်သော ရိုးရာယဉ်ကျေးမှု အစဉ်အလာများ ထိန်းသိမ်းစောင့်ရှောက်ရေးတို့အတွက် ပညာပေးနိုင်ရန် အထောက်အကူပြုခြင်း၊

(၄) တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာ ကော်မီတီ

(၁) ဆိုရှယ်လစ်ရည်မှန်းချက်ပန်းတိုင်သို့ အောင်မြင်စွာရောက်ရှိနိုင်ရေးအတွက် လုပ်သားပြည်သူများ၏ အခြေခံအဖွဲ့အစည်းများဖြစ်သော တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်အဖွဲ့အစည်းများက ပါဝင်ဆောင်ရွက်ရမည့် အခန်းကဏ္ဍများ သတ်မှတ်ပေးနိုင်ရန် အထောက်အကူပြုခြင်း၊

(၂) တောင်သူလယ်သမားများ၊ အလုပ်သမားများနှင့် လူငယ်များ၏ နေထိုင်မှုအဆင့်အတန်းများ၊ စားဝတ်နေရေး အခြေအနေများကို လေ့လာ၍ ယင်းတို့ကို မြှင့်တင်ပေးနိုင်ရန် နည်းလမ်းများကို တင်ပြခြင်း၊

(၃) ဆိုရှယ်လစ်စနစ်နှင့် ကိုက်ညီသည့် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်အဖွဲ့အစည်းများ၊ လူမှုရေးနှင့် ယဉ်ကျေးမှု အဖွဲ့အစည်းများ ဖွဲ့စည်းထူထောင်နိုင်ရေး အတွက် မူဝါဒများ ချမှတ်နိုင်ရန် အထောက်အကူပြုခြင်း၊

(၄) တောင်သူ လယ်သမားနှင့် အလုပ်သမားများ မဟာမိတ်ပြုရေးအတွက် လိုအပ်သော မူဝါဒများ ချမှတ်နိုင်ရန် အထောက်အကူပြုခြင်း၊

(၅) လူငယ်များနှင့်ပတ်သက်၍ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက်မူဝါဒများ ချမှတ်နိုင်ရန် အထောက်အကူပြုခြင်း၊

(၆) တောင်သူ လယ်သမားနှင့် အလုပ်သမားများ၏ ကုန်ထုတ်လုပ်ငန်း တိုးတက်ရေး၊ ဆိုရှယ်လစ် လုပ်အားပြိုင်ဆိုင်မှုများ ထွန်းကားလာစေရေးအတွက် မူဝါဒများချမှတ်နိုင်ရန် အထောက်အကူပြုခြင်း၊

(၇) အကြို သက်မွေးပညာ သင်ကြားရေးနှင့် အခြေခံပညာ သင်ကြားရေးတို့ကို ဆက်စပ် ပေါင်းစည်း ပေးနိုင်စေမည့် မူဝါဒများချမှတ်နိုင်ရန် အထောက်အကူပြုခြင်း၊

(၈) တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်များက ဆိုရှယ်လစ်အရင်းအနှီးများ၊ အများပိုင်အရင်းအနှီးများ၊ သမဝါယမပိုင် အရင်းအနှီးများ ပျက်စီးမှု၊ ပြုန်းတီးမှု၊ လေလွင့်မှုမဖြစ်ရန်၊ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရန်နှင့် လိုအပ်သည့် အစီအစဉ်များကို လမ်းညွှန်နိုင်ရန် တင်ပြခြင်း၊

(၃) တိုင်းရင်းသားလူမျိုးများရေးရာကော်မီတီ

(၁) တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းဆိုင်ရာ အရေးကိစ္စများတွင် ဆိုရှယ်လစ်စနစ်နှင့် အညီ မူဝါဒများ ချမှတ်နိုင်စေရန် အထောက်အကူပြုခြင်း၊

(၂) လူမျိုးအချင်းချင်း ခေါင်းပုံမဖြတ်စေရေးနှင့် အညွန့်မခူးစေရေးအတွက် မူဝါဒများ ချမှတ်နိုင်ရန် အထောက်အကူပြုခြင်း၊

(၃) တိုင်းရင်းသားတို့၏ ချစ်ခင်မြတ်နိုးသော ဘာသာ စာပေ စကားများကို ထိန်းသိမ်း စောင့်ရှောက်ရန်၊ တိုးတက် ပြန့်ပွားရန်နှင့် အခြေခံဥပဒေပုဒ်မ ၂၂ နှင့် အညီ လွတ်လပ်စွာ အသုံးပြုနိုင်ရန် လိုအပ်သလို စီစဉ်ပေးရေးအတွက် အကြံပေးတင်ပြခြင်း၊

(၄) ဆိုရှယ်လစ် လူ့ဘောင်နှင့် လိုက်လျော ညီထွေဖြစ်သော ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ ဖွံ့ဖြိုး တိုးတက်စေမည့် မူဝါဒများ ချမှတ်နိုင်ရန် အထောက်အကူ ပြုခြင်း။

၂၆။ လွှတ်တော်ရေးရာကော်မီတီများသည်မိမိတို့၏ရေးရာကိစ္စရပ်များနှင့်ပတ်သက်၍ လွှတ်တော် သို့မဟုတ် နိုင်ငံတော်ကောင်စီက ပေးအပ်သော အခြား တာဝန်များကိုလည်းထမ်းဆောင်ကြရမည်။

၂၇။ (က) လွှတ်တော်ရေးရာ ကော်မီတီများ၏ အစည်းအဝေး များကို သက်ဆိုင်ရာ အတွင်းရေးမှူးက ဖိတ်ခေါ်ရမည်၊

(ခ) လွှတ်တော်ရေးရာ ကော်မီတီများ၏ အစည်းအဝေးများတွင် အတွင်းရေးမှူးက သဘာပတိအဖြစ်ဆောင်ရွက်ရမည်။ အတွင်း ရေးမှူး မတက်ရောက်နိုင်လျှင် ရေးရာ ကော်မီတီဝင်များထဲမှ တဦးဦးအား သဘာပတိအဖြစ် ရွေးချယ် တာဝန်ပေးရမည်၊

(ဂ) လွှတ်တော်ရေးရာ ကော်မီတီအစည်းအဝေးတွင် ကော်မီတီဝင် အများစု၏ သဘောတူညီချက်ဖြင့် အဆုံးအဖြတ်ပေးရမည်၊

(ဃ) အများစု၏ သဘောတူညီမှုဖြင့် ချမှတ်သော ဆုံးဖြတ်ချက်ကို သဘောမတူသည့် ကော်မီတီဝင်များသည် လွှတ်တော်ရေးရာ ကော်မီတီ၏ အစီရင်ခံစာတွင် မိမိတို့၏ သဘောထားကို နိုင်ငံတော်ကောင်စီသို့ ပူးတွဲတင်ပြနိုင်ခွင့်ရှိသည်။

၂၈။ လွှတ်တော်ရေးရာကော်မီတီအချင်းချင်း ပူးပေါင်း ညှိနှိုင်းရန်ခေါ်ယူသည့် အစည်းအဝေးကို ဖိတ်ကြားသည့် လွှတ်တော်ရေးရာ ကော်မီတီအတွင်း ရေးမှူးကသဘာပတိအဖြစ်ဆောင်ရွက်ရမည်။

၂၉။ လွှတ်တော်၏ လုပ်ငန်းများသည် ပြည်သူတို့အတွက် ထိရောက်အကျိုးရှိစေရန်နှင့် လွှတ်တော်ရေးရာကော်မီတီအသီးသီး၏ ဦးစားပေးရမည့်လုပ်ငန်းများကို သတ်မှတ်နိုင်စေရန် လွှတ်တော်ရေးရာကော်မီတီများ၏ လုပ်ငန်းများကို နိုင်ငံတော်ကောင်စီက စီစဉ်ညှိနှိုင်းပေးရမည်။

၃၀။ (က) ပြည်သူ့ လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၃ အရ ဖွဲ့စည်းသော စုံစမ်းရေးကော်မီရှင်၊ အခြားကော်မီရှင် သို့မဟုတ် ကော်မီတီတွင် ပါဝင်ရမည့် အဖွဲ့ဝင်ဦးရေကို နိုင်ငံတော်ကောင်စီက သတ်မှတ်ပေးနိုင်သည်၊

(ခ) စုံစမ်းရေးကော်မီရှင်၊ အခြားကော်မီရှင် သို့မဟုတ်ကော်မီတီများကို ဖွဲ့စည်းရန်လိုအပ်သည့်အခါ နိုင်ငံတော်ကောင်စီသည် လွှတ်တော် ကိုယ်စားလှယ်များ သို့မဟုတ်လွှတ်တော်ကိုယ်စားလှယ်များနှင့် အခြားသင့်လျော်သော နိုင်ငံသားများ၏ အမည်စာရင်းကို လွှတ်တော်သို့ တင်သွင်း၍အတည်ပြုချက် ရယူနိုင်သည်၊

(ဂ) စုံစမ်းရေးကော်မီရှင်၊ အခြားကော်မီရှင် သို့မဟုတ် ကော်မီတီများကို ဖွဲ့စည်းသည့်အခါ ယင်းတို့၏ လုပ်ငန်းတာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ လုပ်ထုံးလုပ်နည်းများနှင့် သက်တမ်းကို တပါတည်း သတ်မှတ်ပေးရမည်။

၃၁။ (က) ကော်မီရှင် သို့မဟုတ် ကော်မီတီများဖွဲ့စည်းရန် နိုင်ငံတော်ကောင်စီသည် လွှတ်တော်သို့ အမည်တင်သွင်းရာတွင် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်များကိုလည်း တပါတည်း ထည့်သွင်းတင်ပြနိုင်သည်၊

(ခ) ကော်မီရှင် သို့မဟုတ် ကော်မီတီအသီးသီး၏ အတွင်းရေးမှူးသည် ကော်မီရှင် သို့မဟုတ် ကော်မီတီ အစည်းအဝေးများ ကျင်းပရန် ဖိတ်ခေါ်ရမည်၊

(ဂ) သက်ဆိုင်ရာကော်မီရှင် သို့မဟုတ် ကော်မီတီ အတွင်းရေးမှူးသည် ကော်မီရှင် သို့မဟုတ် ကော်မီတီ၏ကိုယ်စား တင်ပြရန်ရှိသည်များကို တာဝန်ခံတင်ပြရမည်။

၃၂။ ကော်မီရှင် သို့မဟုတ် ကော်မီတီ၏ အစည်းအဝေးတွင် သက်ဆိုင်ရာကော်မီရှင် အဖွဲ့ဝင် သို့မဟုတ် ကော်မီတီဝင်အများစု၏ သဘောတူညီချက်ဖြင့် အဆုံးအဖြတ်ပေးရမည်။

အခန်း (၈)

လွှတ်တော်အစည်းအဝေးများ

၃၃။ (က) လွှတ်တော်၏ပုံမှန်နှင့် အထူးအစည်းအဝေးများကို အနည်းဆုံး နှစ်ဆယ့်တရက်ကြိုတင်၍ နိုင်ငံတော်ကောင်စီက ဖိတ်ကြားရမည်၊

(ခ) အရေးပေါ် အစည်းအဝေးကို အနည်းဆုံး ၃ ရက် ကြိုတင်၍ နိုင်ငံတော်ကောင်စီက ဖိတ်ကြားရမည်၊

(ဂ) မည်သည့် အစည်းအဝေးသည် ပုံမှန် အစည်းအဝေး သို့မဟုတ် အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ် အစည်းအဝေး ဖြစ်သည်ကို နိုင်ငံတော်ကောင်စီက သတ်မှတ်ရမည်၊

(ဃ) ပြည်သူ့လွှတ်တော် ဆိုင်ရာ ဥပဒေပုဒ်မ ၄၇ အရ လွှတ်တော် ကိုယ်စားလှယ်အားလုံး၏ သုံးဆယ်လေးရာခိုင်နှုန်းက အစည်းအဝေး ခေါ်ယူပေးရန် တောင်းဆိုလျှင် နိုင်ငံတော် ကောင်စီသည် ရက်ပေါင်း သုံးဆယ်အတွင်း ခေါ်ယူ ကျင်းပပေးရမည်၊

(င) အစည်းအဝေးဖိတ်ကြားစာကို လွှတ်တော်ကိုယ်စားလှယ်များသို့ ပေးပို့ရမည်။ လွှတ်တော် ကျင်းပမည့် နေ့ရက်အချိန်နှင့်

နေရာတို့ကို နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာမည်။ အရေးပေါ် အစည်းအဝေးကို အခြားနည်းဖြင့် ထိရောက်အောင် ဖိတ်ကြားနိုင်သည်၊

(စ) အစည်းအဝေး ယာယီအစီအစဉ်နှင့် လိုအပ်သော စာရွက်စာတမ်းများကို လွှတ်တော် အစည်းအဝေး ဖိတ်စာနှင့်အတူ ပူးတွဲပေးပို့ရမည်။ လွှတ်တော် ကိုယ်စားလှယ်များသည် လွှတ်တော် အစည်းအဝေး အစီအစဉ်တွင် ဖြည့်စွက်လိုသော အကြောင်းအရာများရှိပါက နိုင်ငံတော်ကောင်စီသို့ ကျိုးကြောင်းဖော်ပြ ချက်နှင့်အတူ ပေးပို့ရမည်။

၃၄။ (က) လွှတ်တော်၏ ပထမအကြိမ်အစည်းအဝေး ပထမနေ့တွင်ယာယီသဘာပတိက လွှတ်တော် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာရမည်၊

(ခ) အခြား အစည်းအဝေးများတွင်မူ လွှတ်တော် အစည်းအဝေး စတင် ကျင်းပကြောင်းကို အလှည့်ကျ သဘာပတိကကြေညာရမည်၊

(ဂ) လွှတ်တော် အစည်းအဝေး အထမြောက်ရန် လိုအပ်သည့် လွှတ်တော် ကိုယ်စားလှယ်ဦးရေ တက်ရောက်သဖြင့် လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းကို အလှည့်ကျ သဘာပတိက အစည်းအဝေး ကျင်းပသည့် နေ့တိုင်း ကြေညာရမည်။

၃၅။ လွှတ်တော် အစည်းအဝေးများကို သဘာပတိအဖွဲ့က သတ်မှတ်သော ရက်များတွင် သတ်မှတ်သည့်အချိန်အတွင်း ကျင်းပရမည်။

၃၆။ (က) လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော် အစည်းအဝေး ကျင်းပနေစဉ်အတွင်း အလှည့်ကျ သဘာပတိ၏ ခွင့်ပြုချက်ဖြင့်သာလျှင် လွှတ်တော်တွင် ဆွေးနွေးခွင့်ရှိသည်၊

(ခ) လွှတ်တော် ကိုယ်စားလှယ်တဦးသည် တကြိမ်လျှင်အများဆုံးမိနစ် ၂၀ အထိသာဆွေးနွေးရမည်။ သို့ရာတွင် မိမိ

ဆွေးနွေးခဲ့ခြင်းနှင့် ပတ်သက်၍ ဖြည့်စွက်ရှင်းလင်းလိုလျှင် အလှည့်ကျသဘာပတိ၏ ခွင့်ပြုချက်ဖြင့် ၅ မိနစ်အထိထပ်မံ ဆွေးနွေးနိုင်သည်၊

(ဂ) လွှတ်တော် ကိုယ်စားလှယ်တဦးသည် အဆိုတရပ်ကို စတင် တင်သွင်းခဲ့သူဖြစ်လျှင် အခြားလွှတ်တော် ကိုယ်စားလှယ် များ၏ ဆွေးနွေးချက်များ၊ မေးမြန်းချက်များ ပြီးဆုံး၍ လွှတ်တော်၏ အဆုံးအဖြတ်ကိုမယူမီ မိမိတင်သွင်းခဲ့သော အဆိုနှင့်ပတ်သက်၍ အလှည့်ကျသဘာပတိ၏ ခွင့်ပြုချက် ဖြင့် အများဆုံး မိနစ် ၂၀ အထိ ပြန်လည်ရှင်းလင်းဖြေကြား ခွင့်ရှိသည်၊

(ဃ) လွှတ်တော် ကိုယ်စားလှယ်များ၏ ဆွေးနွေးပိုင်ခွင့် ရှိသော အချိန်နှင့် ပတ်သက်၍ မည်သို့ပင် သတ်မှတ်ထားစေကာမူ အလှည့်ကျ သဘာပတိသည် လွှတ်တော် ကိုယ်စားလှယ်တဦး ဦး၏ တောင်းခံချက်အရ လွှတ်တော်၏ လုပ်ငန်းသို့မဟုတ် ဆွေးနွေးဆဲကိစ္စကို အထောက်အကူဖြစ်စေမည်ဟု ယုံကြည် ပါက ယင်းလွှတ်တော် ကိုယ်စားလှယ်အား အချိန်သတ်မှတ် ၍ ဆက်လက်တင်ပြ ဆွေးနွေးခွင့် ပြုနိုင်သည်၊

(င) နည်းဥပဒေခွဲ (ခ) နှင့် (ဂ) ပါ ပြဋ္ဌာန်းချက်များသည် ဥပဒေကြမ်းများ တင်သွင်းခြင်းကိစ္စနှင့် မသက်ဆိုင်စေရ။

၃၇။ လွှတ်တော် ကိုယ်စားလှယ်များသည် လွှတ်တော်တွင် ဆွေးနွေးရာ၌ဖြစ်စေ၊ အဆိုတင်သွင်းရာ၌ဖြစ်စေ၊ မေးခွန်းမေးမြန်းရာ၌ဖြစ်စေ—

(က) နိုင်ငံတော်၏ ကျေးဇူးသစ္စာကို ဖောက်ဖျက်သော၊ နိုင်ငံ တော်၏ အချုပ်အခြာအာဏာနှင့် လုံခြုံရေးကို ထိခိုက် သော၊ နိုင်ငံတော်က လက်ခံကျင့်သုံးသည့် ဆိုရှယ်လစ်စနစ် ကို ထိပါးပုတ်ခတ်သောစကား မပြောဆိုရ၊

(ခ) တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ အချင်းချင်းယိုင်းပင်း ကူညီရေး၊ ချစ်ကြည်လေးစားရေးတို့ကို ထိခိုက်ပျက်ပြား စေမည့်စကားမပြောဆိုရ၊

(ဂ) အခြေခံ ဥပဒေ၏ အခြေခံမူများနှင့် အနှစ်သာရကို ချိုး ဖောက်ဆန့်ကျင်သည့်စကားများကို မပြောဆိုရ၊

(ဃ) မည်သည့်ဘာသာ သာသနာကိုမျှပုတ်ခတ်ပြောဆိုခြင်းမပြုရ၊

(င) ညစ်ညမ်း ကြမ်းတမ်းသော စကား အသုံး အနှုန်းများ မပြောဆိုရ၊

(စ) ဆွေးနွေးပြီးပြတ်ပြီးဖြစ်သော ကိစ္စတရပ်ရပ်ကို ထပ်မံတင်ပြ ခြင်း မပြုရ၊

(ဆ) လွှတ်တော်တွင် ဆွေးနွေးဆဲကိစ္စတခုနှင့် တိုက်ရိုက် မသက်ဆိုင် သောစကား မပြောဆိုရ၊

(ဇ) လွှတ်တော် ကိုယ်စားလှယ် တဦးဦးအား ပုဂ္ဂလိဓိဋ္ဌာန် အားဖြင့် စွပ်စွဲပုတ်ခတ်ပြောဆိုခြင်း မပြုရ၊

(ဈ) မိမိကိုယ်မိမိ သိဒ္ဓိတင်ခြင်း အားဖြင့် လည်းကောင်း၊ အခြား ပုဂ္ဂိုလ်များအား သိက္ခာချခြင်းဖြင့် လည်းကောင်း၊ မသမာ သော နည်းများဖြင့်လည်းကောင်း လွှတ်တော် အစည်း အဝေးများတွင် ဆွေးနွေးခွင့်ကို အလွဲသုံးစား မပြုလုပ်ရ။

၃၈။ (က) လွှတ်တော် ကိုယ်စားလှယ်တဦးသည် နည်းဥပဒေ ၃၇ တွင် ဖော်ပြထားသည့် တားမြစ်ချက် တခုခုကို ချိုးဖောက်ဆန့် ကျင်ကြောင်း အလှည့်ကျ သဘာပတိက တွေ့ရှိပါက သတိ ပေးရမည့်အပြင် တားမြစ်ချက်တရပ်ရပ်အား ချိုးဖောက်ဆန့် ကျင်ခဲ့သော စကားရပ်များကို ရုပ်သိမ်းရန် ညွှန်ကြားရ မည်၊

(ခ) အလှည့်ကျ သဘာပတိ၏ သတိပေးချက်ကို လွှတ်တော် ကိုယ်စားလှယ်က မလိုက်နာပဲ ဆက်လက် ချိုးဖောက်နေ ပါက ယင်းကိုယ်စားလှယ်အား ဆွေးနွေးခြင်းကို ရပ်စဲ၍ မိမိနေရာ မိမိပြန်ထိုင်စေရန် အလှည့်ကျ သဘာပတိက ညွှန်ကြားရမည်၊

(ဂ) ညွှန်ကြားချက်ကို မလိုက်နာပါက မည်ကဲ့သို့အရေးယူရမည်ကို အလှည့်ကျသဘာပတိက သဘာပတိအဖွဲ့နှင့် ညှိနှိုင်း၍ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်—

(၁) ပြစ်တင်ရှုတ်ချခြင်း၊

(၂) ထိုနေ့အတွက် ဆွေးနွေးခွင့် ရပ်ဆိုင်းခြင်း၊

(၃) ထိုနေ့အတွက် လွှတ်တော်မှထွက်ခွါသွားစေခြင်း၊

(၄) လွှတ်တော် တက်ရောက်ခွင့်ကို တဆယ့်လေးရက်ထက် မများ ရုပ်သိမ်းခြင်း။

၃၉။ (က) လွှတ်တော်က ဆုံးဖြတ်ရန်လိုသော ကိစ္စတရပ် ဖြစ်သည်ဟု လွှတ်တော် ကိုယ်စားလှယ် တဦးက အဆိုတင်သွင်း၍ အခြား လွှတ်တော် ကိုယ်စားလှယ်တဦးက ထောက်ခံလျှင်အလှည့်ကျ သဘာပတိသည် "ဤအဆိုသည် လွှတ်တော်၏ အဆုံးအဖြတ် လိုသော အဆိုဖြစ်သည်" ဟူ၍ ဖော်ပြသတ်မှတ်ပြီးလျှင် လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူရန်တင်ပြရမည်၊

(ခ) လွှတ်တော်၏ ဆန္ဒကို ရယူရန်လိုအပ်ပါကအလှည့်ကျ သဘာပတိသည် လျှို့ဝှက် မဲပေးစေခြင်းဖြင့် လည်းကောင်း၊ ပြောင်မဲပေးစေခြင်းဖြင့် လည်းကောင်း ရယူနိုင်သည်၊

(ဂ) အဆိုတရပ်နှင့်ပတ်သက်၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာတွင် သဘောတူသည့်မဲနှင့် သဘောမတူသည့်မဲ အရေအတွက်ချင်း တူညီနေပါက ယင်းအဆိုနှင့်ပတ်သက်၍ လွှတ်တော်၏ အဆုံးအဖြတ်ကို ဒုတိယအကြိမ်ထပ်မံရယူရမည်၊

(ဃ) ဒုတိယအကြိမ် အဆုံးအဖြတ်ရယူရာတွင် မဲအရေအတွက်ချင်း ထပ်မံတူညီနေပါက ယင်းအဆိုနှင့်ပတ်သက်၍ လွှတ်တော်၏ အဆုံးအဖြတ်ကို တတိယအကြိမ် ရယူရမည်၊

(င) တတိယအကြိမ် ထပ်မံရယူသော်လည်း မဲအရေအတွက်ထပ်မံ တူညီနေပါက အလှည့်ကျ သဘာပတိသည် မိမိကြိုက်နှစ်သက်ရာဘက်သို့ ဆန္ဒမဲပေး၍ဆုံးဖြတ်ရမည်။

၄၀။ (က) လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော် အစည်းအဝေး ဖိတ်ကြားစာနှင့်အတူ အစည်းအဝေး ယာယီအစီအစဉ်ရရှိသောအခါ ဖြည့်စွက်လိုသော အကြောင်းကိစ္စ ရပ်များရှိပါက ကျိုးကြောင်း ဖော်ပြချက်နှင့်အတူ နိုင်ငံတော်ကောင်စီ သို့ ၇ ရက်ကြိုတင်ပေးပို့ရမည်၊

(ခ) နိုင်ငံတော်ကောင်စီနှင့် ဗဟိုအာဏာပိုင် အဖွဲ့အစည်းများသည် လွှတ်တော်သို့ တင်ပြလိုသော အကြောင်း ကိစ္စရပ်များကို အစည်းအဝေး အစီအစဉ်တွင် ထည့်သွင်းရန် သဘာပတိအဖွဲ့သို့ ပေးပို့ရမည်၊

(ဂ) သဘာပတိအဖွဲ့က မူလရေးဆွဲထားသော ယာယီအစီအစဉ်တွင် နည်းဥပဒေခွဲ (က) နှင့် (ခ)အရ ရရှိသောအကြောင်း ကိစ္စရပ်များကို ဖြည့်စွက်၍ အစီအစဉ်သစ်တရပ် ရေးဆွဲပြီး လွှတ်တော်သို့ တင်ပြအတည်ပြုချက် ရယူရမည်၊

(ဃ) အစီအစဉ်ကို လွှတ်တော်မှ အတည်ပြုရန် အလှည့်ကျ သဘာပတိက တင်ပြသည့်အခါ လွှတ်တော်ကိုယ်စားလှယ်များက အကြံပေးခွင့်ရှိသည်၊

(င) အစီအစဉ်ကိုပြင်ဆင်ရန် သို့မဟုတ် ဖြည့်စွက်ရန် အဆိုပြုချက်များရှိပါက ယင်းအဆိုပြုချက်များနှင့် စပ်လျဉ်း၍ လွှတ်တော်၏ဆန္ဒရယူရမည်။ အကယ်၍ပြင်ဆင်ရန် သို့မဟုတ် ဖြည့်စွက်ရန်အဆိုများ မရှိပါက အလှည့်ကျ သဘာပတိက လွှတ်တော်သို့ တင်သွင်းထားသော အစည်းအဝေး အစီအစဉ်အပေါ် လွှတ်တော်၏အတည်ပြုချက် ရယူရမည်၊

(စ) နေ့စဉ် အစည်းအဝေး အစီအစဉ်များကိုလည်း သဘာပတိအဖွဲ့ကပြုစု၍ ဖြန့်ဝေရမည်။ ယင်းအစီအစဉ်တွင် လွှတ်တော်မှလက်ခံသော အဆိုများနှင့် အကြောင်းကိစ္စရပ်များကိုဖြည့်စွက်၍ ထည့်သွင်းရမည်။

၄၁။ (က) လွှတ်တော် အစည်းအဝေးသည် လွှတ်တော် ကိုယ်စားလှယ်

အားလုံး၏ ခုနစ်ဆယ့်ငါးရာခိုင်နှုန်း တက်ရောက်မှသာလျှင် အထမြောက်သည်၊

(ခ) လွှတ်တော်အစည်းအဝေးကျင်းပသောနေ့များတွင် တက်ရောက်လာသော လွှတ်တော် ကိုယ်စားလှယ် များသည်လွှတ်တော်ကိုယ်စားလှယ်များ မှတ်ပုံတင် စာအုပ်တွင်လက်မှတ်ရေးထိုးကြရမည်၊

(ဂ) လွှတ်တော် အစည်းအဝေး အထမြောက်ရန်လိုအပ်သည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ တက်ရောက်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မီတီ၏ တင်ပြချက်အရ အစည်းအဝေး အထမြောက်ကြောင်းကို အလှည့်ကျ သဘာပတိက ကြေညာရမည်၊

(ဃ) အစည်းအဝေးအထမြောက်ရန် လိုအပ်သည့်လွှတ်တော်ကိုယ်စားလှယ်ဦးရေတက်ရောက်ခြင်းမရှိပါက လွှတ်တော်ကို ရွှေ့ဆိုင်းကြောင်း ကြေညာရမည်။

၄၂။ (က) သဘာပတိအဖွဲ့၊ နိုင်ငံတော်ကောင်စီ၊ ဗဟိုအာဏာပိုင်အဖွဲ့အစည်းများတွင်ပါဝင်သော လွှတ်တော် ကိုယ်စားလှယ်များအား လွှတ်တော် အစည်းအဝေး ခန်းမတွင်သီးသန့်နေရာစီစဉ်ပေးရမည်၊

(ခ) သဘာပတိအဖွဲ့၊ နိုင်ငံတော်ကောင်စီ၊ ဗဟိုအာဏာပိုင် အဖွဲ့အစည်းများတွင် မပါဝင်သော လွှတ်တော် ကိုယ်စားလှယ်များအား လွှတ်တော် အစည်းအဝေးကာလအတွက် မိမိတို့ကိုယ်စားပြုသည့် ပြည်နယ် သို့မဟုတ် တိုင်းအမည် အက္ခရာစဉ်အလိုက် သဘာပတိကို မျက်နှာမူ၍ လက်ဝဲမှ လက်ျာသို့ အတန်းလိုက်လွှတ်တော်အစည်းအဝေးခန်းမတွင် နေရာချထားစီစဉ်ပေးရမည်။ ပထမအကြိမ် ပြည်သူ့လွှတ်တော်ပထမနေ့အစည်းအဝေးတွင် ရွှေဆုံးတန်း လက်ဝဲဒေါင့် ထိုင်ခုံနေရာအတွက် ပြည်နယ် သို့မဟုတ် တိုင်းအမည် အက္ခရာစဉ်အလိုက် မဲနှိုက်၍ အလှည့်ကျ သတ်မှတ်ပေးရမည်၊

(ဂ) ပြည်နယ် သို့မဟုတ် တိုင်းအမည်အက္ခရာစဉ်အလိုက် မဲနှိုက်ရယူပြီး မိမိတာဝန် ကျရောက်သည့် အလှည့်အတိုင်း နောက်တကြိမ် အစည်းအဝေးကျင်းပချိန်တွင် ရွှေပြောင်းနေရာယူသွားရမည်။

၄၃။ (က) လွှတ်တော် ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို လွှတ်တော်ရုံးမှ မှတ်တမ်းတင်ထားရမည်။ ယင်းမှတ်တမ်းများကိုရေးရာအလိုက်ခွဲခြားပြီး သက်ဆိုင်ရာ ဗဟို အာဏာပိုင်အဖွဲ့အစည်းများသို့ ပြည်သူ့လွှတ်တော်ရုံးမှ တိုက်ရိုက်ပေးပို့ရမည်။ နိုင်ငံတော်ကောင်စီနှင့် သက်ဆိုင်သည့် ကိစ္စပါရှိလျှင်လည်း နိုင်ငံတော်ကောင်စီသို့ ပြည်သူ့ လွှတ်တော်ရုံးမှ ပေးပို့ရမည်။ နိုင်ငံတော်ကောင်စီနှင့် ဗဟိုအာဏာပိုင် အဖွဲ့အစည်းများသည် မိမိတို့နှင့်သက်ဆိုင်သည့် ဆွေးနွေးချက်များအတွက် ဆောင်ရွက်ချက်များကို လွှတ်တော်သို့တင်ပြနိုင်ရန် လွှတ်တော်ရုံးသို့ တိုက်ရိုက်ပြန်လည်ပေးပို့ရမည်၊

(ခ) လွှတ်တော် ကိုယ်စားလှယ် တဦးသည် လွှတ်တော် သို့မဟုတ် လွှတ်တော်အဖွဲ့အစည်းတရပ်ရပ်တွင် မိမိဆွေးနွေးခဲ့သည့် စကားရပ်များနှင့်စပ်လျဉ်း၍ ကွဲလွဲ မှတ်တမ်းတင်ထားသည်ကို တွေ့ရှိလျှင် လွှတ်တော်ရုံးသို့ ၃ ရက်အတွင်းစာဖြင့် ပြင်ဆင်ချက် ပေးပို့နိုင်သည်။ သို့ရာတွင် မိမိအမှန်တကယ် ပြောဆိုခဲ့သော စကားရပ်များကိုမူ ပြင်ဆင်ခွင့်မရှိစေရ၊

(ဂ) လွှတ်တော်အစည်းအဝေးတရပ်တွင် ချမှတ်သည့် ဆုံးဖြတ်ချက်များကို မှတ်တမ်းတင်ပြုစု၍ အစည်းအဝေး ပြီးဆုံးသည့်နေ့၌ သဘာပတိအဖွဲ့သို့တင်ပြပြီး လက်မှတ်ရေးထိုးရယူရမည်။ ထို့နောက် ဆုံးဖြတ်ချက်များကို လွှတ်တော်ကိုယ်စားလှယ်များသို့ ဖြန့်ဝေရမည်။

၄၄။ နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးကိစ္စရပ်များနှင့် အခြားလျှို့ဝှက်ကိစ္စရပ်များကို စဉ်းစားဆွေးနွေးရန် လိုအပ်ပါကသဘာပတိအဖွဲ့၏ဆုံးဖြတ်ချက်အရ လွှတ်တော်အစည်းအဝေးများကို တံခါးပိတ်ကျင်းပရမည်။

အခန်း(၉)

နိုင်ငံတော်ကောင်စီနှင့် ဗဟိုအာဏာပိုင်အဖွဲ့အစည်းများက လွှတ်တော်သို့ အစီရင်ခံခြင်း

၄၅။ နိုင်ငံတော်ကောင်စီသည်—

(က) မိမိဆောင်ရွက်ချက်များကို လွှတ်တော် ပုံမှန်အစည်းအဝေးသို့ အစီရင်ခံရမည်၊

(ခ) လွှတ်တော် အစည်းအဝေးတခုနှင့် တခုအကြား နိုင်ငံတော် ကောင်စီမှပြဋ္ဌာန်းထားသော ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်များကို လွှတ်တော်၏ အတည်ပြုချက်ရယူရန်တင်ပြရမည်၊

(ဂ) နိုင်ငံတကာနှင့် ချုပ်ဆိုထားသော စာချုပ်များနှင့်စပ်လျဉ်း၍ လွှတ်တော်က အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊ နုတ်ထွက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုနိုင်ရန် လွှတ်တော်သို့ တင်ပြရမည်၊

(ဃ) လွှတ်တော်သို့တင်ပြရန် လိုအပ်သည်ဟုယူဆသည့် အခြားကိစ္စရပ်များကိုလည်း တင်ပြရမည်။

၄၆။ ဗဟိုအာဏာပိုင်အဖွဲ့အစည်းများသည် မိမိတို့၏ ဆောင်ရွက်ချက်များကို လွှတ်တော် ပုံမှန်အစည်းအဝေးသို့ အစီရင်ခံရမည်။

၄၇။ (က) နိုင်ငံတော်ကောင်စီသည် လွှတ်တော်သို့ အစီရင်ခံသည့်အခါ ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူး သို့မဟုတ် နိုင်ငံတော်ကောင်စီက တာဝန်ပေးသော နိုင်ငံတော်ကောင်စီဝင်တဦးဦးက တင်ပြနိုင်သည်၊

(ခ) ဝန်ကြီးအဖွဲ့သည် လွှတ်တော်သို့အစီရင်ခံသည့်အခါ ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးအဖွဲ့က တာဝန်ပေးအပ်သောဝန်ကြီးတဦးဦးက တင်ပြနိုင်သည်၊

(ဂ) အခြား ဗဟိုအာဏာပိုင် အဖွဲ့အစည်းများမှ လွှတ်တော်သို့ အစီရင်ခံသည့်အခါ ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ကတာဝန်ပေးသော အဖွဲ့ဝင်တဦးဦးက တင်ပြနိုင်သည်။

၄၈။ (က) နိုင်ငံတော်ကောင်စီနှင့် ဗဟိုအာဏာပိုင် အဖွဲ့အစည်းများ၏ အစီရင်ခံတင်ပြချက်များပြီးဆုံးလျှင် လွှတ်တော်ကိုယ်စားလှယ်များသည် သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များနှင့် အစီရင်ခံစာတို့ကို ဆွေးနွေးနိုင်သည်။ အစီရင်ခံစာများနှင့် တိုက်ရိုက်ပတ်သက်၍ မရှင်းလင်းသည့် အချက်များကိုလည်း မေးမြန်းနိုင်သည်။ သင့်လျော်သောအကြံဉာဏ်များကိုလည်းတင်ပြနိုင်သည်၊

(ခ) လွှတ်တော် ကိုယ်စားလှယ်က ဆွေးနွေး မေးမြန်းတင်ပြနိုင်ရန် အလှည့်ကျသဘာပတိက သီးခြား အချိန်သတ်မှတ်ပေးရမည်၊

(ဂ) လွှတ်တော် ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်၊ မေးမြန်းချက်၊ အကြံပေးချက်အပေါ် နိုင်ငံတော်ကောင်စီနှင့် သက်ဆိုင်ရာ ဗဟိုအာဏာပိုင်အဖွဲ့အစည်းက ချက်ချင်း ပြန်လည်ဖြေရှင်းလိုလျှင် အလှည့်ကျသဘာပတိ၏ ခွင့်ပြုချက်ကိုရယူပြီး ချက်ချင်းပြန်လည်ဖြေရှင်းနိုင်သည်။

အခန်း(၁၀)

မေးခွန်းများနှင့်အဆိုများ

၄၉။ (က) လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော် အစည်းအဝေး ကျင်းပသည့် ကာလမဟုတ်လျှင် နိုင်ငံတော်ကောင်စီ သို့မဟုတ် ဗဟို အာဏာပိုင်အဖွဲ့အစည်းတရပ်ရပ်အား မိမိတို့သိရှိလိုသည့် အကြောင်းကိစ္စရပ် တခုခုနှင့်ပတ်သက်၍ စာဖြင့် မေးမြန်းနိုင်သည်။ မေးမြန်းချက်ကို သက်ဆိုင်ရာအဖွဲ့အစည်းက လက်ခံရရှိသည့်နေ့မှ နှစ်ဆယ့်တရက်အတွင်း ပြန်လည်ဖြေကြားရမည်၊

(ခ) လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်အစည်းအဝေး ကျင်းပသည့် အချိန်အတွင်း မိမိတို့သိရှိလိုသည့် အကြောင်းကိစ္စရပ်များကို နိုင်ငံတော်ကောင်စီ သို့မဟုတ် ဗဟိုအာဏာပိုင် အဖွဲ့အစည်း တရပ်ရပ်သို့ လွှတ်တော်ရုံးမှတဆင့် မေးမြန်းနိုင်သည်။ မေးမြန်းချက်များကို သက်ဆိုင်ရာအဖွဲ့အစည်းက လွှတ်တော်အစည်းအဝေး အစီအစဉ်တွင် သတ်မှတ်ထားသည့် နေ့ရက်နှင့် အချိန်၌ ဖြေကြားရမည်။

၅၀။ လွှတ်တော်တွင် စာဖြင့်မေးမြန်းသည့် မေးခွန်းများသည် အောက်ပါ စည်းကမ်းချက်များနှင့် ကိုက်ညီရမည်—

(က) အကြောင်းကိစ္စရပ် တခုနှင့်ပတ်သက်၍ သိရှိလိုသဖြင့် မေးမြန်းသောမေးခွန်းဖြစ်ရမည်၊

(ခ) ရှင်းလင်းလွယ်ကူစွာ ရေးသားထားသော မေးခွန်းဖြစ်ရမည်၊

(ဂ) ခိုင်လုံသော အချက်အလက်များအပေါ် အခြေပြု၍ မေးမြန်းသော မေးခွန်းဖြစ်ရမည်၊

(ဃ) ဘာသာရေးနှင့် နိုင်ငံရေးတို့ကို ရောယှက်စေသော၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ထိခိုက်စေသော၊ နိုင်ငံတော်က ကျင့်သုံးသည့် ဆိုရှယ်လစ်စနစ်ကို ထိပါးပုတ်ခတ်သောမေးခွန်းမဖြစ်စေရ၊

(င) မိမိကိုယ်မိမိ သိဒ္ဓိတင်သော၊ အခြားပုဂ္ဂိုလ်များအား သိက္ခာချသောမေးခွန်းမဖြစ်စေရ၊

(စ) အများပြည်သူများနှင့် သက်ဆိုင်သော ကိစ္စမဟုတ်ပဲ ပုဂ္ဂိုလ်တဦးတယောက်၏ ကိုယ်ရေးကိုယ်တာ၊ အကျင့်စာရိတ္တ အပြုအမူတို့ကို ထိပါးပုတ်ခတ်သော မေးခွန်းမဖြစ်စေရ၊

(ဆ) လွှတ်တော်တွင် ယခင်ဖြေဆိုပြီးဖြစ်သောမေးခွန်းများ သို့မဟုတ် သဘောချင်းတူသည့် မေးခွန်းများကို ထပ်မံ မေးမြန်းခြင်းများ မဖြစ်စေရ၊

(ဇ) ဖြစ်ပေါ်နေသောအခြေအနေ သို့မဟုတ် ပြဿနာနှင့် မသက်ဆိုင်ပဲ ကြိုတင် မှန်းဆချက်များ၊ ထင်မြင်ယူဆချက်များကို တောင်းခံသည့် မေးခွန်းမဖြစ်စေရ၊

(ဈ) နိုင်ငံတော်၏ လျှို့ဝှက်ချက်များကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပေါက်ကြားစေမည့် မေးခွန်းမဖြစ်စေရ၊

(ည) အများအကျိုးကိုထိခိုက်စေမည့် မေးခွန်းမဖြစ်စေရ၊

(ဋ) နိုင်ငံတော်၏ နိုင်ငံတကာဆက်ဆံရေးကိုထိခိုက်စေမည့် မေးခွန်းမဖြစ်စေရ။

၅၁။ (က) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးသည် မေးမြန်းလိုသည့်မေးခွန်းကိုရေးသား၍လက်မှတ်ရေးထိုးပြီး လွှတ်တော်ရုံးသို့ ပေးပို့ရမည်၊

(ခ) လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက တင်သွင်းသည့်မေးခွန်းတစ်ရပ်သည် စည်းကမ်းချက်များနှင့် ကိုက်ညီခြင်း ရှိ မရှိနှင့် လက်ခံခြင်း ပြု မပြုကို သဘာပတိအဖွဲ့က စိစစ်ဆုံးဖြတ်ရမည်။

၅၂။ လွှတ်တော်တွင် မေးမြန်းပြီးသော မေးခွန်းများနှင့် ဖြေကြားချက်များကို လွှတ်တော်မှတ်တမ်းတွင် ထည့်သွင်းရမည်။

၅၃။ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသောမေးခွန်းများကို လွှတ်တော် အစည်းအဝေးအစီအစဉ်တွင် ဖော်ပြထားသည့် အစဉ်အလိုက် ဖြေကြားရမည်။

၅၄။ လွှတ်တော်တွင် မေးမြန်းသည့် မေးခွန်းများအနက် အများပြည်သူအတွက် အကျိုးဖြစ်ထွန်းမည့် မေးခွန်းများကို ဖြေကြားချက်များနှင့်တကွ အများပြည်သူသိရှိနိုင်စေရန် လွှတ်တော်မှထုတ်ပြန်ရမည်။

၅၅။ (က) လွှတ်တော်ကိုယ်စားလှယ် တစ်ဦးဦးက မေးမြန်းသော မေးခွန်းတစ်ရပ်အပေါ် နိုင်ငံတော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာ ဗဟိုအာဏာပိုင် အဖွဲ့အစည်း၏ ဖြေကြားချက်ကိုမေးခွန်းမေးသည့် လွှတ်တော် ကိုယ်စားလှယ်က ဖြစ်စေ၊ အခြား လွှတ်တော်ကိုယ်စားလှယ် တစ်ဦးဦးက ဖြစ်စေ ဆွေးနွေးလိုလျှင် ဆွေးနွေးလိုသည့် အကြောင်းအချက်အတိုချုပ်ကို စာဖြင့် အလုပ်အမှုဆောင်သဘာပတိထံ ပေးပို့ရမည်၊

(ခ) နိုင်ငံတော်၏ အကျိုးကို ဖြစ်ထွန်းစေမည်ဟု သော်လည်းကောင်း၊ လွှတ်တော်တွင် ဆွေးနွေးရန်လိုအပ်သည်ဟု သော်လည်းကောင်း အလုပ်အမှုဆောင်သဘာပတိက ယူဆပါက သင့်လျော်သည့်နေ့ရက်အချိန်သတ်မှတ်၍ ဖြေကြားချက်များနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်အားဆွေးနွေးခွင့်ပြုနိုင်သည်၊

(ဂ) လွှတ်တော်ကိုယ်စားလှယ်၏ ဆွေးနွေးချက်အပေါ် နိုင်ငံတော် ကောင်စီနှင့် သက်ဆိုင်ရာ ဗဟိုအာဏာပိုင်အဖွဲ့အစည်းက ချက်ချင်း ပြန်လည်ဖြေရှင်းလိုလျှင် အလှည့်ကျသဘာပတိ၏ ခွင့်ပြုချက်ကိုရယူပြီး ချက်ချင်းပြန်လည်ဖြေရှင်းနိုင်သည်။

၃၆။ (က) လွှတ်တော် ကိုယ်စားလှယ်တဦးသည် အဆိုတင်သွင်းလိုလျှင် ကျိုးကြောင်း ဖော်ပြချက်များနှင့် ပူးတွဲလျက် အဆိုလွှာကို လက်မှတ်ရေးထိုးပြီး အနည်းဆုံး ၄၈ နာရီ ကြိုတင်၍သဘာပတိ အဖွဲ့သို့ ပေးပို့ရမည်၊

(ခ) ဝမ်းသာကြောင်း အဆိုများ၊ ဝမ်းနည်းကြောင်း အဆိုများ သို့မဟုတ် အရေးပေါ် အခြေအနေအရ တင်သွင်းရန် လိုအပ်သောအဆိုများကို သဘာပတိအဖွဲ့ထံ ကြိုတင်အကြောင်းကြားထားခြင်း မရှိစေကာမူ အလှည့်ကျသဘာပတိက တင်သွင်းခွင့်ပြုလျှင် လွှတ်တော်၏အဆုံးအဖြတ်ကိုရယူ၍ တင်သွင်းဆွေးနွေးနိုင်သည်၊

(ဂ) တင်သွင်းမည့်အဆိုများကို လွှတ်တော် ကိုယ်စားလှယ်များသို့ ဖြန့်ဝေထားရမည်။

၃၇။ လွှတ်တော်သို့တင်သွင်းသည့် အဆိုများသည် အောက်ပါ စည်းကမ်းချက်များနှင့် ကိုက်ညီရမည်—

(က) အများပြည်သူနှင့် သက်ဆိုင်ရမည်၊

(ခ) လိုရင်းအချက်ကို ရှင်းလင်းတိကျစွာ ရေးသားဖော်ပြရမည်၊

(ဂ) အဆိုများကို ရေးသားရာတွင် လွှတ်တော်မှ "ထောက်ခံကြောင်း"၊ "ယုံကြည်ကြောင်း"၊ "တိုက်တွန်းကြောင်း"၊ "လက်ခံကြောင်း"၊ "ကြေညာကြောင်း"၊ "ဆုံးဖြတ်ကြောင်း၊" "မှတ်တမ်းတင်ကြောင်း" စသည့်သဘောမျိုးဖြင့် ရေးသား ဖော်ပြရမည်၊

(ဃ) ဘာသာရေးနှင့် နိုင်ငံရေးတို့ကို ရောယှက်သော အဆို၊ တိုင်းရင်းသား စည်းလုံး ညီညွတ်ရေးကို ထိခိုက်သောအဆို၊ နိုင်ငံတော်က ကျင့်သုံးသည့် ဆိုရှယ်လစ်စနစ်ကိုထိပါး ပုတ်ခတ်သောအဆို မဖြစ်စေရ၊

(င) လွှတ်တော်က ဆုံးဖြတ်ပြီးသော ကိစ္စတရပ်နှင့် သဘောချင်း ထပ်တူဖြစ်သည့်အဆိုကို ထပ်မံတင်သွင်းခြင်း မပြုရ။

၅၈။ လွှတ်တော် ကိုယ်စားလှယ်တဦးက တင်သွင်းသော အဆိုသည် စည်းကမ်းချက်များနှင့် ကိုက်ညီခြင်း ရှိ မရှိနှင့် လက်ခံခြင်း ပြု မပြုကို သဘာပတိအဖွဲ့က စိစစ်ဆုံးဖြတ်ရမည်။

၅၉။ လွှတ်တော် ကိုယ်စားလှယ်များက တင်သွင်းသည့် အဆိုများသည် သဘောထားချင်းတူညီနေကြောင်းကို သဘာပတိအဖွဲ့မှ တွေ့ရှိပါက သဘော ထားချင်းတူညီနေသော အဆိုများကို ပေါင်းစပ်၍ အဆိုတခုတည်း အဖြစ် တင်သွင်းရန် သက်ဆိုင်ရာ လွှတ်တော် ကိုယ်စားလှယ်များအား ဖိတ်ခေါ်၍ ညှိနှိုင်းဆောင်ရွက်ပေးရမည်။

၆၀။ သဘာပတိအဖွဲ့သည် လွှတ်တော်သို့တင်သွင်းရန် ခွင့်ပြုသည့် အဆိုများကိုစိစစ်၍ နိုင်ငံတော်၏အကျိုး၊ လွှတ်တော် အစည်းအဝေးအချိန်၊ အဆိုတင်သွင်းသော အကြောင်းကြားစာ လက်ခံရရှိသည့် ရှေ့နောက်အစီအစဉ် တို့ကို အခြေပြု၍ မည်သည့်အဆိုများအား ဦးစားပေးတင်သွင်းခွင့် ပြုမည်ကို ဆုံးဖြတ်ပြီး အစည်းအဝေးအစီအစဉ်တွင် ထည့်သွင်းရမည်။

၆၁။ (က) နိုင်ငံတော် ကောင်စီက ဖြစ်စေ၊ ဗဟိုအာဏာပိုင် အဖွဲ့အစည်း တရပ်ရပ်ကဖြစ်စေ၊ လွှတ်တော် ကိုယ်စားလှယ် တဦးဦးက ဖြစ်စေ တင်သွင်းသောအဆိုတရပ်ကို အလှည့်ကျ သဘာပတိ၏ ခွင့်ပြုချက်ဖြင့် လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခွင့် ရှိသည်၊

(ခ) အဆိုတရပ်နှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်တဦးသည် တကြိမ်ထက်ပို၍ ဆွေးနွေးခွင့်မရှိစေရ။ သို့ရာတွင် အလှည့်ကျ သဘာပတိ၏ ခွင့်ပြုချက်ဖြင့် မိမိနှင့်သက်ဆိုင်သော ကိစ္စတခုကို ဖြေရှင်းရန် လိုအပ်လျှင်ဖြေရှင်းဆွေးနွေးခွင့်ရှိသည်၊

(ဂ) အဆိုတရပ်ရပ်နှင့် စပ်လျဉ်းသည့် ဆွေးနွေးချက်အပေါ် နိုင်ငံတော် ကောင်စီနှင့် သက်ဆိုင်ရာ ဗဟိုအာဏာပိုင်အဖွဲ့အစည်းက ချက်ချင်း ပြန်လည်ဖြေရှင်းလိုလျှင် အလှည့်ကျ သဘာပတိ၏ ခွင့်ပြုချက်ကိုရယူ၍ ချက်ချင်းပြန်လည်ဖြေရှင်းနိုင်သည်၊

(ဃ) အဆို တင်သွင်းသော လွှတ်တော် ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များပြီးဆုံးလျှင် ပြန်လည်ဖြေကြားသည့်သဘော ဖြင့် နောက်တကြိမ်ရှင်းလင်းတင်ပြခွင့်ရှိသည်၊

(င) လွှတ်တော်သို့ တင်သွင်းရန် အကြောင်းကြားထားသော အဆို တရပ်အပေါ်တွင် ပါဝင်ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စား လှယ်များသည် မိမိအမည်ကို သဘာပတိအဖွဲ့ထံ ၂၄ နာရီ ကြိုတင်၍ တင်သွင်းထားရမည်။ ယင်းအမည်စာရင်းကို သဘာပတိအဖွဲ့က စိစစ်၍ ဆွေးနွေးခွင့်ပြုရာတွင် လက်ခံရရှိ သည့်အမည် ရှေ့နောက်အစီအစဉ်၊ အဆိုနှင့် ပတ်သက်သော ဒေသဆိုင်ရာ ပြည်သူတို့၏ ဆန္ဒအဓ္ဓာယ်ထားကို ထုတ်ဖော်ခွင့်၊ အဆိုနှင့်ပတ်သက်သော အကြောင်းဆိုစွအလိုက် ကျွမ်းကျင်မှု ရှိသော လွှတ်တော်ကိုယ်စားလှယ်များပါဝင်ဆွေးနွေးခွင့်၊ အဆို နှင့် ပတ်သက်၍ နိုင်ငံတော်ကောင်စီနှင့် ဗဟိုအာဏာပိုင် အဖွဲ့ အစည်းများ၏ မူဝါဒသဘောထားများကို ထုတ်ဖော်ခွင့်များ အပေါ် အခြေခံ၍ ဆုံးဖြတ်ရမည်။

၆၂။ (က) နိုင်ငံတော် ကောင်စီသည်လည်းကောင်း၊ ဗဟိုအာဏာပိုင် အဖွဲ့ အစည်းတရပ်ရပ်သည်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ် တဦးသည်လည်းကောင်း အဆိုတရပ်ကို တင်သွင်းလိုသည်ဟု သဘာပတိအဖွဲ့ထံ အကြောင်းကြား၍ အစည်းအဝေးအစီအစဉ် တွင် ထည့်သွင်း ဖော်ပြ ထားသော်လည်း လွှတ်တော်တွင် တင်သွင်းခြင်း မပြုသေးမီ ယင်းအဆိုကို ပြန်လည်ရုပ်သိမ်းခွင့် ရှိသည်၊

(ခ) အစည်းအဝေး အစီအစဉ်တွင် ပါဝင်သော အဆိုကိုလွှတ်တော် တွင် လွှတ်တော်ကိုယ်စားလှယ်တဦးက တင်သွင်း၍ အခြား

လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံပြီးဖြစ်လျှင် လွှတ်တော်၏ သဘောတူညီချက်ဖြင့်သာ ယင်းအဆိုကို ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်။

၆၃။ (က) အစည်းအဝေးအစီအစဉ်တွင် ထည့်သွင်းဖော်ပြထားသော အဆိုတရပ်အပေါ်တွင် ပြင်ဆင်ချက်တင်သွင်းလိုပါက ယင်းပြင်ဆင်ချက်ကို အဆိုတင်သွင်းမည့် နေ့မတိုင်မီ ၂၄ နာရီကြိုတင်၍ သဘာပတိအဖွဲ့ထံအကြောင်းကြားရမည်။ သို့ရာတွင် ကြိုတင်အကြောင်းကြားရမည့် အချိန် ကန့်သတ် ချက်ကို သဘာပတိအဖွဲ့ကလျှော့ပေါ့၍ ခွင့်ပြုနိုင်သည်၊

(ခ) အဆိုတရပ်အပေါ်တွင် တင်သွင်းသော ပြင်ဆင်ချက်များနှင့် စပ်လျဉ်း၍ မည်သည့်ပြင်ဆင်ချက်ကို လွှတ်တော်မှ စဉ်းစားဆွေးနွေးရန် လက်ခံခြင်းပြုမည် မပြုမည်ကို သဘာပတိအဖွဲ့က စဉ်းစားဆုံးဖြတ်နိုင်သည်။

၆၄။ အဆိုတရပ်အပေါ်တွင် တင်သွင်းသော ပြင်ဆင်ချက်သည် အောက်ပါစည်းကမ်းချက်များနှင့် ကိုက်ညီရမည် —

(က) မူလအဆိုတွင် ပါရှိသောကိစ္စနှင့် တိုက်ရိုက်သက်ဆိုင်ရမည်၊

(ခ) မူလအဆိုနှင့် လုံးဝဆန့်ကျင်သည့်သဘော မသက်ရောက်စေရ၊

(ဂ) မူလအဆိုအပေါ်တွင် အသေးအဖွဲ သဘောဆောင်သောပြင်ဆင်ချက် မဖြစ်စေရ၊

(ဃ) အဆိုတရပ်နှင့် စပ်လျဉ်း၍ လွှတ်တော်က အတည်ပြုပြီးသည့် ဆုံးဖြတ်ချက်နှင့် ဆန့်ကျင်သောပြင်ဆင်ချက် မဖြစ်စေရ၊

(င) ပြင်ဆင်ချက်တင်သွင်းရာတွင် မူလအဆိုကို ရေးသားထားသည့် အစီအစဉ်အတိုင်း ရည်ညွှန်းဖော်ပြရမည်။

၆၅။ (က) ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်သွင်းပြီးသည့်အခါ ပြင်ဆင်ချက်များနှင့် ပတ်သက်၍ လွှတ်တော်၏ဆန္ဒကို မရယူမီ အလှည့်ကျ သဘာပတိက အဆိုနှင့်ပြင်ဆင်ချက်များကို ဖတ်ပြရမည်၊

(ခ) အဆိုအပေါ်တွင် လွှတ်တော်၏အဆုံးအဖြတ်ကို မရယူမီပြင်ဆင်ချက်များအား လက်ခံခြင်းပြုမည် မပြုမည်နှင့် ပတ်သက်၍ လွှတ်တော်၏ သဘောထားကို ရှေးဦးစွာရယူရမည်၊

(ဂ) ပြင်ဆင်ချက်များအပေါ်တွင် လွှတ်တော်၏ သဘောထားကို ရယူပြီးနောက် မူလအဆို သို့မဟုတ် ပြင်ဆင်ထားသည့်အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူရမည်၊

(ဃ) အဆို သို့မဟုတ် ပြင်ဆင်ချက်များကို လွှတ်တော်က အကျေအလည်ဆွေးနွေးပြီးပြီဟု အလှည့်ကျသဘာပတိက ယူဆလျှင် ဖြစ်စေ၊ ယင်းကဲ့သို့ အကျေအလည် ဆွေးနွေးပြီးကြောင်းကို လွှတ်တော် ကိုယ်စားလှယ်တဦးက တင်ပြလျှင် ဖြစ်စေ အဆိုတင်သွင်းသူနှင့်သက်ဆိုင်ရာ ကိုယ်စားလှယ်များ ပြန်လည်တင်ပြခြင်း မပြုရသေးပါက တင်ပြခွင့်ပြုပြီးနောက် အလှည့်ကျသဘာပတိသည်အဆိုသို့မဟုတ်ပြင်ဆင်ချက် အပေါ် လွှတ်တော်၏ ဆန္ဒကို ရယူနိုင်သည်။

၆၆။ (က) အရေးပေါ် အခြေအနေအရ တင်သွင်းသော အဆိုများသည် အောက်ပါ စည်းကမ်း ချက်များနှင့် ကိုက်ညီရမည်—

(၁) လက်ငင်းပေါ်ပေါက်နေသည့်တိကျသောကိစ္စဖြစ်ရမည်၊

(၂) နိုင်ငံတော်နှင့် ပြည်သူတို့အတွက် အရေးတကြီးသက်ဆိုင်သောကိစ္စ ဖြစ်ရမည်၊

(၃) လွှတ်တော်၏ဆန္ဒကို ရယူရန် လိုအပ်သောကိစ္စဖြစ်ရမည်၊

(၄) လွှတ်တော်တွင်သာမန်နည်းလမ်းအားဖြင့် တင်ပြဆွေးနွေးရန်မဖြစ်နိုင်သောကိစ္စ ဖြစ်ရမည်၊

(ခ) ဝမ်းသာကြောင်း အဆိုများ၊ ဝမ်းနည်းကြောင်း အဆိုများနှင့် အရေးပေါ် အခြေအနေအရ တင်သွင်းသော အဆိုများနှင့် စပ်လျဉ်း၍ မည်သည့်အချိန်၌ တင်သွင်း ဆွေးနွေးခွင့်ပြုမည်ကို အလှည့်ကျ သဘာပတိက အစည်းအဝေး အစီအစဉ်တွင် သတ်မှတ်ပေးရမည်။

အခန်း (၁၁)

ဥပဒေကြမ်း၊ နည်းဥပဒေကြမ်း တင်သွင်းခြင်း၊ ပြည်သူ့သဘောထား ခံယူခြင်း၊ ဆွေးနွေးခြင်း၊ အတည်ပြုပြဋ္ဌာန်းခြင်း

၆၇။ (က) ဝန်ကြီးအဖွဲ့သည် စီးပွားရေး စီမံကိန်းနှင့်ပတ်သက်သည့် ဥပဒေကြမ်းများ၊ ရ-သုံးခန့်မှန်းခြေ ငွေစာရင်းနှင့် ပတ်သက်သည့် ဥပဒေကြမ်းများ၊ အခွန်အကောက်နှင့် ပတ်သက်သည့် ဥပဒေကြမ်းများ၊ နည်းဥပဒေကြမ်းများကို လိုအပ်သလို ညှိနှိုင်းရေးဆွဲပြီး ယင်း ဥပဒေကြမ်းများ၊ နည်းဥပဒေကြမ်းများနှင့်တကွ ရည်ရွယ်ချက်များ၊ ကျိုးကြောင်းဖော်ပြချက်များနှင့် ပူးတွဲ၍ နိုင်ငံတော် ကောင်စီမှတဆင့် လွှတ်တော်သို့တင်သွင်းရမည်၊

(ခ) ဗဟိုအာဏာပိုင်အဖွဲ့အစည်းများသည် နည်းဥပဒေခွဲ (က) တွင် ပြဋ္ဌာန်းထားသည့် ကိစ္စရပ်များမှအပ အခြား ကိစ္စရပ်များနှင့် ပတ်သက်၍ တင်သွင်းလိုသော ဥပဒေကြမ်း၊ နည်းဥပဒေကြမ်းများကိုရေးဆွဲပြီး ယင်း ဥပဒေကြမ်း၊ နည်းဥပဒေကြမ်းများနှင့်တကွ ရည်ရွယ်ချက်များ၊ ကျိုးကြောင်း ဖော်ပြချက်များနှင့် ပူးတွဲ၍ နိုင်ငံတော်ကောင်စီမှတဆင့် လွှတ်တော်သို့ တင်သွင်းနိုင်သည်၊

(ဂ) ဗဟိုအာဏာပိုင်အဖွဲ့အစည်းများ၏ အဖွဲ့ဝင်မဟုတ်သော လွှတ်တော် ကိုယ်စားလှယ်များက လွှတ်တော်သို့ ဥပဒေကြမ်း၊ နည်းဥပဒေကြမ်းများ တင်သွင်းလိုလျှင် ဥပဒေကြမ်း၊ နည်းဥပဒေကြမ်းများနှင့်တကွ ရည်ရွယ်ချက်များ၊ ကျိုးကြောင်းဖော်ပြချက်များနှင့် ပူးတွဲ၍ နိုင်ငံတော်ကောင်စီသို့ တင်ပြနိုင်သည်၊

(ဃ) ပြည်သူ့ကောင်စီ အဆင့်ဆင့်က လွှတ်တော်သို့ ဥပဒေကြမ်း၊ နည်းဥပဒေကြမ်းများကို တင်သွင်းလိုလျှင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီမှ မြို့နယ် ပြည်သူ့ကောင်စီသို့ လည်းကောင်း၊ မြို့နယ်ပြည်သူ့ကောင်စီမှ ပြည်နယ် သို့မဟုတ် တိုင်း ပြည်သူ့ကောင်စီသို့ လည်းကောင်း၊ ပြည်နယ် သို့မဟုတ် တိုင်း ပြည်သူ့ကောင်စီမှ နိုင်ငံတော်ကောင်စီသို့လည်းကောင်း အဆင့်ဆင့်တင်ပြနိုင်သည်၊

(င) မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီနှင့် လူထုလူတန်းစား အဖွဲ့အစည်း အသီးသီးတို့သည် တင်သွင်းလိုသော ဥပဒေကြမ်း၊ နည်းဥပဒေကြမ်းများကို မိမိတို့အဖွဲ့အစည်းအတွင်း အောက်မှ အထက်သို့ အဆင့်ဆင့်တင်ပြပြီး ယင်းတို့၏ ဗဟို အဖွဲ့အစည်းမှ တဆင့် နိုင်ငံတော်ကောင်စီသို့ တင်ပြနိုင်သည်၊

(စ) လုပ်သား ပြည်သူများသည် နိုင်ငံတော်၏အကျိုး၊ ဆိုရှယ်လစ် စနစ်၏ အကျိုးတို့ကိုရှေးရှု၍ အကြံပြုတင်ပြလိုသော ဥပဒေကြမ်း၊ နည်းဥပဒေကြမ်းများကို သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီမှတဆင့် အဆင့်ဆင့် အားဖြင့် နိုင်ငံတော်ကောင်စီသို့ တင်ပြနိုင်သည်။

၆၇။ နိုင်ငံတော်ကောင်စီသည် လိုအပ်သည်ဟု ယူဆသော ဥပဒေကြမ်းများ၊ နည်းဥပဒေကြမ်းများကို အခြေခံဥပဒေနှင့်အညီ လွှတ်တော်သို့ တင်သွင်းနိုင်သည်။

၆၉။ ဥပဒေကြမ်းများ၊ နည်းဥပဒေကြမ်းများကို လွှတ်တော် အစည်းအဝေး မကျင်းပမီ အနည်းဆုံး ရက်ပေါင်း နှစ်ဆယ့်တရက်ကြိုတင်၍ နိုင်ငံတော် ကောင်စီသို့ပေးပို့ရမည်။

၇၀။ လွှတ်တော်သို့ တင်သွင်းမည့်ဥပဒေကြမ်းများ၊ နည်းဥပဒေကြမ်းများကို နိုင်ငံတော်ကောင်စီက သက်ဆိုင်ရာ လွှတ်တော်ရေးရာ ကော်မီတီများသို့ ပေးပို့ရမည်။ သက်ဆိုင်ရာ လွှတ်တော်ရေးရာကော်မီတီများက ယင်းဥပဒေကြမ်းများ သည် အခြေခံဥပဒေ၏ အနှစ်သာရနှင့် ကိုက်ညီခြင်း ရှိ မရှိကိုလည်းကောင်း၊ နိုင်ငံတော်နှင့် ပြည်သူတို့အတွက် အကျိုးဖြစ်ထွန်းမှု ရှိ မရှိကိုလည်းကောင်း၊ လွှတ်တော်မှချမှတ်ထားသည့်မူဝါဒများနှင့် ကိုက်ညီမှု ရှိ မရှိ ကိုလည်းကောင်း၊ နိုင်ငံတော်က ကျင့်သုံးသည့် ဆိုရှယ်လစ်စနစ်ကို အထောက်အကူပြု မပြု ကိုလည်းကောင်း အဖက်ဖက်မှစိစစ်၍ မိမိတို့၏ သဘောထားများ၊မှတ်ချက် များကိုရေးသား၍ နိုင်ငံတော်ကောင်စီသို့ သတ်မှတ်ထားသည့် အချိန်အတွင်း ပေးပို့ရမည်။

၇၁။ (က) သက်ဆိုင်ရာ လွှတ်တော်ရေးရာ ကော်မီတီများ၏ သဘောထား များ၊ မှတ်ချက်များ၊ အကြံပေးချက်များကို နိုင်ငံတော် ကောင်စီက စိစစ်ပြီး ဗဟိုအာဏာပိုင်အဖွဲ့အစည်းများ၊ မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ပါတီ သို့မဟုတ် လူထုလူတန်းစား ဗဟို အဖွဲ့အစည်းများ၏ သဘောထားများ၊ မှတ်ချက်များ၊ အကြံ ပေးချက်များ ကိုရယူရန် လိုအပ်သည်ဟုယူဆပါက ယင်းအဖွဲ့ အစည်းများထံသို့ ဥပဒေကြမ်း၊ နည်းဥပဒေကြမ်းများကိုပေးပို့ ၍ သတ်မှတ်ထားသော အချိန်အတွင်း ယင်းတို့၏သဘောထား များ၊ မှတ်ချက်များ၊ အကြံပေးချက်များကို ပြန်လည်တင်ပြ ရန် တောင်းခံနိုင်သည်၊

(ခ) ဗဟိုအာဏာပိုင် အဖွဲ့အစည်းများ၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ် ပါတီ သို့မဟုတ် လူထုလူတန်းစား ဗဟိုအဖွဲ့အစည်းများ၏ သဘောထားများ၊ မှတ်ချက်များ၊အကြံပေးချက်များကိုလက်ခံ ရရှိပြီးနောက် နိုင်ငံတော်ကောင်စီသည် သက်ဆိုင်ရာ လွှတ်တော် ရေးရာ ကော်မီတီများနှင့် လိုအပ်သလိုညှိနှိုင်းပြီး လွှတ်တော်သို့

တင်သွင်းရန် သင့်လျော်သည်ဟု ယူဆလျှင် သဘာပတိအဖွဲ့နှင့် ညှိနှိုင်း၍ လွှတ်တော် အစည်းအဝေးအစီအစဉ်တွင် ထည့်သွင်းရမည်၊

(ဂ) အစီအစဉ်တွင် ထည့်သွင်းပြီးဖြစ်သော ဥပဒေကြမ်းများ၊ နည်းဥပဒေကြမ်းများနှင့် သက်ဆိုင်ရာ ဗဟိုအာဏာပိုင် အဖွဲ့အစည်းများ၊ လွှတ်တော်ရေးရာ ကော်မီတီများ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီနှင့် လူထုလူတန်းစား ဗဟိုအဖွဲ့အစည်းများ၏ သဘောထားများ၊ မှတ်ချက်များ၊ အကြံပေးချက်များကို ပူးတွဲ၍ လွှတ်တော်ကိုယ်စားလှယ်များအား အနည်းဆုံး ၇ ရက်ကြိုတင် ဖြန့်ဝေထားရမည်။

၇၂။ သက်ဆိုင်ရာများ၏ သဘောထားများ၊ မှတ်ချက်များ၊ အကြံပေးချက်များကို စိစစ်ပြီးနောက် ဥပဒေကြမ်းများ၊ နည်းဥပဒေကြမ်းများအား လွှတ်တော်က ပြဋ္ဌာန်းရန် သင့် မသင့်ကို နိုင်ငံတော်ကောင်စီက မိမိ၏သဘောထား မှတ်ချက်နှင့်တကွ လွှတ်တော်သို့တင်ပြ၍ အဆုံးအဖြတ်ရယူရမည်။

၇၃။ (က) နိုင်ငံတော်ကောင်စီမှ တင်သွင်းသော ဥပဒေကြမ်း၊ နည်းဥပဒေကြမ်းများကို နိုင်ငံတော်ကောင်စီ အတွင်းရေးမှူး သို့မဟုတ် နိုင်ငံတော်ကောင်စီဝင် တဦးဦးက လွှတ်တော်တွင် တင်သွင်းရမည်၊

(ခ) ဗဟိုအာဏာပိုင် အဖွဲ့အစည်း တရပ်ရပ်မှ တင်သွင်းသော ဥပဒေကြမ်း၊ နည်းဥပဒေကြမ်းများကို သက်ဆိုင်ရာ ဗဟိုအာဏာပိုင် အဖွဲ့အစည်းများမှ အဖွဲ့ဝင် တဦးဦးက လွှတ်တော်တွင် တင်သွင်းရမည်၊

(ဂ) လွှတ်တော်ကိုယ်စားလှယ်တဦးဦးကတင်သွင်းသောဥပဒေကြမ်း၊ နည်းဥပဒေကြမ်းများကို မိမိကိုယ်တိုင်လွှတ်တော်တွင် တင်သွင်းရမည်။

၇၄။ ဥပဒေကြမ်း၊ နည်းဥပဒေကြမ်းတရပ်ရပ်ကို လွှတ်တော်သို့ တင်သွင်းရာတွင် ယင်းဥပဒေကြမ်း၊ နည်းဥပဒေကြမ်း၏ အခြေခံမူများ၊ ရည်ရွယ်ချက်

များ၊ ကျိုးကြောင်းဖော်ပြချက်များနှင့်တကွ သက်ဆိုင်ရာ ဗဟိုအာဏာပိုင်အဖွဲ့အစည်းများ၊ သက်ဆိုင်ရာ လွှတ်တော်ရေးရာကော်မတီများ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီနှင့် လူထုလူတန်းစား ဗဟိုအဖွဲ့အစည်းများ၏ သဘောထားများ၊ မှတ်ချက်များ၊ အကြံပေးချက်များကို ပြည့်စုံစွာတင်ပြရမည်။

၇၅။ လွှတ်တော် ကိုယ်စားလှယ်တဦးက လွှတ်တော်တွင် တင်သွင်းသည့် ဥပဒေကြမ်း၊ နည်းဥပဒေကြမ်းတရပ်ရပ်ကို အခြားလွှတ်တော် ကိုယ်စားလှယ်တဦးဦးက ထောက်ခံမှသာ အလျဉ်းသင့်သဖြင့် ဥပဒေကြမ်း၊ နည်းဥပဒေကြမ်းကို လက်ခံဆွေးနွေးသင့် မသင့် လွှတ်တော်၏ ဆန္ဒရယူရမည်။

၇၆။ လွှတ်တော်သို့ တင်သွင်းသည့် ဥပဒေကြမ်း၊ နည်းဥပဒေကြမ်းများအပေါ် ဆွေးနွေးရာတွင် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည်——

(က) ဆွေးနွေးချက်သည် ဥပဒေကြမ်း၊ နည်းဥပဒေကြမ်းများနှင့် တိုက်ရိုက်သက်ဆိုင်ရမည်၊

(ခ) ဥပဒေကြမ်း၊ နည်းဥပဒေကြမ်းများနှင့် ပတ်သက်သောလိုရင်းအချက်ကိုသာ ဆွေးနွေးရမည်၊

(ဂ) ပြည်သူ့ဆန္ဒနှင့် သဘောထားများကို ထင်ဟပ်ဖော်ပြစေရမည်၊

(ဃ) ဓမ္မဓိဋ္ဌာန်ကျကျဆွေးနွေးရမည်၊

(င) ခွင့်ပြုထားသော အချိန်အတွင်းသာ ဆွေးနွေးရမည်။

၇၇။ (က) လွှတ်တော်မှဆွေးနွေးရန်လက်ခံပြီးဖြစ်သည့် ဥပဒေကြမ်း၊ နည်းဥပဒေကြမ်းတရပ်ရပ်အပေါ်တွင် ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်များသည် မိမိတို့အမည်ကို သဘာပတိအဖွဲ့ထံကြိုတင်တင်သွင်းရမည်၊

(ခ) သဘာပတိအဖွဲ့သည် ဥပဒေကြမ်း၊ နည်းဥပဒေကြမ်းတရပ်ရပ်အပေါ်တွင် ဆွေးနွေးရန်အမည်စာရင်း တင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်း၍ ဆွေးနွေးကြမည့် အစီအစဉ်နှင့် အချိန်ကိုစီစဉ်ရမည်၊

(ဂ) ဥပဒေကြမ်း၊ နည်းဥပဒေကြမ်း တရပ်ရပ်အပေါ်တွင်ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်များကို အလှည့်ကျသဘာပတိက ကြေညာရမည်။

၇၇။ လွှတ်တော် ကိုယ်စားလှယ်၏ ဆွေးနွေးချက်အပေါ်တွင် နိုင်ငံတော်ကောင်စီနှင့် သက်ဆိုင်ရာ ဗဟိုအာဏာပိုင်အဖွဲ့အစည်းက ချက်ချင်းပြန်လည်ဖြေရှင်းလိုလျှင် အလှည့်ကျသဘာပတိ၏ခွင့်ပြုချက်ကို ရယူ၍ချက်ချင်းပြန်လည်ဖြေရှင်းနိုင်သည်။

၇၉။ (က) ဥပဒေကြမ်း၊ နည်းဥပဒေကြမ်း တရပ်ရပ်အပေါ်တွင်ဆွေးနွေးရန်ခွင့်ပြုထားသည့်လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များ ပြီးဆုံးလျှင် သက်ဆိုင်ရာလွှတ်တော်ရေးရာ ကော်မီတီများ၏ကိုယ်စား ယင်းရေးရာကော်မီတီများ၏အဖွဲ့ဝင်များက ဥပဒေကြမ်း၊ နည်းဥပဒေကြမ်းများအပေါ်တွင် တွေ့ရှိချက်သဘောထားများကို လွှတ်တော်သို့ ရှင်းလင်းတင်ပြရန် လိုအပ်သည်ဟု ယူဆလျှင် အလှည့်ကျသဘာပတိ၏ ခွင့်ပြုချက်အရ ရှင်းလင်းတင်ပြနိုင်သည်။ ဥပဒေကြမ်း၊ နည်းဥပဒေကြမ်း များနှင့် ပတ်သက်၍ သက်ဆိုင်ရာအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် ကျွမ်းကျင်သည့် ပုဂ္ဂိုလ်များ၏ အကြံပေးချက်များ၊ တင်ပြချက်များကိုလည်း လိုအပ်လျှင် အကျဉ်းချုံး၍တင်ပြနိုင်သည်၊

(ခ) လွှတ်တော် ကိုယ်စားလှယ် တဦးဦးက တင်သွင်းသောဥပဒေကြမ်း၊ နည်းဥပဒေကြမ်းများဖြစ်လျှင် ယင်းတို့အပေါ်နိုင်ငံတော်ကောင်စီနှင့်သက်ဆိုင်ရာ ဗဟိုအာဏာပိုင် အဖွဲ့အစည်း၏ တွေ့ရှိချက်သဘောထားများကို တင်ပြရန် လိုအပ်သည်ဟုယူဆလျှင် နိုင်ငံတော်ကောင်စီနှင့် သက်ဆိုင်ရာ ဗဟိုအာဏာပိုင် အဖွဲ့အစည်း၏ ကိုယ်စားလှယ်က ရှင်းလင်းတင်ပြခွင့်ရှိသည်။

၈၀။ ဥပဒေကြမ်း၊ နည်းဥပဒေကြမ်းတရပ်ရပ်အပေါ်တွင် လွှတ်တော်ကိုယ်စားလှယ်၏ ဆွေးနွေးချက်နှင့်စပ်လျဉ်း၍ပြင်ဆင်ချက်၊ ဖြည့်စွက်ချက်၊ နုတ်ပယ်ချက်များကိုစာဖြင့်တင်သွင်းနိုင်သည်။ လွှတ်တော် ကိုယ်စားလှယ်များ၏ ပြင်

ဆင်ချက်၊ ပြည့်စွက်ချက်၊ နုတ်ပယ်ချက်များကို လွှတ်တော် ကိုယ်စားလှယ်များသို့ ဖြန့်ဝေရမည်။

၈၁။ (က) နိုင်ငံတော်ကောင်စီသည် ဥပဒေကြမ်း၊ နည်းဥပဒေကြမ်း တရပ်ရပ်အပေါ်တွင် ပြည်သူတရပ်လုံးထံမှဖြစ်စေ၊ တိုက်ရိုက်ပတ်သက်သော ပြည်သူများထံမှ ဖြစ်စေ သဘောထားရယူရန် လိုအပ်သည်ဟုယူဆလျှင် သဘောထားခံယူရေးကို ရက်ပေါင်း တရာ့နှစ်ဆယ် အတွင်းပြီး မြောက်အောင်ဆောင်ရွက်ရမည်၊

(ခ) ဥပဒေကြမ်း၊ နည်းဥပဒေကြမ်း တရပ်ရပ်အပေါ်တွင်ပြည်သူတရပ်လုံး၏ သဘောထားများကို ရယူတောင်းခံရန် လိုအပ်လျှင် နိုင်ငံတော် ကောင်စီသည် ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီများမှတဆင့် ပြည်သူ့ကောင်စီအဆင့်ဆင့်သို့ပေးပို့၍ ပြည်သူ့ကောင်စီများအား ပြည်သူ့သဘောထားကို တောင်းခံ ရယူစေရမည်၊

(ဂ) ယင်းဥပဒေကြမ်း၊ နည်းဥပဒေကြမ်းများနှင့် တိုက်ရိုက်ပတ်သက်သော ပြည်သူများ၏သဘောထားများကို ရယူတောင်းခံရန်လိုအပ်လျှင် နိုင်ငံတော် ကောင်စီသည်သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီများမှတဆင့် ပြည်သူ့ကောင်စီအဆင့်ဆင့်သို့ပေးပို့၍ ပြည်သူ့ကောင်စီများအား ပြည်သူ့သဘောထားများတောင်းခံရယူစေရမည်၊

(ဃ) ဥပဒေကြမ်း၊နည်းဥပဒေကြမ်းတရပ်ရပ်အပေါ် ပြည်သူ့သဘောထားတောင်းခံရာတွင် သက်ဆိုင်ရာ ဥပဒေကြမ်း၊ နည်းဥပဒေကြမ်းနှင့် တကွ နိုင်ငံတော်ကောင်စီ၊ ဗဟို အာဏာပိုင်အဖွဲ့အစည်းများ၊လွှတ်တော်ရေးရာ ကော်မီတီများ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီနှင့် လူထု လူတန်းစား အဖွဲ့အစည်းများ၏ သဘောထားများ၊ မှတ်ချက်များ၊ အကြံပေးချက်များ၊ လွှတ်တော် ကိုယ်စားလှယ်များက တင်သွင်းသောပြင်ဆင်ချက်များ၏ မိတ္တူများကိုပူးတွဲပေးပို့ရမည်။

၈၂။ (က) နိုင်ငံတော်ကောင်စီသည် ဥပဒေကြမ်း၊ နည်းဥပဒေကြမ်းတရပ်ရပ်အပေါ်တွင် ပြည်သူများ၏ ဆွေးနွေးအကြံပေးချက်သဘောထားများကို ရက်ပေါင်း တရာ့နှစ်ဆယ် အတွင်း ပြန်လည်ရရှိသောအခါ သက်ဆိုင်ရာ လွှတ်တော်ရေးရာကော်မီတီသို့ပေးပို့ရမည်။ သက်ဆိုင်ရာ လွှတ်တော်ရေးရာ ကော်မီတီသည် ဥပဒေကြမ်း၊ နည်းဥပဒေကြမ်း တရပ်ရပ်အပေါ် ပြည်သူတို့က တင်ပြထားသော အကြံပေးချက်များကိုစိစစ်လေ့လာ၍ လိုအပ်သလို ပြန်လည်ရေးဆွဲကာ နိုင်ငံတော်ကောင်စီသို့ သတ်မှတ်ထားသည့် အချိန်အတွင်းပေးပို့ရမည်၊

(ခ) သက်ဆိုင်ရာ လွှတ်တော်ရေးရာ ကော်မီတီက ပြန်လည်ရေးဆွဲပြီးတင်ပြသော ဥပဒေကြမ်း၊ နည်းဥပဒေကြမ်းများ အပေါ် ဗဟိုအာဏာပိုင်အဖွဲ့အစည်းများ၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီနှင့် လူထုလူတန်းစား ဗဟိုအဖွဲ့အစည်းများ၏ သဘောထားများ၊ မှတ်ချက်များ၊ အကြံပေးချက်များကိုရယူရန်လိုအပ်သည်ဟု နိုင်ငံတော်ကောင်စီက ယူဆပါက ပြင်ဆင်ရေးဆွဲထားသောဥပဒေကြမ်း၊ နည်းဥပဒေကြမ်းများကို ယင်းအဖွဲ့အစည်းများသို့ ပေးပို့၍ သဘောထားများ၊ မှတ်ချက်များ၊ အကြံပေးချက်များကိုတောင်းခံနိုင်သည်၊

(ဂ) ဥပဒေကြမ်း၊ နည်းဥပဒေကြမ်း များကို နိုင်ငံတော်ကောင်စီတွင် စဉ်းစားဆွေးနွေးဆုံးဖြတ်ပြီး လွှတ်တော်သို့ ပြန်လည်တင်သွင်းရမည်။

၈၃။ (က) ဥပဒေကြမ်း၊ နည်းဥပဒေကြမ်းများကို စတင် ကင်သွင်းခဲ့သည့် နိုင်ငံတော်ကောင်စီ၏ ကိုယ်စားလှယ် သို့မဟုတ်ဗဟိုအာဏာပိုင်အဖွဲ့အစည်း တရပ်ရပ်၏ ကိုယ်စားလှယ် သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်အား နောက်ဆုံးအကြိမ်အဖြစ် ဆွေးနွေးရှင်းလင်း တင်ပြခွင့်ပြုရမည်။ ယင်းလွှတ်တော်ကိုယ်စားလှယ်ကပင် ဥပဒေကြမ်း၊ နည်းဥပဒေကြမ်းများကိုလွှတ်တော်မှ အတည်ပြုပါရန် အဆိုတင်သွင်းရမည်၊

(ခ) ပြင်ဆင်ရန်အဆိုရှိလျှင် ဥပဒေကြမ်း၊ နည်းဥပဒေကြမ်းများ၏ အပိုဒ်စဉ်လိုက် အလှည့်ကျ သဘာပတိက ဆွေးနွေးခွင့်ပြုရမည်။ ယင်းပြင်ဆင်ချက်ပေါ်တွင် လွှတ်တော်၏ ဆန္ဒကို ရယူရမည်၊

(ဂ) ပြင်ဆင်ရန် အဆိုပေါ်တွင် လွှတ်တော်၏ဆန္ဒကို ရယူပြီးနောက် ဥပဒေကြမ်း၊နည်းဥပဒေကြမ်းများ သို့မဟုတ် ပြင်ဆင်ထားသည့် ဥပဒေကြမ်း၊ နည်းဥပဒေကြမ်းများကို ပြဋ္ဌာန်းရန် လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူရမည်။

၁၄။ ဥပဒေကြမ်း၊ နည်းဥပဒေကြမ်းတရပ်ရပ်ကို အရေးတကြီးတင်သွင်းရန် လိုအပ်သည်ဟု သဘာပတိအဖွဲ့ကဖြစ်စေ၊ နိုင်ငံတော် ကောင်စီကဖြစ်စေ ယူဆသည့်အခါတွင် သတ်မှတ်ထားသည့်ကြိုတင်တင်သွင်းရမည့်အချိန် ကန့်သတ်ချက်ကိုလျှော့ပေါ့၍ လွှတ်တော်သို့တင်သွင်းနိုင်သည်။

၁၅။ လွှတ်တော်က ပြဋ္ဌာန်းသော ဥပဒေ၊ နည်းဥပဒေများကို နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌသည် လက်မှတ်ရေးထိုး၍ ထုတ်ပြန်ကြေညာရမည်။

၁၆။ လွှတ်တော်တွင် တင်သွင်းသည့် ဥပဒေကြမ်း၊ နည်းဥပဒေကြမ်းတရပ်ရပ်သည် တိုင်းရင်းသားလူမျိုးတမျိုး၏ ယဉ်ကျေးမှုနှင့် ပတ်သက်နေလျှင် နိုင်ငံတော်ကောင်စီသည် သက်ဆိုင်ရာပြည်နယ် သို့မဟုတ် တိုင်းမှ လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ထက်ဝက်ကျော်၏ သဘောတူညီချက်ကို ရှေးဦးစွာ ရရှိပြီးမှသာလျှင် လိုအပ်သလို ဆက်လက်ဆောင်ရွက်ရမည်။

အခန်း (၁၂)

လွှတ်တော်ကိုယ်စားလှယ်များ၏ရပိုင်ခွင့်နှင့်အခွင့်အရေးများ

၇၇။ (က) လွှတ်တော်တွင်ဖြစ်စေ၊ လွှတ်တော်အဖွဲ့အစည်း တရပ်ရပ်တွင် ဖြစ်စေ တင်ပြခြင်း၊ ဆွေးနွေးခြင်း၊ အဆိုတင်သွင်းခြင်း၊ မေးခွန်းမေးမြန်းခြင်း၊ ဥပဒေကြမ်းတင်သွင်းခြင်း၊ စာရွက်စာတမ်းများ တင်ပြခြင်း၊ ဆန္ဒမဲ ပေးခြင်းကြောင့် သော်လည်းကောင်း၊ လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ခြင်းကြောင့် သော်လည်းကောင်း မည်သည့် လွှတ်တော်ကိုယ်စားလှယ်ကိုမျှ တရားစွဲဆိုခြင်းမပြုရ၊

(ခ) လွှတ်တော် ကိုယ်စားလှယ် တဦးသည် လွှတ်တော်တံခါးပိတ် အစည်းအဝေးများတွင် ဆွေးနွေးသည့် အကြောင်းကိစ္စများ၊ နိုင်ငံတော်၏လျှို့ဝှက်ချက်များ၊လွှတ်တော်မှတ်တမ်းမှ ပယ်ဖျက်ထုတ်ပယ်ထားသော အကြောင်းကိစ္စရပ်များမှအပ လွှတ်တော်တွင် သော်လည်းကောင်း၊ လွှတ်တော် အဖွဲ့အစည်းများတွင် သော်လည်းကောင်း ဆွေးနွေးဆောင်ရွက်ချက်များကို မိမိအား တင်မြှောက်လိုက်သော မဲဆန္ဒနယ်ရှိ ပြည်သူများအား ပြန်လည် အစီရင်ခံခွင့်ရှိသည်၊

(ဂ) လွှတ်တော်ကိုယ်စားလှယ်တဦးအား လွှတ်တော်အစည်းအဝေး တက်ရောက်ချိန်၌ တရားမမှုခင်းကိစ္စနှင့်ပတ်သက်၍ မည်သည့် တရားစီရင်ရေးအဖွဲ့ကမှ ဖိတ်ခေါ်ခြင်းမပြုရ၊

(ဃ) ပြစ်မှုတရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရသော လွှတ်တော် ကိုယ်စားလှယ် တဦးသည် ပြစ်ဒဏ်စီရင်ခြင်း မခံရမီ လွှတ်တော် နှင့်လွှတ်တော် အဖွဲ့အစည်းများ၏ အစည်းအဝေးများသို့တက် ရောက်ခွင့်ရှိသည်၊

(င) လွှတ်တော်ကိုယ်စားလှယ်တဦးသည်မိမိ၏တာဝန်ဝတ္တရားများ ထမ်းဆောင်ရာတွင် လိုအပ်သော အကူအညီနှင့် အထောက် အရှောက်ကို သက်ဆိုင်ရာ ပြည်သူ့ကောင်စီထံမှ တောင်းခံခွင့် ရှိသည်။

အခန်း (၁၃)

အခြေခံဥပဒေကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ ပြင်ဆင်ခြင်း

၈၈။ (က) ပြည်သူ့ကောင်စီ တရပ်ရပ် သို့မဟုတ် ပြည်သူ့တဦးဦးကအခြေခံဥပဒေပါ ပြဋ္ဌာန်းချက် တရပ်ရပ်ကို အနက်အဓိပ္ပာယ် ဖွင့်ဆိုပေးရန် တင်ပြလိုလျှင် သက်ဆိုင်ရာပြည်သူ့ကောင်စီ အဆင့်ဆင့်မှ နိုင်ငံတော်ကောင်စီသို့ တင်ပြရမည်၊

(ခ) ဗဟိုအာဏာပိုင်အဖွဲ့အစည်းတရပ်ရပ် သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်တဦးဦးက အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တရပ်ရပ်ကို အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးရန် တင်ပြလိုလျှင် နိုင်ငံတော်ကောင်စီသို့ တင်ပြရမည်၊

(ဂ) နိုင်ငံတော်ကောင်စီသည် အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တရပ်ရပ်ကို အနက်အဓိပ္ပာယ် ဖွင့်ဆိုရန်ကိစ္စနှင့်ပတ်သက်၍ စိစစ်လေ့လာတင်ပြရန် ဗဟိုအာဏာပိုင် အဖွဲ့အစည်း များသို့ ပေးပို့ရမည်၊

(ဃ) နိုင်ငံတော်ကောင်စီသည် လေ့လာတင်ပြချက်များ ရရှိသောအခါ ယင်းတို့ကိုသုံးသပ်ပြီးလျှင် အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်ကို လွှတ်တော်သို့တင်သွင်းရမည်၊

(င) နည်းဥပဒေခွဲ (ခ) အရ တင်ပြချက်အပေါ် နိုင်ငံတော်ကောင်စီက သုံးသပ်ပြီးလျှင် အနက် အဓိပ္ပာယ် ဖွင့်ဆို ချက်ကို လွှတ်တော်သို့တင်သွင်းရမည်၊

(စ) နိုင်ငံတော် ကောင်စီက တင်သွင်းသော အနက်အဓိပ္ပာယ် ဖွင့်ဆိုချက်အပေါ်တွင် အလှည့်ကျသဘာပတိသည် လွှတ်တော်၏ ဆန္ဒကိုရယူရမည်၊

(ဆ) လွှတ်တော်က သဘောမတူလျှင် လွှတ်တော် ကိုယ်စားလှယ် အချို့က ပြင်ဆင်ရန်ကိုသော်လည်းကောင်း၊ အနက်အဓိပ္ပာယ်ဖွင့်ဆိုချက် အသစ်ကိုသော်လည်းကောင်း အဆိုပြုစေပြီး အလှည့်ကျသဘာပတိက ယင်းတို့ကို ဆွေးနွေးရန်ဖိတ်ခေါ်၍ လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူရမည်၊

(ဇ) အခြေခံဥပဒေအနက် အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ပတ်သက်၍ လွှတ်တော်မှ ဆုံးဖြတ်ပြီးလျှင် ယင်းအနက်အဓိပ္ပာယ် ဖွင့်ဆိုချက်ကို ပြည်သူတို့သိရှိနိုင်စေရန် နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာရမည့်အပြင် အခြား နည်းလမ်းများဖြင့်လည်း ဆောင်ရွက်နိုင်သည်။

၇၉။ (က) လွှတ်တော် ကိုယ်စားလှယ်တဦးသည် အခြေခံဥပဒေပုဒ်မ ၁၉၄ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်များမှအပ အခြားပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ပြင်ဆင်ရန်အဆိုတရပ်ကို တင်သွင်းလိုပါက ဥပဒေကြမ်းအဖြစ် လွှတ်တော် အစည်းအဝေး မကျင်းပမီ ရက်ပေါင်းခြောက်ဆယ် ကြိုတင်၍ ကျိုးကြောင်း ဖော်ပြပြီး နိုင်ငံတော်ကောင်စီသို့ ပေးပို့ရမည်၊

(ခ) ပြည်သူ့ကောင်စီတရပ်ရပ်သည် အခြေခံဥပဒေကို ပြင်ဆင်ရန် အဆိုတင်သွင်းလိုပါက ပြည်သူ့ကောင်စီ အဆင့်ဆင့်ထံ တင်ပြပြီးနောက် သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းပြည်သူ့ကောင်စီသည် ကျိုးကြောင်း ဖော်ပြပြီး နိုင်ငံတော်ကောင်စီသို့ ပေးပို့ရမည်၊

(ဂ) နိုင်ငံတော်ကောင်စီသည် လက်ခံရရှိသော အခြေခံဥပဒေပြင်ဆင်ရန် အဆိုကိုလေ့လာစိစစ်၍ လွှတ်တော်သို့ တင်သွင်းရမည်၊

(ဃ) ပြင်ဆင်ချက်များလွှတ်တော်သို့ တင်သွင်းပြီးသည့်အခါ ထိုပြင်ဆင်ချက်များနှင့် ပတ်သက်၍ လွှတ်တော်၏ ဆန္ဒကို မရယူမီ အလုံးညီ့ကျ သဘာပတိသည် အဆိုနှင့် ပြင်ဆင်ချက်များကို ဖတ်ပြရမည်၊

(င) အဆိုအပေါ်တွင် လွှတ်တော်၏အဆုံးအဖြတ်ကို မရယူမီပြင်ဆင်ချက်များအားလက်ခံခြင်းပြုမည် မပြုမည်နှင့်ပတ်သက်၍ လွှတ်တော်၏ ဆန္ဒကို ရှေးဦးစွာ ရယူရမည်၊

(စ) ပြင်ဆင်ချက်များအပေါ်တွင် လွှတ်တော်၏ ဆန္ဒကို ရယူပြီးနောက် မူလအဆို သို့မဟုတ် ပြင်ဆင်ထားသည့် အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ကိုရယူရမည်။

(ဆ) အဆို သို့မဟုတ် ပြင်ဆင် ချက်များကို လွှတ်တော်ကအကျေအလည် ဆွေးနွေးပြီးပြီဟု အလုံးညီ့ကျ သဘာပတိက ယူဆလျှင်ဖြစ်စေ၊ ယင်းကဲ့သို့ အကျေအလည် ဆွေးနွေးပြီးကြောင်းကို လွှတ်တော် ကိုယ်စားလှယ် တဦးက တင်ပြလျှင်ဖြစ်စေ အဆိုတင်သွင်းသူနှင့် သက်ဆိုင်ရာ ကိုယ်စားလှယ်များ ပြန်လည်တင်ပြခြင်း မပြုရသေးပါက တင်ပြခွင့်ပြုပြီးနောက် အလုံးညီ့ကျ သဘာပတိသည်အဆို သို့မဟုတ် ပြင်ဆင်ချက်အပေါ်တွင် လွှတ်တော်၏ဆန္ဒကို ရယူရမည်၊

(ဇ) အခြေခံဥပဒေပုဒ်မ ၁၉၄ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ ပြင်ဆင်ရန်အဆိုများဖြစ်လျှင် လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ခုနစ်ဆယ့်ငါးရာခိုင်နှုန်းက ပြင်ဆင်ရန် လက်ခံသဘောတူပါက ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပ၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော်ဆန္ဒမဲဖြင့် ပြင်ဆင်ရမည်၊

(ဈ) အခြေခံဥပဒေပုဒ်မ ၁၉၄ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်များမှ အပ အခြားပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ပြင်ဆင်ရန် အဆိုများဖြစ်လျှင် လွှတ်တော်ကိုယ်စားလှယ် အားလုံး၏ ခုနစ်ဆယ့်ငါးရာခိုင်နှုန်းဆန္ဒမဲဖြင့် ပြင်ဆင်ရမည်၊

(ည) အခြေခံ ဥပဒေပြင်ဆင်ချက်များကို ပြည်သူလူထု သိရှိနိုင်စေရန် နိုင်ငံတော် ကောင်စီက နိုင်ငံတော် ပြန်တမ်းတွင် ထုတ်ပြန်ကြေညာရမည့်အပြင် အခြားနည်းလမ်းများဖြင့်လည်း ဆောင်ရွက်နိုင်သည်။

အခန်း (၁၄)

ပြည်သူ့ကောင်စီများဖျက်သိမ်းခြင်း

၉၀။ (က) ပြည်သူ့ကောင်စီ တရပ်ရပ်သည် အခြေခံဥပဒေပုဒ်မ ၆၃ ပါ ပြဋ္ဌာန်းချက် တရပ်ရပ်ကို ကျူးလွန်ကြောင်း ဗဟိုအာဏာပိုင် အဖွဲ့အစည်း တရပ်ရပ်ကဖြစ်စေ၊ လွှတ်တော် ကိုယ်စားလှယ် တဦးဦးကဖြစ်စေ၊ သက်ဆိုင်ရာ ပြည်သူ့ကောင်စီထက် အဆင့်မြင့်သော ပြည်သူ့ကောင်စီ တရပ်ရပ်ကဖြစ်စေ၊ ပြည်သူတဦးဦးကဖြစ်စေ တင်ပြသည့်အခါ နိုင်ငံတော်ကောင်စီသည် လေ့လာစိစစ်ပြီးလျှင် လိုအပ်ပါက စုံစမ်းစစ်ဆေးရေးကော်မီရှင်တရပ်ဖွဲ့စည်းရမည်။ ယင်းကော်မီရှင်သည် နိုင်ငံတော် ကောင်စီက သတ်မှတ်ထားသည့် အချိန်အတွင်း စုံစမ်းစစ်ဆေး တွေ့ရှိချက်များကို နိုင်ငံတော်ကောင်စီသို့ တင်ပြရမည်၊

(ခ) စုံစမ်းစစ်ဆေးရေး ကော်မီရှင်ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်—

(၁) ပြည်နယ် သို့မဟုတ်တိုင်း ပြည်သူ့ကောင်စီ တရပ်ရပ်ကို စုံစမ်း စစ်ဆေးရန် ဖြစ်လျှင် နိုင်ငံတော် ကောင်စီဝင် တဦးက ခေါင်းဆောင်၍ လွှတ်တော် ကိုယ်စားလှယ် အနည်းဆုံး ၄ ဦးမှ အများဆုံး ၈ ဦးအထိပါဝင်ရမည်၊

(၂) မြို့နယ် ပြည်သူ့ကောင်စီ တရပ်ရပ်ကို စုံစမ်းစစ်ဆေးရန် ဖြစ်လျှင် ယင်း မြို့နယ်ပါဝင်သော ပြည်နယ် သို့မဟုတ် တိုင်းမှ လွှတ်တော် ကိုယ်စားလှယ် တဦးက ခေါင်းဆောင်၍ ပြည်နယ် သို့မဟုတ်တိုင်း ပြည်သူ့ကောင်စီဝင် အနည်းဆုံး ၄ ဦးမှ အများဆုံး ဂ ဦး အထိ ပါဝင်ရမည်၊

(၃) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ ကောင်စီ တရပ်ရပ်ကို စုံစမ်း စစ်ဆေးရန် ဖြစ်လျှင် သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းပြည်သူ့ကောင်စီဝင် တဦးက ခေါင်းဆောင်၍၊ ယင်းရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုပါဝင်သော မြို့နယ်ပြည်သူ့ကောင်စီဝင် အနည်းဆုံး ၄ ဦးမှ အများဆုံး ဂ ဦးအထိ ပါဝင်ရမည်၊

(ဂ) စုံစမ်းစစ်ဆေးရေးကော်မီရှင်သည် သက်ဆိုင်ရာ ပြည်သူ့ကောင်စီနှင့်စပ်လျဉ်း၍ လိုအပ်သလို စုံစမ်းစစ်ဆေးပြီး အခြေခံ ဥပဒေ ပုဒ်မ ၆၃ ပါ ပြဋ္ဌာန်းချက်တရပ်ရပ်ကိုကျူးလွန်ခြင်းမရှိဟု အစီရင်ခံလျှင် ယင်းအစီရင်ခံစာကို နိုင်ငံတော် ကောင်စီ၏ သဘောထား မှတ်ချက်နှင့် အတူ အနီးကပ်ဆုံး လွှတ်တော် အစည်းအဝေးသို့ တင်ပြ၍အဆုံးအဖြတ်ရယူရမည်၊

(ဃ) စုံစမ်းစစ်ဆေးရေး ကော်မီရှင်က သက်ဆိုင်ရာ ပြည်သူ့ကောင်စီသည် အခြေခံဥပဒေပုဒ်မ ၆၃ ပါ ပြဋ္ဌာန်းချက် တရပ်ရပ်ကို ကျူးလွန်သည်ဟု အစီရင်ခံလျှင် နိုင်ငံတော် ကောင်စီသည် ယင်း အစီရင်ခံစာကို နိုင်ငံတော်ကောင်စီ၏ သဘောထား မှတ်ချက်နှင့်အတူ အနီးကပ်ဆုံး လွှတ်တော် အစည်းအဝေးသို့ တင်ပြ၍ အဆုံးအဖြတ်ရယူရမည်၊

(င) စုံစမ်းစစ်ဆေးရေးကော်မီရှင်၏ အစီရင်ခံစာတွင် သက်ဆိုင်ရာ ပြည်သူ့ကောင်စီသည် အခြေခံဥပဒေပုဒ်မ ၆၃ ပါ ပြဋ္ဌာန်းချက် တရပ်ရပ်ကို ကျူးလွန်ကြောင်းနှင့် လွှတ်တော်က ချက်ချင်း အရေးယူ ဆောင်ရွက်ရန် လိုအပ်သည်ဟု ဖော်ပြ ပါရှိပြီး၊ နိုင်ငံတော် ကောင်စီကလည်း သဘောတူပါက လွှတ်တော်

အစည်းအဝေး ကျင်းပချိန်မဟုတ်လျှင် လွှတ်တော်အရေးပေါ် အစည်းအဝေးခေါ်ယူကျင်းပ၍ လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူရမည်။

၉၁။ (က) လွှတ်တော်သည် ပြည်သူ့ကောင်စီတရပ်ရပ်ကို သက်တမ်း မကုန်ဆုံးမီ ဖျက်သိမ်းကြောင်း ဆုံးဖြတ်ကြေညာခဲ့လျှင် ပြည်သူ့ကောင်စီတရပ် ဖွဲ့စည်းရေးအတွက် ဥပဒေနှင့်အညီ ရွေးချယ်တင်မြှောက်ပွဲများကျင်းပနိုင်ရန် ဆောင်ရွက်ပေးရမည်၊

(ခ) ဖျက်သိမ်းခဲ့သော ပြည်သူ့ ကောင်စီသည် ပြည်နယ် ပြည်သူ့ကောင်စီ သို့မဟုတ် တိုင်း ပြည်သူ့ကောင်စီ သို့မဟုတ် မြို့နယ် ပြည်သူ့ကောင်စီ ဖြစ်ခဲ့လျှင် ပြည်သူ့ ကောင်စီတရပ် အသစ် ရွေးချယ် တင်မြှောက် ပြီးစီးခြင်း မရှိသေးမီ ကာလအတွင်း နိုင်ငံတော် ကောင်စီသည် သင့်လျော်သောနိုင်ငံ သားများဖြင့် အလုပ်အမှုဆောင်အဖွဲ့၊ တရားသူကြီးအဖွဲ့နှင့် လုပ်ငန်းစစ်ဆေးရေးအဖွဲ့များကိုဖွဲ့စည်း၍ ယာယီတာဝန်ပေးရမည်၊

(ဂ) ဖျက်သိမ်းခဲ့သော ပြည်သူ့ကောင်စီသည် ရပ်ကွက်ပြည်သူ့ကောင်စီ သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီဖြစ်ခဲ့လျှင် ပြည်သူ့ကောင်စီတရပ် အသစ် ရွေးချယ် တင်မြှောက် ပြီးစီးခြင်း မရှိသေးမီကာလအတွင်း နိုင်ငံတော် ကောင်စီသည် သင့်လျော်သော နိုင်ငံသားများဖြင့် အလုပ်အမှုဆောင်အဖွဲ့နှင့် တရားသူကြီးအဖွဲ့များကိုဖွဲ့စည်း၍ ယာယီ တာဝန်ပေးရမည်။

အခန်း (၁၅)

လွှတ်တော်ရုံး

၉၂။ (က) လွှတ်တော်၏ လုပ်ငန်းအဝဝတို့ကို တာဝန်ယူ ဆောင်ရွက်ရန် လွှတ်တော်ရုံးကို ဖွဲ့စည်းထားရှိရမည်၊

(ခ) နိုင်ငံတော် ကောင်စီ အတွင်းရေးမှူးသည် လွှတ်တော် ရုံးကို ဦးဆောင် လမ်းညွှန်၍ ယင်းရုံး၏ ဆောင်ရွက်ချက်များနှင့် ပတ်သက်ပြီး လွှတ်တော်ကို တာဝန်ခံရမည်၊

(ဂ) လွှတ်တော်ရုံးဖွဲ့စည်းပုံ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များကိုနိုင်ငံတော် ကောင်စီ၏ သဘောတူညီချက်ဖြင့် သတ်မှတ်ရမည်။

အခန်း (၁၆)

အထွေထွေ

၅၃။ လွှတ်တော်ကိုယ်စားလှယ်များသည် အလှည့်ကျသဘာပတိရှေ့မှောက်၌ ကတိသစ္စာပြုပြီးပါက မော်ကွန်းတင်စာအုပ်တွင် လက်မှတ်ရေးထိုးရမည်။

၅၄။ လွှတ်တော် ကိုယ်စားလှယ် တဦးသည် နာမကျန်းဖြစ်၍ သော်လည်းကောင်း၊ အခြား မလွှဲမရှောင်နိုင်သည့် ကိစ္စတရပ်ရပ်ကြောင့် သော်လည်းကောင်း လွှတ်တော်အစည်းအဝေး မတက်ရောက်နိုင်ပါက သဘာပတိအဖွဲ့ထံ ခွင့်ပန်ရမည်။

၅၅။ မည်သူမျှ အောက်ပါ တားမြစ်ချက်တရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်းမပြုရ။ ကျူးလွန်ကြောင်းထင်ရှားလျှင် ထောင်ဒဏ် ၃ လအထိဖြစ်စေ၊ ကျပ် ၅၀၀ အထိ ငွေဒဏ်ကိုဖြစ်စေ၊ ဖြစ်ဒဏ် ၂ ရပ်လုံးကိုဖြစ်စေ ကျခံစေရမည်—

(က) လွှတ်တော် အစည်းအဝေးကျင်းပနေစဉ် အလှည့်ကျ သဘာပတိ၏ခွင့်ပြုချက်မရှိဘဲ လွှတ်တော် ကိုယ်စားလှယ်များမှ အပ အခြားမည်သူတဦးမျှ လွှတ်တော်အစည်းအဝေးခန်းမတွင်းသို့ မဝင်ရ၊

(ခ) လွှတ်တော် အစည်းအဝေး ကျင်းပနေချိန် လွှတ်တော်အစည်းအဝေး ခန်းမတွင်းသို့ လိမ်လည်ပြောဆို၍ သို့မဟုတ် သူတပါး အယောင်ဆောင်၍ဝင်ရောက်ခြင်းမပြုရ၊

(ဂ) လွှတ်တော် အစည်းအဝေး ကျင်းပချိန်၌ဖြစ်စေ၊ အစည်းအဝေးချိန်၏ အပ၌ဖြစ်စေ နိုင်ငံတော် ကောင်စီကသတ်မှတ်သော စည်းကမ်းချက်နှင့် အညီ ခွင့်ပြုချက်မရှိပဲ လွှတ်တော်အစည်းအဝေးခန်းမ သို့မဟုတ် လွှတ်တော် ဥပစာတွင် ညအိပ် ညနေမပြုရ၊

(ဃ) လွှတ်တော် အစည်းအဝေး ခန်းမနှင့် လွှတ်တော် ဥပစာကို နိုင်ငံတော်ကောင်စီက သတ်မှတ်သောစည်းကမ်းနှင့်အညီ ခွင့်ပြုချက်မရပဲ လွှတ်တော်နှင့် မဆိုင်သည့် အခြားကိစ္စ အတွက် အသုံးမပြုရ။

၉၆။ မည်သူမျှ အောက်ပါ တားမြစ်ချက် တရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်းမပြုရ။ ကျူးလွန်ကြောင်း ထင်ရှားလျှင် ထောင်ဒဏ် ၂ နှစ်အထိဖြစ်စေ၊ ကျပ် ၂,၀၀၀ အထိငွေဒဏ်ကိုဖြစ်စေ၊ သို့မဟုတ် ပြစ်ဒဏ် ၂ ရပ်လုံးကိုဖြစ်စေ ကျခံစေရမည်—

(က) လွှတ်တော်လုပ်ငန်းများ အဟန့်အတား ဖြစ်စေမည့် စီတန်းလှည့်ခြင်း၊ ဆန္ဒပြခြင်း သို့မဟုတ် တနည်းနည်းဆူပူ နှောင့်ယှက်ခြင်းကို နိုင်ငံတော်ကောင်စီက သတ်မှတ်ထားသော နယ်နိမိတ်အတွင်း မပြုလုပ်ရ၊

(ခ) ပြစ်မှု ကျူးလွန်ခဲ့သူ တဦးသည် ဖမ်းဆီး ချုပ်နှောင်ခြင်းမှ လွတ်မြောက်နိုင်ရန် လွှတ်တော်အစည်းအဝေးခန်းမ၌ ဖြစ်စေ၊ လွှတ်တော်ဥပစာ၌ဖြစ်စေ ခိုအောင်းခြင်းမပြုရ၊

(ဂ) လွှတ်တော် သို့မဟုတ် လွှတ်တော် အစည်းအဝေး တရပ်ရပ်မှ ဆွေးနွေး မေးမြန်းရန် ဖိတ်ခေါ်ခြင်း ခံရသူ တဦးဦးအား မတရားအကြံဖြင့် လွှမ်းမိုးခြင်း၊ သွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်းမပြုရ၊

(ဃ) လွှတ်တော် သို့မဟုတ် လွှတ်တော်အဖွဲ့အစည်း တရပ်ရပ်သို့ တင်သွင်းသောဥပဒေကြမ်း၊ အဆို သို့မဟုတ်အခြားလွှတ်တော် လုပ်ငန်းတခုခုနှင့် ပတ်သက်၍ လာဘ်ပေး လာဘ်ယူမပြုရ၊

(င) လွှတ်တော် အစည်းအဝေး ခန်းမ၌ဖြစ်စေ၊ လွှတ်တော်ဥပစာ၌ ဖြစ်စေ၊ လွှတ်တော် ဥပစာ နယ်နိမိတ် အတွင်း၌ ဖြစ်စေ လွှတ်တော် ကိုယ်စားလှယ် တဦးဦးအား စော်ကားခြင်း၊ အနှောင့်အယှက်ပေးခြင်းမပြုရ၊

(စ) လွှတ်တော် ဝန်ထမ်းတဦး၊ လွှတ်တော် လုံခြုံရေး တာဝန်ရှိသူ တဦးအား ယင်း၏ တာဝန်ဝတ္တရားများ ဆောင်ရွက်ရာ၌ နှောင့်ယှက်ခြင်း၊ ဟန့်တားခြင်း၊ ခုခံခြင်းမပြုရ၊

(ဆ) လွှတ်တော် သို့မဟုတ် လွှတ်တော်အဖွဲ့အစည်း တရပ်ရပ်ကို လိမ်လည်လှည့်ဖြားရန် အကြံဖြင့် လိမ်လည်အတု ပြုလုပ်ထားသည့် စာရွက်စာတမ်းအမှတ်အသားများကို တင်ပြခြင်းမပြုရ၊

(ဇ) လျှို့ဝှက်စွာ ထိန်းသိမ်း ထားရှိရမည့် စာရွက်စာတမ်းများကို ပြင်ပသို့ ပေါက်ကြားခြင်းမပြုရ။ ထိုသို့ သတ်မှတ် ထားသည့် စာရွက်စာတမ်းပါ ကိစ္စရပ်များကို ပြင်ပ၌ ပြောဆိုခြင်း၊ ရေးသားခြင်း၊ ပုံနှိပ်ခြင်း၊ ဖြန့်ချီ ထုတ်ဝေခြင်းမပြုရ၊

(ဈ) လွှတ်တော် အစည်းအဝေး ခန်းမ၌ဖြစ်စေ၊ လွှတ်တော် ဥပစာတွင် ဖြစ်စေ လုံခြုံရေးအရ တာဝန် ကျသူမှအပ မည်သူမျှ လက်နက်ယူဆောင်လာခြင်းမပြုရ။

၉၇။ (က) လွှတ်တော် ကိုယ်စားလှယ် တဦးသည် နည်းဥပဒေ ၉၅ နှင့် ၉၆ ပြဋ္ဌာန်းချက်ပါ ပြစ်မှုတရပ်ကို ကျူးလွန်လျှင် လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မီတီက သဘာပတိ၏ကြိုတင် ခွင့်ပြုချက် ရယူပြီး သက်ဆိုင်ရာ တရားစီရင်ရေး အဖွဲ့တွင် တရားစွဲဆိုနိုင်ရန်ဆောင်ရွက်ရမည်၊

(ခ) လွှတ်တော် ကိုယ်စားလှယ် မဟုတ်သော ပုဂ္ဂိုလ် တဦးဦးသည် နည်းဥပဒေ ၉၅ နှင့် ၉၆ ပြဋ္ဌာန်းချက်ပါ ပြစ်မှု တရပ်ကို ကျူးလွန်လျှင် လွှတ်တော်ရုံးက သက်ဆိုင်ရာ တရားစီရင်ရေး အဖွဲ့တွင် တရားစွဲဆိုနိုင်ရန် ဆောင်ရွက်ရမည်။ ထိုပြစ်မှုကို လွှတ်တော် အစည်းအဝေးခန်းမ၌ ကျူးလွန်လျှင် အလှည့်ကျ သဘာပတိထံတင်ပြအရေးယူဆောင်ရွက်ရမည်။

၉၈။ ဤနည်းဥပဒေများအရ လွှတ်တော် အစည်းအဝေးများကို တံခါးပိတ်ကျင်းပလျှင် လွှတ်တော်ကိုယ်စားလှယ်များအပြင် လွှတ်တော် အစည်းအဝေးတွင် တာဝန်ထမ်းဆောင်ရန် လိုအပ်သူများသည် လွှတ်တော် အစည်းအဝေးခန်းမတွင်ရှိရမည်။

၉၉။ (က) လွှတ်တော် အစည်းအဝေးသို့ တက်ရောက်လေ့လာ လိုသူများသည် လွှတ်တော်ရုံးသို့ တက်ရောက်ခွင့်တောင်းခံနိုင်သည်၊

(ခ) လွှတ်တော် အစည်းအဝေးများသို့ တက်ရောက် လေ့လာသော ပုဂ္ဂိုလ်များသည် လွှတ်တော်၏ သိက္ခာကို စောင့်ထိန်းရန် သတ်မှတ်ထားသည့် စည်းကမ်းများကိုလိုက်နာရမည်။ လိုက်နာခြင်း မရှိပါက လွှတ်တော် လုံခြုံရေးအတွက် တာဝန်ရှိသူများက တက်ရောက်လေ့လာခွင့်ကို ရုပ်သိမ်းနိုင်သည်၊

(ဂ) လွှတ်တော် အစည်းအဝေးကို တံခါးပိတ် ကျင်းပ မည်ဟု အလှည့်ကျသဘာပတိက ကြေညာလျှင် ပြင်ပမှ တက်ရောက်လေ့လာသော ပုဂ္ဂိုလ်များသည် အစည်းအဝေးခန်းမမှ ထွက်ခွာရမည်။

၁၀၀။ (က) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် တဦးဦးအား နိုင်ငံတော်ကို သစ္စာဖောက်မှုဖြင့် အရေးယူရန်အကြောင်း ပေါ်ပေါက်လျှင် နိုင်ငံတော်ကောင်စီသည် အခြေခံဥပဒေပုဒ်မ ၇၃ ပုဒ်မခွဲ (ဍ) အရ ယင်းပုဂ္ဂိုလ်အား တာဝန်မှလည်းကောင်း၊ လွှတ်တော်

အစည်းအဝေး တက်ရောက်ခြင်းမှလည်းကောင်း ခေတ္တရပ်စဲ၍ ယင်းသို့ရပ်စဲကြောင်းကို အနီးကပ်ဆုံး ပြည်သူ့လွှတ်တော်သို့ တင်ပြအတည်ပြုချက် ရယူရမည်၊

(ခ) တင်ပြချက်ကို သဘာပတိအဖွဲ့က စိစစ်၍ လွှတ်တော်၏အတည်ပြုချက်ကိုရယူပြီး သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်အား လွှတ်တော်အစည်းအဝေးတက်ရောက်ခွင့်ခေတ္တ ရပ်စဲကြောင်းကို သဘာပတိအဖွဲ့က ထုတ်ပြန်ကြေညာရမည်။

ပ၊စ၊က၊—၄၂၇၇၊ ပြည်သူ့လွှတ်တော်ရုံး၊ ၁၀/၇၆—၅,၀၀၀—ပ၊လ။